# သုခ

# စိတ်သိုဘောစိတ်

နှင့်

# ပဋ္ဌာနဒိပနိ

ပန်းချီစံတိုး

သုခ

# စိတ်ဆိုသောစိတ်
# နှင့်
# ဝဍ္ဎနာဒီပနီ

ပါရမီ
စာပေ

**စိတ်ဆိုသောစိတ်နှင့်ဝဠနာဒီပနီ**

ဒုတိယအကြိမ်၊ ၁၉၉၇ မေလ၊ အုပ်ရေ ၃၀၀၀

အဖုံးပန်းချီ   စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၅/၉၇(၄) နှင့် စာမူခွင့်ပြုချက်အမှတ် ၆၂/၉၇(၁) တို့အရ ဦးရဲမြင့်(၀၁၀၄၉)၊ တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**တန်ဖိုး ၃၅၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

# မာတိကာ

## စိတ်ဆိုသောစိတ်


ဆန်းထွန်း(မန်းတက္ကသိုလ်)၏အမှာ ၅
၁ – ကုဋေတစ်သိန်း ၉
၂ – မကောင်းမှုရှောင် ကောင်းမှုဆောင် ၁၇
၃ – စိတ်ကိုစိတ်နဲ့တိုက် ၂၄
၄ – ကိုယ့်စိတ်ကို သူများသိမှာ ရှက်စရာ ၃၁
၅ – စိတ်ကိုနိုင်လျှင် ၄၂
၆ – မာရ်နတ်ကိုနိုင်နည်း ၄၈
၇ – ဖောက်လွဲဖောက်ပြန်လုပ်တတ်သောစိတ် ၅၇
၈ – စိတ်တည်းဟူသောတံတိုင်း ၆၅
၉ – ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း ၇၃
၁၀ – ကုသိုလ်စိတ်၏အကျိုး ဆွေမျိုးများက မပေးနိုင် ၈၁
၁၁ – ကောင်းမှုမှန်လျှင် မြန်မြန်လုပ် ၉၂
၁၂ – ဗုဒ္ဓတိုင်း၏အဆုံးအမတော် ၁၀၂
၁၃ – စိတ်ဆင်ရိုင်း ၁၁၀
၁၄ – မနောကံသည် အရေးအကြီးဆုံး ၁၁၉
၁၅ – အငြိုးကြီးက အာဃာတ ၁၂၇
၁၆ – ကိုယ့်ထက်သာ မနာလို ၁၃၇
၁၇ – ဖမ်းမမိသောတရားခံ ၁၄၈
၁၈ – ရာဂဟူသည် ယစ်မျိုးရည် ၁၅၇
၁၉ – ဇာတိပုည ဂုဏ်မာန ၁၆၈
၂၀ – ရှစ်ထွေ စိတ်ရောဂါ ၁၈၀
၂၁ – စိတ်၌မှီတွယ် စိတ်ကိုခြယ် ၁၉၂


## ဝဋ္ဋနာဒီပနီ


၁ – ရာဂ က မေတ္တာ ယောင် ဆောင်ခြင်း ၂၀၂
၂ – သောက က ကရုဏာ ယောင် ဆောင်ခြင်း ၂၀၄
၃ – ပဟာသ က မုဒိတာ ယောင် ဆောင်ခြင်း ၂၀၆
၄ – နိက္ခိတ္တစုရ က ဥပေက္ခာ ယောင် ဆောင်ခြင်း ၂၁၀
၅ – စိတ္တသန္တာပ က သံဝေဂ ယောင် ဆောင်ခြင်း ၂၁၁

၆ – အသဒ္ဓိယ က ငီမံသ ယောင် ဆောင်ခြင်း: ၂၁၄
၇ – ပုဂ္ဂလဂရဟိတာ က ပါပဂရဟိတာ ယောင် ဆောင်ခြင်း: ၂၁၅
၈ – ဖရုသဝါစာ က နိဂ္ဂယှဝါဒိတာ ယောင် ဆောင်ခြင်း: ၂၁၇
၉ – စာဋ္ဌု ကမျတာ က ပိယဝါဒိတာ ယောင် ဆောင်ခြင်း: ၂၁၉
၁၀ – အသံဝိဘာဂ သီလတာ က အာဇီဝပါရိသုဒ္ဓိ ယောင် ဆောင်ခြင်း: ၂၂၃
၁၁ – မိစ္ဆာဇီဝ က သံဝိဘာဂသီလတာ ယောင် ဆောင်ခြင်း: ၂၂၃
၁၂ – အသင်္ဂဟသီလတာ က အသံသဂ္ဂဝိဟာရိတာ ယောင် ဆောင်ခြင်း: ၂၂၃
၁၃ – အနနုလောမိတဂိဟိသံသဂ္ဂ က သင်္ဂဟ သီလတာ ယောင် ဆောင်ခြင်း: ၂၂၄
၁၄ – ပိသုဏာဝါစတာ က သစ္စဝါဒိတာ ယောင် ဆောင်ခြင်း: ၂၂၄
၁၅ – အနတ္ထကာမတာ က အပိသုဏာဝါစတာ ယောင် ဆောင်ခြင်း: ၂၂၅
၁၆ – ကုလမစ္ဆရိယ က ကုလာ နုဒယတာ ယောင် ဆောင်ခြင်း: ၂၂၆
၁၇ – အာဝါသမစ္ဆရိယ က အာဝါသစီရတရက္ခာမတာ ယောင် ဆောင်ခြင်း: ၂၂၇
၁၈ – ဓမ္မမစ္ဆရိယ က ဓမ္မပဋိဗန္ဓ ပရိဟရဏတာ ယောင် ဆောင်ခြင်း: ၂၂၈
၁၉ – ဘဿာရာမတာ က ဓမ္မဒေသနာဘိရတိ ယောင် ဆောင်ခြင်း: ၂၂၉
၂၀ – သင်္ဂဏိကာရာမတာ က ဂဏာနုဂ္ဂဟကရဏတာ ယောင် ဆောင်ခြင်း: ၂၂၉
၂၁ – ကမ္မာရာမတာ က ပုညကမ္မတာ ယောင် ဆောင်ခြင်း: ၂၃၀
၂၂ – ဗျာပါဒ က ပဋိကူလသညာ ယောင် ဆောင်ခြင်း: ၂၃၁
၂၃ – ကာမစ္ဆန္ဒ က အပ္ပဋိကူလသညာ ယောင် ဆောင်ခြင်း: ၂၃၁
၂၄ – ထိနမိဒ္ဓ က သမာဓိ ယောင် ဆောင်ခြင်း: ၂၃၃
၂၅ – ဥဒ္ဓစ္စ က ဝီရိယ ယောင် ဆောင်ခြင်း: ၂၃၃
၂၆ – ကုက္ကုစ္စ ဝဏ္ဏနာ ၂၃၄
၂၇ – ဝိစိကိစ္ဆာ ဝဏ္ဏနာ ၂၃၅
၂၈ – သမ္မောဟ ဝဏ္ဏနာ ၂၃၆
၂၉ – မိစ္ဆာဒိဋ္ဌိ ဝဏ္ဏနာ ၂၃၇
၃၀ – အဒယာ ပန္နတာ ဝဏ္ဏနာ ၂၃၈
၃၁ – ကာမသုခလ္လိကာနုယောဂ ဝဏ္ဏနာ ၂၃၉
၃၂ – ဂရုနံ အနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာ ဝဏ္ဏနာ ၂၄၀
၃၃ – သဖြဟ္မစာရီသု အဂါရဝ ဝဏ္ဏနာ ၂၄၂
၃၄ – အတ္တနိစ ဓမ္မေစ ပရိဗ္ဗုဝ ဝဏ္ဏနာ ၂၄၃
၃၅ – အသန္တောမ္မာဒန သီလတာ ဝဏ္ဏနာ ၂၄၄
၃၆ – မာယာ သာဌေယျ ဝဏ္ဏနာ ၂၄၅
၃၇ – အပရိက္ခဏတာ ဝဏ္ဏနာ ၂၄၅

# ဆန်းထွန်း (မန်းတက္ကသိုလ်) ၏ အမှာ

(၁)

အမှန်အတိုင်း ကျွန်တော်ဆိုပါမည်။

'စိတ်ဆိုသောစိတ်' တွင်ပါသော စိတ်အကြောင်းအရာများ၊ ဝတ္ထုဇာတ်လမ်းများအားလုံးလိုလို ကျွန်တော်တွေ့ဖူးပြီးသားများ ဖြစ်ပါသည်။ သို့သော် ဆရာဦးသုခ၏ အကိုင်အတွယ်နိုင်နင်းမှု၊ အရေးအသား အကွက်ကျမှုများကြောင့် ကျွန်တော်တွေ့ဖူးပြီးသားများသည် ဖတ်၍ မငြီးနိုင်သော အဆန်းအသစ်များ ဖြစ်နေကြပါသည်။

ဆရာဦးသုခကို အနုပညာရှင်ကြီးတစ်ယောက်အနေဖြင့် ကျွန်တော်လေးစားကြည်ညိုရင်းစွဲပါ၊ သို့သော် ပိဋကတ်နယ်ပယ် ကျယ်လှစွာ ကြီးထဲတွင် ဤမျှကျေညက်နူးနပ်နေကြောင်း မသိခဲ့ပါ။

ယခု 'စိတ်ဆိုသောစိတ်' ကို ဖတ်ကြည့်ခွင့်ဆိုက်သောအခါမှ ဆရာသည် ဓမ္မကြောင်းမှာလည်း ဤမျှအထိ အရည်ပြည့်လှပါတကားဟု အံ့အားသင့်စွာ ကျွန်တော်သိရပါသည်။

ဆရာသည် 'စိတ်ဆိုသောစိတ်' ကို မရေးမီ ကျမ်းရိပ် ဂန်ရိပ် စာရိပ် ပေရိပ်ကို ခိုမိအောင် ခိုခဲ့သော်လည်း မိမိ၏လက်ရာအဖြစ် ရေးချိန်တွင်ကား စိတ္တာနုပဿနာ အကြားအမြင်ဖြင့် ရေးသည်။ စိတ္တာဓိပတိ၊ စိတ္တိဒ္ဓိပါဒ်ဖြင့် ရေးသည်ဟု ကျွန်တော်ထင်ပါသည်။

ဆရာတွင် လောကီသားတိုင်း ရှိမြဲလောကဓံ၏ ဒဏ်ရာဒဏ်ချက် စိတ်ပျက်ဖွယ် စိတ်ငယ်စရာများ ရှိမည်။ ထိုစိတ်ပျက်ဖွယ် စိတ်ငယ်စရာ လောကဓံများကို မိမိမည်သို့မည်ပုံ ကြံ့ကြံ့ခံသည်ဟု ဆရာက စာပေအမြင် စာပေအသွင်ဖြင့် ပြနေသည်ဟု ကျွန်တော်ထင်သည်။

ဘဝဆည်းဆာအချိန်သို့ တရိပ်ရိပ်ချဉ်းကပ်လာရသော သက်ကြီးဝါကြီးများသည် ယေဘုယျအားဖြင့် လူတစ်ကောင်လုံး မိမိကိုယ်မိမိ သတ်မသေဖြစ်သည့်တိုင်အောင် စိတ်ပိုင်းဆိုင်ရာ မိမိကိုယ်မိမိ သတ်သေနေခြင်းကို ပြုလုပ်တတ်ကြသည်။ စိတ်အားကိုလျှော့ပစ်တတ်ကြသည်။

ကျွန်တော် ဆရာ့ကို သတိထားကြည့်နေသည်။

ဆရာသည် စိတ်ပိုင်းဆိုင်ရာ မိမိကိုယ်မိမိ သတ်သေမှု (Spiritual Suicide) တည်းဟူသော ဒုတ်တုတ်သေအလုပ်မျိုးကို ဘယ်တော့မှ လုပ်မည်မဟုတ်ဟု ကျွန်တော်ယုံကြည်သည်။

ခဏတဖြုတ် ယာယီစိတ်ပျက်ခြင်းမျိုးကား အနည်းအများ လူသားတိုင်းမှ

ရှိတတ်ဖြစ်တတ်ကြပါသည်။ လူသားသာမက သိကြားမင်းလည်း စိတ်ငယ်တတ်ပါသည်။ ဗိဿနိုးဘုရားက လူသားအဟန် ခန္ဓာင ၁င်ထားသော ရာမမင်းသားလည်း စိတ်အားငယ်သွားပါသည်။

ချောင်လျှိုမှောင်ခို၍ ရှင်မဟာကဿပကိုယ်တော်ကြီးအား မလိမ့်တပတ် ဆွမ်းလောင်းသော သိကြားမင်း စိတ်ငယ်နေပုံကလည်း တစ်မျိုး၊ သိကြားမင်းက ရှင်မဟာကဿပ ကိုယ်တော်ကြီးအား ဤသို့ လျှောက်သည်။

"အကြောင်းက ဒီလိုပါဘုရား၊ တပည့်တော်သည် သာသနာတွင်း ကုသိုလ်ကို မပြုခဲ့ရပါ၊ တပည့်တော် ပြုခဲ့တဲ့ ကုသိုလ်က သာသနာပ ကုသိုလ်ပါ၊ သာသနာတွင်း ကုသိုလ်ပြုခဲ့ကြရတဲ့ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား- အဲဒီအဆင့်တူ နတ်သားသုံးဦး တပည့်တော်အနားမှာလာပြီး ဖြစ်ကြပါတယ်၊ ပွဲလမ်းသဘင်ရှိလို့ အဲဒီနတ်သား သုံးဦး နတ်လမ်းတစ်လျှောက် ထွက်လာကြပြီဆိုလျှင် တပည့်တော့်အိမ်ထဲ ဝင်ပြေးရပါတယ်။ သူတို့ကိုယ်ကထွက်လာတဲ့ အရှိန်အစော်ဟာ တပည့်တော်ကိုယ်ပေါ်ကျရောက်လွှမ်းမိုးပါတယ်၊ တပည့်တော်ရဲ့ အရှိန်အစော်ကတော့ အဲဒီနတ်သားသုံးဦးအပေါ် မလွှမ်းမိုးနိုင်ပါဘူး၊ တပည့်တော်ထက် အခြေအနေဆိုးတဲ့သူ ဘယ်မှာ ရှိပါ့မလဲ အရှင်ဘုရား"

ရာမာယဏ ဝတ္ထုတော်ကြီးထဲက လူစွမ်းကောင်း ရာမမင်းသား စိတ်ငယ်ပုံက ပိုဆိုးသေးသည်။

တောထဲမှာ ၁၄ နှစ်နေဖို့ ထွက်ခွာလာခဲ့ရတဲ့ ရာမမင်းသား တစ်ပူပေါ် တစ်ပူထပ်တာက ချစ်ဇနီးသီတာဒေဝီကို ရာဝဏက ခိုးပြေးပါတယ်၊ ရာမကို ရာဝဏက နှိပ်စက်သွားပုံမှာ ရာမ အရူးတစ်ပိုင်းဖြစ်သွားရသည်အထိပါပဲ။ လူတွေကို ပျော်အောင်လုပ်တဲ့ ရာမကို ရာဝဏဆိုတဲ့ ငိုအောင်လုပ်တဲ့ သတ္တဝါကြီးက နှိပ်စက်လိုက်တော့ ရာမမင်းသားဟာ သူ့ကိုယ်သူ သတ်သေဖို့အထိ ကြံလိုက်မိသေးတယ်၊ ဒါပေမဲ့ ညီတော်ဘရတမင်းသား အလျှောက်ကောင်းလို့ သတ်မသေဖြစ်ဘဲ မသေကျန် မှန်ရာရောက်သွားပါတယ်၊ ဘရတမင်းသားက နောင်တော်ဘုရား ရာမမင်းသားကို လျှောက်ထားတဲ့စကားဟာ အလွန်မှတ်လောက်သားလောက် ဖြစ်ပါတယ်။

ဧတိ ဇီဝန္တ မာနန္ဒော
နရံ ဝဿ သတာ အပိ။

ဇီဝန္တံ နရံ = အသက်ရှင် နေသေးသော သူ့ထံသို့၊ အာနန္ဒော=နှစ်သက်ဝမ်းမြောက်ပြောလောက်ဆိုလောက် ထိုက်ထိုက်တန်တန် အခွင့်အရေးသည်၊ ဝဿသတာအပိ= အနှစ်တစ်ရာနောက်မှသော်လည်း၊ ဧတိ = ဆိုက်ရောက်လာတတ်ပါ၏။

ဆရာ၏ 'စိတ်ဆိုသောစိတ်' သည် လောကဓံ သဘောအရ စိတ်ငယ်စရာများ ရှိနေသော ကျွန်တော်တို့အတွက်လည်း စိတ်ငယ်မှု သက်သာအောင် စွမ်းဆောင်နိုင်သော အထောက်အပံ့ကြီးတစ်ခု ဖြစ်နေပါသည်။

(၂)

စိတ်.....စိတ်.....လို့ ပြောနေကြတာ အမှန်ကတော့ စိတ်စေတသိက်နှစ်ရပ်ပေါင်း ကောင်းသောနာမ်တရားစု၊ မကောင်းသော နာမ်တရားစု နှစ်ခုနှစ်မျိုးကို ဆိုလိုရင်းပါပဲ။

'မနောပုဗ္ဗင်္ဂမာ' ဆိုတဲ့အတိုင်း စိတ်ကို 'ခေါင်း' တည်ပြီး ပြောပေမယ့် စိတ်ကို မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့် ဒွိက်၊ စေတသိက်တွေကလည်း တပေါင်းတည်း ပါကြပါတယ်။

ကောင်းတဲ့စေတသိက်တွေနှင့် တွဲတဲ့အခိုက် ကောင်းသောစိတ် (ပသန္နမန)၊ မကောင်းတဲ့ စေတသိက်တွေနှင့် တွဲတဲ့အခိုက် မကောင်းသောစိတ်(ပဒုဋ္ဌမန) ဖြစ်ရမြဲပါ။

'မနောပုဗ္ဗင်္ဂမာဓမ္မာ' ဆိုတဲ့ ဓမ္မပဒပါဠိတော်ဟာ နာမ်တရားစုတွေထဲမှာ စိတ်ပဓာနကျပုံကို ဟောတော်မူလိုရင်း ဒေသနာတော်မြတ် ဖြစ်ပါတယ်။ 'ဓမ္မာ' အရထဲမှာ ရုပ်ကိုပါ ထည့်မယူရပါဘူး။ ဒါ သတိထားစရာ အချက်တစ်ချက်ဖြစ်ပါတယ်။

ရုပ်ရောနာမ်ရော အလိုသို့ပါအောင် စိတ်ကဆောင်ကြဉ်းသွားနိုင်တယ်လို့ ပြောချင်ရင် –

"စိတ္တေန နီယတေ လောကော၊
စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧက ဓမ္မဿ၊
သဗ္ဗေဝ ဝသ မန္ဝဂူ။" ဆိုတဲ့ ပါဠိတော်ကို ကိုးကားပြောနိုင်ပါတယ်။

ရောရိရောရာ ဗလုံးဗထွေးတွေ ဖြစ်သွားမှာစိုးလို့ 'ဓမ္မာ' အရကောက်ကို ဓမ္မပဒ အဋ္ဌကထာဆရာကြီးက အသေအချာကောက်ပြခဲ့ပါတယ်။

"သော အတ္ထတော တယော အရူပိနော ခန္ဓာ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော" ဟူသော နာမ်ခန္ဓာသုံးပါးတို့တည်း။

ဆရာဦးသုခကို ကျွန်တော်အံ့ဩနေတာ တစ်ခုရှိတယ်။

ဆရာဟာ စိတ်အကြောင်းကို အများကြီးရေးနိုင်တယ်၊ သဘောတရားတွေလည်း ပါတယ်၊ ကျမ်းလာ ဂန်လာ ဝတ္ထုကြောင်းတွေလည်း ပါတယ်၊ ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဖြစ်ရပ်မှန် မှုခင်းစာအုပ်ထဲက ဆရာကြီး ဒေါ်သီလစာရီအကြောင်းလည်းပါတယ်။

ဆရာဟာ ဦးမင်္ဂလာအမည်နှင့် လိုက်လျောစွာ ကတည်းကတာ မင်္ဂလာနှင့် အင်မတန် ပြည့်စုံတယ်။

နာမည်ကို မထိမ်ချန်ဘဲ ဖော်ထုတ်လေ့ရှိတယ်၊ ဆရာဟာ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ကောင်းသတင်းနှင့်ပတ်သက်ပြီး ဝန်တိုလေ့ မရှိဘူး။

တစ်ခါတလေ အဆင်သင့်လို့ စာထဲပေထဲက အကြောင်းအရာတစ်ခုခု ရှားရှားပါးပါးကလေး ပြောဖူးရင် စကားနှင့်၊ စာနှင့် ကျေးဇူးတင်ကြောင်း ပြောလို့ရေးလို့ မပြီးတော့ဘူး။

"စိတ်ဆိုသောစိတ်" စာအုပ်မှာ ဆရာတော်ကြီးတွေ၊ လူပညာရှိကြီးတွေရဲ့ န

တော်တော်များများ တွေ့ရတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့အပေါ် ဆရာက ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်နေတဲ့ သဘောပါပဲ။

ဆရာဦးထွန်းလှိုင် (ဝိနယပါရဂူ) ဓမ္မာစရိယ ဂဏဝါစက သိရောမဏိ၊ သာသနာ့ရောင်ခြည် အယ်ဒီတာချုပ်ကို 'နိဒါန်းစပါယ်ရှယ်လစ်'လို့ ဆရာဦးသုခက ဂုဏ်ပြုလိုက်သလို ကျွန်တော်ကလည်း ဆရာဦးသုခကို ဓမ္မပဒစပါယ်ရှယ်လစ်၊ 'မဃဒေဝလင်္ကာသစ် စပါယ်ရှယ်လစ်' လို့ ဂုဏ်ပြုချင်ပါတယ်။

'စိတ်ဆိုသောစိတ်' စာအုပ်ထဲမှာ ဓမ္မပဒဂါထာတွေ၊ ဓမ္မပဒဝတ္ထုတွေ၊ အကြောင်းတိုက်ဆိုင်တိုင်း အကိုးထုတ်လိုက်တဲ့ မဃဒေဝလင်္ကာလာပုဒ်တွေ။ ကျွန်တော်က ဆရာဦးသုခရဲ့ 'စိတ်ဆိုသောစိတ်' ကို ဓမ္မအကြောင်း၊ လောကအကြောင်း၊ လင်္ကာစကားပြေ နှစ်ထွေရောရာ၊ သုတပဒေသာ၊ စာပေ ပဒေသာပင်ကြီးလိုပဲ မြင်ပါတယ်။

'စိတ်ဆိုသောစိတ်မှာ' ပါတဲ့အကြောင်းတွေကို အချုပ်သဘောအနေနှင့် ဒီလိုလင်္ကာတစ်ပုဒ် ကျွန်တော်ရေးလိုက်ပါတယ်။

"စိတ်ငယ်စရာ ရှိမြဲသာတည့်။ စိတ်မှာဆိုးကောင်း နှစ်မျိုးပြောင်း၏။ တိမ်းစောင်းတတ်လှ စိတ်ကို မ,လော့။ ဟန်ပြမာယာ စိတ်မူရာတည် လေးဖြာဓိပတိ တန်ခိုးရှိသားဣဒ္ဓိပါဒ်မှာ စိတ်လည်းပါ၏။ စိတ်သာရှင်စော ဘုရားဟောနှင့် လောကစကား လူတို့နားဝယ် ဝင်သွားစေလို စာရိပ်ခို၍ ထိုထိုသေးစိတ် ခွဲဝေစိတ်သည် 'စိတ်ဆိုသောစိတ်' ကျမ်းမွန်တည်း။"

"စိတ္တ ဝတော ဘိက္ခဝေ ကိံနာမ ကမ္မံ နသိဇ္ဈတိ" ပါဠိတော်အရ စိတ္တာဓိပတိ၊ စိတ္တိဒ္ဓိပါဒ်ဖြင့် ပြတ်ပြတ်သားသား ဆရာဆောင်ရွက်ဆဲ လောကသာသနာ နှစ်ဖြာလုပ်ငန်းများ ပန်းတိုင်ရောက် ဆောင်တိုင်း မြောက်ပါစေသတည်း။

ဆန်းထွန်း (မန်းတက္ကသိုလ်)

# စိတ်ဆိုးသောစိတ်

## (၁)
## ကုဋေတစ်သိန်း

ပွဲခင်းကြီးကား တစ်မိုင်ပတ်လည်လောက် ရှိလိမ့်မည်ဟု ဦးမင်္ဂလာက ခန့်မှန်းလိုက်မိသည်။ တိလောကမဉ္ဇူစေတီတော်ကြီး ထီးတင်ပွဲဖြစ်သည်။ ဖောင်တော်ဦးဘုရားဟုလည်း ခေါ်ကြသည်။ မဏိစည်သူမင်းကြီး ဖောင်စကြာနှင့် တိုင်းခန်းလှည့်လည်ရာမှာ သည်အရပ်ရောက်၍ ဖောင်ဆိုက်ပြီး ဘုရားတည်သည်ဟု သမိုင်းကြောင်းကို ပြောကြသည်။

လက်ညှိုးညွှန်ရာ ရေဖြစ်သည်–ဆိုသော တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသောကြောင့် မြန်မာပြည်အရပ်ရပ်သို့ နံ့စပ်အောင်သွားပြီး ဘုရားများစွာ တည်ခဲ့လေသလားဟု ဦးမင်္ဂလာက တွေးကြည့်မိသည်။

စေတီတော်က အတောင်ခြောက်ဆယ်လောက် ရှိလိမ့်မည်။ ပျက်ပြိုယိုယွင်းနေသော နေရာများကို လျောက်ပတ်သပ္ပာယ်အောင် မွမ်းမံပြင်ဆင်ပြီး ထုံးသင်္ကန်း ကပ်လှူထားသည်။ လေဒဏ်၊ မိုးဒဏ်၊ ငလျင်ဒဏ်တို့ကြောင့် မူလထီးတော်ကြီး မြေခ,ခဲ့ရာ ယခု ထီးတော်အသစ် တင်လှူမည့် ပွဲတော်ကြီးဖြစ်သည်။

မြန်မာပြည်၌ ဘုရားပွဲတော်ဆိုလျှင် ကုန်စည်အရောင်းအဝယ် ဈေးကြီးတစ်ခုချိန်းဆိုတွေ့ဆုံဖွင့်လှစ်ကြသည့် ရိုးရာဓလေ့တစ်ခုဖြစ်ကြောင်း ဦးမင်္ဂလာက သိထားပြီး ဖြစ်ပါသည်။

အထက်ကုန်, အောက်ကုန် နယ်အစုံက အရောင်းအဝယ်လာကြသည်။ လယ်ထွက်, ယာထွက်, ကိုင်းထွက်, ကျွန်းထွက် အသီးအနှံအရွက်မျိုးစုံတို့ကိုလည်း ရောင်းဝယ်ကြသည်။ လူသုံးကုန် အမျိုးမျိုးတွင် အဝတ်အထည်မှစ၍ တိုက်ကုန်, ချိတ်ကုန်, စူလီနဖာ ကုန်သေးကုန်မွှားကအစ မိန်းမအသုံးအဆောင်၊ ယောကျာ်းအသုံးအဆောင်၊ ကလေးသူငယ် အဝတ်အထည် ကစားစရာများအထိ ရှိကြသည်။

ဦးမင်္ဂလာသည် လူအုပ်ထဲတွင် ရောညပ်၍ ပွဲဈေးတန်းတွေကို နံ့စပ်စုံလင်အောင် လိုက်ကြည့်နေသည်။

ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်၊ ဒံပေါက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တို့က တစ်ဆိုင်လျှင် ကက်ဆက်တစ်လုံးစီဖြင့် သီချင်းသံပြိုင် ဖွင့်နေကြခြင်းကြောင့် ဦးမင်္ဂလာမှာ နားမခံ့သာအောင် ရှိနေသည်။

လူတွေ စားသောက်နေကြပုံကလည်း စတုဒိသာအလှူကြီးကို တွေ့လို့ ဝင်ရောက်စားနေကြသလို ကြိတ်ကြိတ်တိုးဖြစ်နေကြသည်။

သွေးဆေးရောင်းသောဆိုင်တစ်ဆိုင်က မိုက်ကရိုဖုန်းစကားပြောခွက်ကိုကိုင်၍ လူကိုယ်တိုင် ဟစ်အော်ကြော်ငြာနေသည်ကလည်း ဦးမင်္ဂလာ၏ နားထဲတွင် ထူ၍ ပူ၍ အူ၍လာတော့သည်။ ထို့ကြောင့် သူတို့နှင့်ဝေးရာသို့ ခပ်မြန်မြန် ထွက်ခွာခဲ့ရသည်။ ပွဲဈေးတန်းနှင့် မလှမ်းမကမ်းနေရာမှာတော့ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ အငြိမ့်ရုံ၊ မျက်လှည့်ရုံ၊ ဘားကျွမ်းဆပ်ကပ်ရုံ၊ ထိုအထဲတွင် မျောက်ဖိုးစိန်ဟူ၍လည်း ဝါးထရံရုံကြီးတစ်ရုံတွင် ပိုစတာနှင့် ကြော်ငြာနှင့် ခံ့ခံ့ညားညား မော်မော်ကြွားကြွား တွေ့ရပြန်သည်။ တစ်ခါတစ်ခါ ဘုရားပွဲအချို့မှာ နာမည်ကျော် ဇာတ်ကြီးဇာတ်ကောင်းများထက် မျောက်ဖိုးစိန်က လူဝင်များသေးသည်ဟု ဦးမင်္ဂလာ ကြားဖူးထား၍ ပြုံးလိုက်မိသေးသည်။

အဲဒါတွေထက် ထူးဆန်းတာက ဗေဒင်လက္ခဏာ အတပ်ဟော အင်္ဂဝိဇ္ဇာ၊ နက္ခတ်ဆရာများ၏ ဆိုင်းဘုတ်တို့နှင့် အဝတ်ကာထားသော ဆိုင်ခန်းငယ်ကလေးများကိုလည်း ဦးမင်္ဂလာက သတိပြုမိသည်။ ဦးမင်္ဂလာတို့ငယ်စဉ်က ဗေဒင်ဆရာဆိုသည်မှာ ဘုရားတန်ဆောင်း၊ ဘုရားရင်ပြင်တော်နေရာများမှာသာ ဆိုင်ခန်းတည်တည်တံ့တံ့နှင့် ဖွင့်ကြမြဲဖြစ်သည်။ ယခုခေတ် ဗေဒင်ဆရာများ ဘုရားပွဲဈေးတန်းသို့ ဆင်းလာကြသည်မှာ ရွှေရင်အေးအောင် ဗေဒင်မေးသူများ တိုးတက်များပြားလာ၍ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ဝိုင်းကြီးပတ်ပတ်လည်သော ချားကြီးများ၊ အထက်နှင့်အောက် လည်ပတ်နေသော ရဟတ်ကြီးများတွင် ကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူများ တည်ညံ့တစီစီ ဟစ်လိုက် အော်လိုက် ရယ်လိုက် မောလိုက် တပျော်တပါးကြီး ဖြစ်နေကြသည်။

ပွဲခင်းကြီးတစ်ခုလုံးကို ခြုံ၍ပြောရလျှင် ကြက်ပျံမကျဆိုသော စကားတစ်လုံးတည်းနှင့် မည်မျှစည်ကားကြောင်း သရုပ်ပေါ်နိုင်ပေလိမ့်မည်။ ထိုအတွင်း ဦးမင်္ဂလာ အံ့အားသင့်သွားစေသော ကြေညာသံတစ်ရပ်က လော်စပီကာမှ ထွက်ပေါ်လာခဲ့ပါသည်။

"ဤပွဲခင်းကြီးထဲသို့ ရောက်ရှိနေတဲ့ ဦးမင်္ဂလာခင်ဗျာ-ကျွန်တော်တို့ ဂေါပကအဖွဲ့ရုံးသို့ ကြွရောက်သတင်းပို့ပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်ခင်ဗျား"

ဦးမင်္ဂလာ၏ ခြေလှမ်းများသည် အလိုလိုတုံ့ဆိုင်းရပ်တန့်သွားသည်။

'ဦးမင်္ဂလာ-တဲ့၊ ဦးမင်္ဂလာဆိုတာ ငါ့နာမည်ပဲ၊ ငါ့ကိုများ ခေါ်နေတာလား၊ ငါ့ကိုခေါ်ရအောင် ဘာအကြောင်းမှလဲ မရှိပါဘူး၊ သူတို့နဲ့ ငါနဲ့လဲ အဆက်အသွယ်မရှိခဲ့ပါဘူး၊ ငါက ဒီအရပ်သားတောင် မဟုတ်ပါဘူး၊ တစ်မြို့တစ်ရွာကလာတဲ့ ဧည့်သည် အာဂန္တုပဲ၊ ငါ့ကိုခေါ်တာမဖြစ်နိုင်ပါဘူး'

ထိုအခိုက်-လော်စပီကာမှ ဒုတိယမ္ပိ အသံထွက်ပေါ် လာပြန်သည်။

ဤပွဲခင်းကြီးထဲသို့ ရောက်ရှိနေတဲ့ ဦးမင်္ဂလာခင်ဗျား-ကျွန်တော်တို့ ဂေါပကအဖွဲ့ရုံးသို့ ကြွရောက်သတင်းပို့ပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်ခင်ဗျား"

ထိုအခိုက် "ကတည်းတော် - ဦးမင်္ဂလာဆိုတဲ့ လူကြီးကလဲ ခေါ်နေလိုက်ရတာ နေ့တိုင်းပဲ" ဟု မုန့်ဟင်းခါးဆိုင်ရှင် အမျိုးသမီးက သူ့ဆိုင်နားရှိ အကြော်သည်အား လှမ်း၍ ပြောလိုက်သည်။

"တစ်မြို့တစ်ရွာကလာတဲ့ ဘုရားဖူးဧည့်သည်ကို ခေါ်နေတာဖြစ်မှာပေါ့" ဟု အကြော်သည်က ပြန်၍ဖြေလိုက်သည်။

ဤတစ်ခါတွင်တော့ ထိုကြေညာချက်ကို ဦးမင်္ဂလာ စပ်စုချင်လာသည်။ စုံစမ်းချင်လာသည်။ သိချင်လာသည်။ ထို့ကြောင့် ဂေါပကရုံးဖွင့်ထားရာ ဇရပ်သို့ရောက်အောင် သွားလိုက်သည်။

ဘုရားကြီး ဝေယျာဝစ္စအတွက် အလှူငွေလက်ခံရာဌာနကို ကျော်လိုက်သောအခါ အတွင်းဘက် ဧည့်ခံရာဌာနတွင် ရှိနေကြသော ဂေါပကလူကြီးတစ်ဦးက -

"ဦးမင်္ဂလာပါလားခင်ဗျား" ဟု ဆီးကြို၍ မေးမြန်းသည်။

"ဟုတ်ကဲ့" ဟု ဦးမင်္ဂလာက ဖြေလိုက်သည်နှင့် ရုံးခန်းတွင်းရှိ ဂေါပကလူကြီးများနှင့်တကွ အခြားသော လူကြီးလူကောင်း ဧည့်သည်များက ဦးမင်္ဂလာအား ပျာပျာသလဲ ဖိတ်ခေါ်၍ နေရာထိုင်ခင်းများ ပေးကြသည်။ သူတို့ကိုယ်တိုင်လည်း ဦးမင်္ဂလာ၏ အနီးအပါးတွင် ဝိုင်း၍ ထိုင်လိုက်ကြသည်။

လူကြီးလူကောင်းအချို့က ခံ့ညားမွန်ရည်သော ဦးမင်္ဂလာ၏ ဥပမိရုပ်ကို နှစ်လိုအားရ ဖြစ်နေကြပုံရသည်။

သူတို့အားလုံး၏ မျက်နှာပေါ်၌ တစ်စုံတစ်ခုသော အခြင်းအရာကို ဦးမင်္ဂလာထံမှ တောင့်တမျှော်လင့်နေဟန် ရှိကြသည်။ ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌက သူ့ကိုယ်သူ မိတ်ဆက်ပြောပြ၍ အခြားသောအဖွဲ့ဝင် လူကြီးလူကောင်းများနှင့်လည်း အသီးသီး မိတ်ဆက်ပေးသည်။

ထို့နောက် ဥက္ကဋ္ဌက -

"လူကြီးမင်းရဲ့အမည်ကို တစ်ဆိတ်လောက် အမိန့်ရှိပါဦးခင်ဗျာ" ဟု မေးပြန်သည်။

"ဦးမင်္ဂလာပါ"

"နာမည် အရင်းပါလားခင်ဗျာ၊ စိတ်လည်း မရှိပါနဲ့နော်"

"ဟုတ်ကဲ့၊ ငယ်နာမည်ပါ၊ မိဘက ဇာတာဖွဲ့ပြီး ပေးထားတဲ့ နာမည်ပါ"

"ဦးမင်္ဂလာက ဗုဒ္ဓဘာသာပါပဲနော်"

"ဟုတ်ပါ့၊ မိဘ ဘိုးဘွားကစပြီး ဗုဒ္ဓဘာသာ မြန်မာလူမျိုးစစ်စစ်ပါပဲ"

"ကောင်းလိုက်လေဗျာ"

"ဇာတိကကော -"

"ဇာတိက အောင်လံမြို့ပါ"

ဥက္ကဋ္ဌ၏မျက်နှာမှာ ဝင်းထိန်သွားကြောင်း ဦးမင်္ဂလာ သတိပြုလိုက်မိသည်။

"အလုပ်အကိုင် သိပါရစေခင်ဗျာ"

"နိဗ္ဗာန်ကုန် အရောင်းအဝယ်ပြုပါတယ်"

"အား ..... ဟုတ်ပြီ ..... ဟုတ်ပြီ၊ သာဓု.....သာဓုပါခင်ဗျား" ဟု အဖွဲ့ဝင်အားလုံးက ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုကြသည်။

ဦးမင်္ဂလာမှာတော့ အကြောင်းခြင်းတ မသိရသဖြင့် ခပ်ကြောင်ကြောင် ကြည့်နေမိသည်။ ထိုအခါ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ဦးမင်္ဂလာအား အားတုံ့ အားနာဖြင့်ရှင်းပြသည်။

"ဒီလိုပါ.....ဒီလိုပါ ဓမ္မမိတ်ဆွေကြီးခင်ဗျား။ စေတီတော်မြတ်ကြီးကို ထီးတော်အသစ် တင်လှူရာမှာ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဘယ်နေ့ဘယ်ရက် ဘယ်အချိန်ဟူ၍ အခါတော်ပေးကြပါတယ်၊ အခါတော်စေ့ရောက်တဲ့အချိန်ကို 'မင်္ဂလာ'ဟု အမည်နာမရှိသော ပုဂ္ဂိုလ်က အမြောက်ပစ်ဖောက်၍ အခါတော်ကြားစေရမယ်လို့ အမိန့်ရှိတော်မူထားပါတယ်"

ဥက္ကဋ္ဌ၏စကားကို ကြားရမှ ဦးမင်္ဂလာ၏စိတ်တွင် ရှင်းလင်းပေါ့ပါးသွားမိသည်။ ဝမ်းသာအားရလည်း ဖြစ်မိသည်။ ကြီးကြီးကျယ်ကျယ် ပြုလုပ်သော ဗုဒ္ဓသာသနာ့ပွဲတော်ကြီးတစ်ခု၌ အရေးပါသော 'အဓိကာရ' နေရာတွင် ဆောင်ရွက်ခွင့် ရသောကြောင့် ကြည်နူးပီတိ ဖြစ်မိသည်။

"ဒါနဲ့ နေပါဦးခင်ဗျား၊ လူကြီးမင်းတို့က ကြေညာပြီး ပင့်ဖိတ်တာ၊ ဤနေ့ ဤရက်မှ မဟုတ်ဘူးဆိုတာ သိရပါတယ်"

"ဟုတ်ကဲ့ ..... ကျွန်တော်တို့ ပင့်ဖိတ်နေတာ ငါးရက်မျှ ရှိပါပြီ"

"ကျွန်တော်နဲ့ နာမည်တူများကော မလာကြပေဘူးလား၊ လောကမှာ နာမည်တူမရှား၊ လူတူမရှားလို့ ဆိုကြတယ်လေ"

"ဟုတ်ကဲ့ ..... လွန်ခဲ့တဲ့ရက်က ဦးမင်္ဂလာနှစ်ယောက်၊ အဲ.....အဲ..... ဦးမင်္ဂလာတစ်ယောက်နဲ့ ကိုမင်္ဂလာတစ်ယောက်လို့ ဆိုရမှာပေါ့လေ၊ တစ်ယောက်က အသက်ငယ်ငယ်ပေကိုး၊ အဲဒီနှစ်ဦး လာကြပါတယ်"

"သူတို့ကို အခါတော်ကြားဖို့ တာဝန် ဘာ့ကြောင့် မပေးလိုက်ပါသလဲ"

"ဆရာတော်ကြီးများက နာမည်တူပုဂ္ဂိုလ်နှစ်ဦးသုံးဦး ပေါ်လာလျှင်

၁။ အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်ဖြစ်စေရမယ်။

၂။ ဥပမိရုပ် ခံ့ညားတည်ကြည်သူ ဖြစ်စေရမယ်။

၃။ ဗုဒ္ဓဘာသာ ဖြစ်စေရမယ်။

၄။ မွေးရာဇာတိက အောင်ပါသော မြို့ရွာဒေသ ဖြစ်စေရမယ်။

၅။ သမ္မာအာဇီဝ ကောင်းရောင်းကောင်းဝယ် အသက်မွေးမှုရှိသူ ဖြစ်စေရမယ် ဟု ကန့်သတ်ချက်ငါးခု ပြဋ္ဌာန်းပေးထားပါတယ်။

ပထမဦးဆုံးလာတဲ့ ဦးမင်္ဂလာဆိုတာက ဟောဒီဘုရားပွဲမှာ လာကတဲ့ ဇာတ်ထဲက လူရွှင်တော် ဦးမင်္ဂလာဖြစ်ပါတယ်၊ ဇာတိက နထိုးကြီး (နွားထိုးကြီး) ကဟု ဆိုပါ

တယ်၊ ငယ်နာမည် ဦးစိန်ညွှန့်၊ လူရှင်တော်အမည် ဦးမင်္ဂလာလို့ ဆိုပါတယ်၊ ဒီတော့ ဗုဒ္ဓဘာသာဝင်ဖြစ်ပေမယ့် အလုပ်အကိုင်နှင့် ဇာတိမြို့ရွာ (အောင်) မပါတဲ့အတွက် ပယ် လိုက်ရပါတယ်၊ နောက်တစ်ယောက်ကတော့ အသက်ငယ်ငယ် က,ပြားအမျိုးသား ဖြစ်၍ အသက်မွေးမှု မစင်ကြယ်ကြောင်း သိရတဲ့အတွက် ပယ်လိုက်ရပါတယ်" ဟု အဖွဲ့ဥက္ကဋ္ဌက ရှင်းပြသည်။

"ကဲ.....ဒါဖြင့် ကျွန်တော့်ကိုကော ဘယ်လိုဆုံးဖြတ်မတုံး" ဟု ဦးမင်္ဂလာက မေးလိုက်သည်။

"ဟာ.....ဓမ္မမိတ်ဆွေကြီးကတော့ ဒီနေ့ဒီရက် ဒီအခါ ဒီသာသနာပြု ပွဲတော်ကြီးမှာ ပါရမီ ကူညီဖြည့်ပေးဖို့ သာသနာတော်စောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက တမင်္ဂလာ စေလွှတ်ပို့ပေးတော်မူကြတာ ထင်ရှားနေပြီပဲ၊ ပြဋ္ဌာန်းချက် ငါးခုစလုံးနဲ့ ပြည့်စုံနေတာ ကြည့်ပါတော့" ဟု ဝိုင်းဝန်းပြောဆို နှစ်ထောင်းအားရ ဖြစ်နေကြသည်။

"ထီးတော်တင်ရန် အချိန်လည်း နီးကပ်လာပြီဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူ အသီးသီး နေရာယူကာ အသင့်ရှိကြပါမည့်အကြောင်း နှိုးဆော်အပ်ပါသည်ခင်ဗျား" ဟူသော ကြေညာချက်တစ်ရပ်က ပေါ်လာသည်။

ဦးမင်္ဂလာသည် မိမိ၏ အဝတ်အစားများကိုကြည့်၍ အံ့သြလိုက်မိသည်။ ဘယ် အချိန်က ဘယ်လိုနည်းဖြင့် လဲလှယ်ဝတ်ဆင်လိုက်မိသည်ဟု သတိမရ၊ ဝတ်ဖြူစင်ကြယ် ခေါင်းပေါင်းဝတ်စုံ၊ ပခုံးတွင် ပိတ်ဖြူလောပတ် အပြည့်အစုံနှင့် ဖြစ်နေပေသည်။ ဂေါပက ရုံး ဇရပ်ရှေ့တွင် ဆယ်ပေပတ်လည်ခန့် နေရာကလေးကို သဲဖြူခင်း၍ ရာဇမတ် ကာ ထား၏။ တံခွန်ကုက္ကားများလည်းစိုက်၍ထားသည်။ သာသနာ့အလံတော် များစွာတို့က တလွင့်လွင့် တလူလူ ရှိနေကြသည်။ အလယ်တွင် လေးပေပတ်လည် စားပွဲကြီးကိုချလျက် ကြေးနက် အမြောက်ငယ်ကလေးကို ဆင်ထားသည်။

ထိုအမြောက်ငယ်၏ မောင်းခလုတ်ကို ကတ္တီပါကြိုး အနီကလေးဖြင့် ဖွဲ့ချီထား သည်။ အချိန်ကျရောက်လျှင် ဦးမင်္ဂလာက ခလုတ်ကြိုးစကိုဆွဲ၍ အချက်ပေး ပစ်ဖောက်ရန် ဖြစ်သည်။ အမြောက်ငယ်ကလေးမှာ ဦးမင်္ဂလာငယ်စဉ်က တွေ့မြင်ခဲ့ဖူးသော ၁၈ လက်မ အချက်ပေး အမြောက်ငယ်ကလေးဖြစ်သည်။ ကျည်မပါသော ဗလာယမ်းတောင့် ဖြင့် ပစ်ဖောက်ရသည်။

စေတီရင်ပြင်တော်တစ်ခုလုံး ကြိတ်ကြိတ်တိုး ဖြစ်နေကြသည်။ မဏ္ဍပ်တစ်နေရာ၌ ဝတ်အသင်းသူ ၅၀ ခန့်လောက်က ဓမ္မစကြာရွတ်ရန် အဆင်သင့်ရှိနေကြသည်။ မန္တလေး မဟာစည်တော်ကြီးအဖွဲ့က တီးမှုတ်ကြရန် စောင့်နေကြသည်။ မှန်စီရွှေချ နယားရုပ်ကြီးနှင့် ဆိုင်းဝိုင်း ကြေးကလည်း ကောင်းကင်ကြိုး တီးလုံး သီဆိုတီးမှုတ်ကြရန်အရံသင့်ရှိနေကြသည်။

စေတီတော်ကြီး၏ ထီးတော်နေရာနှင့် ရင်ပြင်တော်ရှိ ထီးတော်ရုံကို နတ်မြင်းပျံ လေးကောင်က,သော ပန်းရထားဖြင့် တက်ရန် ခိုင်ခိုင်မာမာ စက်ကြိုးများတပ်ဆင်ထား သည်။ ၎င်းပန်းရထားကို မာတလိနတ်သားက မောင်းနှင်၍ သိကြားမင်းနှင့် စတုလောက

ပါလ နတ်မင်းကြီးလေးဦးက ထီးတော်ကြီးကို ကြီးကြပ်ကာ စေတီတော်ထိပ်ရှိ ဝိသကြုံ နတ်သားထံ အရောက်ပင့်ဆောင်သွားကြမည်ဖြစ်သည်။

ပုဏ္ဏားတော်ရှစ်ဦးက ခရုသင်းရှစ်ခုကို တစ်ပြိုင်တည်း မှုတ်ကြရမည်ဖြစ်သည်။ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းများကလည်း သူ့အဖွဲ့နှင့်သူ၊ သူ့နေရာနှင့်သူ အစီအစဉ်အတိုင်း စောင့်ဆိုင်းနေကြသည်။

ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ရွှေထီးမိုး၍ ပင့်ဆောင်လာကြသည်။ ဆရာတော်ကြီးများက နေရာယူတော်မူကြသည်။ အခါတော်ကြားရန် နီးကပ်သည်ထက် နီးကပ်လာပြီ။

ဂေါပကဥက္ကဋ္ဌက အချိန်မှတ် စက္ကန့်နာရီလေးကို ဦးမင်္ဂလာအား လာ၍ပေးသည်။ ၁၂ နာရီတိတိ အချိန်ရောက်လျှင် ဦးမင်္ဂလာက အမြောက်ပစ်ဖောက်လိုက်ရန် ဖြစ်သည်။ ထိုအချိန်တွင် အုတ်အော်သောင်းတင်း တီးကြမှုတ်ကြ လှုပ်ရှားကြရမည်ဖြစ်သည်။ ထိုအချိန်ကို စောင့်ကြည့်နေရသော ဦးမင်္ဂလာမှအစပြု၍ လူအပေါင်းမှာ အသက်ရှူများပင် အောင့်ထားကြလေသလားဟု ထင်ရလောက်အောင် ဆိတ်ငြိမ်လွန်းမက ဆိတ်ငြိမ်နေကြသည်။

နာရီလက်တံက ၁၂ နာရီတင်းတင်းပြည့်ရန် ၁၀ စက္ကန့်သာလိုတော့သည်။ ထို့နောက် ၉ စက္ကန့်၊ ၈ စက္ကန့်၊ ၇ စက္ကန့်၊ ၆ စက္ကန့်၊ ၅ စက္ကန့်၊ ၄ စက္ကန့်၊ ၃ စက္ကန့်၊ ၂ စက္ကန့်၊ ၁ စက္ကန့်။

ဦးမင်္ဂလာက အမြောက်ငယ်ကလေး၏ ခလုတ်ကြိုးစ အနီကလေးကို ဆွဲလိုက်ပြီ။

"ဒိုင်း....."

* * *

"အမယ်လေး...လန့်လိုက်တာ"

ဦးမင်္ဂလာသည် တကယ်ပင် လန့်သွားပါသည်။ သူလန့်သောနေရာမှာ ဘုရားထီးတင်ပွဲတွင် မဟုတ်၊ သူ့အိပ်ရာပေါ်မှာ ဖြစ်နေပါသည်။

အိပ်မက် မက်ခြင်းပါတကား။

သို့သော်... 'ဒိုင်း'ဟူသော အသံကို အထင်အရှားကြားလိုက်ရခြင်းကြောင့် ...

"ဘာဖြစ်တာလဲဟ" ဟု အိပ်ရာထဲကပင် မေးလိုက်မိသည်။

"လေတိုက်လို့ ခေါင်မိုးပေါ် အုန်းလက်ပြုတ်ကျတာ အဖေရေ့..."ဟု သမီးက အော်ပြောသည်။

ဟုတ်ပါသည်။ လေနှင့်ရော၍ မိုးသက်များက တဝုန်းဝုန်း တဝေါဝေါ သည်းထန်နေသည်။ အိပ်ရာအပါးက စားပွဲတင်နာရီကို လှမ်းကြည့်လိုက်မိသည်။ ၁၂ နာရီ ၃၅ မိနစ်၊ ဦးမင်္ဂလာက ဆက်၍ အိပ်ပျော်ရန် ကြိုးစားပါသေးသည်။ သို့သော် အိပ်၍မရတော့။

အိပ်မရသည့်အတူတူ အိပ်မက်အကြောင်းကို ပြန်၍ စဉ်းစားမိသည်။

လူတွေက အိပ်မက် (အိမ္မက်) ဟု အသံထွက်၍ ပြောကြသည်။ တကယ်တော့ အိပ်ရာတွင် မက်ခြင်းကြောင့် (အိပ်မက်) ဟု သတ်ပုံအမှန်အတိုင်း ရေးရသလို ခေါ်ဆိုဖို့ ကောင်းသည်ဟု စဉ်းစားမိသည်။

အိပ်မက်ဆိုသည်မှာ နာမ်၏အလုပ်၊ စိတ်၏အလုပ်၊ စိတ်ကြောင့် ဖြစ်လာသော အလုပ်ဟု ပြောရမည်ဖြစ်သည်။ ဦးမင်္ဂလာသည် စာတတ် ပေတတ်ကြီးတစ်ယောက် တော့မဟုတ်။ စာဖတ် စာမှတ်သမားသာဖြစ်သည်။ စာတိုပေစကလေးများကို ဟိုနည်း နည်း သည်နည်းနည်း ကြည့်ဖူးရုံမျှ ရှိသည်။ အိပ်မက်ကို မြင်မက်ခြင်း၌ အကြောင်း တရား ခြောက်ပါးရှိသည်ဟု ကျမ်းဂန်များ၌ တွေ့ဖူးသည်။

၁။ ဝမ်းကွင်းလေ ဖောက်ပြန်၍ မက်ခြင်း၊

၂။ သည်းခြေဖောက်ပြန်၍ မက်ခြင်း၊

၃။ သလိပ်ဖောက်ပြန်၍ မက်ခြင်း၊

၄။ နတ်တို့လှည့်ပတ်၍ မက်ခြင်း။

၅။ ရှေးကဖြစ်ခဲ့ဖူး၍ မက်ခြင်း။

၆။ ပုဗ္ဗနိမိတ်ပြ၍ မက်ခြင်း ဟူ၍ တွေ့ရသည်။

နောက်တစ်မျိုးက အိပ်မက်ဟူသည်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ်မှာ မမြင်မက်၊ နိုးနေသူမှာလည်း မမြင်မက်၊ အိပ်၍ မပျော့်တပျော် မနိုးတစ်ဝက် နိုးတစ်ဝက် အချိန်မျိုးမှာသာ မြင်မက်တတ်သည်ဟု ဆိုကြသည်။ စာစကားနှင့်တော့ ဘဝင်မကျမိဟု ဆိုကြသည်။

မိလိန္ဒပဉှာဝတ္ထု၌ ...

စင်စစ်သော်ကား ငိုက်မျဉ်းသောကာလ၌ ဘဝင်စိတ်သည် မဖြစ်တတ်သေး၊ ချမ်းသာဆင်းရဲကိုလည်း မသိသေး၊ မသိသေးသောသူအား အိပ်မက်သည် မမက်သေး၊ ဘဝင်မကျခင်ဖြစ်သောစိတ်သည် အိပ်မက်ကို မြင်မက်၏ ... ဟု ဖော်ပြထားသည်။

မည်သို့ဆိုစေ စိတ်ကြောင့် အိပ်မက်မက်တာကတော့ သေချာသည်။

ဦးမင်္ဂလာက ဆက်၍ တွေးကြည့်မိပြန်သည်။ ငါအိပ်မက်မက်နေတဲ့ အကြောင်း အရာ အစီအစဉ်တွေက ဝတ္ထုပုံပြင်လေးတစ်ခုလို ရှည်လျားထွေပြားပါဘိသည်။ အချိန် တွေ အများကြီး အကြာကြီး ကြာလိမ့်မည်။ နောက်ဆုံး 'ဒိုင်း' ခနဲ အုန်းလက် ပြုတ်ကျသံ ကြားရ၍ လန့်နိုးရသည်။ အဲသည်လို လန့်နိုးရတဲ့ 'ဒိုင်း' ခနဲအသံဖြစ် လာအောင် ငါက အိပ်မက်ထဲမှာ အမြောက်ပစ်ဖောက်ပေးရသည်။ 'ဒါဖြင့်...ဒါဖြင့်...'

'ဒိုင်းခနဲအသံ ကြားရတော့မယ်လို့ စိတ်က ကြိုတင်ပြီး သိထားလို့ ဝတ္ထုကြောင်း တွေနဲ့ စီကာစဉ်ကာ အမြောက်ကလေးကို အုန်းလက်ကျသံနှင့် ပြိုင်တူ ဖောက်ပေး ရတာလား'

'သည်လိုလည်း ဖြစ်နိုင်မယ်မထင်၊ မိုးထဲလေထဲမှာ အုန်းလက်က ဘယ်အချိန် ပြုတ်ကျလိမ့်မယ်လို့ ဘယ်သူ၏စိတ်ကမှ တပ်အပ်ကြိုတင် သိနိုင်မယ် မထင်ပါ၊'

ဒါဖြင့် ဒိုင်းခနဲ အသံကြားရပြီးသည့်နောက်မှ ထိုအသံနဲ့ ဆီလျော်အောင် စိတ်က ဝတ္ထုပုံပြင်ကို ကမန်းကတန်း တန်ဆာဆင်ပေးလိုက်ခြင်းလား၊ ဒါလည်း ဖြစ်နိုင်မယ်မထင်' ဦးမင်္ဂလာ အတော် ခေါင်းရှုပ်သွားသည်။

တကယ်တော့ ဦးမင်္ဂလာသည် 'ခေတ်မီသိပ္ပံပညာ'၊ 'စိတ္တဗေဒပညာ' ဆိုသည့် လောကီပညာ ဗဟုသုတတွေကလည်း မရှိ 'စိတ်, စေတသိက်၊ ရုပ်, နိဗ်, လေးရပ်၊ ပရမတ်' ဆိုသော ဗုဒ္ဓ၏ အဘိဓမ္မာကိုလည်း လက်လှမ်းမမီ၊ တောင်မမီ၊ မြောက်မမီ စကောစက လူတန်းစားထဲကသာဖြစ်သည်။ သို့သော် ဘယ်အတန်းအစားပဲ ဖြစ်စေကာမူ–

လူတို့၏စိတ်သည် သိချင်သော၊ စပ်စုတတ်သော တွေးခေါ်မှု ဆန္ဒများ ရှိတတ်သည်။

၁။ ကြံကြောင်းဖြစ်သောတရားသည် စိတ်မည်၏။

၂။ ကြံတတ်သိတတ်သောတရားသည် စိတ်မည်၏။

၃။ ကြံစည်ခြင်း သိခြင်းသဘောသည် စိတ်မည်။

စိတ်ကို ဤသို့ အဓိပ္ပာယ်သုံးမျိုး ဖွင့်ထားသည်ကိုလည်းတွေ့ဖူးသည်။ စိတ်ဟူသည် အလွန်ဆုံး ဆန်းကြယ်သည်ဟူ၍လည်း မှတ်ရဖူးသည်။ လျင်မြန်ရာ၌ လက်ဖျစ်တစ်တွက် အချိန်ကလေးတွင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သည်ဟု ဆိုသည်။ ကုဋေတစ်သိန်းဆိုသည်မှာ –

'သင်္ချာအားဖြင့်တော့ များလွန်းလှ၏။ နှုတ်မှ ရွတ်ဆိုရေတွက်လျှင်ပင် –

'ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ၊ တစ်ကုဋေ၊ နှစ်ကုဋေ၊ ဆယ်ကုဋေ၊ ရာကုဋေ၊ ထောင်ကုဋေ၊ သောင်းကုဋေ၊ သိန်းကုဋေ၊ သန်းကုဋေ၊ ထိုကုဋေမျိုး ကုဋေတစ်သိန်းဖြစ်လိုက်ပျက်လိုက်ဆိုခြင်းမှာ အံ့သြကုန်နိုင်ဖွယ်ဖြစ်သည်။ မမြင်နိုင်သော၊ မြင်ဖို့မလွယ်သော နာမ်တရားဟုခေါ်သည့် စိတ်လှိုင်းကလေးများ တရစပ် ဖြစ်ပျက်နေကြပေလိမ့်မည်။

သို့ကလိုဆိုလျှင် ဦးမင်္ဂလာ၏ အိပ်မက်သည် 'ဒိုင်း' ဟူ၍ အသံမကြားခင်ကလည်း ကြိုတင်၍ မက်ခြင်းမဟုတ်၊ 'ဒိုင်း' ဟူသည့် အသံကြားပြီးသည့်နောက်မှလည်း ဝတ္ထုပုံပြင် တန်ဆာဆင်၍ ကြံဖန်ပြီး မက်သည်မဟုတ်။ 'ဒိုင်း'ခနဲဟူသော ကြားကာလ မတ္တ လက်ဖျစ်တစ်တွတ်မျှသော ကာလကလေးအတွင်းမှာသာ မြင်မက်ခြင်း ဖြစ်ရလိမ့်မည်။ ဦးမင်္ဂလာ၏ အိပ်မက်ကို တန်ဆာဆင်ပေးနိုင်ရန် ဖြစ်ပျက်အချိန်ကလေးများ၊ စိတ်လှိုင်းကလေးများမှာ ကုဋေတစ်သိန်းပင် ရှိဖို့မလို။ တစ်ကုဋေ၊ ဆယ်ကုဋေ၊ ရာကုဋေ၊ ထောင်ကုဋေ စသည့် အချိန်ကလေးလောက်နှင့်ပင် လုံလောက်လိမ့်မည်ဟု ဦးမင်္ဂလာက ကောက်ချက်ချလိုက်မိသည်။

ထို့ထက် ယထာဘူတကျကျ သိရှိနားလည်ရအောင် ကြိုးစားရဦးမှာပါကလားဟု ဦးမင်္ဂလာက အလေးအနက် ဆန္ဒပြုလိုက်မိသည်။

* * *

(၂)

# မကောင်းမှုရှောင် ကောင်းမှုဆောင်

စိတ်ဆိုသောစိတ်ကို ဦးမင်္ဂလာက စေ့ငုလေ့လာချင်သည်။ စာတွေ့၊ နာတွေ့မှ ငါတွေ့ထိအောင် သိချင်သည်။ စာတွေ့ဆိုတာက ဗုဒ္ဓပိဋကတ်လာ ကျမ်းစာအမျိုးမျိုး၊ လောကီသိပ္ပံဆိုင်ရာ ကျမ်းစာအမျိုးမျိုးကို ကြည့်ရှုလေ့လာခြင်းဖြစ်သည်။ နာတွေ့ဆိုသည်က ထိုကျမ်းစာအမျိုးမျိုးတို့မှ ထုတ်နုတ်ဟောကြားသော လူပညာရှိ၊ ရဟန်းပညာရှိတို့၏ အဆိုအမိန့်များကို ကြားနာမှတ်သားရခြင်းဖြစ်သည်။ ငါတွေ့ဆိုသည်က အထက်ပါ အခွင့်အရေးနှစ်ရပ်ကို အရင်းအနှီးပြု၍ မိမိစိတ်သဘောနှင့် အံဝင်ခွင်ကျ မိမိရရ နားလည်လိုက်ခြင်းကို ဆိုလိုပါသည်။

အချို့စာများက မိမိ၏ဉာဏ်နှင့် မမှီတမီ မြင့်မားနေသည်။ ထို့ကြောင့် နားမလည် သလိုလို၊ နားလည်သလိုလို ရှိနေတတ်ကြသည်။ ဒါကို မိမိ၏စိတ်က မိမိစိတ်ကို ဖွတ် အတင်းနားအလည်ခိုင်းတတ်သည်။ တရားနာရသည့်အခါများမှာလည်း ထိုနည်းအတိုင်း နားဝေတိမ်တောင် နှင့် မိမိစိတ်ကို ဖွတ်အတင်း နားလည်ခိုင်းတတ်သည်။ အဲဒါကိုက စိတ်ဆိုသောစိတ်သည် ရိုးရိုးသားသား မဟုတ်။ ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို ပြန်၍ အလိမ် ခိုင်းတတ်ခြင်း၊ စိတ်က လိမ်တာကို ကိုယ်ကသိလျက်နှင့် လက်ခံနေရခြင်းဖြစ်သည်ဟု ဦးမင်္ဂလာက မိမိ၏ပင်ကိုစိတ်နှင့် မိမိစိတ်ကို 'တန်ပြန်ထောက်လှမ်းရေး' လုပ်ကြည့်မိသည်။

အမြိုက်အရသာဖြစ်သော ဗုဒ္ဓ၏ အဆိုအမိန့် ဩဝါဒများကို တိတိပပ သဘော ပေါက်ပြီးသည့်နောက်၌ပင်လျှင် 'ကျင့်ဆောင်' ပြုလုပ်ရမည့်ကိစ္စများက ကျန်ရှိနေပေ သေးရာ ဆိုလိုရင်း အဓိပ္ပာယ်များကို ယောင်ယောင်ဝါးဝါး 'နားမလည်ပါးမလည်' ဘဲနှင့် နားလည်ချင်ယောင် ဆောင်နေရသည်ဆိုလျှင် အဘယ်မှာ ကိစ္စပြီးနိုင်တော့မှာလဲ။ ဦးမင်္ဂလာက အဲသည်လို ခံယူချက်မျိုး ရှိသည်။

တရားတစ်ပုဒ်၏ အဓိပ္ပာယ်ကို နက်နက်နဲနဲ မတွေး မကြံနိုင်လျှင် ထိုတရား၏ အမြိုက်အရသာ ဩဇာကို လိုက်လိုက်လှဲလှဲ ခံစားနိုင်မည်မဟုတ်ပေ။

တွံတေးမြို့၌သာ ပေါ်ပေါက်၍ မွန်ဘုရင်များသာ ပွဲတော်တည်ရသည်ဆိုသော 'ဒွတ္တပတ်သီး' ကို စားဖူးသူတစ်ယောက်က ယခုလို ပြောဖူးသည်။

"ရှင်ဘုရင်တွေစားတဲ့ အသီးဆိုလို့ တန်ဖိုးကြီးကြီး ပေးဝယ်ပြီး စားကြည့်ပါတယ်၊ ကျုပ်ပါးစပ်ထဲတော့ ဖတ်တင့်ငံ့ပါပဲ" ဟု ပြောသံကို ကြားရဖူးပါသည်။

ဦးမင်္ဂလာသည် ဓမ္မအမြိုက်ဩဇာကို 'ဖတ်တင့်ငံ့' အရသာလောက်မျှဖြင့် သူကိုယ်တိုင် တင်းတိမ်ခဲ့ရပေါင်း များပါပြီ။

ဓမ္မပဒဝတ္ထုများကို ဦးမင်္ဂလာ အလွန်နှစ်သက်သည်။ သူ၏ဉာဏ်ပါရမီနှင့် လိုက်လျောညီထွေရှိသည်ဟု ထင်သည်။ ဝတ္ထုတစ်ပုဒ် ပြီးတိုင်း ပြီးတိုင်း ဓမ္မမေဒနီ အဆီအနှစ် ဩဝါဒဂါထာများကို တွေ့ရသည်။

'ဓမ္မာပဗ္ဗန္တေ ဉာယန္တေ ဧတ္တ ဧတေနာတိပါ ဓမ္မပဒံ' ဟူ၍ ပညာရှိသူတော်ကောင်းကြီးများက ထိုကျမ်းကို ဝိဂြိုဟ်ပြုတော်မူခဲ့ကြသည်။ မြန်မာလိုပြောရလျှင် 'လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုး ဖွံ့ဖြိုးစေကြောင်း ကောင်းမြတ်သော တရားတို့ကို သိရာသိကြောင်း ဖြစ်ခြင်းကြောင့် ဓမ္မပဒမည်၏' ဟူသတည်း။

'ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူပေသော အတုလမုနိန္ဒ သုံးလောကစက္ခု သဗ္ဗညု မြတ်စွာဘုရားသည် ထိုထိုသို့သော အတ္ထုပ္ပတ္တိဟူသော အကြောင်းကို အစွဲပြု၍ ကုသိုလ် အကုသိုလ်တို့၏ အကျိုးကို ပြတော်မူအပ်သော ဒေသနာပါဠိတော်ဖြစ်သည်'ဟု ဆရာတော်ကြီးများက ဖွင့်ဆိုဂါရဝ ပြုတော်မူကြသည်။

ညောင်လေးပင်တောရ ဆရာတော်ဘုရား ကြီးမှူး၍ သီလဝန်, ပညာဝန် ဆရာတော်ကြီးအများအပြားက ဝိုင်းဝန်းဖြည့်စွက် ပြုစုထားသော သုဓမ္မဝတီတိုက်ထုတ် ဓမ္မပဒကျမ်းစာအုပ်တွင် အကြောင်းတရားမျိုးစုံတို့၌ ဗုဒ္ဓ၏ဆုံးမစကား ရသဂါထာများ ၄၂၃ ပုဒ် ပါဝင်သည်။ ထိုဂါထာများထဲက စိတ်နှင့်ဆိုင်ရာ ဂါထာ ၅၃ ပုဒ်ကို ကြိုးကြား ကြိုးကြား ဦးမင်္ဂလာတွေ့ရသည်။

အစဦးစွာ တွေ့ရသော ဝတ္ထုမှာ မျက်စိကွယ်သွားသော စက္ခုပါလမထေရ်၏ ဝတ္ထုဖြစ်သည်။ ထိုမထေရ်သည် အတိတ်ဘဝက ဆေးဆရာဖြစ်ခဲ့သည်။ မျက်စိဝေဒနာသည် လူနာတစ်ဦးက ဆေးဖိုးဝါးခ မည်ရွေ့မည်မျှ ပေးပါမည်ဟု ကတိခံကာ ဆေးဆရာ၏ 'အကုအသ' ကို ခံယူခဲ့သည်။ မျက်စိဝေဒနာ ကောင်းစွာ ပျောက်ကင်းချမ်းသာပြီးသည့်နောက်တွင် လူနာက ကတိခံခဲ့သော ဆေးဖိုးဝါးခကို မပေးလိုသဖြင့် မျက်စိဝေဒနာမှာ ယခင်ကထက် ဆိုးရွားလာကြောင်း လိမ်လည်ပြောဆိုသည်။ အမှန်ကိုသိသော ဆေးဆရာက ကောက်ကျစ်သော လူနာအား ဒေါသစိတ်ဖြင့် မျက်စဉ်းခတ်ကာ တကယ်ကန်းသွားအောင် ပြုလုပ်ခဲ့သည်။

ဤဝတ္ထုကို ကိုးကား၍ မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူသည်။

မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနော သေဋ္ဌာ မနောမယာ။
မနသာစေ ပဒုဋ္ဌေန၊
ဘာသတိဝါ ကရောတိဝါ။
တတောနံ ဒုက္ခ မန္ဝေတိ၊
စက္ကံ ဝ ဝဟတော ပဒံ။

ဓမ္မပဒဂါထာ-၁။

အထက်ပါ မူလပါဠိတော်ကို ညောင်လေးပင်တောရ ဆရာတော်ဘုရားက ဤသို့ မြန်မာပြန်အနက် ပြန်ဆိုတော်မူသည်။

ဓမ္မာ = နာမက္ခန္ဓာ တရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ = ဝိညာဏက္ခန္ဓာ သာလျှင် ပြဋ္ဌာန်းခြင်း ရှိကုန်၏။ (ဝါ) ဝိညာဏက္ခန္ဓာသာလျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ = ဝိညာဏက္ခန္ဓာသာလျှင် အကြီးအမှူးရှိကုန်၏၊ မနောမယာ = ဝိညာဏက္ခန္ဓာဖြင့် ပြီးကုန်၏၊ ယောပုဂ္ဂလော = အကြင်ပုဂ္ဂိုလ်သည်၊ ပဒုဋ္ဌေန =ပြစ်မှားလိုသော၊ မနသာ = စိတ်ဖြင့်၊ စေဘာသတိဝါ = အကယ်၍ဆိုမူလည်း ဆိုငြားအံ့၊ စေကရောတိဝါ = အကယ်၍ ပြုမူလည်း ပြုငြားအံ့၊ တတော = ထိုသို့ပြစ်မှားလိုသောစိတ်ဖြင့် ဆိုခြင်း၊ ပြုခြင်းတို့ကြောင့်၊ နံပုဂ္ဂလံ = ထိုပုဂ္ဂိုလ်သို့၊ ဒုက္ခံ = ဆင်းရဲသည်၊ အန္ဒေတိ = အစဉ်လိုက်တတ်၏။ ကိမိဝ = အဘယ်ကဲ့သို့နည်းဟူမူ ကား၊ စက္ကံ = လှည်းဘီးသည်၊ ဝဟတော = ဝန်ဆောင်သော နွားလား၏၊ ပဒံ = ခြေရာသို့၊ အန္ဒေတိ ဣဝ = အစဉ်လိုက် သကဲ့သို့တည်း။

ဦးမင်္ဂလာသည် သုဓမ္မဝတီတိုက်ထုတ် ဓမ္မပဒကိုကြည့်ပြီးသည့်နောက်တွင် မြန်မာ ပညာရှိ ဆရာကြီးဦးဖိုးလတ်၏ 'မြန်မာလို ဓမ္မပဒ တရားလမ်းစဉ်' စာအုပ်ငယ်၌ ဤသို့ မြန်မာပြန်ထားသည်ကို တွေ့ရပြန်သည်။

စိတ်သည် နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူး ဖန်တီးသူဖြစ်၏။ အကြင်သူသည် မကောင်းယုတ်မာသောစိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း လှည်းဘီးသည် နွား၏ခြေရာနောက်သို့ လိုက်သကဲ့သို့ ဆင်းရဲခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လေ၏။

ဆရာကြီး ဦးဖိုးလတ်က သူ့စာအုပ်ငယ်၏ နိဒါန်းတွင် ဤသို့ရေးထားပါသည်။

"(ပါဠိစာပေ မတတ်သော) လူသာမန်တို့ နားလည်လောက်အောင် ပါဠိ မရော မဖက် မြန်မာစကားပြေ သက်သက်ဖြင့် ပြန်ဆိုလိုက်ပါသည်။ ဤသို့ ပြန်ဆိုရာ၌ သင်္ဂဇာ ဆရာတော်ဘုရားကြီး မြန်မာလိုပြန်ဆိုတော်မူခဲ့သော 'ဓမ္မပဒပါဠိတော် နိဿယ' နှင့် ပါမောက္ခ အန်၊ ကေ၊ ဘဂ်ဝတ်၊ မဟာဝိဇ္ဇာ အင်္ဂလိပ်လို ပြန်ဆိုခဲ့သော 'ဓမ္မပဒ'တို့ကို မှီတည်ရှေ့ထား လေးစားခြင်းကို ပြုပါသည်" ဟု ဆိုလေသည်။

လူသာမန်ဖြစ်သော ဦးမင်္ဂလာသည် ဆရာကြီးဦးဖိုးလတ်၏ မြန်မာပြန်က 'ပို၍ တိုသည်'၊ 'ပို၍ ရှင်းသည်'၊ 'ပို၍ နားလည်လွယ်သည်' ဟု ထင်မိသည်။

ဦးမင်္ဂလာသည် မကောင်းသောစိတ်၏ အကျိုးပေးဥပမာကို အလွန်နှစ်သက်မိသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် 'ရှင်ဘုရင်က အစ၊ ဒွန်းစဏ္ဍားအထိ၊ ပညာရှိ သုခမိန်မှ အစ၊ လူ့အနွ ဓားမနောက်ပိတ် ခွေးများအထိ' သိနေကြသော လှည်းနှင့်နွားကို ဥပမာပြပေးတော်မူလိုက်သည်။ လှည်းဆွဲနွား၏ ခြေရာ (ခွာရာ)နောက်သို့ လှည်းဘီးက မသွေမဖည် လိုက်နေကြသည်ကို 'ပညာရှိ၊ ပညာမဲ့မဟူ'၊ 'ကလေးလူကြီး မကျန်' နေ့စဉ်နေ့စဉ် တွေ့မြင်ရမြဲဖြစ်သည်။

မကောင်းမှု ပြုသူတို့၏နောက်သို့ မကောင်းကျိုးက လိုက်လာကြမည်မှာ ထိုဥပမာသည် အရှင်းဆုံး၊ အလွယ်ဆုံး၊ အသိသာဆုံး မဟုတ်ပါလား။

ဦးမင်္ဂလာသည် ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီး၏ အနက်မြန်မာပြန်ကို ဦးဖိုးလတ်၏ မြန်မာပြန်နှင့် ညှိနှိုင်းကြည့်ရှုလျှင် ပိုမိုဗဟုသုတ ရလိမ့်မည်ဟု စိတ်ချလိုက်မိသည်။

သို့နှင့် နောက်ဂါထာတစ်ပုဒ်ကို ဆက်၍ ကြည့်လိုက်သည်။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊
ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခ မန္ဒေတိ၊
ဆာယာဝ အနုပါယိနီ။ ဓမ္မပဒဂါထာ-၂။

ဓမ္မာ = နာမက္ခန္ဓာတရားသုံးပါးတို့သည်၊ မနော ပုဗ္ဗင်္ဂမာ=ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်း ရှိကြကုန်၏၊ မနောသေဋ္ဌာ = ဝိညာဏက္ခန္ဓာသာလျှင် အကြီးအမှူး ရှိကုန်၏၊ မနောမယာ = ဝိညာဏက္ခန္ဓာဖြင့် ပြီးကုန်၏၊ ပသန္နေန = ကြည်ညိုသော၊ မနသာ = စိတ်ဖြင့်၊ စေဘာသတိဝါ = အကယ်၍ ဆိုမူလည်း ဆိုငြားအံ့၊ စေကရောတိ ဝါ = အကယ်၍ ပြုမူလည်း ပြုငြားအံ့၊ တတော = ထို ကြည်ညိုသောစိတ်ဖြင့် ဆိုခြင်း, ပြုခြင်းကြောင့်၊ နံပုဂ္ဂလံ=ထိုပုဂ္ဂိုလ်သို့၊ သုခံ = ချမ်းသာသည်၊ အန္ဒေတိ = အစဉ်လိုက်၏။ ကာဝိယ = အဘယ်ကဲ့သို့နည်းဟူမူကား၊ ဆာယာ = အရိပ်သည်၊ အနုပါယိနီဣဝ = လူသွားလေရာ အစဉ်တစိုက် နောက်က တကောက်ကောက် လိုက်သကဲ့သို့တည်း။

စိတ်သည် နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူး ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန် ကြည်လင်သောစိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် သာဝတ္ထိပြည်၌ အလွန်စေးနဲ့သော အဒိန္နပုဗ္ဗကဟူသော ပုဏ္ဏားတစ်ယောက် ရှိသည်။

သူ့တွင် သားတစ်ယောက်ရှိရာ ရွှေနားတောင်းဆင်ပေးလိုသော်လည်း ရွှေပန်းထိမ်ဆရာများထံအပ်လျှင် လက်ခ စားနားပေးရမည်ကို နမြောတွန့်တို၍ သူကိုယ်တိုင် နားတောင်းကို ပြုလုပ်ပေးသည်။ ထိုနားတောင်းကို ဝတ်ဆင်ခြင်းကြောင့် မဋ္ဌကုဏ္ဍလီသတို့သားဟု အမည်တွင်သွားလေသည်။

တစ်နေ့သော် မဋ္ဌကုဏ္ဍလီသတို့သား၌ ပြင်းထန်သော ဝေဒနာဖြင့် အသည်းအသန်ဖျားနာလေသည်။ ဖခင်ပုဏ္ဏားကြီးက ဆေးဖိုးဝါးခ ပေးရမည်စိုးသဖြင့် ဆေးမကု၊

သေလှမြော့ပါးဖြစ်လာသောအခါ အိမ်အပြင်သို့ အိပ်ရာခုတင်နှင့်တကွ ထုတ်ထား လေသည်။

မြတ်စွာဘုရားသည် သားအဖ နှစ်ယောက်၏ မင်္ဂလာအကျိုးကို လိုလားတော် မူသဖြင့် သည်းထန်စွာ ခံစားနေရသော မဋ္ဌကုဏ္ဍလီ၏ အိပ်ရာနံဘေးသို့ ကြွသွားရပ် တန့်တော်မူသည်။ မဋ္ဌကုဏ္ဍလီသတို့သားသည် မြတ်စွာဘုရား၏ အသရေတော်ကို ကြည်ညိုလှသည်ဖြစ်ရကား လက်အုပ်ချီရန်မျှ မတတ်နိုင်သည့်အဆုံး၌ စိတ်ဖြင့်သာ အတိဂါရဝ ပြုလိုက်နိုင်ရှာလေသည်။

ထိုစိတ်၏ ကောင်းမှုကုသိုလ်ကြောင့် စုတေ–သေလွန်သည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌ အခြွေအရံများစွာနှင့် နတ်သားဖြစ်ရလေသည်။ ထိုအကြောင်းကို အမှီပြု၍ မြတ်စွာဘုရားက အထက်ပါ ဓမ္မပဒဂါထာကို ဟောကြားတော်မူခြင်း ဖြစ်သည်။

ဦးမင်္ဂလာသည် အထက်ပါဂါထာနှစ်ပုဒ်၌ ဥပမာပေးပုံချင်း မတူသည်ကို သတိ ပြုလိုက်မိသည်။

ပထမဂါထာ၌ 'မကောင်းသောစိတ်ဖြင့် မကောင်းမှုကို ပြုသောသူအား မကောင်း ကျိုးသည် လှည်းဆွဲသော နွားခြေရာနောက်ကို လှည်းဘီးက အစဉ်လိုက်သကဲ့သို့' ဥပမာ ပေးတော်မူသည်။

ဒုတိယ ဂါထာ၌ 'ကောင်းသောစိတ်ဖြင့် ကောင်းမှုကို ပြုသောသူအား ကောင်း ကျိုးသည် လူ၏နောက်ဝယ် အရိပ်ကပ်ပါသကဲ့သို့' ဟု ဥပမာ ပေးတော်မူသည်။

အဘယ်ကြောင့် ဥပမာနှစ်ရပ် ခွဲခြား၍ ပြပါသနည်း။ မကောင်းမှု အကုသိုလ် သည်လည်းကောင်း၊ ကောင်းမှုကုသိုလ်သည်လည်းကောင်း၊ လူ၏နောက်သို့ နွားခြေရာ ကို လှည်းဘီးကလိုက်သလို ကောင်းကျိုး မကောင်းကျိုးက လိုက်သည်ဟု ဥပမာတစ်ခု တည်းဖြင့်ဆိုသော် ဆိုနိုင်ပါသည်။

တစ်နည်းအားဖြင့် မကောင်းမှု အကုသိုလ်သည်လည်းကောင်း၊ ကောင်းမှုကုသိုလ် သည်လည်းကောင်း လူ၏နောက်သို့ အရိပ်ကပ်ပါသလို ကောင်းကျိုး မကောင်းကျိုး တို့က လိုက်သည်ဟု ဥပမာတစ်ခုတည်းဖြင့်ဆိုသော် ဆိုနိုင်ပါသည်။

ယခုသော် အကြောင်းတရားတစ်ခုတွင် ဥပမာ တစ်ခုစီဖြင့် ကွဲပြားအောင် ခွဲခြား ပြထားတော်မူသည်။

အကုသိုလ်၏ ဥပမာက လှည်းဆွဲသောနွား၏ခြေရာနောက်သို့လိုက်သောလှည်းဘီး။

ကုသိုလ်၏ ဥပမာက လူ၏နောက်သို့ လိုက်သောအရိပ်။

ဦးမင်္ဂလာသည် တရားတော်၏ အရသာကို နက်နက်နဲနဲ ကြံစည်တွေးတော၍ လှိုက်လှိုက်လှဲလှဲ ကြည်ညို ခံစားချင်ပါသည်။ ရတနာသုံးပါးကို သဒ္ဓါသောစိတ်ကောင်း စိတ်မွန်ဖြင့် ဒေသနာတော်တစ်ခုကို အကျယ်ချဲ့ကာ ဆင်ခြင်သော သဘောမှာ အဌကထာ ဖြစ်သည် မဟုတ်ပါလား။

ဦးမင်္ဂလာသည် ထိုဥပမာနှစ်ရပ်ကို ထိုင်ရင်းလည်းတွေးသည်။ ထရင်းလည်း

တွေးသည်။ သွားရင်းလည်းတွေးသည်။ စားရင်းလည်း တွေးသည်။ အိပ်ရင်းလည်း တွေးသည်။

တွေး၍ ပျော်သည်။ ပျော်၍ တွေးသည်။

သူ့အတွေးက 'ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ' ဟူသည့် ဈာန်အင်္ဂါလို ဖြစ်နေသည်။ ကျမ်းဂန်စာပေများ၌ ထိုသဘောတရားကို မွှေနှောက်ရှာဖွေရန်ကလည်း ဦးမင်္ဂလာကိုယ်တိုင် နှံ့စပ်သူကား မဟုတ်။

ကဲ…'လူရိုင်းတွေး' တွေးကြည့်ကြဦးစို့။

ပထမဥပမာက နွားခြေရာနောက်သို့ လိုက်သောလှည်းဘီးကား မြေလမ်းသွားသွား၊ ရွှံ့လမ်းသွားသွား၊ တောလမ်းသွားသွား မြို့လမ်းသွားသွား၊ ချောင်းကိုကူးကူး၊ မြောင်းကိုဖြတ်ဖြတ်၊ တောထဲသို့ဝင်ဝင်၊ တောပြင်ထွက်ထွက်၊ နေ့ဘက်ပဲသွားသွား၊ ညဘက်ပဲမောင်းမောင်း၊ လှည်းလမ်းကြောင်းဖြစ်အောင် နွားခြေရာကို အစဉ်လိုက်နေမည်သာတည်း။

ဦးမင်္ဂလာက သူ့အတွေးကို သူကျေနပ်သွားပြီ။

ကဲ…ဒုတိယ ဥပမာကို တွေးကြဦးစို့။

'လူ့နောက်ကို အရိပ်လိုက်သည်ဆိုတာကတော့' နွားနောက်ကိုလိုက်သော လှည်းဘီးလို မဟုတ်ပေ။

အရိပ်ဆိုတာ အလင်းရောင်ရှိလျှင် ပေါ်သည်။ သို့သော် မိမိ၏အရိပ်ထက် အားကြီးသော အရိပ်တွင်းသို့ ဖြတ်သွားမည်ဆိုလျှင် မိမိ၏အရိပ်မှာ မပေါ်ထင်နိုင်။ မပေါ်ထင်သော်လည်း အလင်းရောင်ရှိနေသမျှ ကာလပတ်လုံး အရိပ်ကတော့ ရှိမြဲသာ ဖြစ်သည်။

ဒါ့ကြောင့် သစ်ပင်အရိပ်အောက်ကို ဝင်လိုက်လျှင် ခေတ္တခဏအားဖြင့် အရိပ်က ပျောက်သွားနိုင်သည်။ သစ်ပင်အောက်က ထွက်သွားလျှင် အရိပ်က ပြန်၍ ပေါ်လာလိမ့်မည်။ နေ့ဘက်တွင် အလင်းရောင်ရှိစေကာမူ ထိုအလင်းရောင်ကို ပေးနေသော 'နေဝန်း'အား 'ဆီးနှင်း, မြူ, ကိမ်, သူရိန်, မီးခိုး' တို့ လွှမ်းမိုးနေသမျှ ကာလပတ်လုံးတော့ အရိပ်က မထင်မရှားဖြစ်ချင်လျှင် ဖြစ်နေဦးမည်။ အညစ်အကြေး ငါးပါးတို့ လွင့်ပါးကင်းကွာသည်နှင့်တစ်ပြိုင်နက် လူ့အရိပ်က တားမရ ဆီးမရ ပြန်ပေါ်လာမည်မှာ သေချာသည်။

အကာလ ညအခါမှာတော့ လပြည့်ဝန်း၏အလင်းရောင်ကိုသာ အားကိုးစရာဖြစ်တော့သည်။ အမှောင်နှင့်အရိပ်ကို ရှောင်နိုင်သမျှ ရှောင်နိုင်လျှင် မိမိ၏ အရိပ်ဟာ မိမိကိုယ်နှင့် မကွဲမကွာ ပါနေတော့မှာ မဟုတ်ပါလား။

'အဲ…ငါရိပ်မိပြီ၊ ရိပ်မိပြီ' မကောင်းသောစိတ်ဖြင့် ပြောသော၊ ပြုသောအကုသိုလ်ကံအကျိုးသည် နေ့နေ့ညည အခါကာလမရွေး လိုက်နေမှာ သေချာပါပြီ။ ကောင်းသောစိတ်ဖြင့် ပြောသော၊ ပြုသော ကုသိုလ်ကံအကျိုးသည် အားကြီးသော အကုသိုလ်အမှောင်နှင့် အရိပ်နည်းနိုင်သမျှနည်းပါးလျှင် ကုသိုလ်အရိပ်က ထင်ထင်ရှားရှား ပေါ်နေမည်

သာ ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် 'အကုသိုလ်ဟူသမျှ မရှိကြစေနှင့်၊ ကုသိုလ်ဟူသမျှ အများအပြား ပြုကြ' ဟု ဆိုလိုရာ ရောက်နိုင်သည်။

ထိုသို့ဆိုလျှင် ထိုဂါထာနှစ်ပုဒ်သည် –

သဗ္ဗ ပါပဿ အကရဏံ၊
ကုသလဿုပ သမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

ဟူသော ဗုဒ္ဓကိုယ်တော်မြတ်၏ ဩဝါဒမုက္ခပါဠိ စကားတော်နှင့် ညီနေပြီကော။

မြန်မာလိုပြန်ကြည့်လေ –

သဗ္ဗပါပဿ = မကောင်းမှုဟူသမျှကို၊ အကရဏံ = မပြုခြင်း၊ ကုသလဿ = ကောင်းမှုဟူသမျှကို၊ ဥပသမ္ပဒါ = ပြည့်စုံစေခြင်း၊ သစိတ္တ = မိမိစိတ်ကို၊ပရိယောဒပနံ = စင်ကြယ်စေခြင်း၊ ဧတံ = ဤသုံးပါးသည်၊ ဗုဒ္ဓါနံ = ဘုရားမြတ်စွာတို့၏၊ သာသနံ = အဆုံးအမပေတည်း။

မကောင်းမှုဟူသမျှရှောင်၊ ကောင်းမှုဟူသမျှဆောင်၊ စင်ကြယ်အောင် စိတ်ကိုထား၊ အဲဒါ ဗုဒ္ဓမြတ်စွာတို့၏ ဆုံးမစကား။

ဦးမင်္ဂလာသည် ဤအတွေး၊ ဤအယူအဆနှင့် ဝမ်းထဲစိမ့်စိမ့် ပီတိဖိမ့်မျှ သိမ့်သိမ့်ကြည်နူးသွားပါလေသတည်း။

* * *

(၃)

# စိတ်ကို စိတ်နဲ့တိုက်

ဦးမင်္ဂလာသည် ဓမ္မပဒ-စိတ္တဝဂ်တွင် ဂါထာနှစ်ပုဒ်ဆက်၍ ဟောရသော အကြောင်းကို ဤသို့ တွေ့ရလေသည်။

အခါတစ်ပါး မြတ်စွာဘုရားသည် ဇာလိယတောင်၌ အလုပ်အကျွေး ရဟန်းဖြစ်သော အရှင်မေဃိယနှင့် နှစ်ပါးတည်း သီတင်းသုံးနေတော်မူသည်။

အရှင်မေဃိယသည် တစ်နေ့သောအခါ ဇန္တုဂါမရွာသို့ ဆွမ်းခံဝင်ရင်း သာယာသော သရက်ဥယျာဉ်ကြီးတစ်ခုကို တွေ့ခဲ့ရသည်။ ထိုသရက်ဥယျာဉ်၌ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်း၍ သီတင်းသုံးရလျှင် ဧကန္တ မဂ်ဖိုလ်တရားထူးကို ရလိမ့်မည်ဟု သူထင်နေသည်။ ထို့ကြောင့် မြတ်စွာဘုရားအား ချဉ်းကပ်၍ လျှောက်ထားတောင်းပန်သည်။

"မြတ်စွာဘုရားသည် တပည့်တော်အား ခွင့်ပြုတော်မူပါလျှင် ထိုသရက်ဥယျာဉ်၌ သွားရောက်၍ တရားကျင့်ဆောင်နေလိုပါသည်ဘုရား"

မြတ်စွာဘုရားက "ချစ်သား မေဃိယ၊ ငါဘုရား၌ သင်ကလွဲ၍ ချဉ်းကပ်လုပ်ကျွေးမည့် ရဟန်းမရှိပါ၊ တစ်ပါးပါးသော ရဟန်းရောက်လာသောအခါတွင်မှ ထိုသရက်ဥယျာဉ်သို့ သွားရောက်တရားကျင့်ပါလေ" ဟု မိန့်တော်မူပါလေသည်။

အရှင်မေဃိယသည် ဇန္တုဂါမရွာသို့ ဆွမ်းခံကြွရင်း သရက်ဥယျာဉ်ကို မြင်ရလေတိုင်း တစ်ပါးတည်းလာ၍ တရားထိုင်ချင်စိတ်သာ ပြင်းပြနေလေသည်။ ထို့ကြောင့် မြတ်စွာဘုရားထံ သွားခွင့်ပြုတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ပြန်လေသည်။ ထိုအခါတွင်တော့ မြတ်စွာဘုရားသည် မေဃိယရဟန်းအား မတားမြစ်တော့ပေ။

"ချစ်သား မေဃိယ၊ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လိုသော သင့်အား ငါဘုရား မဟန့်တားပါ၊ သင်၏ဆန္ဒအတိုင်း သွားလေတော့" ဟု ခွင့်ပြုတော်မူလိုက်သည်။

မေဃိယမထေရ် ကြွသွားသောအခါ မြတ်စွာဘုရားသခင်သည် ဇာလိယတောင်၌ တစ်ပါးတည်း သီတင်းသုံးနေတော်မူခဲ့သည်။

ပထမဗောဓိဟု ဆိုအပ်သော ဝါတော်နှစ်ဆယ်အထိ မြတ်စွာဘုရားကိုယ်တော်၌ ထံတော်ပါးနေ လုပ်ကျွေးပြုစုမည့် ရဟန်းဟူ၍ အတည်တကျ ပုဂ္ဂိုလ်မရှိ။ အဆင်သင့်ရာ ရဟန်းများက အခါအားလျော်စွာ တာဝန်ယူကြသည်။ တာဝန်ယူသူများကလည်း မကြာမကြာ မြတ်စွာဘုရားအား စွန့်ခွာ၍ မိမိတို့သဘောရှိရာသို့ ထွက်ကြွသွားတတ်

ကြသည်။ ထိုအခါက ညီတော် အာနန္ဒာမထေရ်သည် ထိုအလုပ်အကျွေး ရာထူးကို လက်ခံတော်မူရခြင်း မရှိသေးပေ။

အရှင်မေဃိယသည် သရက်ဥယျာဉ်သို့ရောက်၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်နေလေသည်။ သို့သော် သူထင်သလို ကမ္မဋ္ဌာန်းတရား၏ အသိအတွေ့တို့ကို မခံစားနိုင်ခဲ့။ ကမ္မဋ္ဌာန်း၏ အနှောင့်အယှက်ဖြစ်သော ဝိတက်တရားသုံးပါးသာလျှင် တစ်မျိုးစီ တစ်လှည့်စီ အာရုံထင်မြင်နေရလေသည်။

ဝိတက်သုံးပါးဟူသည်ကား ၁။ ကာမဝိတက် = ကာမဂုဏ်တရားနှင့် စပ်ဆိုင်သမျှ ကြံစည်နေမိခြင်း၊ ၂။ ဗျာပါဒဝိတက် = သတ္တဝါတို့အား (ရန်သူတို့အား) သေစေလိုသောဆန္ဒ ပေါ်ပေါက်နေခြင်း၊ ၃။ ဝိဟိံသဝိတက် = သတ္တဝါတို့အား (ရန်သူတို့အား) ညှဉ်းပန်းနှိပ်စက်လိုသော မနောကံများ ဖြစ်ပေါ်နေခြင်း။

ဤတရားသုံးပါးကို ဝိတက်သုံးပါးဟု ခေါ်သည်။

အရှင်မေဃိယသည် ကမ္မဋ္ဌာန်းတရားကို ကြိုးစား၍ နေ့စဉ်နေ့တိုင်း အားထုတ်သည်။ အားထုတ်လေတိုင်း ထိုဝိတက်သုံးပါးကပေါ်၍ပေါ်၍လာသည်။ ထိုအာရုံပေါ်လာသည့်စိတ်တို့ကို တွန်းလှန်ဖြိုဖျက်ခြင်းငှာ မတတ်နိုင်ခဲ့။

ထို့ကြောင့် ရက်အတန်ငယ်ကြာသောအခါ မြတ်စွာဘုရားရှိရာသို့ ပြန်ကြွလာခဲ့ရသည်။

ထိုအခါ မြတ်စွာဘုရားက –

"ချစ်သား မေဃိယ၊ အဘယ့်ကြောင့် ပြန်လာခဲ့သနည်း၊ ကမ္မဋ္ဌာန်းတရားထူးများ ရခဲ့သလော" ဟု မေးတော်မူ၏။

"တပည့်တော်၌ တရားထူးများ မရခဲ့ပါ၊ ဝိတက်သုံးပါးတို့၏ အာရုံများကသာ နှိပ်စက်လွှမ်းမိုးခြင်း ရှိနေကြပါသည်" ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက –

"ချစ်သား မေဃိယ၊ ငါ့၌ အလုပ်အကျွေး ရဟန်းဟူ၍ သင်တစ်ပါးတည်းသာ ရှိခဲ့သည်။ ထို့ကြောင့် ငါ့အား လုပ်ကျွေးမည့်ရဟန်းတစ်ပါးပါး ရောက်လာသည်အထိ ငံ့ပါလေဦးဟု သင့်အား တားခဲ့သည်။ ဆန္ဒပြင်းထန်လွန်းသော သင်သည် ငါ့အား ထပ်မံ တောင်းပန်၍ သရက်ဥယျာဉ်သို့ ရောက်အောင်သွားခဲ့သည်။ ငါဘုရားသည် တစ်ပါးတည်းသာ ကျန်ရစ်ခဲ့ရကား သင်သည် ဝန်လေးသောအမှုကို ပြုခဲ့၏။ စိတ်ဟူသည် ဝိပရိဏာမအားဖြင့် ပြောင်းလဲရာ၌ မြန်ဆန်လွန်းလှ၏။ သင်၏စိတ်၌ ဝိတက်တရားသုံးပါး ပေါ်ပေါက်ခဲ့သည်မှာလည်း ဖောက်ပြန်လွန်းသောစိတ်ကို သင်မနိုင်၍သာ ဖြစ်ချေ၏" ဟု အောက်ပါဂါထာနှစ်ပုဒ်ကို ဆက်တိုက်တွဲစပ်၍ ဟောတော်မူသည်။

ဖန္ဒနံ စပလံစိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

(ဓမ္မပဒဂါထာ ၃၃)

ဝါရိဇောဝ ထလေခိတ္တော၊ ဩကမောကတ ဥဗ္ဘတော။
ပရိပ္ဖန္ဒတိဒံစိတ္တံ၊ မာရဓေယျံ ပဟာတဝေ။

(ဓမ္မပဒဂါထာ ၃၄)

ဖန္ဒနံ = ငါးပါးအာရုံ ကာမဂုဏ်တို့၌ တုန်လှုပ်ခြင်းရှိထသော၊ စပလံ= တစ်ခုသောအာရုံ၌ မတည်သည်ဖြစ်၍ လျှပ်ပေါ်ခြင်း ရှိထသော၊ ဒုရက္ခံ = စောင့်နိုင်ခဲထသော၊ ဒုန္နိဝါရယံ = ဝိသဘာဂအာရုံသို့သွားသည်ကို တားမြစ်နိုင်ခဲထသော၊ စိတ္တံ = စိတ်ကို၊ မေဓာဝီ = ပညာရှိသည်၊ ဥဇုံ = ဖြောင့်စွာ၊ ကရောတိ = ပြု၏၊ ယထာ = ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား၊ ဥသုကာရော = လေးသမားသည်၊ တေဇနံ = မြားကို၊ ဥဇုံ = ဖြောင့်စွာ၊ ကရောတိဣဝ = ပြုသကဲ့သို့တည်း။

ဩကမောကတော = ရေဟူသောတည်ရာမှ၊ ဥဗ္ဘတော = ထုတ်အပ်သည်ဖြစ်၍၊ ထလေ = ကြည်းကုန်းအရပ်၌၊ ခိတ္တော = ပစ်အပ်သော၊ ဝါရိဇော = ရေ၌ကျက်စား ငါးသတ္တဝါသည်၊ ပရိပ္ဖန္ဒတိဣဝ = လွန့်လျက်ခုန်ကာ တုန်လှုပ်ရှာသကဲ့သို့၊ တထာ = ထို့အတူ၊ ဣဒံ စိတ္တံ = ဤကာမဂုဏ်ငါးပါးတည်းဟူသောနေရာ၌ အလွန်မွေ့လျော်သောစိတ်သည် (ဝါ) စိတ်ကို၊ တတော = ထိုကာမဂုဏ်မှ၊ ဥဒ္ဓရိတွာ = ထုတ်နုတ်၍၊ မာရဓေယျံ = ကိလေသာမာရ်၏ အရာတည်းဟူသော ဝဋ်ကို၊ ပဟာတဝေ = ပယ်ဖျက်ခြင်းငှာ၊ ကမ္မဋ္ဌာနေ = ကမ္မဋ္ဌာန်း၌၊ ခိတ္တံ = ချထားအပ်သည်ရှိသော်၊ ပရိပ္ဖန္ဒတိ = တလွန့်လွန့်တုန်လှုပ်၏။

ဦးမင်္ဂလာသည် ထိုဂါထာနှစ်ပုဒ်၏ အနက်အဓိပ္ပာယ်ကို ကြည့်ရှုပြီးနောက် မြန်မာလို သက်သက် ပြန်ဆိုထားသော ဆရာကြီးဦးဖိုးလတ်၏ မြန်မာပြန်ကို ဤသို့တွေ့ရပြန်သည်။

မြားသမားသည် မြားကို ဖြောင့်အောင်ပြုသကဲ့သို့ တုန်လှုပ်ထသော၊ ပြောင်းလဲထသော၊ ထိန်းသိမ်းရန် ခဲယဉ်းထသော၊ တားမြစ်ချုပ်တည်းရန် ခက်ခဲထသောစိတ်ကို ပညာရှိသည် တည့်မတ်ဖြောင့်စင်းအောင်ပြု၏။

ရေ၌ ပေါက်ဖွား ငါး စသည်ကို မိမိ၏တည်ရာ ရေမှထုတ်၍ ကုန်း၌တင်ထားသော် တဖျပ်ဖျပ်တုန်လှုပ်၍နေသကဲ့သို့ စိတ်အား မာရ်နတ်၏ ကိလေသာနယ်ကို စွန့်ပယ်ရန် ရေတည်းဟူသော ကာမဂုဏ်အာရုံတို့မှထုတ်၍ ကုန်းတည်းဟူသော ဘာဝနာ၌တင်ထားသော် တဖျပ်ဖျပ်ဖြင့် တုန်လှုပ်၍ နေလေ၏။

ဦးမင်္ဂလာသည် ပါဠိအနက် အဓိပ္ပာယ်နှင့် မြန်မာသက်သက် အဓိပ္ပာယ်ကို ညှိနှိုင်းကြည့်လိုက်ရသည်။ အဲသည်နောက်မှာပင် သူ့ကိုယ်တွေ့ သူ့စကားနှင့် စဉ်းစား၍ နားလည်လိုက်ရသည်။

စိတ်ဆိုတဲ့စိတ်ဟာ ကာမဂုဏ်တရား အာရုံငါးပါးတို့နှင့်တွေ့လျှင် တုန်လှုပ်တတ်သည်။ အဆင်းမှာဖြစ်ဖြစ်၊ အသံမှာဖြစ်ဖြစ်၊ အနံ့မှာဖြစ်ဖြစ်၊ အရသာမှာဖြစ်ဖြစ်၊ အထိအတွေ့မှာဖြစ်ဖြစ်၊ ဒါတွေကိုတွေ့လျှင် တုန်လှုပ်မိတာပဲ၊ သံလိုက်ကဆွဲလျှင် သံတိုသံစကလေးက ပြေးကပ်လိုက်တာပဲ။ ဆားနဲ့ချဉ်းသီးနဲ့တွေ့လျှင် အရည်ပျော်သွားသလိုဖောက်ပြန်သွားတာပဲ၊ မြွေဟောက်ကို လက်ဝါးပြလျှင် ထောင်းခနဲ ပါးပျဉ်းထသလိုတုန်လှုပ်လာတာပဲ။

စိတ်ဆိုတဲ့စိတ်ဟာ တစ်ခုတည်းသောအကြောင်းကိုပဲ အာရုံကပ်ထားလို့ မရတတ်ဘူး။ သည်အကြောင်းတွေးရာက ဟိုအကြောင်းရောက်၊ ဟိုအကြောင်းတွေးရာက သည့်ပြင်အကြောင်းရောက်၊ သည့်ပြင်အကြောင်းတွေးရာက အခြားအကြောင်းကို ကူးသွားပြန်ရော။ ဒါ့ကြောင့် လူ့စိတ်ကို မျောက်နဲ့ နှိုင်းပေတာပေါ့၊ ဘုရားရှိခိုးတစ်ပုဒ်ဆုံးသွားအောင်တောင် တစ်ခုတည်းသောအာရုံမှာ ထားလို့ မရချင်ဘူး။ စိတ်ဆိုတဲ့စိတ်ဟာအဲသည်လို သွားချင်တိုင်းသွားနေတာကို လိုက်နေရင်တော့ မီးခိုးမဆုံး မိုးမဆုံးဖြစ်မှာပဲ။

စိတ်ဆိုတဲ့စိတ်ဟာ မတည့်တာမှ စားချင်တဲ့ လူမမာရဲ့စိတ်လို မသင့်တော်မှန်းသိလျက်နှင့်လည်း ကြံစည်နေတတ်တယ်။ မသင့်တော်မှန်းမသိဘဲနဲ့လည်း ကြံစည်နေတတ်တယ်၊ တားလို့မရဘူး။ ယောကျ်ားတို့၏ ဝိသဘာဂဟာ မိန်းမပေါ့။ မိန်းမတို့ရဲ့ ဝိသဘာဂဟာ ယောကျ်ားပေါ့။ အဲလို ကောက်ကျစ်ကွေးလိမ်နေတဲ့စိတ်ကို ပညာရှိသူတော်ကောင်းများဟာ လေးသမားက မြားကို တည့်မတ်ဖြောင့်စင်းအောင် မရမနေ လုပ်ယူသလိုလုပ်ယူကြတယ်တဲ့။ လုပ်လည်းလုပ်နိုင်ကြတယ်တဲ့။

ကမ္မဋ္ဌာန်းထိုင်ဖူးသော ဦးမင်္ဂလာသည် ဘုရားဟောတော်မူသောစိတ်၏ ဖောက်ပြန်တတ်ပုံတို့ကို ကိုယ်တွေ့ဖြစ်၍ နားလည်သဘောပေါက်ရပါသည်။ ကမ္မဋ္ဌာန်းထိုင်ဖူးသူများ မဟုတ်လျှင် (ဝါ) စိတ်ကို စောင့်၍ ကြည့်ဖူးသူများ မဟုတ်လျှင်တော့ နားမလည်နိုင်ကြပါ။ ထိုသို့ သိရှိနားလည်သည့်တိုင်အောင် လူတိုင်းသည် စိတ်ကို ကွပ်ကဲစောင့်ထိန်းဖြောင့်တန်းအောင် မလုပ်နိုင်ကြ၊ မေဓာဝီဟူသော ပညာရှိ သူတော်ကောင်းများသာ စိတ်ကို နိုင်နင်းစေစားနိုင်ကြလိမ့်မည်။ ပုထုဇဉ်တို့ကတော့ အမှတ်တမဲ့နေ၊ အမှတ်တမဲ့စား၊ အမှတ်တမဲ့သွားလို့ အမှတ်တမဲ့ သေကြတာပဲ။

ဘာဖြစ်လို့ မလုပ်နိုင်ကြသလဲဆိုတာ နောက်ဂါထာမှာ ဆက်ပြထားတယ်လေ၊ ငါးဆိုတာ ရေထဲမှာပဲ ပျော်တာပေါ့၊ စိတ်ဆိုတာလည်း ကာမဂုဏ်အာရုံထဲမှာပဲ ပျော်ချင်တာပေါ့။ (ပါပသ္မိံ ရမတိမနော)လေ. . .။ ရေထဲမှာ နေတတ်တဲ့ငါးကို ကုန်းပေါ်တင်လိုက်လျှင် အသက်ရှူကျပ်ပြီး တဆတ်ဆတ် လွန့်လူးနေတာပေါ့။ စိတ်ဆိုတာလည်းသူနေချင်တဲ့ ကာမဂုဏ်အာရုံတွေထဲက ထုတ်ပြီး ကမ္မဋ္ဌာန်းဘာဝနာအလုပ်မှာ တင်လိုက်လျှင် နေသားထိုင်သား မကျသလို မခံမရပ်နိုင်ဘဲ တဆတ်ဆတ်ခုန်၊ တလွန့်လွန့်လူးနောက်ဆုံးတော့ ကုန်းပေါ်မှာ ငါးသေသွားသလို စိတ်ကလည်း ကမ္မဋ္ဌာန်း ဘာဝနာကိုအရှုံးပေးလိုက်တတ်ကြတယ်။

မြတ်စွာဘုရားက ကိလေသာဆယ်ပါးကို မာရ်နတ်၏ နယ်ပယ်လို့ ဟောတော်မူပါတယ်။ ကိလေသာဆယ်ပါးဆိုတာ –

(၁) လောဘ = တပ်မက်ခြင်း၊
(၂) ဒေါသ = အမျက်ထွက်ခြင်း၊
(၃) မောဟ = တွေဝေမိုက်မဲခြင်း၊
(၄) မာန = ထောင်လွှားခြင်း၊
(၅) ဒိဋ္ဌိ = မှားမှားယွင်းယွင်း သိမြင်ခြင်း၊
(၆) ဝိစိကိစ္ဆာ = ဘုရားတရား စသည်များ၌ ယုံမှားခြင်း၊
(၇) ထိန = စိတ်၏ မခံ့ခြင်း၊
(၈) ဥဒ္ဓစ္စ = စိတ်၏ကောင်းမှုမှ ပျံ့လွင့်တုန်လှုပ်ခြင်း၊
(၉) အဟိရိက = မကောင်းမှုမှ မရှက်ခြင်း၊
(၁၀) အနောတ္တပ္ပ = မကောင်းမှုမှ မထိတ်လန့်ခြင်း။

အဲသည်တရားဆယ်ပါးဟာ လူတိုင်းလူတိုင်းရဲ့စိတ်ကို ညစ်နွမ်းစေတဲ့တရားဖြစ်တယ်။ ကိလေသာဆိုတဲ့ပါဠိက ညစ်နွမ်းခြင်းလို့ အဓိပ္ပာယ်ပြတယ်လေ။ သတ္တဝါတွေရဲ့စိတ်ကို ညစ်နွမ်းအောင် လုပ်တတ်တယ်ပေါ့။

အဲ့သည့်နယ်မှ လွတ်အောင် ကြိုးစားတဲ့ ကမ္မဋ္ဌာန်းထိုင်သူများကိုတော့ မာရ်နတ်က သူ့စစ်သည်တော်ဆယ်မျိုးနှင့် ကမ္မဋ္ဌာန်းထိုင်သူရဲ့ စိတ်ကို တိုက်စစ်ဆင်ပြန်သတဲ့လေ။ ဒါလည်း အနည်းအကျဉ်းတော့ ဦးမင်္ဂလာကိုယ်တိုင် အတိုက်ခံခဲ့ရတာမို့ အတွေ့အကြုံကလေးတော့ ရှိခဲ့ဖူးပါရဲ့၊ မြတ်စွာဘုရား သတိပေးဟောပြတော်မူခဲ့တဲ့ မာရ်နတ်၏ စစ်သည်တော်ဆယ်မျိုးကတော့ –

(၁) ကာမရာဂ = ကာမဂုဏ်၌ တပ်မက်မှု

သမာဓိကလေး နည်းနည်းမှ ရမယ်မကြံသေးဘူး၊ အတိတ်ကခံစားခဲ့ဖူးတဲ့ကာမဂုဏ်ဖြစ်စေ၊ မိမိတောင့်တခဲ့ဖူးတဲ့ ကာမဂုဏ်ဖြစ်စေ ပေါ်လာတတ်တယ်။ အဲဒီလို ပေါ်လာတာတွေကိုလည်း တပ်မက်စွာ လက်ခံနေတတ်တယ်။

(၂) အရတိ = မမွေ့မလျော်ခြင်း

တရားထိုင်နေရတာကိုပဲ ပျင်းရိလာတတ်တယ်၊ ထိုင်ရတာ ခွင်မကျသလိုလို၊ မှတ်ရတာ ကျဲတောက်တောက်လိုလို၊ အချိန်ကလည်း ကုန်ခဲလိုက်တာလို့ ထင်နေသလိုလို အမျိုးမျိုး ဇီဇာကြောင်နေတတ်တယ်။

(၃) ခုပ္ပိပါသ = ဆာလောင်မွတ်သိပ်မှု

တရားထိုင်ရင်း ထမင်းဆာလာတယ်၊ ရေငတ်လာတယ်၊ အရင်က စားဖူးတဲ့ ခံတွင်းတွေ့ခဲ့ဖူးတဲ့ အစားအသောက် အဖျော်ယမကာတို့ကို သတိရပြီး ဝမ်းထဲမှာ တကြုတ်ကြုတ် လေထနေတတ်တယ်။

(၄) တဏှာ = တပ်မက်ခြင်း

ဆာလောင်တာတွေ၊ မွတ်သိပ်တာတွေကို အမျိုးမျိုးချဲ့ထွင်ပြီး သွားရည်ကျအောင် စိတ်ဖောက်ပြန်လာတတ်တယ်၊ မနေနိုင်တဲ့အဆုံး တရားထိုင်ရာက ဆင်ခြေအမျိုးမျိုးနဲ့ ထပြီး ရှာတတ် စားတတ်တယ်။

(၅) ထိနမိဒ္ဓ = စိတ်၏မခံ့ခြင်း၊ စိတ်၏ ပျံ့လွင့်ခြင်း

စိတ်၏ မခံ့ခြင်းဆိုတာ စိတ်မခိုင်တာ ပျံ့လွင့်ခြင်းဆိုတာက တောင်စဉ်ရေမရ စိတ်ရောက်နေတာ၊ အဲသည်တော့ အိပ်ချင်လာတယ်၊ ငိုက်မျဉ်းလာတယ်၊ လစ်ခနဲ လစ်ခနဲ မေ့ခနဲ မေ့ခနဲ အိပ်ပျော်သွားတယ်။

(၆) ဘီရု = ကြောက်လန့်ခြင်း

တောထဲမှာဆိုလျှင် သစ်ငုတ်ကို တစ္ဆေဘီလူးထင်တယ်၊ အိမ်ထဲကျောင်းထဲမှာ ဆိုလျှင် ဖျာလိပ်တို့ ကုလားထိုင်တို့ကို တစ္ဆေ သရဲထင်တယ်။ ဘာမှ မမြင်ရပေမယ့် မိမိနောက်က တစ်ယောက်ယောက် လာရပ်သလိုလို၊ ချိုးချိုးချွတ်ချွတ် ခြေလှမ်းသံကြားရ သလိုလို၊ ကြောက်စရာပေါင်းစုံတွေးပြီး ကြက်သီးတဖြန်းဖြန်း ခေါင်းကြီးနေတတ်တယ်။

(၇) ဝိစိကိစ္ဆာ = ယုံမှားသံသယဖြစ်မှု

ငါ အခုလုပ်နေတဲ့ ကမ္မဋ္ဌာန်းနည်းဟာ ငါနဲ့မလျော်လို့ ဘာတစ်ခုမှ ထူးထူးခြားခြား မဖြစ်သေးတာလား၊ ငါ့အတွက် သည့်ထက်ကောင်းတဲ့နည်းများ ရှိနေဦးမလား။ အခု ကမ္မဋ္ဌာန်းကိုချ၍ နောက် ကမ္မဋ္ဌာန်းသစ်ကို ရှာရလျှင် ကောင်းလေမလားဟု ချီတုံချတုံ ဖြစ်နေတတ်တယ်။

(၈) မက္ခထမ္ဘ = ခက်ထန်လာမှု

သံသယ အမျိုးမျိုးတွေနဲ့ စိတ်ဆင်းရဲလာတော့ ကိုယ့်ကိုယ်ကို ဒေါသဖြစ်လာ တယ်။ ငါ့နှယ် ညံ့လိုက်တာ၊ အခုလောက်ကြာတာတောင် ဘာတစ်ခုမှ မဘာဘူး၊ အချိန်တွေ အလကားကုန်တယ်၊ အညောင်းသာ အဖတ်တင်တယ်၊ သူတော်ကောင်း တရားနဲ့ မတန်တဲ့အကောင် မိုက်တွင်းနက်နေတာပဲကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ကြမ်းတမ်းစွာ အပြစ်တင်နေတတ်တယ်၊ ရှုတ်ချနေတတ်တယ်၊ ဒေါသထွက်နေတတ်တယ်။

(၉) လာဘ၊ သိလောက၊ သက္ကာရ မိစ္ဆာလဒ္ဓ = ပူဇော်ကျော်စောမှု

အဲ...ပြောခဲ့တဲ့ အဆင့် ၈ စစ်ပွဲအထိ နိုင်လာခဲ့တဲ့ ယောဂီကျတော့ နူးနူးညံ့ညံ့ လက်နက်နဲ့ တိုက်ပါလိမ့်မယ်၊ လာဘ်လာဘ ရွှေငွေပစ္စည်းကအစ လိုချင်တာတွေ မိမိက အလှူမခံဘဲနဲ့ သဒ္ဓါကြည်ညိုတဲ့ ဒါနရှင်တွေ ဝိုင်းဝိုင်းလည်လာမယ်၊ ပိုလျှံလွန်း လာတော့ ဘုရားတည်ရကောင်းနိုးနိုး၊ သတ္တဝါတွေကို သာသနာပြုပေးရကောင်းနိုးနိုး ဖြစ်လာတယ်၊ ထင်ပေါ်ကျော်စောလာမယ်။ အရပ်စကား ပါးစပ်သတင်းတွေက ဈာန်ရ သလိုလို၊ ကိုယ်ပျောက်သလိုလို၊ နှစ်ကိုယ်ခွဲနိုင်သလိုလို၊ တ,လိုက်လျှင် ကြွလာသလိုလို အဲသည် (သလိုလို) ကောလာဟလများက ပင့်မြှောက်ပေးမယ်၊ သက္ကာရအပူဇော်ခံ အရိုအသေပြုတာက အမျိုးအမည် မထင်ရှားတဲ့ နတ်တို့လို၊ ဝိဇ္ဇာတို့လို၊ အထက်ဂိုဏ်း

ဆရာကြီးများလိုလို ပုဂ္ဂိုလ်ကြီးတွေပါ သာသနာမှ သံတူကြောင်းကွဲ လမ်းစဉ်တွေနဲ့ သိမ်းသွင်းဆွဲဆောင်တတ်တယ်၊ အဲသည်လမ်းကို နားယောင်လိုက်တာနဲ့ မိစ္ဆာလဒ္ဓ ဘုရားမြတ်စွာ ချီးမွမ်းတော်မမူတဲ့ ကဲ့ရဲ့တော်မူတဲ့ လာဘ်လာဘရှာနည်းဖြင့် ရှာမိတတ်တယ်။

(၁၀) အတ္တုက္ကံသန ပရဝမ္ဘန = မိမိကိုယ်မိမိ ရဟန္တာလောက် အထင်ကြီးလာမှု

သူတစ်ပါးကို ကိုယ်ရည်တန်းတူ အပြိုင်ဆိုလျှင် မိစ္ဆာဒိဋ္ဌိလောက် အထင်သေးမယ်။ ချိုးချိုးဖဲ့ဖဲ့ နှိမ်ပြောမယ်။ အဲသည့်အကြောင်း ၁၀ ပါးဟာ မာရ်နတ်ရဲ့ စစ်သည်တော်များ၊ သို့မဟုတ် စိတ်ဓာတ် စစ်ဆင်ရေး ပရိယာယ်များလို့ ကျမ်းဂန်မှာ ဆိုတယ်။

ဦးမင်္ဂလာ ကမ္မဋ္ဌာန်းထိုင်ရာမှာ အမှတ် ၁ မှအစ အမှတ် ၈ အထိ တစ်မျိုးစီ တစ်မျိုးစီလည်း ဖြစ်ဖူးတယ်။ နှစ်မျိုးသုံးမျိုး ရောထွေး၍လည်း ဖြစ်ဖူးတယ်။ အချိန်စေ့၍သာ ထခဲ့ရသည်။ ထိုစိတ်များနှင့် ဗလုံးဗထွေး နပန်းလုံးပြီး ထခဲ့ရသည်သာ များလှသည်။

စစ်မြေပြင်၌ တိုက်စစ်ဆင်ရာတွင် မအောင်မြင်သောကြောင့် တပ်ဆုတ်ခဲ့ရသော စစ်သူကြီးနှင့် မိမိကိုယ်ကိုမိမိ နှိုင်းကြည့်မိသည်။ တစ်ခါတစ်ခါ အောင်မြင်စွာ ဆုတ်ခွာခဲ့နိုင်၍ တစ်ခါတစ်ခါတော့လည်း ကစဥ့်ကလျား ဖရိုဖရဲ နှင့် အပြေးအလွှား ဆုတ်ခဲ့ရသည်လည်း ရှိသည်။

အရှင်မေဃိယသည် တစ်နည်းနည်းနှင့် လက်လျှော့ဆုတ်ခွာခဲ့ရဟန် တူပါသည်။ စိတ်ကိုမနိုင်သော အရှင်မေဃိယအား စိတ်နှင့်ဆိုင်သော အထက်ပါဂါထာနှစ်ပုဒ်ကို ဗုဒ္ဓမြတ်စွာက ဆက်စပ်ဟောပြတော်မူသည်။ ထိုအခါတွင် အရှင်မေဃိယသည် မြားကောက်ကို ဖြောင့်မတ်အောင် ကျွမ်းကျင်နိုင်နင်းစွာ ပြုပြင်ပြီး၍ တစ်ချက်တည်းနှင့် ပစ်ကွင်းကို မြားချက်စွဲအောင် ပစ်ခတ်နိုင်သော လေးသမားကဲ့သို့ စိတ်ကို စိတ်နှင့်တိုက်ကာ အောင်မြင်စွာ ဗိုလ်စွဲသွားလေသည်။

ဓမ္မပဒ ဒေသနာတော်တွင် 'ဂါထာ၏အဆုံး၌ မေဃိယမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုမှတစ်ပါး များစွာသော ပရိသတ်တို့သည်လည်း သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏' ဟု ဆိုလေရာ ထိုဂါထာဒေသနာတော်ကို အဆင့်ဆင့် နာကြားကြရသောကြောင့် ပရိသတ်အဆင့်ဆင့် သောတာပန်စသည်တို့ ဖြစ်သွားကြသည်ဟု တထစ်ချ မှတ်ယူရမည်ဖြစ်ကြောင်း ဦးမင်္ဂလာ နားလည်နိုင်ပါပြီ ။ ။

(၄)

# ကိုယ့်စိတ်ကို သူများသိမှာ ရှက်စရာ

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမ နိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဒုန္နိဂ္ဂဟဿ = အလွန်နှိမ်နင်းနိုင်ခဲထသော၊ လဟုနော = လျင်မြန်စွာဖြစ်ခြင်းချုပ်ခြင်းရှိထသော၊ ယတ္ထကာမနိပါတိနော = အလိုရှိရာအာရုံ၌ ကျတတ်သော၊ စိတ္တဿ = စိတ်ကို၊ ဒမထော = ယဉ်ကျေးအောင် ဆုံးမခြင်းသည်၊ သာဓု = ကောင်း၏၊ ဒန္တံ = ဆုံးမပြီးသည်ဖြစ်၍ ယဉ်ကျေးသော၊ စိတ္တံ = စိတ်သည်၊ သုခါ ဝဟံ = မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ဆောင်တတ်၏။

ဓမ္မပဒ–ဂါထာ – ၃၅။

နှိမ်နင်းရန် ခဲယဉ်းထသော၊ လျင်မြန်ထသော၊ မိမိအလိုရှိရာ အာရုံတို့၌ သက်ရောက်ကျက်စားလေ့ရှိထသောစိတ်ကို နှိမ်နင်းသောသူကား မြတ်၏။ နှိမ်နင်းထားသောစိတ်သည် ချမ်းသာကို ဆောင်တတ်၏။

ဦးမင်္ဂလာသည် အထက်ပါ ဂါထာအဓိပ္ပာယ်ကို တောဆင်ရိုင်းတစ်ကောင်နှင့် နှိုင်းကြည့်မိလေသည်။

လွတ်လပ်သော တောဆင်ရိုင်းတစ်ကောင်ကို လူသားတစ်ဦးက နှိမ်နင်းဖမ်းယူဖို့ရန် အလွန်ခက်တာပေါ့။ အကောင်ကြီးသလောက် အလွန်လျင်မြန်တယ်။ တောတောင်အနှံ့ သွားချင်ရာသွားပြီး ကျက်စားချင်ရာမှာ ကျက်စားနေတတ်တယ်။ ဒါပေမဲ့ အကယ်၍များ ဒီဆင်ရိုင်းကို ဖမ်းမိပြီးတော့ ကိုယ်ဖြစ်စေချင်တာကိုဖြစ်အောင် လုပ်ခိုင်းနိုင်ရင် စီးပွားရေးမှာလည်း အလွန်အသုံးဝင်လာတဲ့ လုပ်သားကောင်းကြီး တစ်ယောက်လို ဖြစ်တယ်။ စစ်မက်ရေးရာမှာလည်း အလွန်ထိရောက်တဲ့ စစ်လက်နက်အင်အားကြီးတစ်ခု ဖြစ်လာနိုင်တယ်လေ။

စိတ်ဆိုတာလည်း ဒီအတိုင်းပေါ့။ ဒိပြင်နေရာမပြောနဲ့ ဘုရားခန်းထဲမှာ ထိုင်ပြီးဘုရားရှိခိုးနေတုန်းတောင် အဲဒီဘုရားရှိခိုးတစ်ပုဒ်ဆုံးတဲ့အထိ ကိုယ့်စိတ်ကို ဘုရားဂုဏ်တော်မှာ ကိန်းဝပ်နေအောင် ထိန်းထားနိုင်ဖို့ ခဲယဉ်းသားပဲ၊ ဒိပြင်အာရုံတွေ ဒိပြင်အတွေးတွေနောက်ကို လုစ်ခနဲလုစ်ခနဲ လိုက်လိုက်ပြေးလို့ မနည်းပြန်ပြန်ပြီး ဆွဲခေါ်ကြရတယ် မဟုတ်လား။ အဲသည်လို ပေါက်လွှတ်ပဲစား၊ အလေဏတော အဖမ်းရအထိန်းရခက်တဲ့ စိတ်ရိုင်းကို ဖမ်းနိုင်ချုပ်နိုင် ပုံသွင်းနိုင်ရင်တော့ လောကီအကျိုးစီးပွား

မှာလည်း သုံးနိုင်တယ်။ လောကုတ္တရာအကျိုးစီးပွားအတွက် ကိလေသာနဲ့ တိုက်ရတဲ့စစ်ပွဲမှာလည်း အကောင်းဆုံးလက်နက်ကြီး ဖြစ်နိုင်တယ်။

မြတ်စွာဘုရားက ဘယ်ဝတ္ထုကို အမှီပြု၍ ဤဂါထာကို ဟောခဲ့ပါလိမ့်။

ဦးမင်္ဂလာသည် အညတရ ရဟန်းတစ်ပါး၏ ဝတ္ထုတွင် ဟောတော်မူခဲ့ကြောင်း တွေ့ရသည်။

ထိုဝတ္ထုကို သူ နားလည်သလို မြန်မာစကားနှင့်ပြန်၍ ပြောပါဆိုလျှင်တော့ ယခုလို ပြောပြလိမ့်မည်ဖြစ်သည်။

ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ်ကပေါ့။

ဟိမဝန္တာတောင်ခြေမှာ မာတိကဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်။ မာတိကဆိုတဲ့ ပါဠိက အစီအစဉ်လို့ အဓိပ္ပာယ်ရတယ်။ အစဉ်အဆက်လို့လည်း အဓိပ္ပာယ်ရတယ်။ ဒီတော့ အဲသည်ရွာကြီးဟာ ဆွေစဉ်မျိုးဆက် ဥမကွဲ သိုက်မပျက် ဆွေကြီးမျိုးကြီးတွေ စုနေကြလို့ မာတိကရွာလို့ ခေါ်ခဲ့ကြတာဖြစ်ပါလိမ့်မယ်။ တစ်ရွာလုံး ဆွေမျိုးသားချင်း ချည်းပဲပေါ့။

စည်းစည်းလုံးလုံးနဲ့ ညီညီညွတ်ညွတ် စုပေါင်းလုပ်ဆောင်ကြတဲ့အတွက် ကောက်ပဲသီးနှံ ဆန်ရေစပါး ကြွယ်ဝကြသည်။ ပရိယေသနဝမ်းစာ ဖူလုံကြတယ်။ ဒီတော့ ဒုစရိုက်မှု ကင်းလာကြတယ်။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြတယ်။ ရာသီ ဥတုကလည်း ဟိမဝန္တာတောင်ခြေဆိုတော့ စိမ်းစိမ်းစိုစို ချမ်းချမ်းမြမြ သပ္ပာယမျှတနေကြတယ်။

အဲသည့်ရွာကို အုပ်ချုပ်နေတဲ့ ရွာသူကြီးရဲ့နာမည်ကိုတော့ အထင်အရှား ဖော်ပြမထားပါဘူး၊ မာတိကရွာသူကြီးလို့ပဲ သုံးနှုန်းထားတာ တွေ့ရပါတယ်။ ဒါကတော့ ဗာရာဏသီပြည့်ရှင်ကို ဗာရာဏသီမင်းကြီးလို့ ခေါ်ရင်လည်း ပြီးတာပဲလေ။

အဲသည် မာတိကရွာသူကြီးရဲ့ မိခင်ကိုလည်း မာတိကမာတာလို့ပဲ တွေ့ရပြန်တယ်။ အမည် သီးခြားမတွေ့ရပါဘူး။ ဒီတော့ 'သူကြီးရဲ့အမေ' သို့မဟုတ် မာတိကတစ်ရွာလုံးက အမေလို့ ခေါ်ကြတာကြောင့် 'မာတိကမာတာ' ဖြစ်နေပါလိမ့်မယ်၊ တစ်ရွာလုံးက အမေလို့ ခေါ်ကြပေမယ့် အသက်အရွယ်အိုမင်းတဲ့ ဇရာပိုင်း မရောက်သေးပါဘူး။ ဝတ္ထုအတ္ထုပ္ပတ္တိကို ခြုံငုံသုံးသပ်ကြည့်လိုက်မယ်ဆိုရင် အသက်ငါးဆယ်လောက်၊ ခန့်ညားတဲ့ ဥပဓိရုပ် ပိုင်ရှင်ဖြစ်ပါလိမ့်မယ်။ ကျန်းကျန်းမာမာနဲ့ သွက်လက်ဖျတ်လတ်မှု ရှိပါလိမ့်မယ်။ သဒ္ဓါတိက္ခမနဲ့ ဉာဏ်ပညာလည်း အလွန်ထက်မြက်ပါလိမ့်မယ်။ ရွာသူရွာသားတို့ အပေါ်မှာ ဆုံးမတန်လျှင် ဆုံးမပြီး ကြည့်ရှုစောင်မတန်လျှင်လည်း ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ပါလိမ့်မယ်။ ဒါကြောင့် အများက ရိုသေခန့်ညားပြီး 'မာတိက မာတာ' မာတိကရွာရဲ့ မိခင်လို့ တစ်ရွာလုံးက လေးစားသမှုနဲ့ ခေါ်ကြတာ ဖြစ်ပါလိမ့်မယ်။

ဝါဆိုလရောက်ခါနီး တစ်နေ့မှာ အာဂန္တုရဟန်း အပါးခြောက်ဆယ် မာတိကရွာကို ရောက်လာတော်မူကြတယ်။ မာတိကမာတာက –

"အရှင်ဘုရားတို့ – ဘယ်ကလာလို့ ဘယ်ကြွကြမှာလဲ" လို့ မေးတယ်။ ခေါင်း

ဆောင်ပြုလာသော ရဟန်းက "ဗုဒ္ဓ၏ အဆုံးအမကို ခံယူပြီးတော့ ဇေတဝန်ကျောင်းမှ ထွက်လာခဲ့ကြပါတယ်။ သီတင်းသုံးဖို့ လျောက်ပတ်တဲ့ အရပ်ကို ရှာဖွေတုန်းပါပဲ" လို့ ဖြေတဲ့အခါမှာ –

"သည်လိုဆိုရင် တပည့်တော်မတို့ရွာမှာပဲ ဝါဆိုတော်မူကြပါ။ ကျောင်းနဲ့တကွ ဆွမ်းဝတ်ကို တပည့်တော်မတို့က လှူပါ့မယ်၊ တပည့်တော်မကိုလည်း သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို အစဉ်ပေးသနားတော်မူပါဘုရား" လို့ လျှောက်ထားတယ်၊ ရဟန်းများကလည်း လက်ခံတော်မူတယ်။

မာတိကမာတာ မိခင်ကြီးက တစ်ရွာလုံးမှာရှိသမျှ လုပ်နိုင်ကိုင်နိုင်တဲ့ ယောကျ်ားတွေကို ဆင့်ခေါ် စည်းရုံးလိုက်တယ်။ ရွာကြီးနဲ့ မနီးမဝေးအရပ်ကို သူကိုယ်တိုင် ရွေးချယ်ပြီးတော့ ခုတ်ထွင်ရှင်းလင်း မြေညှိသူက ညှိစေတယ်၊ သစ်ဝါးခုတ်သူက ခုတ်စေတယ်၊ ကျောင်းဆောက်တဲ့သူက ဆောက်စေတယ်။ အဲသည်လို တက်ညီလက်ညီနဲ့ နေ့ချင်းပြီး ဆောက်လှူလိုက်တော့ ရဟန်းတော်များဟာ ဩဇာတိက္ကမကြီးလှတဲ့ မာတိကမာတာကို အံ့ဩကြရတယ်။ ခေါင်းဆောင် ခေါင်းရွက်လုပ်ပြီး အစီအမံကောင်းကိုလည်း ချီးမွမ်းရတယ်။

မာတိက မာတာက ဆွမ်းဝတ်ကို ကိုယ်တိုင်ချက်ပြုတ်ပြီး လှူဒါန်းတယ်။ သရဏဂုံ သီလတို့ကိုလည်း နေ့စဉ်ဆောက်တည်နေတယ်။ ရဟန်းတို့က မာတိက မာတာရဲ့ စေတနာ သဒ္ဓါတရားတို့ကို လေးစားလာကြတယ်။

ကျောင်းဒါယကာ ဒါယိကာမများက လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ သဒ္ဓါတရားကလည်း ရှိမယ်၊ 'စာရိတ္တ ဝါရိတ္တနဲ့' ပြည့်စုံမယ်၊ ဉာဏ်ပညာကလည်း နက်နက်ရှိုင်းရှိုင်း ရှိမယ်ဆိုရင် ကျောင်းထိုင်ရဟန်းနှင့်တကွ ကျောင်းနေရဟန်းများကပါ ဒါယကာ ဒါယိကာမများကို လေးစားခဲ့ညားလာရတယ်၊ ဒါယကာ ဒါယိကာမများရဲ့ သဒ္ဓါတရားကို ချီးမြှောက်တဲ့အနေနဲ့ ဂန္ထဓုရ၊ ဝိပဿနာဓုရ၊ ဓုရနှစ်ပါးကို အားသစ်ကျင့်ဆောင်တော်မူကြပါတယ်၊ သူ့အကျိုး ကိုယ့်အကျိုး တိုးပွားအောင် ဆန္ဒပြုတော်မူကြပါတယ်၊ ဒါဟာ တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာဆိုတဲ့ သဘာဝတရားပါပဲ။ သည်တော့ တစ်နေ့မှာ ခေါင်းဆောင် ရဟန်းတော်က ရဟန်းများကို သို့ကလို ပြောတယ်။

"ငါ့ရှင်တို့၊ မာတိကမာတာ ဒါယိကာမကြီးဟာ ပေါ့ပေါ့တန်တန် မဟုတ်ဘူး၊ အတွေးအခေါ် အကြားအမြင်နှင့်တကွ ရတနာသုံးပါးကို အလွန်ကိုင်းရှိုင်းတဲ့ ဒါယိကာမကြီး ဖြစ်တယ်၊ သဒ္ဓါတရားဖက်ကလည်း ဘာမှ လိုလေသေးမရှိရဘူး၊ ဒါ့ကြောင့် တပည့်တော်တို့က ဒါယိကာမကြီးရဲ့ သဒ္ဓါတရားကို စောင့်ရှောက်ကြရလိမ့်မယ်။ ဒီနေ့ကစပြီးတော့ ဒီကျောင်းကြီးပေါ်မှာ တရုန်းရုန်းနဲ့ စုစုဝေးဝေးနေကြမယ့်အစား အိပ်ချိန်မှလွဲလို့ 'နေ့အခါမှာ နေ့သန့်ရာ'၊ 'ညဉ့်အခါမှာ ညဉ့်သန့်ရာ' တစ်ပါးချင်း ကာယာနုပဿနာ ပွားများပြီး နေကြစို့ရဲ့၊ တစ်ဦးတစ်ယောက်မှာ မကျန်းမမာဖြစ်လျှင်တော့ တုံးခေါက်အသံပြုကြတာပေါ့" လို့ နှိုးဆော်တယ်။

ရဟန်းများကလည်း နာယကရဟန်းရဲ့ ဩဝါဒကို ခံယူပြီးတော့ ကျောင်းအနီးအပါးက တောထဲဝင်ပြီး သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ အသီးသီး ဘာဝနာစီးဖြန်းနေကြတယ်။ (အဲဒီအကြောင်းကို ဓမ္မပဒထဲမှာ ဖတ်ရတော့ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးတစ်ပါးက အမိန့်ရှိပုံကို သတိရလိုက်မိပါတယ်။ ကမ္မဋ္ဌာန်းထိုင်တယ်ဆိုတာ တစ်ယောက်တည်းဆိုလျှင် 'တရား' တဲ့၊ နှစ်ယောက်တွဲမိလျှင် 'စကား' တဲ့၊ သုံးယောက်တွဲမိလျှင်တော့ 'အလကား' တဲ့။)

သည်စကား အတိုင်းပါပဲ။ ခြောက်ဆယ်သော ရဟန်းများဟာ နှစ်ပါးတွဲလျက် မနေကြတော့ဘူး။ ကျောင်းပေါ်မှာလည်း နေ့အခါမှာ ဘယ်ရဟန်းမှ မရှိဘူး။

တစ်ညနေတော့ မာတိက မာတာ ဒါယိကာမကြီးက ညဘက်မှာ သုံးဆောင်ကောင်းသော ပျားရည် သကာများကို လှူဖို့ရန် ကျောင်းသို့လာတယ်။ ကျောင်းပေါ်မှာ ဘယ်ရဟန်းမှ မတွေ့ရဘူး။ 'ရဟန်းတွေ ဘယ်ရောက်ကုန်ပါလိမ့်' လို့ အထိတ်တလန့်ဖြစ်မိတယ်။

"တစ်နေရာရာကို သွားနေကြတယ်ထင်ပါရဲ့၊ သပိတ်နဲ့ အိပ်ရာနေရာကလေးတွေတော့ ရှိသားပဲ၊ ဟောဒီတုံးကြီးကို ခေါက်စမ်းကြည့်လိုက်မယ်" လို့ အဖော်အမျိုးသမီးက တုံးကို လေးငါးချက်ခေါက်လိုက်တယ်၊ တစ်အောင့်လောက်နေတော့ ဟိုနေရာက တစ်ပါးထွက်လာလိုက်၊ သည်နေရာက တစ်ပါးထွက်လာလိုက်၊ နောက်တစ်နေရာက တစ်ပါးထွက်လာလိုက်နဲ့ အလျှိုအလျှို ကြွလာကြတယ်။ ဘယ်ရဟန်းမှ နှစ်ပါးတွဲပြီးတော့ လျှောက်လာတာကို မတွေ့ရဘူး။ ကမ္မဋ္ဌာန်းမှ ထလာတဲ့အခါမှာ 'သတိ' ကပ်ပြီးလာကြတာမို့ ဣန္ဒြေလည်း စောင့်ထိန်းပြီးသား ဖြစ်နေတယ်။ ကျောင်းပေါ်ကိုရောက်လို့ တစ်ပါးစီ တစ်ပါးစီ ကိုယ့်နေရာ ကိုယ်ထိုင်မိကြတော့လည်း စကားမပြောကြဘူး။ ဒီတော့ မာတိက မာတာက ဒီလိုထင်လိုက်တယ်။

'ရဟန်းတော်များဟာ အကြောင်းတစ်ခုခုကြောင့် အခြေအတင် အငြင်းအခုံဖြစ်ပြီး 'စကားနည်းရန်စဲ' နေနေကြတာ ဖြစ်လိမ့်မယ်၊ ဘယ်အကြောင်းကြောင့်များပါလိမ့်၊ အညီအညွတ် စေ့စပ်ပေးမှ ကောင်းလိမ့်မယ်' လို့ အောက်မေ့ပြီး -

"အရှင်ဘုရားတို့၊ တပည့်တော်မအိမ်ကို ဆွမ်းစားကြွတုန်းက အညီအညွတ် ကြွတော်မူကြပါတယ်။ ယခု တစ်ပါးစီ၊ တစ်ပါးစီ ကျောင်းကထွက်ပြီး အချင်းချင်း စကားမပြောဘဲ နေကြတာဟာ အဘယ်အကြောင်းအရာကို မပြေမပြစ်ဘဲ ရှိတော်မူကြလို့ပါလဲဘုရား" လို့ မေးလိုက်တယ်။

သည်တော့ နာယက ရဟန်းက "ကျွန်ုပ်တို့မှာ မညီမညွတ် စိတ်ဝမ်းကွဲပြားစရာ ဘာပြဿနာမှ မရှိပါဘူး၊ တစ်ပါးချင်း တစ်ပါးချင်း ကောဋ္ဌာသဓမ္မ, ခယဝယကမ္မဋ္ဌာန်းကို အသီးသီး စီးဖြန်းနေကြခြင်းသာ ဖြစ်ပါတယ်" လို့ ဖြေတော်မူတယ်။

"ကောဋ္ဌာသဓမ္မ, ခယဝယကမ္မဋ္ဌာန်းဆိုတာ ဘယ်လိုပါလဲဘုရား"

"မိမိတို့ကိုယ်မှာရှိတဲ့ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ

အရေပါး အစရှိတဲ့ သုံးဆယ့်နှစ်ပါးကို သတိနဲ့ ဆင်ခြင်ခြင်းဟာ ဒွတ္တိံသ ကမ္မဋ္ဌာန်းလို့ ခေါ်တယ်၊ အဲဒီအရာတွေရဲ့ ကုန်ခန်းခြင်း, ပျက်စီးခြင်းသဘောကို ခယဝယ ဓမ္မလို့ ခေါ်တယ်”

အဲသည်လိုပြောတော့ မာတိကမာတာက အလွန်စိတ်ဝင်စားသွားတယ်။ သူကိုယ်တိုင်လည်း သိချင်မြင်ချင်လာတယ်။ သည်တော့–

“တပည့်တော်တို့လို မိန်းမသားများလည်း လုပ်ရင် ရ သလား ဘုရား”လို့မေးတယ်။

“ဒါယိကာမတွေလည်း လုပ်ခွင့်ရှိတာပေါ့။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ မိန်းမ ယောကျ်ားမရွေး၊ ဗြာဟ္မဏသုဒ္ဓမရွေး၊ ပညာရှိ ပညာမဲ့မရွေး နိဗ္ဗာန်ရောက်ဖို့ နည်းပေးလမ်းပြ ကယ်မ,တော်မူပါတယ်”

“ဒီလိုဆိုရင် တပည့်တော်မကို သင်ပေးပါ၊ တပည့်တော်မလည်း စီးဖြန်းရှုမှတ်လိုပါတယ်” လို့ လျှောက်တယ်။ သည်လိုနဲ့ပဲ –

မာတိကမာတာ ဒါယိကာမကြီးဟာ ရဟန်းတော်များထံမှ သင်ယူပြီးတော့ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းပြီး ကုန်ခန်းခြင်း၊ ပျက်စီးခြင်း၊ ထင်မြင်အောင် ယောနိသော မနသိကာရ နှလုံးသွင်းတယ်။ အဲသလို နေ့ဆက်ရက်ဆက် နှလုံးသွင်းလိုက်တာဟာ ရဟန်းများထက်စောပြီး သောတာပတ္တိမဂ်ကို ဆိုက်တယ်။

သောတာပန် ဖြစ်နိုင်တဲ့ အကြောင်းလေးပါးကို ကျမ်းဂန်များမှာ ဤသို့တွေ့ရပါတယ်။

၁။ သပ္ပုရိသသံသေဝ = မဂ်ဖိုလ်လမ်းပြ သူတော်ကောင်းနှင့် ပေါင်းသင်းရမှု။

၂။ သဒ္ဓမ္မသဝန = ခန္ဓာ နာမ်ရုပ်နှင့်စပ်သော သူတော်ကောင်းတရား နာကြားရမှု။

၃။ ဓမ္မာနုဓမ္မပဋိပတ္တိ = မဂ်ဖိုလ်ရကြောင်း ကျင့်မှု။

၄။ ယောနိသော မနသိကာရ = ရုပ်နာမ်၌ မှန်ကန်တော်တည့်စွာ နှလုံးသွင်းမှု။

သောတာပတ္တိမဂ်ကို ရပြီးတော့ သောတာပတ္တိဖိုလ် ချမ်းသာကို သိလာရတယ်။ တွေ့လာရတယ်။ အဲသည်က တစ်ဆင့်တက်ပြီးတော့ သကဒါဂါမိမဂ်နဲ့ သကဒါဂါမိဖိုလ်မှာ တည်လာတယ်။ အဲသည်နှစ်ဆင့်သော မဂ်ဖိုလ်မှ သုံးဆင့်ဖြစ်သော အနာဂါမိမဂ်ကို ဆိုက်လာတယ်။

မာတိက မာတာအမျိုးသမီးကြီးဟာ ဘယ်လောက်များ ဉာဏ်ထက်မြက်သလဲဆိုရင် အနာဂါမိမဂ် ရပြီးတဲ့နောက်ပိုင်းမှာ လောကီအဘိညာဉ်ငါးပါးကိုပါ ရရှိလာတယ်။

လောကီ အဘိညာဉ်ငါးပါးဆိုတာကတော့ –

၁။ ဒိဗ္ဗစက္ခု = နတ်တို့၏မျက်စိနှင့်ကြည့်သလို အဝေးအနီးကို မြင်နိုင်တယ်။

၂။ ဒိဗ္ဗသောတ = နတ်တို့၏နားကဲ့သို့ အဝေးက အသံတို့ကို ကြားနိုင်တယ်။

၃။ ဣဒ္ဓိဝိဓ = မိမိ၏တန်ခိုးနှင့် အမျိုးမျိုး ဖန်ဆင်းနိုင်တယ်။

၄။ စေတောပရိယ = သူတစ်ပါးတို့၏ စိတ်အကြံကို ကိုယ်က သိနေတယ်။

၅။ ပုဗ္ဗေနိဝါသာနုဿတိ = ရှေးဘဝ ဘဝက ဖြစ်ခဲ့သမျှတွေကို သိမြင်နိုင်တယ်။

အဲသည်ဟာကို လောကီအဘိညာဉ်၊ လောကီတန်ခိုး ငါးပါးလို့ ခေါ်တယ်။ ယခု မာတိကမာတာ ဝတ္ထုမှာ အဲသည့် လောကီအဘိညာဉ်တန်ခိုးများက အကျိုးပြုနေပါတယ်။

ဘာပြုလို့လဲဆိုတော့ မာတိကမာတာ အမျိုးသမီးကြီးဟာ အနာဂါမိဖလသမာပတ်ဝင်စားရာမှ ရပ်တန့်ပြီး သူဆွမ်းဝတ်ပြုနေတဲ့ ရဟန်းခြောက်ဆယ်တို့ မဂ်ဖိုလ်များ ရကြပြီလားလို့ အဘိညာဉ်နဲ့ ကြည့်လိုက်တယ်။

အဲသည်လို ကြည့်လိုက်တော့ အားလုံးသော ရဟန်းများဟာ တစ်မဂ်တစ်ဖိုလ်မျှ မရကြသေးတာ တွေ့ရတယ်။ အဲသည်အခါ ရဟန်းများကို မိမိရဲ့သားအရင်းများကဲ့သို့ ကရုဏာရှိလာတယ်။ မေတ္တာလည်း ရှေးရှုလာတယ်။ သည်တော့ သူတို့လည်း ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းနေပါလျက်နဲ့ ငါ့လို ဘာဖြစ်လို့များ မဂ်ဖိုလ်မရရှာကြသေးတာလဲလို့ ဆင်ခြင်ကြည့်လိုက်မိတော့ မိမိကပ်လှူနေတဲ့ ဆွမ်းဘောဇဉ်တို့နဲ့ သပ္ပာယ မမျှတာကို တွေ့ရတယ်။ သပ္ပာယမမျှခြင်းဆိုတာဟာ အာဟာရဩဇာဖြစ်လောက်အောင် ခံတွင်းမတွေ့တာ၊ မြိန်မြိန်ရှက်ရှက် မရှိတာကို ဆိုလိုခြင်းဖြစ်တယ်။ အဲသည်နေရာမှာ အဖိုးတန်တာ မတန်တာ၊ အမွန်အမြတ်ဖြစ်တာ မဖြစ်တာနဲ့ မဆိုင်ပါဘူး။ ကိုယ်စားချင်တဲ့ ဟင်းကလေး ကျွေးကလေးနဲ့ စားရရင်၊ စားလို့ မြိန်တယ်၊ စားလို့ မြိန်တော့ အာဟာရဖြစ်တယ်။ အာဟာရဖြစ်တော့ အားရှိလာတယ်။ ကာယဗလ အားရှိလာတော့ ဉာဏဗလဆိုတာက ထက်မြက်လာတယ်။ တစ်နေ့မှာ တစ်ထပ်တည်းသာ စားရတဲ့ ရဟန်းများ၊ လူယောဂီများအတွက် အာဟာရ သပ္ပာယဖြစ်မှ ကမ္မဋ္ဌာန်းထိုင်ရာမှာ ခပ်မြန်မြန် ဉာဏ်စဉ်တက်နိုင်ပါတယ်။

သည်တော့ မာတိကမာတာက ဆွမ်းကပ်ရာမှာ ဆွမ်းအမျိုးမျိုး၊ ယာဂုအမျိုး၊ အချိုအချဉ် ဘောဇဉ်အမျိုးမျိုး၊ အသီးအနှံ အရွက်အပွင့် အမျိုးမျိုးတို့ကို ချက်ပြုတ်ကြော်လှော်ပြီး ထောပတ်ဆီဦးနှင့်တကွ အသီးအခြား စီမံပြီး ကပ်တယ်။

“အရှင်ဘုရားတို့ ကိုယ်နှစ်သက်ရာများကိုရွေး၍ ပြည့်စုံသည်အထိ ဘုဉ်းပေးသုံးဆောင်တော်မူကြပါ” လို့လည်း လျှောက်ထားလိုက်သေးတယ်။ သည်တော့မှ ရဟန်းတော်များကလည်း ကိုယ်ကြိုက်ရာ ကြိုက်ရာကို မြိန်ရှက်စွာ သုံးဆောင်ကြရလို့ အာဟာရ ဖြစ်လာတယ်၊ သပ္ပာယမျှလာတယ်။ အဲသည်နောက် တရားထိုင်ကြတော့ မကြာမီ အချိန်မှာပဲ အာသဝေါကင်းကွာပြီး ရဟန္တာများ ဖြစ်ကုန်ကြတယ်။

ရဟန်းတော်များကလည်း မာတိကမာတာက မိမိတို့ စိတ်ဆန္ဒကိုသိ၍ အာဟာရ သပ္ပာယ မျှတအောင် ဆက်ကပ်လှူဒါန်းတဲ့ ကျေးဇူးကြောင့် ဝိပဿနာမှာ ပေါက်ရောက်နိုင်ခဲ့ကြောင်း သိတော်မူကြတယ်။

ဒါ့ကြောင့် မာတိကမာတာဆိုတာ မာတိက ရွာသူရွာသားတို့ရဲ့ မိခင်သဖွယ် ဖြစ်ရုံမကတော့ဘူး။ မိမိတို့၏ မိခင်ကြီးသဖွယ်လည်းဖြစ်ထိုက်ပါပေရဲ့လို့ဂုဏ်ပြုကြရတယ်။

မာတိကမာတာကလည်း အားလုံးသော ရဟန်းတို့ဟာ မိမိရဲ့အထောက်အပံ့ ကျေးဇူးဥပကာရနဲ့ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သွားကြတာကို အင်မတန် ဝမ်းမြောက်တယ်။ အင်မတန် ပီတိဖြစ်တယ်။

ယခုခေတ် – တိပိဋကစာမေးပွဲကြီးမှာ ဂုဏ်ထူးနဲ့အောင်မြင်တော်မူတဲ့ ရဟန်းတော်တစ်ပါးရဲ့ မယ်တော် ခမည်းတော်တို့ဆိုရင် ဘယ်လောက်များ ကြည်နူးဝမ်းသာနေကြမလဲ။ မာတိကမာတာ အမျိုးသမီးကြီးရဲ့ ပီတိသောမနဿဟာ အဲဒါထက်တောင် ပိုပါလိမ့်မယ်။

ရဟန်းတော်တို့က ဝါကျွတ်တဲ့အခါမှာ ပဝါရဏာပြုပြီးတော့ ဘုရားသခင်ရှိရာ ဇေတပန်ကျောင်းတော်သို့ ပြန်ကြွကြမည့်အကြောင်း ကျောင်းဒါယိကာမကြီး မာတိကမာတာကို နှုတ်ဆက်ကြတယ်၊

ပဝါရဏာဆိုတာ အကျဉ်းချုပ်ပြောရရင် ဝါတွင်းသုံးလကာလပတ်လုံး အတူတကွ သီတင်းသုံးဖော်အချင်းချင်း စည်းဝေးပြီးတော့ မိမိအပေါ်၌ သံဃာတော်များက အာပတ်တစ်ခုခု ရှိသည်ဟု မြင်လို့ပဲ ဖြစ်စေ၊ ကြားလို့ပဲဖြစ်စေ၊ ယုံမှားသံသယရှိလျှင်ပဲဖြစ်စေ၊ တပည့်တော်အား ပြောကြားတော်မူကြပါ၊ တပည့်တော်က ထိုအာပတ်ကိုရှု၍ ကုစားပါမည်ဘုရားလို့ ပန်ကြားတဲ့ သံဃာ့အစည်းအဝေးဖြစ်တယ်၊ အင်မတန် ကြည်ညိုစရာကောင်းတယ်။

သံဃာတော် အပါးခြောက်ဆယ်ဟာ ဝါဆိုလုနီးအချိန်မှာ ဒီရွာကိုရောက်လာပြီး ဒီဒါယိကာမကြီးနဲ့ တွေ့ရတယ်၊ အဲဒီဒါယိကာမကြီးပဲ ကျောင်းဆောက်ကိုးကွယ်ပြီး၊ ဆွမ်းကွမ်းဝေယျာဝစ္စမှန်သမျှ ဖွယ်ဖွယ်ရာရာ နေ့စဉ်နေ့တိုင်း ပေးလှူနေတယ်၊ ဓမ္မသဝန၊ ဓမ္မဒေသနာ ကြားနာသင်ယူပြီး ကျင့်ကြံတဲ့ကလျာဏမိတ္တ ဖြစ်လာကြတယ်။ ဆရာနဲ့တပည့် ဖြစ်လာကြတယ်။ တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာဆိုသလို ကိုယ့်တာဝန်ကိုယ် ကျေပွန်ကြပြီး လောကုတ္တရာဆုကြီးတွေ ရလာကြပြီး ဝါတွင်းသုံးလလုံးလုံး ရင်းနှီးကျွမ်းဝင်နေကြပြီးမှ ယခုဝါကျွတ်လမှာ ဇေတဝန်ကျောင်းတော်ကို ပြန်ကြွကြတော့မယ်ဆိုတော့ ပုထုဇဉ်များသာဆိုရင် နှစ်ဦးနှစ်ဖက်လုံး လွမ်းဆွတ်ကြေကွဲ မျက်ရည်ဝဲပြီး ငိုပွဲတောင်ဆင်ဖို့ ကောင်းကြမှာပေါ့။

ယခုတော့ မာတိကမာတာ မိခင်ကြီးကလည်း အနာဂါမ်အရိယာ၊ သားရဟန်းတွေကလဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် အရိယာရဟန္တာကြီးတွေဆိုတော့ ဒုက္ခသစ္စာကိုသာ နလုံးသွင်းပြီး ဖြေဆည်နိုင်ခြင်း ရှိတော်မူကြတယ်။

“တပည့်တော်မအား သနားချီးမြှောက်တော်မူသောအားဖြင့် နောင်အခါ ကြွလာတော်မူကြပါဦးဘုရား” လို့သာ မာတိက မာတာကြီးက လျှောက်လိုက်တယ်။ ရဟန်းတော်များကလည်း အချိန်အခါအားလျော်စွာ ဖြစ်ပါလိမ့်မယ်” လို့ ပြောကြားပြီး သာဝတ္ထိပြည်ကို ရှေးရှုလို့ ထွက်ကြွသွားကြတယ်။

မာတိကမာတာ အမျိုးသမီးကြီးဟာ သားရဟန္တာများကို မျက်စိတဆုံး ကြည့်မျှော်

ပြီးတော့မှ ဟာလာဟင်းလင်း ဖြစ်ကျန်ရစ်ခဲ့တဲ့ 'မာတိကာရာမ' ကျောင်းကြီးဆီကို လှမ်းခဲ့ရတယ်။

ရဟန်းတော် ခြောက်ဆယ်ဟာ ဇေတဝန်ကျောင်းတော်ကို ရောက်သွားတော်မူကြတယ်။ ဗုဒ္ဓမြတ်စွာက အရိယာဖြစ်လာသော ရဟန်းတော်တို့ကိုတွေ့တော့ "ကျန်းခံ့သာယာကြရဲ့လား၊ ဆွမ်းကွမ်းအာဟာရ သပ္ပာယမျှခဲ့ကြသလား" လို့ မေးတော်မူတော့ ရဟန်းတော်များက မိမိတို့ရဲ့ စိတ်အကြံကိုသိသဖြင့် ဖွယ်ဖွယ်ရာရာ စီမံပေးလှူသော မာတိက မာတာ ဒါယိကာမကြီးရဲ့ ဂုဏ်ကျေးဇူးတို့ကို လျှောက်ထားကြတယ်။

အဲသည်လို လျှောက်ထားကြတာကို အနီးအနားက ဘွဲ့မထင်ရှားသော ရဟန်းတစ်ပါးက ကြားလိုက်ရတယ်၊ ကြားရတော့ အဲသည့် မာတိကရွာကိုသွားပြီး ထိုဒါယိကာမကြီးရဲ့ ဆွမ်းကွမ်း ဝေယျာဝစ္စဝတ်တို့ကို ခံယူရင်း တရားကျင့်ချင်လာတယ်။

ဒီတော့ မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းကို သင်ယူပြီး –

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ထိုမာတိကရွာသို့သွား၍ တရားကျင့်ပါရစေ ဘုရားလို့" ခွင့်ပန်တယ်။

မြတ်စွာဘုရားက ခွင့်ပြုလိုက်တာနဲ့ ခရီးထွက်ခဲ့တယ်။ မာတိကရွာရောက်တော့ ကျောင်းကို မဝင်ခင်မှာပဲ ဒီလို အောက်မေ့လိုက်တယ်။

'ဒီခရီးကိုလာရတာ ပင်ပန်းလွန်းလို့ ဒီကျောင်းကြီးကို လှည်းကျင်းသုတ်သင်ဖို့ဖြင့် ငါမတတ်နိုင်ပါဘူး။ သူတစ်ပါးရဲ့စိတ်အကြံကို သိတယ်ဆိုတဲ့ အနာဂါမ်ဒါယိကာမကြီးက အမှုလုပ်သူတစ်ယောက် လွှတ်လိုက်ရင် ကောင်းမှာပဲ" လို့ တမ်းတလိုက်မိတယ်။

မကြာပါဘူး၊ ယောကျ်ားသုံးလေးယောက် တံမြက်စည်းတို့ ရေပုံးတို့ ဖုန်သုတ်ဖို့အဝတ်တို့နဲ့ ရောက်လာကြပြီး တစ်ကျောင်းလုံးကို သန့်ပြန့်သွားအောင် သန့်ရှင်းရေးလုပ်ကြတော့တာပါပဲ၊ အညတရ ရဟန်းမှာ အံ့သြသွားရပြီလေ။

အဲသည့်နောက် တစ်လမ်းလုံး ရေငတ်လာလို့ အရသာရှိတဲ့ အဖျော်ရည်လေးများ သောက်ရရင် ဘယ်လောက် ကောင်းလိုက်လေမလဲလို့ တောင့်တလိုက်မိပြန်တယ်။

အဲဒါလည်း မကြာပါဘူး၊ ရွာထဲက ဒါယကာတစ်ယောက် ခပ်သွက်သွက် ကျောင်းဆီကို လျှောက်လာတယ်။ အနားရောက်လို့ ကြည့်လိုက်တော့ သန့်ပြန့်သော ခွက်ကြီးတစ်လုံးနဲ့ သကာအဖျော်အပြည့်။

"မာတိက မာတာ ဒါယိကာမကြီးက ကပ်လိုက်ပါတယ်" လို့ လျှောက်ပြီး တန်းကပ်လိုက်ပါလေရော။

ရဟန်းမှာ အံ့အားသင့်သွားရပြန်ပြီလေ။

သည်လိုနှင့် နောက်တစ်နေ့ နံနက်စောစောကြီးမှာ ရဟန်းက –

'ငါ့ကို ပျော့ပျောင်း နူးညံ့တဲ့ ယာဂုနဲ့ လက်သုပ်ဟင်းလျာတို့ ပို့စေသတည်း' လို့ ဆန္ဒပြုလိုက်တယ်၊ ဒါလည်း မကြာပါဘူး၊ ဆွမ်းစားချိန်ရောက်တော့ ဒေါင်းလန်း၊

လင်ပန်းတို့တွင် ထည့်ပြီးတော့ ရဟန်းတော်အာသာရှိသမျှ ယာဂုဆွမ်းဟင်းလျာ၊ လက်သုပ်တို့ အပို့အကပ် ရောက်လာပြန်ပါလေရော။

အံ့ဩကုန်နိုင်ဖွယ်လေတည့်မှ ဖြစ်နေတဲ့ ရဟန်းဟာ သူစိတ်ကြံတိုင်း ကြံတိုင်း သိနေတဲ့ မာတိက မာတာဆိုတဲ့ ဒါယိကာမကြီးကို လူကိုယ်တိုင် တွေ့ချင်လာတော့တယ်။ ဘယ်လိုရုပ်ရည် အနေအထားနဲ့ ဘယ်အသက်အရွယ်လောက်များ ရှိမလဲပေါ့၊ သည် 'ဒါယိကာမကြီး ကျောင်းကိုလာပါစေ'လို့ ဆန္ဒပြုလိုက်ပါလေရော။

ဒါလည်း ကြာကြာကြီး မမျှော်လိုက်ရပါဘူး၊ အိမ်ဖော်များနှင့် မာတိက မာတာ ဒါယိကာမကြီးကိုယ်တိုင် ကျောင်းပေါ်ရောက်လာပြီး ကန်တော့ဝတ်ချလိုက်ပါတယ်။

သည်အတွင်း ရဟန်းက မာတိက မာတာကို ကောက်ကာ ငင်ကာ ယခုလို မေးလိုက်တယ်။

"ဒါယိကာမကြီးက သူတစ်ပါးရဲ့ စိတ်အကြံကို သိတယ်ဆိုတာ မှန်ပါသလား" တဲ့။

"သား မောင်ပဉ္စင်း၊ ဘာပြုလို့ ဒီလိုမေးရတာလဲ"

"ကျွန်ုပ်က ဆန္ဒပြုလိုက်တိုင်း ကျွန်ုပ်၏အလိုကို ဒါယိကာမကြီးက ဖြည့်စွမ်းနေတာ များလှပြီ၊ ဒါ့ကြောင့် ဒါယိကာမကြီးကို မေးရတာပါ"

"သား မောင်ပဉ္စင်း၊ သူတစ်ပါးစိတ်ကို သိတဲ့ ရဟန်းတော်များ ရှိတတ်ကြပါတယ်"

"သူများကိုမေးတာ မဟုတ်ပါဘူး၊ သင် ဒါယိကာမကြီးကို မေးနေတာပါ"

အဲသည်လို လှီးလွှဲ၍ မဖြေသာအောင် တဲ့တိုးတိုက်ရိုက်မေးတဲ့အခါ မာတိက မာတာက 'တပည့်တော်သိပါတယ်' လို့ မဆိုဘဲ -

"သားမောင်ပဉ္စင်း၊ သူများစိတ်ကို သိတယ်ဆိုတဲ့ လူများဟာ ယခုလိုပဲ ပြုတတ်ကြပါတယ်" လို့ မယုတ်မလွန်ဖြေလိုက်တယ်။

ဒါပေမဲ့ ရဟန်းကတော့ သိသွားပြီလေ၊ ဒါယိကာမကြီးဟာ သူတစ်ပါးရဲ့စိတ်ကို သိနေတာ ဧကန္တပဲပေါ့။

အဲသည်မှာ ပြဿနာက ပေါ်တော့တာပဲ၊ မာတိက မာတာ ပြန်သွားပြီးတဲ့နောက် အညတရ ရဟန်းဟာ ဇေတဝန်ကျောင်းတော်ကို ပြန်ပြေးဖို့ ဆုံးဖြတ်လိုက်တော့တယ်။

'ငါဖောက်ပြန်သောစိတ်နဲ့ မလျော်သောအကြံတွေ ကြံစည်စိတ်ကူးနေရင် သူဧကန္တ သိမှာပဲ၊ သိရင် ခိုးထုပ် ခိုးထည်နဲ့ အမိခံရတဲ့သူခိုး လို ငါငြင်းနိုင်မှာ မဟုတ်တော့ဘူး၊ ယုတ်မာတဲ့စိတ်ကူးမျိုးလည်း မပေါ်လာအောင် ထိန်းနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ငါပြေးတာပဲ ကောင်းမယ်'လို့ ဆုံးဖြတ်ပြီး နောက်တစ်နေ့မှာပဲ မာတိကမာတာကို ခပ်သွက်သွက် နှုတ်ဆက်၍ ထွက်ပြေးခဲ့ရတယ်။ ဇေတဝန်ကျောင်းတော်ရောက်လို့ ဗုဒ္ဓနဲ့တွေ့တဲ့အခါ မြတ်စွာဘုရားက -

"ချစ်သားရဟန်း၊ အဘယ့်ကြောင့် ထိုရွာမှ ပြန်လာခဲ့ရသလဲ" လို့ မေးတော်မူတယ်။ အဲသည့်အခါ ရဟန်းက 'မာတိကမာတာ ဒါယိကာမကြီးသည် သူတစ်ပါး၏

စိတ်အကြံကို အမှန်သိသူဖြစ်ကြောင်း၊ မိမိမှာ ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ မလျော်သော စိတ်အကြံများကို ကြံမိသည့်အခါ 'ခိုးထုပ်ခိုးထည်နှင့် အဖမ်းခံရသလို' ဖရိုဖရဲ အရှက်တကွဲနှင့် ကြုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မနေဝံ့၍ ပြန်ပြေးခဲ့ရပါကြောင်း" အဖြစ်မှန်ကို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက –

"ချစ်သား ထိုရွာသို့သာ ပြန်သွားပါချေ" လို့ မိန့်ဆိုပြန်တယ်။

"တပည့်တော် မသွားဝံ့ပါဘူးဘုရား" လို့ ထိုရဟန်းက ထိတ်လန့်ကြောက်ရွံ့စွာ ငြင်းပါတယ်။ သည်တော့ မြတ်စွာဘုရားက –

"သင်ချစ်သား – သင်က စိတ်အမျိုးမျိုးကိုတွေး ကြောက်နေတယ်မဟုတ်လား။ အဲဒီ စိတ်တွေကိုလိုက်၍ တွေးမနေနဲ့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နှင့် မိမိရဲ့စိတ် တစ်ခုတည်းကိုသာ နိုင်အောင်ထိန်းလော့၊ စိတ်ကိုနိုင်သောသူသည် မြတ်တယ်။ နှိမ်နင်းထားသောစိတ်ဟာ ချမ်းသာကို ဆောင်တယ်" လို့ အဓိပ္ပာယ်ရှိတဲ့ ဤဝတ္ထုအစမှ ဂါထာကို ဟောတော်မူတယ်။

အဲဒါဟာ အညတရ ရဟန်းတစ်ပါးဝတ္ထုရဲ့ အဓိကအချက်ပါပဲ။

နောက်အဖြစ်အပျက်များကတော့ အဲသည် ရဟန်းဟာ မာတိကရွာကို ပြန်လာတယ်။ မြတ်စွာဗုဒ္ဓရဲ့ အဆုံးအမအတိုင်း စိတ်ကို မနိုင်နိုင်အောင် နှိမ်နင်းပြီး ဝိပဿနာတရားကို ကြိုးစွာသော ဝီရိယနဲ့ ကျင့်တော်မူတယ်။

မာတိက မာတာ ဒါယိကာမကြီးကလည်း ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တော့ ထိုရဟန်းဟာ မြတ်စွာဘုရားရဲ့ အဆုံးအမကို ရယူလာပြီး ကြိုးစားနေတာကို သိတဲ့အတွက် ဆွမ်းကွမ်း ဝေယျာဝစ္စများ မလစ်ဟင်းရအောင် ဂရုစိုက်ပေးနေတယ်။ အဲသလို သပ္ပာယမှုပြီး စိတ်ကိုနိုင်နင်းလာတော့ နှစ်ရက်သုံးရက်အတွင်းမှာပဲ အညတရ ရဟန်းဟာ ပဋိသမ္ဘိဒါ လေးပါးနှင့်အတူ ရဟန္တာဖြစ်သွားတယ်။

တစ်နေ့တော့ အညတရ ရဟန္တာအရှင်က 'မာတိကမာတာ ဒါယိကာမကြီးကို မှီခိုရာရလို့ သံသရာဝဋ်မှ ကျွတ်လွတ်ခဲ့ရတယ်၊ ရှေးဘဝဘဝများစွာက ဒီဒါယိကာမကြီးနဲ့ ဘယ်လိုများ အကြောင်းအကျိုး ဆက်သွယ်မှုရှိခဲ့ပါလိမ့်'လို့ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ဘဝပေါင်းကိုးဆယ်နဲ့ ကိုးဘဝအထိ ဇနီးခင်ပွန်းဖြစ်ခဲ့ဖူးတာကို တွေ့ရတယ်။

သို့ပေမယ့် ဘဝတိုင်း ဘဝတိုင်းမှာ ဇနီးဖြစ်သူက သူတစ်ပါးနဲ့ဖောက်ပြားပြီး မိမိအသက်ကို သတ်လာခဲ့ကြောင်းကိုပါ သိရတယ်၊ ဒါကို ယခုအချိန်မှာတော့ အံ့ဩရုံမျှသာ အံ့ဩမိပြီး လျစ်လျူရှုထားနိုင်ပါပြီ။

အဲသည်အခါမှာပဲ မာတိက မာတာ အနာဂါမ် မယ်တော်ကြီးက အညတရ ရဟန္တာသည် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်နဲ့ မိမိတို့ရဲ့အဖြစ်ကို သုံးသပ်ဆင်ခြင်တော်မူနေကြောင်း သိမြင်လာတဲ့အခါ –

"အရှင်ဘုရား ကိုးဆယ့်ကိုးဘဝမှာသာ ရပ်ထားတော် မမူပါနဲ့၊ ဘဝပေါင်းတစ်ရာ

မှအစပြုသော ဘဝတို့မှာ အရှင်ဘုရားအတွက် တပည့်တော်မရဲ့အသက်ကို စွန့်လွှတ်ကယ်ဆယ်ခဲ့ဖူးတာတွေကိုလည်း အာရုံပြုကြည့်တော်မူပါ" လို့ စိတ်တန်ခိုးနဲ့ လျှောက်ထားလိုက်သတဲ့။

အဲသည်မှာ ရဟန္တာ မထေရ်မြတ်ကလည်း ဒိဗ္ဗသောတနဲ့ကြားရပြီး မာတိကမာတာ လျှောက်တဲ့အတိုင်း ဆင်ခြင်လို့သိမြင်လာရတယ်။ ထိုအခါမှစ၍ အရိယာသူတော်ချင်းချင်း ကြည်နူးကျေနပ်စွာ တရားအားထုတ်နေကြတာဟာ ထိုအညတရ ရဟန္တာ မထေရ်ကြီး ထိုကျောင်းမှာပင် ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိပါပဲ။

အဲဒီဝတ္ထုထဲက မာတိကမာတာအနာဂါမ်မယ်တော်ကြီးကို ရည်ညွှန်းပြီး ကဝိလက္ခဏာ သတ်ပုံကျမ်းမှာ –

'ကိုးဆယ့်ကိုးဇာတ်၊ ယောကျာ်းသတ်၊ ကျွတ်လွတ်မဂ်ဖိုလ်ဝင်' လို့ ဆိုထားပါတယ်။

ပြောလိုတာက ထိုမာတိကမာတာ အမျိုးသမီးကြီးဟာ သူ့ရဲ့ခင်ပွန်းယောကျာ်းကို ၉၉ ဘဝတိုင်တိုင် သတ်ခဲ့တဲ့ အကုသိုလ်ကံတွေဟာ ဘဝပေါင်း အထောင်အသောင်း အသိန်းအသန်း အပါယ်လေးပါးမှာ အကြိမ်ကြိမ်ခံခဲ့ရတယ်။ အဲဒီလို ခံခဲ့ရပြီးသည့်နောက် ပြုခဲ့ဖူးတဲ့ အကုသိုလ် အကျိုးပေးတွေ ကုန်စင်မှ ကျွတ်လွတ်လာတဲ့အခါ ဘဝပေါင်းများစွာက ပွားများလာခဲ့တဲ့ ကုသိုလ်ပါရမီတို့ကြောင့် ယခုဘဝမှာ မဂ်ဖိုလ်ကိုရတယ်ဆိုတဲ့အကြောင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဘဝသံသရာဆိုတာ ရှည်လျား, ထွေပြား, မနေမနား, တသွားတည်းသွားခဲ့ကြတာ မဟုတ်လား ။ ။

* * *

(၅)

# စိတ်ကိုနိုင်လျှင်

သုဒုဒ္ဒသံ သုနိပုဏာံ၊ ယတ္ထကာမနိပါတိနံ။

စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဘိက္ခု = ရဟန်း၊ သုဒုဒ္ဒသံ = အလွန်မြင်နိုင်ခဲထသော၊ သုနိပုဏာံ = အလွန် သိမ်မွေ့စွာထသော၊ ယတ္ထကာမနိပါတိနံ = အကြောင်းအမှတ်မရှိ အလိုရှိရာ အာရုံ၌ ကျလေ့ရှိထသော၊ စိတ္တံ = စိတ်ကို ၊ မေဓာဝီ = ပညာရှိသည်၊ ရက္ခေထ= စောင့်ရှောက်ရာ၏။ ဂုတ္တံ = လုံခြုံစွာ စောင့်ရှောက်အပ်သော၊ စိတ္တံ = စိတ်သည်၊ သုခါဝဟံ = လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်၏။

ဓမ္မပဒ–ဂါထာ–၃၆။

အလွန်မြင်နိုင်ခဲထသော အလွန်သိမ်မွေ့ထသော မိမိအလိုရှိရာ အာရုံတို့၌ သက်ရောက် ကျက်စားလေ့ရှိထသော စိတ်ကို၊ ပညာရှိသည် စောင့်ထိန်းရာ၏၊ စောင့်ထိန်းထားသောစိတ်သည် ချမ်းသာကိုဆောင်၏ ။

စိတ်နှင့်ပတ်သက်၍ အစဉ်အလိုက် တွေ့ရသော ဂါထာများမှာ ဂါထာတစ်ခုနှင့် တစ်ခု သဘောချင်းတူသယောင်ယောင် ရှိသော်လည်း လူအမျိုးမျိုး စိတ်အထွေထွေ ဆိုဘိသကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး စိတ်ဖြစ်ပုံချင်း မတူကြဘဲ အထိုက်အလျောက် ကွဲပြားကြသည်ကို ဦးမင်္ဂလာက စေ့ငုဆင်ခြင်မိလေသည်။

ယခုခေတ် စိတ်ရောဂါ အထူးကုဆေးရုံကြီးများတွင် စိတ်ဝေဒနာရှင် လူနာမှန် သမျှကို 'စိတ်မကောင်းသူ'၊ 'စိတ်မနံ့သူ'ဟု ခေါ်လျှင် မမှားနိုင်သော်လည်း ထိုဝေဒနာရှင် တစ်ဦး၏ စိတ်ရောဂါနှင့် အခြားဝေဒနာရှင်တစ်ဦး၏ စိတ်ရောဂါတို့မှာ ကွဲပြားခြား နားနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အတူ ဓမ္မပဒဝတ္ထုတွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ကုစားကယ်မ နည်း ပြဟောကြားတော်မူသော တရားဂါထာများမှာလည်း ပုဂ္ဂိုလ်တစ်ဦးစီ၏ အကြောင်းရင်း အဖြစ်အပျက် စိတ်ရောဂါကိုမူတည်၍ 'အနာနှင့်ဆေး' တည့်အောင်ပေးတော်မူသည်ဟု ကြည်ညိုနိုင်ကြပေလိမ့်မည်။ နည်းယူနိုင်ကြပေလိမ့်မည်။ 'ဖော်နည်းကား' ဆေးအမည် များကို (ရေလဲ) စားသုံးရန် အညွှန်းနှင့်တကွရလျှင် မိမိတို့ကိုယ်တိုင် မိမိတို့၏ ရောဂါ အတွက် ဆေးဖော်စားသင့်သည်ဟု ဦးမင်္ဂလာက ကောက်ချက်ချလိုက်မိသည်။

ဖော်ပြပြီးခဲ့သော ဂါထာအမှတ် ၃၅ အညတရ ရဟန်းဝတ္ထုတွင် မာတိက

မာတာ အနာဂါမ် ကျောင်းအမကြီးထံသို့ ရောက်လာခဲ့သော 'အညတရ' ရဟန်း၏ စိတ်ကို ကြည့်ပါ။ မိမိစိတ်ကို မိမိမယုံ၍ (ဝါ) မိမိ၏စိတ်ကို မိမိမနိုင်၍ မြတ်စွာဘုရားထံ ပြန် ပြေးခဲ့ရသည်။

မြတ်စွာဘုရားက 'နှိမ်နင်းဖို့ခက်သောစိတ်ကို နိုင်အောင် နှိမ်နင်းနိုင်လျှင် အကျိုး ရှိလိမ့်မည်' ဟု ဆုံးမပြီး ထိုရဟန်းကို မာတိက မာတာထံ ပြန်၍လွှတ်တော်မူလိုက်သည်။

ယခု ဂါထာအမှတ် ၃၆ တွင်ကား 'ကြောင့်ကြ' စရာများ၌ အကြောင့်ကြလွန် နေသော စိတ်ဝေဒနာရှင် အနုပုဗ္ဗအမည်ရှိ ရဟန်းအား ဆုံးမတော်မူသော ဂါထာဖြစ် ကြောင်း ဦးမင်္ဂလာသိရသည်။

မြတ်စွာဘုရားသခင်သည် အနာထပိဏ် သူဌေးရဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပြီး မြို့သူမြို့သားနှင့်တကွ အခြားမြို့က ရောက်လာကြတဲ့ ရဟန်းရှင် လူတို့ကို တရားဟောပြနေတဲ့အခါကာလဖြစ်တယ်။ အညတရ နတ်သားတစ်ပါးက သန်းခေါင်အချိန်မှာ လာရောက်လျှောက်ထားတဲ့အတွက် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား တော်ကို ဟောတော်မူ လိုက်တယ်ဆိုတဲ့ မင်္ဂလာသတင်းကြီးဟာ သာဝတ္ထိမြို့မှာသာမက သောဠသ တစ်ဆယ့်ခြောက်ပြည်ထောင်တိုင်အောင် ပျံ့နှံ့ကျော်စောသွားတဲ့ အချိန်ပေါ့။

ဒါ့ကြောင့် ပုရာဏကဿပ, မက္ခလိဂေါသာလ အစရှိတဲ့ တိတ္ထိဆရာကြီးတို့ကို ကိုးကွယ်တဲ့ လူနည်းစုလောက်ကလွဲလျှင် သာဝတ္ထိပြည်သူပြည်သား အကုန်လိုလို မြတ်စွာဘုရား၏ တပည့်သာဝက ဝေနေယျများသာ ဖြစ်နေကြတယ်။

မြတ်စွာဘုရား၏ တရားတော်ကို ကြားနာခဲ့ရတဲ့ သူဌေးသားတစ်ယောက်ဟာ ရတနာသုံးပါးကို ယုံကြည်ပြီးတော့ ကုသိုလ်ကောင်းမှုမှန်သမျှ ပြုနေသူဖြစ်တယ်။ လောကရဲ့ ဆင်းရဲခြင်းတွေကိုလည်း အလွန်စက်ဆုပ်နေတယ်။

တစ်နေ့တော့ သူကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်းတော်ကို လျှောက်ထားတယ်။

"တပည့်တော်အား ဆင်းရဲမှ လွတ်နိုင်စရာအကြောင်းတစ်ခုခုကို ဟောကြားတော် မူပါဘုရား"

အဲသည်လိုဆိုတော့ သူ့ဆရာ ရဟန်းက -

"ဒါယကာ ဆင်းရဲမှလွတ်လိုလျှင် စာရေးတံဆွမ်း လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူအပ်သောဆွမ်း နှင့် ဝါဆိုသင်္ကန်းကိုလှူပါ၊ ရဟန်းတို့နှင့်အပ်သော အသုံးအဆောင် ပစ္စည်းတို့ကိုလှူပါ။ မိမိမှာရှိတဲ့ ပစ္စည်းငွေကြေးတို့ကိုလည်း သုံးစု-စုပြီးတော့ တစ်စုကို စီးပွားရှာဖို့ အရင်းအနှီးလုပ်၊ တစ်စုကို မိမိနှင့်တကွ သားမယားတို့ပါ သုံးဆောင်၊ ကျန်တစ်စုကို ဘုရားသာသနာတော်အတွက် လှူဒါန်းထောက်ပံ့ပါ" လို့ မိန့်တော်မူတယ်။

သူဌေးသားလည်း ဆရာရဟန်း ဟောတော်မူတဲ့အတိုင်း လိုက်နာဆောင်ရွက်လှူဒါန်း နေတယ်။ သို့ပေမယ့် သူဌေးသားဟာ အားမရသေးပါဘူး။

"အရှင်ဘုရား ဆင်းရဲလွတ်ဖို့ရာ ဒီထက်ကောင်းတဲ့ နည်းလမ်းများ ရှိသေးသလား" လို့မေးပြန်တယ်။

"ဒါယကာ သရဏဂုံသုံးပါးနှင့်တကွသော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို အခါအားလျော်စွာ စောင့်ထိန်းပါ" လို့ မိန့်တော်မူပြန်တယ်။ သူဌေးသားလည်း ယခင်က အလှူအတန်းများအပြင် သီလများကိုလည်း ကောင်းစွာ ဆောက်တည်နေတယ်။ ဒါပေမဲ့ သူအားမရသေးပါဘူး။

"ဒီထက်ကောင်းတဲ့နည်းများ ရှိသေးသလားဘုရား" လို့ မေးပြန်တယ်။ သည်တစ်ခါတော့ –

"ဒါယကာ ဆင်းရဲကို တကယ်လွတ်ချင်ရင်တော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ပဗ္ဗဇိတ ရဟန်းအဖြစ် ခံယူရုံပဲ ရှိတယ်။ အသင်ရဲ့ဥစ္စာစီးပွား သားမယားတို့ကို ပယ်ဖြတ်၍ ရဟန်းပြုနိုင်မလား" လို့ ပြောတော့ –

"ဆင်းရဲခြင်း ကင်းဖို့ရာဆိုလျှင် တပည့်တော် လုပ်နိုင်ပါတယ်၊ အရှင်ဘုရားပဲ တပည့်တော်ကို ရဟန်းပြုပေးပါ" ဟု လျှောက်ပြီး ဇေတဝန်ကျောင်းကို တစ်ခါတည်း လိုက်သွားတော့တယ်။

ကောင်းမှုကုသိုလ်များကို တစ်ဆင့်နှင့်အားမရလို့ အဆင့်ဆင့်ပြုလုပ်ပြီး ရဟန်းခံလာတဲ့အတွက် အဲဒီသူဌေးသားရဟန်းကို အနုပုဗ္ဗ ရဟန်းလို့ ဘွဲ့အမည်ပေးကြတယ်။ အလွန်စိတ်အားထက်သန်စွာ သာသနာတော်ကို ဝင်ရောက်လာသည့်အကြောင်း သိတော်မူကြသည့်အတွက် အဘိဓမ္မာဆောင် ရဟန်းတော်က ကမ္မဝါစာဆရာ နိဿရည်းဆရာအဖြစ်နှင့် ဆောင်ရွက်တော်မူပေးတယ်။ ဝိနည်းမိရိဆရာတော်တစ်ပါးက ဥပဇ္ဈာယ်ဆရာလုပ်ပေးတယ်။ သူဌေးသားမှဖြစ်လာသည့် အနုပုဗ္ဗရဟန်းဟာ ဗဟုကိစ္စများလှသည့် အိမ်ထောင်သည်ဘဝမှ လွတ်ကင်းပြီး ရဟန်းတို့၏ ချမ်းသာခြင်းကို ခံစားရတဲ့အတွက် အလွန်ကျေနပ်နေတယ်။ အလွန်တရာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်။

သူ့ ဝါသနာအတိုင်း "ယခုထက်ကောင်းသည့် အနေအထိုင် အပြုအမူ အကျင့်တရားများ ရှိသေးသလား' လို့ ကမ္မဝါစာဆရာ၊ နိဿရည်းဆရာဖြစ်သည့် အဘိဓမ္မာဆောင်ဆရာရဟန်းထံသွား၍ မေးမြန်းလျှောက်ထားတယ်။

အဲသည်တော့ အဘိဓမ္မာဆောင် ဆရာတော်က –

ဗုဒ္ဓသာသနာတော်မှာ အဘိဓမ္မာနှင့်ဆိုင်ရာ စိတ်နေစိတ်ထား တရားများကို နေ့စဉ်ဟောကြားဆုံးမတော်မူတယ်။

အနုပုဗ္ဗရဟန်းလည်း ဆရာသမား ဟောကြားဆုံးမသည့်အတိုင်း နာခံမှတ်ယူ ကျင့်ဆောင်နေပါတယ်။

နောက်တစ်ခါ ဥပဇ္ဈာယ်ဆရာထံ ရောက်သွားပြန်တော့ –

"ဘုရားသာသနာတော်မှာ ဒီလို ဒီလိုအမှုမျိုးတွေကို ပြုရမယ်၊ ဒီလိုဒီလို အမှုမျိုးတွေကို မပြုရဘူး၊ ဒီအမှုအရာကား လုပ်ကောင်းတယ်၊ ဒီအမှုအရာကား မလုပ်ကောင်းဘူး"ဆိုတဲ့ ဝိနည်းတရားတော်များကို နေ့စဉ် သင်ပေးတော်မူတယ်။

ဝိနည်းတရားတော်ဆိုတာ ဗုဒ္ဓဘုရား ဥပဒေတော်များသာဖြစ်တယ်၊ "ဒီအမှုကို

ကျူးလွန်မိရင် ဒီလိုအပြစ်သင့်စေ"လို့ အမိန့်အာဏာတော်ထားသည့် အကြောင်းတရားများ ဖြစ်တယ်၊ အင်မတန်သိသာထင်ရှားသော ဥပဒေများရှိသလို အလွန်နူးညံ့သိမ်မွေ့သော ဥပဒေများလည်းရှိတယ်။ တစ်နည်းအားဖြင့်ပြောရရင် သိလွယ်၍ ရှောင်ကြဉ်နိုင်သော ဥပဒေများရှိသလို ကိုယ်တိုင်မဆုံးဖြတ်နိုင်အောင် အသိရခက်သော စိတ်အမူအရာ ကိုယ်အမူအရာကလေးများ မထားတတ် မပြုတတ်နိုင်တဲ့ သိမ်မွေ့သော ဥပဒေများလည်း ရှိတယ်။ ဒါကို အကျယ်ချဲ့လိုက်လျှင် ကုဋေကိုးထောင်ကျော် ရှိတယ်တဲ့၊ အပ်ဖျားပေါ် မုန်ညင်းစေ့တင်ထားသလို အလွန်ဂရုစိုက်ရတယ်တဲ့။

အနုပုဗ္ဗရဟန်းမှာ ခက်ခဲမြားမြောင်တဲ့ ဝိနည်းသိက္ခာပုဒ်တို့ အလယ်တွင် မလွန့်သာအောင် ကျပ်တည်းဆင်းရဲလာတော့တယ်၊ အသွားအလာအနေအထိုင်၊ အပြောအဆို၊ အစားအသောက်မှစ၍ သည်လိုလုပ်မိတာ အာပတ်သင့်နိုးနိုး၊ သည်လိုလုပ်လိုက်လျှင် အာပတ်သင့်နိုးနိုး၊ ဟိုလိုလုပ်လိုက်လျှင် အာပတ်သင့်နိုးနိုးနဲ့ ကုက္ကုစ္စ သံသယ အထောင်အသောင်းရဲ့ထုထောင်းနှိပ်စက်ခံနေရတယ်။

'ငါ့နှယ်–ဆင်းရဲမှလွတ်အောင် ရဟန်းဘောင် တက်ခဲ့ပါတယ်၊ ရဟန်းတွေရဲ့ ဝိနည်းတရားကို သတိထားနေရတာက အလွန်ဆင်းရဲနေရပါကလား၊ လောကုတ္တရာ အကျိုးအမြတ်မထွက်ဘဲ အာပတ်အမျိုးမျိုးစုပုံပြီး အညစ်အကြေး အထပ်ထပ်နှင့် သာသနာ့ဘောင်မှာညစ်ပတ်နေမယ်ဆိုရင် လူထွက်တာကမှ အပြစ်ကင်းလိမ့်ဦးမယ်၊ လူ့ဘဝနဲ့ပဲ ယခင်ကလို ဒါနသီလ ဘာဝနာ လုပ်လျှင်လည်း ရသားပဲ၊ အင်း–လူ့ဘဝ ပြန်ရောက် ပြန်လည်း ကုသိုလ်က တစ်ပဲ၊ ငရဲက တစ်ပိဿာ ဆင်းရဲစရာတွေ မှိုလို ပေါက်လာကြမှာပဲ' လို့ တွေးပြီး မတွေးနိုင် မအန်နိုင် ဖြစ်နေရရှာတယ်။

အနုပုဗ္ဗရဟန်းဟာ တကယ့်သဒ္ဓါတရားနှင့် ရဟန်းပြုလာသူမို့ သည်လိုစိတ်ဝေဒနာ ခံစားနေရတာဖြစ်တယ်။ ပဗ္ဗဇိတ ဘဝကိုလည်း အလွန်စုံမက်နေတယ်။

အဲသည့်အခါက ဗုဒ္ဓ၏သာသနာတော်ဟာ နေလိုလလို အထွန်းပဆုံးအချိန် ဖြစ်တယ်။ သာဝတ္ထိမြို့ တစ်မြို့လုံး သင်္ကန်းရောင်တွေ ထိန်ထိန်ဝင်းနေတယ်။ ဇေတဝန်ကျောင်းတော်ကြီးမှာ နေ့စဉ်နေ့တိုင်း ရဟန်းခံလာသူတွေ မစဲအောင်ရှိတယ်၊ အစုအဝေးနဲ့ ရဟန်းခံတာမျိုးလည်း ရှိတယ်။ အချို့ပုဂ္ဂိုလ်များကျတော့ ရဟန်းဖြစ်ပြီး ခုနစ်ရက်အတွင်းမှာ တစ်လအတွင်းမှာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်သွားကြတယ်လို့ ကြားလိုက်ရတာရှိတယ်။ အရိယာရဟန်းတော်များကို ဖူးတွေ့ရတာလည်း ရှိတယ်။ ဒါတွေကိုလည်း အနုပုဗ္ဗရဟန်းက အလွန်အားကျတယ်။ ဝိနည်းသိက္ခာပုဒ်တွေကို အလွန်ရိုသေလွန်းလို့လည်း ကြောက်ရွံ့နေရတယ်။

အဲသည့်စိတ်က မအိပ်နိုင် မစားနိုင်အောင်ဖြစ်လာတယ်။ တမှိုင်မှိုင်တတွေတွေ ဖြစ်လာတယ်။ အထီးကျန် တစ်ပါးတည်းနေချင်တဲ့စိတ်သာ ဖြစ်နေတယ်။ နေ့ရှည်လများ အအိပ်အစားပျက်တော့ မျက်တွင်းချောင်လာတယ်၊ အရေအသားကြုံလှီလာတယ်။ စိတ်အားငယ်လာတယ်။ စိတ်လက်မကြည်တော့ သွေးက မကြည်တော့ဘူး။။ သွေးသား

မသန့်ရှင်းတော့ အသားအရေပေါ်မှာ ပွေး၊ ဝဲ၊ နှင်းခူ အစရှိတဲ့ ယားနာတွေ ပေါက်လာတယ်။ ကိုယ်ရေကိုယ်သား ပူလောင်လာတယ်။

အနုပုဗ္ဗရဟန်းဟာ သူ့ယားနာတွေကို အားရပါးရကုတ်နေတာတွေ့တော့ သာမဏေကလေးများက လာမေးကြတယ်။

"အရှင်ဘုရား၊ ဘာကိုစားမိလို့၊ ဘယ်လိုဟာကိုလုပ်မိလို့ ဒီယားနာတွေ ပေါက်လာတာလဲ၊ နောက်ပြီးတော့ အရှင်ဘုရားဟာ ဘယ်သူနဲ့မှစကားမပြောဘဲ တစ်ပါးတည်းထိုင်ပြီး ငိုင်ချင်ငိုင်နေတယ်၊ မှိုင်ချင်မှိုင်နေတယ်၊ တစ်နေရာရာမှာရပ်ပြီး တွေးချင်တွေးနေတယ်၊ ငေးချင် ငေးနေတယ်၊ ဘာပြုလို့လဲဘုရား" လို့ ကလေးသူငယ်ပီပီစပ်စုကြတယ်။

သည်တော့ အနုပုဗ္ဗရဟန်းက -

"သာသနာတော်မှာ မပျော်တော့လို့ပေါ့" ဟု ခပ်တိုတိုဖြေတယ်။

"ဘာပြုလို့ မပျော်တာလဲ" လို့ ထပ်မေးပြန်ပါရော၊ အဲသည်လိုမေးတော့ သူ့ရဲ့ဖြစ်ပုံအလုံးစုံကို အကုန်အစင်ပြောရတော့တာပေါ့။

အဲသည်မှာ သာမဏေလေးများက အနုပုဗ္ဗရဟန်းရဲ့ ဥပဇ္ဈာယ်ဆရာကို ပြန်ပြောကြတယ်။ အဲသည်လို ပြန်ပြောတော့ အနားက ရဟန်းတွေပါ ကြားကုန်ကြတာပေါ့။

သည်တော့ - ဥပဇ္ဈာယ်ဆရာနဲ့ ရဟန်းများက ခေါ်မေးကြတယ်။

"ငါ့ရှင်-သာသနာတော်ကို ဝင်စက အလွန်တက်တက်ကြွကြွရှိပါလျက်နဲ့ တစ်နေ့တခြား မရွှင်မပျ ညှိုးညှိုးငယ်ငယ် ဖြစ်လာတာကို ငါတို့ သတိထားမိပါရဲ့၊ တစ်စုံတစ်ရာသော အကြောင်းမှာ ငါ့ရှင် စိတ်အနှောင့်အယှက်ဖြစ်မှာလေလားလို့ မမေးခဲ့ပါဘူး၊ အခုတော့ ငါ့ရှင်ရဲ့အကြောင်းကို သာမဏေကလေးများက လာလျှောက်ကြတယ်၊ သူတို့လျှောက်သလို ငါ့ရှင်က သာသနာတော်မှာ ငြီးငွေ့ပြီး စိတ်ဆင်းရဲနေတယ်ဆိုတာမှန်သလား၊

အဲသည်လိုမေးကြတော့ အနုပုဗ္ဗရဟန်းက အမှန်ဖြစ်ကြောင်း လူထွက်လိုကြောင်း တောင်းပန်လျှောက်ထားတယ်။

သည်တော့ ဥပဇ္ဈာယ်ဆရာက -

"ငါ့ရှင် အနုပုဗ္ဗ၊ ရဟန်းတစ်ပါးအား သိက္ခာချပေးရမည့်ကိစ္စမှာ အလွန်ဝန်လေးသောကိစ္စဖြစ်တယ်။ နမြောကြေကွဲ ဝမ်းနည်းဖွယ်ကိစ္စလည်းဖြစ်တယ်။ ထို့အပြင် ငါ့ရှင်ရဲ့အမှုက မြတ်စွာဘုရားကိုယ်တော်တိုင် သိသင့်သိထိုက်သောအမှုဖြစ်တယ်၊ တရားအပေါင်းကို သိတော်မူတဲ့ သဗ္ဗညုတ မြတ်စွာဘုရားက ငါ့ရှင်ရဲ့ စိတ်ဆင်းရဲနေတာကို စိတ်ချမ်းသာလာအောင် နည်းပေးလမ်းပြ ပြုတော်မူပါလိမ့်မယ်" လို့ ဖျောင်းဖျပြီး မြတ်စွာဘုရားထံ ခေါ်သွားကြတယ်။

မြတ်စွာဘုရားက "ချစ်သားရဟန်းတို့၊ အဘယ်အကြောင်းကြောင့် လာရောက်ကြသလဲ" လို့ မေးတော်မူတယ်။

"မြတ်စွာဘုရား၊ ဤရဟန်းသည် သာသနာတော်၌ စိတ်ဆင်းရဲနေရကြောင်း၊

တပည့်တော်တို့အား လျှောက်ထားပါသည်ဘုရား။ လူထွက်ရန်လည်း ဆုံးဖြတ်ထားကြောင်း သိရပါသည်ဘုရား" ဟု ဥပဇ္ဈာယ်ဆရာက လျှောက်ထားသည်။

"ဘယ်လိုလဲ ချစ်သား အနုပုဗ္ဗ၊ သူတို့ပြောတဲ့အတိုင်း မှန်သလား" လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

မြတ်စွာဘုရားရဲ့အသံတော်ဟာ မဟာကာရုဏိက ဂုဏ်တော်နှင့် အပြည့်အဝ သာယာအေးမြလို့ ကြည်နူးစရာ ဖြစ်နေတယ်။ ထိုမဟာကရုဏာရှင်ကြီးရဲ့ သာသနာတော်မှာ မပျော်နိုင်တဲ့ မိမိအဖြစ်ကို ဝမ်းနည်းလာတယ်၊ စိတ်ထိခိုက်လာတယ်၊ မျက်ရည်များက သကၤန်းပေါ်ကို တစ်ပေါက်ပေါက်ကျလာတယ်။

"အမှန်ဖြစ်ပါတယ်ဘုရား" လို့ ဆို့နစ်တုန်ယင်စွာ လျှောက်လိုက်ရတယ်။

"အဘယ်ကြောင့် မပျော်ပါသလဲ ချစ်သား၊" ဟု မေးစစ်တော်မူပြန်တယ်။

"မြတ်စွာဘုရား၊ ဘုရားတပည့်တော်ဟာ ဆင်းရဲမှလွတ်ချင်လို့ ရဟန်းပြုခဲ့ပါတယ်ဘုရား၊ ဘုရားတပည့်တော်အား ကမ္မဝါစာဆရာ နိဿရည်းဆရာက အဘိဓမ္မာတရား ဟောကြားပါတယ်၊ ဥပဇ္ဈာယ်ဆရာက ဝိနည်းတရား ဟောကြားပါတယ်၊ ဘုရားတပည့်တော်ဟာ စောင့်ထိန်းစရာ၊ ဆင်ခြင်စရာတွေ များလွန်းလို့ လက်တောင် မကွေးမဆန့်ဝံ့အောင် ဖြစ်လာပါတယ်။ ဒါ့ကြောင့် အပြစ်များစွာ မပြုမိမီ လူထွက်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်ဘုရား" လို့ လျှောက်ထားလိုက်တယ်။

"ချစ်သားရဟန်း – သင်က တစ်ခုတည်းသော အရာကိုသာ စောင့်နိုင်မယ်ဆိုရင် ဒီပြင် တရားတွေကို စောင့်စရာမလိုတော့ဘူး။ ဘယ့်နှယ်လဲ"

"မြတ်စွာဘုရား၊ အဲဒီတစ်ခုတည်းသောတရားဟာ ဘယ်တရားပါလဲ ဘုရား"

"သင်ချစ်သားရဲ့စိတ်တစ်ခုတည်းကိုသာ စောင့်ရန်ဖြစ်တယ်၊ စောင့်နိုင်ပါမည်လား"

"စောင့်နိုင်ပါတယ်ဘုရား"

"စောင့်နိုင်ရင် သင်ချစ်သားရဲ့ စိတ်တစ်ခုတည်းကိုသာ စောင့်ပေတော့" ဟု မိန့်တော်မူပြီး အထက်ပါဂါထာကို ဟောတော်မူခြင်းဖြစ်ပါတယ်။

ဦးမင်္ဂလာသည် လွန်ခဲ့သောသကြၤန်ရက်အတွင်းက ဒုလ္လဘရဟန်းခံခဲ့သည်ကို တွေး၍ သက်မ, ချလိုက်မိလေသည်။ ။

ပဗ္ဗဇိတဘာဝေါဒုလ္လဘော

* * *

## (၆)
# မာရ်နတ်ကိုနိုင်နည်း

ဒူရင်္ဂမံ ဧကစရံ၊
အသရီရံ ဂုဟာသယံ။
ယေစိတ္တံ သံယမေဿန္တိ။
မောက္ခန္တိ မာရ ဗန္ဓနာ။

ဒူရင်္ဂမံ = ဝေးသောအရပ်၌ တည်သောအာရုံသို့လည်း သွားရောက်တတ်သော၊ ဧကစရံ = တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တတ်သော၊ အသရီရံ= ကိုယ်သဏ္ဌာန်မရှိထသော၊ ဂုဟာသယံ = ဟဒယဝတ္ထုဟု ဆိုအပ်သော လိုဏ်ဥမင်ကိုမှီ၍ ဖြစ်တတ်သော၊ စိတ္တံ = စိတ်ကို၊ ယေ = အကြင်ယောကျ်ား မိန်းမ, လူ, ရှင်, ရဟန်းတို့သည်၊ သံယမေဿန္တိ = လုံခြုံစွာ စောင့်စည်းနိုင်ကြကုန်လတ္တံ့၊ တေ = ထိုယောကျ်ား, မိန်းမ, လူ, ရှင်, ရဟန်းတို့သည်။ မာရဗန္ဓနာ = ကိလေသာမာရ်အနှောင်အဖွဲ့ဟူ သော တေဘူမကဝဋ်ဒုက္ခမှ၊ မောက္ခန္တိ = လွတ်မြောက်ကြကုန်လတ္တံ့။

ဓမ္မပဒ–စိတ္တဝဂ်၊ ဂါထာ –၃၇။

အဝေးအာရုံတို့သို့ သွားတတ်ထသော၊ တစ်ဦးတည်း ကျက်စားလေ့ရှိထသော၊ အကောင်အထည် မရှိထသော နှလုံးတည်းဟူသောလိုဏ်၌ တည်ရာရှိထသောစိတ်ကို စောင့်စည်းချုပ်တည်းနိုင်သော သူတို့သည် မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်ကုန်လတ္တံ့။

စိတ်ဆိုသောစိတ်ဟာ အဝေးအာရုံသို့ သွားတတ်တယ်ဆိုတာ ဦးမင်္ဂလာ ကောင်းကောင်းကြီး နားလည်လိုက်ပါသည်။

ဘယ်လောက်ဝေးမလဲ၊ ဝေးချင်သလောက် ဝေးစမ်းပါစေ။

အဲသည် အဝေးမှာရှိတဲ့ နေရာဌာန အကြောင်းခြင်းက အာရုံတွေဆီကို စိတ်က တစ်ခဏချင်း ရောက်သွားနိုင်တယ်လေ။

သည်အကြောင်းနဲ့ပတ်သက်လို့ မိလိန္ဒမင်းကြီးတ ရှင်နာဂသေနကို ယခုလို မေးဖူးတယ်။

"အရှင်ဘုရား လူ့ပြည်နဲ့ဗြဟ္မာ့ပြည်ဟာ ဘယ်လောက်ဝေးသလဲ"

"မင်းကြီး၊ အောက်ဆုံးဖြစ်တဲ့ ဗြဟ္မာ့ပြည်က တောင်ကြီးလောက်ရှိတဲ့ ကျောက်တုံးကြီးကို ချလိုက်တယ်ဆိုရင် တစ်နေ့နဲ့တစ်ညမှာ ယူဇနာပေါင်း လေးသောင်းရှစ်

ထောင်ကျလာလိမ့်မယ်၊ အဲသလို နေ့နေ့ညည ရက်ပေါင်း ၁၂၀၊ လေးလကြာမှ လူ့ပြည်ကို ရောက်လိမ့်မယ်။ အဲ့သလို 'တွက်သာ' ယူပေတော့၊ အဲ့သလောက်ဝေးတယ်"

အရှင်ဘုရား အဲသည်လောက်ဝေးလှတဲ့ ဗြဟ္မာ့ပြည်ကို အဘိညာဉ်ရတဲ့တန်ခိုးရှင်များဟာ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီ ရောက်သွားနိုင်တယ်ဆိုတာ မယုံနိုင်စရာကြီး ဖြစ်နေပါတယ်၊ အရှင်ဘုရား ဘယ်လိုဖြေမလဲ။

"ဒါယကာ မင်းကြီး၊ အသင်မင်းကြီးရဲ့ မွေးရာဇာတိ တိုင်းပြည်ဟာ ဘယ်မှာလဲ"

"ဤ သာဂလမြို့မှ ယူဇနာနှစ်ရာကွာတဲ့ အလသန္ဒကျွန်းဖြစ်ပါတယ်"

"အဲဒီကျွန်းကို အသင်မင်းကြီး စိတ်ကူးကြည့်လိုက်စမ်းပါ"

"စိတ်ကူးလိုက်ပါပြီ ဘုရား"

"စိတ်ကူးလိုက်တယ်ဆိုတာနဲ့ မင်းကြီးစိတ်က အဲဟိုကို ရောက်သွားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရားပြောတာ တပည့်တော် ကျေနပ်သွားပါပြီ ဘုရား"

ဦးမင်္ဂလာက မိလိန္ဒပဥှာဝတ္ထုပါ စိတ်အကြောင်း အမေးအဖြေစကားတို့ကို ချက်ချင်း သတိရလိုက်မိသည်။

စိတ်ဆိုတာ ဘယ်လောက်ဝေးဝေး လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် အဲသည်အဝေးနေရာကို ရောက်သွားနိုင်တယ်တဲ့၊ မှန်ပါသည်။ ဒါကတော့ ဦးမင်္ဂလာနှင့်တကွ လူတိုင်း မိမိတို့စိတ်ကို မိမိတို့သိပါသည်။

ရန်ကုန်ကနေ၍ မန္တလေးမှာရှိသော သမီးထံသို့၊ သွားမလား၊ စင်ကာပူမှာနေတဲ့ သားထံကို သွားမလား၊ အမေရိကန်မှာနေတဲ့ ညီရှိရာကို သွားမလား၊ ကုန်ကုန်ပြော ရမည်ဆိုလျှင် တစ်ခေါက်သာရောက်ဖူးပါစေ၊ တာဝတိံသာကိုတောင် ချက်ချင်းရောက် သွားနိုင်တာ စိတ်ပဲဟု ဦးမင်္ဂလာ သိပါသည်။

နောက်တစ်ခုက တစ်ဦးတည်းကျက်စားလေ့ရှိသော စိတ်တဲ့၊ အာရုံတစ်ခုကို ဝင်စားတဲ့နေရာမှာ တစ်ခုတည်းသော စိတ်ကသာ ကျက်စားနိုင်မှာပေါ့၊ သည်အကြောင်း ကိုတွေးပြီးမှ နောက်တစ်ကြောင်းကို တွေးနိုင်တာပေါ့၊ သည်အကြောင်းရော၊ ဟိုအကြောင်း ရော တစ်ပြိုင်တည်းပူးပြီးတော့ မတွေးနိုင်ကြပါဘူး။ ဒါကိုလည်း ဦးမင်္ဂလာ သဘောပေါက် ပါသည်။

စိတ်ဆိုတာ အကောင်အထည်မရှိတာကတော့ အထင်ရှားဆုံးပါပဲ၊ စိတ်ကိုလက်ဆုပ် လက်ကိုင် ဘယ်သူမှ မပြနိုင်ပါဘူး။ လေကိုဖမ်းမရသလိုပဲလို့ ပြောနိုင်ပါလိမ့်မယ်။

အဲ…'နှလုံးတည်းဟူသောလိုဏ်ဂူ၌ တည်ရာရှိထသော စိတ်' ဆိုတာကျတော့ ဦးမင်္ဂလာမှာ တွေးရပါပြီ၊ စိတ်ဆိုတာ နှလုံးအတွင်းမှာတည်နေသလား၊ မံသစက္ခု (လူအမျိုးမျိုးတို့၏ ပကတိမျက်စိ) တို့နှင့်လည်း မမြင်နိုင်၊ မှန်ဘီလူး၊ မှန်ပြောင်း စသည်တို့နှင့်လည်း မမြင်နိုင်။ အလွန်သိမ်မွေ့သော အဘိဓမ္မာတရားသာဖြစ်လိမ့်မယ်။

လူတို့ဝေါဟာရ ပြောနေကြတာကတော့ စိတ်ဆိုတာ ဦးနှောက်မှာတည်သည်၊ ဦးနှောက်မှဖြစ်သည်ဟု ဆိုကြသည်။ နှလုံးမှာရှိသောစိတ်က ဦးနှောက်ကို ပို့လိုက်တာကော မဖြစ်နိုင်ပေဘူးလား။ မည်သို့ပင်ဆိုစေ (စိတ်နှလုံး) ဆိုတဲ့ ဝေါဟာရကတော့ စိတ်နှင့်နှလုံးနှင့်တစ်ခုတည်းဟု သဘောထားနိုင်ကြောင်းကို ဦးမင်္ဂလာ သတိရလိုက်ပါသည်။

အထက်ပါ ဂါထာကို ဗုဒ္ဓမြတ်စွာ ရည်ညွှန်းတော်မူသည်မှာ သံဃရက္ခိတမထေရ်ဝတ္ထုပင် ဖြစ်ပါသည်။ ထိုမထေရ်၏စိတ်က တစ်မျိုးတစ်ဘာသာ ဖြစ်သည်။ တစ်ခုသော အကြောင်းအရာ၌ နက်နက်နဲနဲ စဉ်းစား၍ ထိုစိတ်ထဲတွင် နစ်မြုပ်သွားသောစိတ်မျိုးဖြစ်သည်။

ဦးမင်္ဂလာက ဤသို့ မှတ်မိနေ၏။

သာဝတ္ထိပြည်မှာ – သီတင်းသီလနဲ့ပြည့်စုံတဲ့ အမျိုးကောင်းသားတစ်ယောက်ဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နေ့စဉ် နာယူရပါတယ်။ တစ်နေ့တော့ မြတ်စွာဘုရားရဲ့ တရားတော် ဆုံးလျှင်ဆုံးချင်း လှူဘောင်ကို စွန့်ပြီး ရဟန်းပြုလိုက်တယ်။ ရဟန်းပြုပြီး မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါးနဲ့ ရဟန္တာဖြစ်သွားတယ်။

မြတ်စွာဘုရားသခင်ရဲ့ မျက်မှောက် ခေတ်ကာလဟာ အလွန်တရာ အကျိုးများလှပါတယ်၊ မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရားကိုးပါးဟာ သဒ္ဓါသီလ ရှိကြသူများအတွက် အလွယ်တကူ ဆွတ်ယူသုံးဆောင်နိုင်တဲ့ ပဒေသာပင်ကြီးအောက်မှာ ရောက်နေရသလိုပါပဲ။

သဒ္ဓမ္မသဝနဆိုတဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့မဂ္ဂပါဠ်တရားတော်များက အလွန်ထိရောက်စွာ အကျိုးပြုတော်မူတယ်၊ ဝေနေယျတစ်ဦးတစ်ယောက်ကို အကြောင်းပြုဟောပေမယ့် တရားကိုနာရတဲ့ အများစုပါ တစ်မဂ်တစ်ဖိုလ် ရသွားစေနိုင်တယ်။ အများစုကို ရည်ညွှန်းဟောတော်မူတဲ့တရားကလည်း ထိုအများစုတွင်မပါသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုပါ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးအထိ ပြီးစေနိုင်တယ်။

ဒါ့ကြောင့် ဗုဒ္ဓကိုယ်တော် သက်တော်ထင်ရှားရှိတော်မူစဉ်ကာလမှာ လူအရိယာ၊ ရဟန်းအရိယာများဟာ မိုးဦး၌ ထွက်အပ်သော မှိုများ၊ မျှစ်များလို အလျှိုလျှိုထွန်းပေါ်တော်မူကြပါတယ်။

အဲသည် ဝတ္ထုပါ ရဟန္တာဘွဲ့တော်က သံဃရက္ခိတ မထေရ်ဖြစ်ပါတယ်။ နှမတစ်ယောက်ရှိတာကတော့ အမည်မထင်ရှားပါဘူး၊ အဲသည်အမျိုးသမီးက မွေးဖွားတဲ့သားကိုတော့ ဘာဂိနေယျ သံဃရက္ခိတလုလင်လို့ပဲ အမည်မှည့်ပေးပါတယ်။ ဒါက သူ့အစ်ကိုကို ချစ်ခင်တဲ့သဘော လေးစားတဲ့သဘော၊ ဂုဏ်ယူတဲ့သဘောပါ။

အနောက်မဇ္ဈိမမှာ အစ်ကိုကို ဂုဏ်ယူပြီးတော့ မိမိသားကို အမည်မှည့်ကြတယ်။ လင်ကို ဂုဏ်ယူပြီးတော့ လင်၏အမည်ကို မှည့်ကြတယ်။ ဖအေကိုဂုဏ်ယူပြီးတော့ အဖေ့နာမည်ကို နောက်ဆက်တွဲထည့်၍ မည့်ကြတယ်။ အချို့က အဘိုးအဘေးအထိတောင် အစဉ်အဆက် နာမည်ယူလာခဲ့ကြပါတယ်။

အဲသည် ဘာဂိနေယျ သံဃရက္ခိတ လုလင်ကို ရှင်ပြုသင့်တဲ့အချိန်မှာ ဦးရီးတော် မထေရ်မြတ်ထံမှာအပ်ပြီး မိခင်က ရှင်ပြုပေးတယ်။ သာမဏေကလေးကလည်း သူ့ဦးရီး တော်နဲ့ အတူနေရတာကို အလွန်ပျော်နေတယ်၊ ရဟန်းပြုသင့်တဲ့ အရွယ်ရောက်တော့ ရဟန်း ပြုပေးတယ်။

ဦးရီးတော်ရဟန်းက ရဟန်းများ သိထိုက်ရာရာ၊ ကျင့်ထိုက်ရာရာ အဆုံးအမ များကိုပေးပြီး မိမိနှင့် မနီးမဝေး အမည်မထင်မရှားသော ရွာတစ်ရွာကကျောင်းမှာ ဝါကပ်စေတယ်။

ဘာဂိနေယျ ရဟန်းပျိုဟာ အသက်ကလည်း နှစ်ဆယ်က ကျော်ရုံရှိသေးတယ်၊ အဆင်းရူပကလည်း သန့်ရှင်းကြည်လင်တယ်၊ သမထသာရုပ္ပ၊ သမဏပါသာဒိက ရဟန်းတို့ ၏ တင့်တယ်ခြင်း၊ ရဟန်းတို့၏ ကျက်သရေနဲ့ ပြည့်စုံတဲ့အတွက် ရွာသူရွာသားများ က အထူးပဲ လေးစားကြည်ညိုကြတယ်၊ အလှူဒါန ပေါပေါများများရှိတယ်၊ ဝါဆို သင်္ကန်းအဖြစ်နဲ့ သင်္ကန်းလျာ ပုဆိုးနှစ်ထည်ကို အလှူခံရတယ်။

တစ်ထည်က အလျားရှစ်တောင်ရှိတယ်၊ အလွန်အသားချောတဲ့ ပိုးပုဆိုးဖြစ်တယ်။ တစ်ထည်ကတော့ အလျား ခုနစ်တောင်ရှိတယ်။ နူးညံ့သော ဝါဂွမ်းတို့နဲ့ ရက်ထားတာ ဖြစ်တယ်။

အဲသည် ပုဆိုးနှစ်ထည် ရပြီးကတည်းက ဘာဂိနေယျ ရဟန်းပျိုက အကောင်း ဆုံး အရှည်ဆုံးဖြစ်တဲ့ ပိုးသင်္ကန်းလျာကို ဦးရီးတော်မထေရ်အား လှူဒါန်းဖို့ ရည်ရွယ် ထားတယ်။ မိမိအနေနဲ့ ချည်သင်္ကန်းလောက်ဆိုရင် ရောင့်ရဲနိုင်ပါပြီ။

ဘာဂိနေယျ သံဃရက္ခိတ ရဟန်းပျိုဟာ ဦးရီးတော် သံဃရက္ခိတမထေရ်ကို ဆွေမျိုးအဖြစ်နဲ့ မိခင်ရဲ့အစ်ကို မိမိရဲ့ဦးရီးအဖြစ်နဲ့ ငယ်ငယ်ကတည်းက ချစ်ခင်တွယ် တာလာခဲ့သူ ဖြစ်တယ်။ ရှင်သာမဏေ ဘဝတုန်းကလည်း ဆွေမျိုးလိုပဲ ချစ်ခဲ့တယ်။

ရဟန်းပျိုအဖြစ်ရောက်တော့လည်းဥပဇ္ဈာယ်ဆရာအနေထက် ဦးရီးအနေနဲ့ပဲ လေး စားမြတ်နိုးခဲ့တယ်။ အဆုံးအမကို နာခံခဲ့ ကျိုးနွံခဲ့တယ်။ မိမိဦးရီးတော်ဟာ အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာကြီးဖြစ်နေတာကို မသိရှာပါဘူး၊ ပုထုဇဉ်များက ရဟန္တာ ပုဂ္ဂိုလ်ကို မသိနိုင်ကြဘူး။ ရဟန္တာအချင်းချင်းမှ သိတော်မူနိုင်ကြတယ်။

အဘိညာဉ်ခြောက်ပါးဆိုတာက -

၁။ ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့ အထူးမြင်တတ်သောဉာဏ်။
၂။ ဒိဗ္ဗသောတအဘိညာဉ် = နတ်နားကဲ့သို့ အထူးကြားတတ်သောဉာဏ်။
၃။ ပရစိတ္တဝိဇာနန အဘိညာဉ် = သူတစ်ပါး၏စိတ်ကို သိတတ်သောဉာဏ်။
၄။ ဣဒ္ဓိဝိဓ အဘိညာဉ် = အထူးထူးသောတန်ခိုးကို ပြတတ်သောဉာဏ်။
၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် = ရှေးရှေးဘဝက ဖြစ်ပျက်ခဲ့သမျှကို အစဉ်အောက်မေ့နိုင်သော ဉာဏ်။

၆။ အာသဝက္ခယအဘိညာဉ် = ကိလေသာ အာသဝေါကုန်ခန်းစေတတ်သော အရဟတ္တမဂ်ဉာဏ်။

အဲသည့် အဘိညာဉ်ခြောက်ပါးအနက် အာသဝက္ခယအဘိညာဉ်မှတစ်ပါး ကျန်သော အဘိညာဉ်ငါးပါးကို သာသနာပကာလမှာဖြစ်စေ၊ သာသနာတော်တွင်းမှာဖြစ်စေ ရနိုင်ပါတယ်။ လောကသုံးပါးမှ လွတ်မြောက်နိုင်တဲ့ လောကုတ္တရာ အဘိညာဉ်မဟုတ်တဲ့ အတွက် လောကီအဘိညာဉ်လို့ခေါ်တယ်။

အရှင်ဒေဝဒတ်ဟာ အဲသည် လောကီအဘိညာဉ်ထဲက ဣဒ္ဓိဝိဓ အဘိညာဉ်နဲ့ နဂါးယောင်ဖန်ဆင်းပြပြီး အဇာတသတ် မင်းသားလေးကို စည်းရုံးသိမ်းသွင်းယူခဲ့တာပေါ့။

အာသဝက္ခယ အဘိညာဉ်ကတော့ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါများသာ ရနိုင်ပါတယ်၊ အဲသည်အကြောင်းများကိုတော့ ဦးမင်္ဂလာက အကြောင်းဆက်လို့ စပ်မိစပ်ရာ တွေးလိုက်မိခြင်း ဖြစ်ပါတယ်။

ဝါကျွတ်ပြီးတဲ့အခါ ခြေခင်းလက်ခင်း သာယာတဲ့အလျောက်၊ ဘာဂိနေယျ သံဃရက္ခိတ မထေရ်ငယ်ဟာ မဖူးမမြင်ရတာ ကြာပြီဖြစ်တဲ့ ဦးရီးတော်ရှိရာကို ထွက်လာခဲ့တယ်။ သူအမွန်အမြတ်ပြုပြီး လှူချင်တဲ့သင်္ကန်းလျာပုဆိုးလည်း ပါလာတာပေါ့။

ကျောင်းရောက်တဲ့အခါ ဦးရီးတော် မထေရ်မြတ်ကို တန်းတန်းမတ်မတ် မဖူးမြော်ရလို့ စိတ်ထဲမှာ ဟာတာတာနှင့် ဝမ်းနည်းသယောင်ယောင် ခံစားလိုက်ရပါသေးတယ်။ ဦးရီးတော်မထေရ်က ဆွမ်းခံကြွသွားနေပေသကိုး။

အဲသည်တော့ သံဃရက္ခိတ မထေရ်ငယ်က ဦးရီးတော် နေ့သန့်ရာကို တံမြက်လှည်းခြင်း၊ သုတ်သင်ခြင်း၊ ခြေဆေးရေတည်ထားခြင်း၊ ဝေယျာဝစ္စတို့ကိုပြုပြီး ပြန်ကြွလာမယ့်လမ်းအတိုင်း မျှော်နေမိတယ်။ မကြာခင် သံဃရက္ခိတ မထေရ်ကြီး ဆွမ်းခံရာမှ ပြန်ကြွလာပါတယ်။ တူတော် မထေရ်ငယ်က ကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူပါတယ်။ ခြေတော် အစုံကိုလည်း ရေဆေးသန့်စင်ပေးပါတယ်။ နေ့သန့်ရာ ထိုင်တော်မူစေပြီးတော့ သောက်ရေ များကိုလည်း ဆက်ကပ်တယ်၊ လေယပ်ကိုလည်း ခတ်ပေးတယ်။အမောအပန်း ပြေလောက်ချိန်ကျမှ –

"အရှင်ဘုရား၊ ဒီသင်္ကန်းလျာပုဆိုးဟာ ပိုးသားစင်စစ်ဖြစ်ပါတယ်၊ အလွန်နူးညံ့ပါတယ်။ ထိုပုဆိုးကို အရှင်ဘုရားအား တပည့်တော်ကပ်လှူပါတယ်" လို့လျှောက်ပြီး ကပ်လှူလိုက်တယ်။ သည်အခါမှာ ဦးရီးတော် သံဃရက္ခိတ မထေရ်ကြီးက –

"ငါ့ရှင် သံဃရက္ခိတ၊ ငါ့မှာ သင်္ကန်းပြည့်စုံတယ်၊ ငါ့ရှင်သာ သုံးဆောင်ပါ" လို့ ပြောတယ်၊ အဲဒီလိုပြောတာကို လူကြီးပီပီ လူငယ်ကို ငဲ့ညှာလို့ ပြောလိုက်တာဟု မထေရ်ငယ်က ထင်တယ်။ ဒါ့ကြောင့် "အရှင်ဘုရား၊ ဒီသင်္ကန်းလျာကို ရကတည်းက အရှင်ဘုရားကိုလှူမယ်လို့ တပည့်တော်က ပြဋ္ဌာန်းထားပြီးသားပါဘုရား၊ အလှူခံတော်မူပါ" လို့ ဒုတိယမ္ပိ လျှောက်ထားကပ်လှူပြန်တယ်။

"ငါ့ရှင် သံဃရက္ခိတ၊ ငါ့မှာ သင်္ကန်းပြည့်စုံပါတယ်၊ ငါ့ရှင်သာ သုံးဆောင်ပါ" လို့ မထေရ်ကြီးကလည်း ရှေးစကားအတိုင်း ဒုတိယမ္ပိ ပြန်၍မိန့်တော်မူတယ်။ ဘာဂိနေယျ

ရဟန်းပျိုမှာ မိမိက အမြတ်တနိုးလှူတာကို လက်မခံတဲ့အခါ စိတ်အားငယ်ပြီး ကသိကအောက်ဖြစ်မိတယ်။

"အရှင်ဘုရား ဤသို့ မပြုပါနှင့် (ဒီလိုမလုပ်ပါနဲ့) အရှင်ဘုရား သုံးဆောင်လျှင် တပည့်တော်မှာ အကျိုးရှိပါလိမ့်မည်၊ အလှူခံတော်မူပါ" လို့တတိယမ္ပိ လျှောက်ပြန်တယ်။

သံဃရက္ခိတ မထေရ်ကြီးကလည်း ရှေးနည်းအတိုင်း တတိယမ္ပိ ပယ်တော်မူပြန်တယ်။ သည်နေရာမှာ အရိယာကြီးများ၏ သန္တုဋ္ဌိသလ္လေခတရားကို သတိထားကြရမှာဖြစ်တယ်။ မိမိမှာပြည့်စုံပြီးရင် အပိုအလျှံကို လက်ခံတော်မမူတတ်ကြဘူး။ မိမိနှင့် အထိုက်အလျောက်က ပိုပြီးကောင်းမွန်နေရင်လည်း လက်မခံတတ်ကြဘူး။

အဲဒါကို ဘာဂိနေယျ ရဟန်းပျိုက သတိထားလိုက်မိဟန် မတူပါဘူး။ ဆရာတပည့်ဆိုတဲ့အနေက တူအရီးဆိုတဲ့အဖြစ်ကိုတွေးမိပြီး နွဲ့ဆိုး ဆိုးချင်လာတယ်။

"ငါက ရိုသေမြတ်နိုးလွန်းလို့ ကသိုလ်အကျိုးငှာ လှူပါတယ်။ ငါ့ဦးရီးက ငါ့အကျိုးကို မလိုလားလို့ အလှူမခံဘူး။ ငါကဖြင့် သင်္ကန်းလျာကို ရကတည်းက အကြိမ်ကြိမ်အခါခါ ပွတ်သပ်ဆုပ်နယ်ကြည့်ပြီး အတွေ့အထိကောင်းလွန်းလို့ ငါတောင်မဝတ်ရက်ဘူး။ ဒါလောက် ကောင်းတာကို သူရရင် နှစ်သက်မှာပဲ၊ ဝမ်းသာမှာပဲလို့ထင်ခဲ့တယ်။ အခု သူက အလှူမခံဘူးတဲ့၊ အလှူမခံလည်းနေပေ့၊ 'ငါသုံးချင်သုံး မသုံးချင်ရောင်းစား' ပိုက်ဆံများများတောင် ရဦးမယ်"

"ပိုက်ဆံများများရရင် ဘာလုပ်မလဲ"

"လူထွက်ပြီး မိန်းမယူမှာပေါ့"

"ဟုတ်တယ်လေ၊ သာသနာ့ဘောင်မှာ သူ့ကိုအားကိုးပြီး သဒ္ဓိဝိဟာရိက အတူတူနေလာကြတာ သူကမှာ ငါ့ကို တွယ်တာတဲ့စိတ်မရှိဘဲ၊ သူနဲ့နေလည်း အလကားပေါ့၊ လူထွက်တာပဲအေးတယ်"

"ကာမဘောဂီ လောကီဘုံသားရဲ့ စည်းစိမ်ချမ်းသာကိုပဲ ငါခံစားတော့မှာပေါ့"

"နေဦး၊ လောကမှာ အိမ်ရာတည်ထောင်၊ အိမ်ထောင်ပြုတယ်ဆိုတာ ဥစ္စာစီးပွားချမ်းသာမှ ဇနီးမယားကို ရှာရတယ်။ ဥစ္စာစီးပွားကြွယ်ဝမှ ချောမောလှပတဲ့အမျိုးကောင်းသမီးကိုရမယ်။ ပိုက်ဆံဆင်းရဲရင် နှုတ်ခမ်းပုံ့ချင်း မီးမှုတ်ရသလို ဆင်းရဲတန်းတူ အမျိုးသမီးသာ ရမှာပေါ့။ ပင်ပန်းကြီးစွာ ပရိယေသန ကိုယ်တိုင်ရှာဖွေ စားသောက်နေရတဲ့ အမျိုးသမီးဆိုရင် ရုပ်ရည်ရူပကာယ လှတဲ့သူ နည်းပါးတယ် မဟုတ်လား"

"သင်္ကန်းလျာကြီးကို ရောင်းလိုက်ရင် အသပြာ တစ်ဆယ့်ခြောက်ကျပ်တော့ရမှာပါပဲ။ အဲသည်ငွေနဲ့ ငါဘာလုပ်မလဲ၊ ကုန်ရောင်းကုန်ဝယ်လုပ်ဖို့ဆိုလည်း အရင်းငွေကနည်းလွန်းတယ်"

"ဟာ...သတိရပြီ၊ ချောချောလှလှ ဆိတ်မတစ်ကောင် ဝယ်မှာပေါ့၊ အဲသည်ဆိတ်မလေးကို အစာရေစာ ဝဝလင်လင်ရှိအောင် ညောင်ပင်များရာ တောအုပ်ထဲမှာ ငါက ထိန်းကျောင်းမယ်"

"မကြာပါဘူး၊ ဆိတ်မက ဆိတ်ကလေးနှစ်ကောင် မွေးတယ်၊ တစ်ကောင်က

အထီးကလေး တစ်ကောင်က အမကလေး၊ ချစ်စရာကောင်းလိုက်တာ လွန်လို့၊ ဆော့လိုက်တာ ခုန်လိုက်တာလည်းလွန်လို့"

"ဆိတ်သားအမိ သုံးကောင်က ပေါက်ဖွားလာလိုက်တာ နောက်တစ်နှစ်မှာဆိုရင် ခုနစ်ကောင်၊ ရှစ်ကောင်ဖြစ်လာပါလေရော၊ သူတို့ကိုထားဖို့ ငါက ခြံကလေးတစ်ခြံဆောက်ရပြီ၊ အဲသည် ခြံနဲ့ကပ်လျက် ငါနေဖို့က အိမ်ကလေးတစ်ဆောင်ပေါ့"

ဆိတ်မတွေဆီက နို့အပိုအလျှံတွေကို နေ့တိုင်းညှစ်ပြီးတော့ ဈေးမှာ သွားရောင်းတယ်။ အဲသည် ရောင်းရတဲ့ ပိုက်ဆံနဲ့ ဆိတ်မတွေ ဆိတ်သိုးတွေ ထပ်ဝယ်မယ်"

"အမယ်လေး – ဆိတ်တွေပွားလာလိုက်တာ ခြံကြီးကို ထပ်၍ ထပ်၍ ချဲ့နေရပါပကော၊ ကိုယ်တစ်ယောက်တည်း မနိုင်လို့ လူငှားတွေ လေးငါးယောက် ငှားထားရတယ်၊ ညောင်တန်းအုပ်ကလေးရှိရာကို ဆိတ်အကောင်သုံးလေးရာ မောင်းသွားတဲ့အခါ ငါ့ကိုမြင်တဲ့လူတိုင်းက 'ဆိတ်သူဌေးဘာဂိနေယျ၊ ကျန်းခန့်သာလို့ မာရဲ့နော်' လို့ အရေးတယူနှုတ်ဆက်ကြတယ်။

"ငါ့နာမည်ဟာ သာဝတ္ထိမြို့ကြီးအထိ ထင်ရှားကျော်ကြားလာတယ်။ 'အဲသည်လို ပစ္စည်းပြည့်စုံ နာမည်လည်း ထင်ရှားလာတဲ့အခါကျတော့မှ သာဝတ္ထိမြို့က သူကြွယ်တစ်ဦးရဲ့သမီးကို တောင်းရမ်းပြီး ကြီးကြီးကျယ်ကျယ် လက်ထပ်လိုက်မယ်"

"သတို့သမီးကို ကိုယ့်ရွာအရောက် ဆောင်ကြဉ်းခဲ့တဲ့ အခမ်းအနားမှာ သတို့သမီးရဲ့ ဝေါယာဉ်ရှေ့က ပန်းတွေ, ပိုက်ဆံတွေကြဲလို့၊ အတီးအမှုတ်အကအခုန်တွေနဲ့ စည်ကားလွန်းလို့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရွာသူရွာသားတွေ အကုန်လုံး ထွက်ကြည့်ကြရတယ်၊ သူကြွယ်ရဲ့သမီးက သုဘဒ္ဒါလို့ အမည်ရှိတယ်"

"သုဘဒ္ဒါဆိုတဲ့အတိုင်း ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံပါတယ်။ အိမ်သူမယားရဲ့ ဝတ္တရားကိုလည်း ကျေပွန်ပါတယ်၊ ငါ့အိမ်ကလည်း ကြီးကျယ်ခမ်းနားစွာ ဆောက်ထားပြီးတော့ အခြွေအရံ အသင်းအပင်း အနိုင်းအစေတွေနဲ့ပေါ့"

"ငါတို့လင်မယားကို နေနဲ့လ၊ ရွှေနဲ့မြကဲ့သို့ လိုက်ဖက်တင့်မောပါပေတယ်လို့ ချီးမွမ်းကြတယ်။ ဒါဟာ သူတို့က မြှောက်ပင့်ပြောကြတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ငါတို့ လင်မယား တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်၊ ယုယုယယနဲ့ ပျော်ရွှင်နေရတာကတော့ အမှန်ပါပဲ"

"သည်လိုနဲ့ ငါတို့မှာ ကလေးတစ်ယောက်ရတယ်။ အလွန်ချစ်စရာကောင်းတဲ့ သားဦး ရတနာကလေးပေါ့၊ ထိုင်နိုင်တဲ့ အရွယ်ရောက်တော့ သုဘဒ္ဒါက သူ့မိဘရှိရာ သာဝတ္ထိကို သူတို့ရဲ့မြေးကလေး ပြရအောင် သွားချင်ပါသတဲ့"

"ဟုတ်တာပေါ့၊ သမီးအချစ်–မြေးအနှစ် တဲ့လေ"

"ဒါ့ကြောင့် နွားကြန်စုံတပ်ပြီး ခြောက်စထောင် လှည်းယာဉ်ကလေးကို ကိုယ်တိုင်မောင်းပြီး မယားနဲ့သားကို ဘေးမှာထားလို့ ပျော်ပျော်ရွှင်ရွှင် ထွက်ခဲ့တယ်"

"သူ့အမေ ရင်ခွင်ထဲက သားလေးမှာလည်း မြူးလို့၊ ပျော်လို့"

"ငါက သားကလေးကို ရင်ခွင်ထဲထားပြီး လှည်းကို မောင်းချင်တယ်"

"သား ဖေဖေ့ဆီ လာပါဦးကွ" လို့ သူ့အမေရင်ခွင်ထဲက ပွေ့ယူလိုက်တယ်၊ သားလေးကလည်း 'ခိုးခိုးခစ်ခစ်'နဲ့ အသံကလေးများထွက်အောင် ရယ်မောပြီးပါလာတယ်။ အဲလို ကလေးကိုယူလိုက်တဲ့အချိန်ကလေးမှာ နွားကြိုးကို လက်ကလွှတ်လိုက်တော့ (အတိုင်ဘက်က) ရွှေဝါက တစ်ဖက်ကို ဆွဲသွားလို့ လှည်းလမ်းဘေး ချော်တက်သွားတယ်၊ အဲသည်မှာ သုဘဒ္ဒါက -

"လှည်းသာ ဖြောင့်ဖြောင့် မောင်းစမ်းပါ မောင်ရယ်၊ ပေးပါသားသားကို" လို့ ဆိုပြီး သားကို ငါ့လက်ထဲက ယူလိုက်တယ်။

"သားက ငါ့လက်ထဲမှာပဲ နေချင်လို့ အမေ့လက်ထဲမှ လူးလွန့် ကော့ထိုးလိုက်တယ်"

မအေက သားကိုမနိုင်ဘဲ လှည်းအောက်ကို လွတ်ကျသွားတယ်။

"အမယ်လေး -"

အဲသည်လို အော်လိုက်တဲ့အချိန်မှာတော့ သားလေးကို လှည်းဘီးက နင်းမိပြီးပြီ။

သည်လောက် မိုက်လုံးကြီးတဲ့မိန်းမကို ငါဘာပြောနေဖို့ လိုမလဲ။

လက်ထဲက ကြိမ်တံဖျားနှင့် ဆက်ကာဆက်ကာ ရိုက်နေတာပေါ့။

"ဟော -"

ဘာဂိနေယျ သံဃရက္ခိတ မထေရ်ငယ်သည် ဦးရီးတော် မထေရ်ကြီး၏ ဦးခေါင်းတော်ကို လေခတ်ပေးနေသော ထန်းရွက်ယပ်ဝန်းဖြင့် အကြိမ်ကြိမ်ရိုက်၍ပုတ်ခတ်နေမိပေပြီ။

သံဃရက္ခိတ ရဟန္တာမထေရ်သည် သူ၏တူတော် ရဟန်းငယ်၏စိတ်အစဉ်ကို ဉာဏ်အဘိညာဉ်ဖြင့် ဆင်ခြင်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် -

"ဘယ့်နှယ်လဲ ငါ့ရှင် သံဃရက္ခိတ၊ ကိုယ့်မယားကိုတော့ မရိုက်ဘဲ အပြစ်မရှိတဲ့ ငါ့ခေါင်းကို ဘာပြုလို့ ရိုက်ရတာလဲကွယ်" လို့ မိန့်တော်မူလိုက်တယ်။

အဲသည်မှာပဲ သံဃရက္ခိတမထေရ်ငယ်ဟာ အရှက်ကြီးရှက်ပြီး ထွက်ပြေးတယ်။ သီတင်းသုံးဖော်ရဟန်း၊ သာမဏေများက လိုက်ဖမ်းကြတယ်။ လူထွက်မယ် တကဲကဲ လုပ်နေလို့ နောက်ဆုံးမှာ ဘုရားထံခေါ်ခဲ့ကြရတယ်။

မြတ်စွာဘုရားက ရဟန်းနှင့်သာမဏေငယ်များကို မေးတော်မူတယ်။

"သာသနာတော်မှ လူထွက်မည်ပြု၍ ခေါ်ခဲ့ပါသည်ဘုရား" လို့ လျှောက်ကြတယ်။

"ချစ်သားရဟန်း၊ အဘယ့်ကြောင့် ဝန်လေးသောအမှုကိုပြုရသလဲ၊ ငါဘုရား၏ သာသနာတော်မှာ သောတာပန်ဟူ၍လည်းကောင်း၊ သကဒါဂါမ်ဟူ၍လည်းကောင်း၊ အနာဂါမ်ဟူ၍လည်းကောင်း၊ ရဟန္တာဟူ၍လည်းကောင်း ဆိုနိုင်လောက်အောင် မစွမ်းဆောင်နိုင်ဘဲ၊ စိတ်လျှော့ပြီး အဘယ့်ကြောင့် လူထွက်ချင်ရတာလဲ" ဟု မေးတော်မူတယ်။

သံဃရက္ခိတ မထေရ်ငယ်က -

ဝါဆိုသင်္ကန်းအလို့ငှာ ပုဆိုးကိုရသည်မှစ၍ ဦးရီးတော်အား ကပ်လှူသည်ကို အလှူမခံခြင်းကြောင့် တွေးမိတွေးရာ ကြံစည်ရာက ဦးရီးတော်မထေရ်၏ ဦးခေါင်းကို

ပုတ်ခတ်မိသည်အထိ မိမိ၏ ဖောက်ပြားသော စိတ်အစဉ်ကို အမှန်အတိုင်း မြတ်စွာဘုရားအား လျှောက်တင်လိုက်တယ်။

မြတ်စွာဘုရားက ပဋ္ဌင်းငယ်ကို ဤသို့ ခေါ်တော်မူလိုက်တယ်။

"ချစ်သားရဟန်း လာခဲ့လော့ -"

သုံးလောကထွတ်ထား၊ သဗ္ဗညုတ မြတ်စွာဘုရားက ဤသို့အရေးတယူ အပါးတော်သို့ ခေါ်ယူလိုက်ခြင်းခံရသောသူသည် အဘယ်မျှ ပီတိသောမနဿ ဖြစ်လိုက်မည်လဲ၊ ထိုစိတ်ကပင် တရားထူးရရန် တစ်ဝက်သေချာသွားပေပြီ။

"ချစ်သား၊ အထူးထူး အထွေထွေ မကြံစည်လေနဲ့၊ ဤစိတ်မည်သည်ကား ဝေးသောအရပ်၌ ထင်ရှားရှိသော အာရုံကိုလည်း လက်ခံတတ်သော သဘောရှိတယ်၊ ရာဂ ဒေါသ မောဟဟူသော အနှောင်အဖွဲ့မှ လွတ်စေရန် လုံ့လပြုသင့်တယ်" ဟု မိန့်တော်မူပြီး အထက်ပါဂါထာကို ဟောတော်မူခြင်း ဖြစ်တယ်။

ဦးမင်္ဂလာသည် ဤဓမ္မပဒဝတ္ထုနှင့် သဘောချင်းတူသော ပုံဝတ္ထုတစ်ခုကို ငယ်စဉ်က ကျောင်းမှာ သင်ခဲ့ရဖူးသည်။ ဝတ္ထုအမည်က 'လေထဲ၌ တိုက်အိမ်ဆောက်သော ဖန်ခွက်သည် အကြောင်း' ဟူ၏။

တောင်းတစ်ခုနှင့်ထည့်၍ ဖန်ခွက်များကို ရောင်းနေသော ကုန်သည်ငယ်တစ်ယောက်သည် ဈေးဝယ်သူနည်းပါးသဖြင့် ပျင်းရိထိုင်းမှိုင်းစွာ ရောက်တတ်ရာရာကို တွေးနေမိလေသည်။ ထိုဖန်ခွက်များကို အဆမတန်သော ဈေးနှုန်းဖြင့် ရောင်းချရပြီးသည့်နောက် တိုးတက်ကြီးပွားလာကာ လူချမ်းသာကြီး ဖြစ်လာလေ၏။

အလွန်မြင့်မားသော တိုက်ကြီးနှင့် ချောမောလှပသော မယားကို ရခဲ့လေ၏။ ထိုမယားနှင့် သားကလေးတစ်ယောက်ရသောအခါ လေးဖက်တွားသော သားကလေးသည် မိခင်လက်မှထွက်၍ ဆော့ကစားရာက လှေကားမှ ကျသွားလေ၏။

သူဌေးကြီးက အလွန်စိတ်ဆိုးသည်ဖြစ်၍ -

"နင်ပါကျပြီးသေရင် ကောင်းတယ်" ဟု မယားအား ခြေနှင့်ကန်ချလိုက်သည်။

ဤစိတ်ကူးအတိုင်း စိတ်နောက်ကိုယ်ပါ ဆောင့်၍ ကန်လိုက်မိရာ ဖန်ခွက်တောင်းကြီးကိုကန်မိ၍ ဖန်ခွက်တွေ အားလုံးကွဲမှ ဖန်ခွက်သည် 'ငနဲ' သည် ငိုပွဲကြီးဆင်ရလေသတည်း။

ထိုပုံပြင်ဝတ္ထုမှာ စိတ်နှင့်ပတ်သက်၍ အတိအကျ၊ အဆုံးအမ၊ ဥပဒေသဟူ၍ကား မပါရှိပါလေ။

နောက်တစ်ခု ဦးမင်္ဂလာ တွေးမိသည်။

ယခုကဲ့သို့ ကြံစည်စိတ်ကူးသော စိတ်အလျဉ်နှင့် အိပ်မက်မက်သော 'စိတ်အလျဉ်' ကို နှိုင်းယှဉ်ရလျှင် (စိတ်ချင်းမတူ၍လား မသိ) 'အိပ်မက်စိတ်အလျဉ်' က မြန်လွန်းလှပါဘိသည်တကား။ ။

* * *

(၇)

# ဖောက်လွဲဖောက်ပြန်လုပ်တတ်သောစိတ်

အနဝဋ္ဌိတ စိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝ ပသာဒဿ၊ ပညာ န ပရိပူရတိ။
အနဝဿုတ စိတ္တဿ၊ အနန္ဝာဟတ စေတသော။
ပုညပါပ ပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

အနဝဋ္ဌိတ စိတ္တဿ = တည်တံ့သောစိတ် မရှိထသော၊ သဒ္ဓမ္မံ = သူတော်ကောင်းတရားကို၊ အဝိဇာနတော = မသိတတ်သော၊ ပရိပ္လဝ ပသာဒဿ = နည်းပါးသောကြောင့် ပက်လက်ပေါလောမျောသော သဒ္ဓါယုံကြည်ခြင်းရှိသော၊ ပုဂ္ဂလဿ = ပုဂ္ဂိုလ်အား၊ ပညာ = လောကီ လောကုတ္တရာ ပညာသည်၊ နပရိပူရတိ = မပြည့်စုံ။

အနဝဿုတ စိတ္တဿ = ရာဂဖြင့် မစွတ်စိုသောစိတ်ရှိထသော၊ အနန္ဝာဟတ စေတသော = ဒေါသဖြင့် မထိပါးသော စိတ်ရှိထသော၊ ပုညပါပ ပဟီနဿ = ကောင်းမှု မကောင်းမှုကို ပယ်ပြီးထသော၊ ဇာဂရတော = သဒ္ဓါစသောငါးပါးသော နိုးကြားခြင်းဂုဏ်နှင့် ပြည့်စုံထသော၊ ခီဏာသဝဿ = ရဟန္တာ ပုဂ္ဂိုလ်အား၊ ဘယံ = ကိလေသာဟူသော ဘေးရန်သည်၊ နတ္ထိ = မရှိ။

ဓမ္မပဒ - ဂါထာ - ၃၈၊ ၃၉။

မခိုင်တည်သော စိတ်ရှိထသော၊ သူတော်ကောင်းတို့၏ တရားကို မသိထသော၊ စိတ်၏ အကြည်ဓာတ် တုန်လှုပ်ချောက်ချား၍ နေထသောသူအား ပညာသည် မပြည့်။

ရာဂဖြင့် မစွတ်စိုသော စိတ်ရှိထသော၊ ဒေါသဖြင့် မရိုက်ခတ်သော စိတ်ရှိထသော၊ ကောင်းမှု - မကောင်းမှုတို့ကို ပယ်ပြီးထသော၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးထပြီးသောသူအား ဘေးသည်မရှိ။

ဦးမင်္ဂလာသည် ဤဂါထာ၌ မြတ်စွာဘုရားသခင် ဟောဖော်တော်မူသော စိတ်တစ်မျိုးကို တွေ့ရပါသည်။

ထိုစိတ်ကား - ခြေဖဝါးကဲ့သို့ တသမတ်တည်းမနေဘဲ လက်ဖဝါးကဲ့သို့ မှောက်ချည်လှန်ချည် ပြောင်းတတ်သောစိတ်၏ သဘာဝတစ်မျိုးဖြစ်သည်။

ထွေထွေရာရာကို ကြံစည်တတ်သောစိတ်၊ အကြောင်းအရာတစ်ခုတွင်သာ စူးစိုက်နစ်မြုပ်အောင် ကြံစည်တတ်သောစိတ်တို့နှင့် မတူသော စိတ်တစ်မျိုးမှာ အကြောင်းအရာ

တစ်ခုဒ္ဓ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ 'ရှုံ့ချည်နှပ်ချည်'၊ 'ခုတစ်မျိုး ခုတစ်မျိုး' ဖောက်ပြန်တတ်သောစိတ်ကို ယခုဂါထာဒ္ဓ ဖော်ပြထားခြင်း ဖြစ်လေသည်။

လူတို့သည် တွေဝေတတ်သောမောဟကို အပြတ်အသတ် အနိုင်မယူနိုင်သမျှ ကာလပတ်လုံး မျက်လှည့်ဆရာ၏ အတတ်ပညာကို အထင်ကြီးစွာ လက်ခံယုံကြည်နေကြသူများကဲ့သို့ ဖြစ်နေကြသည်။

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်၏ အစွန်အဖျား မထင်ရှားသော ရွာတစ်ရွာတွင် သားမယားနှင့် ပင်ပန်းကြီးစွာ ဝမ်းစာရှာစားနေရသော လယ်သမားတစ်ယောက်သည် နွားပျောက်၍ လိုက်လံရှာဖွေရာ ရွာနှင့်အတန်ကွာသော ရဟန်းကျောင်းများကို ရောက်သွားလေသည်။ မွန်းတည့်ချိန်ဖြစ်၍ အလွန်ဆာလောင်လှသောကြောင့် ရဟန်းများထံသို့ ချဉ်းကပ်ကာ ဆွမ်းကျန် ဟင်းကျန်ကလေးများကို တောင်း၍ စားရသည်။ ရဟန်းများ၏ဆွမ်းမှာ ဆန်ရင်းဆန်ကောင်းများနှင့် ချက်ထားသော ထမင်းများဖြစ်သည်။ ဟင်းတွေကလည်း ဆီနှင့်ပျားနှင့် အသားသီးနှံပွဲရံ စုံလင်လှသည်။ ဝမ်းကလည်းဟာ၊ ခပ်ဆာဆာနှင့် အရသာရှိလှသော ထမင်းများကို စားပြီးလျှင် ရဟန်းတော်များအား ဤသို့ မေးလျှောက်ကြည့်သည်။

"အရှင်ဘုရားများ နေ့တိုင်းနေ့တိုင်း ဒီလိုဆွမ်းမျိုး၊ ဒီလိုဟင်းမျိုး အမြဲခံယူနိုင်ကြပါသလား"

"အို...ဒါယကာ၊ မြတ်စွာဘုရား၏ သာသနာတော်က နေလို လလို ထင်ရှားနေတဲ့ဟာ ရဟန်းဘိက္ခုတို့မှာ ဆွမ်းအတွက် ဘယ်ကြောင့်ကြစရာ ရှိလိမ့်မလဲ၊ နေ့စဉ်နေ့တိုင်း ယခုလို ဆွမ်းကောင်းဆွမ်းမွန်များသာ ခံယူကြရပါတယ်"

ရဟန်းတော်တို့၏ စကားကိုကြားရသော ထိုအမျိုးသားသည် –

'ငါက ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ မဟုတ်လို့ ရဟန်းများကို ဆွမ်းမလောင်းဖူးလို့ မသိတာနေမှာပေါ့၊ ရွာတိုင်း ရွာတိုင်းက ဗုဒ္ဓဝါဒီများကတော့ သူတို့ သူတို့ရဲ့ စားဦးစားဖျား ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ ဆွမ်းဘောဇဉ် အာဟာရတွေကို သဒ္ဓါဒေယျနဲ့ အမြဲလှူနေကြတာပါကလား၊ ဒီလိုဆိုရင် ရဟန်းများမှာ တစ်ဝမ်းတစ်ခါးတွက်တော့ တစ်သက်လုံး ပူစရာ မလိုတော့ပါဘူး၊ ငါ့မှာဖြင့် မယားနှင့်စားဖို့ နေ့ရှိသမျှ ပင်ပန်းကြီးစွာ လုပ်ကိုင်နေရတယ်၊ တကယ်လို့ မယားကိုစွန့်ပြီး ရဟန်းလုပ်နိုင်ရင် ငါ့အတွက်တော့ ပရိယေသနဒုက္ခတို့မှ တစ်သက်လုံး ကင်းသွားမှာပဲ၊ မယားကို တွယ်တာနေလို့၊ စုံမက်နေလို့ အပင်ပန်းခံပြီး ရှာကျွေးနေရတာ ပင်ပန်းတာနဲ့ ချစ်ခင်ရတာ မမျှနိုင်လောက်အောင်ပါပဲ၊ ငါစွန့်တော့မယ်၊ ငါစွန့်လို့ သူမငတ်ပါဘူး၊ သူ့မိဘက ကျွေးလိမ့်မပေါ့'

လယ်သမားက ယခုလိုတွေးပြီး မိမိအား ရဟန်းပြုပေးပါရန် ဘိက္ခုများထံ တောင်းပန်သည်။ ရဟန်းတော်များက ယေယ်သမားအား ရတနာသုံးပါးကို ယုံကြည်ပြီး သဒ္ဓါပဗ္ဗဇိတထင်၍ ရဟန်းပြုပေးလိုက်သည်။ လယ်သမားရဟန်းသည် တရားဘာဝနာတွင် စိတ်မဝင်စားသော်လည်း ကျောင်းများ၏ ဝေယျာဝစ္စတို့ကိုသော်လည်းကောင်း၊

ရဟန်းတို့၏ ဝေယျာဝစ္စတို့ကိုသော်လည်းကောင်း ကျေပွန်သူဖြစ်ခြင်းကြောင့် အလွန်ခင်မင်နှစ်သက်ကြကုန်သည်။

ရဟန်းအဖြစ်ဖြင့် ဆွမ်း ဘောဇဉ် အာဟာရကောင်းများကို သုံးဆောင်ခဲ့ရ၍ အဆီအသား ပွားတိုးလာသော လယ်သမားသည် မယားကို ပြန်၍အောက်မေ့လွမ်းဆွတ်လာလေ၏။

သတိမဝင် ပစ္စဝေက္ခဏာမတင်ဘဲ သုံးဆောင်သော အမြိုက်အရသာဆွမ်းများ၏ ဩဇာသည် ရာဂဖြစ်၍ ထိုးကျင့် နှိပ်စက်တတ်လေပြီ။

ငယ်စဉ်ကတည်းက အိမ်ရာတည်ထောင် လူ့ဘောင်သို့ မဆင်းသက်ခဲ့ဘဲ ပဗ္ဗဇိတ ဥပသမ္ပဒကံဆောင်သော (ငယ်ဖြူ) ရဟန်းသည် ထိုရာဂ၏ အန္တရာယ်ကို ကွင်းရှောင်ရန် လွယ်ကူနိုင်သော်လည်း သားမယားနှင့် ကာမဘောဂီ လောကီချမ်းသာ (အတု) ကို ခံစားခဲ့ဖူးသော (တောထွက်) ရဟန်းများ၌ သီလသံဝရ, ဣန္ဒြိယသံဝရတို့ကို လုံခြုံအောင် စောင့်ထိန်းရာတွင် မာရ်နတ်၏ စစ်သည်တော်များက မခံမရပ်နိုင်အောင် ထိုးစစ်ဆင်တတ်ကြသည်။

သေသောက်ကြူးသူသည် ချဉ်စော်ပူစပ်သော သေအရက်ကို မရွံခြင်း၊ ဘိန်းစားသည် စိမ်းရွှေရွှေ စပ်ခါးခါးဖြစ်သော ဘိန်းကို မရွံတတ်ခြင်း၊ ငါးပိကြိုက်သူသည် ပုပ်ဟောင်သော ငါးပိကို မရွံတတ်ခြင်း၊ အန္ဓပုထုဇဉ်တို့သည် အသုဘဖြစ်သော အတ္တဘောကို မရွံတတ်ခြင်းဟု မရွံတတ်သူလေးဦးကို မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာကြီးတွင် ဤသို့ စပ်ဆိုထားသည်။

> "လူတွင် အထူး၊ သောက်ထုတ်ကြူးတို့၊ အမူးအမက်၊ သေအရက်၌၊ နှစ်သက် လိုလား၊ သောက်စားမြဲမြဲ၊ ခါတရံမျှ၊ မရွံတတ်ခြင်း။ နံဖျင်းလွန်စွာ၊ ပညာရှားပါး၊ လူ့ဘိန်းစားလည်း စပ်ခါးစိမ်းဆွဲ၊ ဘိန်နံ့နံကို၊ မရွံတတ်ခြင်း။ ခံတွင်းလျှာကျိုး၊ တစ်မျိုး စရိုက်၊ ငါးပိကြိုက်သူ၊ ထိုသည့်လူလည်း၊ သိုးအူနံ့လှောင်း၊ ထောင်းထောင်း ပွက်လျံ၊ ငါးပုပ်နံ့ကို၊ မရွံတတ်ခြင်း။ အလင်းမယှဉ်၊ ပုထုဇဉ်တို့၊ အစဉ်မိုက်မှား၊ တဏှာအားဖြင့်၊ ယောကျ်ားမိန်းမ၊ ကိုယ်ကာယ၏၊ အသုဘစစ်၊ ပုပ်ဟောင်ညစ်ကို၊ လွန်ချစ်ရောပြွံ၊ သက်လုံးနှံ၍၊ မရွံတာတ်ခြင်း၊ ဤလေးသင်းကား၊ မယွင်းတူမျှ၊ ဟူစကြ၏"

လယ်သမားမှဖြစ်သော တောထွက်ရဟန်းသည် မယားဟောင်းကို အောက်မေ့လွမ်းဆွတ်လာသောကြောင့် သိတင်းသုံးဖော်များထံ တောင်းပန်၍ လူထွက်ကာ မိမိအိမ်ရာသို့ ပြန်ခဲ့လေပြီ။

မယားထံ ပြန်ရောက်သည်ဆိုလျှင်ပင် မယားစာ သားစာအတွက် နွားနှင့်ဖက်၍ ရုန်းကန်ရပြန်လေသည်။ ပင်ပန်းလိုက်သည်မှာ ပြောဖွယ်ရာမရှိ။ စားရသည်မှာလည်း ထမင်းကောင်း ဟင်းကောင်း မဟုတ်၊ တောရွာဇနပုဒ်အလိုက် မသေထမင်း မသေဟင်းများသာ ဖြစ်ချေသည်။

တစ်ရက်မှသည် နှစ်ရက်၊ နှစ်ရက်မှသည် သုံးရက်လွန်သောအခါ အာဟာရမှ ချို့တဲ့၍ ပိန်လှီသောခန္ဓာကိုယ် ဖြစ်လာခဲ့သည်။ လူ့ဝတ်ကြောင်၏ ဒုက္ခနှင့် ရဟန်းတို့၏ သုခကို နှိုင်းယှဉ်မိပြန်သည်။ ထို့ကြောင့် အနေဆင်းရဲ အစားဆင်းရဲသောအိမ်မှ ထွက်ခဲ့ပြီးကာ ရဟန်းများထံ ရောက်ခဲ့ပြန်သည်။

"တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဦး" ဟု တောင်းပန်ပြန်သည်။ ရဟန်းတို့ကလည်း သံဝေဂရလာပြီဟု ထင်မှတ်ကာ ရဟန်းပြုပေးကြပြန်သည်။ ရဟန်းဖြစ်ပြန်တော့လည်း ကျောင်း၏ ဝေယျာဝစ္စ၊ ရဟန်းတို့၏ ဝေယျာဝစ္စများကို တစ်စုံ တစ်ခုမျှ လစ်ဟင်းခြင်း မရှိရလေအောင် ဆောင်ရွက်နေသဖြင့် ရဟန်းများက နှစ်ထောင်းအားရ ရှိကြရပြန်သည်။

ဆွမ်းကောင်းဟင်းကောင်းနှင့် ကိုယ်စိတ်ချမ်းသာ ကျန်းမာတောင့်တင်းလာပြန်သောအခါ သိက္ခာချ၍ မိန်းမထံ ပြန်သွားပြန်လေသည်။ ဤသို့နှင့် သာသနာတော်ကို 'ထွက်ချည်ဝင်ချည်' လုပ်ကာ အိမ်နှင့်ကျောင်း တစ်လှည့်စီ နေခဲ့လေ၏။

ထိုသို့ စိတ်သွားရာကိုယ်ပါ အကြိမ်ကြိမ် အခါခါ သွားလိုက်ပြန်လိုက် လုပ်နေရကား ရဟန်းတို့သည် ရဟန်းလူထွက်အား စိတ္တဟတ္ထဟု အမည်ပေးကြသည်။

အဓိပ္ပာယ်မှာ စိတ်သွားရာ အာရုံသို့လိုက်တတ်သော (ဝါ) စိတ်အလိုသို့ လိုက်တတ်သောသူဟူသတည်း။

ထိုအမျိုးသားသည် ရဟန်းဘဝ၊ လူ့ဘဝသို့ ခဏခဏ တုံ့ခေါက်မကြာ လူးလာစဉ်ပင် မယားကိုယ်ဝန်ရှိခဲ့လေ၏။

တစ်နေ့သောအခါ ခုနစ်ကြိမ်မြောက် ရဟန်းအဖြစ်ကို တောင့်တမိပြန်သည်။ လယ်တောသို့ ထွန်နှင့်နွားကို ထားခဲ့ပြီးကာ သိမ်းထားသော မိမိသင်္ကန်းကိုယူရန် အိမ်သို့ ပြန်ခဲ့လေသည်။

မယားဖြစ်သူသည် ရင့်မာသောကိုယ်ဝန်ကြီးဖြင့် အိပ်ခန်းတွင်း၌ ပစ်စလက်ခတ် အိပ်ပျော်နေရာ ဝတ်သောအဝတ် ကင်းကျွတ်လျက်ရှိ၏။ ခံတွင်းမှလည်း အရီအရွဲ ယိုစီးနေ၏။ နှာခေါင်းမှ တရှူးရှူး အသံမည်၏။ ခံတွင်းသည် ဟင်းလင်းပွင့်လျက်နေ၏။

စိတ္တဟတ္ထ အမျိုးသားသည် ထိုမိန်းမအား ဖူးဖူးယောင်သော အကောင်ပုပ်၏ ကိုယ်ကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ်ဟု ထင်လာလေ၏။ 'ဤခန္ဓာကိုယ်ကား အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခသဘောရှိ၏' ဟု အမှတ်သညာကိုရ၍ 'ငါသည် ဤမျှလောက်သော ကာလပတ်လုံး ရဟန်းပြုပြီးလျှင် ဤမိန်းမကို အမှီပြု၍ ရဟန်းအဖြစ်၌ တည်တံ့ခြင်းငှာ မတတ်နိုင်။ ဤတစ်ခါကား သူ့ကို အာလယပြတ်သဖြင့် ရဟန်းဘဝတွင် မြဲတော့အံ့' ဟု ရင်ခွင်၌ သင်္ကန်းကို ကပ်ကာ အိမ်မှထွက်သွားလေ၏။

ထိုယောက်ျား၏အိမ်နှင့် မနီးမဝေးတွင်နေသော ယောက္ခမသည် သမက်ထွက်သွားသည်ကို မြင်လိုက်သဖြင့် –

'အင်း...ငါ့သမက်တော့ ရဟန်းတစ်ခါပြုဖို့ ထွက်သွားပြန်ပါပကော၊ သူ့မယား

သိမှ သိပါလေစ' ဟု သမီးကိုပြောရန်လာခဲ့ရာ ပိုးလိုးပက်လက် ပစ်စလက်ခတ် အိပ်ပျော်နေသော သမီးကိုမြင်လျှင် မိမိ၏သမက်သည် 'ဒီတစ်ခါဖြင့် စက်ဆုပ်ရွံရှာသွားလေပြီ' ဟု အကဲခတ်နိုင်လေသည်။

ထို့ကြောင့် သမီးကိုနှိုး၍ ပြောသောအခါ သမီးက စိုးစဉ်းမျှ သောကမဖြစ်ဘဲ–

"အမေကလည်း ပူတတ်ရန်ကော၊ အမေ့သမက်က နှစ်ရက်သုံးရက်တစ်ခါ ရဟန်းလုပ်လိုက်၊ အိမ်ပြန်လိုက်နဲ့ အပျော်တမ်း ရဟန်းဝတ်နေတာပါ၊ သန်ဘက် ဖိန်းနွဲ့ကျရင် ကတုံးလေးပွတ်ပြီး ပြန်လာမှာပါအမေရဲ့" ဟု အိပ်ချင်မူးတူးနှင့် ပြန်ပြောလေသည်။

စိတ္တဟဋ္ဌ အမျိုးသားသည် ကျောင်းသို့သွားရာ လမ်းခရီးမှာပင် 'အနိစ္စ၊ ဒုက္ခ' ကို ဆင်ခြင်၍ သောတာပန်ဖြစ်သွားလေသည်။ ကျောင်းရောက်၍ ရဟန်းများကို ရဟန်းပြုပေးပါရန် တောင်းပန်သည့်အခါ 'တန်ပါတော့ အမောင် စိတ္တဟဋ္ဌရယ်၊ အသင်ရဟန်းဝတ်တာက ရှုံ့ချည်နှပ်ချည်၊ ဝင်လိုက်ထွက်လိုက်နှင့် ဆံချပေးရတာ အကြိမ်အခါ များလွန်းတော့ သင့်ဦးခေါင်းဟာ သင်တုန်းဓားသွေးတဲ့ ဓားသွေးကျောက်နှင့်တောင် တူနေပါပြီ၊ ငါတို့ကို အမှုမရှာချင်ပါနဲ့တော့" ဟု ငြင်းဆန်ကြလေသည်။

စိတ္တဟဋ္ဌက "တပည့်တော်အား သနားသဖြင့် ဤတစ်ခါသာ ရဟန်းပြုပေးတော်မူကြပါကုန်၊ သက်န်းဝတ်ဖြင့် အရိုးထုပ်ပါတော့မည်ဘုရား" ဟု အခိုင်အမာ လျှောက်ထားလေသည်။

ရဟန်းများက "သူလျှောက်တင်သည့်အတိုင်း မြဲလဲမြဲရော့၊ မမြဲလို့ လူထွက်ပြန်လည်း ရဟန်းအဖြစ်နှင့်နေတုန်းကာလလေးမှာ သံဃာ့ဝေယျာဝစ္စ၊ ကျောင်းပရိဝုဏ်ဝေယျာဝစ္စတို့ကို စေ့စေအောင် လုပ်ပေးလေ့ရှိပေသားပဲ" ဟု ရဟန်းပြုပေးကြပေသည်။

စိတ္တဟဋ္ဌမထေရ်သည် သောတာပန်အခြေခံမဂ်သို့ ဆိုက်ပြီးခဲ့သည် ဖြစ်ခြင်းကြောင့် ရဟန်းပြု၍ နှစ်ရက်သုံးရက်မျှအကြာတွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအစစ်ဖြစ်သွားလေ၏။

ဤတစ်ခါကား – လက်ဖဝါးလိုမှောက်ချည်လှန်ချည် ဖောက်ပြန်တတ်သည့်စိတ်ကို ပြတ်ပြတ်သားသား အနိုင်ယူလိုက်ခြင်း ဖြစ်ပေသတည်း။ ဥပဇ္ဈာယ်ဆရာမှစ၍ သီတင်းသုံးဖော် ရဟန်းများသည် ဤတစ်ခါတွင်ကား သာသနာ၌ အနေကြာသော စိတ္တဟဋ္ဌ မထေရ်အား အံ့ဩနေကြသည်။ အထူးအဆန်း ဖြစ်နေကြသည်။

"ဘယ့်နှယ်လဲ ငါ့ရှင်၊ သည်တစ်ခါတော့ ခပ်ကြာကြာလေးနေသားပဲ၊ ဘယ်တော့လောက် မိန်းမထံ ပြန်သွားဦးမှာလဲ" ဟု ကျီစယ်ကြသည်။ အာသဝေါကင်းကွာနေသော ရဟန်းဖြစ်ကြောင်း မရိပ်မိကြ၍ဖြစ်သည်။

"အရှင်ဘုရားတို့၊ ယခင့်ယခင်က ပေါင်းသင်းဆက်ဆံလိုသော စိတ်ရှိသည်ဖြစ်၍ ပြန်သွားခဲ့ရခြင်း ဖြစ်ပါသည်။ ယခုအချိန်မှာတော့ ပေါင်းသင်းဆက်ဆံခြင်းသည် တပည့်တော်အား ပြတ်ခဲ့ပါပြီ၊ ထို့ကြောင့် မသွားသောသဘောရှိသောသူတို့အတိုင်း ဖြစ်ရပါပြီ" ဟု တည်တည်ငြိမ်ငြိမ် လျှောက်ထားလိုက်သည်။

ထိုစကားသည် သိတင်းသုံးဖော် ရဟန်းတို့အတွင်း ပြဿနာကြီးတစ်ခု ဖြစ်သွားလေပြီ။

"ဘယ့်နှယ်လဲ – ဘယ်လိုလဲ – စိတ္တဟတ္ထကိုယ်တော်က အရိယာစကားပြောနေပါပေါ့လား၊ သူရဟန္တာဖြစ်နေပြီလား"

"မယားထံ ခဏခဏ ပြန်နေတဲ့ပုဂ္ဂိုလ်က သည့်လောက်မြန်မြန်ကြီး ရဟန္တာဖြစ်နိုင်ပါ့မလား"

"ဖြစ်တော့ကော ကိုယ်တော်တို့ သိနိုင်လို့လား"

"တရားတော်ဆိုတာ အကာလိက အချိန်အခါ မရွေးပါဘူး၊ အခုတစ်လော စိတ္တဟတ္ထကိုယ်တော်ကိုကြည့်ရတာ အလွန်တည်ငြိမ်ပြီး လျှို့လျှို့ဝှက်ဝှက် သိပ်သိပ် သည်းသည်းရှိနေတယ်"

ဤစကားများဖြင့် ရဟန်းအချင်းချင်း အချေအတင် ဖြစ်နေကြသည်။ နောက်ဆုံးတွင် ထိုဝိဝါဒကို ငြိမ်းအေးကြစေရန် ဘုရားထံတော်သို့ သွားရောက်၍ အဆုံးအဖြတ်ခံကြလေသည်။

"မြတ်စွာဘုရား၊ စိတ္တဟတ္ထ မထေရ်သည် ရဟန်း ခဏခဏဝတ်၍ ထိုမှတစ်ဖန် ရဟန်းဘဝမှထွက်၍ မိန်းမထံ ခဏခဏ ပြန်ပါသည်။ ထိုသို့ ခဏခဏ ပြန်ပြီးသည့်နောက် ခဏခဏပင် ပြန်လာ၍ ရဟန်းဝတ်ပြန်ပါသည်။ ထို့ကြောင့် ယခု နောက်ဆုံးတပည့်တော်တို့က ကျီစယ်စကားဆိုသည့်အခါ ထိုရဟန်းသည် အရဟတ္တဖိုလ်ပေါက်ရဟန္တာအဖြစ်သို့ ရောက်လေသကဲ့သို့ စကားကို ပြန်ကြားပါသည်။ တပည့်တော်တို့မည်သို့ မှတ်ယူရပါမည်လဲ အရှင်ဘုရား" ဟု လျှောက်ကြလေသည်။

သဗ္ဗညုတမြတ်စွာဘုရားသည် ဆင်ခြင်တော်မူပြီးသည့်ကာလ –

"ချစ်သား ရဟန်းတို့၊ ထိုရဟန်းဆိုသည့်အတိုင်း မှန်ပေ၏။ ဤ ငါ့သားသည် မိမိ၏ တည်တံ့သောစိတ်မရှိသောအခါ၌လည်းကောင်း၊ သူတော်ကောင်းတရားကို မသိသေးသောအခါ၌လည်းကောင်း အိမ်နှင့်ကျောင်းသို့ လူးလာတုံ့နှင်း သွားလာခြင်းကို ပြု၏။ ယခုအခါ၌ ထိုငါ့သားရဟန်းသည် ကောင်းမှု မကောင်းမှုကို ပယ်အပ်ပြီ" ဟု မိန့်တော်မူ၍ ဤဝတ္ထုအစ၌ ဖော်ပြခဲ့သော ဂါထာနှစ်ပုဒ်ကို ဟောတော်မူသည်။

ဦးမင်္ဂလာသည် ရှုံ့ချည် နပ်ချည်ဖြစ်တတ်သော စိတ်သဘာဝကို ဤသို့တွေ့ရပြီးသည့်နောက် မြတ်စွာဘုရားပင်လျှင် အလောင်းတော်ကြီး ကုဒ္ဒါလပဏ္ဍိတဘဝက ဤစိတ္တဟတ္ထမထေရ်ကဲ့သို့ 'ချီတုံ ချတုံ' ဖြစ်ခဲ့ရဖူးကြောင်း အတိတ်ဝတ္ထုကို ဤသို့တွေ့ရပြန်လေသည်။

ရဟန်းများသည် ခြောက်ကြိမ် ခြောက်ခါ လူထွက်ပြီး ခုနစ်ကြိမ်မြောက်သော ရဟန်းဘဝတွင်မှ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရသော စိတ္တဟတ္ထမထေရ်၏ အကြောင်းကို အချင်းချင်းပြောဆိုနေကြရာ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ထိုစကားနှင့်စပ်လျက် ဤသို့ ဟောပြောတော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြောင်းစေ့မျိုးကောင်း တစ်ကွမ်းစားဝက် (တစ်စလယ်ဝက်) နှင့် ပေါက်တူးတစ်လက်ကို ပိုင်သော ရသေ့တစ်ပါးရှိလေသည်။ ထိုရသေ့၏အမည်မှာ ကုဒ္ဒါလပဏ္ဍိတတွင်၏။ အဓိပ္ပာယ်ကား ပေါက်တူးကို ပိုင်သော ပညာရှိဟု ခေါ်ကြခြင်းဖြစ်သည်။

မိုးဦးကျလာ၍ ပျော့ပျောင်းနူးညံ့သော မြေသြဇာတို့ကို တွေ့ရလျှင် ရသေ့ရဟန်းအဖြစ်ဖြင့် ကြောင့်ကြမဲ့မနေနိုင်မူ၍ လူထွက်ပြီးလျှင် ပြောင်းမျိုးကောင်း မပျက်စိမ့်သောငှာ ပေါက်တူးဖြင့် ထွန်ယက်မြေဆွ၍ ပြောင်းမျိုးကို စိုက်လေသည်။ အပင်ငွားငွားကြီးထွားစိမ်းစိုလာသည်ကိုကြည့်၍ အားရနှစ်သက်ခဲ့ရသည်။ ပြောင်းမျိုးအောင်မြင်သည်ကို ပီတိဖြစ်ရသည်။

ပြောင်းများကို ရိတ်သိမ်းပြီးသည့်အခါတွင် မျိုးအလို့ငှာ တစ်ကွမ်းစားဝက်ကိုသာ ချန်၍ လုံလောက်စွာ သုံးဆောင်ရလေသည်။ ထိုကိစ္စ ပြီးသွားသောအခါကား – လူ့ဘဝတွင် နေ၍ အဘယ်အကျိုးရှိအံ့နည်းဟု ရသေ့ပြန်၍ ဝတ်ပြန်သည်။ ထိုသို့ဝတ်ပြီး၍ မိုးကျလာပြန်လျှင် ပြောင်းမျိုးကောင်း မပျက်စေရန် လူထွက်၍ ယာသမားလုပ်ပြန်လေသည်။ ယာကိစ္စပြီးသောအခါ ရသေ့ဝတ်ပြန်သည်။ ဤသို့အားဖြင့် ခြောက်ကြိမ် ခြောက်ခါ ရသေ့ဝတ်လိုက် လူထွက်လိုက်ဖြင့် လုပ်ပြီး –

'ငါ့မှာ ဤပေါက်တူးတုံးကလေးနှင့် ပြောင်းမျိုးစေ့ တစ်ကွမ်းစားဝက်လောက်ရှိနေခြင်းကြောင့် ကိလေသာဖြစ်၍ ရသေ့အဝတ်နဲ့ မမြဲနိုင်ဘဲရှိနေသည်။ ဤအခါတွင်တော့ ပြောင်းမျိုးစေ့နှင့် ပေါက်တူးကို အပြီးအပြတ်စွန့်လွှတ်လိုက်တော့အံ့' ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်လေသည်။

ကုဒ္ဒါလပဏ္ဍိတရသေ့သည် ပုဆိုးစတစ်ခုဖြင့် ပြောင်းစေ့များကိုထုပ်၍ တစ်ဖက်သော ပုဆိုးစတွင် ပေါက်တူးရိုးကို ချည်ကာ ဂင်္ဂါမြစ်ကမ်းပါးသို့သွားသည်။ ထိုဂင်္ဂါမြစ်ကမ်းပါးကို ကျောခိုင်းပြီးသကာလ ပြောင်းမျိုးစေ့နှင့် ပေါက်တူးကို ဦးခေါင်းထက်၌ သုံးကြိမ်သုံးခါ ဝှေ့ယမ်းပြီး မျက်စိကို စုံမှိတ်၍ မြစ်ဖက်သို့လှည့်ကာ တစ်အားကုန်လွှင့်ပစ်လိုက်လေ၏။ ရေထဲသို့ ပေါက်တူးကျသွားသံကို ကြားလိုက်ပြီးသည့်နောက်အတန် ကြာအောင် မျက်စိဖွင့်၍ မကြည့်ပေ။ မတော်၍ ကြည့်မိလျှင် ကျသည့်နေရာကိုမြင်၍ ပေါက်တူးနှင့် မျိုးစေ့ကို ငုပ်ယူ၍ရလျှင် ယူချင်နေပေဦးမည်။

ကုဒ္ဒါလပဏ္ဍိတ မျက်စိဖွင့်ကြည့်လိုက်သောအချိန်တွင်ကား ဂင်္ဂါမြစ်ရေသည် အမှတ်မရှိ စီးမြဲစီးနေပေပြီ။ ပေါက်တူးကို ပြန်ယူချင်၍မရတော့၊ ယူချင်သည့်စိတ်လည်း မရှိတော့၊ ပြတ်သားသွားပြီ၊ ရှင်းလင်းသွားပြီ၊ ပေါ့ပါးသွားပြီ။

ထို့ကြောင့် – 'ငါအောင်ပြီ–ငါအောင်ပြီ' ဟု နှစ်ခွန်းဆင့်ကြုံးဝါးကြွေးကြော်လိုက်လေသည်။

ထိုအချိန်မှာ ဗာရာဏသီမင်းကြီးသည် ပစ္စန္တရစ်မြို့စွန် ရွာဖျားတို့၌ ပုန်ကန်သောင်းကျန်းနေသော သူပုန်ရန်ကို အပြတ်အသတ် နှိမ်နင်းအောင်မြင်ပြီး၍ နိုင်ငံတော်

သို့ ပြန်လာသည့်အခါ ဖြစ်လေသည်။ မင်းကြီးသည် ကုဒါလပဏ္ဍိတရသေ့၏ 'အောင်ပြီ' ဟူသော ကြွေးကြော်သံကို ကြားရသောအခါ လွန်စွာစိတ်လှုပ်ရှားသွားရလေသည်။

"ဘယ်လိုလဲ၊ ဘယ်သူက ဘာကို အောင်လို့ သံကုန်ဟစ်လိုက်တာလဲ၊ ပြည်လှေး ပြည်မွှား၏ရန်ကို အောင်မြင်သူသည် ငါသာလျှင် ဖြစ်သည်။ ထိုအသံသည် ငါ့ကို အန်တုကာ ကြွေးကြော်သည့်အသံဖြစ်လေသလော၊ ငါ့ကို စစ်ကြေညာခြင်း သဘောပေလော" ဟု အသံလာရာသို့ စူးစမ်းလေသည်။

ဂင်္ဂါမြစ်ကမ်းဘေးတွင် တစ်ယောက်တည်းသော ရသေ့ကို တွေ့ရသဖြင့် -

"အောင်ပြီဟု အော်သူမှာ အသင်ပင်ဖြစ်သလော" ဟု မေးစစ်တော်မူသည်။

"မှန်၏၊ အောင်ပြီဟု ငါအော်၏"

"အသင်က ဘာကို အောင်သနည်း၊ အောင်သူအစစ်မှာ ငါသာဖြစ်၏။ ယခုပင် သူပုန်တို့ကို တိုက်ခိုက်အောင်နိုင်လာသူဖြစ်၏"

"အသင်မင်းကြီး၏ အောင်ခြင်းကား အပရန်ကိုသာ အောင်မြင်ခြင်းဖြစ်သည်။ ထိုရန်သူထက် နှိမ်နင်းရန်ခက်လှသော မွေးရာပါဗီဇဖြစ်သော ကိုယ်တွင်းသဘာဝ ကိလေသာကို အောင်မြင်သူသာလျှင် အောင်မြင်သူတို့၏ အောင်မြင်သူဖြစ်၏" ဆိုပြီးလျှင် ရှာန်ကသိုဏ်းကို ဝင်စား၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလိုက်သည်။

ဗာရာဏသီမင်းကြီးသည် ရှင်ရသေ့၏ တရားကို ကြားနာရပြီးလျှင် မိမိ၏ အခြွေအရံနှင့်တကွ ရသေ့ရဟန်းဖြစ်ကြလေကုန်၏။

မြတ်စွာဘုရားသခင်သည် ထိုသို့ အတိတ်ကို ဆောင်ပြီးသော် ရဟန်းတို့အား ဤသို့ ဟောကြားတော်မူသည်။

"ချစ်သားရဟန်းတို့ - ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၌ ဖြစ်ပေါ်သော ကိလေသာ စိတ်သည် အစိုင်အခဲကိုယ်ထည် ဒြပ်ပမာဏအားဖြင့် မရှိ၍သာ တော်တော့သည်။ အကယ်၍များ ရှိဘိမူကား လူတစ်ယောက်၏ ကိလေသာစိတ်သည် စကြဝဠာထက် မကအောင် ကျယ်ဝန်းပေလိမ့်မည်။ ဗြဟ္မာ့ပြည်ထက် မြင့်မောက်နေပေလိမ့်မည်။ ထိုကိလေသာတို့သည် ဤမျှလောက် ဝန်လေး၏။

ပညာနှင့်ပြည့်စုံ၍ ယောကျာ်းအာဇာနည်ဖြစ်သော ငါကဲ့သို့သော သူကိုပင် ချောက်ချားစေကုန်၏။ ကြွင်းသောသူတို့၌ ဆိုဖွယ်ရာမရှိ။

"ငါကိုယ်တိုင်ပင် တစ်ကွမ်းစားဝက် (တစ်စလယ်ဝက်) မျှသော ပြောင်းမျိုးနှင့် အသွားတုံးသော ပေါက်တူးကို အမှီပြု၍ ခြောက်ကြိမ်တိုင်အောင် ရသေ့ရဟန်းပြုပြီး လူထွက်ဖူးလေပြီ" ဟု မိန့်တော်မူလေ၏။

ဦးမင်္ဂလာသည် ယနေ့အသက်အရွယ်အထိ ပဗ္ဗဇ္ဇိတဒုလ္လဘ အဖြစ်ကို နှစ်ကြိမ် နှစ်ခါ ရခဲ့ဖူးပါသည်။ ပြတ်ပြတ်သားသား မရှိခဲ့၍ (ဝါ) 'အပြတ် မချဲ' နိုင်သဖြင့် အရပ်ထဲ ပြန်ခဲ့ရလေသတည်း။

* * *

(၈)

# စိတ်တည်းဟူသောတံတိုင်း

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ထပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

ဘိက္ခဝေ = ရဟန်းတို့၊ ဣမံကာယံ = ဤဆံ အစ ရှိသည်တို့၏ အပေါင်းဖြစ်သော ရူပကာယကို၊ ကုမ္ဘူပမံ = အိုးထိန်းသည်တို့၏ အိုးခွက်နှင့် တူသော ဥပမာရှိ၏ဟု၊ ဝိဒိတွာ = သိ၍၊ ဣဒံစိတ္တံ = ဤမိမိ၏ ဝိပဿနာ စိတ်ကို၊ နဂရူပမံ = လုံခြုံစွာသော မြို့နှင့်တူသော ဥပမာရှိအောင်၊ ထပေတွာ = ဖြစ်စေ၍၊ ပညာဝုဓေန = ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော ပညာလက်နက်ဖြင့်၊ မာရံ = ကိလေသာတည်းဟူသော မာရ်ကို၊ ယောဓေထ = ထိုးပစ်ပုတ်ခတ်ရာ၏။ ဇိတံ = အောင်မြင်သော အားဖြင့် ဖြစ်စေအပ်ပြီးသော နုသော ဝိပဿနာဉာဏ်ကိုလည်း၊ ရက္ခေ = စင်ကြယ်သော စိတ်ဖြင့် စောင့်ရှောက်ရာ၏၊ အနိဝေသနော = သမာပတ်၌ သာယာကပ်ငြိ ခြင်းမရှိသည်၊ သိယာ = ဖြစ်ရာ၏။ **ဓမ္မပဒ၊ ဂါထာ ၄၀။**

ဤမိမိ၏ ခန္ဓာကိုယ်သည် ကွဲပျက်လွယ်သောအိုးနှင့်တူသည်ကို သိ၍ မိမိစိတ်ကို ကြံ့ခိုင်သော မြို့ကြီးသဖွယ် တည်စေ၍ ပညာတည်းဟူသောလက်နက်ဖြင့် မာရ်နတ်ကို စစ်ထိုးရာ၏။ အောင်သော ရအပ်သော အကျိုးတရားများကိုလည်း တွယ် တာကပ်ငြိခြင်းမရှိ၊ စောင့်ရှောက်ရာ၏။

အထက်ပါ ဂါထာသည် ဝိပဿနာဉာဏ်ကို ရှေးရှုသောစိတ်အကြောင်းဖြစ်သည်ဟု ဦးမင်္ဂလာ အဓိပ္ပာယ်ပေါက်ပါသည်။ ထိုစိတ်အကြောင်းကို မြတ်စွာဘုရားဟောကြားတော်မူသည့် ဖြစ်ရပ်ကား ပရိတ်ကြီးတွင်ပါသည့် မေတ္တသုတ် 'မေတ္တစိတ်' နှင့် နီးနွှယ်နေကြောင်း ဖတ်ရှုရပြန်သည်။

ပရိတ်ဟူသောအဓိပ္ပာယ်မှာ = မကောင်းသောဘေးဥပဒ်အန္တရာယ် အသွယ်သွယ်တို့ အလွယ်တကူမဝင်ရောက်စေခြင်းငှာ တံတိုင်းကြီးကာ၍ တံခါးအထပ်ထပ် ပိတ်ဆို့ထားသည်ဟု မြန်မာလို အဓိပ္ပာယ်ရပါသည်။

ထို့ကြောင့် မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော်ကြီးက –

မင်္ဂလ, ရတန, မေတ္တံ၊
ခန္ဓ, မောရ, ဝဋ္ဋ, ဓဇံ။

အာဒ္ဒာ နာဠိယ, အင်္ဂုလိ၊
ဗောဇ္ဈင်္ဂ, ပုဗ္ဗဏှ, သုတန္တိ။
သို့လာရှိသား၊ ပါဠိဘာသာ၊ ဂါထာဖွဲ့ရစ်၊
သုတ်ဆယ့်တစ်ကို၊ လေးရစ်ဆယ်ပါး၊
နယ်သွားပတ်ယှက်၊ ရပ်ထက်ဝန်းကျင်၊
ဘေးများဖြင်တို့၊ မဝင်စိမ့်ငှာ၊
တံတိုင်းကာသို့၊ ကောင်းစွာဆို့ပိတ်၊
သို့နိမိတ်ကြောင့်၊ ပရိတ်ပညတ်၊
ဘွဲ့ထူးတပ်၏။

ဟု ပရိတ်ကြီး နိဿယကျမ်းတွင် ရေးသားတော်မူခဲ့သည်။

ပရိတ်ကြီးပါ သုတ်များသည် နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်အဖြစ် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူခဲ့ခြင်းကြောင့် – “နိကာယ်ငါးရပ်၊ အချုပ်ချုပ်မှ ထပ်ထပ်ရည်စစ်၊ အဆီညစ်၍၊ အနှစ်သက်သက်” ဖြစ်ပေသည်။

မေတ္တသုတ်ကို ဟောတော်မူရခြင်း၏ အကြောင်းရင်းကား ဤသို့ဖြစ်သည်။

သာဝတ္ထိပြည်၌ ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားအထံတော်မှ အရဟတ္တ ဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကိုယူ၍ ရဟန်းတရားကို အားထုတ်ကုန်အံ့ဟု ယူဇနာ တစ်ရာမျှလောက်သော အရပ်သို့သွားကြရာ တစ်ခုသောရွာကြီးသို့ ရောက်ကြလေ၏။

ထိုအခါ၌ ရဟန်းတို့ကို ရွာသားများက ခင်းထားအပ်သောနေရာ၌ သီတင်းသုံး နေစေ၍ မွန်မြတ်သော ယာဂု, ဆွမ်း စသည်တို့ဖြင့် လုပ်ကျွေးပြီးလျှင် –

“အရှင်ဘုရားတို့ ဘယ်အရပ်သို့ ကြွကုန်အံ့နည်း” ဟု မေးလျှောက်သဖြင့် –

ချမ်းသာရာဖြစ်သော အရပ်ထိုထိုသို့ ကြွကုန်အံ့” ဟု ဆိုသည်ရှိသော် –

“အရှင်ဘုရားတို့ ဤ ဝါတွင်းသုံးလပတ်လုံး ဤရွာ၌ပင် နေကြပါကုန်လော့၊ တပည့်တော်တို့သည် အရှင်ဘုရားတို့အထံမှ သရဏဂုံသုံးပါး၌ တည်လျက်၊ ငါးပါး သော သီလတို့ကို စောင့်ထိန်းရပါကုန်အံ့” ဟု တောင်းပန်၍ ထိုအရှင်မြတ်တို့၏ သည်းခံခြင်းကို သိရလျှင် ရွာ၏ မနီးမဝေးသော အရပ်၌ရှိသော ဤတောအုပ်ကြီး တစ်ခုတွင် “အရှင်ဘုရားတို့ သီတင်းသုံးနေထိုင်တော်မူကြပါဘုရား” ဟု လျှောက်ကြား ကာ လွှတ်လိုက်ကြလေကုန်၏။

ရဟန်းတော်များ တောသို့ဝင်တော်မူကြသောအခါ တော၌ရှိကြကုန်သော နတ် တို့သည် ငါတို့မှာ သားမယားနှင့်တကွ သစ်ပင်ဗိမာန်ဖြင့် အထက်မှနေကြရသည်မှာ မသင့်ဟု မြေသို့သက်၍ နေကြကုန်၏။ ရဟန်းတော်တို့သည် ရွာတွင်း၌ ဆွမ်းခံပြီး တောသို့ ပြန်ကြွလာသောအခါ “ဤဒေသမှ နောက်တစ်နေ့အတွက် ဆွမ်းပင့်ထား၍ သာ ပြန်ကြွလာကြသည်။ အမြဲနေကြမည်မဟုတ်” ဟု နတ်တို့က ယူဆ၍ တစ်နေ့ တစ်ညလုံး မြေ၌သာ နေကြကုန်၏။

ရဟန်းတော်တို့သည် နောက်တစ်နေ့၌လည်း ဆွမ်းခံပြီး တောသို့ပြန်ဝင်လာကာ ဆွမ်းစားပြီး တရားကို အားထုတ်နေကြသည်။

ထိုအခါ "ဤရဟန်းတော်တို့သည် ဤအရပ်၌ ဝါဆိုကြလိမ့်မည်၊ ငါတို့သည် သားမယားနှင့်တကွ မြေ၌ ကြာရှည် အဘယ်သို့နေနိုင်အံ့နည်း။ ရဟန်းတော်တို့ ဤအရပ်၌ မနေနိုင်အောင် ခြောက်လှန့်နှင်ထုတ်ကြကုန်အံ့" ဟု တိုင်ပင်ကြကုန်၏။

ညချမ်းအခါ ရဟန်းတော်တို့သည် နာစေးချောင်းဆိုးခြင်း၊ မူးမော်ခြင်း ဝေဒနာ အမျိုးမျိုးတို့ ဖြစ်ကြ၏။ အချို့မှာ ဦးခေါင်းပြတ်ကြီးကို မြင်၍ လန့်ကြကုန်၏။ အချို့ ရဟန်းတော်တို့မှာ ဦးခေါင်းမပါသော အပိုင်းပိုင်းပြတ်သည့် ခန္ဓာကိုယ်ကို မြင်ကြရကုန်၏။ ဆိုးရွားသော အသံများကိုလည်း ကြားရကုန်၏။

ဤသို့ဖြင့် ရဟန်းတော်များသည် ထိတ်လန့်ကြောက်ရွံ့ကာ ကမ္မဋ္ဌာန်းဝိပဿနာ၌ အာရုံမကပ်နိုင်အောင် ဖြစ်ကြရလေကုန်၏။ တစ်နေ့ထက်တစ်နေ့ ဆောက်တည်ရာ မရအောင် ဖြစ်လာကြသောအခါ ရဟန်းတော်တို့သည် စည်းဝေး၍ "နတ်တို့သည် ငါတို့အား ဤအရပ်၌ မနေစေလိုသောကြောင့် နှောင့်ယှက် ခြောက်လှန့်ကြသည်" ဟု တိုင်ပင်ပြီးသော် ဘုရားထံသို့ ပြန်ကြလေ၏။

မြတ်စွာဘုရားက "ချစ်သားတို့ အဘယ့်ကြောင့် ပြန်လာကုန်သနည်း" ဟု မေးတော်မူ၏။

ရဟန်းတော်တို့ကအကြောင်းစုံ လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်က "အသင်တို့သည် ဤအရပ်သို့သာ ပြန်သွားကြလော့" ဟု မိန့်တော်မူ၏။ ရဟန်းတို့က "တပည့်တော်တို့ မသွားဝံ့ပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသခင်က "ချစ်သားတို့ သွားသာသွားကြကုန်လော့၊ ချစ်သားတို့အား ငါဘုရားသည် လက်နက်ကောင်းတစ်ခု ကို ပေးလိုက်မည်။ ဤလက်နက်ကို ယူသွားကြကုန်လော့" ဟု မိန့်တော်မူပြီး –

"ကရဏီယ မတ္တကုသလေန" အစရှိသော မေတ္တသုတ် ပရိတ်တော်ကို ဟော ကြား (သင်ပြ) တော်မူ၍ –

"ချစ်သား ရဟန်းတို့ … ဤသုတ္တန် ဒေသနာတော်ကို တောအုပ်သို့ ဝင်သည်မှ စ၍ ရွတ်ဖတ် သရဇ္ဈာယ်ပြီး သွားကြကုန်လော့" ဟု မိန့်တော်မူသည်။

ရဟန်းတော်တို့သည် မြတ်စွာဘုရား အမိန့်တော်အတိုင်း မေတ္တသုတ်တော်ကို စုပေါင်းရွတ်ဆို၍ သွားကြကုန်သည်ရှိသော် တောအုပ်ရှိ နတ်အားလုံးတို့သည် မေတ္တာစိတ်ကို ရရှိကြပြီး ထိုရဟန်းတို့အား ခရီးဦးကြို ပြုကြကုန်၏။ သပိတ်သင်္ကန်း လှမ်းယူကြကုန်၏။ ခြေဆုပ်လက်နယ် ဝတ်ပြုကြကုန်၏။

ဤသို့ဖြင့် မေတ္တသုတ်တော်၏ အစွမ်းကြောင့် နတ်တို့၏ ကြည်ညိုချစ်ခင် နှစ်သက်ခြင်းကို ရရှိပြီး ချမ်းသာစွာ ဝိပဿနာတရားကို အားထုတ်နိုင်ကြရကုန်၏။

စိတ်ဆိုသောစိတ်ကို လေ့လာနေသော ဦးမင်္ဂလာသည် မြတ်စွာဘုရားထံတော် မှ အရဟတ္တဖိုလ်ပေါက် ဝိပဿနာပညာကို သင်ကြားလာခဲ့ပြီးမှ ရက္ခစိုးနတ်တို့၏

နှောင့်ယှက်ခြောက်လှန့်ခြင်းကို မခံမရပ်နိုင်ဘဲ ကမ္မဋ္ဌာန်း ဝိပဿနာထဲ၌ မတည်တံ့နိုင်သဖြင့် မြတ်စွာဘုရားထံ ပြန်သွားကြရသော ရဟန်းတို့၏ စိတ်ကို သုံးသပ်ကြည့်မိသည်။ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့သည် ထိတ်လန့်တတ်ကြသည်။ ထိတ်လန့်ခြင်း ကင်းသော ပုဂ္ဂိုလ်ကို ရဟန္တာဟု သိရသည်။

ရဟန်းတော်ငါးရာ တောတွင်းသို့ ကြွလာနေထိုင်ကြသောအခါ ရဟန်းတော်များအထက်ရှိ သစ်ပင်ဗိမာန်တို့မှ သားမယားနှင့်အတူ မြေပြင်သို့ ဆင်းနေကြသော ရက္ခစိုးတို့၏ စိတ်ဓာတ်ကို ဂါရဝတရားရှိသော စိတ်ဟုဆိုရမည်ရှိရာမှ ကြာကြာနေမည်စိုး၍ အထိတ်တလန့် အနှောင့်အယှက်ပြုသောစိတ်ကိုလည်း ဆင်ခြင်မိပြန်သည်။

ပုထုဇဉ်တို့သည် သီလသိက္ခာ အဆင့်အတန်းမြင့်မားသောလူတို့ကို အရိုအသေအလေးအမြတ်ပြုသည့် စိတ်မျိုးရှိသော်လည်း ထိုပုဂ္ဂိုလ်များနှင့် နီးနီးကပ်ကပ် အမြဲတစေနေကြရမည်ကိုတော့ ဝန်လေးတတ်ကြသည်။ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ မှစ၍ အပြစ်တစ်စုံတရာ ရှိလိမ့်နိုးနိုး မလွတ်မလပ် ကျဉ်းကျပ်ကြသည်။ မိမိထက် အဆင့်အတန်း မြင့်မားလေ ဒုက္ခရောက်ကြလေ ဖြစ်တတ်ကြသည်။

ထို့ကြောင့် ရှိသေကြည်ညိုရင်းစွဲ ရှိလင့်ကစား မြန်မြန်ထွက်သွားကြရန် ဆန္ဒဖြစ်ကြသော နတ်တို့၏ ပုထုဇဉ်စိတ်တစ်မျိုးကိုလည်း တွေ့ရပြန်သည်။

ရဟန်းတော်ငါးရာ ဘုရားထံ ပြန်ရောက်ပြီးနောက် မြတ်စွာဘုရားသခင်က 'ငါဘုရားက လက်နက်ကောင်းတစ်ခု ပေးလိုက်မည်။ ထိုနေရာသို့သာ ပြန်သွား၍ တရားကျင့်ကြလေလော့' ဟု မိန့်တော်မူပြီးလျှင် မေတ္တသုတ်ကို ဟောကြားသင်ပြပေးတော်မူလိုက်သည်ဖြစ်ရာ၊ ထိုလက်နက်ကောင်းဟု ဆိုအပ်သော မေတ္တသုတ်ကို စေ့စေ့စပ်စပ် လေ့လာသုံးသပ်ပါမူ 'စိတ်ကျင့်တရားနှင့် မေတ္တာစိတ်တရား' တို့ကို ပီပီပြင်ပြင် ထင်ထင်ရှားရှား တွေ့ကြရမည်သာ ဖြစ်၏။

ခုဒ္ဒကနိကာယ် မြန်မာပြန် မေတ္တသုတ်ကို ဤသို့ တွေ့နိုင်ပါသည်။

၁။ ငြိမ်းအေးသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့် သက်ဝင်၍ နေလိုသော အကျိုးစီးပွား၌ လိမ္မာသောသူသည် (ဤဆိုလတ္တံ့သော စည်းကမ်းနည်းလမ်းကို) ပြုကျင့်အပ်၏။ ကျင့်စွမ်းနိုင်ရမည်။ ကိုယ်နှုတ်ဖြောင့်မတ်ရမည်။ ဆိုဆုံးမလွယ်ရမည်။ စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ လွန်ကဲ မြင့်မောက်သော မာနမရှိရာ။

၂။ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ရမည်။ မွေးမြူလွယ်ရမည်။ အမှုကိစ္စနည်းပါးရမည်။ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှု ရှိရမည်။ ငြိမ်သက်သော ဣန္ဒြေရှိရမည်။ ရင့်ကျက်သော ပညာရှိရမည်။ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းခြင်းမရှိရာ။ ဒါယကာတို့၌ တပ်မက်မှုကင်းရမည်။

၃။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကို စိုးစဉ်းအနည်းငယ်မျှလည်း မပြုကျင့်ရာ၊ (ဤစည်းကမ်းနည်းလမ်းကို လိုက်နာရမည်) ခပ်သိမ်းသော သတ္တဝါတို့

သည် ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည်။ ဘေးကင်းကုန်သည်ဖြစ်၍ ချမ်းသာသော ကိုယ်စိတ် ရှိကြပါစေကုန်သတည်း။

၄။ ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော ထွက်သက် ဝင်သက်ရှိ သတ္တဝါ၊ ထွက်သက်ဝင်သက်မဲ့ သတ္တဝါတို့သည်လည်းကောင်း၊ ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စိတ်ဓာတ်ခိုင်ခံ့သော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ရှည်သောကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ကြီးသောကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ အလတ်စားကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ပုတိုသောကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ သေးဖွဲသိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ဆူဖြိုးသောကိုယ်ရှိသော သတ္တဝါတို့သည်လည်းကောင်း။

၅။ မြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ မမြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ အဝေး၌နေသော သတ္တဝါတို့သည်လည်းကောင်း၊ အနီး၌နေသော သတ္တဝါတို့သည်လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသောကိုယ်စိတ် ရှိကြပါစေကုန်သတည်း။

၆။ တစ်ယောက်က တစ်ယောက်ကို အမျက်မထွက်ပါစေလင့်။ တစ်စုံတစ်ခုသော အရာ၌တစ်စုံတစ်ယောက်ကိုမျှ ချုပ်ချယ်ခြင်းဖြင့်လည်းကောင်း၊ ရန်လိုသော စိတ်ဖြင့်လည်းကောင်း၊ မထီမဲ့မြင် မပြုပါစေလင့်။ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

၇။ မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသောသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

၈။ အထက်အောက် (အဝီစိ) ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်း မရှိသော အတွင်းရန် အပြင်ရန်ကင်းသော အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။

၉။ ငိုက်မျဉ်းကင်း၍ ရပ်နေသမျှ၊ ထိုင်နေသမျှ၊ လျောင်းနေသမျှ ကာလပတ်လုံး ဤ မေတ္တာနှင့်ယှဉ်သော သတိကို ပွားများအံ့ဟု ဆောက်တည်ရာ၏။ ဤသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့်နေခြင်းကို မြတ်သောနေခြင်း 'ဗြဟ္မဝိဟာရ' ဟူ၍ မြတ်စွာဘုရားက ဟောတော်မူကုန်၏။

၁၀။ ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောသူသည် သက္ကာယဒိဋ္ဌိသို့လည်း မကပ်မူ၍ လောကုတ္တရာ သီလရှိသည်ဖြစ်လျက် သောတာပတ္တိ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အမိဝမ်း၌ တစ်ဖန် ပဋိသန္ဓေ နေခြင်းသို့ မရောက်တော့ပေဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသခင်၏ မေတ္တာသုတ်သည် မိမိ၏ကိုယ်ကို မိမိ၏စိတ်ဖြင့် ဆုံးမ

ပြုပြင် အစဉ်သတိရှိရမည့် စိတ်အလုပ်က ပထမပိုင်းဖြစ်၍ မိမိမှတစ်ပါး အခြားသတ္တဝါ ရှိသမျှအပေါ်ဝယ် ဘေးအန္တရာယ်မရှိ၊ ဒုက္ခဆင်းရဲမှကင်း၍ ချမ်းသာကြစေလိုသော စိတ်၊ အနှိပ်အစက် အညှဉ်းဆဲမှ ကင်းကြစေလိုသောစိတ်၊ သတ္တဝါအချင်းချင်း မျက်ငြိုး မျက်မာန် မရှိစေလိုသောစိတ်၊ မိခင်တစ်ယောက်က တစ်ဦးတည်းသောသာအပေါ်ဝယ် ထားရှိအပ်သော မေတ္တာနှင့်တူသောစိတ်တို့က ဒုတိယပိုင်းဖြစ်လေသည်။

မြတ်စွာဘုရားသည် ထိုမေတ္တသုတ်ကို လက်နက်ကောင်းဟု တင်စားမိန့်တော်မူသည်မှာ ပုထုဇဉ်မျှသာ ဖြစ်ကြသေးသော ရဟန်းငါးရာအား အားကိုးတစ်ခု ပြုကြစေရန်သာ ဖြစ်နိုင်ကောင်းစရာရှိသည်။ စင်စစ်သောကား မေတ္တသုတ်သည် အန်တုဖက်ပြိုင် အနိုင်တိုက်ခိုက်သော လက်နက်မျိုးမဟုတ်။ အညီအညွတ်ဖြစ်အောင် 'စေ့စပ်ကြည်နူး' 'နှစ်လိုဝမ်းမြောက်' 'ချစ်ခင်ကြင်နာမှု' ဖြစ်စေနိုင်သောစိတ်ကို ဟောကြားသင်ပြတော်မူခြင်းဖြစ်ရာ မြတ်စွာဘုရား၏ အစိန္တေယျသဗ္ဗညုတ ရွှေဉာဏ်တော်ကို ကော်ရော် ကြည်ညိုမဆုံး ရှိရလေသည်။

"ချစ်သားတို့ ... ဤသုတ္တန်ဒေသနာတော်ကို တောအုပ်သို့ဝင်သည်မှစ၍ ရွတ်ဖတ်သရဇ္ဈာယ်လျက် သွားကြကုန်လော့" ဟု မိန့်တော်မူသော စကားအတိုင်း ရဟန်းတို့သည် စပေါင်းရွတ်ဆို၍ တောအုပ်သို့ဝင်သည်ရှိသော် ထိုတောအုပ်တွင် မနေစေလိုသဖြင့် အထိတ်အလန့် အနှောင့်အယှက်ပြုခဲ့သော နတ်တို့ကိုယ်တိုင်ပင် ကြည်နူးဝမ်းသာစွာ လက်ခံ၍ ခရီးဦးကြိုပြုခြင်း၊ သပိတ်၊ သင်္ကန်းကို လှမ်းယူခြင်း၊ ခြေဆုပ်လက်နယ် ဝတ်များကို ပြုကြခြင်းဖြင့် ပြောင်းလဲ ကြည်ညိုလာသောစိတ်တို့ကိုလည်း ဦးမင်္ဂလာက စူးစမ်း ဆင်ခြင်မိပြန်သည်။

မေတ္တသုတ်ကို မြတ်စွာဘုရားသခင်က ဟောတော်မူစဉ်ပင်လျှင် ရဟန်းတို့၌ မိမိတို့ကိုယ်ကို မိမိတို့ဆုံးမရာဖြစ်သော စိတ်ကို ကျင့်သုံးဆောက်တည် လိုက်နာကြပြီး ဖြစ်ပေလိမ့်မည်။ ၎င်းစိတ်အစဉ်တို့ကား ကိုယ်နှုတ် ဖြောင့်မတ်ကြပြီ၊ စိတ်နေစိတ်ထား ကောင်းစွာ ဖြောင့်မတ်ကြပြီ၊ ဆိုဆုံးမလွယ်ကြပြီ၊ စိတ်ထားနူးညံ့သိမ်မွေ့ကြပြီ၊ လွန်ကဲ မြင့်မောက်သောမာနကို ပယ်ပြီးကြပြီ၊ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ကြပြီ၊ မွေးမြူလွယ်ကြပြီ၊ အမှုကိစ္စနည်းပါးကြပြီ၊ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှုရှိကြပြီ၊ ငြိမ်သက်သော ဣန္ဒြေရှိကြပြီ၊ ရင့်ကျက်သော ပညာရှိကြပြီ၊ ကိုယ်နှုတ်နှလုံး ကြမ်းတမ်းခြင်း မရှိကြပြီ၊ ဒါယကာတို့၌ တပ်မက်မှုကင်းကြပြီ။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲနိုင်မည့် ဒုစရိုက်ကို စိုးစဉ်းအနည်းငယ်မျှလည်း မပြုကျင့်ကြပြီ (ဤစည်းကမ်း နည်းလမ်းကို လိုက်နာကြပြီ)။

ဤသို့သော ကြည်ညိုဖွယ်ဂုဏ်တို့သည် ရဟန်းတို့၌ အသီးသီးတည်ရှိနေကြလေပြီ။ ထိုမှတစ်ဖန် သတ္တဝါကြီးငယ် အမျိုးအနွယ် အသီးသီးတို့အပေါ်ဝယ် သားရင်းတမျှ ချစ်ခင်ကြင်နာ၍ ကောင်းကျိုးချမ်းသာကို ရှေးရှုလိုသော မေတ္တာစိတ်တို့သည်လည်း အသီးသီးပျံ့နှံ့လျက် တည်ရှိနေကြလေပြီ။

ထိုအရှိကို အရှိအတိုင်း နတ်တို့က အကြွင်းမရှိ သိရှိနားလည်ကြားနာနိုင်စေခြင်းငှာ တောသို့ဝင်သည်မှအစပြု၍ မေတ္တသုတ်တော်ကို အစဉ်မပြတ် ရွတ်ပွား သရဇ္ဈာယ်ကြရန် မြတ်စွာဘုရားက တိုက်တွန်းတော်မူလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

ရဟန်းတော်တို့၏ သူ့ကျိုး ကိုယ့်ကျိုးဖြစ်သော ကောင်းမြတ်သည့်စိတ်အစဉ်ကို နတ်တို့က ကြားနာသိရှိ ယုံကြည်လက်ခံကြသောအခါ ကြောက်ရွံ့ရှိသေသောစိတ်မှ ကြည်နူးနှစ်လို ချစ်ခင်လေးစားသော စိတ်သို့ကူးပြောင်းလျက် ရင်းနှီးကျွမ်းဝင်ချစ်ခင်သော စိတ်တို့သည် ဆရာရင်း၊ တပည့်ရင်းအလား သားနှင့်မိဘသဖွယ် ရဲဝံ့တွယ်တာလာကြခြင်း ဖြစ်ပေလိမ့်မည်။

လောကဌ် အလွန်ကြောက်ရွံ့အလေးပြုရသော မိဘ၊ ဆရာသမား အထက်လူကြီးများက မိမိတို့အပေါ်ဝယ် ကောင်းကျိုးချမ်းသာ လိုလားကြောင်း ချိုသာချောင်သောစကားဖြင့် မျက်နှာသာ ပေးကြသည်ရှိသော် တပည့်သားတို့သည် ဝမ်းသာကြည်နူးစွာ နီးနီးကပ်ကပ်နေ၍ အစေအပါးခံလိုကြသကဲ့သို့ ရှိပေလိမ့်မည်။

အထိတ်တလန့် အနှောင့်အယှက်မရှိ ပကတိချမ်းသာသော ကိုယ်စိတ်နှစ်ပါးဖြင့် ရဟန်းတို့သည် ညဉ့်သန့်စင်ရာအရပ်၊ နေ့သန့်စင်ရာအရပ်တို့၌ အညီအညွတ် ငြိမ်သက်စွာနေကြကုန်လျက် ဝိပဿနာဉာဏ် အကျိုးငှာ စိတ်ကို ချသွင်း၍ ဤသို့ဆင်ခြင်ကြကုန်၏။

ပျက်စီးတတ်သော ခယဝယကို ထင်စေပြီး ဤခန္ဓာကိုယ်သည် အမြဲမတည်သောသဘောကြောင့် မီးဖြင့် မဖုတ်ရသေးသော အိုးစိမ်းနှင့်တူသည်ဟု ဝိပဿနာကို ပွားများကြကုန်၏။

(ရွံ့ကို ရိုက်ခတ်၍ ပုံသွင်းထားသော အိုးအစိမ်း အစိုများသည် မီး၌ ဖုတ်ပြီးသောမြေအိုးများကဲ့သို့ ပုံသဏ္ဌာန် တည်မြဲနိုင်သည် မဟုတ်၊ ကြာကြာနေလျှင် တရွေ့ရွေ့ဖြင့် စောင်းရွဲ့သွားခြင်း၊ တွန့်လိမ်သွားခြင်း၊ ပိပြားသွားခြင်း စသော အမျိုးမျိုးသော ဖောက်ပြန်မှုတို့ ဖြစ်လေ့ရှိသည်။)

မြတ်စွာဘုရားသခင်သည် ယူဇနာတစ်ရာမျှ ဝေးကွာသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်မှ ရဟန်းတော်တို့အား ရှုမြင်တော်မူပြီး ခြောက်သွယ်သောရောင်ခြည်တော်တို့ကိုလွှတ်လျက် ရဟန်းတော်များရှေ့၌ ပကတိ ကိုယ်တော်တိုင် ထင်ရှားတိတိ မြင်သိသော အဆင်းသဏ္ဌာန်တော်ဖြင့် အစဦ ဖော်ပြခဲ့သော 'ကုမ္ဘူပမံကာယမိမံဝိဒိတွာ' အစရှိသော ဂါထာတော်ကို ဟောတော်မူ၏။

ဦးမင်္ဂလာသည် မြတ်စွာဗုဒ္ဓ၏ 'ဒိသာဖရဏ' ရောင်ခြည်တော်ဖြင့် နိမ္မိတဘာဂဝါ = ပုံတူ ကိုယ်ပွားစေတော်မူပြီးလျှင် တရားဟောတော်မူသည်ကို ယခု သိပ္ပံပညာထွန်းကားသည်ဆိုသော မျက်မှောက်ခေတ်တွင်မှ ပေါ်ပေါက်လာသည့် တယ်လီဗေးရှင်း ရုပ်မြင်သံကြားကိရိယာတို့နှင့် နှိုင်းယှဉ်ကာ ကြည်ညိုမိလေသည်။ လေလှိုင်းထဲမှ ရောင်ခြည်တို့သည် လက်ခံသောကိရိယာသာ ရှိဘိမူ မိုင်အရာအထောင်ဝေးကွာသောအရပ်မှ

ပို့လွှတ်လိုက်သော အရုပ်ရော အသံပါ ပီပီပြင်ပြင် ထင်ထင်ရှားရှား ပြောနိုင်ပြနိုင်သော စွမ်းအင်မျိုးရှိသည်။

မြတ်စွာဘုရား၏ ဉာဏ်တော်ကား လူသားတို့နှင့် မဆက်မဆံ မကြံစည်နိုင်၊ မအံ့သြနိုင်သော အစိန္တေယျတည်း။ ရဟန်းတော်ငါးရာတို့သည် မြတ်စွာဘုရား၏ ဒိသာ ဖရဏ အဝေးသို့ ပျံ့နှံ့ထွင်းဖောက် ရောက်နိုင်သော ရောင်ခြည်တော်တို့ဖြင့် ကြွလာဟောပြတော်မူသည်ကို လက်ခံကြည်ညိုကြားနာနိုင်သည့် (ကိရိယာပိုင်ရှင်) ပါရမီထူးများ ရှိကြပေသည်။ သုတ္တန်ဝတ္ထုအချို့တွင် ဘုရားရှင်သည် ဤနည်းဖြင့် ရုပ်မြင်သံကြား တရားဟောတော်မူကြောင်း တွေ့ရှိမှတ်သားရဖူးသည်။

ထိုဒေသနာတော်အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ထိုင်တော်မူကြကုန်သော နေရာ၌ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြကုန်သည်။

* * *

(၉)

# ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း

ဒိသော ဒိသံ ယန္တံ ကယိရာ၊
ဝေရီဝါ ပန ဝေရိနံ။
မိစ္ဆာ ပဏိဟိတံ စိတ္တံ၊
ပါပိယော နံ တတော ကရေ။

ဒိသော = ခိုးသူတစ်ယောက်သည်၊ ဒိသံ = ရန်ဘက်ဖြစ်သော ခိုးသူတစ်ယောက်ကို၊ ဒိသွာ = မြင်သည်ရှိသော်၊ ဝေရီဝါပန = ရန်သူတစ်ယောက်သည်လည်း၊ ဝေရိနံ = ရန်သူတစ်ယောက်ကို၊ ဒိသွာ = မြင်သည်ရှိသော်၊ ယန္တံ = အကြင် အကျိုးမဲ့ပျက်စီးခြင်းကို၊ ကယိရာ = ဤဘဝ၌သာ ပြုနိုင်ရာ၏။ တတော = ထိုခိုးသူ ရန်ပြုသော အကျိုးမဲ့ ပျက်စီးခြင်းထက်၊ မိစ္ဆာ ပဏိဟိတံ = မှားသောအားဖြင့်, ဆောက်တည်အပ် သော၊ စိတ္တံ = စိတ်ယုတ်မာသည်၊ နံ = ထိုစိတ်ယုတ်မာ ဆောက်တည်သူကို၊ ပါပိ ယော = အလွန်ယုတ်မာလေအောင်၊ (ဝါ) အလွန်အကျိုးမဲ့ ပျက်စီးလေအောင်၊ ကရေ = ပြုနိုင်ရာ၏။

ဓမ္မပဒ၊ ဂါထာ – ၄၂။

မုန်းသောသူသည် အမုန်းခံရသော သူအားလည်းကောင်း၊ ရန်သူသည် ရန်ဘက်အားလည်းကောင်း၊ အကျိုးမဲ့ကို ပြုသည်ထက် မကောင်းမှု၌ ညွတ်သော စိတ်သည် မိမိအား ဆိုးယုတ်အောင် ပြုလေ၏။

ဒိသောဒိသံ အစရှိသော ဤတရားဒေသနာတော်ကို ဘုရားရှင်သည် ကောသလဇနပုဒ်၌ နန္ဒမည်သော နွားကျောင်းသားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးကြီး၏ နန္ဒမည်သောနွားကျောင်းသားသည် နွားအပေါင်းကို စောင့်ရှောက် ထိန်းသိမ်းသတတ်။ ထိုနွားကျောင်းသားသည် ကြွယ်ဝချမ်းသာသည်ဖြစ်၍ များစွာသော စည်းစိမ်ဥစ္စာ အသုံးအဆောင်ရှိ၏။

ထို နန္ဒ နွားကျောင်းသားသည် ရံဖန်ရံခါ ငါးပါးသော နွားနို့အရသာတို့ကိုယူ၍ အနာထပိဏ်သူဌေးကြီးအထံသို့ သွားပြီးလျှင် ဘုရားရှင်ကို ဖူးမြင်၍ တရားတော်ကိုလည်း နာရ၏။ ထို နန္ဒ နွားကျောင်းသားသည် မိမိနေရာအရပ်သို့ ကြွလာတော်မူစေခြင်းငှာ ဘုရားရှင်ကို တောင်းပန်၏။ ဘုရားရှင်လည်း ထိုနွားကျောင်းသား၏ ဉာဏ်ရင့်သန်ခြင်းကို ဆိုင်းငံ့တော်မူသဖြင့် ကြွသွားတော်မမူသေးဘဲ ဉာဏ်ရင့်သန်သည့်အဖြစ်သို့ ရောက်သည်ကိုသိမှ၊ တစ်နေ့သ၌ ရဟန်းသံဃာများစွာ ခြံရံလျက် ဒေသစာရီ ကြချီတော်မူ၍ ခရီးမ, မှ ဖဲတော်မူပြီးလျှင် ထိုနွားကျောင်းသား၏ နေရာအရပ်အနီး တစ်ခုသော သစ်ပင်ရင်း၌ နေတော်မူလေ၏။

နန္ဒနွားကျောင်းသားသည်လည်း ဘုရားအထံသို့ ချဉ်းကပ်ကာရှိခိုး၍ ပဋိသန္ဓာရ စကား ပြောကြားပြီးလျှင် မြတ်စွာဘုရားကို ဖိတ်၍ ခုနစ်ရက်ပတ်လုံး ရဟန်းသံဃာတော် အပေါင်းအား မွန်မြတ်သော၊ ငါးပါးသော အရသာရှိသော နွားနို့အလှူကို ပေးလှူလေ၏။

ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်သည် တရားအနုမောဒနာကို ပြုတော်မူ၍ ဒါနကထာစသော အစဉ်အတိုင်းဖြစ်သောတရားစကားကို ဟောကြားဆုံးမတော်မူ၏။ ဂါထာ ဒေသနာတော်၏ အဆုံး၌ နန္ဒနွားကျောင်းသားသည် သောတာပတ္တိဖိုလ်၌ တည်၍ ဘုရားရှင်၏ သပိတ်တော်ကိုယူကာ လိုက်ပို့သည်ရှိသော် ဝေးသောအရပ်သို့ ရောက်လျှင် "ဒါယကာ နေရစ်လော့" ဟု မိန့်တော်မူမှ ဆုတ်နစ်လျက် ဘုရားရှင်ကို ရှိခိုး၍ ပြန်ခဲ့လေ၏။

ထိုအခါ ထိုနန္ဒနွားကျောင်းသားကို မုဆိုးတစ်ယောက်သည် ပစ်ခတ်၍ သတ်လေ၏။ နောက်မှလိုက်လာသော ရဟန်းတို့သည် ထိုနန္ဒနွားကျောင်းသား သေနေသည်ကို မြင်လျှင် သွား၍ ဘုရားရှင်ကို လျှောက်ထားကြကုန်၏။

"မြတ်စွာဘုရား၊ နန္ဒနွားကျောင်းသားသည် မြတ်စွာဘုရားတို့၏ ဤအရပ်သို့ ကြွတော်မူလာခြင်းကြောင့် အလှူကြီးကို ပေးလှူ၍ လိုက်ပို့ရာမှ ပြန်လေသည်ရှိသော် သေရရှာလေပြီ။ မြတ်စွာဘုရားတို့သည် အကယ်၍ မကြွလာကုန်သည်ဖြစ်အံ့ နန္ဒနွားကျောင်းသားအား သေရခြင်းသည် မဖြစ်တန်ရာ" ဟု လျှောက်ထားကြလေကုန်၏။

ဘုရားရှင်သည် -

"ချစ်သား ရဟန်းတို့၊ ဤနန္ဒ နွားကျောင်းသားကား ငါဘုရားကြွလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ တူရူအရပ်လေးမျက်နှာ၊ အထောင့်အရပ်လေးမျက်နှာတို့ကို သွားငြားသော်လည်း ထိုနန္ဒနွားကျောင်းသားအား သေခြင်းမှလွတ်အံ့သော အကြောင်း မည်သည်မရှိ။ အကြင်သတ်ဖြတ်ဖျက်ဆီးခြင်းအမှုကို ခိုးသူတို့သည်လည်းကောင်း၊ ရန်သူတို့သည်လည်းကောင်း မပြုနိုင်ကြ။ ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ဖြစ်သော မှားသောအားဖြင့် ကျင့်သုံးဆောက်တည် နလုံးသွင်းအပ်သောစိတ်သည်သာလျှင် ပြု၏" ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

နန္ဒနွားကျောင်းသား ဥပါသကာသည် လွန်လေပြီးသော ဘဝတစ်ပါး၌ ပြုခဲ့သော အကုသိုလ်ကံကို ရဟန်းတို့ မမေးမလျှောက်သောကြောင့် ဘုရားရှင် ဟောပြတော်မမူ။

ကျေးရွာရှင် ညောင်လေးပင် တောရဆရာတော်ဘုရား ရေးသားတော်မူခဲ့သော ဓမ္မပဒဝတ္ထုတော်ကြီး၌ စိတ္တဝဂ်ဂါထာ ၄၂ ကို အထက်ပါအတိုင်း ဦးမင်္ဂလာက ဖတ်ရှု ကြည်ညိုရပါသည်။ ၎င်းကို မိမိ၏အတွေး မိမိ၏အသိဖြင့် ဤကဲ့သို့ ချဲ့ထွင်စဉ်းစား မိလေသည်။

"သတ္တဝါ တစ်ဦးတစ်ယောက်၏ သေရခြင်းတရားဟာ သူတစ်ပါးက သတ်၍ သေရတာမဟုတ်။ မိမိ၏ ပြုခဲ့သော အကုသိုလ်စိတ်တို့က သတ်၍သာ သေရခြင်းဖြစ်တယ်"

မြတ်စွာဘုရားလက်ထက်တော်က ဇေတဝန်ကျောင်း ဒါယကာကြီး အနာထပိဏ် သူဌေးဆိုလို့ရှိလျှင် ပစ္စည်းပစ္စယ သက်ရှိသက်မဲ့ အဆမတန် ကြွယ်ဝချမ်းသာသူ ဖြစ်တယ်။ နို့စားနွား ဝန်ဆောင်နွား အထောင်အသောင်းကို ပိုင်ဆိုင်သူဖြစ်တယ်။ ထိုနွား အားလုံးကို စောင့်ရှောက်နေရတဲ့ နွားထိန်းမှူးက 'နန္ဒဂေါပါလက' ဟု အမည်တွင် တယ်။ သူ့လက်အောက်မှာ နွားထိန်း နွားကျောင်းသားတို့ အများအပြား ရှိကြတယ်။

သူက နွားနှင့်ပတ်သက်၍ စီမံခန့်ခွဲပေးရတဲ့ အကြီးအမှူးဖြစ်တယ်။ ပစ္စည်းဥစ္စာ အထိုက်အလျောက် ကြွယ်ဝတယ်။ သူ့ဌာနမှထွက်သော နွားနို့အရသာ ငါးပါးကို သူ့သူဌေးကြီးဖြစ်တဲ့ အနာထပိဏ်ထံသို့ နေ့စဉ် ပေးပို့ရတယ်။နွားနို့အရသာငါးပါးဆိုတာက

၁။ ခီရ = နို့စိမ်းနို့ကျက်

၂။ ဒဓိ = ဒိန်ခဲ

၃။ တက္က = ရက်တက်ရည်

၄။ နဝ နီတ = ထောပေး (ဆိဦး) ကို ခေါ်တယ်။

၅။ သပ္ပိ = ထောပတ်

အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရားသခင်နဲ့ အကျွမ်းတဝင် နီးကပ်ကြည်ညို သူ ဖြစ်လေတော့ မြတ်စွာဘုရားသခင်ကို မကြာခဏ ပင့်ဖိတ်လှူဒါန်းလေ့ရှိတယ်။ သူဌေးကြီးကိုယ်တိုင်က မြတ်စွာဘုရားသခင်အား ချဉ်းကပ်ပြုစု လုပ်ကျွေးတဲ့အခါ သူနှင့်ပတ်သက်သမျှ အိမ်သူအိမ်သားအစေအပါး အမှုထမ်းမှန်သမျှလည်း မြတ်စွာဘုရားကို မကြာခဏ ဖူးမြင်ရပြီး တရားဒေသနာတော်များကိုလည်း နာကြားကြရမှာပေါ့။

မိဘတို့က ရတနာသုံးပါးကို ကြည်ညိုလျှင် အိမ်သူအိမ်သား သားမယားများကပါ လိုက်ပါကြည်ညိုတတ်ပြီး အထက်လူကြီးက ကြည်ညိုလျှင်လည်း ငယ်သားများကပါ ကြည်ညိုလာတတ်ကြတာပေါ့။

နန္ဒဂေါပါလကဟာ သူဌေးကြီးထံကို နွားနို့လာပေးတိုင်း အခါများစွာ မြတ်စွာ ဘုရားကို ဖူးတွေ့ရတယ်၊ တရားတော်ကို နာကြားရတယ်၊ အဲသလို နာကြားရဖန်များ တော့ မြတ်စွာဘုရားကို ဆတက်ထမ်းပိုး ကြည်ညိုလာတယ်။ သူ့မှာလည်း လှူနိုင်တန်းနိုင် အထိုက်အလျောက် ပစ္စည်းပစ္စယ ရှိလေတော့ သူနေထိုင်ရာဖြစ်တဲ့ ကောသလဇနပုဒ်ရှိ သူ့အိမ်သို့ သံဃာတော်များနှင့်ပင့်ပြီး ကိုယ်တိုင် ဆွမ်းလုပ်ကျွေးချင်တယ်။ မိမိ၏ရွာသူ ရွာသား အိမ်သူအိမ်သားများနဲ့ အတူတကွ တရားနာကြားချင်တယ်။

ဒါ့ကြောင့် သူဌေးကြီးကိုကပ်ပြီး သူဌေးကြီးမှတစ်ဆင့် ပင့်လျှောက်တယ်။ မြတ်စွာဘုရားသခင်ဟာ နန္ဒဂေါပါလကရဲ့ တရားထူးရမည့်အချိန်က အတန်ငယ်လိုနေ သေးတာကို သိမြင်တော်မူတဲ့အတွက် ပင့်လျှောက်တာကို လက်ခံတော် မမူ လိုက်သေး ပါဘူး။

ဥပမာ – မြတ်စွာဘုရားသခင်ဟာ သမ္မာသမ္ဗုဒ္ဓစစ်စစ်ဖြစ်တော်မူပြီးလို့ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစကြာ တရားဦးဟောရန် မိဂဒါဝုန်သို့ ကြွလာတော်မူတယ်။ အဲဒီလမ်းခရီးအကြားမှာ ဥပကတက္ကတွန်းနဲ့ တွေ့တယ်။ ဥပကတက္ကတွန်းက ကြည်ညိုလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုတယ်။ သို့သော်လည်း မြတ်စွာဘုရားသခင်က ဥပကတက္ကတွန်းဟာ ကျွတ်တမ်းဝင်ဖို့အချိန် တစ်နှစ်၊ နှစ်နှစ်လောက် လိုသေးတာကို သိမြင်တော်မူတဲ့အတွက် တရားမဟောဘဲ လမ်းခွဲလို့ ကြွတော်မူခဲ့တယ်။ ဥပကတက္ကတွန်းကြီးဟာ မဆာဝါနဲ့ အိမ်ထောင်ကျပြီး သားတစ်ယောက်ရခါမှ လူ့လောကကို စိတ်ပျက်လို့ မြတ်စွာဘုရားထံ လိုက်လာတယ်။ အဲဒီတော့မှ မြတ်စွာဘုရားက တရားဟောတော်မူလို့ အနာဂါမ်ဖြစ်ရတယ်။

သတ္တဝါ တစ်ဦးတစ်ယောက်ရဲ့ တရားထူးရဖို့ ပညာဣန္ဒြေဉာဏ် ပြည့်စုံပြီလား၊ မပြည့်စုံသေးဘူးလားလို့ ချင့်ချိန်သိမြင်တော်မူလိုက်တာဟာ ‘ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်’ လို့ ခေါ်တယ်။ အဲဒီဉာဏ်တော်မျိုးဟာ သာမန်သာဝက ရဟန္တာပုဂ္ဂိုလ်မျိုးကို မပြောနဲ့ ပစ္စေက ဗုဒ္ဓါကိုယ်တော်များတောင် သိမြင်တော်မမူနိုင်ကြဘူး။

အဲသလို ဗုဒ္ဓမြတ်စွာတို့မှတစ်ပါး မည်သူ တစ်ဦးတစ်ယောက်မျှ မသိနိုင်ကြဟဲ့ ဉာဏ်တော် ခြောက်ပါးရှိပါတယ်။

အဲ့ဒီဉာဏ်တော်ခြောက်ပါးကို ဆအသာဓာရဏ ဉာဏ်တော်လို့ ခေါ်တယ်။ ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးရဲ့ “ပကိဏ္ဏကနမက္ကာရ အစိန္တေယျ” ဘုရားရှိခိုးကို အာဂုံရလျှင် အဲဒီဉာဏ်တော်ခြောက်ပါးကိုလည်း ချက်ချင်းသိနိုင်တာပေါ့။

အဲဒီ ဘုရားရှိခိုးကြီး အပိုဒ် ၄ မှာ –

> ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့၊ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တ ၊ ဝေနေယျပုဂ္ဂိုလ်တို့၏၊ အလိုဆန္ဒ၊ အာသယ ကိန်းဟန်ကို၊ ဧကန် သိမြင်နိုင်သော၊ အာသယာနုသယဉာဏ်။ ဣန္ဒြေရင့်မရင့်ကို ထောက်ချင့် သိစွမ်းနိုင်သော၊ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်။ ပရမတ်ပညတ် အရပ်ရပ်လုံးစုံ၊ အကုန်အစင်၊ သိမြင်နိုင်သော၊ သဗ္ဗညုတဉာဏ်။ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်တည်းဟူသော ဉေယျဓံငါးအင်ကို သိမြင်တော်မူရာ၌၊ ဆီးကာပိတ်ပင်ခြင်းမရှိသော အနာဝရဏဉာဏ်။ ယမိုက်ပြာဋိဟာ၊ လွတ်ခြင်းရာ၌ လေ့လာတော်မူနိုင်သော၊ ယမကပါဋိဟာရိယဉာဏ်။ သနားထိုက်လှစွာသော၊ ဝေနေယျသတ္တဝါကို၊ လွန်စွာ သနားတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်၊ ဤခြောက်တန်သော ဆအသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို ညှိထောင် ထွန်းစိုက်တော်မူသည်ဖြစ်၍ –

အဲသလို ရေးသားတော်မူခဲ့တယ်။

အခုဝတ္ထုမှာလည်း နန္ဒဂေါပါလက နွားထိန်းကြီးဟာ ကျွတ်တမ်းဝင်နိုင်ဖို့ ပညာဣန္ဒြေက မရင့်ကျက်သေးတာမို့ မြတ်စွာဘုရားသခင်ဟာ သူပင့်ဖိတ်တာကို လက်ခံ

တော်မမူလိုက်သေးပါဘူး၊ မဂ်ဖိုလ်သို့ ရနိုင်တော့မယ်မဟုတ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များက ပင့်ဖိတ်တာကိုတော့ လက်ခံတော်မူပါတယ်၊ တစ်မဂ်တစ်ဖိုလ် ရနိုင်မယ်လို့ သိမြင်တော်မူတဲ့ ပုဂ္ဂိုလ်များကိုတော့ မဂ်ဖိုလ်လည်း ရနိုင်မယ့်အချိန်ကို ဆိုင်းငံ့စောင့်ကြည့်တော်မူတတ်ပါတယ်။

ဒီလိုနဲ့ နေ့ရက်ကာလအချိန်ကြာသွားပြီးတဲ့နောက် ဒီနန္ဒဂေါပါလက နွားထိန်းကြီးဟာ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို ရောက်နိုင်ပြီလို့ မြတ်စွာဘုရားသခင်က ကြည့်တော်မူပြီးတဲ့အခါကျမှ တစ်နေ့မှာ နန္ဒဂေါပါလက နေထိုင်ရာ ကောသလဇနပုဒ်သို့ သံဃာတော်များခြံရံပြီး ကြွသွားတော်မူတယ်။ တောအုပ်တစ်အုပ်ရှိ သစ်ပင်ရင်းမှာ မြတ်စွာဘုရားသခင်က သီတင်းသုံးနေတော်မူတယ်။ နန္ဒဂေါပါလက က သိသိချင်းပဲ မြတ်စွာဘုရားထံမှောက် အရောက်လာပြီး သူ့အိမ်ကို ပင့်ဖိတ်တယ်။ခုနစ်ရက်ပတ်လုံး နွားနို့အရသာငါးပါးနဲ့ ဆွမ်းလုပ်ကျွေးတယ်၊ မြတ်စွာဘုရားသခင်က နေ့တိုင်း အနုမောဒနာပြု၍ ဒါနကထာစတဲ့ တရားများကို အစဉ်အတိုင်း ဟောတော်မူတယ်။

အဲဒီ အစဉ်အတိုင်းဆိုတဲ့ စကားကို ခွဲခြားသိဖို့လိုတယ်၊ မြတ်စွာဗုဒ္ဓဟာ ဒါနကထာ = လှူရခြင်း၏ အကျိုးတရားများကို စတင်၍ ဟောတော်မူလေ့ရှိပါတယ်။ အဲဒီနောက် သီလကထာ = ကိုယ်ကျင့်သီလတို့၏ အကျိုးကြီးပုံကို ဆက်၍ ဟောတော်မူပါတယ်။ အဲဒီနောက်မှတစ်ဆင့် သဂ္ဂကထာ = နတ်ပြည်နတ်ရွာသုဂတိဘုံကို ရောက်နိုင်ရန် အကျင့်အကြံများကို ဟောတော်မူတယ်။ အဲဒီနောက်မှ မဂ္ဂကထာ = မဂ်ဖိုလ်ရကြောင်းတရားကို ဟောတော်မူပါတယ်။

နန္ဒဂေါပါလက ဟာ မဂ်ဖိုလ်ကို ရနိုင်သူဖြစ်လို့ ခုနစ်ရက်မြောက်သောနေ့မှာ မြတ်စွာဘုရားက မဂ္ဂကထာ ဒေသနာတော်ကို ဟောတော်မူခြင်းကြောင့် သောတာပတ္တိ မဂ်ရပြီး သောတာပတ္တိဖိုလ်ကို အာရုံပြုလျက် ဖိုလ်ချမ်းသာကို ခံစားနိုင်သူ ဖြစ်သွားတယ်။

မြတ်စွာဘုရား သာဝတ္ထိပြည်ကို ပြန်ကြွတော်မူတဲ့အခါမှာ နန္ဒဂေါပါလက က မြတ်စွာဘုရားသခင်၏ သပိတ်တော်ကိုပိုက်ပြီး တောလမ်းအတိုင်း လိုက်ပို့တယ်။ သူ့ရွာမှ အတော်ကြီးဝေးတဲ့နေရာရောက်တော့ မြတ်စွာဘုရားက –

"ချစ်သား နန္ဒဂေါပါလက၊ ဤနေရာမှာ နေရစ်ခဲ့လော့။ ဤနေရာမှ ပြန်လော့" လို့ အမိန့်ရှိတော်မူတယ်။ နန္ဒဂေါပါလကဟာ မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ရိုသေစွာအပ်တော်မူပြီး မြေပြင်မှာဝပ်လျှိုး၍ ရှိခိုးနှုတ်ဆက်လိုက်ပါတယ်။ မြတ်စွာဘုရား ကြွသွားတော်မူတာကို မျက်စိတဆုံး ရှိခိုးဦးတင်ကြည့်နေပြီးမှ သူ့ရွာဘက်ကို ပြန်လှည့်ခဲ့တယ်။

အဲဒီမှာ သူပြန်အလာကို ချောင်းမြောင်းစောင့်ကြည့်နေတဲ့ မုဆိုးတစ်ယောက်က လေးနဲ့ပစ်လိုက်တယ်။ နန္ဒဂေါပါလကဟာ မြားဆိပ်မွှန်ပြီး အဲဒီနေရာမှာပဲ လဲကျသေဆုံး သွားပါတယ်။ နန္ဒဂေါပါလကရဲ့ အဖြစ်ဆိုးကို နောက်မှကြွလာတဲ့ ရဟန်းများက မြင်တွေ့ ကြရတော့ ခုနစ်ရက်ပတ်လုံး မိမိတို့အား ဘုရားနဲ့တကွ ဆွမ်းလုပ်ကျွေးခဲ့တဲ့

ဒါယကာကြီးအတွက် ယူကျုံးမရဖြစ်ကြတယ်။ အဲဒီသတင်းကို အလျင်အမြန် ဘုရားထံ လိုက်ပြီး လျှောက်ထားကြတယ်။ မြတ်စွာဘုရားက ခပ်မဆိတ်နေတော်မူတော့ ရဟန်းများက–

"နန္ဒဂေါပါလက ဒါယကာဟာ မြတ်စွာဘုရားနှင့် တပည့်တော်တို့ကို ခုနစ်ရက်လုံးလုံး ဆွမ်းပင့်ကျွေးတယ်၊ မြတ်စွာဘုရား ပြန်ကြွတော်မူတဲ့အခါမှာ သပိတ်ပိုက်ပြီး လိုက်ပို့ရှာတယ်၊ ဒါ့ကြောင့် အပြန်မှာ သူတစ်ပါးကြံတာကို ခံရလို့ အသက်သေရတယ်၊ တကယ်လို့ မြတ်စွာဘုရားကို သပိတ်ပိုက်လို့ လိုက်မပို့ရင်လည်း ဒီလိုသေရမှာမဟုတ်ဘူး" လို့ ဝေဖန်လျှောက်ထားကြတယ်။

အဲသည်လို လျှောက်ထားကြတဲ့ ရဟန်းများဟာ ပုထုဇဉ်စိတ်၊ ပုထုဇဉ်အတွေး၊ ပုထုဇဉ်အမြင်နဲ့သာ လျှောက်ထားကြခြင်း ဖြစ်ပါလိမ့်မယ်။ မြတ်စွာဘုရားက အဲသည် ရဟန်းများရဲ့စကားကို သို့ကလို ပြန်လည် မိန့်ကြားတော်မူတယ်။

"ချစ်သားရဟန်းတို့၊ နန္ဒဂေါပါလက ဒါယကာဟာ ငါဘုရား ကြွလာသည် ဖြစ်စေ မကြွလာသည်ဖြစ်စေ၊ ငါဘုရားအား လိုက်ပို့သည်ဖြစ်စေ လိုက်မပို့သည်ဖြစ်စေ ဘယ်အရပ်ကိုသွားသွား ဒီနေ့၊ ဒီရက်၊ ဒီအချိန်အခါမှာ သေရမှာပဲဖြစ်တယ်။

"နန္ဒဂေါပါလက သေရခြင်းဟာ ရန်သူတစ်ဖက်သားက သတ်၍ သေရတယ် လို့ဆိုလျှင် အမှန်စင်စစ် မဟုတ်သေးဘူး၊ သူပြုခဲ့ဖူးတဲ့ အကုသိုလ်စိတ်၊ အကုသိုလ်စေတနာ၊ အကုသိုလ်ကံတို့က သတ်တယ်လို့ဆိုမှ အမှန်စင်စစ် ဖြစ်ပေလိမ့်မယ်" လို့ မိန့်တော်မူတဲ့ ဒီသောဒီသံဂါထာကို ဟောတော်မူတယ်။

အဲသည်နေရာမှာ ပုထုဇဉ်စိတ်တို့ရဲ့ မမှန်မကန်ဖောက်ပြန်ယူဆတတ်တဲ့သဘောကို စဉ်းစားကြရမယ်။ အချို့သူများဟာ ရတနာသုံးပါးကို အမြဲတစေ ကိုးကွယ်ဆည်းကပ်နေတယ်။ ကောင်းမှုကုသိုလ်မှန်သမျှ ပြုလုပ်နေတယ်၊ အဲဒီလူမှာ မလိုလားအပ်သော သေခြင်း၊ နာခြင်း၊ ပျက်စီးခြင်းစသော ဘေးအန္တရာယ် တစ်ခုခုနှင့်ကြုံလျှင် –

"ငါ့မှာ ရတနာသုံးပါးကို ဆည်းကပ်နေလျက်သားနှင့် ကောင်းမှုကုသိုလ်တွေကို နေ့စဉ်ပြုကျင့်နေပါလျက်နှင့် အခုလို အလုပ်ပြုတ်ရတယ်။ စီးပွားပျက်ရတယ်၊ အမှုအခင်း တွေ့ရတယ်။ ထောင်အကျဉ်း အကျခံရတယ်။ နာမကျန်းဖြစ်ရတယ်။ ချစ်လှစွာ သောသားနှင့် မယားတို့ သေဆုံးရတယ်။ ရတနာသုံးပါးတို့က ငါ့အား တစ်စုံတစ်ရာ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်း မရှိပေဘူး။ ကောင်းကျိုးချမ်းသာ ပေးနိုင်တယ် ဆိုတာ ဘယ်မှာလဲ၊ အန္တရာယ်ကို ကာကွယ်နိုင်တယ်ဆိုတာ ဘယ်မှာလဲ" ဟု ပုတ်ခတ် ဝေဖန်၍ ပြစ်မှားသလိုစိတ်မျိုး ပေါ်ပေါက် ဖောက်ပြန်လာတတ်တယ်။

ဒါဟာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းက တခြား 'မိမိပြုခဲ့သော မိမိပြုနေသောကံ–ကံ၏ အကျိုးကတခြား' လို့ ကွဲကွဲပြားပြား မခွဲခြားတတ်လို့ ဖြစ်လိမ့်မယ်။

တို့တစ်တွေက ဘုရားရှိခိုးနေကြတာဟာ မိရိုးဖလာမို့ ရှိခိုးနေကြတာမျိုး၊ ဘေးဥပဒ် အန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းအောင်၊ မလာမရောက်အောင် ရှိခိုးနေကြတာမျိုး၊

မရသေးသောစည်းစိမ်ချမ်းသာ ဂုဏ်အရှိန်အဝါ ရာထူး ရာခံများကိုရအောင်၊ ရပြီးသော စည်းစိမ်ချမ်းသာ မနိမ့်မကျအောင် ရှိခိုးနေတာမျိုး ဖြစ်နေကြသလား၊ ကိုယ့်စိတ်ကို စဉ်းစားဖို့လိုလိမ့်မယ်၊ ဒါဆိုရင် ဘုရားရှိခိုးတာဟာ ယထာဘူတ နည်းစစ်လမ်းမှန် မကျပေဘူး။

ဆရာတော်သူတော်ကောင်းကြီးများကတော့ ဘုရာရှိခိုးတဲ့စကားမှာ "ကုလ, ဘယ၊ လာဘမမျှော်၊ ကျေးဇူးတော်ကို ကော်ရော်ရိုကျိုးရှိခိုးပါ၏ဘုရား" လို့ အဆို ပြုတော်မူကြတယ်။

ပြောစရာ အဖြစ်အပျက်တစ်ခုတော့ရှိတယ်လေ၊ ဒေဝဒတ်က မြတ်စွာဘုရားကို လုပ်ကြံဖို့ လေးသမားတစ်ယောက်ကို လွှတ်လိုက်တယ်၊ အဲဒီလေးသမားက မြတ်စွာ ဘုရားကို အဝေးကနေ မြားနှင့်ပစ်သတ်ပြီး ဟောဒီလမ်းကပြန်ခဲ့လို့ အတိအကျ ညွှန် ကြားလိုက်တယ်။ လူသတ်သမားနှစ်ယောက်ကို အဲဒီလမ်းက စောင့်ခိုင်းထားတယ်၊ မြတ်စွာဘုရားကို လုပ်ကြံပြီး ပြန်လာတဲ့ လေးသမားကို အဲဒီနှစ်ယောက်က စောင့်သတ်ဖို့ အစီအစဉ်လုပ်ထားတယ်လေ။ သူ့လုပ်ကြံမှုကြီးကို လက်သည်မပေါ်အောင် ခြေရာဖျောက် ဖို့ အစီအစဉ်ပေါ့။

လွှတ်လိုက်တဲ့ လေးသမားဟာ မြတ်စွာဘုရားကို ဖူးတွေ့ကြည်ညိုပြီး မသတ်ဖြစ်ဘဲ သရဏဂုံတည်သွားတယ်၊ အဲဒီလေးသမားပြန်တော့မယ်လုပ်တော့ မြတ်စွာဘုရားက–

"ချစ်သား အဲဒီလမ်းက မပြန်နဲ့၊ အဲဟိုလမ်းက ပြန်" လို့ ညွှန်ကြားတော်မူလိုက် တဲ့အတွက် လေးသမားဟာ စောင့်ကြိုနေတဲ့လူတွေရဲ့ အသတ်အဖြတ်ကို မခံရတော့ဘူး၊ ဘေးအန္တရာယ်မှ လွတ်သွားတယ်။

အခုခေတ်မှာလည်း ကြားဖူးရတာတွေ ရှိသေးတယ်။ ဧရာဝတီမြစ်ရဲ့ တစ်ဖက်ကမ်း မှာ တောရသီတင်းသုံးနေတဲ့ ဆရာတော်ကြီးတစ်ပါးထံကို ထင်ရှားသောပုဂ္ဂိုလ်တစ်စုက သွားရောက်ဖူးမြော်ပြီး ပစ္စည်းပစ္စယများကို လှူဒါန်းတယ်၊ ဆရာတော်ကြီးက အတန် ကြာအောင် တရားဟောပြောပြီးတဲ့နောက် ဒါယကာများကို 'ပြန်ကြတော့' လို့ အမိန့် ရှိတော်မူတယ်။

ဒါယကာများကလည်း ဖူးရခဲတဲ့ ဆရာတော်ကြီးတစ်ပါးမို့လို့ ချက်ချင်း ထ,မပြန်ဘဲ ဆိုင်းငံ့နေကြတယ်၊ အဲသလိုနေတုန်း ဆရာတော်ကြီးက 'ပြန်ကြတော့လေ' လို့ ဒုတိယမို ပြောပြီးထိုင်ရာမှ ထ,သွားတယ်၊ ဒါယကာတို့လည်း မနေသာတော့ဘဲ ဧရာဝတီမြစ်ကို မော်တော်နဲ့ကူးပြီး ပြန်ခဲ့ကြတယ်၊ တစ်ဖက်ကမ်းရောက်လို့ ကုန်းပေါ်လည်း တက်မိကြ ရော မြစ်လယ်မှာ မိုးသက်မုန်တိုင်းကျလာလို့ အချို့မော်တော်ငယ်များ၊ လှေများမှောက် ပြီး လူအချို့သေကုန်ကြတယ်၊ အဲဒီတော့မှ ဒါယကာများမှာ သေရမယ့်ဘေးမှ ဆရာတော်ကြီးက ကယ်လိုက်တယ်လို့ ပြောမဆုံးအောင် ဖြစ်သွားတယ်။

အဲဒီဖြစ်ရပ်မျိုးနဲ့ နှိုင်းယှဉ်ပြောရင် ယခု ဓမ္မပဒဝတ္ထုမှာ နန္ဒဂေါပါလက နွားထိန်းမှူး ကြီးကို မြတ်စွာဘုရားက လိုက်မပို့နဲ့လို့ တားမြစ်တော်မူဖို့ကောင်းတယ်။ လိုက်ပို့ပြန်

ရင်လည်း အဲဒီလမ်းက မပြန်နဲ့၊ အဲဟိုလမ်းက ပြန်သွားလို့ မြတ်စွာဘုရားက မိန့်တော်မူဖို့ ကောင်းတယ်။ အဲသလို အဲသလို ဇာဒကတက်ချင်ရင် သာကီဝင် ဆွေတော် မျိုးတော်တို့ကို 'ဝိဋ္ဋူဗ' သတ်ဖြတ်မယ့်အန္တရာယ်က တစ်ကြိမ်နှစ်ကြိမ်သာ တားမြစ်ပြီး နောက်ဆုံးမှာတော့ ဆွေတော် မျိုးတော်တို့၏ ဝိပါက ဝဋ်ကြွေးကို မြင်တော်မူ လို့ ဥပေက္ခာပြုတော်မူလိုက်ရတာလည်း ရှိတယ်။

ပဋာစာရီဘာတိဘုရင်မှဖြစ်လာတဲ့ ရဟန်းကြီးကို မြတ်စွာဘုရားကိုယ်တော်တိုင် တစ်ညဉ့်ပတ်လုံး တရားထူးရအောင်ဟောပြီး နံနက် အရုဏ်တက်တော့ ရဟန်းခံရန် သက်န်းပရိက္ခရာတို့ကို ရှာဖွေချေလို့ မိန့်တော်မူ လို့ ရဟန်းကြီး မြို့တွင်းသို့ထွက်အသွားမှာ နွားမက ဝှေ့လို့ အနိစ္စရောက်ရပါတယ်။ ဒါကို မြတ်စွာဘုရားက သိမြင်တော်မူ ပါလျက် တားမြစ်တော်မမူလိုက်နိုင်ပါဘူး။

သူတစ်ပါးထားတော့၊ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူတဲ့ ဂေါ်ဝလ သဲစုမကသော သမ္မာသမ္ဗုဒ္ဓအဆူဆူတို့ပင်လျှင် အနုပါဒိသေသ ပရိနိဗ္ဗာန်ပြုတော်မူကြရတယ်။

ဒါ့ကြောင့် သူ့ကံနဲ့သူဖြစ်လာတဲ့ သတ္တဝါဝေနေယျကို ယခုဘဝမှာ မသေအောင်တော့ မြတ်စွာဘုရားတို့ပင်လျှင် ကယ်မခြင်းမပြုနိုင်ပါဘူး။

အဲ…နောင်ဘဝ ဘဝမှာ မမွေးအောင်၊ မအိုအောင်၊ မနာအောင်၊ မသေအောင်တော့ ညွှန်ပြဆုံးမတော်မူနိုင်ပါတယ်။ အဲဒါက ယခုဘဝမှာပဲ အာသဝေါကင်းကွာပြီး ရဟန္တာဖြစ်ကြရမယ်လေ။

အဲဒါကြောင့် မြတ်စွာဘုရားက နန္ဒဂေါပါလကကို သတ်တာဟာ ရန်သူမုဆိုးမဟုတ်ပေဘူး၊ ဘဝ ဘဝက သူပြုခဲ့ဖူးတဲ့ 'ကံဆိုးကံယုတ် စိတ်ဆိုးစိတ်ယုတ်' တွေက သတ်လိုက်တာသာဖြစ်တယ်လို့ ဟောတော်မူတာဖြစ်တယ်။

"ဘယ်ဘဝက ကံဆိုးကံယုတ်တွေကြောင့်ပါလဲဘုရား" လို့ ရဟန်းများက မေးလျှောက်ခြင်း မပြုမိတာကြောင့် နန္ဒဂေါပါလကရဲ့ အတိတ်ဝတ္ထုကိုတော့ ဟောတော်မမူ တော့ပါဘူး၊ မြတ်စွာဘုရားဟာ အကြောင်းစကား မေးလျှောက်ဆက်စပ်ပါမှ အတိတ်ဝတ္ထုများကို ဟောတော်မူမြဲဖြစ်ပါတယ်။

အားလုံးကို ခြုံပြောရရင် ဟာသဆန်သော မိတ်ဆွေဆရာဝန်တစ်ယောက်ရဲ့စကားဟာ တိုတိုနဲ့ သဘောပေါက်နိုင်ပါလိမ့်မယ်၊ သူပြောတဲ့စကားကို နားထောင်ကြည့်လေ–

"ကျုပ်တို့က ဆရာဝန်ဆိုပေမယ့် မသေမယ့်လူမမာကိုသာ ရှင်အောင်ကုပေးနိုင်ပါတယ်၊ သေမယ့်လူဆိုရင် ကျုပ်တို့မပြောနဲ့ မိုးပေါ်ကသိကြားမင်းကြီး ဆင်းကု၊ သေမယ့်လူဟာ သေမှာပဲ" တဲ့လေ –။ သူပြောတဲ့စကားဟာ အလွယ်ဆုံး အရှင်းဆုံးပါပဲ သည့်ထက်တိုတဲ့ မြန်မာစကားတစ်ခုကတော့ –

"ပြုလျှင်အသစ်၊ ဖြစ်လျှင်အဟောင်း"

* * *

(၁၀)

# ကုသိုလ်စိတ်၏အကျိုး ဆွေမျိုးများက မပေးနိုင်

နတံ မာတာပိတာ ကယိရာ၊
အညေဝါပိစ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ၊
သေယျသော နံ တတော ကရေ။

တံကရဏံ = ထိုချမ်းသာပြည့်စုံအောင်ပြုခြင်းကို၊ မာတာ = မွေးသည့်မိခင် ကျေးဇူးရှင်သည်၊ နကယိရာ = မပြုနိုင်ရာ၊ ပိတာ = မွေးသည့်ဖခင်ကျေးဇူးရှင်သည်၊ နကယိရာ = မပြုနိုင်ရာ၊ အညေ = မိခင် ဖခင် ကျေးဇူးရှင်မှတစ်ပါးကုန်သော၊ ဉာတကာဝါပိစ = ဆွေမျိုးသားချင်းတို့သည်လည်း၊ နကရေယျုံ = မပြုနိုင်ကုန်ရာ၊ သမ္မာပဏိဟိတံ = ဆယ်ပါးသောကုသိုလ် ကမ္မပထ၌ ကောင်းစွာ ဆောက်တည်အပ်သော။ စိတ္တံ=စိတ်ကောင်းသည်၊ တတော = ထိုမိဘဆွေမျိုးတို့ ချမ်းသာပြည့်စုံအောင် ပြုနိုင်ခြင်းထက်၊ နံ = ထိုပုဂ္ဂိုလ်ကို၊ သေယျသော = အဆင့်ဆင့်မြင့်မြတ်အောင်၊ ကရေ–ကရောတိ = ပြုနိုင်၏။

ဓမ္မပဒ–ဂါထာ ၄၃။

ကောင်းမှု၌ ညွတ်သောစိတ်သည် အမိအဖတို့ကလည်းကောင်း၊ ဆွေမျိုးတို့ကလည်းကောင်း မပြုနိုင်သောအကျိုးကို မိမိအား ပြုလေ၏။

ဟုတ်တာပေါ့၊ ကုသိုလ်ကောင်းမှုမှာ ဝင်စားတဲ့ စိတ်ဖြစ်ဖြစ်၊ မဂ်တရား ဖိုလ်တရားမှာ ဝင်စားတဲ့စိတ်ဖြစ်ဖြစ်၊ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်အောင်အထိ အကျိုးပြုနိုင်တဲ့ စိတ်မျိုးပဲဖြစ်ဖြစ်၊ မိမိရဲ့အတွင်းသန္တာန် ခန္ဓာအစဉ်မှာ ဘယ်သူကမှ ထည့်သွင်းပေးလို့မရဘူး၊ အင်မတန် မေတ္တာစေတနာရှိပါတယ်ဆိုတဲ့ အမေကလည်း ပေးလို့မရဘူး၊ အဖေကလည်း ပေးလို့မရဘူး၊ ဆွေမျိုးဉာတကာတွေကလည်း ပေးလို့မရဘူး၊ မိမိစိတ်ကိုမိမိက ဆောက်တည်ပြုပြင်နိုင်မှ ရကြတာပေါ့"

ဦးမင်္ဂလာက ဤသို့ နားလည်သဘောပေါက်လိုက်ပါသည်။

မြတ်စွာဘုရားသခင်က ဤဂါထာကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သောရေယျ ရဟန္တာကို အကြောင်းပြုပြီး ဟောတော်မူတာဖြစ်တယ်။ သောရေယျ ရဟန္တာဆိုတာ – ယောကျ်ားက မိန်းမဖြစ်၊ မိန်းမက တစ်ဖန် ယောကျ်ားပြန်ဖြစ်ခဲ့ရတဲ့ မောင်မစ္စက အကြောင်းပေါ့။ အဲဒီ မောင်မစ္စကဆိုတဲ့ နာမည်ကိုတော့ ဘာအဓိပ္ပာယ်နဲ့ ဘယ်သူက မှည့်ခဲ့သလဲမသိပါဘူး၊ ဦးဖိုးစိန်ကြီး ငယ်ငယ်က ကခဲ့တဲ့ဇာတ်မှာ 'မောင်

မစ္စက' လို့ နာမည်ပေးထားတာပဲ၊ အဘိဓာန်ထဲမှာတော့ (မစ္စ = သေတတ်သည်၊သတ္တဝါ၊ လူ) အဲသည်အဓိပ္ပာယ်နဲ့ပဲ တွေ့ရတယ်။

မြတ်စွာဘုရားလက်ထက်တော်က ယောကျ်ားစစ်စစ်မှ မိန်းမသားတစ်ယောက်ဖြစ်ရပြီး ထိုမိန်းမသားဘဝမှ ယောကျ်ားတစ်ဖန် ပြန်ဖြစ်ရခြင်းဆိုတဲ့ တစ်ဘဝထဲမှာ ဖောက်လွဲဖောက်ပြန်ကြုံရတဲ့ ဖြစ်ရပ်ဆန်းကြယ်အတ္ထုပ္ပတ္တိဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ တစ်ခုတည်းသာ ဖြစ်ခဲ့ဖူးတာမို့ သူငါကအစ ဉက္ကောဋ္ဌေယျနှင့် အလွန့်အလွန် ထင်ရှားသွားပေလိမ့်မည်။ ဝတ္ထုအကြောင်းအရာကို လူသိများပေမယ့် အဲဒီဝတ္ထုမှာပါတဲ့ သောရေယျသူဌေးသားရဲ့ စိတ်ဆိုသောစိတ်အစဉ်ကို ဦးမင်္ဂလာက ဆက်၍ တွေးမိသည်။ သာဝတ္ထိပြည်ကြီးနဲ့ မနီးမဝေးမှာ သောရေယျအမည်ရှိတဲ့ မြို့တစ်မြို့ရှိတယ်။ အဲသည်မြို့မှာ ပစ္စည်းဉစ္စာ ချမ်းသာကြွယ်ဝသော သူဌေးက သောရေယျလို့ အမည်ရှိတယ်။ သူ့မှာ သားတစ်ယောက်ရှိတယ်၊ အဲဒီသားရဲ့ နာမည်ဟာ မထင်ရှားမပေါ်လွင်ဘဲ သောရေယျသူဌေးသားလို့သာ အမည်တွင်ခဲ့တယ်။ သားသောရေယျ = သောရေယျလုလင်ဆိုပါစို့၊ သူ့မှာ ဇနီးမယားနဲ့ သားနှစ်ယောက်ရှိပါတယ်။ အသက်အရွယ်နှင့် ရုပ်ရည်ရူပကာယက နှစ်လိုဖွယ်ဖြစ်အောင် ငယ်ရွယ်ပျိုမျစ်နေပါတယ်။ အဲသည့် သူဌေးသားဟာ ကာမဂုဏ်ချမ်းသာကို အလွန်အကြူး ခံမင်လိုက်စားပုံရပါတယ်။ ဒါ့ကြောင့် မိမိ၏မြို့ မိမိ၏အိမ်အတွင်းမှာ ပျော်ပါးရသည်ကို အားမရလို့ မြို့၏အပြင်ဘက်တွင်ရှိတဲ့ တောအုပ်၊ ဥယျာဉ် ရေကန်စသည့် ဆိတ်ကွယ်ရာအရပ်သို့သွားပြီး အပေါင်းအသင်း အခြွေအရံများနှင့် မြူးထူးပျော်ပါးလေ့ရှိတယ်။ သူနဲ့ အရင်းအနှီးဆုံး သူငယ်ချင်းတစ်ယောက်ကလည်း သူ့လိုဘကို အစစအရာရာ ဖြည့်တင်းဆောင်ရွက်ပေးတယ်။

တစ်နေ့တော့ မြို့အပြင်က သာယာတဲ့ ရေကန်ကြီးကို အခြွေအရံများနဲ့သွားပြီးတော့ ကာမဂုဏ်ချမ်းသာများ ပျော်ပါးမြူးထူးနေတယ်၊ ဒီအခါမှာ အရှင်မဟာကစ္စည်း (ကစ္စာန) ရဟန္တာအရှင်မြတ်ကလည်း မြို့တွင်းကို ဆွမ်းခံဝင်ရန် ဒုကုဋ်သင်္ကန်းကို ရုံနေဆဲဖြစ်တယ်။ အဲသည် ရဟန္တာအရှင်မြတ်ဟာ ရွှေအဆင်းနဲ့ညီအောင် အသားအရေလှပလွန်းတဲ့အတွက် 'ကဥ္စနလုလင်' လို့ ငယ်နာမည့်တွင်ခဲ့တယ်။ အဲသည့်အကျိုးထူးကို ရတာက ကဿပမြတ်စွာဘုရားလက်ထက်မှာ စေတီတော်ကို ရွှေအုတ်ချပ်များလှူပြီး 'ဖြစ်လေရာဘဝမှာ ရွှေအဆင်းကဲ့သို့ ဖြစ်ရပါစေ' ဆိုတဲ့ ဆုကို တောင်းခဲ့လို့ပါပဲ။ ယခု ဂေါတမမြတ်စွာဘုရားလက်ထက်မှာတော့ တရားတော်ကို 'အကျဉ်းမှအကျယ်' သို့ ချဲ့ထွင်ဟောနိုင်စွမ်းသော ဧတဒဂ်ကို ရပါသည်။ သောရေယျလုလင်ဟာ အဲသည် ရဟန္တာ အရှင်မြတ်ရဲ့ ကြည်ညိုရမယ့်ဂုဏ်ကို မကြည်ညိုဘဲ လွဲလွဲ မှားမှား ဖောက်ဖောက်ပြားပြားနဲ့ ရွှေအဆင်းတော်ကိုသာ တပ်မက်မိုက်မှားပြီး 'ငါ့မယားဖြစ်ရင် ကောင်းမှာပဲ၊ အရှင်မြတ်ကိုယ်တိုင် ငါ့မယားမဖြစ်တောင် ငါ့မယားမှာ အဲသည်လို ရွှေအဆင်းရှိရင် ကောင်းမှာပဲ' လို့ ဖြစ်မှားလိုက်မိတယ်။

အဲသည့်စိတ်ကို ဆန်းစစ်ကြည့်လိုက်စမ်း၊ ဘယ်လောက် ကြောက်စရာကောင်း

သလဲ၊ ဘယ်လောက်ရိုင်းစိုင်းမလဲ၊ ဘယ်လောက် ယုတ်မာမလဲ၊ ဘယ်လောက်ဆိုးရွားသလဲ၊ ဘယ်လောက် အပြစ်ကြီးသလဲ ဦးမင်္ဂလာက ဆက်၍ တွေးလိုက်ပြန်သည်။

သတ္တဝါတိုင်းမှာ အာရုံခံစားစရာ ကိရိယာခြောက်မျိုးရှိတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ပေါ့၊ အဲသည်ကိရိယာခြောက်မျိုးကြောင့် ကုသိုလ်လည်း ဖြစ်လာနိုင်တယ်၊ အကုသိုလ်လည်း ဖြစ်လာနိုင်တယ်။ ယခု သူဌေးသားဟာ မျက်စိကြောင့် အကုသိုလ် ဖြစ်ရခြင်းပေါ့။ ဗုဒ္ဓမြတ်စွာက မျက်စိကြောင့် အကုသိုလ်ဖြစ်နိုင်တာကို သတိပေးတော်မူခဲ့ပါတယ်။

စက္ခုရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ။

အဲသည်ပါဠိကို မြန်မာပြန်လျှင် –

စက္ခု – မျက်စိသည်၊ ရူပေန = ရူပါရုံနှင့်၊ သံဝါသာ = ပေါင်းဖော်မိသည်ရှိသော်၊ ရာဂပုတ္တံ = ရာဂတည်းဟူသောသားကို၊ ဝိဇာယတိ = ဖွားမြင်လေ၏။

မျက်စိက သူမြင်ရသော ရူပါရုံကို ပေါင်းဖော်လိုက်မိလျှင် ရာဂဟူသော ကိလေသာစိတ် ပေါက်ဖွားလာလိမ့်မယ်။

သောရေယျလုလင်ဟာ အရှင်မဟာကစ္စာန ရဟန္တာကို 'သံဝါသာ' ဆိုတဲ့ ပေါင်းဖော်ခြင်းမျိုးနဲ့ ကြည့်မိလို့ ရာဂဆိုတဲ့သားကို ဖွားမြင်လာရတာပေါ့။ အလွန်လှပါတယ်ဆိုတဲ့ ရူပါရုံကိုကြည့်မိ၊ မြင်မိတဲ့ ခဏမှာ 'လှလိုက်တာဟယ်'လို့ စိတ်က အမှတ်ပြုပြီးသည့်နောက် ရှေ့ကိုလျှောက်၍မတွေးဘဲ'မြင်ကာ' 'မတ္တ' နှင့် ရပ်တန်းက ရပ်လိုက်နိုင်ရင်လည်း ရာဂဖြစ်ပေါ်လာမယ့် ဘေးအန္တရာယ်က အေးနိုင်စရာရှိတာပေ့ါ၊ အခုတော့ သူဌေးသားဟာ မြင်ကာမတ္တနှင့် မရပ်ဘဲ ဖဿ,မှသည် ဝေဒနာဖြစ်အောင် ဆက်လာခဲ့တယ်။ ဝေဒနာမှသည် တဏှာဖြစ်တဲ့အထိ ဆက်လာခဲ့တယ်။ ဒါ့ကြောင့် သူ့စိတ်တွေဟာ အကုသိုလ်ကံကြီးတစ်ခုသို့ရောက်အောင် ကမောက်ကမ ဖြစ်ခဲ့တာပေါ့။

သောရေယျလုလင်ဟာ အဲဒါတွေကို မစဉ်းစားမိပါဘူး၊ ကာမဖောက်ပြန်ရေး သမားမို့ မဆင်မခြင် တပ်မက်လိုက်ခြင်းဖြစ်တယ်။ ပုထုဇဉ်တို့မှာ တပ်မက် မိုက်မှား လိုက်စားတတ်တဲ့ ကာမကိလေသာစိတ် သုံးမျိုးရှိပါတယ်။

၁။ ဝီတိက္ကမကိလေသာ = လောဘအလျောက် ကိုယ်နှုတ်လှုပ်ရှားလျက် ဖောက်ပြားကျူးလွန်စေတတ်သော ကိလေသာ။

၂။ ပရိယုဋ္ဌာနကိလေသာ = ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် အထင်အရှား ထကြွလာသော ကိလေသာ။

၃။ အနုသယကိလေသာ = ဥပါဒ်,ဋ္ဌီ,ဘင် အထင်အရှား မဟုတ်ဘဲ ခန္ဓာအစဉ်၌ အမြဲကိန်းဝပ်နေသော ကိလေသာ။

အဲသည် သုံးမျိုးသုံးစားအနက်မှာ ဝီတိက္ကမကိလေသာစိတ် ထူပြောသူဖြစ်လျှင် သင့်မသင့် တော်မတော်ကို မဆင်ခြင် မစဉ်းစားနိုင်ဘဲ အလွဲလွဲအမှားမှား ရှာဖွေဖောက်ပြားလိုက်စားတတ်တယ်၊ အမိက သားကိုသော်လည်းကောင်း၊ သားက အမိကို သော်လည်းကောင်း၊ အဖေက သမီးကိုသော်လည်းကောင်း။ မောင်နှမအချင်းချင်းသော်

လည်းကောင်း၊ ယောကျ်ားအချင်းချင်းသော်လည်းကောင်း၊ မိန်းမအချင်းချင်းသော် လည်းကောင်း၊ လူယောကျ်ားက တိရစ္ဆာန်မကိုသော်လည်းကောင်း၊ လူမိန်းမက တိရစ္ဆာန် အထီးကိုသော်လည်းကောင်း ဖောက်ပြန်တတ်ကြတယ်။အဲသည်အထိလိုက်စားတတ်တယ်။

အဲဒါကြောင့် မန်လည်ဆရာတော်ဘုရားက –

ကာမသတ္တဝါ၊ ကာမရှာနှိုက်၊ ကာမာရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်၊ တပ်လောဘစိတ်၊ ပိတ်မှုမသိ၊ ညစ်ညူးဘိ၏လို့ ရေးသားတော်မူခဲ့တယ်။

တစ်ခါမှားလို့ကော သတိရသလား၊ မရတတ်ပါဘူး၊ ဆားငန်ရေသောက်သလို ရေငတ်လို့သောက်၊ သောက်လို့ရေငတ်နေကြရတယ်။

တဏှာလမ်းသွား၊ ခရီးမှားလျှင်၊ ရိယှားပန်းပင်၊ ကန္တာပြင်ဝယ်၊
မပြင်ရှေ့နောက်၊ အာခေါင်ခြောက်၍၊ သောက်လေသောက်လေ၊
ငတ်မပြေသည်၊ ကာမေငါးတန်၊ ဆားရေငန်သို့။
အဲသလို စပ်ဆိုပြထားတော်မူပါသေးတယ်။

ပစ္စေကဗုဒ္ဓါ ရဟန္တာနှင့် ဘုရားမြတ်စွာတို့ကို ကြည်ညိုကော်ရော်ပူဇော်လှူဒါန်းခြင်း ကြောင့် ဒိဋ္ဌဓမ္မ ဝေဒနီယကံ အကျိုး ချက်ချင်းတစ်ခဏရနိုင်တဲ့နည်းတူ ဝန်လေးသော အကုသိုလ် အမှုနဲ့ ထိပါးပြစ်မှားလျှင်လည်း မကောင်းကျိုးများ ဒီဘဝမှာပဲ ချက်ချင်းခံစားရ တတ်ပါတယ်။

သောရေယျ လုလင်ဟာ ရဟန္တာအရှင်မြတ်ကို ကာမေသုမိစ္ဆာအကုသိုလ်ကံ စေတနာကြောင့် တစ်ကိုယ်လုံး ဖျိုးဖျိုးဖျဉ်းဖျဉ်း စိုးစိုးစစ်စစ်နဲ့ ယောကျ်ားသဏ္ဍာန်မှ မိန်းမသဏ္ဍာန်သို့ တဖြည်းဖြည်း ကူးပြောင်းသွားတော့တယ်။

ဒီအချိန်မှာ သောရေယျသူဌေးသားဟာ ထိပ်ကို မြွေပေါက်ခံရသလိုဖြစ်ပြီး သူ့ သူငယ်ချင်းက ရိပ်မိမှာစိုးတဲ့အတွက် တောအုပ်ထဲဝင်ပြေးရတယ်။ ရဟန္တာအရှင်မြတ် ကတော့ မြို့တွင်းကို ဆွမ်းခံဝင်ကြွသွားတော်မူပြီလေ။

သောရေယျ၏ အပေါင်းအသင်းများနှင့် သူငယ်ချင်းများက ပြန်ကြဖို့ အချိန်တန် လို့ သောရေယျလုလင်ကို လိုက်ရှာကြတယ်။ သူက ပုန်းနေရတယ်။ အော်ဟစ်ခေါ် ဝေါ်ကြတယ်။ သူက အသံမပေးဝံ့ဘူး၊ နောက်ဆုံးတော့ အားလုံးက လက်လျှော့ပြီး ပြန်သွားကြတယ်။ တချို့ကလည်း ရေကန်ထဲမှာ ရေနစ်ပြီး သေကျန်ခဲ့တယ်လို့ ထင် ကြတယ်။ သောရေယျဟာ ပုန်းလျှိုးနေတဲ့အချိန်တွင်းမှာပဲ ပီပီပြင်ပြင် 'မိန်းမရုပ် မိန်းမစိတ်' ပေါက်လာတော့တယ်။ သူ့အဖြစ်သူ ယူကျုံးမရရှိလှလို့ အားရပါးရငိုမိတယ်။

ဦးမင်္ဂလာက ဦးဖိုးစိန်ကြီး၏ ငိုချင်းတစ်ပုဒ်ကို ပေါက်ပေါက်ရှာရှာ သတိရ၍ ပြုံးလိုက်မိပါသည်။ သူ့ငိုချင်း၏ အဆုံးသတ်က 'အမယ်မင်း– ဖုံးကညာတစ်ပါးမှာ၊ လုံးရာက ပြား'ဟူ၍ ဖြစ်သည်။ ဤငိုချင်းကို ဦးဖိုးစိန်က ကန်ထဲမှာ ငိုလိုက်ခြင်းဖြစ်သည်။

မောင်မစ္စကသည် ရဟန္တာကို ပြစ်မှားသောစိတ်ကြောင့် တစ်ကိုယ်လုံးပူလောင် လာရာ ကန်တွင်းသို့ဆင်း၍ ရေစိမ်ရသည်။ ထိုကဲ့သို့ ရေစိမ်ရင်း လူ့ရုပ်ကိုမပြဘဲ

ငိုချင်းဆို၍ ဆိုင်းက ငိုချင်းချတီးလုံး ခပ်ရှည်ရှည်ကလေး တီးပေးလိုက်ရသည်။ ထိုအချိန်ကလေးအတွင်းမှာ ဦးဖိုးစိန်က မင်းသားအဝတ်မှပြောင်း၍ မင်းသမီး အဝတ်တန်ဆာကို အချိန်မီပြီးအောင် လဲလှယ်လိုက်ရသည်။

ဓမ္မပဒ၌ သောရေယျလုလင်သည် ကန်တွင်းဆင်းသည်ဟု မပါခဲ့ပါ။ သို့သော် မိန်းမဘဝသို့ ကူးပြောင်းသွားခြင်းကို ပွဲကြည့်ပရိသတ်အား ထင်ရှားပြသလို၍ ကန်ဘောင်ရိုးသဏ္ဌာန် ပြုလုပ်ထားသော ပိတ်ပိုင်းနောက်ကွယ်သို့ ခုန်ချကာ ငိုချင်းဆို၍ အဝတ်လဲရသည်။ ဤသည်ကား သဘင်အနုပညာ ပရိယာယ်တစ်ခုသာဖြစ်ပါသည်။ သောရေယျလုလင်၏ အဖြစ်ကို ကိုယ်ချင်းစာကြည့်လျှင် သေသွားသည်ကမှ ကောင်းသေးသည်ဟု ထင်စရာဖြစ်သည်။

ကဲ... အခု ဘယ့်နှယ်လုပ်မလဲ၊ ဒီအတိုင်းနဲ့အိမ်ကိုလည်း မပြန်ဝံ့တော့ဘူး၊ မိဘနဲ့လည်း မတွေ့ဝံ့တော့ဘူး၊ သူ့သားကလေးတွေနဲ့လည်း မတွေ့ဝံ့တော့ဘူး၊ သူ့သူငယ်ချင်းနဲ့လည်း မတွေ့ဝံ့တော့ဘူး၊ သူ့မယားနဲ့တွေ့ဖို့ကတော့ ရှက်စရာအကောင်းဆုံးပေါ့၊ ဒီလိုဆိုရင် ဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ၊ ရှေ့ဆက်ဘာလုပ်ရမလဲ၊ ခြေဦးတည့်ရာသွားပြီး သင့် တော်ရာအရပ်မှာ မိမိဘဝကို ဇာတ်မြှုပ်၍ ဖြစ်သလို နေရတော့မှာပေါ့။

ဒီလိုနဲ့ တောထဲက ထွက်ခဲ့တယ်၊ လမ်းခရီးမှာ တက္ကသိုလ်ပြည်ကို သွားမယ်ဆိုတဲ့ လှည်းကြုံများနဲ့ တွေ့ရတယ်။ ဒီတော့ သူ့လက်စွပ်ကိုပေးပြီး မိန်းကလေးတစ်ယောက်အနေနဲ့ပဲ ခပ်တည်တည် စီးနင်းလိုက်ပါလာခဲ့ရတယ်။

သောရေယျလုလင်ဟာ သူဌေးသားဘဝကတည်းက ငြိမ်းငြိမ်းချမ်းချမ်း နုနုနယ်နယ် နေခဲ့ရသူဆိုတော့ မိန်းမဘဝမှာလည်း ခန့်ခန့်ချောချော နုနုနယ်နယ် သိမ်သိမ်မွေ့မွေ့နဲ့ လှပနေမှာပေါ့၊ လှည်းကုန်သည်များက ရက်ရက်ရောရော လက်ဝတ်ရတနာကို ချွတ်ပေးထားသူမို့ ခင်မင်ကြည်ဖြူပြီး သူတို့ရဲ့တက္ကသိုလ်ပြည်က ကုန်သည်သူဌေးလူပျိုကြီးနဲ့ အောင်သွယ်ပေးချင်ကြတယ်။

ဒီလိုနဲ့ တက္ကသိုလ်ပြည်ကို ရောက်သွားကြတယ်။ သူတို့ရဲ့လှည်းကုန်သည် သူဌေးကြီးကို အကျိုးအကြောင်းပြောပြကြတယ်။ တက္ကသိုလ်သူဌေးကလည်း မြင်မြင်ချင်းပဲ သောရေယျ အမျိုးသမီးကို ချစ်ခင် တပ်မက်မိတယ်။ အဲသည်မှာလည်း 'စက္ခုရူပေန သံဝါသ' သဘောပေါ့။ လွတ်လွတ်လပ်လပ်ဖြစ်လျှင် သူနဲ့အိမ်ထောင်ပြုဖို့ ချက်ချင်းပဲ တောင်းပန်တယ်။ သောရေယျ ဘယ်လိုလုပ်ငြင်းမလဲ၊ ဘယ်သွားရမှန်းလည်းမသိ၊ ဘယ်နေရမှန်းလည်းမသိ၊ ဘယ်လိုလုပ်ကိုင်ရှာဖွေစားသောက်ရမှန်းလည်းမသိ၊ တစ်ကောင်ကြွက် မျက်နှာငယ် ဖြစ်နေတယ်မဟုတ်လား။

အဲသည်အပေါ်မှာ ဝီတိက္ကမ ကိလေသာစိတ်က အရင်းအငုတ်ရှိသေးတာမို့ ယောကျ်ားဘဝနဲ့ မယားယူခဲ့သလို မိန်းမသားဘဝနဲ့လည်း လင်ယောကျ်ားတစ်ယောက်ကို ရလိုတဲ့ အာသာရမ္မက်ကလည်း အညွန့်အခက်ဝေလာပြန်တယ်။ ဒီတော့ သူဌေးက တောင်းပန်တဲ့အခိုက်မှာ 'ချော်လဲ ရောထိုင်' ခေါင်းညိတ်လိုက်ရတာပေါ့၊ မိန်းမဘဝနဲ့

နေတော့လည်း မိန်းမတို့ရဲ့ အကျင့်စရိုက်ဝါသနာ အာသာဆန္ဒပြည့်ပြည့်စုံစုံ ခံစားနေမိတယ်။ ဒီလိုခံစားတော့ ဘာဖြစ်လာသလဲ။

ယောကျာ်းဘဝတုန်းက မဆက်ဆံခဲ့ရဖူးတဲ့ အာဝေဏိက ဒုက္ခတွေ ခံစားလာရတာပေါ့။ အဲသည် ဒုက္ခတွေအနက်က 'သူ့သွေးသန္ဓေ၊ ဆောင်ထွေစွဲကပ်၊ မီးယပ်သားဖွား' ဆိုတဲ့ ဒုက္ခများကို လောလောလတ်လတ် တွေ့ကြုံရင်ဆိုင်ရပြီလေ။ ဒါ့ကြောင့် မိခင်အဖြစ်နဲ့ သားကလေးတစ်ယောက်မွေးလာရတယ်၊ အဲသလို သားမွေးရခြင်းဒုက္ခကို သောရေယျ အမျိုးသမီးဟာ ကြောက်လန့်သွားပါသလား၊ စက်ဆုပ်သွားပါသလား၊ မကြောက်ပါဘူး၊ မလန့်ပါဘူး၊ စက်ဆုပ်မသွားပါဘူး၊ ဒီဒုက္ခတွေကို လင်၏စည်းစိမ်တရှိန်ရှိန်အောက်မှာ သုခလို့တောင် ထင်နေမိပါပြီ။ 'မိန်းမဝလေ့၊ မငြီးငွေ့ဘူး၊ မေ့မေ့လျော့လျော့၊ မာန်မလျော့သည်၊ ကော့ရှုံခံလိမ့်မည်သာကို'။

ဒီလိုနဲ့ ဒုတိယသားလေး မွေးလာပြန်တယ်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မှာ အာသဝေါကင်းကွာပြီး ရဟန္တာ၊ ရဟန္တာမများဖြစ်ရမည့်သူဆိုလျှင် ဘယ်လိုအနှောင့်အယှက် အဖျက်အဆီးနှင့် ကြုံရကြုံရ မဂ္ဂအန္တရာယ်မှ လွတ်မြောက်ပြီးလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဇော်ထုတ်ချောက် ခရီးပေါက်ကြရပါတယ်။

ထိုသို့သော ပုဂ္ဂိုလ်မျိုးကို 'ပစ္ဆိမဘဝိက' ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ နောက်ဆုံးဇာတ်သိမ်းမည့်ဘဝလို့ ဆိုလိုတာပေါ့။

သောရေယျ အမျိုးသမီးဟာ ဘယ်လိုပဲ ဖောက်ပြန်ပြောင်းလွဲလာသည်ဖြစ်စေ၊ ယခုဘဝမှာပဲ ရဟန္တာစင်စစ်ဖြစ်ရမည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးပါ။ ဒါ့ကြောင့် တစ်နေ့တော့ သူဌေးကတော်ဘဝနဲ့ သူ၏အိမ်အပေါ်ထပ် လေသာပြတင်းက သူ့ဘဝသူစဉ်းစားရင်း ငေးမျှော်နေမိတယ်။ ထိုအခါမှာ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ သောရေယျမြို့မှာ သူနဲ့အတူတူ ကာမဂုဏ်လိုက်စားခဲ့ဖူးတဲ့ သူငယ်ချင်းကို လေသာပြတင်းက လှမ်းမြင်လိုက်ရရတယ်။ သူ့သူငယ်ချင်းက တက္ကသိုလ်ပြည်ကို ကုန်အရောင်းအဝယ် လှည်းကုန်သည်အဖြစ်နဲ့ ရောက်လာရခြင်းဖြစ်ဟန်တူတယ်။ သောရေယျအမျိုးသမီးရဲ့စိတ်ဟာ ယခင်က သူ့သူငယ်ချင်းကို မြင်လိုက်ရတာနှင့်ပဲ မိမိအဖြစ်ကို ယူကျုံးမရ ဖြစ်လိုက်မိတယ်။ ဝမ်းနည်းဝမ်းသာ ဖြစ်ရတယ်။ အဲသည် သူငယ်ချင်းနဲ့ ရှေးတုန်းကလိုပဲ ရင်းရင်းနှီးနှီးနီးနီးကပ်ကပ် စကားပြောဆို သောက်လား၊ စားလား၊ ပျော်ပျော်ပါးပါးနေချင်တဲ့စိတ်က ပေါ်လာတယ်၊ သူ့ဇာတိမြေက မိဘတွေရဲ့သတင်း၊ သူ့သားမယားတွေရဲ့သတင်း၊ မာကြောင်း သာကြောင်းကိုလည်း ကြားချင်သိချင်လာတယ်။ သည်တော့ အစေအပါးတွေကို ခေါ်ပြပြီး ဖိတ်မန္တက အပြုနိုင်းလိုက်တယ်။ သူ့သူငယ်ချင်းကလည်း ဘုမသိ ဘမသိ ပါလာရတာပေါ့၊ ခမ်းနားတဲ့အိမ်ကြီးပေါ်ရောက်ပြီး ကြီးကျယ်တဲ့ပွဲရုံနဲ့ အစား အသောက်တွေ မြင်ရတဲ့အပြင် လောကွတ်ပျူငှာရှိလှတဲ့ သူဌေးကတော်ကို မြင်ရတော့ ပိုပြီးထူးဆန်းအံ့သြနေတာပေါ့။ သူနဲ့လည်း သိကျွမ်းခဲ့ဖူးသူမဟုတ်ဘူးလေ။ သူ့သူငယ်ချင်း သောရေယျနဲ့

တူသလိုလိုထင်ရပေမယ့် သူ့သူငယ်ချင်းဟာ သေပြီးလို့မှတ်ယူထားတယ်။ အဲသည်ပေါ်မှာ ယခုတွေ့ရတာက မိန်းမသားတစ်ယောက်အနေနဲ့ဆိုတော့ ဘယ်မှတ်မိနိုင်ပါ့မလဲ။

ဘာကြောင့် သည်လောက်စေတနာကောင်းနေရတာလဲ၊ ဘာကြောင့် ငယ်ပေါင်း၊ ကြီးဖော်လို ရင်းရင်းနှီးနှီး ဆက်ဆံနေရတာလဲ၊ မနေနိုင်တဲ့အဆုံးမှာ သောရေယျမြို့သားက သိကျွမ်းခဲ့သူမဟုတ်ပါဘဲ ဘာကြောင့် ယခုလို အရေးတယူ ဖိတ်ခေါ်ဧည့်ခံရပါသလဲ လို့ မေးတယ်။ သူဌေးကတော်က သူ့အမေးကို မဖြေသေးဘဲနဲ့ သောရေယျမြို့မှာရှိတဲ့ သူ့မိဘ၊ သူ့မယား သူ့သားကလေးတွေရဲ့ မာကြောင်း၊ သာကြောင်းကိုမေးတယ်။ သူငယ်ချင်းဖြစ်သူက မာကြောင်း၊ သာကြောင်းကိုပြောပြီး ပိုလို့သာ အံ့သြနေတယ်၊ သူဌေးကတော်က သောရေယျသူဌေးသားအကြောင်း မေးပြန်တယ်။ ဒီတော့ ကုန်သည်က သောရေယျသူဌေးသားဟာ သူနဲ့အရင်းနှီးဆုံးမိတ်ဆွေဖြစ်ခဲ့တဲ့အကြောင်း၊ ရေကန်မှာ ပျော်ပွဲစားထွက်ရင်း ပျောက်ဆုံးသွားကြောင်း၊ သေပြီလို့ ယူဆပြီး သူ့မိဘ သားမယားက ဆွမ်းသွတ် အမျှဝေခဲ့ရကြောင်း ဝမ်းနည်းပက်လက် ပြန်ပြောရှာတယ်။

သူဌေးကတော်မှာလည်း မျက်ရည်တဝဲဝဲ ဖြစ်နေရတယ်။ သည်တော့ ကုန်သည်က "သောရေယျသူဌေးသားအကြောင်းကို ဘာဖြစ်လို့မေးရတာလဲ၊ သူဌေးကတော်နှင့် သိလို့ပါလား" လို့ မေးတဲ့အခါကျမှ သူဌေးကတော်က သောရေယျသူဌေးသားဟာ သူကိုယ်တိုင်ဖြစ်ကြောင်း၊ ပျော်ပွဲစားထွက်တုန်းက အရှင်မဟာကစ္စာနကို တပ်မက်ပြစ်မှားမိလို့ ယောကျ်ားစင်စစ်က မိန်းမဖြစ်ခဲ့ရကြောင်း ရှိုက်ကြီးတငင ငိုကြွေးပြီးဖွင့်ပြောတယ်။

ဒီလိုကြားရတော့ သူငယ်ချင်းကုန်သည်မှာ တအံ့တသြ အထိတ်တလန့် ယူကျုံးမရ ဖြစ်ရတယ်။ သောရေယျအမျိုးသမီး၏လင်ဖြစ်တဲ့ တက္ကသိုလ်ပြည်က ကုန်သည်ကြီးမှာတော့ အံ့သြလို့မကုန် မယုံရအခက် ယုံရအခက်ဖြစ်နေတယ်။ သူ၏ဇနီးမယားကိုကြည့်ရင်း ကရုဏာကြီးစွာဖြစ်လာရတယ်။ ယခင်ယခင်က တဏှာရာဂနှင့်ယှဉ်သော ရမ္မက်စိတ်တွေ ပျောက်ကွယ်ပြီး ကြင်နာတဲ့မေတ္တာတို့ဟာ လှိုင်းတံပိုးထသလို ထလာတယ်။

သူငယ်ချင်းကုန်သည်က "မိမိရပ်ခန္ဓာ ဖောက်ပြန်လာတုန်းက ရဟန္တာအရှင်မြတ်ကို ချက်ချင်းဝန်ချတောင်းပန်လိုက်ဖို့ ကောင်းတယ်" လို့ ပြောတော့ "အဲသည့်အခါက ငယ်ထိပ်ကို မြွေပေါက်ခံရသလို ထိတ်လန့်ကြောက်ရွံ့လွန်းတာကြောင့် ဘာကိုမှ သတိမရလိုက်တော့ပါဘူး" လို့ သောရေယျက ပြောတယ်။

အဲသည့် ရဟန္တာအရှင်ကို ဝန်ချတောင်းပန်မှ အပြစ်ကင်းလိမ့်မယ်။ အဲသည်အရှင်ဟာ ယခု ဤတက္ကသိုလ်မြို့မှာပဲ သီတင်းသုံးလျက်ရှိကြောင်း ကြားသိရတယ်။ သံသရာအဆက်ဆက် ဝန်မလေးရလေအောင် ဝန်ချတောင်းပန်ပါလို့ တိုက်တွန်း အကြံပေးတယ်။

သူဌေးကတော်က သူကိုယ်တိုင်တော့ သူ့အပြစ်ကို ဖွင့်ဟလျှောက်ထားတောင်းပန်ရမှာ အလွန်ရှက်ပါတယ်။ သူ့ကိုယ်စား ဤအိမ်ကိုပင့်၍ ဆွမ်းကျွေးပြီးတောင်းပန်ပေးပါလို့ ပြောတယ်။

ကောင်းကျိုးလိုလားတဲ့ သူ့သူငယ်ချင်းက အရှင်မြတ်ကို သွားပင့်တယ်။ သူဌေး ကတော်က မွန်မြတ်သောဆွမ်း ဘောဇဉ်အာဟာရတို့ကို စီမံချက်ပြုတ်ထားနှင့်တယ်။

သောရေယျ၏ လင်ယောကျ်ားဖြစ်တဲ့ ကုန်သည်ကြီးနဲ့ အခြွေအရံတို့ကလည်း ရွှေအဆင်းနဲ့တူတဲ့ အရှင်ကစ္စာနရဟန္တာကို အလွန်ဖူးချင် မြင်ချင်နေကြတယ်။ သောရေယျ သူငယ်ချင်းကုန်သည်က အရှင်ကစ္စာနကိုပင့်ပြီးလာတဲ့အခါ သူဌေးနှင့်တကွ အိမ်သူ အိမ်သားအားလုံးဟာ အရှင်မြတ်၏ အဆင်းတော်ကို ကြည်ညိုမဆုံးဖြစ်နေကြတယ်၊ ဝမ်းမြောက်ဝမ်းသာ ရှိခိုးကန်တော့ကြတယ်။

သောရေယျကတော့ သူ့အပြစ်နဲ့သူ အရှက်အကြောက်လွန်ပြီး မျက်နှာအောက်ချ တုပ်ကွရှိသေလျက် ရှိခိုးကန်တော့နေရတယ်။ အရှင်မြတ်ကို ဆွမ်းလုပ်ကျွေးပြီးသည့် နောက် သူငယ်ချင်းကုန်သည်က "အရှင်မြတ်ဘုရား။ ဤမိန်းမသည် ယခင်အခါက သောရေယျမြို့၌ တပည့်တော်နှင့်အရင်းနီးဆုံး သူငယ်ချင်း သူဌေးသား ယောကျ်ားစစ်စစ် ဖြစ်ခဲ့ပါသည်။ ရေကန်သို့ မြူးထူးပျော်ပါးရန် လာကြစဉ် အရှင်ဘုရားအား တွေ့မြင်ရ သည့်အခိုက် မိုက်မှားဝန်လေးသော ကိလေသာစိတ်ဖြင့် ပြစ်မှားမိပါသည်။ ထိုအကုသိုလ် စိတ်ကြောင့် တစ်ခဏအတွင်း ယောကျ်ားစင်စစ်မှ မိန်းမအဖြစ်သို့ကူးပြောင်းပြီးကာ ဤမြို့သို့ ထွက်ပြေးလာခဲ့ရပါသည်။

အရှင်ဘုရားသည် ဤအပြစ်မှ သနားသည်းခံသော ကရုဏာတော်ဖြင့် ခွင့်လွှတ် ကယ်မတော်မူပါရန် လျှောက်ထားရပါသည်ဘုရား" ဟု သောရေယျကိုယ်စား လျှောက် ထား တောင်းပန်လိုက်တယ်။

မိမိမှာ အပြစ်တစ်စုံတရာရှိလို့ ရတနာသုံးပါးနဲ့ မိဘ ဆရာသမားများကို ဝန်ချ တောင်းပန် ကန်တော့သည့်အခါမှာ ကမ္မပထပြစ်မှားကျူးလွန်မိသူ ကာယကံရှင်ကိုယ်တိုင် က ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ဝန်ချတောင်းပန်ရှိခိုးမှ ယထာဘူတကျပါတယ်။ တစ်စုံတစ်ယောက်သောသူက မိမိကိုယ်စား ဝန်ချတောင်းပန်ပေးလို့ ထိုထိုအပြစ်များမှ ပပျောက်ကင်းစင်သွားသည်လို့ မဆိုနိုင်ပါဘူး၊ ဒါ့ကြောင့် ကျွန်ုပ်တို့တစ်တွေက ဘုရား ရှိခိုးသည့်အခါတိုင်းမှာ –

"ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့မှ ကင်းလွတ်ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာ မြတ်သုံးပါးတို့အား အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား" လို့ ကံသုံးပါးစလုံးနှင့် မာန်ကိုလျှော့၍ ရှိခိုးကန်တော့ရခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် သောရေယျအမျိုးသမီးက "တပည့်တော်အား ဝန်လေးလှသော ဤအပြစ်မှ ခွင့်လွှတ်တော်မူပါ"လို့ ရှိုက်ကြီးတငင် ငိုယိုဦးချ ကိုယ်တိုင်ကိုယ်ကျ ရှိခိုး တောင်းပန်လိုက်ရတယ်။

နှောင်တတရားနှင့်ယှဉ်သော ဩတ္တပ္ပသံဝေဂစိတ်က သောရေယျ၏ တစ်ကိုယ်လုံးမှာ ဖျိုးဖျိုးဖျဉ်းဖျဉ်း ကြက်သီးမွေးညင်း ထနေရတယ်၊ အရှင်မြတ်က 'ထလော့သောရေယျ သူဌေးသား၊ သင်၏အပြစ်ကို ငါ ခွင့်လွှတ်သည်းခံ၏'ဟု မိန့်တော်မူလိုက်တယ်။

သောရေယျဟာ မိန်းမသဏ္ဌာန်နှင့် ရှိနေစဉ်ပင်လျှင် အရှင်မြတ်က 'ထလော့ သူဌေးသား' လို့ ယောကျ်ားအဖြစ် အသိအမှတ်ပြုလိုက်တယ်ဆိုရင်ပဲ တစ်ခဏချင်းမှာ မိန်းမအဖြစ်က ယောကျ်ားအဖြစ်ကို ပြန်လည်ကူးပြောင်းလာတယ်။

ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးအပြစ်များဟာ အလွန်လျင်မြန်သော စွမ်းအင်သတ္တိ ရှိပါပေတယ်။ ဒိဋ္ဌမျက်မြင်ဖြစ်၍ သူငယ်ချင်းကုန်သည်နှင့်လင်ဟောင်းဖြစ်သူတက္ကသိုလ် သူဌေးနှင့်တကွ အိမ်သူအိမ်သား ခြွေရံတော်များမှာ လှုပ်လှုပ်ရှားရှား အံ့ဩ၍မကုန် ရတနာသုံးပါး၏ဂုဏ်ကို မမိုတ်မသုန် ယုံကြည်မြတ်နိုးကြရတယ်။

ဦးမင်္ဂလာသည် သိပ္ပံပညာ ထွန်းကားနေသော ယခုမျက်မှောက် ခေတ်တွင်ပင် ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့လည်းကောင်း၊ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ လည်းကောင်း လိင်ပြောင်းသွားကြသည့် ဖြစ်ရပ်ဆန်းများကို မကြာမကြာ ကြားဖူးဖတ်ဖူးနေရသည်။ ထိုမှတစ်ဆင့် ဆက်လက်၍ ဓမ္မပဒလာ သောရေယျ ရဟန္တာအရှင်မြတ်၏ ဘဝဖြစ်စဉ်ကို ဤသို့ တွေးကြည့်မိပြန်သည်။

ယောကျ်ားမှ မိန်းမဖြစ်၊ မိန်းမမှ ယောကျ်ား ပြန်ဖြစ်ရသော သောရေယျလုလင်ဟာ ကာမဂုဏ်တရားတို့ရဲ့ ဝန်လေးမှုတို့ကို အလွန်တရာ ရက်ကြောက် ရွံမုန်းလာတယ်။

ဘဝသံသရာ အဆက်ဆက်တို့မှ ဖုံးကွယ်ဖိစီးရင်း ခံခဲ့ရသော အဝိဇ္ဇာကိုလည်း ကြောက်ရွံ့တုန်လှုပ်လာတယ်။ ထိုအဝိဇ္ဇာမှ တဏှာကို အပေါင်းအဖော်ပြု၍ ဒုက္ခတွေ ပင်လယ်ဝေခဲ့သမျှကိုလည်း ရိပ်မိလာခဲ့တယ်၊ ဒါ့ကြောင့် သူငယ်ချင်းကုန်သည်က ဇာတိချက်ကြွေ သောရေယျမြေကို ပြန်လိုက်ဖို့ခေါ်ခဲ့သည်ကိုလည်း ငြင်းဆန်လိုက်တယ်။

တက္ကသိုလ်သူဌေးက ညီရင်းတမျှ တစ်သက်လုံး စောင့်ရှောက် ထားပါမယ်လို့ တောင်းပန်တာကိုလည်း ငြင်းဆန်လိုက်တယ်။ 'ဥမမယ် ဇာမခြောက်' ရင်သွေးလေးနှစ်ယောက်ကိုသာ စောင့်ရှောက်လိုက်ပါတော့လို့ပြောပြီး အရှင် မဟာကစ္စာယနနောက်သို့ လိုက်ပါကာ ရဟန်းဘောင်သို့ ဝင်ရောက်သွားတော့တယ်။သာဝတ္ထိမြို့သို့ရောက်သောအခါ–

အဲသည်သတင်းဟာ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်အောင် ပျံ့နှံ့သွားတယ်။ လူချင်းဆုံမိလျှင် ထိုအကြောင်းကို မပြောဘဲ မနေနိုင်ကြအောင် ရေပန်းစားနေကြတယ်။ လူအတော်များများက သောရေယျရဟန်းရဲ့ ရုပ်ကိုသော်လည်းကောင်း၊ အသံကိုသော် လည်းကောင်း ကြည့်ချင်ကြတယ်၊ ကြားချင်ကြတယ်၊ စပ်စုချင်ကြတယ်။ လူတို့၏ ဓမ္မတာက ထူးတာဆန်းတာဆိုလျှင် ဝိုင်းအုံလာတတ်ကြမြဲ မဟုတ်လား။

သောရေယျထေရ် သီတင်းသုံးရာ ကျောင်းလေးမှာ တိုးမပေါက်လောက်အောင် လူစည်ကားနေတော့တယ်။ ရှင်ရဟန်းခများမှာလည်း မျက်နှာပူပူနဲ့ သည်းခံနေတော်မူရ ရှာတယ်။ သီတင်းသုံးဖော် ရဟန်းအချို့နှင့် လူဒါယကာအချို့က စပ်စပ်စုစု၊ ပေါက်ပေါက်

ရှာရှာ မေးလာတတ်ကြပါသေးတယ်။ "သောရေယျမြို့မှာ ရခဲ့တဲ့ သားလေးနှစ်ယောက်ကို အဖေအဖြစ်ဖြင့် ချစ်ရတာနဲ့ တက္ကသိုလ်မြို့မှာ ရတဲ့သားလေးနှစ်ယောက်ကို အမေအဖြစ်ဖြင့် ချစ်ရတာဟာ ဘယ် အချစ်က ပိုပါသလဲဘုရား"တဲ့။ အဲသည်လောက် ပေါက်ပေါက်ရှာရှာ စပ်စုကြတယ်။ သောရေယျရဟန်းကလည်း သူတို့အမေးကို သည်းခံ၍ ယခုလိုပြန်ပြီး ဖြေကြား တော်မူပါတယ်။

"သောရေယျမြို့မှာ ရခဲ့တဲ့ သားလေးများအပေါ်ဝယ် အဖေ၏ချစ်ခြင်းဖြင့်ချစ်ရသူထက် တက္ကသိုလ်မြို့မှာ ရခဲ့တဲ့သားလေးနှစ်ယောက်ကို အမေအဖြစ်ဖြင့် ချစ်ရခြင်းက မေတ္တာရော၊ ကရုဏာပါ အတိုင်းအဆမရှိ ပိုလွန်နေပါတယ်" လို့ ဖြေကြားတော်မူပါတယ်။

ဒီစကားဟာ မှန်ကန်တဲ့ သစ္စာစကားပေါ့၊ မိဘဆိုကြရာမှာ အမိက အဖထက် ကြီးလေးသောတာဝန်ကို ဂရုစိုက်ခဲ့ရသူဖြစ်ပါတယ်။ သန္ဓေတည်စက အစပြု၍ ကိုးလလွန်မြောက် ဆယ်လတွင်းရောက်သည်ထိ တဝန်တပိုးဖြင့် အလွန်ကြင်နာသော မေတ္တာ ကရုဏာတို့ ထုံမွမ်းလာခဲ့ရသူဖြစ်ပါတယ်။ သားကလေးလား၊ သမီးကလေးလား၊ သားဆိုးလား၊ သားကောင်းလား၊ သမီးဆိုးလား၊ သမီးကောင်းလား၊ ရုပ်ရည်လှပမည်လား၊ ရုပ်ဆိုးမည်လား၊ မသိမမြင်ရပဲလျက် 'ချမ်းသာပါစေ' ဟု ဆန္ဒပြုရင်း အနေအထိုင်၊ အစားအသောက်မှစ၍ သတိဝီရိယကြီးစွာဖြင့် စောင့်ရှောက်ခဲ့ရတယ်။ ဖွားမြင်ပြန်တော့လည်း အားမာန်ခဲလို့ မျက်ရည်ရွှဲစို၊ ချွေးသံယိုနှင့် တဖိုလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ ဆန့်တန်းလိမ့်လူး၊ မိန်းမူးညည်းညူ၊ သည်းအူပြတ်မျှ ခံစားရပါတယ်။ ဒါပေမယ့်လည်း အသည်းနှလုံးက အမြဲပြုံးနေကြသူများဖြစ်ပါတယ်။ နီရဲ ပူလောင်သော သွေးစိမ်းရှင်ရှင်မှ ဖြစ်လာတဲ့ ရင်နှစ်မြွာမှ ဖြူဖွေးသန့်စင်အေးမြသော နို့ရည်ကို တိုက်ကျွေးလာခဲ့ရသူများဖြစ်ပါတယ်။

ထိုအတွေ့အကြုံကို 'နှစ်စိတ်နှစ်ကိုယ်'ဖြင့် ကိုယ်တိုင်နှိုင်းယှဉ်ဘူသော သောရေယျရဟန်းက အမှန်ဖြေကြားလိုက်ခြင်းဖြစ်ပါတယ်။

အဲသည်အမေးအဖြေကို တစ်ယောက်စကား တစ်ယောက်နားကြားရပြီး လာ၍လာ၍ ဖူးတွေ့မေးမြန်းကြသူများ နေ့စဉ်နေ့တိုင်း ဝင်လာမစဲ တသဲသဲဖြစ်နေတယ်။

ကြာတော့ သောရေယျရဟန်းမှာ ငြီးငွေ့လာတယ်၊ ရှက်စနိုးဖြစ်လာတယ်။ ဒါ့ကြောင့် လူများ၊ ရှင်များနှင့် ကင်းကွာတဲ့ တောရပ်ကိုဝင်ပြီး တရားကျင့်နေရရှာတယ်။ လူသူတို့နှင့်ကင်းရှင်းပြီး ဆိတ်ငြိမ်ခြင်းအရသာကိုခံယူလျက် ခယဝယဓမ္မော ဖြစ်ခြင်း ပျက်ခြင်း တရားတို့ကို ဧကဂ္ဂတာ စိတ်ဖြင့် ဆင်ခြင်စဉ်းစားနိုင်တဲ့အတွက် မကြာခင်မှာပဲ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အာသဝေါကင်းကွာပြီး ရဟန္တာအရှင် စင်စစ်ဖြစ်တော်မူရတယ်။ အဲသည့်အခါမှာတော့ လောကဓံရှစ်ပါးကို ကြံ့ကြံ့ခံနိုင် ခိုင်မာသောနှလုံးသွင်းရှိတော်မူလာတဲ့အတွက် ရှင်လူတို့ရဲ့ ပတ်ဝန်းကျင်ကို ပြန်လည်ဝင်ရောက်လာခဲ့တယ်။ ပုထုဇဉ်ရဟန်းအချို့နှင့် လူဒါယကာများကတော့ သောရေယျထေရ်ဟာ ရဟန္တာဖြစ်နေတာကို မရိပ်မိမသိရှိကြပါဘူး။ ဒီတော့ မေးရိုးမေးစဉ်တိုင်းပဲ မေးတဲ့သူများ ပေါ်လာကြပြန်တယ်။

'ဖအေ အဖြစ်နဲ့ မွေးလာခဲ့ရတဲ့သားနှင့် အမေအဖြစ်နဲ့ မွေးလာခဲ့ရတဲ့ သားတို့အား ဘယ်သားကို ပို၍ချစ်ပါသလဲ' ပေါ့။ ဒီအခါမှာတော့ သောရေယျရဟန္တာအရှင်မြတ်က ဘယ်သားကိုမှ မချစ်တော့ဘူးလို့ ပြောကြားတော်မူတယ်။

အဲသည်အဖြေဟာ အာသဝေါကင်းကွာသော ရဟန္တာအရှင်မြတ်တို့၏ စိတ်တော်အစဉ်နဲ့ ပြောကြားလိုက်တာဖြစ်ပါတယ်။ ဒါကို ပုထုဇဉ်ရဟန်းတို့က သောရေယျမထေရ်ဟာ 'ခုတစ်မျိုး' 'ခုတစ်မျိုး' ဖောက်ပြန်သောစကားကို ဆိုတယ်လို့ ဝေဖန်ကြတယ်။ တချို့ရဟန်းများကလည်း သောရေယျမထေရ်ဟာ အရဟတ္တမဂ်ဆိုက်ရောက်ပြီးသော ပုဂ္ဂိုလ်စကားမျိုးကို ပြောတယ်။ 'သူ့ကိုယ်သူ ရဟန္တာလို့ ကြေညာနေသလိုပဲ' လို့ စောဒကတက်ကြတယ်။ အဲသည့်စကားဟာ တဖြည်းဖြည်း ကျယ်ပြန့်ပြီး မြတ်စွာဘုရားနားတော်အရောက် ပေါက်ကြားတော်မူသွားတယ်။

ထိုအခါ မြတ်စွာဘုရားက 'ချစ်သားတို့ ငါ၏သားတော်သည် ကောင်းစွာဆောက်တည်အပ်သောစိတ်ဖြင့် မဂ်ကို မြင်အပ်သောကာလမှစ၍ ဝတ္ထုအာရုံ ခံမင်စွဲလမ်းခြင်း မရှိသည် မှန်ပေ၏' ဟု မိန့်ကြားတော်မူသည်။ ထိုစကားတော်သည် ရဟန်းအပေါင်းအား သောရေယျမထေရ်သည် ရဟန္တာစင်စစ် အရဟတ္တမဂ်သို့ ဆိုက်ရောက်ပြီးဖြစ်ကြောင်း ထင်ရှားအောင် ပြတော်မူလိုက်ခြင်းဖြစ်သည်။

သဗ္ဗညုတ သုံးလောကထွတ်ထား မြတ်စွာဘုရားသည်ရဟန္တာဖြစ်သော သောရေယျမထေရ်၏ သန္တိသုခ စိတ်အစဉ်ကို ဤသို့ဆက်လက်၍ ဟောကြားတော်မူလိုသဖြင့် ယခုဝတ္ထုအစတွင် ဖော်ပြခဲ့ပြီးသော –

န တံ မာတာပိတာ ကယိရာ၊

အညေဝါပိစ ဉာတကာ။

သမ္မာပဏိဟိတံ စိတ္တံ၊

သေယျသော နံ တတော ကရေ ။ ။ ဟူ၍ ဆုံးမဟောကြားတော်မူပါသည်။

မြန်မာအဓိပ္ပာယ်ပြန်ရလျှင်

"ထို ချမ်းသာပြည့်စုံအောင်ပြုခြင်းကို (စိတ်၏ ချမ်းသာခြင်းကို) မွေးသည့်မိခင် ကျေးဇူးရှင်သည် မပြုနိုင်ရာ (ပြုပြင်၍ မပေးနိုင်)။ မွေးသည့်ဖခင် ကျေးဇူးရှင်သည် မပြုပြင်နိုင်ရာ (ပြုပြင်၍ မပေးနိုင်) မိခင်ဖခင် ကျေးဇူးရှင်မှတစ်ပါးကုန်သော ဆွေမျိုးသားချင်းတို့သည်လည်း မပြုနိုင်ကုန်ရာ။ (ပြုပြင်၍ မပေးနိုင်ကြ)။ ဆယ်ပါးသော ကုသိုလ်ကမ္မပထ၌ ကောင်းစွာ ဆောက်တည်အပ်သော စိတ်ကောင်းသည် ထိုမိဘ ဆွေမျိုးတို့ ချမ်းသာကောင်းမွန်အောင် ပြုနိုင်ခြင်းထက် ထိုပုဂ္ဂိုလ်အဆင့်ဆင့် မြင့်မြတ်အောင် ပြုနိုင်၏။ (မိမိစိတ်ကို မိမိပြုပြင်ခြင်းက အဆင့်ဆင့်မြင့်မြတ်အောင် ပြုနိုင်၏။)

ဦးမင်္ဂလာသည် ထိုဂါထာတော်ကို ရွတ်ဆိုပြီးသည်နောက် အလိုအလျောက်ပင် ဦးထိပ်လက်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး သဒ္ဓါဖြိုး၍ ရှိခိုးပူဇော်လိုက်မိပါသတည်း။

* * *

(၁၁)

# ကောင်းမှုမှန်လျှင် မြန်မြန်လုပ်

၁၁၆။ အဘိတ္ထရေထ ကလျာဏေ၊

ပါပါစိတ္တံနိဝါရယေ။

ဒန္ဓံဟိကရောတော ပုညံ၊

ပါပသ္မိံ ရမတိမနော။

ပုညံ = ကုသိုလ်ကောင်းမှုကို၊ ဒန္ဓံ = နှံ့နှံ့နှေးနှေး၊ ကရောတော = ပြုတတ်သောသူ၏၊ မနော = စိတ်သည်၊ ပါပသ္မိံ = မကောင်းမှု၌၊ ဟိယသ္မာ = အကြင်ကြောင့်၊ ရမတိ = မွေ့လျော်၏၊ တသ္မာ = ထို့ကြောင့်၊ ကလျာဏေ = ကုသိုလ်ကောင်းမှုတို့ကို၊ အဘိတ္ထရေထ = လျင်မြန်ဆောစွာ ပြုလုပ်ရာ၏၊ ပါပါ = မကောင်းမှုမှ၊ စိတ္တံ = စိတ်ကို၊ နိဝါရယေ = တားမြစ်ရာ၏။

စိတ်သည် ကောင်းမှုပြုသည်၌ နှောင့်နှေး၍ မကောင်းမှု၌ မွေ့လျော်တတ်၏။ ထို့ကြောင့် ကောင်းမှုတို့ကို အဆောတလျင်ပြု၍၊ မကောင်းမှုမှ စိတ်ကိုတားမြစ်ရာ၏။

မူလဂါထာမှာပါတဲ့ 'ပါပသ္မိံ ရမတိ မနော' ဆိုတဲ့ ပါဌ်ကို အများအားဖြင့် ကြားဖူးနားဝရှိနေကြပါတယ်။ အဓိပ္ပာယ်လည်း သိနေကြပါတယ်။ စိတ်ဆိုတာ မကောင်းတဲ့ နေရာမှာ မွေ့လျော်တယ်ပေါ့။ အဲဒါကို တစ်ခုပဲကွက်ယူလို့တော့ မြတ်စွာဘုရားသခင်၏ အလိုတော်ကို လူငယ်များအဖို့ ရိပ်မိနိုင်ကြစရာမရှိဘူး။ စိတ်ဆိုတာ မကောင်းမှုမှာ မွေ့လျော်စမြဲပဲလေလို့ ထုံးစံတစ်ခုလို နိယာမတရားလိုမှတ်ယူလက်ခံသွားမှာ စိုးရတယ်။ ဂါထာအပြည့်အစုံကို ဆင်ခြင်မှသာလျှင် ဘုရားသခင်၏ အလိုတော်ကို သိရှိသုံးဆောင်နိုင်ကြလိမ့်မယ်။

စိတ်ဆိုတာ မကောင်းမှုမှာ မွေ့လျော်တတ်တာကြောင့် ကုသိုလ်ကောင်းမှု လုပ်မည်ကြံလျှင် မြန်မြန်သာလုပ်လိုက်ပါ။ နည်းနည်းလေး နှောင့်နှေးနေရင် မကောင်းမှုမှာ မွေ့လျော်တဲ့စိတ်က ကောင်းမှုကုသိုလ်ကို မလုပ်ဖြစ်အောင် နှောင့်ယှက်ပါလိမ့်မယ်။ အဲဒီစိတ်ကို နိုင်အောင် တားမြစ်ပါတဲ့ အဲဒီလိုအားလုံးကို ခြုံယူမှ ယထာဘူတကျပါလိမ့်မယ်။

စိတ်ဆိုတာ နွားပေနွားကတ်နှင့်တူတယ်။ အဲဒီနွားကို လှည်းအဆွဲခိုင်းတဲ့အခါ ဖြောင့်ဖြောင့်တန်းတန်း မဆွဲချင်ဘဲ လမ်းမှဖဲ့၍ သွားချင်သွားတတ်ကြတယ်။ အဲဒါကို သူ့အတိုင်းလွှတ်ထားလို့တော့ ကိုယ်လိုရာ ခရီးမရောက်ဘဲ ဒုက္ခသာ ရောက်စရာရှိတယ်။ လှည်းလမ်းမှ သွေဖည်ပြီးတော့ ချိုင့်ထဲကျင်းထဲ ဆွဲချင်လည်း ဆွဲသွားလိမ့်မယ်။

ကမ်းပါးချောက်ပါးသို့လည်း ဆွဲချင်ဆွဲသွားလိမ့်မယ်။ ဒါကို မောင်းတဲ့သူက နဖားကြိုးနဲ့ ထိန်းပြီးမောင်းမှ ခရီးရောက်ပေလိမ့်မယ်။

သဘောကတော့ စိတ်ကိုစိတ်နဲ့ပဲ ပြန်ပြီး ထိန်းကျောင်းပြုပြင်ရမှာဖြစ်တယ်။

ဤနေရာတွင် ဦးမင်္ဂလာသည် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဩဝါဒတစ်ခုကို သတိရလိုက်မိသည်။

"တစ်ခါတလေ – ကိုယ့်စိတ်ကို (ခွ) လုပ်ပေးရတယ်ကွယ့်၊ (ဆန့်ကျင်ရမည်)၊ ဘယ်လိုလဲဆိုရင် ဘုရားရှိခိုးချိန်မှာ အပျင်းထူပြီး တောင်တောင်ဤဤ ဆင်ခြေတွေနဲ့ ပေကတ်ကတ် လုပ်နေချင်တယ်၊ ရှိမခိုးချင်ဘူး၊ အဲဒီ ရှိမခိုးချင်တဲ့စိတ်ကို အရွဲ့တိုက်ပြီးတော့ ရှိခိုးဖြစ်အောင် ရှိခိုးပစ်လိုက်ရတယ်၊ သင်းကို အရှုံးမပေးလိုက်ရဘူး၊ သူမလုပ်ချင်ပါဘူးဆိုတာကို ဇွတ်လုပ်ပစ်ရတယ်၊ သို့ကလို အလားတူကောင်းမှုကုသိုလ်တစ်ခုခုမှာ သူက မလုပ်ချင်ပြန်ဘူး၊ ဆင်ခြေအမျိုးမျိုးတွေနဲ့ ကန့်ကွက်ဖင့်နွဲ့နေပြန်ရော၊ အဲဒီအခါကျတော့ လဲ 'ကဲ– နင်မလုပ်ချင်ပေမယ့် ငါလုပ်တယ်ဟယ်'လို့ ကိုယ်ကဇွတ်လုပ်ပစ်ရတယ်၊ မကောင်းမှုအကုသိုလ်အမှုကျတော့ သူက သိပ်လုပ်ချင်တယ်၊ လုပ်တော့မယ် လုပ်တော့မယ်လို့ တကဲကဲ ခဏခဏဖြစ်တယ်၊ အဲ့ဒါကို ကိုယ်က 'နင်လုပ်ချင်ပေမယ့် ငါမလုပ်ဘူးဟဲ့' လို့ (ခွ) တိုက်ပေးရတယ်၊ အဲဒီတော့ သူအရှုံးပေးသွားရတာပေါ့၊ ကိုယ့်မှာလည်း အကုသိုလ်မဖြစ်လိုက်တော့ဘူး' ဟူ၍ ဖြစ်သတည်း။

ဆရာတော်ကြီး၏စကားမှာ ပို၍ရှင်းသည်၊ ပို၍သဘောပေါက်သည်၊ ပို၍ နားလည်နိုင်စရာရှိသည်ဟု ဦးမင်္ဂလာက ကြည်ညိုမိပါသည်။

ဦးမင်္ဂလာကိုယ်တိုင် ကိုယ့်စိတ်ကို (ခွ) လုပ်၍ မကောင်းမှုများမှ ရှောင်နိုင်သလောက် ရှောင်နိုင်ခဲ့သည်။ ကောင်းမှုများကို လုပ်ဖြစ်အောင်လုပ်ခဲ့နိုင်ပါသည်။ ဆရာတော်ဘုရားကြီး၏ကျေးဇူး ကြီးလှပါဘိ။

မိဘဘိုးဘွားများက ပြောသော စကားတစ်ခုရှိပါသေးတယ်။ လူတိုင်းမှာ ကိုယ်စောင့်နတ် တစ်ဆယ့်နှစ်ပါးရှိတယ်တဲ့။ မကောင်းသောနတ်က ခြောက်ပါး၊ ကောင်းသောနတ်က ခြောက်ပါးတဲ့။ မကောင်းသောနတ်ခြောက်ပါးက မကောင်းမှုတွေကို သွေးဆောင်နှိုးဆော်လေ့ရှိတယ်တဲ့။ ကောင်းတဲ့နတ်ခြောက်ပါးက မကောင်းမှုတွေကို ဟန့်တားပြီးတော့ ကောင်းတဲ့ကုသိုလ်တွေဖြစ်အောင် တိုက်တွန်းပေးတယ်တဲ့။

အဲသည့်နေရာမှာ မကောင်းတဲ့နတ်ခြောက်ပါးဆိုတာက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အာယတနခြောက်ပါးကို အမှီပြုပြီး မကောင်းမှုဖြစ်အောင် တိုက်တွန်းတဲ့ နတ်ခြောက်ပါးကို ပြောတာတဲ့။

ကောင်းတဲ့နတ်ခြောက်ပါးက အဲသည်မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို အမှီပြုပြီးတော့ ကောင်းမှုကုသိုလ်ဖြစ်အောင် နှိုးဆော်တဲ့ နတ်ခြောက်ပါးကို ပြောတာတဲ့။ အဲဒီမှာ ကောင်းတာလုပ်မယ်ကြံရင် ကောင်းတဲ့နတ်က ဖျက်တယ်တဲ့။ အဲဒီအခါမှာ မိမိကိုယ်တိုင်က ကောင်းမှုကို လုပ်ဖြစ်အောင် ကောင်းတဲ့နတ်ခြောက်ပါးဖက်က(စစ်ကူ)

ပေးရသတဲ့၊ အဲသည်စကားဟာ ကလေးများ လိမ္မာစေနိုင်တဲ့ ပညာပေးပုံပြင် တစ်ခု ဖြစ်နိုင်ပါလိမ့်မယ်။ ဆရာတော် ဦးဩဘာသာဘိဝံသ၏ သရုပ်ပြအဘိဓာန်၌ ကိုယ်စောင့်နတ်ဆယ့်နှစ်ပါးဟူ၍ ဤသို့ပါရှိပါသည်။

(၁) သတ္တဘာဂနတ် = နဖူးစာကို ရေးမှတ်တတ်သည်။
(၂) သူရဿတီနတ် = ပညာကို ပွားစေတတ်သည်။
(၃) သကျနတ် = စည်းစိမ်ဥစ္စာကို ပေးစေတတ်သည်။
(၄) မဟိရာဇာနတ် = အိပ်မက်ကို ပေးစေတတ်သည်။
(၅) ဝါမသူရနတ် = နိမိတ်ကို ပြတတ်သည်။
(၆) ဇနသူရနတ် = အလှူပေးသည်ကို မှတ်တတ်သည်။
(၇) ကရဝါနတ် = ကာမသုခကို ပေးတတ်သည်။
(၈) ယောတိကနတ် = သွားလိုရာလိုက်၍ စောင်မတတ်သည်။
(၉) ကလျာဏမိတ္တနတ် = ကောင်းသောစကားကို မှတ်သားတတ်သည်။
(၁၀) စန္ဒာဒေဝီနတ် = ကျက်သရေကို စောင့်တတ်သည်။
(၁၁) နရိန္ဒာ ဒေဝီနတ် = အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်တတ်သည်။
(၁၂) ကာလကဏ္ဏိနတ် = ယုတ်မာသော ကံသုံးပါးကို အားပေးတတ်သည်။

(ရှေးဟောင်းပုရာဏ်ဟိန္ဒူကျမ်းများ၏ အဆိုအမိန့်ဖြစ်ဟန်တူပါသည်။)

ဓမ္မပဒဝတ္ထုမှာကြည့်လျှင် လင်မယားနှစ်ယောက်ပေါင်းမှ အပေါ်ရုံအဝတ်တစ်ထည်တည်းသာရှိတဲ့ ဧကသာဋကဇနီးမောင်နံတို့ရဲ့အကြောင်းကို တွေ့ရလိမ့်မည်။

ဧကသာဋကဆိုတဲ့ ပါဠိကိုက တစ်ထည်တည်းသော အပေါ်ရုံပုဆိုးလို့ အဓိပ္ပာယ်ရပါတယ်။

အနောက်မဇ္ဈိမတိုင်းသား ပုဏ္ဏားလူမျိုးတို့ဆိုတော့ သူတို့ရဲ့အင်္ကျီများအပေါ်မှာ ထပ်၍ လွှမ်းခြုံစရာအပေါ်ရုံပုဆိုးကို အသုံးပြုလေ့ရှိကြတယ်။ ထသွားထလာ လူထဲသူထဲ သွားတဲ့အခါမှသုံးတဲ့ သားသားနားနား အဖိုးထိုက်အဖိုးတန် ပစ္စည်းတစ်ခုပေါ့။ အဲဒါကလည်းတစ်ထည်တည်းရှိတယ်၊ ဒါ့ကြောင့် ဧကသာဋကပုဏ္ဏားလင်မယားလို့ အမည်တွင်တယ်။ အလှူအတန်းပွဲနေပွဲထိုင် သွားရမယ်ဆိုလျှင် လင်ဖြစ်သူကသွားလျှင် မယားက အိမ်မှာနေခဲ့ရတယ်။ မယားဖြစ်သူက သွားရမယ့်ပွဲမျိုးဆိုလျှင် လင်ဖြစ်သူက အိမ်မှာနေခဲ့ရတယ်။ တစ်ယောက်တလဲစီသာ ဝတ်နိုင်ကြတယ်ဆိုပါစို့။

သူတို့လင်မယားဟာ ပစ္စည်းမချမ်းသာပေမယ့် ရတနာသုံးပါးကို သဒ္ဓါမြတ်နိုးတဲ့ စိတ်ကောင်းစိတ်မြတ်ရှိကြပါတယ်။ သို့ပေမယ့် ဇေတဝန်ကျောင်းတော်ကို ဘုရားဖူးရအောင် တရားတော်နာရအောင် သွားကြရမယ့်ကိစ္စမှာတော့ လင်စုံမယားဖက် အတူတကွ မသွားနိုင်ကြရှာပါဘူး။ လူတောတိုးစရာအဝတ်က တစ်ထည်တည်းရှိပေသကိုး။

ဒီတော့ ဘယ်လိုလုပ်ကြသလဲ၊ လူမြင်သူမြင် နေ့လယ်နေ့ခင်းမှာ မယားဖြစ်

သူက ဇေတဝန်ကျောင်းတော်ကို သွားရပါတယ်။ မိန်းမသားဆိုတော့ မိမိဆင်ယင်ထားတဲ့ အဝတ်အထည်လှလှလေးကို သူများကမြင်စေချင်သေးတယ်လေ။ မယားဖြစ်သူ ပြန်လာလို့ ညဦးပိုင်းရောက်ခါမှ လင်ဖြစ်သူက ကျောင်းတော်ကိုသွားပြီး တရားနာရပါတယ်။ တစ်နေ့သောညဦးပိုင်းမှာ ပုဏ္ဏားကြီးက အပေါ်ရုံပုဆိုးကိုခြုံ၍ ဇေတဝန်ကျောင်းမှာ ဗုဒ္ဓ၏တရားတော်ကို နာယူနေပါတယ်။ အဲသလို တရားတော်ကို နာနေရင်းက မြတ်စွာဘုရားကို ပီတိငါးဖြာဖြင့် ကြည်ညိုလာပါတယ်။ ပီတိဆိုတာ နှစ်သက်ခြင်းကိုခေါ်တယ်။ ငါးပါးအပြားရှိတယ်။

၁။ ခုဒ္ဒကာပီတိ = ကြက်သီးမွေးညင်းထလာသော နှစ်သက်ခြင်းမျိုး၊

၂။ ခဏိကာပီတိ = လျှပ်စစ်ပြက်သကဲ့သို့ ရွှင်ပျနှစ်သက်ခြင်းမျိုး၊

၃။ ဩက္ကန္တိကပီတိ = လှိုင်းထသလို ခံစားရသောနှစ်သက်ခြင်းမျိုး၊

၄။ ဥဗ္ဗေဂါပီတိ = တစ်ကိုယ်လုံးကြွတက်သွားတော့မတတ် နှစ်သက်ခြင်းမျိုး၊

၅။ ဖရဏာပီတိ = တစ်ကိုယ်လုံး ဝွမ်းဆီထိသကဲ့သို့ အိမ့်သွားသောနှစ်သက်ခြင်းမျိုး။

အဲသည်လို ပီတိငါးမျိုးနှင့် ကြည်ညိုလွန်းရာလို့ မိမိအပေါ်ရုံပုဆိုးကို သင်္ကန်းလျာအဖြစ် လှူဒါန်းလိုတဲ့စိတ်များ တဖွားဖွားပေါ်နေပါတယ်။ အဲဒီလို ပေါ်နေကြားကပဲ–

'တို့လင်မယားမှာ ဒီပုဆိုးတစ်ထည်တည်းသာ ရှိတယ်၊ ယခုသော်မှ တစ်ယောက်သွားရင် တစ်ယောက်အိမ်မှာ နေရစ်ခဲ့ရတယ်၊ ဗုဒ္ဓသခင်အား လှူဒါန်းလိုက်ရင် တို့လင်မယားနှစ်ယောက်စလုံး မြို့ထဲကို ဘယ်သူမှ ထွက်လာနိုင်တော့မယ်မဟုတ်ဘူး၊ လှူလို့မဖြစ်သေးပါဘူးလေ' လို့စဉ်းစားပြီး တွန့်တိုနေမိပြန်တယ်။

ဗုဒ္ဓကိုယ်တော်မြတ်က တရားဟောတော်မူလျက်ရှိတယ်။ ပုဏ္ဏားကြီးကလည်း တရားနာလျက်ပဲရှိတယ်။ လှူဒါန်းချင်တဲ့စိတ်က ထပ်ဆင့်ပေါ်ပေါက်လာပြန်တယ်။ လှူလို့မဖြစ်သေးပါဘူးလေ ဆိုတဲ့စိတ်ကလည်း ဟန့်တားနေပြန်တယ်။

လှူလိုတဲ့စိတ်က သဒ္ဓါတရား၊

မလှူလိုတဲ့စိတ်က မစ္ဆေရတရား၊

ရတနာသုံးပါးကို ယုံကြည်သောစိတ်နှင့် ရက်ရောစွာ လှူဒါန်းလိုတာက ကုသိုလ်တရား၊ မလှူဖြစ်အောင် တွန့်တိုဖျက်ဆီးနေတာက အကုသိုလ်တရား။

ပုဏ္ဏားကြီးရဲ့နာမ်ခန္ဓာမှာ သဒ္ဓါစိတ်နှင့် မစ္ဆေရစိတ် အကြိတ်အနယ်တိုက်ပွဲဝင်နေကြတယ်။ လူကသာ ရှိရှိသေသေ တရားနာနေရသော်လည်း သူ့စိတ်ထဲမှာတော့ သဒ္ဓါနှင့် မစ္ဆေရတို့က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြတဲ့အတွက် ပင်ပန်းနေရတယ်၊ ချွေးသီးချွေးပေါက်များပင် စို့ထွက်လာကြတယ်။ ညဉ့်ဦးယံကုန်ဆုံးလို့ သန်းခေါင်ယံရောက်ခဲ့ပါပြီ။ စစ်ပွဲက မပြီးသေးပါဘူး။ ဘယ်သူ့ကိုမှလည်း ဘယ်သူက မနိုင်ကြသေးပါဘူး။ မိမိကိုယ်တိုင် ဒီအဝတ်ပုဆိုးဖြင့် အိမ်ထဲမှ မထွက်ရတာထက် မိမိ၏ဇနီး ပုဏ္ဏေးမခမျာ လှလှပပဝတ်ဆင်ပြီး အိမ်ထဲမှ မထွက်ရမှာကို ပူပင်ကြောင့်ကြနေမိတယ်။ ဒီလိုနဲ့ မိုးသောက်ယံသာ ရောက်လာပါရော၊ စစ်ပွဲက မပြီးတဲ့အပြင် ကြီးသည်ထက် ကြီးနေ

တော့တယ်။ နာမ်ခန္ဓာ စစ်ပွဲတို့ရဲ့ စစ်မြေပြင်ဖြစ်နေရတဲ့ ရုပ်ခန္ဓာကြီးမှာလည်း ပင်ပန်းလှပြီ၊ ဆင်းရဲလှပြီ။

အရှေ့လောကဓာတ်မှအရုဏ်က အမိုက်တိုက်များကို ဖောက်ထွင်း၍ ပီပီပြင်ပြင် လင်းရောင်ခြည်သန်းလာခဲ့ပြီး အရုဏ်လင်းရောင်ခြည်နှင့်အတူပုဏ္ဏားကြီး၏စိတ်မှာလည်း လင်းရောင်ခြည်ထွက်လာခဲ့တယ်။

ငါဒီအဝတ်ပုဆိုးကို ဘာဖြစ်လို့ နှမြောတွန့်တိုနေရတာလဲ၊ ငါတွန့်တိုနေတာဟာ အဝတ်ပုဆိုးကို နှမြောလို့ မဟုတ်ပါဘူး၊ ငါ့မယားပုဏ္ဏေးမ လှလှပပမဝတ်ရမှာစိုးတဲ့စိတ်ကြောင့်ပါ။

အဲဒီအဝတ်ပုဆိုးကို မဝတ်ရလို့ ငါ့မယားကို လူတကာက အရုပ်ဆိုးသွားပြီလို့ ပြောကြမလား၊ ပြောကြပါစေပေါ့။ ဒီအဝတ်ပုဆိုးကို မဝတ်ရလို့ ပုဏ္ဏေးမက ငါ့ကို ငြိုငြင်ပြီး အပြစ်တင်မလား၊ တင်ပါစေပေါ့။ ဒီပုဆိုးမဝတ်ရလို့ သူသေသွားမလား၊ မသေပါဘူး။

ငါ့မှာကော ဒီပုဆိုးမတင်လွှမ်းရလို့ မြို့ထဲမထွက်နိုင်ဘူးလား၊ ထွက်နိုင်သားပဲ၊ တရားနာမလာနိုင်ဘူးလား၊ လာနိုင်သားပဲ။ ဒါဖြင့် ငါ့မယားအတွက်ရော ငါ့အတွက်ရော ဒီပုဆိုးနဲ့ပတ်သက်ပြီး သံယောဇဉ်ပြတ်ပြီးပေါ့၊ သံယောဇဉ်ပြတ်ရင် တဏှာပြတ်ပြီပေါ့၊ တဏှာပြတ်ရင် လောဘမဖြစ်တော့ဘူးပေါ့၊ လောဘမဖြစ်ရင် အလောဘပေါ့၊ အလောဘဆိုရင် စွန့်နိုင်သော စာဂ ပေါ့။ စာဂကို သဒ္ဓါနဲ့တွဲရင် မစ္ဆေရဟာ ဘာခံနိုင်မှာလဲ။

သူကိုယ်တိုင် သဒ္ဓါစိတ်စစ်သည်တော်များဘက်က စစ်ကူပေး၍ ရှုပ်ရှုပ်ချွံချွံဝင်၍ တိုက်လိုက်တယ်။ အဲသည်တော့မှ မစ္ဆေရစစ်တပ်ဟာ ဖရိုဖရဲ ပြိုကွဲပြီး အလူးအလဲဖြင့် ထွက်ပြေးတော့တယ်။ အဲသည်လို နိုင်တဲ့အခိုက်မှာ တွန့်ဆုတ် နံ့နေ့မနေတော့ဘဲ အပေါ်ရုံကို ကိုယ်ကခွာ၍ ဗုဒ္ဓဘဂဝါ၏ ခြေတော်ရင်းတွင် ဖြန့်ခင်းလိုက်တယ်။

"တပည့်တော်ကိုသနားချီးမြှောက်သောအားဖြင့်ဤပုဆိုးကိုအလှူခံတော်မူပါဘုရား"

မြတ်စွာဘုရားက ဆိတ်ဆိတ်နေတော်မူခြင်းအားဖြင့် လက်ခံတော်မူလိုက်တယ်၊ အဲဒီ နောက်မှာတော့ မုနိငါးပါးကို အစိုးရတော်မူတဲ့ မုနိန္ဒာဘိပဝရအတုလမုနိ မြတ်စွာဘုရားသခင်သည် ဗုဒ္ဓကိစ္စပြုတော်မူရန်အလို့ငှာ မဟာဂန္ဓကုဋီတိုက်တွင်းသို့ ကြွဝင်စံမြန်းတော်မူပါတယ်။ တရားပွဲပြီးဆုံးသည်ဖြစ်လို့ ဧကသာဋကပုဏ္ဏားလည်း ရွှင်လန်းသောစိတ်ဖြင့် ကျောင်းတော်ကြီး၏အပြင်ဘက်သို့ ထွက်လာခဲ့တယ်။

ဗုဒ္ဓ၏ပရိသတ်လေးပါးနှင့်ကင်းတဲ့နေရာရောက်တော့ အလှူဒါနကြီးဖြစ်မြောက်အောင် ကျားကုတ်တရ တိုက်ယူခဲ့ရသည့် သဒ္ဓါ–မစ္ဆေရစစ်ပွဲကြီးမှာ အောင်နိုင်သူပီပီ ဝမ်းသာလွန်းလို့ လက်ရုံးဆန့်တန်းကာ 'ငါအောင်ပြီ–ငါအောင်ပြီ– ငါအောင်ပြီ' လို့ သုံးခွန်း သုံးဆင့် လွတ်လွတ်လပ်လပ် ကြွေးကြော်လိုက်မိတယ်။ ဒီအချိန်မှာ ဘယ်အခါက ရောက်လာသည်မသိ။ ကောသလမင်းကြီးက ပုဏ္ဏားရဲ့ အောင်ပြီဆိုတဲ့ ကြုံးဝါးသံကို အထိတ်တလန့် ကြားလိုက်ရတယ်။

ဘုရင်များဟာ သူတို့ကိုယ်တိုင်သာ အောင်ပြီလို့ ကြွေးကြော်ချင်ကြတယ်။ သူများက အောင်ပြီလို့ ကြွေးကြော်လိုက်တာမျိုးကိုတော့ မကြားလိုကြပါဘူး။ တိုင်းပြည်ကို တော်လှန်မယ့် သူပုန်သူကန်များက အော်တာမျိုးဖြစ်ရင် ဘယ့်နှယ် လုပ်မလဲလေ၊ ဒီတော့ အောင်ပြီလို့ ကြွေးကြော်တဲ့သူကို အလျှင်အမြန်ခေါ်ပြီး စစ်ဆေးရတာပေါ့။

ကောသာင္ဗကပုဏ္ဏားက သူ ရဲ့သဒ္ဓါတရားစစ်ပွဲမှာ အောင်လို့အော်ရပါကြောင်း သံတော်ဦးတင်လိုက်တယ်။ အဖြစ်အပျက်အားလုံးကိုလည်း အစစ်ခံလိုက်တယ်။ ဒီတော့မှ တစ်ထည်တည်းသာရှိတဲ့ ပုဆိုးကို ရက်ရက်ရောရော လှူဒါန်းတဲ့ ပုဏ္ဏားအား ချီးမွမ်းထောမနာ ပြုတော်မူတယ်။ သာဓုခေါ်တော်မူတယ်။ ကောသာင္ဗကပုဏ္ဏားလင်မယားမှာ ပုဆိုးတစ်ထည်တည်းသာရှိတယ်ဆိုတာက တိုင်းသိပြည်ကျော် ဖြစ်နေတယ် မဟုတ်လား။ ဒီတော့ ကောသလဘုရင်ကြီးက ငါ့ထက် မခေါက်မရက် စွန့်စားနိုင်ပါပေတကားလို့ ချက်ချင်းပဲ ပုဆိုးတစ်ထည် အစားပေးတယ်။ ပုဏ္ဏားက အဲဒီပုဆိုးကို ဗုဒ္ဓအား ရည်စူးလှူပါတယ်လို့ သွားလှူလိုက်ပါတယ်၊ ဘုရင်ကြီးက နောက်ထပ် နှစ်ထည်ပေးပါတယ်။ အဲဒါကိုလည်း ပုဏ္ဏားက ဘုရားကိုပဲ သွားလှူလိုက်ပါတယ်။ အဲသည်လိုနည်းနဲ့ ဘုရင်ကြီးက လေးထည်ပေးလိုက်၊ ပုဏ္ဏားကြီးက သွားလှူလိုက်၊ ဘုရင်ကြီးက နှစ်ဆတိုးပြီး ရှစ်ထည်ပေးလိုက်၊ ပုဏ္ဏားက သွားလှူလိုက်၊ ဘုရင်ကြီးက တစ်ဆယ့်ခြောက်ထည် ပေးလိုက်၊ ပုဏ္ဏားက သွားလှူလိုက်။ အဲသည်နောက် ဘုရင်ကြီးက နှစ်ဆတိုးပြီး သုံးဆယ့်နှစ်ထည် ပေးပြန်ရော ဒီအခါကျမှ ပုဏ္ဏားကြီးက တွေးမိတယ် 'ငါ တစ်စုံတစ်ခုမှ လက်မခံဘဲ ပေးသမျှကိုသာ လှူနေရင် တချို့လူတွေက နှစ်ဆတိုးရလို့ တိုးသည်ထက်တိုးရအောင် ဉာဏ်ဆင်နေတာပါကွာ' လို့ ပြောနိုင်စရာရှိတဲ့အကြောင်း စဉ်းစားလိုက်မိတယ်။

ဒီလိုလှူတဲ့ ကောသာင္ဗက ပုဏ္ဏားကြီးရဲ့အတိတ်ကို ဆန်းစစ်ကြည့်မယ်ဆိုရင် သူ့သဒ္ဓါတရားတွေ ဆင့်ကဲဆင့်ကဲ ပေါ်လာနိုင်တဲ့ စိတ်အစဉ်ကို သိနိုင်ကြပါလိမ့်မယ်။

တစ်ထည်တည်းရှိတုန်းကသော်မှ လှူရက်သေးတာပဲ၊ အဲသည်လို လှူတုန်းကလည်း နောက်ထပ် အစားရလိမ့်မယ်လို့ မျှော်လင့်ခဲ့တာမဟုတ်ဘူးလေ။ သူ့သဒ္ဓါတရားအပေါ်မှာ အရင်းတည်ပြီး ရခဲ့တဲ့ ပုဆိုးတွေကို လှူလိုက်ရမှာကတော့ ဘယ်နှမြောတွန့်တိုနေတော့ မလဲ၊ ရသမျှဟာ အမြတ်ချည်းပေါ့။ စစ်ကိုနိုင်စရှိတဲ့သူဟာ နယ်ချဲ့လာနိုင်တဲ့နည်းတူ သူ့သဒ္ဓါတရားကလည်း နယ်ချဲ့လာနိုင်တော့တာပေါ့၊ အဲဒီအခါမှာ မစ္ဆေရဆိုတဲ့စိတ်က ခေါင်းတောင် မပြူဝံ့တော့ပါဘူး။ ဒါ့ကြောင့် ဘုရင်ကြီးပေးတဲ့ သုံးဆယ့်နှစ်ထည်အနက်က သူတို့လင်မယားအတွက် နှစ်ထည်သာ ယူပြီးတော့ ကျန်သမျှကို ဘုရားအား လှူပြန်တယ်။ (ဝိပဿီဘုရား လက်ထက်တော်က အဲသည် ကောသာင္ဗကပုဏ္ဏားဟာ ခြောက်ဆယ့်လေးထည်အထိ လှူဖူးသော ပါရမီရှင်ဖြစ်ပါတယ်။)

ကောသလမင်းကြီးက သူပေးသမျှ ဗုဒ္ဓကိုသာလှူနေတဲ့ ပုဏ္ဏားကို ကြည်ညိုသည်ထက် ကြည်ညိုလာတယ်။ ဒါ့ကြောင့် အဖိုးတစ်သိန်းစီထိုက်တဲ့ ကမ္ဗလာနှစ်ထည်ကို ဆုပေးပြန်တယ်။ ပုဏ္ဏားက ကမ္ဗလာတစ်ထည်ကို ဗုဒ္ဓရဲ့ ဂန္ဓကုဋိတိုက်အိပ်ရာနေရာတော်

အထက်မှာ ဗိတာန်ဖွဲ့ကြက်ပြီးတော့ လှူလိုက်တယ်၊ တစ်ထည်ကို သူ့အိမ်မှာ ဆွမ်းစား ကြွတော်မူမည့် သံဃာ့နေရာတော်အထက်မှာ ဗိတာန်ဖွဲ့ကြက်ပြီးတော့ လှူပြန်တယ်။

တစ်နေ့မှာ ကောသလမင်းကြီးက ဘုရားကိုယ်တော်မြတ်ကို သွားရောက်ဖူးမြော်တော့ မိမိရဲ့အဖိုးတစ်သိန်းတန် ကမ္ဗလာကို ဗိတာန်မျက်နှာကြက်ပြု၍ လှူထားကြောင်း တွေ့ရပြန်တယ်။ အဲသည့်အခါမှာတော့ ကောသလမင်းကြီးက –

ဒီတစ်ခါဖြင့် ပုဏ္ဏားက ပြန်မလှူနိုင်မည့် ဆုမျိုးကိုပေးမှပဲဟု ဆုံးဖြတ်တော်မူပြီး ဆင်လေးစီး၊ မြင်းလေးစီး၊ ကညာလေးယောက်၊ ကျွန်မလေးယောက်၊ ယောကျ်ားလေးယောက်၊ အသပြာလေးထောင်၊ ရွာလေးရွာတို့ကို ဆုပေးတော်မူတယ်။

အဲသည်လို လေးပါးစီ ခုနစ်မျိုးတိုင်အောင် များပြားစွာပေးတဲ့အတွက် သဗ္ဗစတုက္က အလှူလို့ ခေါ်တယ်။ ထိုပစ္စည်းများကိုတော့ ဗုဒ္ဓဘုရားသခင်က အလှူခံတော်မူခြင်းမရှိဘူးလေ။ (ဗြဟ္မဇာလသုတ်တွင် ကြည့်ပါ။)

ဒီနေရာမှာ ဧကသာဋကပုဏ္ဏားနှင့် ကောသလမင်းကြီးတို့ သဒ္ဒါစစ်ပွဲတိုက်တယ်လို့ ဆိုရပါလိမ့်မယ်။ အဲသည်စစ်ပွဲမျိုးကတော့ အကုသိုလ်မဟုတ်နိုင်ဘူးလေ၊ ကောသလ မင်းကြီးက ဧကသာဋက ပုဏ္ဏားကြီးအား ထိုကဲ့သို့ သဗ္ဗစတုက္ကဆုကြီးကို ပေးလိုက် တာကို သာဝတ္ထိတစ်ပြည်လုံး ဟိုးလေးတကျော်ကျော် ဖြစ်သွားတယ်။ ဇေတဝန်ကျောင်း တော်က ရဟန်းများမှာလည်း ဧကသာဋက ပုဏ္ဏားရဲ့အကျိုးပေးပုံကို တအံ့တသြ ပြောနေ ကြရတယ်။ အဲသည်အခါမှာ မြတ်စွာဘုရား ကြွလာတော်မူပြီး ထိုစကားနှင့်စပ်၍ ရဟန်းတို့အား မိန့်ကြားတော်မူ တယ်။

"ရဟန်းတို့၊ ဧကသာဋက ပုဏ္ဏားကြီးသည် အကယ်၍ ပထမယံ၌ပေးလှူဖြစ်လျှင် သဗ္ဗသောဠသကမည်သော တစ်ဆယ့်ခြောက်ခု အစုရှိသောဆုကို ရပေရာ၏။ မဇ္ဈိမယံ၌ လှူနိုင်စွမ်းခဲ့အံ့၊ သဗ္ဗဋ္ဌကမည်သော ရှစ်ခုအပေါင်းအစုရှိသောဆုကို ရပေရာ၏။ ယခုကား ပစ္ဆိမယံ၌သာလျှင် လှူဒါန်းခဲ့သောကြောင့် သဗ္ဗစတုက္ကဆုကိုသာ ရလေ၏။

"ချစ်သားတို့၊ ကောင်းမှုကုသိုလ်ကံကို ပြုလုပ်လိုသည့် စိတ်ဖြစ်ပေါ်သော တစ်ခဏ၌ပင် ဆောလျင်စွာ ပြုလုပ်အပ်၏။ နှန့်နှေးကြန့်ကြာပြီးမှ ပြုလုပ်သောကုသိုလ် သည် အကျိုးပေးနှန့်နှေးတတ်၏"ဟု မိန့်တော်မူပါတယ်။

ထိုဒေသနာတော်၏အဆုံးမှာ များစွာသော ရှင်, လူတို့သောတာပန် တည်ကြ ရတယ်။

ဦးမဂ်လာသည် ဤဝတ္ထုဖြင့် သဒ္ဒါနှင့် မစ္ဆေရစစ်ပွဲကို ဆင်ခြင်နိုင်ခဲ့ရသည်။ 'ယောနိသောမနသိကာရ'ဖြင့် စိတ်ကို စိတ်နှင့် (ခွ) တိုက်ရမည်ဟူသော မစိုးရိမ်ဆရာတော် ဘုရားကြီး၏ ဩဝါဒအထူးကိုလည်း ပြန်၍ သတိရစေသည်။ ထို့မှတစ်ပါး မစ္ဆေရစိတ်သည် နည်းပရိယာယ်ဆင်ခြေဆင်လက်တည်းဟူသော စစ်သည်တော်တို့ဖြင့် မိမိ၏ သဒ္ဒါစိတ် ကို ဝိုင်းဝန်းနှောင့်ယှက်ဖျက်ဆီးတတ်ကြကြောင်း၊ ထိုအခါ သဒ္ဒါတရားကို အောင်မြင် ရန် မိမိ၏ ပညာတည်းဟူသော အင်အားဖြည့်စစ်ကူများ အရေးတကြီးလိုအပ်ကြောင်း

ဝတ္ထု သာကေတစ်ခုကို တွေးလိုက်မိပြန်ပါသည်။ ထိုဝတ္ထုမှာ အရှင်သီဝလိရဟန္တာ မထေရ်နှင့် နီးနွယ်ဆက်စပ်နေပေသည်။ ရှင်သီဝလိမထေရ်ကား လာဘ်လာဘရ လွယ်ခြင်း အရာ၌ ဧတဒဂ်ရ၍ ထင်ရှားသော ရဟန္တာတစ်ပါးဖြစ်သည်။

ထိုရှင်သီဝလိ အလောင်းတော်သတို့သားကို မယ်တော်ဖြစ်သော သုပ္ပဝါသာ ကောလိယ အမျိုးနွယ် မင်းသမီးသည် ခုနစ်နှစ်တိုင်တိုင် ကိုယ်ဝန်ဆောင်ခဲ့ရ၍ ခုနစ်ရက် တိုင်တိုင် ဝေဒနာခံစားရပြီးမှ မွေးနိုင်ခဲ့လေသည်။ တစ်ခုသောအတိတ်ဘဝတွင် သားဖြစ် သော ဘုရင်အား ရန်သူ၏မြို့ကို ခုနစ်ရက်တိုင်တိုင် ဝန်းရံဆို့ပိတ်၍ လုပ်ကြံတိုက်ခိုက် စေသော စစ်ဗျူဟာကို အကြံပေးမိသည့် အကုသိုလ်ဝိပါက်ကြောင့် ဖြစ်လေ၏။

မွေးဖွားလုဆဲဆဲ၌ ပြင်းပြသောဝေဒနာ ခံစားနေရသော်လည်း ရတနာသုံးပါး၏ ဂုဏ်ကို ယုံကြည်အောက်မေ့လျက် ခင်ပွန်းသည်ဖြစ်သော ကောလိယမင်းသားကို မြတ်စွာဘုရားထံ သွားရောက်၍ သနားကယ်မပါမည့်အကြောင်း ဆုတောင်းလျှောက်ထား စေသည်။ မြတ်စွာဘုရားသခင်က 'သုပ္ပဝါသာမင်းသမီးသည် ချမ်းသာစွာ မွေးဖွားစေ သတည်း' ဟု ဆုပေးတော်မူလိုက်၏။ ထိုအချိန်မှာပင် သတို့သားအား ချမ်းသာစွာ မွေးဖွားရ၏။ ကောလိယမင်းသား ပြန်ရောက်သောအခါ –

"အရှင်မင်းသား၊ ရတနာသုံးပါး၏ဂုဏ်ကား ကြီးမားလှပေစွ။ ဗုဒ္ဓအား တမ်းတ လိုက်ချိန်မှာပင် ဤသတို့သားငယ်ကို ချမ်းသာစွာ မွေးဖွားရပါ၏။ ထို့ကြောင့် သားငယ်ခုနစ်ရက်မြောက်သောနေ့တွင် ဗုဒ္ဓကိုယ်တော်ကို အမှူးပြု၍ သံဃာတော်အား ခုနစ်ရက်နှင့်နှင့် နေ့စဉ်ရက်ဆက် ဆွမ်းလုပ်ကျွေးလိုပါသည်။ ပင့်လျှောက်ချေပါဦး" ဟု ဘုရားထံသို့ ပြန်လွှတ်လိုက်ပြန်သည်။

ကောလိယမင်းသားသည် သုပ္ပဝါသာ၏ အလိုအတိုင်း မြတ်စွာဘုရားထံ သွား ရောက်လျှောက်ထားလေ၏။ သုပ္ပဝါသာ မင်းသမီး၏ ဖိတ်မန်လျှောက်ထားသော ခုနစ်ရက် အတွင်းမှ နေ့တစ်နေ့သည် ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က သူ၏ဒါယကာ သူဌေး တစ်ဦး၏အိမ်သို့ ဆွမ်းစားကြွရန် လျှောက်ထားနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် မြတ်စွာ ဘုရားက အရှင်မဟာမောဂ္ဂလာန်အား သူ၏ဒါယကာသူဌေးဆွမ်းရက်ကို ပြောင်းလွှဲ ကပ်လှူရန် အသိပေးပါချေဟု စေလွှတ်တော်မူ၏။ အရှင်မဟာ မောဂ္ဂလာန်သည် သူဌေး ထံသို့သွားကာ မူလရည်မှန်းသော ရက်အစား နောက်တစ်ရက်ရက်တွင် ကပ်လှူရန် တိုက်တွန်းရသည်။ ထိုတွင် သူဌေးကြီးက ဆို၏။

"အရှင်ဘုရား – ထိုနေ့ရက်ကိုမှတ်သား၍ လှူဖွယ်ကိစ္စအလုံးစုံ စီစဉ်ထားပြီး ဖြစ်ပါသည်။ မပြောင်းမလဲပါရစေနှင့်" ဟု ဆို၏။ အရှင်မောဂ္ဂလာန်က ပြောင်းလဲပေးရန် တိုက်တွန်းတော်မူ၏။ ထိုအခါ သူဌေးက –

"အရှင်ဘုရား၊ အလုံးစုံသည် မမြဲဟု အရှင်ဘုရားတို့ဆိုပါ၏။ အကယ်၍ ထိုထို ကာလအတွင်း တပည့်တော်စည်းစိမ်ဥစ္စာများ ဆုံးပါးပျက်စီးသွားသည်ရှိသော် ဘုရားရှင် အား ဆွမ်းမကပ်လှူလိုက်ရဖြစ်ပါလိမ့်မည်ဘုရား" ဟု လျှောက်၏။ တန်ခိုး အဘိညာဉ်

အရာ၌ တေဒဂ်ရတော်မူထားသော အရှင်မဟာမောဂ္ဂလာန်သည် အနာဂတံသ အဘိညာဉ်ဖြင့် ဆင်ခြင်တော်မူပြီးလျှင် -

"သူဌေးကြီး၊ သင်၏စည်းစိမ်ချမ်းသာတို့သည် တစ်ဆယ့်နှစ်နှစ်ကာလပတ်လုံး ဆုတ်ယုတ်မည်မဟုတ်၊ တိုးပွားသည်ထက်သာ တိုးပွားလာမည်" ဟု အာမ ခံတော်မူရသည်။ ထိုသူဌေးက တစ်ဆင့်တက်ပြန်၍ -

"အရှင်ဘုရား၊ ပစ္စည်းက လူကိုစွန့်သည်လည်းရှိပါ၏။ လူက ပစ္စည်းကို စွန့်သည် လည်းရှိပါ၏။ ကွေးသောလက်သည် မဆန့်မီ၊ ဆန့်သောလက်သည် မကွေးမီ သေခြင်း တရားကား မြန်လှပါဘိ၏။ အကယ်၍ ထိုရက်အတွင်း တပည့်တော် သေလွန်သွားသည်ရှိသော် ဗုဒ္ဓမြတ်စွာအား ဆွမ်းမကပ်ရဘဲ ရှိချေတော့မည်"ဟု စောဒက တက်ပြန်၏။

ထိုအခါတွင်လည်း ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် အနာဂတံသ အဘိညာဉ်၌ ဝင်စားပြီးလျှင် -

"မစိုးရိမ်လင့် ဒကာသူဌေးကြီး၊ အသင်၏ အသက်ဇီဝသည်လည်း တစ်ဆယ့်နှစ်နှစ်ကာလအတွင်း အနာရောဂါမျှ မရှိ" ဟု အာမ ခံလိုက်ရပြန်ပါသည်။

ထိုအခါ သူဌေးကြီးက ထပ်တွန့်ဆင်ခြေတက်လာပြန်လေ၏။ "တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား၊ တပည့်တော်၏ စည်းစိမ်ချမ်းသာတို့သည်လည်း မပျက်မစီးသေး၊ တပည့်တော်၏အသက်ဇီဝသည်လည်း မသေဆုံးသေးဟူသော အရှင်မြတ်စကားကို အလေးအနက်ယုံကြည်ပါ၏။ သို့သော် ပစ္စည်းနှင့်အသက် မပျက်စီးသေးပါဘဲလျက် ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်သောစိတ်၊ ကံကံ၏အကျိုးကို ယုံကြည်သောစိတ်တည်းဟူသော သဒ္ဓါတရားသည် ထိုထိုရက်အတွင်း၌ ပျက်စီးသွားသည်ရှိသော် တပည့်တော်သည် မြတ်စွာဘုရားအား ဆွမ်းမလုပ်ကျွေးရဘဲ ရှိရချေတော့မည်။ ထိုသဒ္ဓါတရားကို အရှင်ဘုရား တာဝန်ယူပါမည်လား" ဟု လျှောက်ပြန်၏။ ထိုအခါ၌ကား အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်သည် ဒါယကာသူဌေးကြီးအား စေ့စေ့ကြည့်၍ ဤသို့ဆိုရလေတော့သည်။

"ဒါယကာသူဌေးကြီး၊ ငါ၏အဘိညာဉ်ဖြင့် အသင်၏စည်းစိမ်ကို မပျက်စီးရာ တာဝန်ခံနိုင်စွမ်း ရှိပါ၏။ သင်၏အသက်ကိုလည်း မပျက်စီးရာ တာဝန်ခံနိုင်စွမ်း ရှိပါ၏။ သင်၏ သဒ္ဓါတရားကိုမူကား ပျက်ပြားဖောက်ပြန်စေနိုင်သော မစ္ဆေရစိတ်တို့က ပရိယာယ်အသီးသီး နည်းအထွေထွေဖြင့် တိုက်ခိုက်တတ်ကြသောကြောင့် မပျက်စီးပါဟု တာဝန်ခံနိုင်စွမ်းမရှိပါ။ အသင်သူဌေးကြီး၏ သဒ္ဓါစိတ်ကို အသင်သူဌေးကြီး၏ 'သတိပညာ' ဖြင့်သာ မပျက်စီးအောင် စောင့်ရှောက်ရပေလိမ့်မည်" ဟု ဟောတော်မူလေသည်။

ထိုအခါ သူဌေးကြီးသည် တရားတော်ကို ကြည်ညိုလှသည်ဖြစ်၍ "သာဓု၊ သာဓု၊ ဤတရားသည် တပည့်တော်အား အလွန်ကျေးဇူးများလှပါဘိသည်။ အံ့ဩဖွယ် ရှိလှပါပေသည်။ တပည့်တော်၏ သဒ္ဓါစိတ်ကို တပည့်တော်၏ သတိပညာဖြင့် အမြဲ စောင့်ရှောက်ပါမည်ဘုရား" ဟု သဒ္ဓါမြတ်နိုး ရှိခိုးလိုက်သည်။

ဤဝတ္ထုကို အကျဉ်းချုံး၍ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားက မဃဒေဝ လင်္ကာကြီးတွင် ဤသို့ ရေးသားတော်မူခဲ့ပါသည်။

ထင်ရှားကျော်ဟိုး၊ ဘိညာဉ်စိုးသား
တန်ခိုးကြီးစွာ၊ ရဟန္တာလည်း
ဥစ္စာအသက်၊ နှစ်ပါးတွက်ကို
မပျက်စီးရာ၊ ဝန်ခံစွာလျက်
သဒ္ဓါဟူညား၊ ဤတရားမူ
ဖောက်ပြားယွင်းသွေ၊ မစ္ဆေဖီသန်း
ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်
မပြုနိုင်ဘူး၊ မြဲခိုင်စိမ့်ငှာ
ထိုသဒ္ဓါကို၊ ပညာကွန့်ထွေ
မဆွန့်စေနှင့်။

ကောသာငှက ပုဏ္ဏားကြီးသည် ပညာနုံ့သည်ဖြစ်၍ မစ္ဆေရတရားက လွှမ်းမိုးခြင်းကို ခံရသူဖြစ်သည်။ အရှင်မဟာမောဂ္ဂလာန်၏ ဒါယကာသူဌေးကြီးကား ပညာတက်သည်ဖြစ်၍ မစ္ဆေရတရားကို လွှမ်းမိုးနိုင်သူဖြစ်သည်။ ။

* * *

(၁၂)

# ဗုဒ္ဓတိုင်း၏ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ။
သ စိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

သဗ္ဗပါပဿ = အလုံးစုံသော အကုသိုလ်ကို၊ ယံအကရဏံ = အကြင်မပြုခြင်းသည်လည်းကောင်း၊ ကုသလဿ = ကုသိုလ်ကို၊ ယာဥပသမ္ပဒါ = အကြင်ပြည့်စုံစေ ခြင်းသည်လည်းကောင်း၊ ယံသစိတ္တ ပရိယောဒပနံ = အကြင်မိမိစိတ်ကို ဖြူစင်စေခြင်းသည်လည်းကောင်း၊ အတ္ထိ = ရှိ၏၊ ဧတံ = ဤအလုံးစုံသည်၊ ဗုဒ္ဓါနံ = မြတ်စွာ ဘုရားတို့၏၊ သာသနံ = အဆုံးအမတော်တည်း။

ခပ်သိမ်းသော မကောင်းမှုတို့ကို ကြဉ်ရှောင်ခြင်း၊ ကောင်းမှုကို ဆည်းပူးခြင်း၊ မိမိ၏စိတ်ကို စင်ကြယ်စေခြင်း ဤသည်လျှင် ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

ခန္တီပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

တိတိက္ခာ = သည်းခံခြင်းဟုဆိုအပ်သော၊ ခန္တီ = သည်းခံခြင်းခန္တီသည်။ ပရမံ = မြတ်သော၊ တပေါ = အကျင့်တည်း၊ နိဗ္ဗာနံ = ကိလေသာမှ ငြိမ်းခြင်းနိဗ္ဗာန်ကို၊ ပရမံ = မြတ်၏ဟူ၍၊ ဗုဒ္ဓါ = ဘုရား ပစ္စေကဗုဒ္ဓါတို့သည်၊ ဝဒန္တိ = ဟောကြားတော် မူကြကုန်၏။ ပရူပဃာတီ = သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲလေ့ရှိသောသူသည်၊ ပဗ္ဗဇိတော = ရဟန်းမည်သည်၊ နဟောတိ = မဖြစ်။ ပရံ = သူ တစ်ပါးကို၊ ဝိဟေဌ ယန္တော = ညှဉ်းဆဲသောသူသည်၊ သမဏော = ရဟန်းမည်သည်၊ နဟောတိ=မဖြစ်။

အငြိုငြင် အဆင်းရဲခံရခြင်း၊ သည်းခံခြင်းသည် အမြတ်ဆုံးသော အကျင့်ဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးဟု ဘုရားရှင်တို့ ဟော၏။ သူတစ်ပါးအား သတ်ပုတ်သော ရဟန်းဟူ၍ မရှိ။ သူတစ်ပါးအား နှိပ်စက်သောသူမြတ်ဟူ၍မရှိ။

အနုပဝါဒေါ အနုပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊

ပန္တဉ္စသယနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

အနုပဝါဒေါ = မစွပ်စွဲမကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ အနုပဃာတော = မညှဉ်းဆဲ မသတ်ဖြတ်ခြင်းသည်လည်းကောင်း၊ ပါတိမောက္ခေ = အကြီးဖြစ်သော ပါတိမောက္ခ သံဝရသီလ၌၊ သံဝရော = စောင့်စည်းပိတ်ပင်ခြင်းသည်လည်းကောင်း၊ ဘတ္တသ္မိံ = ဆွမ်းဘောဇဉ်၌၊ မတ္တညုတာစ = အတိုင်းအရှည်ကို သိသည်၏ အဖြစ်သည်လည်းကောင်း၊ ပန္တဉ္စသယနာသနံ = ဆိတ်ငြိမ်ရာဖြစ်သော ကျောင်း၌ နေခြင်းသည်လည်းကောင်း၊ အဓိစိတ္တေ = ရှစ်ပါးသော သမာပတ်ဟုဆိုအပ်သော စိတ်ကို အစိုးရခြင်း အဓိစိတ္တ သိက္ခာ၌၊ အာယောဂေါစ=လုံ့လပြုခြင်းသည်လည်း ကောင်း၊ အတ္ထိ = ရှိ၏၊ ဧတံ = ဤအလုံးစုံသည်၊ ဗုဒ္ဓါနံ = မြတ်သောဘုရားတို့၏၊ သာသနံ = အဆုံးအမတော်တည်း။

မကဲ့ရဲ့ အပြစ်မတင်ခြင်း၊ မသတ်ပုတ် မညှဉ်းဆဲခြင်း၊ ရဟန်းတို့၏ ပါတိမောက် အကျင့်သီလကို စောင့်စည်းခြင်း၊ ဆွမ်း၌ အတိုင်းအရှည်ကိုသိခြင်း၊ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာ နေရာသို့ကပ်ခြင်း၊ သမာဓိတရား၌ လုံ့လပြုခြင်း ဤသည်ပင်လျှင် ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

ဦးမင်္ဂလာသည် ဓမ္မပဒ၌ သုံးဂါထာဆက်စပ်လျက် ဟောတော်မူထားသည့် အကြောင်းအရာကို ဗုဒ္ဓ၏ညီတော် အာနန္ဒာ၏ ဥပုသ်ပြုသနာဝတ္ထုတွင် တွေ့သိဖတ်ရှု ရပေသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသခင် သီတင်းသုံးနေတော်မူစဉ် အခါသမယ ဖြစ်၏။

တစ်နေ့သော် အရှင်အာနန္ဒာမထေရ်သည် တစ်ကိုယ်တော်တစ်ပါးတည်း နေ့သန့်စင် တော်မူစဉ် ဤသို့ စဉ်းစားမိပေသည်။

"ယခု ငါတို့သံဃာတော်များသည် လခွဲတစ်ကြိမ် ဥပုသ်နေ့များ၌ အစည်းအဝေး ပြုကာ မြတ်စွာဘုရားသခင်၏ ပါတိမောက်ပြခြင်းကို ကြားနာပြုပြင် ဆောက်တည်နေ ကြရသည်။ လွန်လေပြီးသော ဘုရားရှင်များ၏ လက်ထက်တော်က ယခုကဲ့သို့ပင် လခွဲတစ်ကြိမ် ဥပုသ်ပြု၍ ပါတိမောက်ကို ကြားနာရပေသလား။ ပါတိမောက် အဆို အမိန့် ဒေသနာတော်များသည်လည်း ယခုအတိုင်း ဖြစ်ပါသလား။

"မြတ်စွာဘုရားသခင်သည် ငါတို့အား ခုနစ်ဆူသော ဘုရားရှင်တို့ ဗုဒ္ဓဝင်ကို ဟောကြားတော်မူခဲ့ဖူးပြီ၊ ထိုဘုရားရှင်တို့၏ တစ်ဆူနှင့်တစ်ဆူ မတူကွဲပြားကြသော အကြောင်းအရာများကိုလည်း ကြားနာခဲ့ကြရသည်။

ဥပမာအားဖြင့် –

၁။ ၉၁ ကမ္ဘာ၌ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီပြည်၌

ဖွားမြင်တော်မူသည်။ ခမည်းတော်မယ်တော်ကား ဗန္ဓုမတီမင်းကြီးနှင့် ဗန္ဓုမတီမိဖုရားကြီးဖြစ်၏။ နန္ဒ, သုနန္ဒ, သိရိမာမည်သော နန်းမသုံးဆောင်၌ သုဒဿနာဒေဝီမည်သော မိဖုရားနှင့် အနှစ်ရှစ်ထောင် မင်း၏စည်းစိမ်ကို ခံစားတော်မူ၏။ သားတော်ကား သမဝတ္တက္ခန္ဓကုမာရဖြစ်၏။ ရထားယာဉ်ကို စီး၍ တောထွက်တော်မူ၏။ ဒုက္ကရစရိယာ ရှစ်လမျှကျင့်တော်မူ၍ သခွတ်ပင် ဗောဓိဝယ် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏။ အဂ္ဂသာဝက အစုံမှာ အဘိဘူမထေရ်နှင့် သမ္ဘဝမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ အသောကမထေရ်ဖြစ်၏။ ပကတိရောင်ခြည်တော် ခုနစ်ယူဇနာရှိ၏။ သက်တမ်းကား ရှစ်သောင်းဖြစ်၏။

၂။ သိခီမြတ်စွာဘုရား။ မဟာကမ္ဘာ၌ ပွင့်တော်မူ၏။ အရုဏဝတီမြို့၌ ဖွားမြင်တော်မူ၏။ ခမည်းတော် မယ်တော်မှာ အရုဏမင်းကြီးနှင့် ပဘာဝတီမိဖုရားကြီး တို့ဖြစ်၏။ သုစန္ဒက, ဂိရိ, ဝိသဘရွှေနန်းသုံးဆောင်၌ သဗ္ဗကာမာဒေဝီမည်သော မိဖုရားနှင့် အနှစ်ခုနစ်ထောင်မျှ မင်းစည်းစိမ်ကို ခံစားတော်မူ၏။ သားတော်ကား အတုလကုမာရဖြစ်၏။ ဆင်ယာဉ်စီး၍ တောထွက်တော်မူ၏။ ဒုက္ကရစရိယာ ရှစ်လကျင့်တော်မူ၍ သရက်ဖြူပင် ဗောဓိဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ အဂ္ဂသာဝက အစုံမှာ အဘိဘူမထေရ်နှင့် သမ္ဘဝ မထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ ခေမင်္ကရ မထေရ်ဖြစ်၏။ ပကတိရောင်ခြည်တော် သုံးယူဇနာရှိ၏။ သက်တမ်းကား ခုနစ်သောင်းဖြစ်၏။

၃။ ဝေဿဘူမြတ်စွာဘုရား။ မဏ္ဍကမ္ဘာ၌ပွင့်တော်မူ၏။ အနောမမြို့၌ ဖွားမြင်တော်မူ၏။ ခမည်းတော် မယ်တော်မှာ သုပ္ပတီတမင်းကြီးနှင့် ယသဝတီမိဖုရားကြီးတို့ဖြစ်၏။ ရုစိ, သုရုစိ, ရတိဝဍ္ဎန ရွှေနန်းသုံးဆောင်၌ သုစိတ္တာဒေဝီမိဖုရားနှင့် အနှစ်ခြောက်ထောင် မင်းစည်းစိမ်ကို စံစားတော်မူ၏။ သားတော်ကား သုပ္ပဗုဒ္ဓမင်းသားဖြစ်၏။ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူ၏။ ဒုက္ကရစရိယာ ခြောက်လကျင့်တော်မူ၍ အင်ကြင်းပင် ဗောဓိဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ အဂ္ဂသာဝကအစုံမှာ သောဏမထေရ်၊ ဥတ္တရမထေရ်တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ ဥပသန္တမထေရ်ဖြစ်၏။ ပကတိရောင်ခြည်တော်ကား အပိုင်းအခြားမရှိ၊ သက်တမ်းကား အနှစ်ခြောက်သောင်းဖြစ်၏။

၄။ ကကုသန်မြတ်စွာဘုရား၊ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူ၏။ ခေမဝတီမြို့၌ ဖွားမြင်တော်မူ၏။ ခမည်းတော် မယ်တော်မှာ အဂ္ဂိဒတ္တပုဏ္ဏားကြီးနှင့် ဝိသာခါပုဏ္ဏေးမတို့ဖြစ်၏။ ကာမပြာသာဒ်, ကာမဝဏ္ဏပြာသာဒ်, ကာမသုဒ္ဓိပြာသာဒ် သုံးဆောင်၌ ရောစိနီမည်သော ပုဏ္ဏေးမနှင့် အနှစ်လေးထောင် မင်းစည်း

စိမ်ကို ခံစားတော်မူ၏။ သားတော်ကား ဥတ္တရကုမာရဖြစ်၏။ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏။ ဒုက္ကရစရိယာ ရှစ်လကျင့်တော်မူ၍ ကုက္ကိုပင် ဗောဓိဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ အဂ္ဂသာဝကအစုံမှာ ဝိဓုရ မထေရ်နှင့် သဉ္ဇီဝမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ ဗုဒ္ဓိဇမထေရ်ဖြစ်၏။ ပကတိရောင်ခြည်တော်သည် ထက်ဝန်းကျင် ဆယ်ယူဇနာတိုင်တိုင် ပျံ့နှံ့ ကွန့်မြူး၏။ သက်တမ်းကား လေးသောင်းဖြစ်၏။

၅။ ကောဏာဂုံ မြတ်စွာဘုရား၊ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူ၏။ သောဘဝတီမြို့၌ ဖွားမြင်တော်မူ၏။ ခမည်းတော် မယ်တော်မှာ ယညဒတ္တပုဏ္ဏားနှင့် ဥတ္တရာ ပုဏ္ဏေးမတို့ ဖြစ်၏။ တုသိတပြာသာဒ်, သန္တိသိတပြာသာဒ်, သန္တုဋ္ဌ ပြာသာဒ် သုံးဆောင်၌ ရုစိဂတ္တာမည်သော ပုဏ္ဏေးမနှင့် အနှစ်သုံးထောင် မင်းစည်းစိမ်ကို ခံစားတော်မူ၏။ သားတော်ကား သတ္တဝါဟကုမာရဖြစ်၏။ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏။ ဒုက္ကရစရိယာ ၆ လကျင့်တော်မူ၍ ရေသဖန်းပင် ဗောဓိဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ အဂ္ဂသာဝကအစုံ မှာ ဘိယျောသမထေရ်နှင့် ဥတ္တရမထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သောတ္ထိဇ မထေရ်ဖြစ်၏။ ပကတိရောင်ခြည်တော်ကား အပိုင်းအခြားမရှိ။ သက်တမ်းကား သုံးသောင်းဖြစ်၏။

၆။ ကဿပမြတ်စွာဘုရား။ ဘဒ္ဒကမ္ဘာ၌ပွင့်တော်မူ၏။ ဗာရာဏသီမြို့၌ ဖွားမြင်တော်မူ၏။ ခမည်းတော်မယ်တော်မှာ ဗြဟ္မဒတ္တပုဏ္ဏားနှင့် ဓနဝတီ ပုဏ္ဏေးမတို့ဖြစ်၏။ ဟံသပြာသာဒ်, ယသပြာသာဒ်, သိရိနန္ဒ ပြာသာဒ် သုံးဆောင်၌ သုနန္ဒာမည်သော ပုဏ္ဏေးမနှင့် နှစ်ပေါင်းနှစ်ထောင် မင်းစည်းစိမ် ကို ခံစားတော်မူ၏။ သားတော်ကား ဝိဇိတသေနကုမာရဖြစ်၏။ စံနန်း ပြာသာဒ်တော်နှင့်ပင် ကောင်းကင်ခရီးဖြင့် တောထွက်တော်မူ၍ ဒုက္ကရစရိယာ ခုနစ်ရက်မျှ ကျင့်တော်မူပြီး ပညောင်ပင် ဗောဓိဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ အဂ္ဂသာဝက အစုံမှာ တိဿမထေရ်နှင့် ဘာရဒွါဇ မထေရ် တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ သဗ္ဗမိတ္တ မထေရ်ဖြစ်၏။ ပကတိရောင်ခြည် တော် အပိုင်းအခြားမရှိ။ သက်တမ်းကား နှစ်သောင်းဖြစ်၏။

၇။ ဂေါတမ မြတ်စွာဘုရား။ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူ၏။ ကပိလဝတ်နေပြည် တော်၌ ဖွားမြင်တော်မူ၏။ ခမည်းတော်မယ်တော်ကား သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးတို့ဖြစ်၏။ ရမ္မ, သုဘ, သုရမ္မဟူသော နန်းမ သုံးဆောင်၌ ယသော်ဓရာမိဖုရားနှင့် ဆယ့်သုံးနှစ် မင်းစည်းစိမ်ကို စံစားတော် မူ၏။ သားတော်ကား ရာဟုလာဖြစ်၏။ ကဏ္ဍကမြင်းကိုစီး၍ တောထွက် တော်မူ၏။ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်တော်မူ၍ ညောင်ဗုဒ္ဓဟေ ဗောဓိဝယ် သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ အဂ္ဂသာဝကအစုံမှာ ရှင်သာရိ

ပုတ္တရာ မထေရ်နှင့် ရှင်မဟာမောဂ္ဂလာန် မထေရ်တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ ညီတော်အာနန္ဒာ မထေရ်ဖြစ်၏။ ပကတိရောင်ခြည်တော်ကား ကိုယ်တော်၏အလံနှင့် ညီမျှစွာ လေးတောင်ခန့် ပျံ့နှံ့၍တည်၏။ သက်တမ်းကား ၁၀၀ ဖြစ်၏။

ထိုကဲ့သို့ မြတ်စွာဘုရားသခင်သည် မိမိ၏ ဘဝဖြစ်စဉ်နှင့်တကွ အခြားသော ဗုဒ္ဓကိုယ်တော်များ၏ ဗုဒ္ဓဝင်ကို ဟောကြားတော်မူဖူး၏။

အရှင်အာနန္ဒာသည် သတိအမှတ်သညာ၌ပါ ဧတဒဂ်ရရှိထားသူဖြစ်၍ ထိုအကြောင်းအရာများကို ကောင်းစွာမှတ်မိလျက်ရှိသည်။

ထိုအကြောင်းမှတစ်ပါး ပါတိမောက်ပြဆိုတော်မူခြင်းကို သိလိုသောဆန္ဒဖြစ်ပေါ်လေ၏။ အဘယ်ကဲ့သို့နည်းဟူမူ အခြားအခြားသော တထာဂတများသည် ယခုကဲ့သို့ပင် လခွဲတစ်ကြိမ်စီ ဥပုသ်ပြု၍ ဘုရားရှင်က ပါတိမောက် ပြတော်မူလေသလော၊ ထိုပါတိမောက် ဒေသနာတော်များသည်လည်း ယခု ဗုဒ္ဓသခင်၏ အဆိုအမိန့်ဩဝါဒများနှင့်မတူ ကွဲပြားခြားနားမှုများ ရှိပါသေးသလား။ ကြားနာလိုသည်။ အာနန္ဒာမထေရ်သည် မိမိကိုယ်တိုင် မဝေခွဲနိုင်သော သိလိုသမျှသော သံသယပြဿနာအမျိုးမျိုးတို့ကို ဖြေရှင်းဟောကြားပေးပါရန် မြတ်စွာဘုရားသခင်အား ချဉ်းကပ်လျှောက်ထားခွင့်အထူးကိုလည်း ရရှိထားသည့် မထေရ်မြတ်ဖြစ်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေးလျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်ကြားတော်မူ၏။

"ချစ်သား အာနန္ဒာ၊ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ် ဩဝါဒပါတိမောက် ဥပုသ်ကိုပြု၏။ အဘယ့်ကြောင့်ဆိုသော် တစ်ကြိမ်ပြသောဩဝါဒသည် ခုနစ်နှစ်ပတ်လုံး တည်၏။ ထို့ကြောင့် ခုနစ်နှစ်ကြာမှ တစ်ကြိမ်မျှလောက်သော ဆုံးမဩဝါဒ ဥပုသ်ကို ပြုလေသည်။

"ထို့အတူ သိခီမြတ်စွာဘုရားသည်လည်းကောင်း၊ ဝေဿဘူမြတ်စွာဘုရားသည်လည်းကောင်း ခြောက်နှစ်တစ်ကြိမ် ဥပုသ်ပြုလေ၏။

"ကကုသန်နှင့် ကောဏာဂုံဘုရားတို့သည် တစ်နှစ်တစ်ကြိမ်ကျ ဥပုသ်ကိုပြုလေ၏။

"ကဿပမြတ်စွာဘုရားသည် ခြောက်လတစ်ကြိမ် ဥပုသ်ကို ပြုတော်မူ၏။"

ဤကဲ့သို့ ထိုမြတ်စွာဘုရားသခင်တို့၏ ဥပုသ်ပြုရာ အချိန်တို့မှာ ကာလကွဲပြားခြားနားခြင်းသာဖြစ်၍ အဆုံးအမ ဩဝါဒပါတိမောက်ပြသော တရားစကားမှာကား ကွဲပြားခြင်းမရှိ၊ ထပ်တူ ထပ်မျှပင်တည်း" ဟု မိန့်တော်မူလေသတည်း။

စိတ်ဆိုသောစိတ်ကို စပ်စုချင်သော ဦးမင်္ဂလာသည် သဗ္ဗပါပဿ အကရဏံ-အစချီသော ဒေသနာတော်ကို စိတ်ဝင်စားနေမိသည်။

"မကောင်းမှုဟူသမျှကိုရှောင်၊

ကောင်းမှုဟူသမျှကို ဆောင်၊

စိတ်ကိုစင်ကြယ်အောင်ထား၊
အဲဒါ မြတ်စွာဘုရားတို့၏ အဆုံးအမစကား"

ယခုလိုပင် ဆောင်ပုဒ်ကလေးလုပ်၍ နှုတ်မှတတွတ်တွတ်ရွတ်ဆိုလေ့ရှိသည်။ ထိုမှ တစ်ဆက်တည်း အနက်အဓိပ္ပာယ်ကို ကိုယ့်ဉာဏ်နှင့်ကိုယ် ဖွင့်ဆိုကြည့်မိပြန်သည်။

မကောင်းမှုဟူသမျှကို ရှောင်သည့်အခါဖြစ်စေ, ကောင်းမှုဟူသမျှကို ဆောင်သည့်အခါဖြစ်စေ မိမိစိတ်ကို စင်ကြယ်အောင် ထားရမည်။

"နောက်တစ်နည်းကား မကောင်းမှုဟူသမျှကို ရှောင်ကာမျှဖြင့်လည်းကောင်း၊ ကောင်းမှုဟူသမျှကို ဆောင်ကာမျှဖြင့်လည်းကောင်း မပြီးသေး၊ စိတ်ကိုစင်ကြယ်အောင် (အမြဲ) ထားရှိရမည်ဟူ၍များ ယူဆနိုင်ပါသေးသလား" ဟု တွေးမိသည်။

စိတ်ဆိုသောစိတ်သည် လက်ဖျစ်တစ်တွက် အချိန်လေးအတွင်း မကောင်းစိတ် ကုဋေကုဋာလည်းဖြစ်နိုင်၏။ ကောင်းစိတ် ကုဋေကုဋာလည်း ဖြစ်နိုင်၏ဆိုသော စကားကိုလည်း ကြားနာဖူးထားသည်။

အတိုဆုံးနှင့် အရှင်းဆုံး မြန်မာစကားတစ်ခွန်းကတော့ "စိတ်ကောင်းလေးတစ်ခု ထားပါ" တဲ့၊ အဲဒီစကားက အလွယ်ဆုံး အဓိပ္ပာယ်ပေါက်နိုင်သည်။ သို့ကလို စိတ်ကောင်း လေးတစ်ခု ထားပါဟု ဆိုပြန်တော့ "စိတ်ကောင်းရှိဖို့က ပထမ" ဆိုသော အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏ အဆိုအမိန့်ကို သတိရလိုက်ပြန်ပါသည်။

သံဃာတော် ငါးရာကျော်ရှိသော စာသင်တိုက်ကြီးတွင် ကျောင်းဆောင်အသီးသီး၌ ကြေညာချက် ၁၀ ချက်တို့ကို ထင်ထင်ရှားရှား ရေးသားထားရှိပေသည်။

**မဟာဂန္ဓာရုံ၏ လမ်းစဉ် ၁၀ ချက်**
**ဤကျောင်းတိုက်၌**

၁။ စိတ်ကောင်းရှိဖို့က - ပထမ
၂။ ဝိနည်းရှိဖို့က - ဒုတိယ
၃။ ကျန်းမာဖို့က - တတိယ
၄။ သန့်ရှင်းဖို့က - စတုတ္ထ
၅။ အဝတ်အစားတတ်ဖို့က - ပဉ္စမ
၆။ အနေအထိုင်တတ်ဖို့က - ဆဋ္ဌမ
၇။ အသွားအလာတတ်ဖို့က သတ္တမ
၈။ အပြောအဆိုတတ်ဖို့က - အဋ္ဌမ
၉။ စည်းကမ်းလိုက်နာဖို့က - နဝမ
၁၀။ စာတတ်ဖို့က - ဒသမ

ထိုလမ်းစဉ် ၁၀ ချက်ကို လေ့လာလျှင် ပရိယတ္တိ စာသင်တိုက်ကြီးတစ်တိုက် ဖြစ်ပါလျက် စာတတ်ဖို့က ဒသမနေရာတွင်ထားပြီးတော့ စိတ်ကောင်းရှိဖို့က ပထမနေရာကို

ပေးထားသည်မှာ စိတ်ကောင်းရှိဖို့ကို အလွန်အရေးထားတော်မူကြောင်း ထင်ရှားနေသည်။

ဆရာတော်က ယခုလိုပြော၏။

"တို့ သာသနာတော်မှာ စိတ်ကောင်းနှလုံးကောင်းရှိဖို့ သိပ်အရေးကြီးတယ်၊ ဘုန်းကြီးဝါဒကတော့ နံပါတ် ၁ ထားတာပဲ၊ စာတော်ရုံနဲ့ မပြီးသေးဘူး။ စိတ်ကောင်းရှိရမယ်။

သူများတွေကတော့ စာတတ်ဖို့ကို ပထမထားကြတယ်၊ တို့ ဒီမှာတော့နောက်ဆုံး 'ဒသမ' ထားတယ်၊ ဘာလို့လဲဆိုတော့ စိတ်ကောင်းမရှိဘဲ ဝိနည်းကိုလည်း မလေးစားဘဲနဲ့ အဝတ်အရုံအနေအထိုင် အပြောအဆိုမတတ်ဘဲနဲ့ စာတတ်ရုံသက်သက်နဲ့ဖြင့် သူ့မှာ ကုသိုလ်မရပါဘူး၊ သူဟာ သာသနာတော်ကိုလည်း မထမ်းရွက်နိုင်ပါဘူး။

တစ်ခါ ဝိနည်းလေးစားမှုစသော ဂုဏ်တွေနဲ့ အားလုံးပြည့်စုံနေပေမယ့် ကျန်းမာရေးမပြည့်စုံရင်လည်း သူ့ကျိုးကိုယ့်ကျိုး မသယ်ပိုးနိုင်ပါဘူး၊ ဒါ့ကြောင့် စိတ်ကောင်းလည်း ရှိရမယ်၊ ဝိနည်းလည်း လေးစားရမယ်၊ ကျန်းမာရေးစသည်လည်း ပြည့်စုံရမယ်လို့ ဆိုခဲ့တာ၊ စာတတ်ဖို့ဆိုတာကတော့ အဲဒီနောက်မှ။

စာမတတ်လို့ (ထွန်းထွန်းပေါက်ပေါက် စာမတတ်လို့) အပါယ်မကျပါဘူး၊ စိတ်ကောင်းမရှိရင် ဝိနည်းကို မလေးစားရင်တော့ အပါယ်ကျမှာ သေချာပါတယ်။

စိတ်ကြီးဝင်ကြစမ်းပါ။ 'စိတ်ကြီး' ဝင်ဆိုတာ မြင့်မြတ်ဖြူစင်တဲ့စိတ်ကို ပြောတာ၊ သူများကို အဖက်မတန်သလို သဘောထားမျိုး မမှုသလို ဆက်ဆံတာမျိုးကို ဆိုလိုတာ မဟုတ်ဘူး၊ အဲသလို စိတ်ကြီးဝင်နေရင် သေးနုပ်သိမ်ငယ်တဲ့, သဘောထားသေးတဲ့, ယုတ်မာတဲ့စိတ်ကလေးတွေ ဝင်မလာနိုင်တော့ဘူး"

ဆရာတော်၏စကားများသည် သစိတ္တပရိယောဒပနံဆိုသော စကား၏ အနက်အဓိပ္ပာယ်ကို ပြည့်စွက်ဖွင့်ဆိုသော အဋ္ဌကထာဖြစ်လေသည်။

ဦးမင်္ဂလာသည် စိတ်နှင့်ပတ်သက်၍ မဇ္ဈိမပဏ္ဏာသ၌ မြတ်စွာဘုရားဟောကြားထားသည်ကို ဤသို့ တွေ့ရဖူးသည်။

"ရဟန်းတို့၊ စိတ်၏ ခြောင့်တံသင်းငါးပါးကို မပယ်ရသေးသော စိတ်၏အနှောင်အဖွဲ့ ငါးပါးကို ကောင်းစွာ မဖြတ်ရသေးသော ရဟန်းသည် ဤသာသနာ၌ တိုးတက်စည်ပင် ပြန့်ပွားခြင်းသို့ ရောက်နိုင်ဖွယ်အကြောင်းမရှိ။"

"ရဟန်းတို့၊ စိတ်၏ခြောင့်တံသင်းငါးပါးဟူသည် အဘယ်တို့နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ဘုရား, တရား, သံဃာ အကျင့်သိက္ခာတို့၌ ယုံမှား၏။ သို့လော–သို့လော တွေးတော၏။ သက်ဝင်ကြည်လင်ခြင်းမရှိ၊ သီတင်းသုံးဖော်တို့အား မကျေနပ် မနှစ်သက်သော စိတ်ရိုင်းကို၊ ရဟန်း၏စိတ်သည် အားထုတ်ကျင့်ကြံရန် လိုက်နာရန် မတိမ်းညွှတ်။ ဤသို့ ဘုရား၌ ယုံမှား, တရား၌ ယုံမှားခြင်းစသည်တို့သည် စိတ်၏ ခြောင့်တံသင်းငါးပါးဖြစ်၏။

"ရဟန်းတို့၊ စိတ်၏အနှောင်အဖွဲ့ ငါးပါးဟူသည် အဘယ်တို့နည်းဆိုသော်

ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ်၌ မကင်းသောတပ်စွန်းခြင်းရှိ၏။ ကိုယ်၌ မကင်းသော တပ်စွန်းခြင်းရှိ၏။ ရုပ်အဆင်း၌ မကင်းသော တပ်စွန်းခြင်းရှိ၏။ အလို ရှိသလောက် ဝမ်းပြည့်ရုံစားပြီး, အိပ်စက်ရခြင်း ချမ်းသာ, လဲလျောင်းနေရခြင်း ချမ်းသာ, ငိုက်မျဉ်းနေခြင်း, ချမ်းသာတို့ကို အစဉ်အားစိုက်၍နေ၏။ ငါသည် ဤအကျင့် သီလဖြင့် နတ်တစ်ပါးပါးဖြစ်ရလိမ့်မည်ဟု တစ်ခုခုသော နတ်လောက၌ တောင့်တလျက် အကျင့်မြတ်ကို ကျင့်၏။ ရဟန်းတို့၊ ဤကာမဂုဏ်၌ မကင်းသောတပ်စွန်းမှုရှိခြင်း စသည်တို့သည် စိတ်၏အနှောင်အဖွဲ့ ငါးပါးဖြစ်၏။

"ရဟန်းတို့၊ စိတ်၏ငြောင့်တံသင်းငါးပါးကိုပယ်ပြီးသော စိတ်၏ အနှောင်အဖွဲ့ ငါးပါးကိုဖြတ်ပြီးသော ရဟန်းသည် ဤသာသနာ၌ တိုးတက်စည်ပင် ပြန့်ပွားခြင်းသို့ ရောက်နိုင်ဖွယ်အကြောင်းရှိပေ၏။"

ထိုမှတစ်ပါး ဦးမင်းလာသည် နေနှင့်လတို့၏ အညစ်အကြေး ငါးပါးရှိသကဲ့သို့ ပုထုဇဉ်တို့၏ စိတ်သန္တာန်တွင်လည်း အညစ်အကြေး ငါးပါးရှိကြောင်း ကြားနာဖတ်ရှု ရဖူးပါသည်။

ပကတိ ပင်ကိုအားဖြင့် ကြည်လင်ရွှန်းပသော နေနှင့်လတို့အား (၁) ဆီးနှင်း များ ဖုံးအုပ်သောအခါ (၂) နွေဦးကာလ မြူထသောအခါ (၃) တိမ်ဖုံးအုပ်သောအခါ (၄) အသူရိန်နတ် ဖမ်းစားသောအခါ (၅) မီးခိုးများ ဖုံးအုပ်သောအခါ ဤငါးပါး အနက် တစ်ပါးပါးက အနှောင့်အယှက်ပြုလျှင် ညှိုးမှိန်မည်းမှောင်စေတတ်သကဲ့သို့ ထို့ အတူ ပကတိပင်ကိုအားဖြင့် ရွှန်းပကြည်လင်နေသောစိတ်ကိုလည်း (၁) လောဘ (၂) ဒေါသ (၃) မောဟ (၄) မိဒ္ဓ (၅) ဝိစိကိစ္ဆာ ဤငါးပါးတို့မှ တစ်ပါးပါးတို့က အနှောင့်အယှက်ပြုလျှင် မကြည်မလင် မရွှင်မပျ နောက်ကျိသွားလေ၏ဟူသတည်း။ သဂါထာဝဂ္ဂဒေဝတာ သံယုတ်တွင်လည်း ဤသို့တွေ့ရသည်။

စိတ္တေန နိယျတိလောကော = စိတ်သည် လောကကို ရှေ့ဆောင်၏။

စိတ္တေန ပရိကဿတိ=စိတ်သည် လောကကို ဆွဲငင်၏။

စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူတိ = အလုံးစုံသောတရားတို့သည် သာလျှင် စိတ်ဟုဆိုအပ်သော တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက်ရကုန်၏။ ။

* * *

(၁၃)

# စိတ်ဆင်ရိုင်း

လှသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်သော အစိန္တေယျမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ယာပထလေးလီမျှညီ သိတင်းသုံးနေတော်မူလျက် ရှိသည်။

ထိုသာဝတ္ထိမြို့ကြီးနှင့် မနီးမဝေးတွင် အမည်အားဖြင့် မထင်ရှားသော ရွာကြီး တစ်ရွာရှိလေသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာ့ဂုဏ်ရောင်သည် နေအထောင်၊ လအထောင် ထွန်းပနေ သည့် အချိန်ဖြစ်ရာ ရွာသူရွာသားတို့မှာ ရတနာသုံးပါးအား အလွန်မြတ်နိုးကြည်ညိုရ၍ ရွာဦးတွင် သံဃာတော်များအား ကျောင်းဆောက်ကိုးကွယ်ထားကြလေသည်။ ပစ္စည်း လေးပါးတို့ဖြင့်လည်း မပင်မပန်း ချမ်းသာအောင် ထောက်ပံ့လှူဒါန်းလျက် ရှိကြသည်။

ထိုကျောင်းတွင် ထင်ရှားကျော်ကြားသော သာမဏေတစ်ပါးရှိ၏။ ဘွဲ့အမည် ကား သာနုသာမဏေဖြစ်၏။ ထိုသာမဏေသည် ခုနစ်နှစ်သားအရွယ်မှစ၍ ရှင်ပြုခဲ့ရာ ယခုအခါ ပျိုမျစ်နုနယ် ပဋ္ဌင်းလောင်းအရွယ်သို့ ရောက်ခဲ့ပြီ။ သာမဏေသည် အရွယ်၏ ကောင်းခြင်း၊ အဆင်း၏ တင့်တယ်ခြင်း၊ ကျင့်ဝတ်သီလနှင့် ပြည့်စုံခြင်း၊ ဥပဇ္ဈာယ် ဆရာအပေါ်ဝယ် နံနက်စောစောထ၍ ဆရာ့အား မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ သင်္ကန်း မျက်နှာသုတ်ပဝါတို့ကို နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း၊ စသည်တို့ဖြင့် တပည့်ဝတ္တရားများနှင့် ပြည့်စုံ၏။

အာဂန္တုက ရဟန်းတို့ကိုလည်း ရှိခိုး၍ ခရီးဦးကြိုဆိုခြင်း၊သပိတ်သင်္ကန်းကို လှမ်းယူ ခြင်း၊ ခြေဆေးရေ, ခြေဆေးအင်းပျဉ်စသည်တို့ကို အနီး၌ထားပေးခြင်း၊ ဤသို့သော အာဂန္တုက ဝတ်ကိုလည်း မလစ်ဟင်း မပျက်ကွက် ပြည့်စုံခဲ့သူဖြစ်သည်။ ထိုအရည်အချင်း တို့ထက် ပေါ်လွင်သော အကြောင်းအရာတစ်ခုမှာ သာနုသာမဏေသည် ကြည်ညိုဖွယ်ရာ အသံ ဩဇာဖြင့် မြတ်ဗုဒ္ဓဒေသနာတော်ကို ဟောပြောနိုင်မှု ဖြစ်လေသည်။ သာမဏေ၏ အစွမ်းကို သိကြသော ကျောင်းနေရဟန်းများနှင့် ဥပဇ္ဈာယ်ဆရာက သိတင်းနေ့များတွင် ရွာသူရွာသားများအား တရားဟောပေးရန် တာဝန်လွှဲအပ်ခြင်းခံရသူဖြစ်လေသည်။

သာနုသာမဏေသည် ဥပုသ်နေ့များ၌ နံနက်စောစောထ၍ တရားတင်းကုပ်ကို တံမြက်လှည်း၊ နေရာခင်း၊ ဆီမီးထွန်းပြီး လူနှင့်တကွ နတ်အပေါင်းတို့ကို တရားနာ လာကြရန် ဖိတ်ခေါ်ကြွေးကြော်လေ့ရှိ၏။

"ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ တစ်သောင်းသော စကြဝဠာတိုက်တို့၌ နေကြကုန်သော နတ်အပေါင်းတို့သည် မုနိငါးပါးကို အစိုးရသော ဗုဒ္ဓမြတ်စွာ၏ နတ်ရွာနိဗ္ဗာန်ကို အကျိုးပေးနိုင်သော တရားတော်မြတ်ကို နာယူကြပါရန် ဤတရားဌာနသို့ ကြွခဲ့ကြပါကုန်လော့" ထိုသို့ ကြွေးကြော် ဖိတ်ခေါ်ခြင်းကြောင့် ရတနာသုံးပါး၌ ကြည်ညိုသော နတ်အပေါင်းတို့သည် တစ်ခဲနက်ရောက်လာကြကုန်၏။

သာနုသာမဏေသည် တရားစင်သို့ တက်၍ဟောကြား၏။ သာမဏေ၏ အကျင့်နှင့် ပြည့်စုံသော သီလဂုဏ်၊ တင့်တယ်သော ပသာဒဂုဏ်၊ သာယာချောင်သော မဓုရသသဒ္ဒဂုဏ်၊ လေးနက်သောတရားတော်၏ သြဇာဂုဏ်တို့ကြောင့် နတ်နှင့်တကွသော လူအပေါင်းတို့သည် အဟောဝတကြည်ညိုကြ၍ ချီးပအံ့သြကြရလေ၏။

တစ်ခါသော် - သာနုသာမဏေသည် 'ယခု ငါပြုရသော ဓမ္မဒေသနာကောင်းမှု မင်္ဂလာကို မိဘအရင်းကိုသာမက ရှေ့ဘဝဘဝက တော်စပ်ခဲ့ဖူးသော အမိအဖတို့ကို အမျှပေးဝေ၍ ကောင်းချီးနုမော် သာဓုခေါ်စေရသော် ကောင်းလေစွ' ဟု ကြံစည်ပြီးလျှင် "ကျွန်ုပ်၏ ဓမ္မဒေသနာတော်အဖို့ဘာဂကို ရှေးဘဝက တော်စပ်ခဲ့ဖူးသော ကျေးဇူးရှင် အမိအဖတို့အား အမျှပေးဝေပါကုန်၏" ဟု ပတ္တိဒါနပြုလိုက်လေ၏။

ထိုအခါ တရားနာရောက်နေကြသော ဒေဝတာတို့အလယ်တွင် ရှေးဘဝတစ်ခုက မိခင်ရင်း တော်စပ်ခဲ့ဖူးသော ဘီလူးမ တစ်ဦးသည် မိမိအားရည်ညွှန်း၍ သားသာမဏေကျော်က အမျှပေးဖော် ရပေသည်ဟု လက်ရုံးဆန့်တန်း ဝမ်းပန်းတသာ သာဓုခေါ်လိုက်လေသည်။ ထို့ကြောင့် တန်ခိုးကြီးမြတ်သောနတ်တို့သည် ထိုဘီလူးမကား ယခု တရားဟောနေသော သာမဏေ၏မိခင်ဖြစ်ခဲ့ဖူးသည်ဟု သိရှိသွားကြသည်။ အံ့သြသွားကြသည်။ အထင်ကြီးသွားကြသည်။

"အသင်ဘီလူးမ အရတော်ပေစွ၊ သားကောင်းမိခင်ဖြစ်ခဲ့ဖူးပေစွ" ဟု ဝိုင်းဝန်းထောမနာပြုကြလေသည်။

ထိုအချိန်မှစ၍ ဘီလူးမသည် မိမိထက် တန်ခိုးဣဒ္ဓိပါဒ် ကြီးမားကြကုန်သော နတ်အပေါင်းတို့၏ လေးစားခြင်းကို ခံယူလိုက်ရ၏။ တရားနာလာသည့်အခါတိုင်း ဘီလူးမကို ရှေ့ဆုံးမှနေရာပေးကြ၏။ တန်ခိုးကြီးသော ဘီလူးတို့သည် လမ်းတွင် ဆုံတွေ့သောအခါ အရိုအသေပေး၍ ဘေးသို့ဖယ်ကြကုန်၏။ အလေးတမူ နှုတ်ဆက်ကြ၏။ မယ်တော်ဟောင်း ဘီလူးမသည် သားအတွက် ဂုဏ်တက်ကာ မျက်နှာပန်းပွင့်လျက်ရှိနေသည်။

လောက၌ 'သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့' ဆိုရိုးစကားရှိသည်။ အပြစ်အနာအဆာကင်းသော အဖိုးတန်ကျောက်ရတနာတစ်ပွင့်ကို ပိုင်ဆိုင်ထားသူသည် တွေ့သမျှ လူအပေါင်းအား ဂုဏ်ယူဝင့်ကြွားစွာထုတ်၍ ပြတတ်သကဲ့သို့ ထက်မြက်ထူးခြားသော သားတစ်ယောက်၏ မိခင်ဖခင်ဖြစ်လာလျှင်လည်း သား၏ဂုဏ်ဟိတ်တို့ကို မမောနိုင်မပန်းနိုင် ဖွင့်ဆိုပြောပြနေတတ်ကြသည်။ ဥစ္စာခနေ ချမ်းသာခြင်း၊

ရာထူးဂုဏ်သိန်မြင့်မားခြင်း၊ လူအပေါင်းက နှစ်ထောင်းအားရ ပြောပလောက်အောင် ပညာတံခွန် သာလွန်ထူးမြတ်ခြင်း၊ လူအများ၏ အပူဇော်အရိုအသေကို ခံရခြင်း စသော အကြောင်းတစ်ခုခုနှင့် ပြည့်စုံထင်ရှားကျော်ကြားနေသော သားတစ်ယောက်အတွက် မိခင်ဖခင်တို့မှာ နှစ်သိမ့်အားရစွာ မုဒိတာဖြစ်ကြသည်မှာ ဓမ္မတာပင်။

သာနုသာမဏေ၏ မယ်တော်ဟောင်းဖြစ်သော ဘိလူးမသည် အညတြအမျိုးသမီးပင် ဖြစ်ခဲ့၏။ သာမဏေကျော်၏ မယ်တော်ဟောင်းဟူ၍ သိရသောအခါ တန်နိုးကြီးစွာ သော ဘီလူးအပေါင်းနှင့် နတ်အပေါင်းတို့က သောင်းသောင်းဖြဖြ ဂါရဝပြုခြင်းကို ခံယူ နေရသည်။

စိတ်ဆိုသောစိတ်၏ ဆန်းကြယ်မှုကား 'မယုံလျှင် ပုံပြင်သာမှတ်လေလော့' ဟု ဆိုရလောက်အောင် အဖောက်အပြန် အပြောင်းအလဲ မြန်လှဘိသည်။

သာသနာတော်၌ ထိုမျှထင်ရှားကျော်စော၍ လူနတ်အပေါင်းတို့၏ ချစ်ခင်ကြည်ညိုခြင်းကို ခံနေရသော သာနုသာမဏေသည် သာသနာ့ဘောင်၌ မပျော်မွေ့နိုင်သော 'အရတိ'စိတ်များ တဖွားဖွား ပေါ်လာလေသည်။

သာသနာတော်၌ မပျော်မွေ့ခြင်းသည် လောကီအာရုံ ကာမဂုဏ်တို့ကို ခံမင်ခံစားလိုသည့် ကာမစ္ဆန္ဒစိတ်များက ပထမအခြေခံဖြစ်တတ်လေသည်။ သာသနာ့ဘောင်မှာ ပြည့်စုံချမ်းသာစွာနေရပါလျက် ပျင်းရိငြီးငွေ့၍ လူထွက်ချင်လာသော သာနုသာမဏေ၏ စိတ်သည် 'လုလင်တံစို' လူပျိုပေါက်တို့၏ကြင်ယာသက်ထား မယားလိုချင်တဲ့စိတ်သာ ဖြစ်ပါလိမ့်မည်။ ရည်းစား (သနာ) တွေ့ရှိထားတာမဟုတ်စေကာမူ ကြုံရာကြုံတောင်း တွေ့ရာနှင့်ပေါင်းမည်ဟု သောင်းကျန်းသော ရာဂစိတ်ဓာတ်ဖြစ်လေသည်။ ထိုစိတ်များကြောင့် ဒုတိယဖြစ်သော 'အရတိ' တရားများပေါ်လာရသည်။

သက်န်းဝတ်နီး၊ ဖြစ်တပြီးလည်း၊ ငြီးငြီးငွေ့ငွေ့၊ သူတော်လေ့နှိက်၊ မမွေ့လျော်နိုင်၊ မှိုင်တချိုချို၊ ပျင်းရိရိဖြင့်၊ အရတိမည်ရ၊ ဒုတိယစစ်သည်၊ တက်လာတည်၏။

သာနုသာမဏေသည် ဥပုသ်နေ့တွင် တရားတင်းကုပ်ကို မသုတ်သင်နိုင်တော့။ တရားနာဖိတ်ခေါ်ခြင်းလည်း မကြွေးကြော်နိုင်တော့။ တရားလည်း မဟောချင်တော့။ သက်န်းကို ခေါင်းမြီးခြုံကာ တအုံအုံ တအင်အင် တဟင်ဟင် တဟီးဟီး တညည်းညည်း ·တညူညူ တလူးလူး တလိမ့်လိမ့် အိပ်နေလေ၏။ မိမိကိုယ်ကို ရေမိုးသန့်စင်ခြင်း၊ ခေါင်းတုံးဆံရိတ်ခြင်း၊ လက်သည်းခြေသည်းတို့ကို လှီးဖြတ်ခြင်း စသည်တို့ကိုလည်း မပြုနိုင်။ ဥပဇ္ဈာယ်ဆရာအား ဝတ်ကြီးဝတ်ငယ်ပြုခြင်းမှလည်း လစ်ဟင်းပျက်ကွက်လာလေ၏။

"သည်လိုအတိုင်းတော့ငါနေလို့မဖြစ်ဘူး၊ 'ကာမဘောဂါ၊ လူ့ချမ်းသာလည်း ကင်းကွာဝေးစွ၊ သမဏာ၏၊ သုခလည်းရှုံး၊ ခေါင်းတုံးသာလျှင်၊ အဖတ်တင်လျက်၊ ရှင်ပင်ပြုထ၊ ကျိုးမလှတည့်"

ဆိုသလို အဖတ်မတင် မျောက်သစ်ကိုင်းလွတ် 'ဖွတ်မရ ဓားမဆုံး' နှစ်ဖက်စလုံး 'ပန်းရှုံး' နေရမယ့်အတူတူ ပြတ်ပြတ်သားသား လူထွက်ရသည်ကမှ ကောင်းလိမ့်မည်" ဟု ဆုံးဖြတ်ကာ သီတင်းသုံးဖော်တို့အား မပန်မကြား အသိမပေးဘဲ မိခင်ရှိရာရွာသို့ ထွက်လာခဲ့လေသည်။ မိခင်ကြီးသည် မခေါ်ပင့်ချေ ရောက်လာလေသော သားသာမဏေအား မြင်၍ အထိတ်တလန့် ဖြစ်သွားလေ၏။

"ဘယ်လိုလဲ ကိုရင်၊ ဆံပင်ကလည်း ရှည်လှသည်။ လက်သည်းခြေသည်းများကိုလည်း မလှီးမဖြတ်ဘူး၊ သင်္ကန်းကလည်း ညှိုးညှိုးနွမ်းနွမ်း၊ လူကလည်း ညှင်းစိုးစိုးနှင့် မကျန်းမမာလို့လား၊ သီတင်းသုံးဖော် တစ်ပါးပါးနှင့် စိတ်အခန့်မသင့် ဖြစ်လာတာများလား"

"နေကောင်းပါတယ်၊ သူများနှင့် စိတ်အခန့်မသင့် ဖြစ်လာတာလည်း မဟုတ်ပါဘူး၊ ကိုယ့်စိတ်နှင့်ကိုယ် အခန့်မသင့်ဖြစ်လို့ ထွက်လာခဲ့တာပဲ ဒကာမကြီး"

"ဘယ်ပုံ အခန့်မသင့်ဖြစ်လာတာတုံး၊ ရှင်းရှင်းပြောစမ်းပါ ကိုရင်ရယ်"

"ရှင်းရှင်းပြောရရင် ကိုရင် သာသနာ့ဘောင်မှာ မပျော်တော့ဘူး၊ လူထွက်တော့မယ်"

"ဟောတော့"

မိခင်ကြီးက ရင်ဘတ်စည်တီးဖြစ်သွားလေ၏။ ဘာကိုဆက်ပြောရမှန်းမသိ။ သားသာမဏေကလည်း တုံဏှိဘာဝေ ဆိတ်ဆိတ်နေ၏။ သားအမိနှစ်ယောက်စလုံး ငြိမ်သက်နေကြသည်။ ထို့နောက်မှ မိခင်က ဤသို့ဆို၏။

"လူထွက်ရအောင် ကိုရင်လာခဲ့တဲ့လမ်းမှာ လယ်တွေ ယာတွေကို ဖြတ်ကျော်လာခဲ့ရမှာပေါ့၊ အဲဒီမှာ ပုဆိုးဟောင်း ပုဆိုးညစ်တွေကို မြှောင်သောက်အောင် ခါးတောင်းကျိုက်ပြီး နေပူလေပူအောက်မှာ ချွေးသံတွေ တရွှဲရွှဲနှင့် ပြာမွဲမဲခြောက်တဲ့ အသားအရေရှိကြတဲ့ လောကီနယ်သား လယ်သမား ယာသမားတွေကို ကိုရင် မမြင်ခဲ့ဘူးလား"

"မြင်ခဲ့သားပဲ ဒကာမကြီး"

"အဲ – သူတို့တစ်တွေဟာ ထမင်းကလေး တစ်ဝမ်း နပ်မှန်အောင်စားရဖို့ ဘယ်လောက် ဆင်းရဲပင်ပန်းနေကြရသလဲ"

"လူ့လောကထဲ ရောက်တော့လည်း လူလိုလုပ်ရမှာပေါ့"

"အံ့ အံ့ပါသေးရဲ့ကိုရင်ရယ်၊ သပိတ်ထဲ အလိုလိုရောက်လာတဲ့ ဆွမ်းဦးကွမ်းဦးကို မပင်မပန်း စားနေရတဲ့ဘဝက နဖူးကချွေး ခြေမကျမှ စားရတဲ့ ထမင်းမျိုးကို အကောင်းထင်နေရင်တော့ ကိုရင် ဉာဏ်နည်းရာကျမှာပေါ့"

"ဒါကတော့ လောကီထဲရောက်ရင် လောကထဲကလူတွေလို လုပ်ရမှာပေါ့"

"ပြောတော့ လွယ်လိုက်တာကိုရင်ရယ်၊ တံစဉ်ကိုကိုင်၍ တကုန်းကုန်းနဲ့ စပါး၊ ပြောင်း၊ လူး၊ ဆပ် ရိတ်ဖြတ်ရတဲ့ ဆင်းရဲ၊ ထွန်တုံးထယ်တုံးကို ကိုင်ပြီး တကုန်းကုန်းနဲ့ ထွန်ရယက်ရတဲ့ ဆင်းရဲ၊ ပေါက်တူးပေါက်ပြားကိုင်၍ တကုန်းကုန်းနဲ့ မြေပေါက်ရတဲ့ ဆင်းရဲ၊ အဲဒီဆင်းရဲမျိုးဟာ သက်သာတယ်များထင်နေသလား"

"ကိုရင်ဟာ လူလားမြောက်လို့ ယောကျ်ားကြီးမားမားဖြစ်နေပါပြီ၊ အပင်ပန်းခံနိုင်ပါတယ်"

"အပင်ပန်းခံနိုင်တာက တခြား၊ ကျွမ်းကျင်တာက တခြားပါသားရယ်၊

ဃရာဝါသ၊ သမ္ဗာဓဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြ နယ်မြေးသား၊ လူရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာအတတ်၊ ခြားရဟတ်သို့၊ လည်ပတ်ပြီးမှ၊ ကြံတွက်ဆ၍ - လို့ ဆိုတယ်မဟုတ်လား"

"ဒါကတော့ ကြက်တူရွေးတောင် စကားသင်ရင် တတ်ပါတယ် ဒကာမကြီးရယ်"

"တတ်အောင် ကြက်တူရွေးကို ငယ်ငယ်က သင်မှဖြစ်တယ်၊ ကိုရင်ဟာ ခုနစ်နှစ်သား အရွယ်ကတည်းက သာသနာ့ဘောင်ကို ရောက်ခဲ့တယ်၊ အခု အသက်နှစ်ဆယ်နီးတဲ့အထိ ပရိယတ္တိကလွဲရင် ဘာမျှားသင်ခဲ့ရလို့လဲ၊ အခု အသက်အရွယ်မှ လူထွက်ပြီး လူ့အသက်မွေးဝမ်းကျောင်း သင်နေရရင် ဘယ်တတ်လွယ်ပါ့မလဲ။

"နမြောလွန်းလို့ ယူကျုံးမရလွန်းလို့ပြောရတာပါ၊ ကိုရင်စဉ်းစားကြည့်စမ်း၊ ရဟန်းသာမဏေဆိုရင် လူတွေက နေစရာ ကျောင်းဆောက်ပေးတယ်၊ စားစရာဆိုလည်း မွှန်မွှန်မြတ်မြတ် ဦးဦးဖျားဖျား ပေးလှူတယ်၊ ဝတ်စရာဆိုပြန်တော့လည်း နူးနူးညံ့ညံ့ အဝတ်သင်္ကန်းတို့ကို ပေးလှူတယ်၊ နေမကောင်းထိုင်မသာ မကျန်းမာတဲ့အခါလည်း သမားဟူးရား ဆေးဝါး ဓာတ်စာ အပြည့်အစုံနှင့် ဖူလုံအောင်ထားတယ်၊ လမ်းမှာမြင်လျှင် ရှိခိုးဦးတင်နဲ့ ဂါရဝပြုကြတယ်၊ အဲဒီဘဝက လူဖြစ်လာရင် ပခုံးချင်း ဝင်တိုက်ကြလိမ့်မယ်၊ စားဝတ် နေရေးဆိုတာလည်း ကိုယ့်ဝမ်းစား ကိုယ်ရှာစားရလိမ့်မယ်၊ ဘယ်ဆွေမျိုးသားချင်းကမှ အမြဲတစေ မသဒ္ဓါကြဘူး၊ ကျောင်းမှာသင်ခဲ့ရတဲ့ စာပေဂန္ထ ရတွေဟာလည်း လူ့လောကမှာ အသုံးမဝင်ဘူး၊ တရားဟောကောင်းတယ်ဆိုတာတွေဟာလည်း ထမင်းတစ်နပ်နဲ့ လဲမစားနိုင်ဘူး၊ ကမ္ဘာပျက်ခါနီးမှ ယောင်တိယောင်န လူလာဖြစ်ရသလို ရှိလိမ့်မယ်ကိုရင်။

ကိုရင်က ယောကျ်ားကြီးမားမားမို့ အားအင်ဗလနဲ့ ပြည့်စုံတယ်လို့ဆိုတယ်၊ အမေဖြစ်သူကဖြင့် လောကီကိစ္စမှာ သားရဲ့ အားအင်ဗလတွေကို တစ်စိတ်တစ်ပေါက်ကမှ အထောက်အပံ့ အကူအညီမယူချင်ခဲ့လို့ စာခြောက်၊ နွားကျောင်းနိုင်လောက်တဲ့ ခုနစ်နှစ်သားအရွယ်ကစပြီး သာသနာ့ဝန်ကို ထမ်းစေခဲ့ပါတယ်၊ အမေက သာသနာ့ဒါယိကာမကြီး၊ သားက သာသနာ့အမွေခံ၊ နှစ်တန်နှစ်ဖက်သောအကျိုးကို မြတ်နိုးလွန်းလို့ ကျွဲနွားနဲ့ဖက်ပြီး သားကို မခိုင်းရက်ပါဘူး ကိုရင်ရယ်။

မိခင်ကြီး၏ပါးပေါ်တွင် မျက်ရည်ကလေးများ တလိမ့်လိမ့် ကျဆင်းလာသည်။ တစ်ချက်နှစ်ချက်လောက် တိတ်တခိုးရှိုက်မိသည်။ ဒီလိုမြင်ရတော့လည်း သားသာမဏေမှာ ရင်ထုမနာတော့ အဖြစ်မိသား။ သို့ပေမင့် သာသနာတော်မှာ မပျော်တာက ခက်သည်။

"အံ့ဖွယ်ရှစ်ဖြာ သာသနာမှာ သဒ္ဓါပဗ္ဗဇိတမဖြစ်ဘဲ မမွေ့လျော်ဘဲ နေခြင်းဟာ အကျိုးနည်းပါတယ် ဒကာမကြီးရယ်"

မယ်တော် ဒါယိကာမကြီးသည် နားချ၍ ရနိုင်ပုံမပေါ်သော သားသာမဏေကို လက်လျှော့လိုက်ရတော့မည်ဖြစ်၏။ သို့သော် ကွမ်းတစ်ယာညက် ဆွမ်းတစ်အုပ်ချက် အချိန်လောက်ကလေးဖြစ်စေ သားသာမဏေသည် သာသနာတွင်းဝယ် တည်လျက်နေသည်ကိုတော့ မြင်ချင်ပါသေးသည်။

ထို့ကြောင့် "ကိုယ့်စိတ်ကို ဆုံးမဖို့ခက်ရင်လည်း လူထွက်ဖို့ တပည့်တော်မ မတားတော့ပါဘူးဘုရား၊ ကိုရင့်မှာ အခုအချိန်ဆိုလျှင် ယာဂုနှင့်ဆွမ်းများ ဘုဉ်းပေးခဲ့ရမှာ မဟုတ်သေးပါဘူးဘုရား၊ ဒါ့ကြောင့် တပည့်တော်မ၏ လုပ်စာကလေးနှင့် လူဝတ်လဲပြီးသော သားအဖြစ် မရောက်ခင် ဘုရားသားတော်အဖြစ်နဲ့ ကပ်လှူလိုက်ပါရစေ" ဟု လျှောက်ထားကာ မီးဖိုထဲဝင်သွားလေသည်။

သာမဏေ၏ မယ်တော်ဟောင်း ဘီလူးမသည် ဥပုသ်နေ့တိုင်း တရားနာဖိတ်ခေါ်သော ကြွေးကြော်သံကို စောင့်မျှော်ငံ့လင့်နေ၏။ တစ်ဥပုသ်မှ နှစ်ဥပုသ်၊ တစ်လမှ နှစ်လ ကြာမြင့်လာလတ်သော် 'ငါ့သား၌ အကြောင်းဘယ်သို့ရှိသနည်း' ဟု မိမိ၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့်ကြည့်ရှုဆင်ခြင်၏။ ထိုအခါ လူထွက်အံ့သောငှာ မိခင်အိမ်သို့ရောက်နေကြောင်း သိမြင်ရသောကြောင့် အထိတ်တလန့် စိုးရိမ်တကြီး ဖြစ်သွားလေ၏။

"ရှင်အဖြစ်မှ လူဝတ်မလဲစေရဘူး၊ ငါ့မှာ သူ့ကြောင့် နတ်ဘီလူးတို့အလယ်မှာ ဂုဏ်သရေရှိနေရပေတယ်၊ နတ်အများက ဦးစားပေးပြီး အရေးတယူပြုနေကြတယ်၊ သားကောင်းမိခင်ဟု ချီးမွမ်းထောမနာပြုနေကြတယ်၊ အဲသလို မျက်နှာမငယ် ထည်ထည်ဝါဝါရှိနေရာက သူသာလူထွက်သွားလျှင် ငါ၏ဂုဏ်ရှိန်တို့သည် တောင်ထိပ်မှကျအပ်သော ရေတံခွန်ကဲ့သို့ တစ်ဟုန်တည်းကျဆင်းသွားစရာသာရှိတယ်၊ ငါ့ဘဝမှာ အညတြအခြေအနေပြန်ရောက်ပြီး ဆေးဖော်ကြောဖက်မှ လုပ်မည့်သူမရှိ၊ 'ဘယ့်နှယ်လဲ အသင်၏သား၊ မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့ကို အသံကောင်းကောင်းနဲ့ ဟောပြောနေခြင်းဟာ ကိုယ့်အတွက်ကို အသုံးမချ၊ သူများရဲ့ ချီးမွမ်းခံရရုံသက်သက်သာ ဖြစ်နေပါပေါ့လား၊ ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့ဆိုတဲ့ လူစားမျိုးဖြစ်နေပါပေါ့လား၊ အသင်၏ သားကို ကျုပ်တို့အထင်ကြီး သာခုခေါ်ခဲ့သမျှ အလဟဿဖြစ်ကုန်ပါပြီ' လို့ ပြောကြတော့မှာပဲ။ ဒီလိုသားမျိုးရဲ့အမေဖြစ်ရတာ ရှက်စရာအကောင်းဆုံးပေါ့၊ သားအတွက် ဂုဏ်တက်နေရာက ဂုဏ်အပျက်မခံနိုင်ဘူး၊ သူ့မိခင်အရင်းက အသာတကြည်နှင့်ဆုံးမလို့ မရရင် ငါက ခပ်ကြမ်းကြမ်းကလေး ဆုံးမပြမယ်" ဟုဆုံးဖြတ်ကာ သာမဏေ၏ ကိုယ်၌ ပူးဝင်ပြီးလည်ကို ရှေ့နောက်လည်စေ၍ ပါးစပ်မှ အမြှုပ်တစီစီ ထကာ မြေ၌လဲကျစေ၏။

ထိုနေရာ၌ မိခင်ရင်းဖြစ်သူသည် ဇာတိပဋိသန္ဓေအားဖြင့် လူသားစင်စစ်ဖြစ်၍ စရိုက်အားဖြင့် နူးညံ့သူဖြစ်ရာ သားသာမဏေကို ချိုချိုသာသာ ဖျောင်းဖျောင်းဖျဖျ နားချခဲ့လေသည်။ မိခင်ဟောင်းဖြစ်သူကား ဇာတိပဋိသန္ဓေအားဖြင့် ဘီလူးမဖြစ်၍ စရိုက်အားဖြင့် ကြမ်းတမ်းသူဖြစ်ရာ သားသာမဏေကို ကြမ်းတမ်းရက်စက်စွာ ဆုံးမလေ၏။

ချော့၍ ဆုံးမသောမိခင်နှင့် ရိုက်နှက်၍ ဆုံးမသောမိခင်တို့၏ မေတ္တာစေတနာမှာ

ရည်ရွယ်ချက်ချင်းတူသော်လည်း အမူအကျင့်ကွဲပြားနေသော စိတ်ထားတို့ကို ဆင်ခြင်နိုင်ပေသည်။

သာမဏေ၏အဖြစ်ကိုမြင်ရသော လူသားမိခင်သည် မီးဖိုထဲမှ ထိတ်ထိတ်ပျာပျာ ပြေးထွက်လာပြီးလျှင် သားကိုပွေ့ဖက်၍ အော်ဟစ်ငိုကြွေးတော့သည်။ အိမ်နီးချင်းတို့သည်လည်း ဒါယိကာမကြီး၏ ငိုသံကြောင့် ဝိုင်းဝန်းလာကြ၍ အကြောင်းကိုမေးကြ၏။

"သာမဏေဆွမ်းကပ်ဖို့ ဆွမ်းတစ်အိုးဝင်ချက်နေတုန်း ဦးခေါင်းနောက်ပြန် အမြှုပ်တစီစီနဲ့ ထိုင်ရာက လဲသွားတာပါပဲ" ဟု ပြော၏။ ဒါကို တချို့က 'ဝက်ရူးပြန်ရောဂါ' ဟု ပြောကြသည်။ တချို့က 'ဒါဟာ သွေးရိုးသားရိုး ဝေဒနာဟုတ်ဟန်မတူပါဘူး၊ အမှောင့်ပယောဂ ဖမ်းစားတာ ဖြစ်လိမ့်မယ်' ဟု လူအများက ထင်ကြေးပေးကြသည်။

ဒီကနေ့ ဥပုသ်နေ့ပါတော်၊ လပြည့်လကွယ် လဆန်းပက္ခ၊ လဆုတ်ပက္ခ ဥပုသ်နေ့များမှာ နတ်ရဲမိစ္ဆာ အမှောင့်ပယောဂတို့က လူသားတစ်ဦးကို နှောင့်ယှက်ကျီစယ် မပြုကြပါဘူးလို့ ရဟန္တာအရှင်မြတ်တွေက ဟောထားပါတယ်။ ဤစကားမှန်လျှင် ကျွန်ုပ်သားလေး ချမ်းသာပါစေ" ဟု တိုင်တည်လိုက်လေ၏။

ထိုအခါ ဘီလူးမသည် သာမဏေကို ပူးကပ်ကာ -

"ရဟန္တာ အရှင်မြတ်တို့ပြောသောစကားသည် အမှန်ဖြစ်ပါ၏။ သာမဏေ သတိတစ်ဖန် ပြန်လည်လာသောအခါ ကျွန်ုပ်မှာကြားသောစကားကို ပြောပြလိုက်ပါဘိ။

"လူထွက်ရန်ကြံသော မကောင်းမှုကံကို ယခုပင်ဖြစ်စေ၊ နောင်ပင်ဖြစ်စေ၊ ကြံစည်သည်ဆိုလျှင် ငှက်ကဲ့သို့ ကောင်းကင် ပျံပြေးပါစေ၊ မလွတ်တမ်း လိုက်လံဖမ်းစား အနှောင့်အယှက်များ ပြုရပါလိမ့်မယ်လို့ မယ်တော်ဟောင်းဘီလူးမက ပြောခဲ့သည့် အကြောင်း ပြန်ပြောပါလေလော့" ဟု ဆို၍ ထွက်ခွာသွားလေသည်။

သာနုသာမဏေသည် သတိပြန်လည်လာ၍ ဆံပင်ဖရိုဖရဲနှင့် ငိုကြွေးနေသော မိခင်ကိုလည်းကောင်း၊ တုန်လှုပ်စွာကြည့်နေကြသော အိမ်နီးနားချင်းတို့ကိုလည်းကောင်း မြင်ရလေသည်။

"အို...မိခင်၊ ကျွန်ုပ်သေသွားလို့ ငိုကြွေးသလို အဘယ့်ကြောင့် ငိုကြွေးနေရပါသလဲ"

"သာမဏေအဖြစ်မှ လူဝတ်လဲတာဟာ သေသွားတာနဲ့ မခြားပါဘူးသားရယ်၊ သားကိုလေ အမေက မီးပုံကြီးထဲက ဆွဲထုတ်ခဲ့သလို လူ့လောက မီးပုံကြီးထဲက ဆွဲထုတ်ပြီး ဘေးကင်းရာ သာသနာ့ဘောင်ကို ပို့ခဲ့ပါတယ်၊ အခု သားက မီးပုံကြီးထဲကို ပြန်ပြီးဆင်းမယ်ဆိုတော့ အမေ ဘယ်မှာ မငိုဘဲနေနိုင်ပါ့မလဲ၊ ဒါ့ထက်ဆိုးတာက သားကို ပူးပြီး နတ်ဘီလူးမက ကြိမ်းဝါးသွားတယ်လေ၊ သာသနာ့ဘောင်ကထွက်ရင် ငှက်ကဲ့သို့ ပျံပြေးတောင် သေဘေးက မလွတ်စေရဘူးတဲ့၊ ဒီတော့ အမေ့မှာ ဘယ်စိတ်ချမ်းသာနိုင်မလဲ" ဟု ပြောလေသည်။

ထိုအခါ သာနုသာမဏေသည် မိမိသေရမည်ကိုလည်း ကြောက်ရွံ့စိုးရိမ်သွားသည်။ မိခင်ရင်း၏ ပရိဒေဝကိုလည်း များစွာ ကရုဏာသက်မိသည်။ မိခင်ဟောင်း၏

တန်ခိုးအာဏာကိုလည်း ကြောက်ရွံ့လေးစားရပြန်သည်။ ထို့ကြောင့် မိမိစိတ်ကို မိမိ ဆုံးမလိုက်လေတော့သတည်း။

"ကိုရင်–လူမထွက်တော့ပါဘူး ဒကာမကြီး။ တစ်သက်လုံး သာသနာ့ဘောင်မှာ အကျိုးရှိအောင် နေသွားပါတော့မယ်" ဟု ဝန်ခံကတိပြုလိုက်လေ၏။

ထိုစကားကိုကြား၍ 'ဒါမှ ငါ့သား' ဟု လက်ပန်းပေါက်ခတ်ကြွေးကြော်လိုက် သူကား နတ်ဘီလူးတို့အလယ်တွင်ရှိသည့် မယ်တော်ဟောင်း ဘီလူးမပင်တည်း။

လူသားမိခင်ကြီးနှင့်တကွ အိမ်နီးချင်းတို့က ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ကြလေ၏။ မွန်မြတ်သောဆွမ်းတို့ဖြင့် ပြုစုလုပ်ကျွေးကြကုန်၏။

ထို့နောက် အသက်နှစ်ဆယ်ပြည့်ပြီးသောအခါ သားကို တိစီဝရိတ်သင်္ကန်းကပ်လှူ၍ ဥပသမ္ပဒပဥ္စင်းအဖြစ်သို့ တက်ရောက်စေ၏။ သာနုရဟန်းငယ်သည် မိမိ၏ရွာငယ် ကျောင်းမှ မြတ်စွာဘုရားစံနေတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ သွားရောက် ပြီးလျှင် ရဟန်းတရား ကမ္မဋ္ဌာန်းနှင့်တကွ မြတ်စွာဗုဒ္ဓ အဆုံးအမ ဩဝါဒကို ခံယူလေ၏။

ထိုအခါ မြတ်စွာဘုရားက ရဟန်းပြု၍ မကြာမြင့်သေးသော သာနုရဟန်း၏စိတ် ကို နှိပ်ကွပ်၍ အားထုတ်ခြင်းကို ဖြစ်စေတော်မူလိုသဖြင့် "အထူးထူးသော အာရုံတို့၌ ရှည်ကြာစွာသော ကာလပတ်လုံး ကျက်စားလှည့်လည်တတ်သော ဤစိတ်မည်သည်ကို မနှိပ်ကွပ်သောပုဂ္ဂိုလ်အား ချမ်းသာခြင်းမည်သည်မရှိ၊ အမုန်ယစ်သောဆင်ပြောင်ကို ချွန်းဖြင့် နှိပ်ကွပ်သကဲ့သို့ စိတ်ကို နှိပ်ကွပ်ခြင်း၌ အားထုတ်ခြင်းကို လုံ့လပြုအပ်၏" ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဣဒံ ပုရေစိတ္တ မစရိ စာရိကံ၊
ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇာဟံ နိဂ္ဂဟိဿာမိ ယောနိသော၊
ဟတ္ထိပဘိန္နံဝိယ အင်္ကုသဂ္ဂဟော။

ဣဒံ = ဤစိတ်သည်၊ ပုရေ = ရှေးအခါ၌၊ ယေနိစ္ဆကံ = အလိုရှိတိုင်း သော အကြောင်းဖြင့်၊ ယတ္ထကာမံ = အလိုရှိတိုင်းသောအာရုံ၌၊ ယထာသုခံ = ချမ်းသာသည် အားလျော်စွာ၊ စာရိကံ = ကျက်စားလှည့်လည်ခြင်းကို၊ အစရိ = ကျင်လည်ကျက်စား ဖူးလှုပြီ၊ အဇ္ဇ = ယနေ့၊ အင်္ကုသဂ္ဂဟော = ချွန်းကိုင် လိမ္မာဆင်ဆရာသည်၊ ဟတ္ထိပဘိန္နံ=အမုန်ယစ်သောဆင်ကို၊ အင်္ကုသေန=ချွန်းဖြင့်၊ နိဂ္ဂဏှာတိဝိယ = နှိပ်ကွပ်သကဲ့သို့၊ အဟံ = ငါသည်၊ တံစိတ္တံ = ထိုစိတ်ကို၊ ယောနိသော = အသင့်အတင့် နှလုံးသွင်းခြင်းဖြင့်၊ နိဂ္ဂဟိဿာမိ = နှိပ်ကွပ်တော့ အံ့၊ ဣတိ = ဤသို့၊ ယောဂေါ = အားထုတ်ခြင်းကို၊ ကရဏီယော = ပြုအပ်၏။

ဤစိတ်သည် ရှေး၌ မိမိထင်တိုင်း၊ အလိုရှိတိုင်း၊ နှစ်သက်တိုင်းလှည့် လည်ကျက်စားခဲ့လေပြီ။ ချွန်းကိုင်သောဆင်ထိန်းသည် အမုန်ယစ်သောဆင်

ကို နှိပ်ကွပ်သကဲ့သို့၊ ယနေ့ ငါသည် ထိုစိတ်ကို ကောင်းစွာဆင်ခြင်၍ နှိမ်နင်းတော့အံ့။

ဒေသနာတော်၏အဆုံး၌ သာနုရဟန်းနှင့်တကွ တရားနာရဟန်းတော်များ၊ သစ္စာလေးပါးတရားကိုသိမြင်၍ အကျွတ်တရား ရကြကုန်၏။

ဦးမင်္ဂလာသည် မြတ်စွာဘုရား၏ ဂါထာတော်ဖြင့် သံဝေဂရမိပါသည်။ မိမိ၏အနမတဂ္ဂ ဘဝသံသရာအစက စိတ်၏အလိုကိုလိုက်ခဲ့မိသဖြင့် ယခုဘဝအထိ ဝဋ်သုံးပါးတို့၏ ဆင်းရဲခြင်း၌ နစ်မြုပ်နေရလေသည်။ စိတ်၏ကျေးကျွန်ဖြစ်နေရလေသည်။

ဆင်ထိန်းသည် ဆင်နှင့်ကင်းကွာ၍မရ၊ သတ္တဝါတို့သည်လည်း စိတ်နှင့်ကင်းကွာ၍မရ၊ စိတ်ရိုင်းစိတ်မိုက်ဝင်လာသော မုန်ယိုသည့် ဆင်သည် ဆင်ထိန်းအား ဇော့ယမ်းနင်းချေသတ်ဖြတ်ဘိသကဲ့သို့ လောဘ, ဒေါသ, မောဟတည်းဟူသော စိတ်ရိုင်းများက သတ္တဝါတို့ကိုလည်း ဘဝများစွာကစ၍ စိတ်၏ ခြယ်လှယ်နင်းချေသတ်ဖြတ်ခြင်းကို အတန်တန်ခံရလေပြီ၊ လိမ္မာကျွမ်းကျင်သောဆင်ထိန်းသည် ရန်မူအံ့သောဆင်ကို ချွန်းဖြင့် အုပ်ချုပ်မင်းမူ စေခိုင်းနိုင်ဘိသကဲသို့ သတိရှိသောလူတို့သည် ထိုစိတ်ရိုင်းကို ပညာတည်းဟူသော ချွန်းဖြင့် အုပ်ချုပ်စေစား၍ နိဗ္ဗာန်တရားသို့တိုင်အောင် ပြုပြင်သွားနိုင်ပေလိမ့်မည်။

ထို့ကြောင့် လောကသာရပျို့တွင် –

လောဘ ဒေါသ၊ မောဟသူပျက်၊ နေ့တိုင်းဖျက်၍၊ အမျက်သည်းလွန်၊ တဖျင်သန်လျက်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင်မွတ်မွတ်၊ လိုက်လံတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထုံးပိုင်းမခြာ၊ ယဉ်စိမ့်ငှာလျှင်၊ ပညာထိန်း၍၊ မှိန်းစေမင်း။

ဟု– ကန်တော်မင်းကျောင်း ဆရာတော်ဘုရားက ရေးသားစပ်ဆို သုံးမတော်မူခဲ့ပါသည်။

* * *

(၁၄)

# မနောကံသည် အရေးအကြီးဆုံး

စိတ်ဆိုသောစိတ်ကို လေ့လာနေသော ဦးမင်္ဂလာသည် ဓမ္မပဒဂါထာများကို သီးသန့်ကြည့်ရှုနေသည့်ကြားက ကာယကံ, ဝစီကံတို့ထက် အကျိုး, အပြစ် ထက်သန်သော မနောကံစိတ်အကြောင်း မဇ္ဈိမ ပဏ္ဏာသဥပါလိသုတ်၌ ဖတ်ခဲ့ဖူးသည်ကို သတိရလိုက်ပြန်သည်။

ထိုသုတ်မှာ စိတ်အကြောင်းကို ထင်ရှားစွာပြထားသည်။ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဗုဒ္ဓ၏ တရားတော်များကို လေ့လာစူးစမ်းမေးမြန်း စောဒကတက်သည့် ပညာရှိ မိလိန္ဒမင်းကြီးအား အရှင်နာဂသေန ရဟန္တာမြတ်က ယင်းဥပါလိသုတ်ကို ကိုးကား၍ ဖြေကြားတော်မူခဲ့ရသည်။

မင်းကြီးက -

"အရှင်ဘုရား၊ ကာယကံ, ဝစီကံ, မနောကံတို့တွင် ဘယ်ကံက အပြစ်အကြီးဆုံး ပါလဲ" ဟု မေးသည်။

အရှင်နာဂသေနက - "မနောကံသည် အပြစ်အကြီးဆုံးဖြစ်သည်" ဟုဖြေသည်။

ထိုအခါ မင်းကြီးက -

"အရှင်ဘုရား၊ ကိုယ်ထိလက်ရောက် သတ်ပုတ်ညှဉ်းဆဲခြင်း၊ နှုတ်ပါးစပ်မှ ကြမ်းတမ်းရန့်ရင်းစွာ ပြောဆိုခြင်းတို့က လူတစ်ယောက်အား တိုက်ရိုက်ထိခိုက်နိုင်ပါသည်။ စိတ်ထဲမှ ကြံစည်ပြစ်မှားခြင်းကား အကြင်လူတစ်ယောက်ကို တိုက်ရိုက်ထိခိုက်နစ်နာစေသည် မဟုတ်ပါ။ သို့ဖြစ်ပါလျက် မနောကံက ကာယကံ, ဝစီကံတို့ထက် အပြစ်ကြီးလေးသည်ဟု ဆိုသည်ကို တပည့်တော် မယုံနိုင်ပါ" ဟု စောဒကတက်သည်။

"မင်းကြီး၊ စိတ်တန်ခိုးဖြင့်ရအပ်သော ဣဒ္ဓိပါဒ်တရားတို့ကို မင်းကြီးကိုယ်တိုင် ယုံပါ၏လော"

"အရှင်ဘုရား၊ စိတ်တန်ခိုးဖြင့် ဣဒ္ဓိပါဒ်တရားတို့ကို ရနိုင်၏ဟု တပည့်တော် ယုံပါ၏"

"မင်းကြီး၊ ထိုသို့ဆိုလျှင် စိတ်တန်ခိုးပြည့်စုံသော ရသေ့တစ်ယောက်သည် အကယ်၍ တိုင်းပြည်တစ်ပြည်အား အမျက်ထွက်ပြီးလျှင် 'တစ်ပြည်လုံး ဖွဲပြာကျစေသတည်း' ဟု ကျိန်ဆိုလိုက်လျှင် ထိုတိုင်းပြည်နေ လူသတ္တဝါအားလုံး ဖွဲပြာကျသွားနိုင်သည် မဟုတ်ပါလော။ ထိုအပြစ်သည် ကာယကံ, ဝစီကံတို့ထက် မနောကံက အတိုင်းမသိ ကြီးမားလေတော့သည်။ မင်းကြီးက အသို့ထင်သနည်း။"

"အရှင်ဘုရား၊ မနောကံ၏ အပြစ်သည် အတိုင်းမသိ အပြစ်ကြီးလေးကြောင်း တပည့်တော်လက်ခံပါ၏။ ယုံကြည်ပါ၏။ ကျေနပ်ပါ၏"

ဦးမင်္ဂလာသည် မိလိန္ဒပဉှာတွင် ဤပြဿနာကို တွေ့ခဲ့ဖူးပါသည်။ ထိုပြဿနာ၌ အရှင်နာဂသေန မထေရ် အမိုပြု၍ ကိုးကား ဖြေကြားရသောမူရင်းဖြစ်သည့် ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူသော ဥပါလိသုတ်ကို ဤသို့ကြည်ညိုလိုက်ရပါသည်။

မြတ်စွာဘုရားသည် နာလန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဒီဃတပဿီမည်သော နိဂဏ္ဌပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်လာ၏။ မြတ်စွာဘုရားသည် ဒီဃတပဿီနိဂဏ္ဌအား –

"အချင်း ဒီဃတပဿီ၊ သင့်ဆရာ နာဋပုတ္တနိဂဏ္ဌသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ မည်မျှသောကံတို့ကို ပညတ်ပါသနည်း"ဟု မေးတော်မူ၏။

ဒီဃတပဿီနိဂဏ္ဌက –

"ငါ့ရှင် ဂေါတမ၊ နာဋပုတ္တသည် ကံဟု ပညတ်လေ့မရှိ၊ ဒဏ်ဟုသာ ပညတ်လေ့ရှိ၏။" ဟု ဖြေကြား၏။ ဤနေရာ၌ မြတ်စွာဘုရားက ကံဟု မိန့်တော်မူ၍ ဒီဃတပဿီ၏ဆရာ နာဋပုတ္တ နိဂဏ္ဌက ဒဏ်ဟု ဆိုသည်ကို သတိပြုရပေမည်။

သို့သော်လည်း မြတ်စွာဘုရားသည် ဟောတော်မူလိုရင်းအကြောင်းတရား မဟုတ်သေးသည့်အတွက် ထိုကွဲလွဲချက်ကို ပဓာနပြုတော်မူလိုဟန် မရှိချေ။ ထို့ကြောင့် သူ့စကားကို လိုက်၍ –

"အချင်း တပဿီ၊ နာဋပုတ္တသည် (သူပြောသည့်အတိုင်းဒဏ်ဟုပဲထားပါတော့) မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ မည်မျှသောဒဏ်တို့ကို ပညတ်ပါသနည်း" ဟု မေးတော်မူ၏။

"ငါ့ရှင်ဂေါတမ၊ နာဋပုတ္တသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်ဟူသော ဒဏ်သုံးပါးကို ပညတ်ပါသည်"

"အချင်း တပဿီ၊ ထိုဒဏ်သုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနားကြပါသလော"

"ငါ့ရှင် ဂေါတမ၊ ထိုဒဏ်သုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနားကြပါသည်။"

"အချင်းတပဿီ၊ ဤသို့ကွဲပြားခြားနားသော ဒဏ်သုံးပါးတို့တွင် အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟု နာဋပုတ္တက ပညတ်ပါသနည်း"

"ငါ့ရှင် ဂေါတမ၊ ဒဏ်သုံးပါးတို့တွင် ကာယဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ နာဋပုတ္တက ပညတ်ပါသည်"

ဗုဒ္ဓသည် ဒီဃတပဿီနိဂဏ္ဌက အဖြေကို ခိုင်မြဲစေရန် သုံးကြိမ်တိုင်အောင် ထပ်၍ မေးတော်မူသည်။ ဒီဃတပဿီနိဂဏ္ဌကလည်း သုံးကြိမ်တိုင်အောင် တစ်ထပ်တည်း ဖြေကြား၏။

ဒီဃတပဿီနိဂဏ္ဍက မြတ်စွာဘုရားအား ပြန်၍မေးပြန်၏။

"ငါ့ရှင်ဂေါတမ၊ သင်သည်ကား မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ မည်မျှသောဒဏ်တို့ကို ပညတ်ပါသနည်း"

"အချင်းတပဿီ၊ ငါသည် ဒဏ်ဟု ပညတ်လေ့မရှိ၊ ကံဟုသာ ပညတ်လေ့ရှိ၏"

"ငါ့ရှင် ဂေါတမ၊ သင်သည် မည်မျှသောကံတို့ကို ပညတ်ပါသနည်း"

"အချင်း တပဿီ၊ ငါသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးကို ပညတ်၏"

"ငါ့ရှင် ဂေါတမ၊ ထိုကံသုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနားကြပါကုန်သလော"

"အချင်းတပဿီ၊ ဤကံသုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနားကြပါကုန်၏"

"ငါ့ရှင် ဂေါတမ၊ ဤသို့ကွဲပြားခြားနားသော ကံသုံးပါးတို့တွင် ဘယ်ကံကို အပြစ်အကြီးဆုံးဟူ၍ ပညတ်ပါသနည်း"

"အချင်းတပဿီ၊ ကံသုံးပါးတို့တွင် မနောကံကို အပြစ်အကြီးဆုံးဟူ၍ ငါ ပညတ်သည်"

ဒီဃတပဿီမည်သော နိဂဏ္ဍက 'ကံသုံးပါးတို့တွင် မနောကံသည် အပြစ်အကြီးဆုံးဖြစ်၏' ဟူသော အဖြေကို ခိုင်မြဲစေရန် သုံးကြိမ်တိုင်အောင် ထပ်၍မေး၏။ ဗုဒ္ဓက သုံးကြိမ်တိုင်အောင် တစ်ထပ်တည်းဖြေကြား၏။ ထို့နောက် ဒီဃတပဿီနိဂဏ္ဍသည် ဗုဒ္ဓထံပါးမှထွက်ခွာ၍ မိမိဆရာနာဋပုတ္တထံ ပြန်သွားလေသည်။ နာဋပုတ္တထံသို့ရောက်သောအခါ မိမိနှင့် ဗုဒ္ဓမြတ်စွာ ပြောဆိုခဲ့သောစကားများကို ပြည့်စုံစွာ ပြန်ကြားတင်ပြလေ၏။

ထိုအခါ သူ့ဆရာက သူ့အား 'တပည့်ကောင်းပီသပါပေသည်၊ အချက်ပိုင်လှပါပေသည်' ဟု ချီးကျူးလေ၏။

နာဋပုတ္တ၏ ပရိသတ်အလယ်တွင် ရှိနေသော ဥပါလိသူကြွယ်ကလည်း ဗုဒ္ဓဂေါတမအား ဒီဃတပဿီက ချည်ပြီး တုပ်ပြီး စကားဆိုနိုင်ခဲ့သည်ဟု သဘောပေါက်ကာ သူကိုယ်တိုင် ဗုဒ္ဓဂေါတမထံသွားပြီး စကားအချေအတင်ပြောဆို၍ အနိုင်ယူပါရစေဟု ခွင့်တောင်း၏။ ဒီဃတပဿီက ကန့်ကွက်၏။ ဗုဒ္ဓဂေါတမသည် စိတ်ညို့ပညာတတ်သူဖြစ်၍ မိမိတို့၏ ဒါယကာ ဥပါလိအား ဗုဒ္ဓဂေါတမက စိတ်ညို့ဖမ်းစားပြီးလျှင် သူ၏သာဝက သူ၏ဒါယကာအဖြစ်သို့ သိမ်းသွင်းစည်းရုံးသွားလိမ့်မည်ဟု အကြောင်းပြ၏။ သို့သော် သူတို့၏ဆရာနိဂဏ္ဍနာဋပုတ္တက သူ့ဝါဒကို ခိုင်မြဲစွာ ခံယူထားပြီးသောတပည့်ဥပါလိကို ယုံကြည်အားထား၏။ ထို့ကြောင့် မစိုးရိမ်ပါနှင့် ဒီဃတပဿီ၊ သိမ်းသွင်းချင်း သိမ်းသွင်းလျှင် ဥပါလိဒါယကာကသာ ဗုဒ္ဓဂေါတမကို သိမ်းသွင်း စည်းရုံးနိုင်ခဲ့လိမ့်မည်။ သွားပါစေ'ဟု ခွင့်ပြုလိုက်လေသည်။

ဤသို့ဖြင့် ဥပါလိသူကြွယ်သည် ဗုဒ္ဓမြတ်စွာ၏အပါးသို့ ချဉ်းကပ်မိလေ၏။ ဗုဒ္ဓနှင့် ဒီဃတပဿီတို့ ဆွေးနွေးခဲ့သည်များကို ဟုတ်မဟုတ် မှန်မမှန် မေးလျှောက်သည်။

ဗုဒ္ဓမြတ်စွာက ဒီဃတပဿီနှင့် ဆွေးနွေးခဲ့ရသည့်အကြောင်းများကို မကြွင်းမကျန် ပြန်လည်မိန့်တော်မူ၏။

ဥပါလိသူကြွယ်သည် မြတ်စွာဘုရား၏စကားစကို ဆက်စပ်၍ ဒဏ်သုံးပါးတို့တွင် ကာယဒဏ်သည် အပြစ်အကြီးဆုံးဖြစ်ကြောင်း ဒီဃတပဿီ၏စကားကို ထောက်ခံ ဆွေးနွေးလေတော့သည်။

"သူကြွယ် အကယ်၍ သင်သည် အမှန်တရား၌တည်၍ ဆွေးနွေးမည်ဆိုပါက သင်နှင့်ငါ ဆွေးနွေးမည်"

"အရှင်ဘုရား ကျွန်ုပ်သည် အမှန်တရား၌တည်၍ ဆွေးနွေးလိုပါသည်"

"ထိုသို့ဖြစ်လျှင် အမှန်တရားကို ဦးတည်၍ ဆွေးနွေးကြပါစို့"

"သူကြွယ်၊ နိဂဏ္ဌတစ်ဦးသည် သေလွန်သွားသည်ဆိုပါတော့ ဘယ်ဘုံဘဝ၌ ဖြစ်သည်ဟု သင့်ဆရာက ပညတ်ပါသနည်း"

"မြတ်စွာဘုရား၊ နိဂဏ္ဌတစ်ဦး သေလွန်သည်ရှိသော် သူစိတ်စွဲရာနတ်ပြည်တစ်ခုခု၌ ဖြစ်လိမ့်မည်ဟု နာဋပုတ္တဆရာကြီးက ပညတ်ပါသည်" ဟု လျှောက်ထားပြီးမှ –

"မြတ်စွာဘုရား၊ ကျွန်ုပ်က ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်တို့တွင် ကာယဒဏ်က ပို၍ အပြစ်ကြီးပါသည်ဟု ထင်ပါကြောင်း" ပြင်၍ လျှောက်ပြန်သည်။

ထိုအခါ မြတ်စွာဘုရားက –

"သူကြွယ်၊ သင်သည် စဉ်းစား၍ပြောလော့၊ သင့်စကားသည် ရှေ့နောက်မညီညွတ်၊ သင်သည် အမှန်တရား၌ တည်၍ ဆွေးနွေးပါမည်ဟု ပြောဆိုခဲ့၏" ဟု သတိပေးတော်မူ၏။

"အရှင်ဘုရား မည်သို့ပင်ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ် အားဖြင့် ကာယဒဏ်သည်သာ အပြစ်အကြီးဆုံးဖြစ်ပါ၏"

"သူကြွယ်၊ သင် မည်သို့ထင်သနည်း"

– နာဋပုတ္တနိဂဏ္ဌ၏ စောင့်စည်းခြင်းလေးမျိုး

၁။ အလုံးစုံသော ရေအေးကို သုံးစွဲခြင်းကို တားမြစ်ခြင်း။

၂။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်း။

၃။ ခါချအပ်ပြီးသော မကောင်းမှုရှိခြင်း။

၄။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် အမြဲတွေ့ထိအပ်ခြင်း။
(သုတ်သီလက္ခန်ပါဠိတော်)

စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၍နေသော နိဂဏ္ဌသည် ရှေ့သို့သွားခြင်း၊ နောက်သို့ဆုတ်ခြင်းပြုရာဝယ် (ခြေဖြင့်နင်းမိ၍) များစွာသော သတ္တဝါကလေးများကို သေကြေပျက်စီးခြင်းသို့ ရောက်သည်ဆိုပါတော့။ ဤသို့သေကြေပျက်စီးခြင်းသို့ ရောက်စေသူအား မည်သည့်အကျိုးကို နာဋပုတ္တက ပညတ်ပါသနည်း"

"အရှင်ဘုရား၊ စေ့ဆော်မှု စေတနာမပါသောအမှုကို အပြစ်ကြီးလေး၏ဟူ၍ နာဋပုတ္တက မပညတ်ပါ"

"သူကြွယ် အကယ်၍ စေ့ဆော်မှု စေတနာပါခဲ့သော် မည်သို့ဖြစ်မည်နည်း"

"အရှင်ဘုရား၊ အကယ်၍ စေ့ဆော်မှု စေတနာပါခဲ့သော် အပြစ်ကြီးလေးမည် ဖြစ်ပါသည်။"

"သူကြွယ်၊ စေ့ဆော်မှုစေတနာကို နာဋပုတ္တက မည်သည့်ဒဏ်ဟု ပညတ်ပါသနည်း"

"အရှင်ဘုရား၊ စေ့ဆော်မှုစေတနာကို နာဋပုတ္တက မနောဒဏ်ဟု ပညတ်ပါသည်"

သူကြွယ်၊ သင်သည် စဉ်းစား၍ပြောလော့၊ သင့်စကားသည် ရှေ့နောက်မညီညွတ်"

"အရှင်ဘုရား၊ မည်သို့ပင်ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာ အပြစ်အကြီးဆုံးဖြစ်ပါ၏"

"သူကြွယ်၊ သင်မည်သို့ထင်သနည်း၊ လူဦးရေများပြားသော ဤနာလန္ဒမြို့သို့ သန်လျက်စွဲကိုင်သော ယောကျ်ားတစ်ယောက် ရောက်လာသည်ဆိုပါတော့၊ ထိုယောကျ်ားက နာလန္ဒမြို့ရှိ သတ္တဝါမှန်သမျှကို တစ်ခဏချင်း သတ်လိုသည်ဆိုပါတော့၊ ထိုယောကျ်ားသည် သူ့အလိုအတိုင်း တစ်ခဏချင်း ပြုလိုက်နိုင်ပါမည်လော"

အရှင်ဘုရား ယောကျ်ားတစ်ယောက်တည်းကို မဆိုထားနှင့်၊ လေးဆယ်ငါးဆယ်မျှသော ယောကျ်ားတို့သည်ပင် တစ်ခဏချင်း ပြုလုပ်နိုင်မည် မဟုတ်ပါ"

"သူကြွယ်၊ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံ၍ မိမိစိတ်ကို လိုသလို စေစားနိုင်သော ရဟန်းပုဏ္ဏားတစ်ပါးက ငါသည် တစ်ကြိမ်စိတ်ဆိုးရုံမျှဖြင့် 'ဤနာလန္ဒမြို့ တစ်မြို့လုံးကို ပြာဖြစ်သွားအောင် ပြုအံ့' ဟု ကြံစည်သည်ဆိုပါတော့၊ ထိုတန်ခိုးရှင်သည် သူကြံစည်သည့်အတိုင်း ပြုလုပ်နိုင်ပါမည်လော"

"အရှင်ဘုရား၊ ထိုတန်ခိုးရှင်ကား ဤနာလန္ဒမြို့ကလေးတစ်မြို့ကို မဆိုထားနှင့် အလားတူ မြို့လေးဆယ် ငါးဆယ်တို့ကိုပင် ပြာဖြစ်အောင် ပြုလုပ်နိုင်ပါလိမ့်မည်"

"သူကြွယ်၊ သင်သည် စဉ်းစား၍ ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်"

"အရှင်ဘုရား၊ မည်သို့ပင်ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာ အကြီးဆုံးဖြစ်ပါသည်"

"သူကြွယ်၊ သင်သည် ဒဏ္ဍကီတောအုပ်၊ ကာလိင်္ဂတောအုပ်၊ မဇ္ဈတောအုပ်၊ မာတင်္ဂတောအုပ်တို့သည် တောအုပ်အတိဖြစ်ခဲ့ရပုံကို ကြားဖူးပါ၏လော"

"အရှင်ဘုရား၊ တပည့်တော် ကြားဖူးပါသည်"

"သူကြွယ် ထိုတောအုပ်တို့သည် အဘယ်အကြောင်းကြောင့် တောအုပ်အတိ ဖြစ်လာခဲ့သည်ဟု သင်ကြားဖူးပါသနည်း"

"အရှင်ဘုရား၊ ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် လူဦးရေများပြားသောမြို့များ

အဖြစ်မှ မီးလောင်ပြာကျ၍ တောအုပ်အတိဖြစ်လာခဲ့သည်ဟု တပည့်တော်ကြားဖူးပါသည်"

"သူကြွယ် သင်သည် စဉ်းစား၍ ပြောကြားလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်၊ သင်သည် အမှန်တရား၌သာတည်၍ ဆွေးနွေးပါမည်ဟု သင်ပြောဆိုခဲ့၏"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ ဥပါလိသူကြွယ်က –

"အရှင်ဘုရား၊ တပည့်တော်တို့သည် ပထမဦးဆုံး ဥပမာဖြင့်ပင် မြတ်စွာဘုရား၏ ဖြေကြားချက်ကို ကျေနပ်နှစ်သက်ခဲ့ပါသည်။ ဆန်းကြယ်သော ဖြေကြားချက်များကို အထွေထွေအပြားပြား နာကြားလိုသောကြောင့်သာ ဆန့်ကျင်ဘက်ပြုပြီး ဆက်လက် ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ တပည့်တော်အား ခွင့်လွှတ်၍ 'ဥပါသကာ' အဖြစ် မှတ်ယူ တော်မူပါ" ဟူ၍ လျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက –

"သူကြွယ်၊ သင်သည် စဉ်းစားဆင်ခြင်၍ ပြုလော့၊ သင်ကဲ့သို့ ထင်ရှားကျော်စော သူတစ်ဦးအဖို့ စဉ်းစားဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏" ဟု သတိပေးစကား မိန့်ကြားတော်မူသည်။

(မိမိကိုယ်တိုင် သဘောပေါက်လက်ခံပြီးမှ ယုံကြည်ပါဟု ဆိုလိုသည်။)

ဥပါလိ သူကြွယ်ကား ထိုစကားကြောင့် ဗုဒ္ဓအပေါ် ပို၍ ကြည်ညိုလိုက်မိသည်။

"အရှင်ဘုရား တပည့်တော် ကိုယ်တိုင် သဘောပေါက်လက်ခံယုံကြည်၍ ဝန်ခံ လျှောက်ထားခြင်းဖြစ်ပါသည်။ တပည့်တော်အား သနားသောအားဖြင့် ဥပါသကာအဖြစ် မှတ်ယူတော်မူပါ" ဟု ထပ်မံလျှောက်ထားပြန်၏။

တဖန် ဗုဒ္ဓမြတ်စွာက –

"သူကြွယ်၊ သင်၏အိမ်ကား နိဂဏ္ဌတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့၏။ (ဆွမ်း စသည်တို့ကို အမြဲလှူဒါန်းသဖြင့် နိဂဏ္ဌတို့၏ မှီခိုအားထားရာ ဖြစ်ခဲ့သည်။) ထို့ကြောင့် သင်သည် ငါ၏သာသနာတော်၌ ဥပါသကာဖြစ်သည့်တိုင်အောင် နိဂဏ္ဌတို့အားလည်း ဆွမ်းကို လောင်းလှူရန် စဉ်းစားသင့်ပေသည်" ဟူ၍ မိန့်ကြားပြန်သည်။

ဥပါလိသူကြွယ်မှာ ရဟန်းဂေါတမသည် မိမိနှင့် မိမိတပည့်များအား လှူမှသာ အကျိုးရှိသည်ဟု ဟောကြားလေ့ရှိကြောင်း ကြားဖူးထားသည်။ ယခုကား နိဂဏ္ဌတို့ အားလည်း လှူမြဲတိုင်း လှူရန် မိန့်တော်မူ၏။ ဤမျှ မဟာကရုဏာတော် ကြီးမားသော မြတ်စွာဘုရား၏စကားကို ကိုယ်တွေ့ကြားရသောအခါ ဥပါလိသည် အတိုင်းထက် အလွန် အံ့ဩသည်နှင့်အမျှ ကြည်ညို၍ မဆုံးနိုင်ရှိရသည်။

"မြတ်စွာဘုရား ပေးကမ်းလှူဒါန်းရေး၌ အခါအခွင့်ကို တပည့်တော် သိပါမည်" ဟု လျှောက်ကြားလေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဥပါလိအား ဒါန, သီလစသော တရားအဆင့်ဆင့် ကို ဟောကြား၍ သစ္စာလေးပါးကို ထင်မြင်စေရာ ဥပါလိသည် ကိလေသာမြူကင်း စင်သဖြင့် သောတာပတ္တိမဂ်ဉာဏ်သို့ ဆိုက်ရောက်သွားလေသတည်း။

ဥပါလိသူကြွယ်၏ စိတ်အစဉ်တို့သည် ဒိဋ္ဌဓမ္မ = အယူအဆ အမြင်မှန်တို့ဖြင့်

ယုံကြည်လာသည်။ ပဋ္ဌဓမ္မ = လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ရှိလာသည်။ ဝိဒိတဓမ္မ = မိမိပိုင်နိုင်သော တရားတို့ကို နည်းအမျိုးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်နိုင်သည်။ ပရိယောဂါဠ္ဓမ္မ = သစ္စာလေးပါးတရားကို အပြည့်အစုံ နှလုံးပိုက်မိသည်။ တိဏ္ဏဝိစိကိစ္ဆာ = ယုံမှားသံသယတို့ ကင်းစင်လွန်မြောက်သည်။

ဝိဂတကထံကထာ = နှလုံးမခွ ဒွိဟမရှိဖြစ်လာသည်။ ဝေသာရဇ္ဇပတ္တ = မိမိသိထားသော တရားကို ခံယူရာ၌ သတ္တိရှိစွာ ရဲဝံ့လာသည်။ အပရပ္ပစ္စယ = သူတစ်ပါးက ပြောလို့ ယုံကြည်တာ မဟုတ်ဘဲ ကိုယ်တိုင်သိ ကိုယ်တိုင်မြင်လာသည်။ ထို့ကြောင့်–

၁။ ဗုဒ္ဓ၌ မတုန်မလှုပ် မချောက်မချား သက်ဝင်ယုံကြည်ခြင်း။

၂။ တရားတော်၌ မတုန်မလှုပ် မချောက်မချား သက်ဝင်ယုံကြည်ခြင်း။

၃။ သံဃာ၌ မတုန်မလှုပ် မချောက်မချား သက်ဝင်ယုံကြည်ခြင်း။

၄။ သီလ၌ အသက်နှင့်လဲ၍ အညစ်အနွမ်းမခံဘဲ စောင့်ထိန်းခြင်းဟု ဆိုအပ်သော သောတာပန်၏ စိတ်အင်္ဂါလေးပါးနှင့် ပြည့်စုံလာသည်။ ဥပါလိသူကြွယ်သည် မိမိအိမ်သို့ ရောက်သည့်အခါ တံခါးစောင့်များကို ခေါ်၍ နိဂဏ္ဌတို့အား သူတို့လာလျှင် တံခါးဖွင့်မပေးရန် မှာထားလေသည်။

ထိုစိတ်အစဉ်ကိုကြည့်လျှင် လောကဝတ်၌ မကျေပွန်ရာရောက်သော်လည်း ဓမ္မရေးရာ၌ မသိမလိမ္မာသော သူတို့နှင့်ဆက်ဆံခြင်း၊ နှီးနှောပြောဆိုရခြင်းကို အလိုမရှိသဖြင့် စကားနည်းရန်စဲ ကာကွယ်လိုဟန်ရှိသည်။

'ဥပါလိသူကြွယ်တစ်ယောက် ဗုဒ္ဓဥပါသကာဖြစ်သွားပြီတဲ့' ဟူသော သတင်းစကားမှာ ပန်းသတင်း လေညင်းဆောင်သကဲ့သို့ လူ့သတင်းလူချင်းဆောင်၊ တစ်ယောက်စကား တစ်ယောက်နား ပြောကြားနေကြလေ၏။

ဗုဒ္ဓဝါဒီတပည့်သာဝက ဒါယကာ ဒါယိကာမများက ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုကြသည်။

နိဂဏ္ဌဂိုဏ်းသားများကမူ အထိတ်တလန့် တအံ့တဩ ဖြစ်သွားကြသည်။ နာဋပုတ္တဆရာကြီး၏ ညာလက်ရုံးပမာ အားကိုးအားထားပြုခြင်းခံနေရသူ တပည့်ပညာရှိကြီးတစ်ယောက်ကဖောက်လွဲဖောက်ပြန်အပြောင်းအလဲမြန်လှချည်လားဟုကဲ့ရဲ့ရှုတ်ချကြသည်။

ထိုသတင်းကို ကြားရသော ဒီဃတပဿီသည် ဟုတ်မဟုတ်၊ မှန်မမှန် စုံစမ်းရန် ဥပါလိအိမ်သို့ ရောက်လာသည်။ တံခါးစောင့်များက တခါးကို ဖွင့်မပေးကြ။

ထိုအခါ ကိုယ်တွေ့သိရပြီဖြစ်သော ဒီဃတပဿီသည် နာဋပုတ္တထံ အမြန်သွား၍ သတင်းပို့လေတော့သည်။ နာဋပုတ္တသည် မနေသာတော့ဘဲ များစွာသော နိဂဏ္ဌပရိသတ်နှင့်အတူ ဥပါလိအိမ်သို့ အခြေအနေစုံစမ်းရန် ကိုယ်တိုင်ထွက်ခဲ့လေသည်။ တံခါးစောင့်များက ဝင်ခွင့်မပြုသေးဘဲ အခြံအရံများစွာနှင့် နာဋပုတ္တကိုယ်တိုင်ကြွလာကြောင်း ဥပါလိအား အကြောင်းကြားသည်။

ထိုအခါတွင်တော့ ဥပါလိသူကြွယ်သည် လာမည့်ဘေးကို ပြေးတွေ့ပြီးလျှင်

(ခုတ်စပြီး လှီးစပြတ်) ပြတ်ပြတ်သားသား ဆွေးနွေးရအောင် လက်ခံမှုဖြစ်တော့မည်ဟု သဘောပိုက်ကာ ဝင်ခွင့်ပေးလိုက်လေသည်။

ဥပါလိသည် အိမ်၏ အလယ်ခန်းမရှိ မြင့်မြတ်သောနေရာ၌ထိုင်လျက် နာဋပုတ္တနှင့် ပရိသတ်အား ကြိုလင့်၏။

နာဋပုတ္တသည် ဥပါလိသူကြွယ်က မိမိအား ယခင်ကနှင့်မတူဘဲ မရိုမသေဆက်ဆံသည်ကို တွေ့ရသောအခါ ရှက်လည်းရှက်၊ စိတ်လည်းဆိုးလျက် –

"သူကြွယ်... သင်ရူးနေပြီလော၊ ရဟန်းဂေါတမ၏ ဝါဒကို ချေဖျက်ပစ်မည်ဟု ကြုံးဝါးသွားပြီး ယခုမူ သင်ကိုယ်တိုင် ဝါဒထမ်းပိုးဖြင့်စွပ်လျက် ပြန်လာဘိ၏။ ရဟန်းဂေါတမက သင့်ကို စိတ်ညှို့မာယာဖြင့် ညှို့လိုက်လေပြီလော"

"အရှင်နိဂဏ္ဍ၊ ရဟန်းဂေါတမက ကျွန်ုပ်ကို စိတ်ညှို့မာယာဖြင့် ကောင်းစွာညှို့လိုက်ပါပြီ၊ ကျွန်ုပ်ကိုသာမက မင်း ပုဏ္ဏား စသော အမျိုးလေးပါးနှင့်တကွ တစ်လောကလုံးကို စိတ်ညှို့မာယာဖြင့် ညှို့ယူတော်မူလိုက်လျှင် ထိုသူတို့မှာ ပစ္စုပ္ပန်သံသရာ အကျိုးစီးပွားများ ဖြစ်ထွန်းကြပါလိမ့်မယ်"

"အို–ဥပါလိ၊ ယခုဆိုလျှင် သင့်ကို ငါမေးရတော့မည်။ ယခု သင်သည် ငါ၏ တပည့်လော၊ ရဟန်းဂေါတမ၏ တပည့်လော"

ထိုအခါ ဥပါလိသူကြွယ်က နာဋပုတ္တအား တစ်စုံတစ်ရာမျှ ပြန်၍ မဖြေတော့ဘဲ နေရာမှထ၍ ပခုံးတစ်ဖက်၌ ကိုယ်ဝတ်ကို လွှမ်းတင်လျက် မြတ်စွာဘုရားရှိရာ အရပ်သို့ လက်အုပ်ချီကာ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ချီးကျူးမြွက်ဆိုလိုက်သည်။

နာဋပုတ္တသည် မြတ်စွာဘုရား၏ဂုဏ်တော်များကို ကြားရသောအခါ မခံမရပ်နိုင်ဖြစ်လျက် ထိုနေရာမှာပင် ပါးစပ်မှသွေးပူများ အန်ထွက်လေတော့သတည်း။

ဦးမင်္ဂလာသည် ဥပါလိသူကြွယ်က နာဋပုတ္တနိဂဏ္ဍအား ကိုယ်ထိလက်ရောက် ကာယကံဖြင့်လည်း မပုတ်ခတ်၊ ရန့်ရင်းကြမ်းတမ်းသော ဝစီကံဖြင့်လည်း မပုတ်ခတ်ပါချေ။ နာဋပုတ္တသွေးပူများ အန်ထွက်လာရသည်မှာ သူ၏ (ဣဿာမစ္ဆေရ) ဒေါသစိတ် (ဒဏ်ချက်) ကြောင့် ဖြစ်ကြောင်း ဦးမင်္ဂလာ သတိပြုလိုက်မိပါသည်။ ။

(မိလိန္ဒပဉှာနှင့် ဥပါလိသုတ်ကို မှီးပါသည်။)

* * *

(၁၅)

## အငြိုးကြီးက အာဃာတ

ယနေ့ ဦးမင်္ဂလာသည် ဘယ်အကြောင်းက ဘယ်လိုစ, တွေးမိသည်မသိ၊ အာဃာတဆိုသောစိတ်ကို စဉ်းစားနေမိလေသည်။

အာဃာတဆိုသည်မှာ ရန်ငြိုးသိုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်ငြိုးထားခြင်းဟု အဓိပ္ပာယ်ရှိသည်။

လောဘ, ဒေါသ, မောဟ ဆိုသော အရင်းခံစိတ်သုံးမျိုးတွင် အာဃာတသည် ဒေါသစိတ်မှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ရုတ်ခြည်းထောင်းခနဲ ထ,လာသော ဒေါသစိတ်သည် နှုတ်မှ ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုရေရွတ်ပြီးသည့်နောက် ပျောက်လိုလျှင်လည်း ပြေပျောက်သွားနိုင်သည်။ ဝစီကံနှင့် အားမရ၍ ထိုမှတစ်ဆင့် ကာယကံမြောက် ကိုယ်ထိလက်ရောက် ပြုလုပ်လိုက်ရလျှင် ထိုဒေါသသည် အရှိန်သေကာ ပြေပျောက်သွားလျှင်လည်း သွားနိုင်သည်။ သို့မှ မပြေပျောက်နိုင်ဘဲ ကာလရှည်လျားစွာ တနုံ့နုံ့ဖြင့် အငြိုးထားခြင်းကို လက်ခံနေလျှင် အာဃာတဟူ၍ ဖြစ်လာသည်။

ဒေါသသည် မီးကျီးခဲနှင့်တူသည်။ မီးကျီးခဲကို အဆက်မပြတ်လေယပ်သွင်းပေးသောအခါ (မှုတ်ပေးသောအခါ) မီးခဲမှမီးတောက်ဖြစ်လာ၍ နီးစပ်ရာမှန်သမျှကို သိမ်းကျုံးဖွဲ့လောင်စေလေသည်။ နီးစပ်ရာအမှိုက်သရိုက်များကို အမီပြု၍ ပြာသာဒ်ကြီးအထိ လောင်ကျွမ်းပျက်စီးစေသည်။ ထို့ကြောင့် 'အမှိုက်ကစ ပြာသာဒ်မီးလောင်'ဟု ဆိုရိုးစကား ရှိကြသည်။

ထိုနည်းအတူ အာဃာတတရားသည် မိမိက ရန်ငြိုးထားသူတစ်ဦးတစ်ယောက်ကို သာမက ထိုသူနှင့် နီးစပ်ပတ်သက်သူမှန်သမျှကိုပါ မုန်းထားထိခိုက် နစ်နာစေသောကြောင့် 'တစ်ဆုံးတစ်ချက်' ထွက်လာပြုမူလိုက်သော ဒေါသစိတ်ထက် ကြီးလေးသော အပြစ်များ ဆက်ကာဆက်ကာ ဖြစ်နိုင်ပေသည်။ ကျမ်းဂန်များ၌ မျက်ငြိုးကိုးတန်ဟု ကျယ်ပြန့်သွားပုံကို ဖော်ပြထားသည်။

ဥပမာ–မောင်ဘသည် မိမိအား ယခင်ကလည်း အကျိုးမဲ့ကို ပြုခဲ့သည်။ ယခုလည်း အကျိုးမဲ့ကို ပြုနေဆဲဖြစ်သည်။ နောင်လည်း အကျိုးမဲ့ကို ပြုလိမ့်ဦးမည် ဖြစ်သည်။ ဤကား မိမိကိုယ်တိုင်နှင့် ပတ်သက်သော အာဃာတသုံးမျိုး။

ထိုမျှနှင့် မတန့်ရပ်သေးဘဲ မောင်ဘသည် မိမိ၏ ချစ်သူမိတ်ဆွေအား ယခင်ကလည်း အကျိုးမဲ့ကို လုပ်ခဲ့သည်။ ယခုလည်း အကျိုးမဲ့ကို လုပ်နေဆဲဖြစ်သည်။နောင်လည်း အကျိုးမဲ့ကို လုပ်နေလိမ့်ဦးမည်ဟု မိမိချစ်သူ မိတ်ဆွေနှင့်ပတ်သက်၍ အာဃာတသုံးမျိုး။

ထို့နောက် မောင်ဘသည် မိမိ၏ရန်သူ, မုန်းသူအား ယခင်ကလည်း အားပေး အားမြှောက်အကျိုးကို ပြုခဲ့သည်။ ယခုလည်း အားပေးအားမြှောက်အကျိုးကို ပြုနေဆဲ ဖြစ်သည်။ နောင်လည်း အားပေးအားမြှောက်အကျိုးကို ပြုလိမ့်ဦးမည်ဟု မိမိ၏ရန်သူ, မုန်းသူနှင့်ပတ်သက်သော အာဃာတ သုံးမျိုးဟူ၍ အကြောင်းကိုးပါးအထိ ကျယ်ပြန့် သွားပုံကို ပြထားသည်။ ထို့ကြောင့် မိမိတစ်ဦးတည်းအတွက်သာ နာကျည်းခံပြင်းခြင်း မဟုတ်တော့ဘဲ မိမိ၏မိတ်ဆွေအတွက်နှင့်တကွ မိမိ၏ရန်သူများအတွက်ပါ မိမိက ဒိုင်ခံ၍ မျက်ငြိုးကန်ထရိုက် ယူထတ်ကြလေသည်။

ဒေါသကို ကြာရှည်လက်ခံထားလျှင် အာဃာတဖြစ်လာ၍ ထိုအာဃာတကို ကြာရှည်လက်ခံလာလျှင် ပဋိဃဟူသော အကျိတ်အခဲကြီး ဖြစ်လာနိုင်သည်။ ထိုအခါ တစ်ဘဝ နှစ်ဘဝမျှသာမဟုတ်၊ ဘဝသံသရာ တစ်လျှောက်လုံး ကြီးလေးသော အကုသိုလ် စိတ်ကြီးကို သယ်ယူလာခဲ့တတ်ကြသည်။ သေရိဝ ဝါဏိဇ္ဇဇာတ်တွင် ဘုရားလောင်း ရွှေကုန်သည်အား ဒေဝဒတ်အလောင်း ရွှေကုန်သည်က ရန်ငြိုးဖွဲ့ခဲ့သော အာဃာတကြောင့် ထိုနေရာ၌ပင် သွေးပွက်ပွက်အန်ကာ သေဆုံးရသည်နှင့် အပြီးမသတ်ခဲ့ဘဲ ဗုဒ္ဓစင်စစ် ဖြစ်ခဲ့သော နောက်ဆုံးဘဝသို့တိုင်အောင် အကျိုးမဲ့ကို ပြုမိမှားခဲ့ရလေသည်။

ဒေဝဒတ်သည် ဗုဒ္ဓကိုယ်တော်တစ်ပါးတည်းပေါ်၌သာလျှင် ရန်ငြိုးထား၍ ပြုမိမှား ခြင်းကြောင့် တစ်ဦးတည်းသာ ကြီးလေးသောအပြစ်ကို ခံယူသွားရသည်။ မာဂဏ္ဍီမိဖုရားမှာ ကား ဗုဒ္ဓနှင့်ပတ်သက်သမျှ အပြစ်မဲ့လူများကိုပါ ပျက်စီးစေသကဲ့သို့ မိမိကိုယ်တိုင်နှင့် တကွ မိမိနှင့်ပတ်သက်သမျှ တစ်ဆွေလုံးတစ်မျိုးလုံးကိုလည်း ပျက်စီးစေခဲ့သည်။ ထိုအကုသိုလ်မှာ ကျယ်ပြန့်စွာ ကူးစက်တတ်သော အာဃာတ၏ အကျိုးဆက်တရားပင် ဖြစ်လိမ့်မည်။

ကုရုတိုင်းကမ္မာသဒမ္မနိဂုံးတွင် ဖခင် မာဂဏ္ဍီ, မိခင် မာဂဏ္ဍီ, သမီး မာဂဏ္ဍီ ဟူ၍ အမည်တစ်ခုတည်းယူထားသော သားအမိ သားအဖ သုံးယောက်ရှိသည်။ သမီး မာဂဏ္ဍီသည် အလွန်လှပသော အဆင်းရူပကာယနှင့် ပြည့်စုံသူဖြစ်၍ ဇမ္ဗူဒိပ်ကျွန်း အပြင်၌ လင်အဖြစ်နှင့် ပေးစားရအံ့သော ယောကျ်ားတစ်ပါး မရှိဟု ဖခင်မာဂဏ္ဍီကြီးက မှတ်ယူထားလေသည်။ သမီး မာဂဏ္ဍီကိုယ်တိုင်ကလည်း မိမိ၏အလှကို တန်ဖိုးထား၍ မာနလွှင့်ထူနေသူဖြစ်သည်။ ငါနှင့်ငါသာ နိုင်းစရာဟု အယူသီးနေသူဖြစ်သည်။

မြတ်စွာဘုရားသည် ဖခင်မာဂဏ္ဍီနှင့် မိခင် မာဂဏ္ဍီတို့ အမြိုက်တရားရအံ့ မချွတ်–ဟု သိမြင်တော်မူသည့် နေ့တစ်နေ့တွင် တစ်ကိုယ်တော်တည်း ကမ္မာသဒမ္မနိဂုံးသို့ ကြွတော်မူသည်။ ပထမဦးစွာ ဖခင် မာဂဏ္ဍီက ဗုဒ္ဓသခင်အား လမ်းတွင် တွေ့မြင်လိုက် ရသည်။ တွေ့လျှင်တွေ့ချင်း သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ, ရောင်ဝါမြူတေ ကျက်သရေကို ရင်သပ်ရှုမော အံ့ဩလိုက်ရသည်။ "ငါ၏သမီး 'အလှ ပဂေးနှင့် ပေးစားလက်ထပ်နှင်းအပ်ရမည့် သမက်လောင်း ယောကျ်ားမြတ်ပေတကား" ဟု အားရဝမ်းသာ အဖြစ်ကြီးဖြစ်ရှာလေသည်။

မာဂဏ္ဍီပုဏ္ဏားမျိုးကား မိမိတို့၏ သမီးကို သမဏ, ဗြာဟ္မဏသူတော်စင်များနှင့် လက်ထပ်ပေးရခြင်းကား အလွန်ဂုဏ်ယူဖွယ်ဖြစ်သည်။ သူတို့ကား ဗုဒ္ဓဝါဒီ မဟုတ်ကြပေ။ ဖခင် မာဂဏ္ဍီက ဗုဒ္ဓသခင်၏အပါးသို့ ချဉ်းကပ်လိုက်ပြီးလျှင် –

"ကျက်သရေရှိလှသော အရှင်ရဟန်း၊ အရှင့်အား အလွန်လှပတင့်တယ်သော ကျွန်ုပ်၏ သမီးကို ပေးအပ်လိုပါသည်။ ဤအရပ်၌ ငံ့တော်မူပါ" ဟု ရဲဝံ့ရင်းနှီးစွာ လျှောက်ထား၍ သမီးကိုခေါ်ရန် အိမ်သို့ အမြန်ပြန်ပြေးလေသည်။

ဗုဒ္ဓသခင်သည် ထိုအရပ်၌ ခြေတော်ရာတစ်ဆူကို ထင်ရှားအောင် ချတော်မူခဲ့ပြီးမှ အရပ်တစ်ပါးသို့ ကြွသွားတော်မူသည်။

မြတ်စွာဘုရားတို့ ဒေသစာရီကြွတော်မူရာ၌ လမ်းခရီးမှာ တွင်းချိုင့်များရှိလျှင် မြေသားနှင့် အညီအညွတ်ဖြစ်အောင် မို့မောက်၍ တက်ကြွလာကြရသည်။ ခလုတ်ကန်သင်းရှိလျှင်လည်း မြေနှင့်တစ်သားတည်းဖြစ်အောင် ပြေပြစ်ချောမောသွားတတ်ကြသည်။ ခြေတော်ရာဟူ၍လည်း ဗုဒ္ဓသခင်က အကြောင်းရှိမှထင်စေ၍ အကျိုးကိစ္စပြီးလျှင် အလိုအလျောက် ပျောက်သွားကြရသည်။

အဓိဋ္ဌာန်နှင့်တောင်းပန်သူရှိလျှင်ကား ချန်ိုပ်ပေးတော်မူသော ခြေတော်ရာသည် မပျောက် မကွယ် မပျက်မစီး စက်လက္ခဏာတို့ ပြည့်စုံပြတ်သားအောင် ထင်ရှားရှိနေ လေသည်။ ဤကား ဘုရားသခင်၏ အံ့ဖွယ်တော် ဂုဏ်တစ်ဆယ့်ရှစ်ပါးအနက် တစ်ပါး အပါအဝင်ဖြစ်သည်။

ဖခင်မာဂဏ္ဍီသည် အိမ်သို့မဝင်မီကပင် စိတ်ဆန္ဒစောလှသည်ဖြစ်၍ –

"မိခင်မာဂဏ္ဍီရေ– သမီးနဲ့ပေးစားဖို့ ယောကျာ်းမြတ်တစ်ဦးကို တွေ့ခဲ့ပြီ၊ သမီးကို အဝတ်အစား တန်ဆာ မြန်မြန်ဆင်ပေးစမ်း၊ မြန်မြန်၊ မြန်မြန်" ဟု အော်ကြီးဟစ်ကျယ် အလောသုံးဆယ်ဖြစ်လာခဲ့သည်။ အိမ်နားနီးချင်းတို့က ရေးကြီးသုတ်ပျာဖြစ်လာသော မာဂဏ္ဍီ ပုဏ္ဏားကို တအံ့တသြ ဝိုင်းကြည့်နေကြသည်။

ဖခင်ပုဏ္ဏားကြီးက ကြန့်ကြာနေသည့် ပုဏ္ဏေးမကို မြည်တွန်တောက်တီးရင်း သူကိုယ်တိုင် သမီးကိုဝိုင်းကူ၍ အလှအပ အခြယ်အသ ပြုပြင်ပေးသည်။ ထို့နောက် သမီးလက်ကိုဆွဲကာ ဒရောသောပါး ထွက်လာခဲ့သည်။ ပုဏ္ဏေးမကြီးကလည်း မကျန်ခဲ့ရအောင် အမီလိုက်လာခဲ့ရသည်။ အိမ်နီးချင်းများက သူ့သမီးနှင့်တန်သူလျော်ကန်သူကို ကြည့်လိုမြင်လိုကြသဖြင့် ဝိုင်းအုံ၍ လိုက်ပါခဲ့ကြသည်။ ဤသို့နှင့် မာဂဏ္ဍီတို့ သားအမိ သားအဖသုံးယောက်တို့နောက်မှာ ရွာသူရွာသားများ တစ်စုတဝေးတည်း ဖြစ်လာကြသည်။

ဖခင်မာဂဏ္ဍီသည် ဗုဒ္ဓသခင်ကို မူလရပ်တော်မူခဲ့သောနေရာ၌ မတွေ့ရတော့ဘဲ ရှိသည့်အခါ –

"နင်ကြန့်ကြာနေလို့ ငါ့သမက်လောင်းနှင့်လွဲရပြီ" ဟု ပုဏ္ဏေးမကြီးအား ကြိမ်းမောင်းနေတော့သည်။ ထို့နောက် အရပ်လေးမျက်နှာကို ကြည့်ရာမှ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာကို တွေ့လိုက်ရသည်။

"ဒီမှာ.....ကြည့်စမ်း၊ ထိုယောကျ်ားမြတ်ရဲ့ခြေရာကို နင်အကဲခတ်ကြည့်စမ်း၊ ဒါဟာ သူ့ခြေရာလို့ ငါတပ်အပ်ပြောဝံ့တယ်" ဟု ပုဏ္ဏေးမကြီးအား ခြေရာကို ပြလိုက်သည်။

ပုဏ္ဏေးမကြီးက ဗုဒ္ဓသခင်၏ ခြေတော်ရာကို စေ့ငုသေချာစွာ လက္ခဏာဖတ်လိုက်သည်။ထိုသို့ဖတ်ပြီးလျှင်ပြီးချင်း မိခင်မာဂဏ္ဍီက သူ့လင်ယောကျ်ားအား ရှုတ်ချဝေဖန်လိုက်သည်။

"ပုဏ္ဏားကြီး သင်လေ့ကျက်ခဲ့သော ဝေဒကျမ်းတို့ကိုမှ သတိမပြု ဂရုမထားအလကား အသုံးမကျရှိလှသည်။ ဤခြေရာရှင်ကား သင့်သမီးကိုထား၍ နတ်ဒေဝစ္ဆရာများကိုတောင် ကိလေသာနှင့် ပြစ်မှားမည့်သူမဟုတ်၊ အာသဝေါကင်းကွာ၍ ရဟန္တာစင်စစ်ကြီး မုချဆတ်ဆတ်ဖြစ်နေသည်။ သင်ကိုယ်တိုင် ခြေရာကို ပြန်ကြည့်စမ်းပါဦး၊ ခြေရာသည် မြေသားပေါ်၌ ရွှေပြားတွင် တံဆိပ်သွင်းသကဲ့သို့ ပြန့်ပြန့်ပြောပြောရှိနေသည်။

ကိလေသာထူပြောသောသူတို့၏ ခြေရာသည် အလယ်တွင် ဟော က်ပက်သဖြင့်တပြေးတည်း မထင်နိုင်ရှိကြသည်။ ဒေါသများသူ၏ခြေရာသည် ခြေဖနောင့်ကို ဆောင့်နင်းသကဲ့သို့ နောက်သို့ ငင်လျက်ရှိကြသည်။ မောဟများသူ၏ ခြေရာသည် ခြေဖျားနှင့် ခြေဖနောင့် ဖိ၍နင်းသကဲ့သို့ ရှေ့စွန်းနောက်စွန်း ထင်ရှားနေတတ်သည်။

ယခုခြေရာရှင်ကား သမ္မာသမ္ဗုဒ္ဓခြေရာသာဖြစ်၍ အသင်၏သမီးနှင့်ပေးစားဖို့လုံးဝမဖြစ်နိုင်။ သင်ကြိုးစားသော်လည်း အချည်းနှီးသာဖြစ်ရလတ္တံ့." ဟု ဆိုသည်။

ပုဏ္ဏားကြီးကတော့ မယား၏စကားကို နားမဝင်နိုင်ပါ၊ ဇမ္ဗူဒီပါတစ်ကျွန်းလုံးဝယ် ရှာမှရှားသော ယောကျ်ားကိုသာ စေတနာလွန်နေမိသည်။ ထို့ကြောင့် –

"အိမ်တုန်းကလည်း နင်ကြန့်ကြာနေ၍ ယောကျ်ားမြတ်နှင့်လွဲခဲ့ရသည်။ အခုလည်း နင်စကားများနေ၍ ထိုယောကျ်ားနှင့် ဝေးသထက်ဝေးနေတော့မည်။ ထိုယောကျ်ားမြတ်၏ ရှေးရှုရာခရီးကို လိုက်ကြကုန်အံ့" ဟု သမီးကို လက်ဆွဲ၍ လိုက်ပြန်လေသည်။

ပုဏ္ဏေးမကြီးက ပြောမရသောလင့်နောက်ကို လိုက်ပါခဲ့ရသည်။ ရွာသူရွာသားများကလည်း သူတို့နောက်က စုရုံးဝိုင်းအုံ၍ လိုက်ကြပြန်သည်။ သတို့သားအိမ်သို့ သတို့သမီးကိုပို့ကြသော မင်္ဂလာအခမ်းအနားနှင့်ပင် တူနေချေတော့သည်။

နိဂုံးတစ်နေရာသို့အရောက်တွင် မြတ်စွာဘုရားအား တွေ့မြင်ရသည်။

"အရှင်ရဟန်း– ဤကား အလွန်လှပတင့်တယ်သော ယောကျ်ားတစ်ပါးနှင့်မထိုက်တန်သော ကျွန်ုပ်၏ သမီးပါတည်း။ ရှင်ရဟန်းအား ကျွန်ုပ်ကိုယ်တိုင် ဆောက်နင်းပါ၏။ လက်ခံတော်မူပါ" ဟု တဲ့တိုးကြီး ပေးအပ်လိုက်သည်။

မြတ်စွာဘုရားသည် 'ဤနေရာ ဤအခါကား ဤလင်မယားကို တရားဟောချိန်တန်ပြီ' ဟု ရွှေဉာဏ်တော်ဖြင့်သိကာ ဤသို့ ပြန်ကြားတော်မူလိုက်သည်။

"ပုဏ္ဏားကြီး၊ ငါဘုရားဖြစ်တော်မူစက ဝသဝတ္တီနတ်ပြည်မှ တဏှာ, ရာဂါ, အရတိဟု အမည်ရှိကုန်သော မာရ်နတ်၏ နတ်သမီးအစစ်ဖြစ်သူတို့သည် အဆင်းသုံးသွယ်

အရွယ်သုံးမျိုးတို့ဖြင့် ချစ်ရေးမြှူကာ သွေးဆောင်လာကြသည်သော်မှ ငါဘုရားသည် ကိလေသာစက် သုံးထောင်ဝက်ကို ဖြိုဖျက်တိုက်လှန် လက်ခံတော်မမူ၊ ယခု သင်၏ သမီးကား ကျင်ငယ်ကျင်ကြီး ရွံစဖွယ်အသီးသီးတို့ ယိုစီးမလောက် ပြည့်လျှမ်း၍ နေသည် ဖြစ်ရာ ပြစ်မှားဖို့ထား၍ ခြေဖျားနှင့်မျှ ငါမထိတို့လိုပါ” ဟု ဆိုလိုက်သည်။

ဝိုင်းအုံကြည့်ရှုနေကြသော ရွာသားတို့မှာ ‘ဟာခနဲ’ အသံထွက်၍ မာဂဏ္ဍီ အား ကွက်ခနဲ ကြည့်လိုက်ကြသည်။ မာဂဏ္ဍီမှာတော့ ရှက်ဒေါသဖြင့် တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်နေသည်။

မြတ်စွာဘုရား အလိုတော်ကား မာဂဏ္ဍီပုဏ္ဏားလင်မယားကို အသုဘအစစ် ကာယာနုပဿနာဖြစ်အောင် အလွန်လှပသော တပ်မက်စရာကောင်းသော နှစ်လိုချီးမွမ်း ဖွယ်ဖြစ်သော သမီးမာဂဏ္ဍီ၏ကိုယ်ကို ကသိုဏ်းဝန်းတင် ပေးလိုက်ခြင်းဖြစ်သည်။ အရဟတ္တဖိုလ်ပေါက် ဧကန်ရောက်အံ့သော သာဝကနှစ်ယောက်၏ အကျိုးကိုသာ ငဲ့ညှာကယ်တင်တော်မူလိုရင်း ဖြစ်သည်။ ဖြစ်လာအံ့သော သမီးမာဂဏ္ဍီ၏ အမျက် အာဃာတကို ဂရုပြုတော်မမူချေ။ (အကျယ်ကို မာဂဏ္ဍီယသုတ်တွင်ရှု။)

တရားဓမ္မကို လူလိမ္မာပညာရှိ ပါရမီရင့်သန်သူများသာ နှစ်ခြိုက်လိုလား၍ ကုသိုလ် တရားဖြစ်အောင် ဆက်လက်ကျင့်ဆောင်နိုင်ကြသည်။ အဝိဇ္ဇာမှောင်ကြီးကျ၍ လူ့အန္ဓ မိုက်မဲသူများအဖို့ကား အနာပေါ်တုတ်ကျသလို အခံရခက်တတ်လေသည်။

ဗုဒ္ဓသခင်၏ အမြိုက်တရားသည် ဖခင် မာဂဏ္ဍီ မိခင်မာဂဏ္ဍီတို့အား အနာဂါမ် တည်သွားအောင် အကျိုးဖြစ်စေ၏။ သမီးမာဂဏ္ဍီအဖို့ကား “ငါ့ကိုမယူလိုလျှင် လက်မခံဟုသာ ငြင်းဖို့ကောင်းသည်။ ငါ့လောက်လှတဲ့မိန်းမကို ‘အရုပ်ဆိုးစွ အပုပ်အသိုးမ’ ဟု ရှုတ်ချသည်သာမက ‘ခြေဖျားနှင့်တောင် မထိမတို့လို’ ဟု လူပုံအလယ်မှာ ပြောလိုက်သည်ကတော့ လွန်လွန်းသည်။ ငါ့အရှက်ကို တမင်ခွဲသည့်သင်းကို ဘယ်တော့မှ မကျေ” ဟု ထိုအချိန်မှစ၍ ဗုဒ္ဓအပေါ်ဝယ် အာဃာတထားလိုက်လေသတည်း။

အနာဂါမ်တည်ပြီးသော မာဂဏ္ဍီလင်မယားသည် သမီးအား ဘထွေးဖြစ်သူ စူဠမာဂဏ္ဍီထံ အပ်နှံပြီးသည့်နောက် ဘိက္ခု ဘိက္ခုနီအဖြစ် သာသနာတော်သို့ဝင်ကာ ကျင့်ကြံအားထုတ်ကြသဖြင့် ရဟန္တာမထေရီနှင့် ရဟန္တာထေရ်အသီးသီး ဖြစ်သွားကြလေ သည်။

ဘထွေး စူဠမာဂဏ္ဍီသည် တူမတော်ကို ဥတေနမင်းထံ ပို့ဆက်လိုက်လေရာ အလွန်လှပသည်ဖြစ်သောကြောင့် အဆောင် တသီးတခြားဖြင့် မိဖုရားအရာ မြှောက်စား တော်မူသည်။ ထိုအခါက ဥတေနမင်း၌ အဂ္ဂဒေဝီ သာမာဝတီမိဖုရားအပြင် စန္ဒပဇ္ဇောတ မင်း၏သမီး ဝါသုလဒတ္တာမိဖုရားလည်းရှိသည်။

မာဂဏ္ဍီမိဖုရားကို ချီးမြှောက်ပြီးသောအခါ ဥတေနမင်းက မိဖုရားအဆောင် သုံးခုတွင် ခုနစ်ရက်စီ ပြောင်းရွှေ့ခံစားတော်မူသည်။

တစ်နေ့တွင် မာဂဏ္ဍီမိဖုရားသည် အဂ္ဂမဟေသီသာမာဝတီမိဖုရားကြီးအဆောင်

သို့ အလည်အပတ်ရောက်သွားသည်။ ထိုမိဖုရားကြီး အဆောင်နံရံ၌ အပေါက်ငယ်များ ဖောက်ထားကြသည်ကို ထူးထူးဆန်းဆန်းမြင်ရသည်။ စပ်စုမေးမြန်းကြည့်သည့်အခါ ဗုဒ္ဓမြတ်စွာသည် ကောသမ္ဗီသို့ ရောက်ရှိနေကြောင်း၊ ထိုဘုရားမြတ်စွာနှင့် နောက်ပါ သံဃာတော်များ ဆွမ်းခံကြွတော်မူကြသည့်အခါ ထိုအပေါက်ငယ်များမှ မိဖုရားကြီးနှင့် အခြွေအရံများသည် ဗုဒ္ဓသခင်ကို ရှုမြင်ဖူးမြော်ကြရကြောင်း ကြားလိုက်ရသည်။

ဥတေနမင်းသည် ရတနာသုံးပါးကို ကြည်ညိုတတ်သူမဟုတ်၍ သာမာဝတီ မိဖုရားက ဗုဒ္ဓမြတ်စွာအား ထင်ထင်ပေါ်ပေါ် ဖူးမြော်နိုင်ရန် အခွင့်အရေးမရှိခြင်းကြောင့် 'ချောင်းကြည့်' ပေါက်များ လျှို့ဝှက်စွာ ဖောက်ထားကြရဟန်တူသည်။ သာမာဝတီ မိဖုရားကြီးသော်မှ လက်ပါးစေ ခုဇ္ဇုတ္တရာ ခါးကုန်းမ အပျိုတော်ကြီးမှတစ်ဆင့် ဗုဒ္ဓ၏ ဒေသနာတော်ကို ကြားနာသက်ဝင် မြတ်နိုးလာရခြင်းဖြစ်သည်။

မာဂဏ္ဍီ၏ အာဃာတသည် မီးကျီးခဲကို မှုတ်လိုက်သကဲ့သို့ မိမိရန်သူဖြစ်သော ဗုဒ္ဓကိုကြည်ညိုသူ သာမာဝတီမိဖုရားသို့ ကူးစက်ပြန့်ပွား အငြိုးထားလိုက်လေသည်။ ဥတေနမင်းအား –

"မိဖုရားကြီး သာမာဝတီသည် ဖောက်ပြားလော်လီလိုသဖြင့် တစ်စုံတစ်ယောက် သောသူအား ငံ့မျှော်နေသည်ကို တွေ့ရပါသည်။ တစ်နေ့တွင် အရှင်မင်းကြီး၏ အသက် ကိုပင် ရန်ရှာမည်စိုးရပါသည်။ မယုံလျှင် သာမာဝတီ၏အဆောင်တော်ကို စစ်ဆေး ကြည့်ရှုတော်မူပါ" ဟု ကုန်းစကားဆို၏။

ဥတေနမင်းက သာမာဝတီအဆောင်သို့သွား၍ စစ်ဆေးသောအခါ အပေါက်ငယ် များကို တွေ့သဖြင့် မေးတော်မူသည်။ သာမာဝတီမိဖုရားကြီးက–

"ဗုဒ္ဓသခင် ဆွမ်းခံဝင်တော်မူလာသည့်အခါ ဖူးမြော်ကြည်ညိုရန် ဖောက်ထား ပါသည်" ဟု ရိုးသားစွာ လျှောက်ထားသောကြောင့် မင်းကြီးက အပြစ်တစုံတရာ မယူဘဲ အပေါက်များကိုသာ ပိတ်စေတော်မူသည်။

မာဂဏ္ဍီသည် မိမိထိုးလိုက်သောလှံချက်က မစူးဝင်သောကြောင့် မကျေမချမ်းဖြစ်နေ ရသည်။ ထို့နောက် မာဂဏ္ဍီက အရက်သမားလူယုတ်မာများကို စုရုံးစေ၍ မြတ်စွာဗုဒ္ဓ ဆွမ်းခံကြွတော်မူလာတိုင်း ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ ဘယ်ညာ အရပ်တို့မှလည်းကောင်း၊ အယုတ္တ၊ အနတ္တ၊ ဆဲရေးခြင်း အမျိုးမျိုးဖြင့် ကြမ်းတမ်းစွာ လိုက်ပါဆဲရေးစေသည်။

ထိုအခါ အရှင်အာနန္ဒာက ဗုဒ္ဓသခင်အား အရပ်တစ်ပါးသို့ လွှဲပြောင်းကြွသွား ဆွမ်းခံတော်မူရန် တောင်းပန်သည်။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်–

"ချစ်သားအာနန္ဒာ၊ ဆဲရေးသော ဤအရပ်မှ အခြားသောအရပ်သို့ လွှဲဖယ်ကြွ သွားတော်မူသည့်တိုင်အောင် ထိုအရပ်က ဆဲရေးပြန်သော် အဘယ်သို့ရှိလိမ့်မည်နည်း၊ မစိုးရိမ်ပါနဲ့ အာနန္ဒာ၊ ထိုသူတို့ ဆဲရေးခြင်းသည် ခုနစ်ရက်အတွင်းပင် ရပ်စဲသွားကြ ပါလိမ့်မည်" ဟု မိန့်တော်မူသည်။

ဆဲရေးသူတို့သည် မိမိတို့က ဆဲရေးခြင်းကြောင့် ခံရသူက နာကျည်းသွားမှ ဆဲရကျိုးနပ်သည်။ မိမိက ဒေါသဖြင့် ရိုက်နှက်လိုက်သောသူသည် တုန့်ပြန်မှုရှိမှ ဒေါသထွက်ရကျိုးနပ်ကြပေသည်။ ခွန်းတုံ့မပြန် အရိုက်အနှက်ခံနေသောသူတို့အား နှိပ်စက်ရခြင်းသည် တဖြည်းဖြည်း ငြီးငွေ့စရာသာ ဖြစ်လာသည်။ နှိပ်စက်သူတို့သာ ပင်ပန်းနေတတ်ကြသည်။ တစ်ယောက်တည်း တစ်ဖက်တည်းက ရန်ဖြစ်နေရခြင်းသည် အရသာမရှိ၊ ပျင်းရိဖွယ်သာ ဖြစ်သည်။ ထို့ကြောင့် အရက်သမားများ၏ ဆဲရေးခြင်းတို့သည် ဗုဒ္ဓ မြတ်စွာမိန့်တော်မူသည့်အတိုင်း ခုနစ်ရက်ကလွန်သော် ပျောက်ကွယ်ရပ်စဲကုန်ကြတော့သည်။

အာဃာတကြီးသော မာဂဏ္ဍီက တစ်ဆင့်တိုး၍ တစ်မျိုးကြံပြန်သည်။ ဘထွေးစူဠမာဂဏ္ဍီအား ကြက်အသေ လေးကောင်၊ ကြက်အရှင်လေးကောင် တိတ်တဆိတ်ယူခဲ့ရန် မှာကြား၏။ ထို့နောက် ဥတေနမင်းအရက်သောက်ရာသို့ ကြက်အရှင် လေးကောင်ကိုယူခဲ့၍ ဟင်းချက်ကောင်းလှသော သာမာဝတီမိဖုရားအား –

"မောင်တော်ဘုရား ပွဲတော်တည်ရန် ချက်ပြုတ်စီမံ၍ ပို့ဆက်ပါစေဘုရား" ဟု ခိုင်းတော်မူစေသည်။

ဥတေနမင်းက သာမာဝတီအဆောင်သို့ ကြက်အရှင် လေးကောင်ပို့စေ၏။ အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော သီလကိုစောင့်ထိန်းနေသူ သာမာဝတီမိဖုရားက 'တိရစ္ဆာန် အရှင်လတ်လတ်ကိုသတ်၍ မချက်ဝံ့ပါဘုရား' ဟု ပြန်ကြား၍ ကြက်အရှင်များကို ပြန်ပို့လိုက်သည်။

ထိုအခါ မာဂဏ္ဍီက ထိုကြက်အရှင်များကိုပင် –

"ရဟန်း ဂေါတမ ဆွမ်းအလို့ငှာ ချက်ပြုတ် စေပါဦးဘုရား" ဟု ခိုင်းပြန်သည်။ ဥတေနမင်းကလည်း (အရက်မှိုဝဲဆဲဖြစ်၍) မာဂဏ္ဍီခိုင်းသည့်အတိုင်း မိန့်ကြားပို့သစေရာ ထိုအခါမှာတော့ မာဂဏ္ဍီက ကြက်အရှင်လေးကောင်ကို ကြက်အသေလေးကောင်နှင့် လမ်းခရီးအကြားမှာ လဲလှယ်ပေးလိုက်လေသည်။

သာမာဝတီက ပံ့သကူပစ္စည်းဖြစ်သော ကြက်အသေလေးကောင်ကိုတော့ လက်ခံထားလိုက်သည်။

"မောင်တော်ဘုရား၊ မောင်တော်မင်းမြတ် အရက်သေစာနှင့် ပွဲတော်တည်ရအောင် စီမံပေးပါဟုဆိုသည့်အခါက သူတစ်ပါးအသက်ကို မသတ်ဝံ့ကြောင်းနှင့် ဆင်ခြေပေးကာ ပြန်ပို့ပါသည်။ ယခု သူ၏ ရဟန်း ဂေါတမအတွက်ကိုတော့ သူတစ်ပါး၏အသက်ကို သတ်၍ ချက်ရမှာ ဝန်မလေးကြောင်းသိသာနေပါပြီ။ ထိုအချက်ဟာ တစ်ရက်ရက်တွင် မောင်တော်ဘုရားအားသတ်၍ ရဟန်းဂေါတမအား နန်းအပ်ကာ ဘုရင်အဖြစ် မြှောက်တင်နိုင်သော သဘောရှိသည် မဟုတ်ပါလား၊ စဉ်းစားတော်မူပါဘုရား" ဟု ကုန်းတိုက်ပြန်သည်။ မင်းကြီးက ဆိတ်ဆိတ်နေလိုက်၏။

မာဂဏ္ဍီ၏ အာဃာတသည် ကြံတိုင်းမဖြစ်သဖြင့် တိုး၍တိုး၍ အငြိုးကြီးလာခဲ့သည်။ ဤတစ်ခါတော့ 'မင်းကြီးကိုယ်တိုင် အသက်အန္တရာယ်နှင့် နီးစပ်ကြောင်း

ယုံကြည်လာအောင် ပြယုဂ်တစ်ခုပြမှ တော်တော့မည်' ဟု စဉ်းစား၍ အကြံယူနေသည်။ လူတို့မည်သည် မိမိအသက်ကို သေကြောင်းကြံသည်ဟု ထင်လိုက်လျှင် သည်းခံခွင့်လွှတ်ခြင်း မရှိနိုင်ကြပေ။

မာဂဏ္ဍီက မြွေဟောက်တစ်ကောင်ကို အစွယ်ချိုး၍ တိတ်တဆိတ် ယူလာခဲ့ရန် ဘထွေးထံ အမြန်မှာကြားလိုက်သည်။ မာဂဏ္ဍီ၏အာဃာတကို ခွဲဝေမျှတ ယူထားသော စူဠမာဂဏ္ဍီကလည်း သူ့တူမ မှာထားသည့်အတိုင်း ဆောင်ရွက်ပေးသည်။

ဘုရင်ဥတေနက စောင်းတီးရန် အလွန်ဝါသနာပါတော်မူသည်။ မိဖုရားသုံးပါး၏ အဆောင်များတွင် ခုနစ်ရက်စီ လှည့်လည်စံစားတော်မူသည့်အခါ စောင်းကို တစ်ပါတည်း ယူဆောင်၍ တီးခတ်နေတတ်သည်။ ထိုအချက်ကိုသိသော မာဂဏ္ဍီက သာမာဝတီ မိဖုရားကြီးထံ အဆောင်တော်ကူးမည့်အခါတွင် စောင်းအိုးအတွင်းသို့ နတ်ပေါက်မှ မြွေကိုထည့်ကာ ပန်းများနှင့်အပေါက်များကို ပိတ်ဆို့ထားလိုက်သည်။ ပြီးတော့ ဘုရင်မင်းတရားကြီးအား သနားစဖွယ် ကယုကယနှင့်လျှောက်ထားလိုက်သည်။

"မောင်ဘုရားအတွက် နမတော် မကောင်းသောအိပ်မက်များ မြင်မက်ပါသည်။ မိဖုရားကြီးအဆောင်၌ စံစားတော်မူသည့်အခါမှာ သတိကြီးစွာ ရှိတော်မူပါစေဘုရား"တဲ့။

အရက်ခိုးကလေး ရီရီဝေဝေနှင့် မှုန်မပြေဖြစ်နေတဲ့ ဥတေနမင်းကတော့ ညင်းညင်းကလေးသာရယ်ပြီး စောင်းတော်ပိုက်၍ အစီအစဉ်အလိုက် အဆောင်တော်ကူးတော်မူသွားသည်။

နောက်တစ်နေ့တွင် မာဂဏ္ဍီက သာမာဝတီမိဖုရားအဆောင်သို့ လိုက်သွားသည်။ မာဂဏ္ဍီပုဏ္ဏေးမကလေးသည် ပျိုမျစ်နုနယ်အရွယ်ကလည်းငယ်သဖြင့် ဥတေနမင်းကြီးကိုယ်တိုင်က အလိုတော်လိုက်ထားတော်မူသောကြောင့် အဆောင်ဆောင် အနန်းနန်းကို ဖြတ်သန်းထွက်ဝင်ခွင့် ရရှိနေပါလိမ့်မည်။

ဥတေနမင်းက သာမာဝတီမိဖုရား ခစားလျက် စောင်းတော်ကိုတီးရန် ရင်ဝယ်ပိုက်၍ စောင်းညှို့များ ညှိလိုက်သည့်အခါ စောင်းအိုးထဲမှာ အနေကြာ၍ ဒေါသဖြစ်နေသော မြွေဟောက်က စောင်း၏လှိုင်းသံကိုမခံမရပ်နိုင်ဖြစ်လာသောကြောင့် ပန်းများနှင့် ဆို့ပိတ်ထားသောနတ်ပေါက်မှ အတင်းတိုးထွက်၍ ပါးပျဉ်းခွက်ခွက်ကြီး ထောင်လိုက်လေတော့သည်။ မင်းကြီးက မြွေနှင့်တကွ စောင်းကို အထိတ်တလန့်ပစ်ချလိုက်သည်။

သာမာဝတီမိဖုရားက အံ့အားအသင့်ကြီးသင့်နေသည်။ ထိုအကွက်ကိုနင်း၍ မာဂဏ္ဍီမိဖုရားက ရင်တီးလက်ခတ် ထိတ်ထိတ်ပျာပျာ ငိုသံပါကလေးဖြင့် လျှောက်လိုက်သည်။

"မောင်တော်ဘုရား၊ သိပြီမဟုတ်လားဘုရား၊ နမတော်ရဲ့အိပ်မက် ဒက်ခနဲမှန်နေတာ" ဤမျှသာ မာဂဏ္ဍီက ပြောဖို့လိုပါသည်။ ဘုရင်အရက်သမားက အထင်မှားသွားလေသည်။ အဆင်ခြင်မဲ့စွာ ချက်ချင်းပင် အမိန့်ထုတ်ပါလေတော့သည်။

"သာမာဝတီမိဖုရားကြီးနှင့်တကွ ခြွေရံငါးရာတို့ကိုပါ လေးတော်နှင့်ပစ်ခွင်း၍ ရန်စရှင်းတော်မူမည်" တဲ့။

ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်လေးမြတ် အသက်ပါအပ်ဝံ့သော သရဏဂုံ တည်မြဲကြသူ သာမာဝတီနှင့် ခြွေရံငါးရာတို့က လေးသည်တော်များနှင့်ရင်ဆိုင်၍ ဥတေန မင်း၏ ဒေါသမာန်ကို သူနိုင်ကိုယ်နိုင် အပြိုင်မေတ္တာပို့နေကြသည်။

ဥတေနမင်းကိုယ်တိုင် ပစ်လွှင့်အပ်သောအဟုန်ကြီးမားသည့်မြားသည် ကျောက်သား ကိုထိ၍ ပစ်သူထံ ပြန်လာသကဲ့သို့ သာမာဝတီမိဖုရားထံမှ ပြန်လာသောကြောင့် ဥတေန မင်းမှာ လျှင်လျှင်လျားလျား ရှောင်ရှားတော်မူလိုက်ရသည်။ ညစ်ကျုမဲမှောင်သော ဥတေန မင်း၏ ဒေါသကို သာမာဝတီမိဖုရားက ဩဒိဿမေတ္တာရေစင်ဖြင့် သုတ်သင် ဆေးကြော ပစ်လိုက်လေသည်။

မိဖုရားကြီး၌ အပြစ်ကင်းစင်ကြောင်း အဝိညာဏက မိမိ၏မြားက သက်သေခံလိုက် သည် မဟုတ်ပါလော၊ ထိုအရေးအခင်းသည် ပရဝါဒီဖြစ်ခဲ့သော ဥတေနမင်းအား သာမာဝတီ မိဖုရားနှင့်တကွ တစ်သားတည်း ဗုဒ္ဓဝါဒီဖြစ်သွားစေ၏။

တစ်နေ့သော်– ဥတေနမင်းက တောကစားထွက်ရန် အစီအစဉ်ပြုသည်။ မာဂဏ္ဍီက 'သူပါလိုက်လိုသည်' ဟု ပူဆာခွင့်တောင်းပြီးသော် စူဠမာဂဏ္ဍီဘထွေးအား ဘုရင်ကြီး တောကစားနေသည့်အခိုက် သာမာဝတီ၏နန်းဆောင်တစ်ခုလုံးကို မီးတိုက်ပစ်ရန် မှာကြား ခဲ့လေသည်။ စူဠမာဂဏ္ဍီက ယုံကြည်စိတ်ချရသော ဆွေမျိုးများကိုခေါ်၍ သာမာဝတီ မိဖုရား၏အဆောင်ကို ထွက်ပေါက်မရှိလေအောင် ရေနံအဝတ်တို့ဖြင့် ပိတ်ဆို့၍ ဝိုင်းဝန်း မီးရှို့လိုက်ကြသည်။

ခြေမြန်တော်သတင်းပို့တွေက အပြေးလိုက်လာ၍ သံတော်ဦးတင်သဖြင့် ဥတေန မင်းနှင့် မာဂဏ္ဍီတို့ နန်းတွင်းသို့ ပြန်ရောက်ကြသည့်ခါ၌ကား သူတော်ကောင်းမကြီးနှင့် တကွ အခြွေအရံတို့ကို ကယ်တင်ခြင်း မပြုနိုင်တော့ပါပေ။

မာဂဏ္ဍီ၏ အာဃာတသည် ဥတေနမင်း၏ဒေါသကို အာဃာတ တစ်ဖန် ဖြစ်လာ စေလေသည်။ တရားခံများကို မိမိကိုယ်တိုင် သတ်ဖြတ်စီရင်လိုသည့် ဗျာပါဒဝိတက်၊ မိမိကိုယ်တိုင် ညှင်းဆဲနှိပ်စက်လိုသည့် ဝိဟိံသာဝိတက်တို့က ဆက်လက်မြှောက်ပေးနေ ကြသည်။

ထို့ကြောင့် ဥတေနဘုရင်က ရာဇပရိယာယ် ရွှေဉာဏ်ခြယ်၍ အယ်လဲဝမ်းသာ သယောင်ယောင် ဟန်ဆောင်၍ ဤသို့ပြောလိုက်သည်။

"ငါ့မှာ နေ့နေ့ညည တထိတ်ထိတ် နေရတဲ့သောက က ယခုမှ ကင်းတော့သည်။ ငါ့ကိုမနှစ်လို၍ အသက်ကိုပင် ရန်ရှာခဲ့ကြသော မိဖုရားနှင့် အပေါင်းပါတို့အား ငါ၏ ကိုယ်စား မီးလောင်တိုက်သွင်းယလို ရှင်းလင်းသုတ်သင်ပေးကြသည့် အမှုတော်ထမ်း တို့အား ကျေးဇူးတင်လှပါဘိသည်။ ထိုသူတို့အား ကျေးဇူးဆပ်ရန် အစီအမံ ကြီးကျယ်စွာဖြင့် ချီးမြှောက်ပေးတော်မူလိုသည်" ဟု မိန့်တော်မူသည့်အခါ အဆင်းသာရှိ၍ အချင်းမရှိသော ပုဏ္ဏေးမ မာဂဏ္ဍီသည် –

"မိမိနှင့် မိမိ၏ဆွေမျိုးများ၏ အစီအမံသာဖြစ်ကြောင်း"

ရင်ကိုကော့၍ မျက်နှာလေးမော့မော့ဖြင့် ခပ်ကြွားကြွား ဝန်ခံလိုက်လေသည်။

ဥတေနမင်းသည် မာဂဏ္ဍီမိဖုရားနှင့် ဆွေမျိုးအားလုံးကို ဆင့်ခေါ်၍ ဖမ်းဆီးကာ မြေတွင် ကိုယ်တစ်ဝက်အထိမြှုပ်စေပြီး မီးနှင့်မြိုက်ကာ ထွန်သွားဖြင့် တိုက်သတ်တော်မူလေသတည်း။

ဤအဖြစ်အပျက်သည် အာဃာတ၏အကျိုးမဲ့ကို အဆင့်ဆင့် ဆင်ခြင်၍ သြတ္တပ္ပ သံဝေဂ ရယူနိုင်ကြရန်ဖြစ်သည်။

မာဂဏ္ဍီသည် ဗုဒ္ဓမြတ်စွာအား မလိုမုန်းထား၍ အာဃာတ စတင်သည်။ မြတ်စွာဘုရားအား ဝပ်တွားကြည်ညိုသူ သာမာဝတီမိဖုရားနှင့် အပေါင်းပါတို့အပေါ်ဝယ် မိမိအာဃာတ ကူးစက်သွားသည်။ မိမိက မုန်းသူကို ဆွေမျိုးများကပါ မုန်းလာအောင် အာဃာတထားစေသည်။

ဘုရင် ဥတေနမင်းကိုလည်း မိမိက မုန်းသူကိုမုန်းရအောင် ကြံဆောင်ဖန်တီးသည်။ နောက်ဆုံး မိမိ၏ အစီအမံဖြင့် သာမာဝတီမိဖုရားနှင့် အခြွေအရံတို့အား ဆွေမျိုးများက မီးတိုက်စေသည်။

သေခြင်းမလှ သေရှာကြရသော မိဖုရားနှင့် အပေါင်းပါတို့အတွက် ဥတေနမင်းက ဒေါသဖြစ်လာသည်။ ထိုဒေါသမှ လက်စားချေလိုသော အာဃာတဖြစ်လာရပြန်သည်။ ထိုအာဃာတကြောင့်ပင် မာဂဏ္ဍီနှင့်တကွသော ဆွေမျိုးများပါ အတိဒုက္ခမရှုမလှ အသက်ဆုံးကြရသည်။

အာဃာတဟူသည်ကား မူလအပင်မှစ၍ မီးစွဲလျှင် တောမီးပမာ တစ်တောလုံးကို လောင်မြိုက်ပျက်စီးစေသော ဘေးဆိုးကြီးနှင့် တူလှချေ၏တကား။

ဦးမင်္ဂလာသည် 'ဒေါသစိတ်မဖြစ်အောင် သတိထားမည်။ ဒေါသစိတ်ဖြစ်လာသော်မှ အာဃာတအထိ မဖြစ်အောင် မိမိစိတ်ကိုမိမိ စောင့်ထိန်းတော့မည်' ဟု သန္နိဋ္ဌာန် ချလိုက်မိသောဟူ၏။ ။

* * *

(၁၆)

# ကိုယ့်ထက်သာ မနာလို

ဦးမင်္ဂလာသည် အာဃာတဆိုသော ရန်ငြိုးဖွဲ့သည်စိတ်ကို ဆင်ခြင်ပြီးသည့်နောက် ဣဿာဆိုသောစိတ်မျိုးကို ဆက်၍ စဉ်းစားကြည့်မိသည်။

ထိုဣဿာဆိုသောစိတ်၏နောက်၌ မစ္ဆေရ (မစ္ဆရိယ) ဆိုသောစိတ်က တွယ်ကပ်လိုက်ပါလာလေ့ရှိသည်ကိုလည်း သတိပြုမိသည်။

ဣဿာဟူသောအဓိပ္ပာယ်မှာ ငြူစူခြင်းဟူ၍ ဖွင့်ဆို၍ မစ္ဆေရကို ဝန်တိုခြင်းဟု ဖွင့်ဆိုတော်မူကြသည်။

မြန်မာစကားဖြင့်ရှင်းရှင်းဆိုရလျှင် ဣဿာကို မနာလိုခြင်းဟု ပြောနိုင်၍၊ မစ္ဆေရကို သဝန်ကြောင်ခြင်းဟု ပြောနိုင်လိမ့်မည်ထင်သည်။ (နမြောတွန့်တို မပေးလိုခြင်း မဟုတ်)

မစ္ဆေရဟူသည်မှာ ကိုယ့်ဥစ္စာကိုလည်း မပေးလို၊ ကိုယ့်ဥစ္စာဂုဏ်သိန်နှင့်တူသော ဥစ္စာစည်းစိမ် ဂုဏ်သိန်ကို သူတစ်ပါးတို့ရသွားမည်ကိုလည်း စိုးရိမ်သည်။

၁။ အာဝါသမစ္ဆေရ = မိမိနေသောကျောင်း အာရာမ်စသည်ကို အခြားသူတော်ကောင်းရဟန်း လာရောက်ခြင်းကို အလိုမရှိခြင်း၊ လာလျှင်လည်း အမြန်ပြန်စေလိုခြင်း။

၂။ ကုလမစ္ဆေရ = ရဟန်းတော်များအတွက် မိမိအား ကိုးကွယ်ကြည်ညိုလှူဒါန်းနေသည့် ကိုယ့်ဒါယကာတစ်ဦးက တစ်ပါးသောရဟန်းအား မိမိထက် သဒ္ဓါကြည်ညိုထောက်ပံ့လှူဒါန်းနေခြင်းကို မနာလိုခြင်း။ ထောက်ပံ့ကြည်ညိုသွားမည်ကို စိုးရိမ်ခြင်း။

လူများအတွက်မူ မိမိအား ထောက်ပံ့ချီးမြှောက် အားကိုးအားထားပြုလောက်သော အာဏာရှိ, ပစ္စည်းရှိ သြဇာရှိသည့် ပုဂ္ဂိုလ်ကြီးက မိမိထက် သူတစ်ပါးအား သာလွန်ချစ်ကြည် အခွင့်အရေးပေးသည်ကို မနာလို မရှုဆိတ် မခံမရပ်နိုင်ဖြစ်နေခြင်း၊ နီးစပ်ကျွမ်းဝင်သွားမှာကိုပင် စိုးရိမ်ကြောင့်ကြနေတတ်သောစိတ်မျိုးဟု ဆိုနိုင်ပေလိမ့်မည်။

၃။ လာဘမစ္ဆေရ = ရဟန်းတို့၌ သူတစ်ပါးက မိမိထက် အလှူအတန်း ပူဇော်သက္ကာရပွားများစွာ လက်ခံနေရခြင်း။

လူတို့၌ဆိုလျှင် စီးပွားဖြစ်ထွန်းနေခြင်း၊ ဝင်ငွေကောင်းနေခြင်း အကြံအဖန် အပေါက်အလမ်းတည့်နေခြင်း စသည်စသည်တို့ကို မနာလို မရှုဆိတ်နိုင်သည့်သဘော၊ ကိုယ်နှင့်တန်းတူဖြစ်နေလျှင်လည်း သူ့ထက်မသာရ၍ သူ့ကိုလည်း မကျေနပ်နိုင်၊ မိမိကိုယ်ကိုလည်း မကျေနပ်နိုင်သည့်စိတ်မျိုးဖြစ်သည်။ ဒါလည်း နီးစပ်လေ ဒုက္ခပေးလေဖြစ်တတ်သည်။

၄။ ဝဏ္ဏမစ္ဆေရ = သူတစ်ပါးက မိမိထက် ရုပ်ဆင်းအင်္ဂါနုနယ်ပျိုမျစ်ရှင် လန်းကြည်လင်သောကြောင့် သူတကာက နှစ်လိုချစ်ခင်နေကြခြင်းကို မိမိက မနာလို မရှုဆိတ်နိုင်အောင်ဖြစ်သည့် သဘောမျိုးကို ဆိုလိုသည်။

ဝဏ္ဏဟူသည် အဆင်းရောင်သာမက ပျိုနုနယ်ခြင်းကိုလည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်။ ထိုသဘောမျိုးကလည်း နီးစပ်လျှင် နီးစပ်သလောက် စိတ်ဖောက်ပြန် တတ်သည်။ မုဒိတာသာ မဖြစ်နိုင်လျှင် သမီးရည်းစား၊ လင်မယားတို့အတွင်း၌ပင် ကြိတ်မနိုင် ခဲမရဖြစ်တတ်သည်။ လူလူချင်းပင် မဆိုထားနှင့် မိမိစီးလာသော ဆင်ဖြူတော် ၏ ကျက်သရေကို လူအများက ဝိုင်းဝန်းချီးမွမ်းကြည်ညိုကြသောကြောင့် မိမိပိုင် ရတနာ ဖြစ်သော ထိုဆင်ဖြူတော်ကိုပင် သေကြောင်းကြံသည့် ရှင်ဘုရင်တစ်ပါးရှိခဲ့ကြောင်း ဘုရားဟောတော်မူခဲ့သည်။

၅။ ဓမ္မမစ္ဆေရ = မိမိတတ်သိထားသော လျှို့ဝှက်သော ကျမ်းစာ၊ လျှို့ဝှက် သော စကားအစဉ်ကို သူတစ်ပါး မသိစေလိုခြင်း၊ သင်ပြမပေးခြင်း။

ထိုစိတ်မျိုးငါးပါးကို သာမန်အားဖြင့် ပေါ့ပေါ့ဆဆ တွေးသူများက သဘောထား သေးသည်၊ သဘောထားနုသည်၊ သဝန်ကြောင်သည်၊ မနာလိုတိုရှည်ဖြစ်သည်၊ အောက် တန်းကျသည်ဟု အလွယ်တကူပြစ်တင်ကဲ့ရဲ့တတ်သော်လည်း မိမိတို့၏စိတ်ကို မလိမ် မညာ မကွယ်မဝှက် မဖုံးမဖိ ဟန်မဆောင်ဘဲ 'စိတ္တာနုပဿနာ' သာ ပြုကြည့်မည်ဆိုလျှင် ထိုဣဿာမစ္ဆေရသည် မိမိကိုယ်တိုင်ကို မဆိုထားနှင့် ဆရာတော်သမားတော်ကြီးများမှ အစ ဘုရင်ဧကရာဇ် ပညာရှိ ပဏ္ဍိတ်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ တိုင်းသိပြည်ကျော် ထင်ပေါ်သော ပုဂ္ဂိုလ်ကြီးများနှင့်တကွ လက်လုပ်လက်စား ဆင်းရဲ သား ပါမွှားတို့အထိ ဝင်ရောက်ချောက်ချားသည်ကို မသိမသာ လက်ခံနေရတတ်ကြောင်း ပေါ်လွင်လာပါလိမ့်မည်။

ထိုသူများအနက်မှာ 'ငါသည်ကော ရောရောနှောနှော လိုမ့်၍ခံနေရသည် မဟုတ် လော' ဟု ဦးမင်္ဂလာက တွေးကြည့်မိပါသည်။

'အာဃာတ' ရန်ငြိုးဖွဲ့ခြင်းမှပဋိဃ အကျိတ်အခဲဖြစ်လာရသကဲ့သို့၊ ဣဿာမနာ လို၍ မစ္ဆေရ သဝန်ကြောင်ခြင်း ဖြစ်လာရသည်။ ထိုစိတ်မျိုး ပြင်းထန်လာလျှင် မနောက် လောက်နှင့် အငြိမ်မနေတော့ဘဲ မလိုတမာ၊ အမနာပ၊ အပုပ်ချခြင်း၊ ကုန်းချောခြင်း၊ သွေးခွဲ သောစကားမျိုးပြောခြင်း၊ ချောက်ချခြင်း၊ အဆင်းတွင် ဘီးတပ်ပေးခြင်း၊ မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍ ပြောဆိုခြင်း၊ တစ်ဆိတ်ကို တစ်အိတ်လုပ်၍ မုန်ဘီလူးနှင့် ပုံကြီးချဲ့ခြင်း စသောစသော ဝစီကံများ မီးပွားလာပြီးသည့်နောက် ကာယကံမြောက် အကျိုးယုတ် အရှက်ကွဲ စိတ်ဆင်းရဲ လူဆင်းရဲဖြစ်သွားစေသည်အထိ ပြုမိမှားဖို့ ဝန်မလေး တတ်ကြချေ။

ဤအခါမျိုးတွင် လူနှင့်လူချင်း၌ လွတ်လပ်စွာ တုပယှဉ်ပြိုင်ကြိုးစားနိုင်ကြ၍ စိတ်၏ထွက်ပေါက် ထွက်မြောက်နိုင်စရာရှိသေးသည်။

ဥပမာ အာဝါသနှင့်ပတ်သက်၍ သူက တစ်ထပ်တိုက်ဆောက်လျှင် ကိုယ်က

နှစ်ထပ်တိုက်ဆောက်နိုင်အောင် တရားသောနည်း၊ မတရားသောနည်း၊ မည်သည့်နည်းဖြင့်ဖြစ်စေ ကြိုးစားနိုင်ဖို့ အခွင့်အရေးများ ရှိသေးသည်။

ရဟန်းတော်များအတွက်မူဝိနည်းတော်အရ သူ့ထက်သာအောင် ဆောက်လုပ်နိုင်ခွင့်မရှိရှာကြပေ။ ကိုယ့်ကျောင်းတွင် ရဟန်းတစ်ပါး လာရောက်ခိုလှုံနေသည်ကိုလည်း သဝန်ကြောင်တတ်ကြသည်။

ဝဏ္ဏဆိုလျှင်ကော လူတွေက 'နဂိုမရှိဘဲ နဂိုင်းကလေးထွက်အောင်' ဝတ်စားတန်ဆာအားဖြင့်သော်လည်းကောင်း၊ အဆိုး, အခြယ်, အလှယ်, အသ, သက္ကရာဇ်ဖြိုလို့ရကြသေးသည်။ ရဟန်းတော်များမှာမူကား အဝတ်အစားကိုလည်းကွန့်၍ လွန့်၍ အဆင်ဆန်းများနှင့် မဖုံးလွှမ်းနိုင်၊ ဆံပင်ဆိုးခြင်း၊ အခြယ်အသ မလုပ်နိုင်ခြင်း၊ နဂိုရှိမှ နဂိုင်း ထွက်ကြရခြင်းတို့ကို ဝိနည်းတော်က ထိန်းချုပ်စောင့်ရှောက်ထားကြလေသည်။

လာဘနှင့် ပတ်သက်လျှင်ကော လူများမှာ တရားသောနည်းဖြင့် ဖြစ်စေ၊ မတရားသောနည်းဖြင့်ဖြစ်စေ၊ အဒိန္နာဒါနှာ အမျိုးမျိုးဖြင့် စီးပွားတိုးအောင် လုပ်နိုင်ကြသေးသည်။ 'မမိလျှင်စံ၊ မိလျှင်ခံပေါ့'။ လူဆိုတော့ အများကြီးလွတ်လပ်သည်။

ရဟန်းတော်များမှာမူ ဝိနည်းတော်ကြောင့်ကိုယ်တိုင်လုပ်လို့လည်းမရ၊ ဒလံထား၍ ဆွယ်တရားဟောရမည်လည်းမသင့်၊ သဒ္ဓါတရားရှိသူများက လှူဒါန်းလာမှ လက်ခံကြရရှာသည်။ ဒါတောင် ငွေဆိုရင် အလှူမခံကောင်း၊ တောင်း၍လည်းမဖြစ်၊ အရောင်းအဝယ်လုပ်ယူ လို့လည်းမရ၊ ရှေးဘုန်းနှင့်ကံသာ အားကိုးစရာရှိကြရှာသည်။

ဓမ္မဆိုလျှင်ကော လူများမှာ ပြိုင်နိုင်လျှင်ပြိုင်၊ မပြိုင်နိုင်လျှင် အောက်ကနေ၍ မလျှော့စကား မဟုတ်တမ်းတရား ပြောနိုင်ကြသေးသည်။ လင်းတလောက်တော့ ငှက်တိုင်းလုပါသည်ဟုဆို၍ မသိမသာ နေစရာများ ရှိသေးသည်။

ရဟန်းတော်များအတွက်မူ ပရိယတ္တိ၊ ပဋိပတ္တိရှုရန်စပ်ပါး၍ ဟောပြောပို့ချ ရေးသားနည်းပြ အမြဲတစေနေရခြင်းကြောင့် အခါမလပ် မှတ်ကျောက် အတင်ခံနေကြရသလိုရှိသည်။ ကိုယ်တော်လျှင် တော်သလို ထင်ရှား၍ ကိုယ်ညံ့လျှင် ညံ့သလောက်သာမညထဲမှာနေရသည်။

ထို့ကြောင့် ဓမ္မမစ္ဆေရသည် ရဟန်းတော်များအား ပြင်းထန်စွာ ထိုးနှက်နှိပ်စက်နေတတ်ကြသည်။

ကုလမစ္ဆေရဆိုလျှင်ကော လူများအတွက်မှာ ဆရာရှာဖို့ လွယ်သလောက်၊ ရဟန်းတော်များမှာ ဒါယကာရှာဖို့ အလွန်ခက်ခဲနေလိမ့်မည်။

လူတို့၏ စားဝတ်နေရေးမှာ သူတစ်ပါးကို အားမကိုးရလျှင် ကိုယ်တိုင် ရှာဖွေစားသောက်နေထိုင်ဖို့ ဖြစ်သလောက်တော့ဖြစ်နိုင်သေးသည်။

ရဟန်းတော်များမှာမူကား ပစ္စည်းလေးပါး အထောက်အပံ့များကို မိမိ၏ဒါယကာမှလွဲ၍ ကိန်းသေကံမ အားကိုးစရာမရှိကြပေ။

ထို့ကြောင့် ကိုယ့်ဒါယကာက တစ်ပါးသောရဟန်းအား မိမိထက် သဒ္ဓါကြည်ညို

ပိုလွန်သွားမည်ကို မဆွေရ ဖြစ်တတ်သည်။ ထိုစိတ်ယုတ်မာမျိုးမှာ အဖုအထစ်ကြမ်းတမ်းသော အပြစ်ဒေါသရှိနေသည်ဟု သတိမထားနိုင်လောက်အောင် နူးညံ့စွာ ဟန်ဆောင်ဖုံးဖိထားတတ်လေသည်။

ပုထုဇဉ်ထိုထို သူလိုကိုယ်လို ပုဂ္ဂိုလ်အညတရ မဆိုထားနှင့် လဇ္ဇီပေသလ၊ သိက္ခာကာမ ဝိနည်းတော်ဟူသမျှကို စောင့်ရှောက်ထိန်းသိမ်းနေပါလျက် ရုက်ရ ကြောက်ရမှန်း သတိမထားမိအောင် မဆွေရသွေးဆောင်ခံရသည့် ရဟန္တာစင်စစ် ကေန်ဖြစ်ရမည့် လောသကတိဿ ရဟန္တာလောင်းကြီး၏ ဝိပါက်ကြမ္မာကို ဦးမင်္ဂလာက သတိရလိုက်မိလေသည်။

ယခု မြတ်စွာဘုရား၏ ရွှေလက်ထက်တော်၌ လက်ယာတော်ရံ အဂ္ဂမဟာသာဝကအရှင်သာရိပုတ္တရာမထေရ်ကြီး၏ ချီးမြှောက်ခြင်းကို ခံတော်မူရပြီး ရဟန်းဖြစ်လာရသော လောသကတိဿမထေရ်သည် ရဟန္တာစင်စစ် ဖြစ်လာရပါလျက် နောက်ဆုံးအချိန်ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှ စတုမဓူ ဝဝဘုဉ်းပေးရသည်မှာ အတိတ်က ဣဿာမဆွေရအကျိုးပေးများကြောင့် ဖြစ်ရလေသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ထိုလောသကတိဿ ရဟန္တာ၏ အတိတ်ဝတ္ထုကို ဟောပြတော်မူခြင်းဖြစ်သည်။

ငါးရာ့ငါးဆယ်ဇကနိပါတ် လောသကဇာတ်၌ ဤသို့ပါရှိသည်။ အခါကား၊ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူစဉ်ဖြစ်သည်။

တစ်ခုသောရွာငယ်၌ ငွေကြေးချမ်းသာ၍ ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်စွာသဒ္ဓါရက်ရော လှူဒါန်းနေသော သူကြွယ်တစ်ဦးသည် ရဟန်းတစ်ပါးအား ကျောင်းဆောက်ကိုးကွယ်ထားလေသည်။ ဆွမ်းသက်န်းတို့၌လည်း ပေါများပြည့်စုံလှသည်။ ဆရာနှင့်ဒကာမှာ အစစ အရာရာ အဆင်ပြေလျက်ရှိသည်။ ကျောင်းထိုင်ရဟန်းမှာလည်း သီလသိက္ခာပြည့်ဝလှပါဘိသည်။ ဝိပဿနာတရား၌ အလွန်အားထုတ်တော်မူ၏။

တစ်နေ့သော် ကဿပမြတ်စွာဘုရား၏ သာဝက ရဟန္တာတစ်ပါးသည် ရွာသို့ကြွရောက်လာပြီးသော် ဒါယကာ၏အိမ်သို့ ဆွမ်းခံရပ်လေသည်။ ဒါယကာသူကြွယ်သည် ထိုရဟန္တာမထေရ်၏ သီလဂုဏ်၊ ပါသာဒိကဂုဏ်တို့ကို ကြည်ညိုသည်ဖြစ်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် မည်သည့်အရပ်၌ သီတင်းသုံးနေတော်မူပါသနည်းဟု လျှောက်ထားမေးမြန်းရာက အတည်တကျ သီတင်းသုံးရန် အရပ်နေရာမရှိသေးသည်ကို သိရသောအခါ မိမိလှူဒါန်းထားသောကျောင်းသို့ ပင့်လျှောက်၍ မူလကျောင်းထိုင် ရဟန်းတော်နှင့်အတူတကွ သီတင်းသုံးစေသည်။

ရဟန္တာမထေရ်သည် ကျောင်းသို့ရောက်လျှင် ကျောင်းထိုင်ရဟန်းအား ဝပ်ချကန်တော့ပြီးသည့်နောက် တစ်ပါးတည်း လွပ်လပ်စွာ မဂ်ဖိုလ်ချမ်းသာဖြင့် နေတော်မူလေသည်။ ကျောင်းထိုင်ရဟန်းသည် အကျင့်သီလ ပြည့်စုံပါလျက်၊ ဝိပဿနာလက္ခဏာ

ရေးသုံးပါးကို ပွားများဆင်ခြင်နေသူဖြစ်ပါလျက် တိတ်တခိုးဝင်လာသော ဣဿာမစ္ဆေရ စိတ်ကို လက်ခံတော်မူမိလေသည်။

ယခု ရဟန်းသည် ငါ၏အာဝါသကို ငါနှင့်ညီတူညီမျှ ခိုလှုံလာသူဖြစ်သည်။ မိမိတစ်ဦးတည်းပိုင်က နှစ်ဦးပိုင်ဖြစ်လာပြီ၊ ဘယ်အချိန် ဘယ်ကာလအထိ နေသွားဦးမည်မသိ၊ ကြာရှည်စွာ နေသွားမည်ကို စိုးရိမ်ဝန်တိုလာသော အာဝါသမစ္ဆေရ။

ငါ၏ဒါယကာသည် ငါတစ်ဦးတည်းကိုသာ ဆွမ်းလုပ်ကျွေး ပြုစုလှူဒါန်းရာမှ ယခုသော် ငါနှင့်အညီအမျှ ဝေငှလှူဒါန်းကျွေးမွေးပေတော့မည်။ ဤအလှူအတန်း ဆွမ်းတို့ကို ဘယ်နေ့ ဘယ်ရက် ဘယ်လ ဘယ်နှစ်အထိ ခံစားသုံးဆောင်နေမည်နည်းဟု ဝန်တိုလာသော လာဘမစ္ဆေရ။

ယခု ရဟန်းသည် ကြည်ညိုဖွယ်သော အဆင်းအရွယ်နှင့် သမဏပါသာဒိကဂုဏ်ငါ့ထက် ပြည့်စုံနေသည်။ ထို့ကြောင့် ငါ၏ဒါယကာက အာဂန္တုအဖြစ်မှ အာဝါသိကအဖြစ်သို့ ချီးမြှောက်နိုင်ဖွယ်ရှိသည်ဟူသော ဝဏ္ဏမစ္ဆေရ။

ယခု ရဟန်းသည် ငါ၏ဒါယကာနှင့် ကျွမ်းဝင်နီးစပ်၍ သဒ္ဓါကြည်ညို ဖြစ်သည်ထက် ဖြစ်လာသည်ရှိသော် ငါ့အဖို့ ဒါယကာကောင်းတစ်ဦး လက်လွှတ်ဆုံးရှုံးသွားစရာရှိသည်ဟူသော ကုလမစ္ဆေရ။

ထိုနည်းဖြင့် မနာလိုသော ဣဿာတရားသည် ဝန်တိုသော မစ္ဆေရနှင့်လက်တွဲ၍ နက်နဲစွာ နှိပ်စက်ကြလေရကား ထိုရဟန်း ကြာရှည်မနေရ ငါစိတ်ချမ်းသာရာ ရပေတော့မည်ဟု ဆုံးဖြတ်လိုက်မိလေသည်။ နံနက်အရုဏ်တွင် ကျောင်းထိုင်ရဟန်းသည် အာဂန္တုရဟန္တာအား အသံအသက်မပြု အသိမပေးဘဲ ကျောက်စည်ကို ဝိနည်းလွတ်ရုံမျှ မိမိလက်သည်းနှင့်ခေါက်၍ မိမိ သူကြွယ်ဒါယကာအိမ်သို့အရောက် တစ်ပါးတည်း ကြွသွားလေသည်။ (ဤတွင် ရဟန္တာမထေရ်သည် ကျောင်းထိုင်ပဓာနရဟန်းက အသိမပေး မဖိတ် မခေါ်ခြင်းကြောင့် နေရစ်ခဲ့ဟန် ရှိလေသည်။ ရဟန္တာပုဂ္ဂိုလ်တို့မည်သည် အစဉ်နိုးကြားသော ဇာဂရိယဂုဏ်နှင့်ပြည့်စုံလျက် အအိပ်အနေ အလွန်နည်းပါးကြပါသည်။)

ကျောင်းဒါယကာက တစ်ပါးတည်းကြွလာသော ကျောင်းထိုင်ရဟန်းအား အာဂန္တုအကြောင်းကိုမေးရာ –

"ဒကာကြီးရဟန်းက အအိပ်စုံမက်ဟန်တူပါတယ်၊ ကျောက်စည်ထိုးတာတောင် သူမနိုးလို့ မပါခဲ့တာပေါ့" ဟု မလိမ်သော်လည်း မမှန်သောစကားကို ဆိုလိုက်လေသည်။ ဤသည်မှာ မနောကံ ဣဿာမစ္ဆေရမှ ဝစီကံ မုသာဝါဒအပြင် အကြည်ညိုပျက်အောင် အပုပ်ချ ကုန်းချောသော ပိသုဏဝါစာသို့ ရောက်လာခဲ့ရလေသည်။

"ရှိပါစေတော့ အရှင်ဘုရား၊ အရှင်ဘုရားသည် ဤအိမ်၌ ယနာနို့ဆွမ်းကို ဘုဉ်းပေးပြီးသည့်နောက် အရှင်ဘုရား၏သပိတ်နှင့်ပင် အာဂန္တုကိုယ်တော်အတွက် နို့ဆွမ်းကို တပည့်တော် လှူလိုက်ပါမည်" ဟု လျှောက်ထားပြီးလျှင် သပိတ်တွင် နို့ဆွမ်းကို ကပ်လှူလိုက်လေသည်။ သို့သော် ထိုနို့ဆွမ်းကို အာဂန္တုရဟန်း ဘုဉ်းပေးတော် မမူရရှာပေ။

"ဤဆွမ်းမျိုးနှင့် ဤကျောင်းမျိုးမှာသာ စားနေရလျှင် နှင်ချ၍သော်မှ ကြွလိမ့်မည်မဟုတ်" ဟုထင်သောကြောင့် ကျောင်းထိုင်ရဟန်းက လမ်းခရီးမတ္တမှာပင် ဆွမ်းကို သွန်ချ ဖျောက်ဖျက်လိုက်လေသတည်း။

ဣဿာမစ္ဆေရသည် ကာယကံမြောက်သည်အထိ ကျူးလွန်လာခဲ့ပြီကော။ အာဂန္တုက ရဟန္တာသည် ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့် ကျောင်းထိုင်ရဟန်း၏စိတ်ကို သိသည်အားလျော်စွာ ထိုရဟန်း၌ အကုသိုလ်စိတ် မီးမပွားရလေအောင် အရပ်တစ်ပါးသို့ ကြွသွားထွက်ရောင်တော်မူလေပြီ။

ကျောင်းထိုင်ရဟန်းသည် သပိတ်သက်နှင့်တကွ ပျောက်ကွယ်သွားသော အာဂန္တုက ရဟန်း၏အခြေအနေကို အကဲခတ်လိုက်မိမှ ထိုရဟန်းမှာ မိမိကဲ့သို့ ပုထုဇဉ် မဟုတ် ဈာန်အဘိညာဉ်နှင့်ပြည့်စုံသော ရဟန္တာဖြစ်ကြောင်း ယုံမှားမရှိ သိလိုက်ရလေပြီ။

"ငါသည် ဝမ်းဟူသောအကြောင်းကြောင့် မသင့်သောအရာကို ပြုမိ၏" ဟု သြတ္တပ္ပသံဝေဂနှင့်တကွ ကုက္ကုစ္စ နှောင်တ တစ်ဖန် ပူပန်ခြင်းတို့သည် ကျောင်းထိုင် ရဟန်းအား အသက်ထင်ရှားရှိနေသမျှကာလပတ်လုံး ဆင်းရဲအောင် နှိပ်စက်နေပါလေတော့သည်။

ဦးမဂ်လာသည် သီလကို စင်စစ် ချစ်မြတ်နိုးစွာ စောင့်ရှောက်လာသူဖြစ်စေကာမူ ထိုဣဿာမစ္ဆေရစက်ကွင်းမှ မလွတ်ကင်းနိုင်ပါတကားဟု ညည်းတွားလိုက်မိပါသည်။

ကျောင်းထိုင်ရဟန်းသည် ထိုအကုသိုလ် စေတနာဆိုးကြောင့် သေသည်၏ အခြားမဲ့၌ ကမ္ဘာရှည်လျားအောင် ငရဲ၌ ကျခဲ့ရလေသည်။ ထိုသည့်နောက်လည်း 'ဝဋ်မှာ အမြဲ – ငရဲ မှာ အပ' ဆိုသကဲ့သို့ ငရဲ မှ လွတ်ပြန်သော် တိရစ္ဆာန် ခွေး ဘဝအဖြစ် ဘဝပေါင်းငါးရာ၊ ပြိတ္တာ ဖုတ်ဘီလူးအဖြစ် ဘဝပေါင်းငါးရာ ကျင်လည်ခဲ့ ရသည်တို့၌လည်း အသက်ထက်ဆုံး အစာကိုဝအောင် စားရသည်မရှိ၊ ဟာလာဟင်းလင်း အူတွင်းနတ္ထိ ဒုက္ခိတ္ထဝေဒနာကို ခံစားနေခဲ့ရသည်။

ဘဝတိုင်း ဘဝတိုင်း၌ သေမည့်နေ့ရက်ကလေး တစ်ရက်တွင်သာ ဝမ်းပြည့် အောင် စားခဲ့ရလေသည်။ ဤအကျိုးပေးကလေးမှာပင် သီလကို ချစ်ခင်သော ဆောက် တည်သော စရဏတရား၏ အကျိုးပေးဖြစ်သည်။

မိတ္တဝိန္ဒကအမည်ဖြင့် လူဖြစ်လာရသော ဘဝတစ်ခု၌လည်း ထမင်းဝအောင် စားရသည်မရှိ။ အငတ်ငတ်အပြတ်ပြတ်နှင့် နေခဲ့ရသည်။

ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ဖြင့် ရှည်လျားထွေပြားစွာ ဘဝသံသရာ၌ ကျင်လည်ခဲ့ပြီးသည့်နောက်၊ ဗုဒ္ဓဂေါတမမြတ်စွာဘုရား ရွှေလက်ထက်တော်၌ ပစ္ဆိမဘဝိက စင့်စစ် လူရယ်လို့ဖြစ်လာရပြန်သော်လည်း မမွေးမဖွားမီ ပဋိသန္ဓေတည်ကတည်းက မိခင်နှင့်တကွ ဆွေမျိုးတို့မှာ ဒုက္ခိတ္တ ရ ဘေးဆိုးဖြင့် အမျိုးမျိုး အငတ်အပြတ် ဖြစ်ခဲ့ ကြရသည်။

ဤနေရာတွင် ဦးမဂ်လာက သူ့ဟာသူ 'စောဒက' တက်ကြည့်မိသည်။ လောသက တိဿ ရဟန္တာလောင်းပုဂ္ဂိုလ်မှာ ကျောင်းထိုင် ရဟန်းဘဝက ဣဿာမစ္ဆေရကြောင့်

အငတ်ငတ်အပြတ်ပြတ် မဝမလင်ရှိသည်ဆိုလျှင် 'ရှိပါစေတော့'။ သူနှင့်ပတ် သက်သော မိခင်ကအစပြု၍ ဆွေလုံး မျိုးလုံး ရပ်လုံး ရွာလုံး ငတ်မွတ်ကြရသည် ဆိုခြင်းကတော့ မလွန်လွန်းဘူးလား၊ ဘယ်သူမပြု မိမိမှု၊ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ၊ ပြုသူသာ ခံရဖို့ကောင်းသည်ဟု တွေးလိုက်မိပါသည်။

ကြာကြာ မတွေးလိုက်ရပါ။ အခြေအနေက ချက်ချင်းပေါ်လာပါသည်။

"ညှဲ့လိုက်ပါဘိ မင်္ဂလာရယ်၊ 'ရတနာရှိရာ ရတနာစု' 'ဗလချာရှိရာ ဗလချာစု' အဲသည် သဘောတရားတစ်ခုကိုပဲ စဉ်းစားကြည့်လိုက်စမ်းပါ။ 'ကံတူအကျိုးပေး' တွေ လေ၊ ကံတူအကျိုးပေးဆိုတာ နှစ်ဦးနှစ်ယောက် တွေ့ဆုံတွဲဖက်ပြီး အကုသိုလ်ဖြစ်ဖြစ်၊ ကုသိုလ်ဖြစ်ဖြစ် တွဲလုပ်ကြတဲ့ လူတွေကိုသာ ခေါ်တာမဟုတ်ဘူး။ စကြဝဠာ အနန္တမှာ သတ္တဝါအနန္တ ကံအနန္တပေါ့၊ အဲသည့် အနန္တတွေထဲမှာ ဘယ်အရပ် ဘယ်ဌာနေ ရေမြေ ဘယ်လောက်ခြားခြား၊ တိုင်းတစ်ပါး ဘယ်လောက်ဝေးဝေး အကျိုးပေးစရာ ကံချင်းတူ အောင် လုပ်နေကြတဲ့လူတွေကိုလည်း 'ကံတူအကျိုးပေး'လို့ ခေါ်ရမှာပေါ့၊ အဲသည် တော့ လောသက တိဿဘဝဖြစ်စဉ်မှာ သူနှင့်အလားတူပြုခဲ့ကြတဲ့ ဣဿာမစ္ဆေရသမားတွေ ဤနေရာ ဤအခါမှာ ငါးသလောက်ဥများ တွဲထားသလို တွေ့ကြုံဆုံဆည်းကြပေရော့ လို့ ကမ္မသတ္တိ ဘဝဇာတ်ဆရာက ဇာတ်ကောင်တွေ ရောနှောဆက်စပ်ပေးလိုက်တာပေါ့ မင်္ဂလာရယ်" ဟု အမူရှိသမျှကို 'စုဒိဒက' လုပ်လိုက်ရပါတော့သည်။ အမယ်လေး ကြောက် စရာကြီး ပါတကား၊ ဝိပဿနာတရား လက်ကိုင်ထားခဲ့တဲ့လူတောင် မရှောင်နိုင်ဘူးနော်။

လောသကတိဿကို မွေးဖွားပြီးသည့်နောက် ဆွေလုံးမျိုးလုံး ငတ်မွတ်ကြခြင်း ကြောင့် မတ်တတ်ပြေးသော ကလေးအရွယ်ရောက်သည့်ဆိုလျှင်ပင် မိခင်က ခွက်တစ်ခုကို ပေးကာ သူ့ကြမ္မာ သူ ဖန်တီးရအောင် တိမ်းရှောင်ခွဲခွာသွားရလေသည်။

ဤတွင်လည်း 'ရင်သွေးဟူက ချစ်မဝ၊ လောကအလုံး သားသမီးကို မုန်းတယ် လို့ ဆိုထုံးမရှိ' ဟု ဆိုကြဦးမည်လား။ အကုသိုလ်ဆောင်လျှင် လူတောင်ဆိတ်ဖြစ် တစ်ရံတစ်ဆစ်တော့ ဖြစ်တာတွေ ရှိတတ်သည်။

ဘုရားဟောတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့၌ ဇာတ်ဝတ္ထု ပေါင်း အထောင်အသောင်းရှိသည့်အနက်က သားရင်နှစ်ကို မိခင်က စွန့်ပစ်ရက်ခြင်း မှာ တစ်ဇာတ်နှစ်ဇာတ် တစ်ဘဝနှစ်ဘဝသာ တွေ့နိုင်ကြပါလိမ့်မည်။

အကုသိုလ်အားကြီးလွန်းလျှင် မမုန်းထိုက် မမုန်းနိုင်သော မိခင်ကိုယ်တိုင်က မုန်းနိုင်ပေလိမ့်မည်။ မမုန်းသည့်တိုင်အောင် ချစ်လျက်နှင့် စွန့်ခွာရတတ်သည်ဟု သံဝေဂ ယူစရာဖြစ်ပါသည်။

ဤသို့နှင့် လောသကတိဿကလေးမှာ အိမ်တကာက စွန့်ပစ်ထားသော ထမင်းလုံး ထမင်းစေ့ကလေးများနှင့် မသေရုံတမယ် လှည့်လည်ရှာဖွေစားသောက် အသက်ရှင်နေရ လေသည်။

တစ်နေ့တွင် ရှင်သာရိပုတ္တရာ လက်ယာရံကိုယ်တော်ကြီးက ညှိုးငယ်ပိန်ချုံး

လူလုံးမလှ မဝရေစာဖြစ်နေရှာသည့် လောသကတိဿကလေးကို ဆွမ်းခံရင်း တွေ့လိုက်ရသည်။ အရှင်သာရိပုတ္တရာသည် လူစဉ်မမီသော ကလေးငယ်အား ကရုဏာကြီးစွာဖြင့် ခေါ်တော်မူလိုက်သည်။

ကလေးငယ်သည် ယခုဘဝမှာပင် အာသဝေါကုန်ခန်း၍ ရဟန္တာစင်စစ်ဖြစ်ရမည့် ပါရမီ သမ္ဘာရကြောင့် ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအား ရိုသေမြတ်နိုး ရှိခိုးလိုက်လေသည်။

"သင်ဘယ်အရပ်မှာ နေသနည်း"

"တပည့်တော်မှာ နေစရာအရပ်ဟူ၍ မရှိပါ၊ အရပ်တကာသို့ လှည့်လည်နေရပါသည်"

"သင့်မှာ မိဘများ မရှိလေသလား"

"တပည့်တော်အား မိဘဆိုသူများက အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်ဘုရား"

"ထိုသို့ဆိုလျှင် သင်၏မိဘများထံမှ အခွင့်ရယူရန် မလိုတော့သဖြင့် သင့်အား လွတ်လပ်စွာ ငါကိုယ်တိုင် ရှင်ရဟန်းပြုပေးနိုင်သည်။ အသို့နည်း၊ ရှင်ရဟန်းဖြစ်လိုပါသလား"

"တပည့်တော် ဖြစ်လိုပါသည် ဘုရား"

ဤသို့ လက်ယာရံကိုယ်တော်ကြီးက အပြီးအပိုင် ခေါ်သွားကာ ရေမိုးချိုးပေး၍ အစာရေစာ ကျွေးမွေးပြီးလျှင် ရှင်ပြုပေးလေသည်။ အသက်နှစ်ဆယ်ပြည့်၍ ရဟန်းဖြစ်သည့် တိုင်အောင် ဆွမ်းစသော လာဘ်လာဘတို့ကား အလွန်ရှားပါးခဲ့ရလေသည်။ သို့သော် လောသကတိဿ မထေရ်သည် ကဿပဘုရားလက်ထက်က ပါရှိခဲ့သော ဝသီတော်ဖြင့် သီလကို စောင့်ထိန်းလျက် ဝိပဿနာအကျင့် မပျက်ခဲ့ရှာပါပေ။

ရှင်သာရိပုတ္တရာမထေရ်သည် သူ၏သားတပည့်အား ဆင်ခြင်ကြည့်လိုက်ရာ အရဟတ္တမဂ်သို့ ဆိုက်ရောက်၍ ရဟန္တာဖြစ်ကြောင်း သိလိုက်ရသည်။ အာယုသင်္ခါရအနေဖြင့် ဆင်ခြင်ကြည့်မိပြန်သော် ယနေ့ညပင် ပရိနိဗ္ဗာန် ပြုလတ္တံ့သောအဖြစ်ကို သိလိုက်ရပြန်သည်။ ငယ်စဉ်ကစ၍ ထမင်းမဝသော အကုသိုလ်အကျိုးသည် ရဟန်းဘဝရောက်သည်အထိ ဆွမ်းမဝခဲ့သော လောသကတိဿကို ကရုဏာကြီးစွာ ဖြစ်တော်မူသည်။

ထို့ကြောင့် ယနေ့နံနက် ဆွမ်းတစ်နပ်တော့ ဝဝလင်လင် ဘုဉ်းပေးသုံးဆောင်သွားပါစေတော့ဟု စေတနာပြု၍ -

"ယနေ့ ငါနှင့်အတူဆွမ်းခံလိုက်ခဲ့ပါ" ဟု ခေါ်ဆောင်တော်မူသွားလေသည်။ အလွန် ဘုန်းတန်ခိုးကြီးတော်မူ၍ လူနတ်တို့၏ အကြည်ညိုကို ခံယူတော်မူရသော အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပင်လျှင် ထိုနေ့နံနက်က အတူတကွ ပါလာသော လောသကတိဿမထေရ်၏ ဣဿာမစ္ဆေရအကုသိုလ်ကံ၏ အရှိန်ဟပ်သဖြင့် ဆွမ်းရပ်၍ မရနိုင်ဖြစ်ခဲ့ရသည်။

ထိုအခါ အရှင်သာရိပုတ္တရာက ဤသို့ဆို၏။

"ငါ့ရှင် လောသကတိဿ သင်ကျောင်းသို့ပြန်လော့၊ ဆွမ်းစားဇရပ်၌ ငါ၏ အပြန်ကို စောင့်နေလော့" ဟု ခွဲခွာ၍ လွှတ်လိုက်ရသည်။

လောသကတိဿမထေရ်ပြန်ကြွသွား၍ အရှင်သာရိပုတ္တရာ တစ်ပါးတည်း ဆွမ်းခံသောအခါမှုကား ဆွမ်းဘောဇဉ် အာဟာရတို့မှာ ရှေ့ကအတိုင်း ပေါများ ပြည့်စုံနေတော့သည်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက ဒါယကာတစ်ဦး၏အိမ်၌ ဆွမ်းစားနေစဉ်ပင် ဒါယကာတို့အား မိမိကျောင်း၌ ဆွမ်းစားဇရပ်တွင် စောင့်နေသော လောသကတိဿထံသို့ ဆွမ်းပွဲများပို့စေသည်။

ဆွမ်းပို့သူများ ကျောင်းသို့ရောက်၍ မွန်းလွဲသည့်တိုင်အောင် လောသကတိဿမထေရ်ကို ရှာဖွေပါသော်လည်း မမြင်မတွေ့ရသောကြောင့် သူတို့ယူလာသော ဆွမ်းဘောဇဉ်တို့ကို သူတို့ပင် စားသောက်ပြီး ပြန်ခဲ့ကြရသည်။

ဤနေရာတွင် ရဟန္တာအရှင်မြတ်ဖြစ်ပါလျက် ပို့ဆွမ်းကိုမှ မစားရလေအောင် ဒါယကာတို့နှင့် မတွေ့ရသည်မှာ ကြီးမားသော ကံ၏ အကျိုးဆက်ပင်ဖြစ်ကြောင်း ဦးမင်္ဂလာက သတိပြုမိပါသည်။

အရှင်သာရိပုတ္တရာ ပြန်ကြွလာပြီးသည့်နောက် ဤသို့မေး၏။

"ဆွမ်းစားပြီးပြီလား ငါ့ရှင်"

"တပည့်တော်အဖို့ မလိုတော့ပါဘုရား"

"အသို့နည်း ငါ့ရှင်၊ ဒါယကာတို့က ဆွမ်းလာပို့သည် မဟုတ်လား"

"ထိုဒါယကာတို့ကို တပည့်တော် မတွေ့လိုက်ရပါဘုရား"

လောသကတိဿစကားကြောင့် လက်ယာရံကိုယ်တော်ကြီးမှာ သံဝေဂကြီးစွာဖြင့် ကရုဏာဖြစ်မိလေသည်။

သူ့ခမျာ လာပို့သော ဆွမ်းကိုသော်မှ မစားလိုက်ရပါတကား၊ နောက်တစ်ဖန် ဆွမ်းခံဖို့အချိန်ကလည်း လွန်ခဲ့ပြီ၊ အာယုသင်္ခါရကလည်း ညပိုင်းမလွန်မီ ကုန်ရှာတော့မည်။ ပရိနိဗ္ဗာန်မပြုမီ အချိန်ကလေးအတွင်း အာဟာရတစ်ခုခုကိုတော့ ဝဝလင်လင် ဘုဉ်းပေးသုံးဆောင် သွားစေချင်သည်။ ထို့ကြောင့် –

"ငါ့ရှင် လောသကတိဿ ခေတ္တမျှ သည်းခံဦးလော့" ဟု မိန့်တော်မူကာ ရှင်သာရိပုတ္တရာမထေရ်သည် သပိတ်နှင့်တကွ ကောသလမင်း၏ နန်းတော်သို့ ကြွတော်မူခဲ့သည်။ ကောသလမင်းကြီးသည် ဆွမ်းခံချိန်မဟုတ်သော ဝိကာလဖြစ်ခြင်းကြောင့် စတုမဓုကို သပိတ်တွင်လောင်းထည့်လှူဒါန်းလိုက်လေသည်။

ကျောင်းသို့ရောက်သော်–

"ငါ့ရှင် လာလော့၊ ဤစတုမဓုကို ဘုဉ်းပေးလော့" ဟု သပိတ်ကိုကိုင်တော်မူလျက် ဘုဉ်းပေးစေ၏။ လောသကတိဿမထေရ်သည် မွေးစားဖခင်အနေဖြင့်သော်လည်းကောင်း၊ ဆရာရင်းအနေဖြင့်သော်လည်းကောင်း ထိုသို့ဝတ်အပြုခံ၍ ဘုဉ်းပေးရန်မဝံ့မရဲရှိနေရှာသည်။

"ငါ့ရှင် ဤသပိတ်ကို သင့်အားပေးလိုက်သည်ရှိသော် သပိတ်တွင်းရှိ စတုမဓုတို့

သည် ပျောက်ကွယ်သွားနိုင်စရာရှိသည်။ ထို့ကြောင့် ငါ၏လက်ဖြင့် ကိုင်ထားရခြင်း ဖြစ်သည်၊ ငါ့အား မထိတ်မလန့်မကြောက်မရွံ့ဘဲ စိတ်ရှိတိုင်း ဝမ်းဝအောင် သုံးဆောင်ပါလော့" ဟု တိုက်တွန်းတော်မူရ၏။

ထိုအခါမှ လောသကတိဿမထေရ်သည် စတုမဓုကို ဝလင်အောင် ဘုဉ်းပေးတော်မူရရှာသည်။ သပိတ်တွင်းရှိ စတုမဓုသည် ကုန်ခန်းဖို့မဆိုထားနှင့် လျော့ပါးသည်ပင်မရှိ။ ပကတိပြည့်လျက်သားသာ ရှိနေသည်။

ဤကား အရှင်သာရိပုတ္တရာမထေရ်ကြီး၏ စေတနာတော် မေတ္တာတော် ကရုဏာတော်တို့၏ တန်ခိုးတည်း။

ညဉ့်ဦးယံလွန်မြောက်သော် လောကသတိဿ ရဟန္တာအရှင်သည် ဒုက္ခခပ်သိမ်းမှ ငြိမ်းချမ်းစွာ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။

ဇေတဝန်ကျောင်းတော်ရှိ ရဟန်းများသည် လောသကတိဿမထေရ်အကြောင်းကို ဆွေးနွေးနေကြသည်။

"အံ့ဖွယ်ဘနန်း ရှိလိုက်လေစွတကား၊ လောသကတိဿမထေရ်သည် ဘောဇဉ်သပ္ပာယမဖြစ်ဘဲလျက် ရဟန်းကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ကျင့်ကြံ အားထုတ်သွားနိုင်ပါပေသည်"ဟု ရဟန်းတစ်ပါးက မိန့်တော်မူသည်။ ရဟန်းအချို့ကမူ ဘောဇဉ်သပ္ပာယမဖြစ်ဘဲ ကြီးကျယ်နက်နဲသော လောကုတ္တရာတရားကို ပွားများဆောက်တည်နိုင်မည်မဟုတ်။ ထို့ကြောင့် လောသကတိဿမထေရ်သည် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ မျက်မှောက်ပြုသွားနိုင်ခြင်း မဖြစ်နိုင်ကောင်းဟု ဆိုကြသည်။

ထိုအခါ မြတ်စွာဘုရားသခင်သည် ကြွလာတော်မူ၍ ရဟန်းတို့အား ဆွေးနွေးနေသည့်အကြောင်းအရာကို မေးတော်မူပြီးနောက် –

"ချစ်သားတို့၊ လောသကတိဿရဟန်းသည် ဘဝဟောင်းက ပြုခဲ့သော ဣဿာမစ္ဆေရအကျိုးပေးကြောင့် လာဘ်လာဘနည်းသည်၊ ဝမ်းပြည့်အောင် မစားခဲ့ရသည်မှာ မှန်သော်လည်း သူ၏ သီလအကျိုးပေး၊ သူ၏ ဝိပဿနာဉာဏ် ထက်သန်သော အကျိုးပေးတို့ကြောင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်မှန်၏" ဟု မိန့်တော်မူ၍ အထက်တွင် ပြဆိုခဲ့သည့်အတိုင်း လောသကဇာတ်ကို ဟောတော်မူသည်။

ဦးမင်္ဂလာသည် ဣဿာမစ္ဆေရနှင့် ပတ်သက်၍ လောသကတိဿဇာတ်ကို သတိရလိုက်ပြီးနောက် ဤသို့ဆက်၍ တွေးနေမိသေးသည်။ မနာလိုသဝန်ကြောင်ခြင်းသည် ပေါ့ပေါ့နေ ပေါ့ပေါ့စား ကာမဂုဏ်သမားများကို မဆိုထားနှင့် သီလနှင့်ပြည့်စုံသော ဝိပဿနာတရား လက်ကိုင်ထားသည့်ယောဂီများပင် ဝင်ရောက်နှောင့်ယှက်တတ်ကြောင်း စဉ်းစားမိသည်။

ဗုဒ္ဓကိုယ်တော်မြတ်၏ အဆုံးအမဩွာ လူသားတို့အတွက် အခြေခံအုတ်မြစ်တရား ငါးပါးရှိသည်။ အုတ်မြစ် အခြေမခိုင်လျှင် မည်သည့်အဆောက်အအုံမဆို ယိုင်လဲပျက်သွားနိုင်သည်။ အုတ်မြစ်ခိုင်မှ အဆောက်အအုံမှန်သမျှ တည်တံ့ခိုင်မြဲနေလိမ့်မည်။

ထိုအခြေခံ အုတ်မြစ်တရားမှာ ၅ ပါးသီလဖြစ်သည်။

ငါတို့ဗုဒ္ဓဘာသာဝင်များသည် ၅ ပါးသီလဟုဆိုလျှင် –

၁။ သူ့အသက်ကို မသတ်သောကိုယ်ကျင့်တရား။

၂။ သူ့ဉစ္စာကို မခိုးသော ကိုယ်ကျင့်တရား။

၃။ မိစ္ဆာစာရကို ကာမအားဖြင့် မကျူးလွန်သော ကိုယ်ကျင့်တရား။

၄။ မဟုတ်မမှန် လုပ်ကြံ၍ မပြောသော ကိုယ်ကျင့်တရား။

၅။ မူးယစ်မေ့လျော့စေသော အရက်သေစာတို့မှ ရှောင်ကြဉ်သော ကိုယ်ကျင့်တရား။

ဟူ၍ လူတိုင်းနားလည်ပြီးဖြစ်ကြသည်။ အများအားဖြင့်လည်း စောင့်ထိန်းရှောင်ကြဉ်ကြသည်။ ရှောင်ကြဉ်နိုင်လောက်အောင်လည်း အခါအခွင့်က ရကြသည်။ ဥပမာ– သူ့အသက်ကို သတ်ဖို့ရန်မှာ စိတ်နောက်ကိုယ်ပါဖို့ ကမ္မပထလုံ့လပယောဂ အားထုတ်ရသည်။ သူ့ဉစ္စာခိုးဖို့လည်း ထိုနည်းလည်းကောင်း၊ ကာမကျူးလွန်ဖို့လည်း ထိုနည်းလည်းကောင်း၊ လိမ်ပြောဖို့လည်း အမှုကြီးလျှင် ထိုနည်းလည်းကောင်း၊ အရက်သေစာသောက်စားဖို့လည်း ထိုနည်းလည်းကောင်း၊ ကမ္မပထ လုံ့လအားထုတ်ဖို့ လိုသေးသည်။

ဣဿာမစ္ဆေရဆိုသော မနာလို သဝန်ကြောင်သည့်စိတ်မျိုးကတော့ လုံ့လဥဿာဟ အရင်းမပြုဘဲ 'စိတ်ကလေးခုလိုက်ရုံနှင့်' အကုသိုလ်ပြုပြီး ဖြစ်သွားတတ်သည်။

"အင်း.....စားလုံလေးမြား သေနက်ကျည်ဆန်တို့သည် သူတစ်ပါးကိုသော်လည်းကောင်း၊ မိမိကိုယ်ကိုသော်လည်းကောင်း ကြမ်းတမ်းစွာ စူးရှထိုးဖောက် ဝင်ရောက်သဖြင့် သိသိသာသာ ဒုက္ခပေးတတ်ကြောင်း ထင်ရှားသည်။ အလင်းရောင်တန်းကလေးမျှသာဖြစ်သော 'လေဆာရောင်ခြည်' မှာမူ နူးနူးညံ့ညံ့နှင့် လျင်မြန်စွာ ပြေးလွှားဝင်ရောက်ထိုးဖောက်သောကြောင့် မစူးမရှသော်လည်း ဒုက္ခဖြစ်ရာမှာတော့ ကျည်ဆန်များထက်ပင် သတ္တိအားကောင်းလှသည်။

'ထိုသို့သိပါလျက် ငါကိုယ်တိုင်' အသိခေါက်ခက် အဝင်နက်၍ တစ်ခါတစ်ခါ ဣဿာမစ္ဆေရ ဒဏ်ချက်ကို မပယ်ဖျက်နိုင်သေးပါကလားဟု ဦးမင်္ဂလာက သူ့ကိုယ်သူ အပြစ်တင်မိသည်။

ကိုယ့်ကျောင်းကိုယ့်ကံ၊ ကိုယ့်ဗိမာန်ဟူ၊၊ အမှန်တစိ၊ ရလာယိုက၊ မိမိနေရာ၊ ဝန်တိုစွာသား၊ အာဝါသမစ္ဆေရ။ ဒါယကာတပည့်၊ သူ့ထံလှည့်က၊ မကြည့်နိုင်လို၊ ဝန်တိုကုလမစ္ဆေရ။ သံဃသန္တက၊ ဂဏိကဟူ၊ ထိုမျှအပြား၊ ပစ္စည်းများကို၊ ဝေခြားမပြု၊ သိမ်းစုဝှက်ထား၊ သုံးစားကိုသာ၊ ဝန်တိုစွာဖြင့် လာဘမစ္ဆေ၊ ကံညစ်တေ။ ရုပ်ဝါရူပ၊ သီလကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ မနှူးညွတ်တတ်၊ ပရိယတ်ဖြင့်၊ သူတတ်သည်ကို၊ မနာလိုကြ၊ ဝဏ္ဏဓမ္မ မစ္ဆေရ။

(မဃဒေဝလင်္ကာ)

* * *

(၁၇)

## ဖမ်းမမိသော တရားခံ

စိတ်ဆိုသောစိတ်ကို ကြဲစည်လေ့လာနေသော ဦးမင်္ဂလာ၏စိတ်သည် "ကပေါက်ချိ ကပေါက်ချာ" ဖြစ်နေကြောင်း သတိထားမိသည်။

ကပေါက်ချိ ကပေါက်ချာဆိုသည်မှာ အစီအစဉ်အတိုင်း မဟုတ်သည့်သဘော။

ဘုရားဟော ဒေသနာတော်အစဉ်မှာ လောဘ, ဒေါသ, မောဟဟူ၍ ပထမ,ဒုတိယ, တတိယ, သူ့အဆင့်နှင့်သူလာသည်ကို ယခု ဦးမင်္ဂလာက ဒေါသအကြောင်း၊ အာဃာတ၊ ဣဿာမစ္ဆေရအကြောင်းတွေးပြီးမှ လောဘအကြောင်း ပြန်တွေးချင် တွေးနေမိသည်။

စိတ်ဆိုသောစိတ်အကြောင်း တွေးရသည်မှာပင် ဟိုစိတ်အကြောင်းတွေးရာက ဒီစိတ်ဝင်၊ ဒီစိတ်အကြောင်းတွေးရာက ဟိုစိတ်ကိုရောက်သွား၊ မျောက်များလို ဟိုခုန်ဒီကူးနှင့် အရှုပ်ပမာ တစ်နေရာတည်းမှာ အငြိမ်မနေနိုင်ပါတကား။

တစ်ခုတော့ရှိသည်။ ဦးမင်္ဂလာက စိတ်အကြောင်းနှင့်ပတ်သက်၍ အဘိဓမ္မာသင်္ဂြိုဟ်ကို တက်ယူသင်ကြားနေခြင်းမဟုတ်ဘဲ တွေ့ရာ,မြင်ရာ, ဖတ်ရာ, နာရာ, တွေးမိရာတို့ကို ဆင်ခြင်ကြည့်မိတဲ့ခဏမှာ ဆိုင်ရာဆိုင်ရာ ပေါ်လာသောစိတ်ကို ကြဲစည်ကြည့်နေခြင်းကြောင့် "ကပေါက်ချိ ကပေါက်ချာ" ဖြစ်နေပုံရပါသည်။

ဘာပဲဖြစ်ဖြစ်လေ စ၍တွေးလိုက်မိလျှင် ဆက်၍သာ တွေးလိုက်ချင်သည်။ ယခုတွေးမိသည်က လောဘ၏အကြောင်း၊ လောဘဆိုတာက မြန်မာလိုရှင်းရှင်းပြောရလျှင် လိုချင်သည့်သဘော၊ ပိုင်ဆိုင်လိုသည့်သဘော ဖြစ်သည်။ ဘာတွေကို ပိုင်ဆိုင်ချင်ပါသလဲ၊ ဝတ္ထုကာမ, ကိလေသာကာမပေါ့၊ ဝတ္ထုကာမဆိုတာ ငွေကြေးဥစ္စာ ရာထူးရာခံဆိုကြပါစို့။ ဒါက အတိုဆုံးချုံးလိုက်တာ၊ ကိလေသာကာမဆိုတာက မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် အာရုံတွေကို ခံစားချင်တာ၊ ဒါလည်း အတိုချုံး လိုက်တာပါပဲ။ အဲ– နောက်တစ်ခုက ကိုယ်ကလိုချင်တာတွေမှန်သမျှသာ လောဘမဟုတ်သေး၊ ကိုယ်ပိုင်တဲ့ပစ္စည်း၊ ကိုယ့်မှာရှိတာလေးတွေ သူတစ်ပါးအား မပေးချင်တာ, မလှူချင်တာ၊ တွန့်တိုတာတွေဟာလည်း လောဘပဲပေါ့၊ အဲဒီစိတ်မျိုးဟာ သူများရမှာကို သဝန်ကြောင်တဲ့ မစ္ဆေရစိတ်နဲ့ သံတူကြောင်းကွဲ ဖြစ်နေတတ်တာတွေလည်းရှိတယ်။ သိသာအောင်ပြောရရင် ကာမဂုဏ်ဆိုင်ရာ လိုချင်တာ လောဘ၊ မိမိပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ၊ ဂုဏ်ကိုဖြစ်စေ၊ "သူတစ်ပါး မရစေချင်တာ" မစ္ဆရိယ။ ဒါ့ကြောင့်မို့လို့ သူများကို ပေးရက်, လှူရက်, စွန့်ကြဲရက်တာတွေဟာ လောဘကို စာဂဆိုတဲ့ စွန့်လွှတ်နိုင်တဲ့စိတ်မျိုးနဲ့ တိုက်ယူရတာဖြစ်တယ်။ စွန့်ကြဲတယ်ဆိုတဲ့စကားဟာစွန့်လွှတ်နိုင်ခြင်းဆိုတဲ့အဓိပ္ပာယ်ကို သက်ရောက်နေပါတယ်။

လိုချင်တာမှန်သမျှ လောဘဆိုပေမယ့် စာပေကျမ်းဂန် ဗဟုသုတကို့ကို ယောနိသော မနသိကာရ "ကောင်းမွန်သန့်ရှင်းသောစိတ်နဲ့" လိုချင်တာမျိုးကျတော့ အကုသိုလ်ဖြစ်တဲ့ လောဘမဟုတ်တော့ဘူး၊ နိဗ္ဗာန်မဂ်ဖိုလ်တရားကို လိုချင်တာမျိုးကျတော့လည်း လောဘ မဟုတ်တော့ဘူးတဲ့၊ ဆန္ဒသာဖြစ်တယ်တဲ့။

လောဘ, ဒေါသ, မောဟဆိုတဲ့ စေတသိက်သုံးမျိုးစလုံးဟာ ဘယ်ယှဉ်ဖက် စိတ်ကိုမှ ကောင်းကျိုးမပေးပါဘူး၊ ဘယ်အခါမှ, ဘယ်အချိန်မှ ကောင်းကျိုးမပေးပါဘူး၊ ဘယ်ပုဂ္ဂိုလ်ကိုမှလည်း ကောင်းကျိုးမပေးပါဘူး၊ နောက်ဆုံးပြောရရင် သူတော်ကောင်းကြီး တွေပဲ ဖြစ်ပါစေ၊ အဲသည်စိတ်မျိုးတွေ လက်ခံလိုက်ရင် လက်ခံတဲ့ခဏကစပြီး ကောင်း ကျိုးမပေးတော့ပါဘူး၊ မဖောက်မပြန်တဲ့ ပရမတ်တရားစစ်စစ်တွေလေ။

လောဘငယ်ရင် မကောင်းကျိုး ငယ်ငယ်ပေးသလို၊ လောဘကြီးရင် မကောင်းကျိုး ကြီးကြီးပေးတတ်ပြီး လောဘအလွန်အကျွံဖြစ်နေရင်တော့ မကောင်းကျိုး အလွန်အကျွံ ဖြစ်သွားတာပဲ၊ လောဘရှင်းရှင်း (ဖြတ်) မှ မကောင်းကျိုး ကင်းကင်း (ပြတ်) သွားပါလိမ့် မယ်တဲ့။ ဒါတောင် ဖွဲမီးများဟာ အတွင်းမှာ လိုက်လောင်နေသလို သူတစ်ပါးလည်း မသိ၊ ကိုယ့်ကိုယ်ကိုပင် မသိနိုင်အောင် ဖုံးဖိထားတဲ့ ဖွဲမီးလောဘတွေ ရှိတတ်သေးသတဲ့ ဒါကို ပါဠိစကားနဲ့ဆိုရင် လောဘ ကိလေသာမှာ –

ဝီတိက္ကမကိလေသာ = အလွန်အကျွံဖြစ်တဲ့ ကိလေသာစိတ်။

ပရိယုဋ္ဌာနကိလေသာ = ရှိရိုးရှိစဉ်ရှိနေတဲ့ ကိလေသာစိတ်။

အနုသယ ကိလေသာ = မရှိတော့သယောင် ဖုံးကွယ်နေတဲ့ ကိလေသာစိတ်။

အဲသည်လို ခွဲခြား၍ ဘုရားကိုယ်တော်မြတ်က ဟောတော်မူထားပါတယ်။

အဲသည်တရားတော်ကို မြန်မာစကားပြေ သက်သက်နဲ့ တီထွင်ပြီးတော့ သူလို ကိုယ်လို လူတွေများများ နားလည်သဘောပေါက်အောင် ရေးထားတော်မူခဲ့တဲ့ ကျေးဇူး ရှင် လယ်တီဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာနဒီပနီမှာ ဟောသည်လို ရှင်းပြတော် မူခဲ့ပါတယ်။

လောဘကိလေသာတစ်ခုသည် ဝီတိက္ကမမှု၊ ပရိယုဋ္ဌာနမှု၊ အနုသယမှု ဟူ၍ အခိုက်အတံ့မှု သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် လောဘ၏ ဝီတိက္ကမမှု ဆိုသည်ကား ဝစီဒွါရမှ လောဘစကားမျိုးထွက်၍လာအောင် လွန်စွာ သောင်းကျန်းမှုတစ်ပါး၊ ကိုယ်အင်္ဂါ ကြီးငယ်ဟူသော ကာယဒွါရမှ လောဘအမူအရာမျိုး ဖြစ်ပွား၍လာအောင် လွန်စွာ သောင်းကျန်းမှုတစ်ပါး၊ ဤသို့ နှုတ်အင်္ဂါ ကိုယ်အင်္ဂါနှစ်ပါး လှုပ်ရှားလေအောင် ထမ်း ဆောင်ချီကြွ တံခွန်ပြ၍လာသော သာယာမှု၊ ချစ်ခင်မှု၊ လိုချင်မှု၊ရချင်မှုများသည် ဝီတိက္ကမမှုမည်၏။ ဤဝီတိက္ကမမှုကို မြင်ကြလျှင် ဤသူ့မှာ သာယာသော တဏှာရာဂ လောဘဖြစ်သည်ဟု ပကတိ လူတို့အချင်းချင်းပင် သိကြကုန်၏။

ပရိယုဋ္ဌာနမှုဆိုသည်ကား ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ လှုပ်ရှားသည့်တိုင်အောင် မသောင်း ကျန်းမူ၍ စိတ်နှလုံးတွင်း၌သာလျှင် ဖောက်စွ ပွက်ပွက်ဆူထ၍နေသော လောဘမှု

ပေတည်း။ ဤပရိယာယ်ရှ္မာန လောဘကိုကား ပကတိလူတို့ မသိနိုင်ကြကုန်။ မိမိစိတ်ကို မိမိသာ သိနိုင်၏။ သူတစ်ပါး၏စိတ်ကို သိနိုင်ကြကုန်သော အဘိညာဉ်ရ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ် အစရှိသော နတ်တို့သည်လည်းကောင်း သိနိုင်ကြကုန်၏။

အနုသယမှုဆိုသည်ကား မနောဒွါရ၌ ဇောကိစ္စနှင့်အမျှ ထကြွခြင်းမရှိမူ၍ အနမတဂ္ဂသံသရာနှင့်အမျှ စိတ်သန္တာန်ထဲဝယ် အမြဲထာဝရ ကိန်းဝပ်ငုပ်အောင်း၍နေသော လောဘမှုပေတည်း။ ဤလောဘမှုကိုကား သဗ္ဗညုတ ဘုရားရှင်တို့သာ သိမြင်နိုင်ကုန်၏။ သာသနာအပအခါ၌ကား တခြားတစ်ပါးသော လူ, နတ်, သိကြား, ဗြဟ္မာတို့ကို မဆိုထားဘိ၊ သရဘင်္ဂအစရှိသော အဘိညာဉ်ရ ဘုရားအလောင်းတော်ကြီးများသော်မှ လည်း ဤအနုသယလောဘကို မသိနိုင်ကြ မမြင်နိုင်ကြကုန်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားသည် မြတ်စွာဘုရားသခင်၏ ဒေသနာတော်တို့ကို လူတိုင်းနားလည်အောင် နားဝင်အောင် ဖတ်ချင်စဖွယ်ဖြစ်အောင် မြန်မာစကားစစ်စစ်ဖြင့် ဤသို့ ရေးသားတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်လည်း ပုထုဇဉ်သမားများ နားလည်အောင်၊ နားဝင်အောင်၊ နာချင်စဖွယ်ဖြစ်အောင် ပုံဝတ္ထု သာဓက ဇာတ်နိပါတ်များဖြင့် တန်ဆာဆင်ကာ ဆွဲဆောင်သိမ်းသွင်း ယူငင်တော်မူ၍ ပရမတ္ထသစ္စာဖြစ်သော သစ္စာလေးပါးတို့ကို ဟောပြတော်မူခဲ့ပါသည်။ ပုထုဇဉ်အဖြစ်မှ သောတာပန်အဖြစ်သို့သော်လည်းကောင်း၊ သောတာပန်အဖြစ်မှသကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တဖိုလ်ရောက်သည်အထိ ဝတ္ထုသာဓက ဥပမာ ဥပမေယျတို့ဖြင့် လမ်းညွှန်ပြသတော်မူလေ့ရှိပါသည်။

ဘုရားကိုယ်တော်တိုင် ဟောတော်မူသည့် ထိုထိုသော ဇာတ်နိပါတ် ဝတ္ထုတို့ကို ကြားနာပြီးလျှင် မဂ်တရား၊ ဖိုလ်တရား၊ ဝင်သွားရသော ပုဂ္ဂိုလ်များမှာ အသင်္ချေအနန္တ ရှိကြပါသည်။ အတိတ်ဘဝ ဘဝများမှ ဇာတ်ဝတ္ထုများဖြစ်စေ၊ မျက်မှောက်ပစ္စုပ္ပန်ခေတ်၌ ကိုယ်တွေ့မျက်မြင်အဖြစ်အပျက်များပင်ဖြစ်စေ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကသည်အကြောင်းကြောင့် သည်အကျိုးဖြစ်သည်ဟု ခွဲခြမ်းစိတ်ဖြာပြသတော်မူခဲ့သည်။ ထို့ကြောင့် ထိုထိုပုဂ္ဂိုလ်အနန္တမှာ မသိ၍မဖြစ်၊ နားမလည်၍ မဖြစ်၊ ဓမ္မစစ်စစ်ကို ခံစားနိုင်ခဲ့ကြလေသည်။

တစ်ခါတစ်ရံ ဦးမင်္ဂလာသည် ဘုရားဟောတော်မူခဲ့သော ဇာတ်ဝတ္ထုသက်သေသာဓက များစွာတို့မှ သတိသံဝေဂ ရယူနိုင်သကဲ့သို့ ယခုမျက်မှောက် ပစ္စုပ္ပန်ခေတ်ကိုယ်တွေ့ကိုယ်ကြား ဖြစ်ပျက်များမှလည်း တရားကိုရှာ၍ သံဝေဂယူတတ်ပါသည်။ ယခုပင် လောဘစိတ်ကို ဆင်ခြင်လိုက်မိသည်မှာ စာရေးဆရာ နီလေးမောင်ရေးသားသော (၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလထုတ် ဖြစ်ရပ်မှန် မှုခင်းစာအုပ်) မှ အဖြစ်အပျက်တစ်ခုကို ဖတ်ရှုလိုက်ရခြင်းကြောင်း လောဘအကြောင်း တွေးလိုက်မိခြင်းဖြစ်ပါသည်။

မှတ်မိသမျှကိုပြောရလျှင် –

ပြည်မြို့ သီလရှင်ချောင်တစ်ချောင်တွင် သုံးနှစ်တိုင်တိုင် သီလရှင်အဖြစ်ဖြင့်

မွေ့လျော်နေထိုင်ခဲ့သော ဒေါ်သီလစာရီဆရာကြီးသည် သမီးဖြစ်သူဖျားနာ၍ ဆေးရုံတွင် တင်ထားရသည်။

'အမေ့ကို တွေ့လိုလှပါသည်' ဟု စာပေးမှာကြားသောကြောင့် ခရမ်းသုံးခွသို့ မီးရထားနှင့် ပြန်လာခဲ့သည်။ သမီးနှင့်သမက်မှာ ဆင်းရဲလှစွာသော လယ်ကူလီများ ဖြစ်ရှာကြသည်။ သားသမီးဟူသော သံယောဇဉ်ကို အမျှင်မဖြတ်နိုင်သေးသည့်အတွက် တရားစခန်းမှ မနားတမ်းထွက်လာခဲ့ရရှာသည်။

ပြည်နှင့်ရန်ကုန် အစုန်ရထားမှာလည်း ခရီးသည်များ ပြွတ်သိပ်ကျပ်ညပ်နေကြသည်။ မိမိတစ်နေရာ တစ်ထိုင်စာအတွက်ကလေးနှင့် လောဘမှ ဒေါသထွက်ပြီး ရန်ဖက်နေကြသူများကိုလည်းတွေ့ရသည်။ ရန်ကုန်ဘူတာကြီးရောက်တောင် ထိုနေရာများမှ ဖင်မကြွဘဲ တစ်သက်လုံး ထိုင်သွားကြတော့မည့်အတိုင်း ထာဝရနေရာများ မှတ်နေကြရှာသလား မသိ။

ဒေါ်သီလစာရီသည် ထိုလောဘ ဒေါသ စက်ကွင်းမှ ရှောင်၍ နောက်တစ်တွဲမှာ နေရာရှာကြည့်မိသည်။ သူ့၌ ပေါ့ပါးသော လက်ဆွဲအိတ်ကလေးတစ်လုံးသာ ပါသဖြင့် ဝန်ထုပ်ဝန်ပိုး မများလှပါ။ ထိုင်လောက်သည့် နေရာရလျှင် သူ့အတွက် သပ္ပာယဖြစ်ပါသည်။ သူတက်လာသောတွဲတွင် ခရီးသွားတစ်ယောက်၏နံဘေးရှိ နေရာလွတ်တစ်ခု၌ မကြီးလွန်း မငယ်လွန်းသော သံသေတ္တာတစ်လုံး ချထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဒေါ်သီလစာရီက နူးညံ့စွာ တောင်းပန်လိုက်သည်။

"ဒကာလေး၊ သေတ္တာကို ထိုင်ခုံအောက်မှာ ချထားလို့ရရင်ချပေးပါလားကွယ်၊ ဆရာကြီးထိုင်ပါရစေ" ဟု တောင်းပန်သည်။

"ဒါ.....ကျွန်တော့သေတ္တာမဟုတ်ပါဘူး၊ လူတစ်ယောက် စောစောက လာထားသွားတာပါ"

"ဒါဆိုလည်း အဲသည့်လူလာရင် ဆရာကြီးထပေးပါ့မယ်– အခု လောလောဆယ် တစ်နေရာစာမှ မရလို့"

ထိုခရီးသွားသည် နူးညံ့ပျော့ပျောင်းသောအသံနှင့်တကွ ရည်ရည်မွန်မွန်ရှိသော ဒေါ်သီလစာရီ၏ ရုပ်ရည် လက္ခဏာတို့ကြောင့် လေးစားကြည်ညို၍ သံသေတ္တာကို ထိုင်ခုံအောက်သို့ သွင်းပေးလိုက်သည်။ သေတ္တာမှာ အတော်လေး လေးလံပုံရ၍ အကောင်းစား သော့ခလောက်ဖြင့် ခတ်ထားသည်။ လောလောဆယ်တော့ ထိုင်စရာကလေး တစ်နေရာရသည့်အတွက် ဒေါ်သီလစာရီမှာ ဝမ်းသာလိုက်ရပါသည်။ သို့သော် စိတ်ချရသည်တော့ မဟုတ်သေး။ နေရာရှင်လာလျှင် မိမိက ထပေးရပေလိမ့်မည်။ ဤနေရာမှ ထပေးပြီး ဘယ်နေရာမှာ သွားထိုင်ရမလဲ၊ တစ်တွဲလုံးမှာ နေရာအပြည့်၊ လူအပြည့်၊ တစ်ဘူတာဆိုက်၍ တစ်နေရာစာ မလပ် မချင်း မတ်တတ်ရပ်၍သာ လိုက်ခဲ့ရလိမ့်မည်။

"အဲသည် သေတ္တာရှင်၊ နေရာရှင်ပေါ်မလာလျှင် အကောင်းသား" ဟု တောင့်တ လိုက်မိသည်။

'ဟယ်.....ငါဥစ္စာမဟုတ်သေးပါဘူး၊ ငါထိုင်စရာနေရာ တစ်ကွက်ရဖို့ ပစ္စည်းရှင် ပေါ်မလာပါစေနဲ့လို့ ကောင့်တကကာဟာ လောဘက မတော်မတရား လှုံ့ဆော်နေတာ ပါကလား' ဟု ဝေဖန်အပြစ်တင်လိုက်မိသည်။

'ထမပေးရသေးခင် ထိုင်နေရသလောက်တော့ ကိုယ်သက်သာနေရသေးတယ် မဟုတ်လား'

မီးရထားက ဥသြမှုတ်ပြီး 'ဂျိမ့်' ခနဲ စထွက်လိုက်သည်။ နေရာရှင် ပေါ်မလာ သေး၊ မီးရထားက အရှိန်နဲ့ ပြေးနေသည် နေရာရှင်ပေါ်မလာသေး။

'ဟုတ်ပြီ၊ ခုအချိန်မှာတော့ နေရာရှင် ပေါ်မလာနိုင်တော့ဘူး၊ တစ်ခုခုသော အကြောင်းနဲ့ ရထားမမိလိုက်တာဖြစ်မယ်၊ ဘယ်လိုပဲဖြစ်စေ၊ သနားတော့ သနားပါရဲ့၊ ငါဒီနေရာကို အပိုင်စားရပြီ၊ အင်း..... ငါဆောက်တည်ခဲ့တဲ့ ရှစ်ပါးသီလ၊ ငါရှုမှတ် ဆင်ခြင် ခဲ့တဲ့ သမထဘာဝနာတို့ရဲ့ တန်ခိုးကြောင့် နတ်ကောင်းနတ်မြတ်များက ဖန်တီး မ,စ ပေးတာဖြစ်မှာပေါ့' ဟု နှစ်သိမ့်နေမိသည်။

ဒီလို စိတ်ချလက်ချရှိတော့မှ မိမိညာလက်တွင် ပတ်ထားသော ပုတီးကိုဖြုတ်၍ ဗုဒ္ဓါနုဿတိအလုပ်ကိုလုပ်ရင်း အနီးအနား ခရီးသွားဖော်များကို စေ့စေ့စပ်စပ် ကြည့် လိုက်မိသည်။ စီးပွားရေးသမားများက စီးပွားရေးအကြောင်း ပြောနေကြသည်။ မှောင်ခို သမားများက ရှာဖွေရေးအရာရှိများအကြောင်းကို ပြောနေကြသည်။ ငိုက်တဲ့လူများက လည်း မှေးငိုက်နေကြသည်၊ သည်ကြားထဲတွင် နိုးရာလိုက်ပြေးလာသည်ဟု ထင်ရသော လုလင်ပျိုနှင့် လုံမငယ်လေး စုံတွဲကလည်း သောကဗျာပါဒများနှင့် ကျီးလန့်စာစား သတိထားနေကြပုံရသည်။

'ဩော်.....လောဘသမားတွေ လောဘသမားတွေ၊ ဝတ္ထုကာမ လောဘ, ကိလေသာ ကာမ လောဘ'

ဒေါ်သီလစာရီက ဂုဏ်တော်ပုတီးကိုစိပ်ရင်း လောဘတရားကို ဆင်ခြင်လိုက် မိသည်။ အဲသည့်နောက် ကိုယ်တိုင် သတိမထားမိသော သူ့လောဘတဏှာကို ဆက်၍ တွေးလိုက်မိသည်။

'ငါ့သမီးလေး ချမ်းသာပါစေ၊ သူ့ယောကျ်ားကလည်း ဆင်းဆင်းရဲရဲမို့ ဆေးဝါး ဓာတ်စာမှ ပြည့်စုံအောင် ရှာဖွေပေးနိုင်ပါ့မလား၊ ငါ့မှာလည်း ခရီးစရိတ်ကလွဲလို့ ပိုပို လျှံလျှံရှိတာ မဟုတ်ဘူး၊ ဒုက္ခ ဒုက္ခ ဖြစ်ချင်တာမဖြစ်၊ မဖြစ်ချင်တာဖြစ်ရတဲ့ ဒုက္ခ သစ္စာပါကလားနော်'

မကြာမီ စိတ်နှမ်းလူပန်းနှင့် ဒေါ်သီလစာရီမှာ မှေးခနဲအိပ်ပျော်သွားသည်။ ရထားကြီးက တဟည်းဟည်း ပြေးနေသည်။ ခရီးပန်းတိုင် မရောက်မချင်း တစ်ယောက် ဆင်းတစ်ယောက်တက်၊ တစ်ဘူတာထွက် တစ်ဘူတာရပ်လာခဲ့ရာမှ ဘူတာတစ်ခုမှ အထွက်တွင် ရထားခေါင်းတွဲက ခပ်ကြမ်းကြမ်းကလေး ဆောင့်ဆွဲလိုက်ခြင်းကြောင့် ဒေါ်သီလစာရီမှာ ကိုယ်တစ်ပိုင်းယိုင်ထိုး၍ လန့်နိုးလိုက်ရသည်။ သူဘယ်လောက်ကြာ

အောင် အိပ်ပျော်သွားသည်မှန်းမသိ။ အနားကလူကို ကြည့်လိုက်တော့ ပြည်ဘူတာမှ စီးလာခဲ့သည့် ခရီးသွားဖော်မဟုတ်၊ လူစိမ်းတစ်ယောက်ဖြစ်နေသည်။ အခြားခရီးသည်များလည်း ဆင်းသူက ဆင်းသွားကြ၍ အသစ်တက်သူများက တက်လာကြဟန်တူသည်။

"ဘယ်များရောက်လာပလဲ မသိဘူး" ဟု ဒေါ်သီလစာရီက အနားကလူကို ပြောမေး မေးလိုက်သည်။

"ဇီးကုန်းဘူတာကထွက်ခဲ့ပြီလေ၊ ရှာဖွေရေးတွေ တက်လာတုန်းက ဆရာကြီး သေတ္တာကိုတောင် မေးနေသေးတာ ဆရာကြီးက အိပ်ပျော်နေတော့ အားနာလို့နဲ့တူပါရဲ့ ကိစ္စမရှိပါဘူးလေဆိုပြီး ထွက်သွားကြတယ်"

ဒေါ်သီလစာရီ၏ ရင်ထဲတွင် 'ဒိုင်း'ခနဲ လာဆောင့်တော့သည်။

'ငါ့သေတ္တာဆိုပါကလား၊ ငါ့ဟာလည်း မဟုတ်ဘဲနဲ့၊ ငါ့ဟာမဟုတ်ရင် ဘယ်သူ့ဟာလည်း၊ ဒီတွဲထဲမှာ ဒီသေတ္တာပိုင်ရှင် ပါမလာတာကတော့ သေချာတယ်၊ ပိုင်ရှင်မရှိတဲ့ ဟာဆိုရင် ပုံသကူပေါ့၊ လူတွေအားလုံးက ငါ့ဟာလို့ထင်ရင် ချော်အလဲမှာ ရောထိုင်လိုက်ရင် ပြီးရော၊ နေဦးနေဦး – ပိုင်ရှင်ကသဒ္ဒါဒေယျနဲ့ ပေးလှူတာမဟုတ်တဲ့ပစ္စည်းကို 'ညာတာပါတေး' နဲ့ လက်ခံလိုက်တာဟာ အဒိန္နာဒါနာပေါ့၊ သီလစာရီရယ်၊ ငါရှစ်ပါးသီလ ပျက်တော့မလို့ မဖြစ်ဘူး–မဖြစ်ဘူး၊ နောက်တစ်ခါမေးလာတဲ့သူကို ငါ့ပစ္စည်းမဟုတ်တဲ့ အကြောင်း ပြောပြလိုက်တော့မယ်"

ဒေါ်သီလစာရီက မတော်မတရား ထွက်လာသည့် လောဘကို အရဟံဂုဏ်တော်နှင့် ပုတီးစိပ်၍ ကြိတ်ချေနေလေသည်။ အရဟံဂုဏ်တော်ဆိုသည်မှာ ဆိတ်ကွယ်ရာအရပ်မှာ မကောင်းမှုကို ပြုတော်မူခြင်းမရှိသည့် ဗုဒ္ဓဂုဏ်တော်ကြီးမဟုတ်လား။

ဒေါ်သီလစာရီက မျက်စိမှိတ်၍ ပုတီးစိပ်နေတဲ့အတွင်းမှာပင် ဆေးရုံသံခုတင်ကလေးပေါ်၌ ကြုံလှီဖျော့တော့ အားလျော့နွမ်းနယ်နေသည့် သမီးကလေး၏ မျက်နှာက အထင်းသား ပေါ်လာပြန်သည်။

"အားရှိစေသော အစာအာဟာရတို့မှ ချို့တဲ့၍ ဈေးကြီးလှစွာ စားဆေး, ထိုးဆေးတို့နှင့်မှ အကုအသမခံရသည့် သမီးငယ်ကလေး၏ အဖြစ်မှာ အသက်ဇီဝမှ ကြာကြာခံနိုင်ရှာပါ့မလား။

'ငါ့အောက်က သေတ္တာမှာ ငွေကြေးများများစားစား မပါချင်ထား၊ အဝတ်အစားကောင်းကောင်းမွန်မွန် အဖိုးတန်တာကလေးတွေတော့ ပါလာမှာ သေချာတယ်၊ ယောကျ်ားဝတ်ဖြစ်ဖြစ်၊ မိန်းဝတ်ဖြစ်ဖြစ် ခုခေတ်မှာ ဈေးတွေက ခေါင်ခိုက်နေကြတာ၊ အဟောင်းထည်အဖြစ်နဲ့ပဲ ရောင်းဦးတော့ ကောင်းကောင်းပိုက်ဆံရမှာ သေချာသလောက်ရှိတယ်၊ အဲသည်အထဲက သမီးလေးဖို့ ဆေးဝါးဓာတ်စာ ဝယ်ပေးနိုင်မယ်၊ ဗုဒ္ဓယတြာ၊ ဗေဒင်ကိန်းခန်း ယတြာချေနိုင်စရာတွေ ရလိမ့်မယ်၊ ဘုရားကု သမားကုပေါ့။

'သမီးလေး ဆေးရုံကဆင်းတောင် အလုပ်ကြမ်း မလုပ်မကိုင်ရဘဲ တစ်လကိုးသီတင်း နားနားနေနေ စားသောက်နေထိုင်သွားဖို့ ပြည့်စုံချင် ပြည့်စုံနေလိမ့်မယ်။

အဲဒီက အဲဒီကမှ ပိုလျှံနေဦးမယ်ဆိုရင်တော့ ငါနေတဲ့ချောင်မှာ ကုသိုလ်ကောင်းမှုလေး တောင် တစ်ခုခုလုပ်နိုင်ဦးမယ်၊ ပိုင်ရှင်မဲ့ပုံ့သကူပစ္စည်းကို ယူတာဟာ အဒိန္နာဒါနာ မဖြစ်နိုင်ပါဘူး၊ ရတဲ့အထဲက သမ္မာအာဇီဝမဖြစ်တာဆိုလို့ ဘယ်ဟာမှ ငါတရားလက် လွတ် မသုံးပါဘူး။ ဒီတစ်ခါ လာမေးရင် ငါဥစ္စာလို့ ပြောလိုက်တော့မယ်၊ ရန်ကုန်ဘူတာ ရောက်တော့လည်း အလုပ်သမားငှားပြီး ဆွဲဆင်းသွားရုံပေါ့၊ ကဲ.....အခုအချိန်က စ၍ ငါ့သေတ္တာ၊ ငါ့ပစ္စည်း၊ ငါ့ဟာဖြစ်စေသတည်း'

ဒေါ်သီလစာရီ၏ ပရိယုဋ္ဌာနကိလေသာကို တစ်တွဲလုံးရှိ ခရီးသွားများက လုံးဝ မသိနိုင်ကြပါ။ လူတကာမပြောနှင့် ဒေါ်သီလစာရီကိုယ်တိုင်ပင် မိမိလောဘကို မိမိမမြင် အောင် ဆင်ခြေအမျိုးမျိုးနဲ့ တိုး၍ တိုး၍ ဖုံးဖိထားလိုက်လေသည်။

"ဟော–ဟော တချို့လူတွေ အထုပ်ပိုးများကို ရထားပေါ်မှ ပစ်ချနေကြပါပကော၊ တချို့ကလည်း အထုပ်ပိုက်ပြီး လူပါလိုက်၍ ခုန်ချနေကြသည်။ ဘာဖြစ်ကြတာလဲ"

"မှောင်ခိုသမားတွေလေ လက်ပံတန်းဘူတာဝင်ရင် ရာဖွေရေးသမားတွေက တက်ရှာကြတော့မှာမို့ လမ်းခုလတ်ကပစ်ချပြီး ဆင်းကြရတာ၊ တချို့များ အကျမတော် လို့ ကျိုးတဲ့လူကျိုး၊ ပဲ့တဲ့လူ ပဲ့ပေါ့"

အနားမှ ခရီးသည်က ရှင်းပြသောကြောင့်–

"ဩော်.....ဩော်..... လောဘတွေ လောဘတွေ" ဟု ဒေါ်သီလစာရီက တိုးတိုး လေး ညည်းလိုက်လေသည်၊ လက်ပံတန်းဘူတာသို့ မီးရထားကြီးဝင်ခဲ့ပါပြီ၊ ဆင်းသူက အထုပ် အပိုးများကိုဆွဲ၍ ဆင်းသွားကြသည်။ တက်သူများကလည်း အထုပ်အပိုးများနှင့် တက်လာကြသည်။ ထိုသူများအနက်မှာ ရာဖွေရေးအရာရှိ သုံးယောက်ပါလာသည်။

ခရီးသည်များ၏ အထုပ်အပိုးကို လိုက်လံကာ စစ်ဆေးကြည့်ရှုကြသည်။ တိုတို ပြောရလျှင်တော့ ရာဖွေရေးအရာရှိတစ်ယောက်က ဒေါ်သီလစာရီ၏ ထိုင်ခုံအောက်မှ သေတ္တာကို လက်ညှိုးထိုးပြီး မေးလိုက်သည်။

"ဒါ.....ဆရာကြီးသေတ္တာလား"

ဒေါ်သီလစာရီ၏ရင်ထဲမှာ ဒိုင်းခနဲဖြစ်သွားသည်။ သို့ပေမယ့် မရွံ့မရဲသော်လည်း ပိပိသသပင် ဖြေလိုက်ရသည်။

"ဟုတ်.....ဟုတ်ပါတယ် ဒကာလေးရယ်"

"ဘာတွေပါသလဲ"

"ဟိုဟိုအဝတ်အစားနဲ့တိုလီမိုလီလက်ဆောင်ပေးလိုက်တဲ့ပစ္စည်းလေးတွေပါကွယ်"

"ကျွန်တော် ဖွင့်ကြည့်ပါရစေ၊ သော့လေး ခဏလောက်"

"ဟောတော့–"

ဤစကားမှာတော့ ဒေါ်သီလစာရီ၏နှုတ်မှ လွတ်ထွက်သွားခြင်းမဟုတ်၊ ရင်ဝမှာ ဒိုင်းခနဲ လာဆောင့်သော 'အသံတိတ်' စကားနှစ်လုံးသာ ဖြစ်ပါသည်။ မိမိသေတ္တာမှ မဟုတ်ဘဲ အဲသည်သော့က ဘယ်မှာရှိနိုင်ပါ့မလဲ။

"ဟို.....ဟို.....ဒကာလေးရယ်၊ ဆရာကြီး လမ်းမှာ သော့ကျပျောက်ခဲ့တယ်ကွယ်" ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်ရသည်။

သဘောကောင်းပုံရသော အရာရှိကလေးက သေတ္တာကို ထိုင်ခုံအောက်မှာ အနည်းငယ် ဆွဲကြည့်လိုက်သည်။ ပြီးတော့ ဘာမှ မပြောဘဲ တွဲပေါ်မှဆင်းသွားသည်။

ဒေါ်သီလစာရီမှာ ဟင်းခနဲ သက်မချလိုက်ရင်း ကိုယ့်ကိုယ်ကိုတော့ လောဘကြောင့် မုသာဝါဒအထိ တိုးလာခဲ့ရကြောင်း သိလိုက်ရပါသည်။ဒါလည်း လယ်တီဆရာတော်ပြောတဲ့ ဝီတိက္ကမလောဘ ကိလေသာပေါ့၊ ဒေါ်သီလစာရီမှာ စိတ်ဒုန်းဒုန်းမှ မချရသေး၊ အရာရှိကလေးနှင့် အထက်လူကြီးတစ်ယောက် ပြန်၍ ပေါက်ချလာသည်။

"ဒီသေတ္တာပဲ ဆရာ၊ သော့ပျောက်သွားတယ်လို့ ပြောတယ်၊ သေတ္တာကလည်း အလေးကြီး" ဟု အစီရင်ခံနေသည်။

"ဒါ.....ဆရာကြီးသေတ္တာလား"

ဒီတစ်ခါ မေးသူက အထက်အရာရှိကိုယ်တိုင်ဖြစ်သည်။

"ဟုတ်ပါတယ် ဒကာလေးရယ်"

"သော့လမ်းမှာ ပျောက်ခဲ့တယ်ဆို"

"ဟုတ်ပါတယ် ဒကာလေးရယ်"

"ကျွန်တော်တို့နည်းနဲ့ ကျွန်တော်တို့ ဖွင့်ကြည့်ရင် ဆရာကြီးခွင့်ပြုမလား"

"ခွင့်ပြုရမှာပေါ့လေ ဘယ့်နှယ်လုပ်မလဲ"

သို့နှင့် အရာရှိနှစ်ယောက်က သော့ကိုဖျက်၍ ဖွင့်ကြည့်လိုက်ကြသည်။ အနီးနားကလူတွေပါ ဟင်ခနဲ-ဟာခနဲ ဖြစ်ကုန်ကြသည်။ "အမလေး" ဟု ထအော်တဲ့ မိန်းမများကလည်း အော်ကြသည်။ သေတ္တာထဲမှာတော့ လူတစ်ယောက်၏ အလောင်းကို ခေါင်းမပါဘဲ အပိုင်းပိုင်းခုတ်ဖြတ်၍ ဆေးကြောထည့်ထားခြင်းဖြစ်သည်။

ဒေါ်သီလစာရီမှာ ရင်ဘတ်ကို လက်နဲ့ဖိပြီး မူးမေ့သွားတော့မလောက် ခံစားလိုက်ရသည်။

"အမလေး - အမလေး- ဒါ ဆရာကြီးသေတ္တာမဟုတ်ပါဘူးကွယ်၊ ဘုရားသိပါတယ်၊ ဆရာကြီးရဲ့ မတော်လောဘကိုလည်း ဘုရားသိပါတယ်" ဟု ရှိုက်ကြီးတငင် ရှင်းပြနေရတော့သည်။

"ခုမှတော့ မဖြစ်ဘူးဆရာကြီးရေ၊ ရဲစခန်းသာလိုက်ပြီး အဖြစ်မှန်ကိုပြောပြပေတော့"

ဤသို့နှင့် သေတ္တာနှင့်တကွ ဆရာကြီး ဒေါ်သီလစာရီသည် သွားလိုရာ ခရီးပန်းတိုင်သို့မရောက်ဘဲ လက်ပံတန်းဘူတာမှာဆင်း၍ ရာဇဝတ်မှု အရှုပ်အရှင်းထဲတွင် သောကမကင်းအောင် ပါဝင်လိုက်ရလေတော့သည်။

ဤကား နီလေးမောင်ရေးသားသော ဖမ်းမမိသောတရားခံဖြစ်ရပ်မှန် အကြောင်းကို ဦးမင်္ဂလာက မှတ်မိသလောက် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ နီလေးမောင်က သူ့ဝတ္ထု အဆုံးသတ်၌ ဤသို့ရေးထားသည်။

"သီလရှင်ကြီး ဒေါ်သီလစာရီကား လောဘ (စိတ်) ၏ အနိုင်ယူမှုကိုခံခဲ့ရသဖြင့် ရုံးရောက် ဂါတ်ရောက်ဖြစ်ခဲ့ရသည်။ ပိရိစ္စာ လက်စတုံးလုပ်ခဲ့သည့် ထိုအမှုကိုမှ သက်ဆိုင်ရာ ရဲတစ်ယောက်က ဖော်ထုတ်နိုင်ကာ တရားခံကို ဖမ်းဆီးနိုင်ခဲ့ပါသော်လည်း သီလရှင် ဒေါ်သီလစာရီ တစ်ယောက်မှာတော့ တဒင်္ဂမျှ လွတ်သွားသည့် စိတ်တရားခံကို ပြန်လည် ဖမ်းဆီးရန် မတတ်နိုင်တော့လေပြီတကား" ဟု နိဂုံးချုပ်ထားပါသည်။

နီလေးမောင်က လောဘ (စိတ်) ဟူရာတွင် လောဘဟူသည်မှာ "စိတ်အစစ်" စိတ်အမည် မဟုတ်ပါ၊ အာရုံကို သိတတ်သောစိတ်ကို ပူးကပ်လှုံ့ဆော်ပေးသည့် "စေတသိက" စေတသိက်သာ ဖြစ်ပါသည်။ သို့သော် ထိုစေတသိက က တရားခံဖြစ် လာလျှင် သူ့အမည်ကို မခံဘဲ စိတ်အပေါ်သာ လွှဲချတတ်သည်။ ဥပမာ..... လောဘ ဖြစ်လာလျှင် လောဘစိတ်, ဒေါသဖြစ်လာလျှင် ဒေါသစိတ်, မောဟဖြစ်လာလျှင် မောဟ စိတ်ဟူ၍သာ အမည်ခံစေသည်။

ခေတ်စကားနဲ့ပြောရလျှင် လက်သီးပုန်းထိုးပေးသူသာဖြစ်သည်။ 'ရှဲဒိုး' ဟု ခေါ်လျှင်လည်း ခေါ်နိုင်ပေလိမ့်မည်ထင်သည်။

တရားခံဖြစ်သော လောဘ (စေတသိက) ကို စောစောကသာ သိရှိဖမ်းမိဆုံးမနိုင် လျှင် ဒေါ်သီလစာရီမှာ ဒုက္ခဖြစ်နိုင်စရာမရှိပေ။ ယခုကား ခရမ်းသုံးခွဆေးရုံတွင် တင်ထား ရသော သမီးလေးထံသို့ အချိန်မီမှ ရောက်ပါလေစ။

ဒေါ်သီလစာရီနှင့် လူမမာ သမီးငယ်လေးအား ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။

* * *

(၁၈)

# ရာဂဟူသည် ယစ်မျိုးရည်

"ရာဂဟူသည်၊ ယစ်မျိုးရည်သို့၊ မကြည်ယုတ်မာ၊ လွန်ဆိုးစွာ၏။ သတ္တဝါဟူထ၊ သာမည်နှိုက်၊ ဘယ်မျှတစ်၊ ဆိုဘွယ်ရှိအံ့၊ ဗောဓိသတ္တ၊ ဘုရားအလောင်း၊ ရွှေဥဒေါင်းလျှင်၊ မင်းပေါင်းခြောက်ဆက်၊ ကြိလျက်ဖမ်းငှာ၊ မတတ်ရာလည်း၊ မာယာဆောင်ပြ၊ ဥဒေါင်းမနှိုက်၊ ရာဂလိုဆိုး၊ အိပ်ရာနိုးသို့၊ ထိုးကျင့်ပြင်းစွာ၊ တပ်ခြင်းရာဖြင့်၊ ယုတ်မာညစ်တေ၊ ဤကိလေကြောင့်၊ ဥဒေတယ်၊ ဂါထာပျံကို၊ မအံရွတ်မိ၊ သတိချွတ်ယွင်း၊ ညွတ်မိလျှင်း၏"

ဦးမင်္ဂလာသည် အထက်ပါလင်္ကာကို ငယ်စဉ်ကပင် အလွတ်ရခဲ့ဖူးသည်။ ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး၏ မဃဒေဝလင်္ကာဖြစ်သည်။ ပုဏ္ဏောဝါဒခန်း၌ အာဂုံနှုတ်တက် ကျက်ချင်စရာ သုတအဖြာဖြာပါရှိလေသည်။

အထက်ပါလင်္ကာကို ရွတ်မိတိုင်း "ရာဂ" စိတ်ကို သုံးသပ်ဆင်ခြင်မိပါသည်။

ရဇ္ဇတီတိ ရာဂေါ = မွေ့လျော်တတ်၏၊ တပ်မက်တတ်၏။

ရဇ္ဇနံ ရာဂေါ = မွေ့လျော်ခြင်း၊ နှစ်သက်ခြင်း၊ တပ်မက်ခြင်း။

ရဇ္ဇယတိ၊ ရဇ္ဇေတီတိရာဂေါ = ကြိုက်နှစ်သက်စေ၏။

ရဇ္ဇိယတေတိ ရာဂေါ = အဖြူကိုအမည်းဖြစ်အောင် ဆိုးရည်ဖြင့် ဆိုးအပ်၏။

ဤသို့ အဘိဓာန်၌ ရာဂဟူသောပုဒ်ကို ဝိဂ္ဂြိုဟ်ဝစနတ္ထများပြု၍ အနက်ပရိယာယ် ပြထားသည်။

ဦးမင်္ဂလာငယ်စဉ်က ဝါသနာတူ စာလိုက်သူအချင်းချင်းပြောရာ၌ ရာဂဆိုတာ 'ရာဂေါ' ရာဂေါဆိုတာ 'ရောဂါ' ဟု ဟာသဆန်ဆန် အဓိပ္ပာယ်ဖွင့်ကြသည်။

မန်လည်ဆရာတော်ဘုရားကတော့ ရာဂကို 'ယစ်မျိုးရည်, သေအရက်နှင့်တူသည် ဟု ဥပမာပြထားသည်။ 'ရာဂဟူသည်၊ ယစ်မျိုးရည်သို့၊ မကြည်ယုတ်မာ၊ လွန်ဆိုးစွာ၏' သေရည်သေရက် သောက်မိသောသူသည် ကြည်လင်သောစိတ်မှ နောက်ကျိလာတတ်သည်။ ဟိရိဩတ္တပ္ပကင်းကွာ၍ ယုတ်မာသောအမှုကို ပြုတတ်သည်ဟု အဓိပ္ပာယ်ဖွင့်သည်။

မေတ္တာယနာမုခေနရာဂေါဝဉ္စေတိ = ရာဂက မေတ္တာလိုလို အယောင်ဆောင် တတ်သေး၏။ ညစ်ညူးပုပနစ်စေတတ်သော ကိလေသာ ရာဂစိတ်က သန့်စင်အေးမြသော မေတ္တာလိုလို ကိုယ့်ကိုယ်ကို လှည့်စားတတ်ကြသည်။ မေတ္တာသည် အပြစ်ကင်း၏။ ဘေးအန္တရာယ်မရှိ၊ ရာဂသည် အပြစ်များ၏၊ ဘေးအန္တရာယ်ရှိ၏။ ဒါကိုပင် အချစ်ဟု အမြတ်တနိုး ခေါ်နေကြသေးသည်။

ရာဂစိတ်သည် သူလိုကိုယ်လို သာမန်လူများကို မဆိုထားနှင့်၊ သမ္မာသမ္ဗောဓိ

ဆုကြီးကို ပန်ဆင်၍ ပါရမီစာဂတို့ကို ဆည်းပူးနေဆဲဖြစ်သော ဘုရားအလောင်းတော်ကြီးများကိုပင် ဆင်းရဲဒုက္ခဖြစ်စေခဲ့ကြောင်း မောရဇာတ်ကို ဘုရားဟောတော်မူခဲ့သည်။

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာ "ဒဏ္ဍက" မည်သော ရွှေတောင်၌ ဘုရားလောင်း ဥဒေါင်းမင်းသည် နေစဉ်နေ့တိုင်း အိပ်တန်းဆင်း အိပ်တန်းတက်သောအခါတို့၌ ပရိတ်မန္တရားများကို ရွတ်ဆိုလေ့ရှိသည်။

ပရိတ်ကြီး ၁၁ သုတ်တွင် မောရသုတ် ပရိတ်တော်ဟု အထင်အရှားရှိ၏။ ဥဒေါင်းမင်းအိပ်တန်းဆင်း၌ ရွတ်သောဂါထာကား -

ဥဒေတယံ စက္ခုမာ ဧကရာဇာ၊

ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံတံနမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊

တယာဇ္ဇဂုတ္တာ ဝိဟရေမုဒိဝသံ။

ကမ္ဘာသူကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိ၍ အရောင်များတွင် တစ်ဦးတည်းသော ဘုရင်ဖြစ်သော ရွှေအဆင်းရှိလျက် မြေပြင်အပြန့်နှံ့အောင် ထွန်းတတ်သော ဤနေမင်းသည် ထွက်ပေါ်လာ၏။ ထို့ကြောင့် ရွှေအဆင်းရှိကာကမ္ဘာမြေအပြန့်နှံ့အောင် ထွန်းလင်းတတ်သော အရှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏။ ယနေ့ အရှင်နေမင်း၏ အစောင့်အရှောက်ခံယူရ၍ အကျွန်ုပ်တို့ တစ်နေ့တာပတ်လုံး ချမ်းသာစွာနေကြရပါပေသည်။

ယေ ဗြာဟ္မဏာ ဝေဒဂူသဗ္ဗဓမ္မေ၊

တေ မေ နမော, တေစ မံ ပါလယန္တု။

နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊

နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ၊

ဣမံသော ပရိတ္တံကတွာ၊ မောရော စရတိ ဧသနာ။

ဝိသုဒ္ဓိဗြာဟ္မဏ ဗုဒ္ဓရှင်တော်မြတ်တို့သည် အလုံးစုံသောတရားတို့ကို သိတော်မူကြကုန်၏။ ထိုဗုဒ္ဓရှင်တော်မြတ်တို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်။ ထိုရှင်တော်မြတ်ဘုရားတို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်။ ဘုရားရှင်တို့အား ရှိခိုးပါ၏။ ဘုရားရှင်တို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်အား ရှိခိုးပါ၏။ ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏။ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏။

"ရဟန်းတို့ ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကိုပြုကာ အစာရှာရန် လှည့်လည်လေသည်"

အိပ်တန်းတက်သည့်အခါ ရွတ်သောဂါထာကား -

အပေတယံ စက္ခုမာ ဧကရာဇာ၊

ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံတံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇဂုတ္တာ ဝိဟရေမုရတ္တိံ"

ကမ္ဘာသူကမ္ဘာသားတို့အား ပေးအပ်သော မျက်စိရှိ၍ အရောင်များတွင် တစ်ဦးတည်းသော ဘုရင်ဖြစ်သော ရွှေအဆင်းရှိလျက် မြေပြင်အပြန့် နှံ့အောင်ထွန်းတတ်သော ဤနေမင်းသည် ပျောက်ကွယ်လေ၏။ ထို့ကြောင့် ရွှေအဆင်းရှိသော ကမ္ဘာမြေအပြန့် နှံ့အောင် ထွန်းလင်းတတ်သော အရှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏။ ယနေ့ အရှင်နေမင်း၏ အစောင့်အရှောက်ခံယူရ၍ အကျွန်ုပ်တို့ တစ်ညတာပတ်လုံး ချမ်းသာစွာ နေကြရပါပေသည်။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေစ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမောဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ မောရော ဝါသမကပ္ပယိ။

ဝိသုဒ္ဓိဗြာဟ္မဏ ဗုဒ္ဓရှင်တော်မြတ်တို့သည် အလုံးစုံသော တရားတို့ကို သိတော်မူကြကုန်၏။ ထိုဗုဒ္ဓရှင်တော်မြတ်တို့သည် အကျွန်ုပ်၏ရှိခိုးခြင်းကို ခံယူတော်မူကြပါကုန်။ ထိုရှင်တော်မြတ်ဘုရားတို့သည် အကျွန်ုပ်ကိုလည်း စောင့်ရှောက်တော်မူကြပါကုန်။ ဘုရားရှင်တို့အား ရှိခိုးပါ၏။ ဘုရားရှင်တို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်အား ရှိခိုးပါ၏။ ကိလေသာတို့မှ လွတ်မြောက်တော်မူကြသော ဘုရားရှင်တို့အား ရှိခိုးပါ၏။ ထိုဘုရားရှင်တို့၏ ဝိမုတ္တိငါးပါးအား ရှိခိုးပါ၏။

"ရဟန်းတို့ ထိုဥဒေါင်းမင်းသည် ဤပရိတ်အရံအတားကိုပြုကာ အိပ်တန်းတက်ခြင်းကို ပြုလေသည်"

(သပြေကန် ပရိတ်ကြီး နိဿယသစ်)

တစ်နေ့သ၌ ဗာရာဏသီမင်း၏ ခေမာမည်သော မိဖုရားသည် ရွှေဥဒေါင်းမင်းလာ၍ မိမိအား တရားဟောသည်ဟု အိပ်မက်မြင်၏။ ထိုအကြောင်းကို ဘုရင်မင်းအား ပြောပြပြီးလျှင် "ဥဒေါင်းမင်းအား အရှင်ဖမ်းပေးပါ" ဟု ပူဆာ၏။ မင်းကြီးသည် တော ကျွမ်းသော မုဆိုးတို့အား စေလွှတ်လိုက်၏။ မုဆိုးတစ်ယောက်သည် ဥဒေါင်းရှိရာ အရပ်သို့ရောက်လတ်သော် ကျော့ကွင်းထောင်၍ ဖမ်း၏။ ဥဒေါင်းမင်းသည် ပရိတ်တော်ကို ရွတ်ဆိုသည့် အာနိသင်ကြောင့် ကျော့ကွင်း၏အန္တရာယ်မှ လွတ်မြောက်၍နေ၏။ မုဆိုးသည်လည်း မဖမ်းနိုင်ဘဲ ထိုအရပ်၌သာ နေ့ရှည်လများနေ၍ သေရလေ၏။ ခေမာမိဖုရားသည်လည်း ရွှေဥဒေါင်း၏ စိတ်နှင့်ပင် ကံကုန်ရလေ၏။

ထိုမင်းကြီးသည် "ရွှေဥဒေါင်းကြောင့် ငါ့မိဖုရားသေရ၏" ဟု အမျက်ထွက်ပြီး ဟိမဝန္တာဝယ် 'ဒဏ္ဍက' မည်သော တောင်ထိပ်၌နေသည့် ရွှေဥဒေါင်း၏ အသားကို စားရသူတို့သည် 'မအိုကုန်, မသေကုန်' ဟု မဟုတ်မမှန် သကြောင်းကြံ၍ ရွှေပေလွှာ

ရေးခဲ့၏။ ထိုမင်း စုတေသော် နောက်တက်သည့်မင်းသည် ထိုရွှေပေလွှာကိုတွေ့၍ မအိုမသေလိုသဖြင့် မုဆိုးတစ်ဦးကို စေလွှတ်၏၊ ထိုမုဆိုးလည်း သွား၍ကြိုးစားပါသော်လည်း ရွှေဥဒေါင်းကိုမဖမ်းနိုင်ဘဲ ထိုအရပ်၌သာ သေ၏။ ဤနည်းဖြင့် မင်းခြောက်ဆက်အထိ ရွှေဥဒေါင်းကို မဖမ်းနိုင်ပေ။

· ခုနစ်ဆက်မြောက်သောမင်းက မုဆိုးတစ်ယောက်ကို လွှတ်ပြန်၏။ ထိုမုဆိုးသည် ဥဒေါင်းမတစ်ကောင်ကို ကောင်းစွာသင်ကြား၍ ဥဒေါင်းမင်းကြားအောင် တွန်စေ၏။ ဒေါင်းမတွန်သံကြားလျှင် ရွှေဥဒေါင်းသည် ကိလေသာရာဂထကြွ၍ ပရိတ်ရွတ်ရန် သတိမရဘဲ ကျော့ကွင်း၌မိလေ၏။

ဒေါင်းမလေးကြောင့် ဥဒေါင်းမင်း၏ တိမ်မြုပ်ငုပ်လျှိုးနေသော အနုသယကိလေသာရာဂသည် ဆင်အိပ်ရာ ဆိတ်နှိုးလိုက်သကဲ့သို့ ထကြွသောင်းကျန်း ငမ်းငမ်းတက်အလိုရမ္မက်ပြင်းထန်လာသဖြင့် ဥဒေတယံဂါထာကို မရွတ်မိဘဲ ညွှတ်ကွင်း၌ မိရလေသည်။ ထို့ကြောင့် –"မာယာဆောင်ပြ၊ ဥဒေါင်းမ,နှိုက်၊ ရာဂလိုဆိုး၊ အိပ်ရာနိုးသို့၊ ထိုးကျင့်ပြင်းစွာ၊ တပ်ခြင်းရာဖြင့်၊ ယုတ်မာညစ်တေ၊ ဤကိလေကြောင့်၊ ဥဒေတယံ၊ ဂါထာပျံကို၊ မအံ့ရွတ်မိ၊ သတိချွတ်ယွင်း၊ ညွှတ်မိလျှင်း၏"ဟု မန်လည်ဆရာတော်ဘုရားက ရေးသားတော်မူခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် မာတုဂါမကြောင့် သာသနာမှ လူထွက်လိုသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ရာဂ၏အပြစ်ကို ပြလိုသဖြင့် အထက်ပါ ဒုကနိပါတ်မောရဇာတ်ကို ဟောကြားဆုံးမတော်မူသည်။ ဤဇာတ်တွင် ဘုရားလောင်း ဥဒေါင်းမင်းက မုဆိုးနှင့်အတူလိုက်ကာ ဗာရာဏသီမင်းကြီးအား တရားဟောသဖြင့် မင်းကြီးသည် အလွန်ကြည်ညို၍ ရွှေဥဒေါင်းမင်းအား ပူဇော်၏။

ဦးမင်္ဂလာသည် ထိုဇာတ်နှင့် အလားတူသော ပကိဏ္ဏကနိပါတ် မဟာမောရဇာတ်ကိုလည်း တွေ့ရပါသေးသည်။ ဤဇာတ်တွင် ဘုရားလောင်း ရွှေဥဒေါင်းက မုဆိုးအား တရားဟောသဖြင့် မုဆိုးသည် ပစ္စေကဗုဒ္ဓါဖြစ်သွား၏။

ထိုမှတစ်ဖန် မာတုဂါမကြောင့် သာသနာတော်၌ မပျော်မွေ့သော ရဟန်းများအား 'ရာဂ' ၏ အပြစ်ကို ပြတော်မူလိုသဖြင့် သဘောသွားချင်းတူညီသည့် ဇာတ်နှစ်ခုကို ဟောတော်မူခဲ့သေးသည်။ ထိုဇာတ်များမှာ ဧကနိပါတ် 'မုဒုလက္ခဏ' ဇာတ်နှင့် နဝကနိပါတ် 'ဟရိတစ' ဇာတ်တို့ဖြစ်သည်။ ဈာန်အဘိညာဉ်ဖြင့် နန်းတော်သို့ကြွလာစဉ် မိဖုရား၏ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းကိုမြင်သဖြင့် ကိလေသာရာဂ ထကြွသောကြောင့် ဘုရားလောင်းရသေ့တို့ ဈာန်လျှောခဲ့ရပုံများဖြစ်သည်။

မုဒုလက္ခဏဇာတ်တွင် ရသေ့အမည်ကား မထင်ရှား။ မုဒုလက္ခဏာမိဖုရားက သတိပေးသဖြင့် သံဝေဂရကာ မိစ္ဆာစာရအမှုမှ ရှောင်ကြဉ်၍ ဈာန်တရားပြန်ရသွားသည်။ ဟရိတစဇာတ်တွင် မိဖုရားအမည် မထင်ရှား။ ဟရိတစရသေ့သည် မိဖုရားနှင့်အတူမိစ္ဆာစာရပြုမိကျူးလွန်ပြီးမှ သံဝေဂရကာ ဈာန်တရား ပြန်ရသွားသည်၊

အနမတဂ္ဂ သံသရာအသချေ၊ အသချေ ဘဝပေါင်းများစွာတို့၌ ကျင်လည်ခဲ့ရသော သတ္တဝါတို့တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် အတ္ထုပ္ပတ္တိ ဇာတ်ဝတ္ထုတို့သည် တစ်ခါတစ်ရံ ထပ်တူထပ်မျှ ဖြစ်ကြပေလိမ့်မည်။ ယခု ပစ္စက္ခလောက၌ပင်လျှင် တစ်ဦးနှင့်တစ်ဦး အဖြစ်အပျက် အတွေ့အကြုံချင်း တူညီနေတတ်ကြသည် မဟုတ်လား။ ထိုမှ တစ်ပါး လူသိများသော ပဏ္ဍာသနိပါတ် ဥမ္မာဒန္တီဇာတ်တွင်လည်း ဘုရားလောင်း သိဝိမင်းသည် အဘိပါရက စစ်သူကြီး၏ မယား ဥမ္မာဒန္တီကိုမြင်သဖြင့် ရာဂ၏နှိပ်စက်ခြင်းကြောင့် ရာဇိန္ဒြေပျက်၍ ရှက်ဖွယ်လိလိ ဖြစ်ခဲ့ရဖူးသည်။

ထို့ပြင်တဝ သတ္တတိနိပါတ် ကုသဇာတ်တွင်လည်း ဘုရားအလောင်း ကုသမင်းကြီးသည် လူမမိနတ်မမျှသော ပဘာဝတီမိဖုရားအား ရာဂဖြင့်တပ်မက်၍ အိုးတော်လုပ်, ဖျားတော်ရက်, ပွဲတော်ချက် ဖြစ်ရသည်အထိ ဆင်းရဲငြိုငြင်တော်မူခဲ့ရရှာသည်။ ထိုဇာတ်ကို လူသိများလှပါသည်။

ဧကနိပါတ် တက္ကပဏ္ဍိတ ဇာတ်တွင်လည်း ဘုရားလောင်း သူတော်စင် တက္ကပဏ္ဍိတ ရသေ့ကြီးသည် ဂင်္ဂါမြစ်အကြေအရပ်တောအုပ်၌ သစ်သီးဝလံတို့ဖြင့် မျှတသီတင်းသုံးနေတော်မူ၏။ တစ်နေ့သ၌ မိုးသက်မုန်တိုင်းကျလာစဉ် ဂင်္ဂါမြစ်ထဲမှ 'ကယ်ပါ, ယူပါ' ဟူသော မိန်းမအသံကို ကြားရသောကြောင့် ရသေ့ကြီးသည် ကြီးစွာသော ကရုဏာဖြင့် သက်စွန့်ဆံဖျား လှိုင်းလေတို့အကြားမှ ကူးခပ်ကယ်ယူခဲ့ရသည်။ ရေနစ်မွန်းသည်ကို ပြုစုကုမ,ပေးပြီးသည့်နောက် အအေးဒဏ်ကို ကာကွယ်ရန်အလို့ငှာ မီးဖိုပေးသည်။ အာဟာရအဖြစ် သစ်သီးဝလံများကို ရှာဖွေ၍ ကျွေးမွေးသည်။

မိန်းမပျိုမှာ ကောက်ကျစ်စဉ်းလဲ၍ အလိုရမ္မက်ကြီးသော ဗာရာဏသီပြည်မှ သူဌေးသမီးဖြစ်သည်။ သူဌေးသမီးသည် ဘုရားလောင်းအား မာယာဖြင့် ဖြားယောင်းလေရာ အနုသယကိလေသာ ရာဂမကင်းသော ရသေ့ကြီးမှာ သီလပျက်စီးလေတော့သည်။ နောင်သောအခါ သူဌေးသမီးသည် ခိုးသူကြီးနှင့်တွေ့၍ လော်လီဖောက်ပြားကာ ခိုးသူနှင့်ပေါင်း၍ ဘုရားအလောင်းအား သေကြောင်းကြံလေသည်။

ဘုရားလောင်း သီလပျက်ရပုံကို ခံမင်းကြီး ဦးကျော်က –

"ရေအန္တရာယ်၊ သေမင်းလက်မှ၊ အသက်ကိုကယ်ပြီးလျှင်၊ မီးထင်းပုံပေး၊ တုန်အအေး၊ လှုံနွေးစေသည်လည်းတစ်ဌာန၊ အာဟာရသစ်သီး၊ ရှာမိုးပေးယူ၊ မွေးမြူချမ်းသာ၊ ဝမ်းစာတောင့်တင်းလျှင်၊ မဖြောင့်ရင်းအကြံနှင့် မာန်ကိလေသာ၊ တဏှာပီယ, သိဒ္ဓိအစွမ်း၊ မိန်းမတို့သရုပ်နှင့် အချုပ်ကိုကိုင်၍၊ မလှုပ်နိုင်အောင် ဖမ်းလိုက်လေသည်။ ယမ်းနှင့် ကားမီး, မြက်ဖျားသမင်, လက်ဝါးပြင်, ဆားချဉ်သီးသို့၊ ထေရ်ကြီးမြတ်လှ၊ တာပသသည်။ 'ပထမသိက္ခာ' သီလပျက်၍ သူ့ဖက်ပါလေသတည်း။" ဟု ဣတ္ထိဒုဒ္ဒန ကထာတွင် ရေးခဲ့လေသည်။

ရာဂမကင်း ကိုယ်တွင်းမဆိတ်သော ယောကျ်ားစိတ်တို့သည် မိန်းမတို့နှင့် နီးစပ်ပွန်းတီးလာသည့်အခါ မီးအတို့ခံရသော ယမ်းပုံကဲ့သို့လည်းကောင်း၊ မြက်နုမြက်

ဖျား‌ကို မြင်ရသော သမင်ပျိုကဲ့သို့လည်းကောင်း၊ လက်ဝါးပေါ်တွင် ချဉ်သီးနှင့်ဆား အတူထားဘိသကဲ့သို့လည်းကောင်း ဖောက်ပြန်တတ်စမြဲဖြစ်သည်။

တိကနိပါတ် ရှုဋ္ဌပလောဘနဇာတ်တွင် ဘုရားလောင်း အနိတ္ထိဂန္ဓမင်းသားသည် ရာဂမုန်ယစ်ကာ ကြီးလေးလှစွာသော ပါဏာတိပါတ အကုသိုလ်များကိုပင် လွန်ကျူး ရန် ကြံစည်အားထုတ်ခဲ့ဖူးလေသည်။

ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့ကာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်းတိုက်၌ သန္ဓေစွဲယူ ဖွားမြင်တော်မူခဲ့သည်။ မင်းသားသည် ဗြဟ္မာ့ပြည်မှ လာသည်ဖြစ်သောကြောင့် နို့ထိန်းမိန်းမတို့၏ အနံ့အသက်ကို ရွံရှာသည်ဖြစ်ရကား 'အနိတ္ထိဂန္ဓ' ဟု အမည်ရခဲ့လေသည်။

နို့ထိန်းသည်တို့ထံမှ နို့ရည်ကိုညှစ်ပြီး အမတ်ငယ်များက တိုက်ကျွေးမွေးမြူခဲ့ ရလေသည်။ မိန်းမတို့၏ အနံ့အသက်တို့ကို ရွံမုန်းသည်ဖြစ်၍ မင်းသား၏အနီး အပါး၌ အမျိုးသမီးများ ခစားခြင်း မပြုကြရလေကုန်။ ဤသို့နှင့် အရွယ်ရောက်ခဲ့ရ လေသည်။ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် သားတော်အား အိမ်ရှေ့ဥပရာဇာအဖြစ် ချီးမြှောက်ထားသော်လည်း အနာဂတ်ရေးကို စိတ်မအေးနိုင်ဘဲ ရှိရလေသည်။

"အနိတ္ထိဂန္ဓမင်းသားသည် ခမည်းတော်၏ အရိုက်အရာဖြစ်သော ရွှေထီး ရွှေနန်း နှင့်တကွ တိုင်းနိုင်ငံကို မင်းလုပ်၍ အုပ်ချုပ်သွားမှုကား မှန်၏။ သို့သော် မောင်းမမိဿံ မိဖုရားတို့နှင့် ကင်းကွာသဖြင့် နန်းညွန့်နန်းလျာ ရှိလာနိုင်မည်မဟုတ်။ တိုင်းကြီးပြည်ကြီး အသီးသီးဟူသည်ကား သားတော် အစဉ်, မြေးတော်အဆက်,မြစ်တော်အညွန့်,အဆွန့်ရှည်စွာ မင်းဆက်မပြတ် စိုးစံနိုင်မှ နိုင်ငံတည်တံ့၍ အေးချမ်းသာယာ ရှိနိုင်ပေမည်။ ယခုကား မိဖုရားကင်းကွာသော သားတော်၌ မြေးတော်အဆက်, မြစ်တော်အညွန့် အဆွန့်ရှည်စွာ ဖြစ်လာနိုင်တော့မည်မဟုတ်"ဟု ဗြဟ္မဒတ္တမင်းကြီးကစိုးရိမ်နောင့်၍ကြောင့်ကြနေရရှာသည်။

ဘုရင်ကြီးအပါး၌ အမြဲခစား၍ ရွှေနားတော်သွင်းနေရသော သီချင်းသည်မလေး ဂီတပါလီ သည် ရွှေနန်းရှင်၏ အတွင်းသဘောကို ရိပ်မိသူဖြစ်၏။ အရွယ်လည်း ကောင်း။ အဆင်းလည်းလှ၏။ သာယာသော အသံလည်းရှိ၏။ စောင်းပညာလည်း တစ်ဖက်ကမ်း ခတ်၏။ မိန်းမ မာယာလည်း ကျွမ်းကျင်၏။ တစ်နေ့သော် ထိုဂီတပါလီက မင်းကြီး အား ချဉ်းကပ်၍ ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရား၊ မိန်းမတို့ကို မုန်းတီးရွံရှာ ဖယ်ခွာထားသော သားတော်အိမ်ရှေ့မင်းအား ဘုရားကျွန်တော်မက မိန်းမမာယာဖြင့် ဖြားယောင်း၍ ကာမတဏှာ အရသာကို သိအောင် သိမ်းသွင်းဆောင်ရွက်ပေးပါရစေဘုရား"

"အသင်မောင်းမငယ် ရဲဝံ့လှစွာတကား၊ သင့်ကိုမြင်ရုံနှင့် ဒေါသူပုန်ထ၍ မျက်မာန် ရှလိမ့်မည်ကို သင်မတွေးမိလေရော့သလား"

"ဥပရာဇာက မျက်မာန်တော်မရှအောင် ဘုရားကျွန်မ၌ အစီအစဉ်များစွာ ရှိပါ သည်။ ဆောင်ရွက်ခွင့်သာ ပေးသနားတော်မူပါဘုရား"

"သင့်ကိုယ်ကို သင်ယုံလျှင် စုံစမ်းပေဦးလော့ မိန်းမပျို၊ ငါ၏အကျိုးကိုဆောင်၍ အောင်မြင်လျှင် ငါ့သားတော် နန်းတက်သည့်အခါ သင့်ကိုသာ မိဖုရားအရာထား၍ စံစားတော်မူစေရမည်"ဟု ကတိနှင့်တကွ ဆောင်ရွက်ခွင့်ပေးလိုက်လေသည်။

ဂီတပါလီသည် မင်းသား၏အတွင်းဆောင်၌ ထံရင်းနီးပါး ခစားရသော မင်းချင်းများကို စည်းရုံး၍ ဤသို့နားသွင်း၏။

"အစ်ကိုတို့၊ ကျွန်ုပ်သည် အိမ်ရှေ့မင်းသား ကြားနိုင်လောက်သော အရပ်မှ ယောကျ်ားကလေးသဏ္ဍာန်ဖြင့် စောင်းကိုတီး၍ သီချင်းဆိုပါမည်။ မင်းသားသည် ကျွန်ုပ်၏ စောင်းသံနှင့် သီချင်းသံကို စက်ဆုပ်သော အမူအရာရှိသည်ဆိုပါက ကျွန်ုပ်အား လျင်လျားစွာ အကြောင်းကြားကြပါကုန်။ အကယ်၍ စောင်းသံနှင့် သီချင်းသံကို နှစ်သက်လက်ခံသည် ဆိုပါက အတွင်းတော်သို့ရောက်အောင် နားတော်လျှောက်၍ ကူညီစောင့်ရှောက်ပေးကြပါ" ဟု မှာကြားထားသည်။

မင်းချင်းများက ဘုရင်မင်းတရား၏ လျှို့ဝှက်သောအမိန့်ဩဇာနှင့် လာရောက်စေစပ်သော ဂီတပါလီအား မိမိတို့ဘက်မှ ဆောင်ရွက်ဖွယ်တို့ကို တာဝန်ကျေပွန်စွာ အမှုတော်ထမ်းပါမည့်အကြောင်း ကောင်းစွာလက်ခံလိုက်ကြလေသည်။

နောက်တစ်နေ့တွင် ဂီတပါလီသည် မင်းမှုထမ်း လူပျိုတော်သား ယောကျ်ားလေးကဲ့သို့ လှပသန့်စင်စွာ ဝတ်ဆင်ပြီး အဆောင်တော်တံခါး အပြင်ဘက်မှ စောင်းတော်ကို ကျင်လည်စွာ တီးခတ်၍ သာယာသောအသံဖြင့် တေးသီကျူးလေသည်။ မင်းသားသည် အဆင်းရူပါရုံကို မမြင်ရသေးဘဲ သဒ္ဒါရုံကို နှစ်လိုလက်ခံလိုက်လေသည်။

"တယ်ကောင်းတဲ့ စောင်းသံပါကလား၊ သီချင်းသံကလည်း လိုက်လျောညီထွေရှိပါပေတယ်။ မည်သူများလာ၍ တီးနေပါသနည်း" ဟု အမေးတော် ရှိလေသည်။ ဖောင်းတော်ညိတ်လျှင် စိတ်တော်ကိုသိကြသော အကင်းပါးသည့် မင်းချင်းများက -

"မှန်လှပါ၊ ဘုန်းတော်ကြောင့် နတ်စောင်းသံနှင့်တူစွာ တီးခတ်နိုင်စွမ်းသော တက္ကသိုလ်ပြည်မှ ဂီတပညာရှင် လုလင်ပျိုတစ်ဦး ဖြစ်ပါသည်ဘုရား၊ ထိုလုလင်ပျိုသည် အရှင့်သားတော်ရှေ့မှောက်သို့ ဝင်ရောက်ခစား အသုံးတော်ခံရပါမည့်အကြောင်း စောင်းသံနှင့် တောင်းပန်နေခြင်းဖြစ်ပါသည်။ အရှင့်သားတော် နှစ်လိုတော်မူသည်ဖြစ်လျှင် အရှင့်ရှေ့မှောက် ဝင်ရောက်ခစားခွင့် ပေးသနားရန်ပါဘုရား" ဟု ရေလာမြောင်းပေးသွေးထိုးစကား လျှောက်ထားကြလေရာ ဥဒေါင်းမင်းသည် ဒေါင်းမလေး၏အသံကို သာယာသကဲ့သို့ ဂီတပါလီ၏ သဒ္ဒါရုံကို တပ်မက်နေပြီဖြစ်သော အိမ်ရှေ့မင်းက -

"ခစားစေမင်းချင်းများ" ဟု လိုက်လျောကြည်ဖြူစွာ အမိန့်တော်ရှိလိုက်သည်။

ဤသို့နှင့် ဂီတပါလီသည် မင်းသား၏ အဆောင်တော်တွင်းသို့ ချင်းနင်းဝင်ရောက်နိုင်ခဲ့လေသည်။ အဆောင်တော်တွင်းသို့ ရောက်လာသောအခါ ဂီတပါလီသည် အလိုတော်လိုက် အကြိုက်ကို ခစားတတ်သဖြင့် မျက်နှာသာရကာ တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့တိုးလာပြီး မင်းသားအပါးရောက်အောင် နေရာယူတော့သည်။ မင်းသားသည်လည်း

ဂီတပါလီအား ယောကျ်ားကလေးအမှတ်ဖြင့် နီးနီးကပ်ကပ် ခစားခွင့်ပြုလိုက်သည်။

မိန်းမတို့၏ အနံ့အသက် ဂန္ဓာရုံကိုသာ ရွံမုန်းစက်ဆုပ်သော အနိတ္ထိဂန္ဓသည် ဂန္ဓာရုံမှတစ်ပါးသော ရူပါရုံ, သဒ္ဒါရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကား မတော်လှန်နိုင်ပါချေ။

ယောကျ်ားသတ္တိ အတွင်းသိသော ဂီတပါလီသည် "လူ့ဘဝ၌၊ ကိစ္စသတ္တိ၊လက်စဉ်းသိ၍၊ ဟီရိဩတ္တပ်၊ မကပ်ကြောက်ရက်၊ တလင်းတက်၏" ဆိုသကဲ့သို့ ဝိသဘာဂဖြစ်သော မိန်းမတို့၏ ကိုယ်ကာယ ခန္ဓာအစိတ်အပိုင်းတို့ကို မင်းသားအား တွေ့ထိ သုံးသပ်စေသည်။ ထိုအခါ အနိတ္ထိဂန္ဓမင်းသားသည် အဝိဇ္ဇာတမ မှောင်ကြီးကျ၍ သီလတောင်ကြီး ပြိုလေ၏။ ပြိုသောအခါ "မိန်းမအရသာ လူ့ချမ်းသာကို ငါသာလျှင်ပဲ ငါမှိဝဲအံ့" ဟု လွန်ကဲသော ဝိတိက္ကမ ဖြစ်လာလေ၏။ ငါမှအပ ပုရိသတို့ မိန်းမတရံ မဆက်ဆံရအောင် သန်လျက်ကိုင်စွဲ၍ နန်းထဲက ယောကျ်ားဟူသမျှအား သတ်ဖြတ်ရန် လိုက်တော့သည်။

တစ်နန်းတော်လုံးရှိ ကြီးကြီးငယ်ငယ် ယောကျ်ားဟူသမျှ ပုရိသတို့မှာ အသက်ဘေးကြောင့် ပြေးကြလွှားကြ "ကယ်ပါယူပါ" တစာစာနှင့် အော်ကြဟစ်ကြဖြင့် တိုင်းပြည်ပျက်သကဲ့သို့ ရှိတော့သည်။

ထိုသို့ ရာဂမှုတ္တက စိတ်ရူးထ၍ ကြောက်စရာအနေ ရောက်ရလေသော် မှူးမတ်များသည် ဗြဟ္မဒတ်မင်းကြီးအား အဆောတလျှင် သံတော်ဦးတင်ကြလေသည်။ ဗြဟ္မဒတ္တမင်းကြီးသည် အရပ်ရပ်နေပြည်တော်ကြား၍မျှ မလျော်သော သားတော်၏ သတင်းဆိုးကို သိရသောအခါ ရှက်ကြောက်ကြီးစွာ တုန်လှုပ်သဖြင့် –

"သားရူးသားမိုက်၊ ဒုစရိုက်ကို၊ လိုလိုက်မိ၍၊ ကေရာဇ်ဘုန်းထက်၊ မင်းဖြစ်လျက်နှင့်၊ ငါအရှက်တွေ့ရပြီ၊ ရေမြေ့သနင်း၊ မင်းတို့ဓမ္မတာ၊ ပြည်သူနှင့်သား၊ အချစ်အားဖြင့် မခြားရာ၊ မေတ္တာ ညီမျှကောင်းပေသည်၊ စရိုက်မသို၊ အမိုက်ပိုကို၊ အလိုမလိုက် ကောင်းသင့်ပေ။ ကြောင်တစ်သက်ပုံ၊ ကြွက်တစ်မြုံသို့၊ ကြုံလာချေမင်း၊ သင်းသေမှမြန်စွာ၊ ပြည်ထဲရေး သာတော့မည်"

ဟု ဆရာကြီး ဦးပုည ဝိဇယပြဇာတ်တွင် ရေးသကဲ့သို့ မဟာဝင်တွင် သီဟဗာဟုမင်းကြီးက ဝိဇယမင်းသားနှင့် အပေါင်းပါတို့အား တိုင်းပြည်မှ နှင်ထုတ်၍ သမုဒ်ကို ဖောင်နှင့်မျှောလိုက်စေသည့်နည်းတူ ဗြဟ္မဒတ်မင်းကြီးသည်လည်း သားတော် အနိတ္ထိဂန္ဓအား ဂီတပါလီနှင့်အတူ တိုင်းပြည်မှ နှင်ထုတ်လိုက်လေသည်။

သူတို့နှစ်ဦးသည် တောသို့ဝင်၍ ဂင်္ဂါအကြေသို့သွားပြီး တစ်ဖက်၌ ဂင်္ဂါ၊ တစ်ဖက်၌ သမုဒ္ဒရာရှိသည်ကိုပြု၍ ဂင်္ဂါ၊ သမုဒ္ဒရာတို့၏အကြား၌ ကျောင်း ဆောက်၍ (သစ်ခက်တဲနန်းထိုး၍) နေကုန်၏။ ဂီတပါလီသည် ကျောင်း၌နေကာ သစ်ဥ သစ်မြစ်တို့ကိုပြုတ်၏။ ဘုရားလောင်းသည် တောမှ သစ်သီးကြီးငယ်တို့ကို ဆောင်ယူ၏။ တစ်နေ့တွင် ဘုရားလောင်းသည် သစ်သီးကြီးငယ်များ အရှာသွားခိုက် သမုဒ္ဒရာကျွန်းငယ်၌နေသော ရသေ့တစ်ပါးသည် ဆွမ်းခံချိန်ဝယ် ကောင်းကင်ခရီးဖြင့် ဈာန်စီး၍ လာစဉ် မီးခိုးကိုမြင်သဖြင့် ကျောင်း၌ သက်ဆင်း၏။

ထိုအခါ ဆွမ်းခံလာသော ရသေ့ကို ဂီတပါလီသည် –

"ခေတ္တမျှ ကျက်ရုံနေပါဦး" ဟု လျှောက်ထားပြီး ရသေ့ကြီးစောင့်နေစဉ် မိန်းမတို့၏ အမူအရာဖြင့် ဖြားယောင်းလျက် ဈာန်မှ ယုတ်စေ၍ ရသေ့၏ မြတ်သောအကျင့်ကို ကွယ်စေ၏။ ရသေ့သည် မိန်းမကိုစွန့်ခြင်းငှာ မတတ်နိုင်ရကား တစ်နေ့ပတ်လုံး ထိုအရပ်၌သာလျှင် နေလေ၏။

ဘုရားလောင်း သစ်သီးရှာရာမှ ပြန်လာလတ်သော် ဘုရားလောင်းကိုမြင်၍ ရသေ့သည် သမုဒ္ဒရာသို့ရှေ့ရှုပြေး၏။ ထိုအခါ ဘုရားအလောင်းသည် –

'ဤသူကား ငါ၏ရန်သူဖြစ်လတ္တံ့' ဟု သန်လျက်ကိုင်၍ လိုက်၏။ ရသေ့သည်လည်း ကောင်းကင်သို့ ပျံအံ့သောငှာ ဈာန်တရားကို အားထုတ်သော်လည်း သမုဒ္ဒရာ၌ကျ၏။ ဘုရားလောင်းသည် – '

'ဤရသေ့ကား ကောင်းကင်ခရီးဖြင့် လာသည်ဖြစ်လတ္တံ့၊ ဈာန်မှယုတ်သည်၏ အဖြစ်ကြောင့် သမုဒ္ဒရာ၌ကျသည်ဖြစ်အံ့၊ ယခုအခါ ငါသည်ရသေ့၏ ကိုးကွယ်ရာဖြစ်ခြင်းငှာ သင့်၏' ဟုကြံလျက် ရသေ့အား မိန်းမနှင့်ပေါင်းဖော်သဖြင့် ရရှိသော အကျိုးမဲ့အပြစ်တို့ကို တရားဟော၏။ (ဘုရားလောင်း အနိတ္ထိဂန္ဓသည် တော၏တိတ်ဆိတ်ခြင်းတည်းဟူသော ဝိဝေကကို ရသည့်နေ့မှစ၍ ဗြဟ္မာ့ပြည်မှ ပါလာခဲ့သော ဝသီဘော်ဖြင့် ဗြဟ္မာ့စရိယတရားတို့ကို ပြန်လည်အောက်မေ့ဆင်ခြင်၍ နေသည်ဟု ဦးမင်္ဂလာက ယူဆမိပါသည်။)

ရသေ့သည် ဘုရားလောင်း၏စကားကို ကြားရ၍ သတိသံဝေဂရကာ သမုဒ္ဒရာထဲ၌ပင် ပျောက်ပြီးသော ဈာန်ကို တစ်ဖန်ဖြစ်စေလျက် ကောင်းကင်ခရီးဖြင့် မိမိနေရာသို့ ပြန်လေ၏။ ဘုရားလောင်းသည်လည်း ဂီတပါလီကို လူနေအိမ်ခြေရှိရာသို့ပို့၍ မိမိမှာ တောသို့တစ်ဖန်ပြန်လာပြီးလျှင် ရသေ့ပြုကာ ကသိုဏ်းပရိကံကို စီးဖြန်း၍ ဈာန်သမာပတ်ကို ဖြစ်စေလျက် ကံကုန်သော် ဗြဟ္မာ့ပြည်သို့ လားလေသည်။

မြတ်စွာဘုရားသည် မာတုဂါမတို့ကြောင့် သာသနာဝယ် ငြီးငွေ့သော ရဟန်းအသီးသီးကို တရားဟောတော်မူလေ့ရှိရာ အထက်ပါဇာတ်များမှာ ကိုယ်တော်တိုင်ဖြစ်ပျက်ခဲ့သော ဇာတ်အတ္ထုပ္ပတ်အချို့ ဖြစ်လေသည်။ ဇာတ်တော်နှင့်သက်ဆိုင်သော ရဟန်းအသီးသီးအား မိန့်တော်မူသော တရားမေဒနီတို့ကို ဤသို့ တွေ့ရှိကြည့်ညိုရပါသည်။

"ရဟန်း၊ မိန်းမမည်သည်ကား သင်ကဲ့သို့သော သူ၏စိတ်ကို အဘယ့်ကြောင့် မလှုပ်မရှား မချောက်ချားစေဘဲ ရှိနိုင်အံ့နည်း။ ရှေးပညာရှိတို့အား (ဥဒေါင်းမင်းအား) အနှစ်ခုနစ်ရာပတ်လုံး ငုပ်လျှိုးနေသော ကိလေသာ (ရာဂ) တို့သည် မိန်းမ၏အသံကို ကြားလတ်သောအခါ တစ်ခဏချင်း နိုးကြားထကြွလာကုန်၏။ မြတ်သောဆန္ဒနှင့်ပြည့်စုံသော သူတော်စင်ပင် ဖြစ်လင့်ကစား အကျော်အစောမဲ့ခြင်းအဖြစ်သို့ ရောက်ရကုန်သေး၏။ မစင်ကြယ်သောသူသည်ကား အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း" (မောရဇာတ်)

"ရဟန်း၊ ကြီးစွာသောရာဂသည် သင်ကဲ့သို့သောသူကို အဘယ့်ကြောင့် မလှုပ်ပေါ်

စေနိုင်ဘဲ ရှိလတ္တံ့နည်း။ မြင်းမိုရ်တောင်ကြီးကို နတ်ခြင်းငှာ စွမ်းနိုင်သောလေသည် သစ်ရွက်ဟောင်းမျှကို အဘယ်မှာ ရှက်အံ့နည်း။ (ရွံ့ရှာအံ့နည်း)" (မဟာမောရဇာတ်)

"ရဟန်း၊ ဣန္ဒြေကိုဖျက်၍ ဝိသဘာဂအာရုံကို တင့်တယ်၏ဟု နှလုံးသွင်းသည်၏ အစွမ်းအားဖြင့်ကြည့်သောသင့်ကို ကိလေသာတို့သည် တုန်လှုပ်စေခြင်းရှိ၏။ ထိုတုန်လှုပ်စေခြင်းသည် အံ့ဖွယ်မရှိ။ ရှေး၌ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးကိုရကုန်သော ဈာန်၏အာနုဘော်ဖြင့် ကိလေသာတို့ကိုခွာ၍ စင်ကြယ်စွာသော စိတ်ရှိကုန်သော ကောင်းကင်ပြင်၌ သွားကုန်သော ဘုရားလောင်းတို့သည် ဣန္ဒြေတို့ကိုဖျက်၍ ဝိသဘာဂ အာရုံကိုကြည့်သည်ရှိသော် ဈာန်မှယုတ်ကုန်၍ ကိလေသာတို့သည် တုန်လှုပ်စေအပ်သည်ဖြစ်၍ ကြီးစွာသောဆင်းရဲကိုခံရဖူး၏" (မုဒုလက္ခဏဇာတ်)

"ရဟန်း၊ ကိလေသာမည်သည်ကား ဂုဏ်ကျေးဇူးကိုဖျက်ဆီးတတ်၏။ ကြည်ညိုဖွယ်မရှိ၊ ငရဲ၌ ဖြစ်စေတတ်၏။ ဤကိလေသာသည် သင်ကဲ့သို့သောသူကို အဘယ့်ကြောင့် မညစ်ညူးစေဘဲ ရှိလတ္တံ့နည်း။ ဤကိလေသာကို အမိပြု၍ သဗ္ဗညုတဟူသောအကျိုးငှာ ရှေ့ဘုရားလောင်းတို့၏ လမ်းဟောင်းအစဉ်ကို သွားကုန်သော ငါးပါးသောအဘိညာဉ် ရှစ်ပါးသော သမာပတ်ကိုရကုန်သော ယောကျ်ားမြတ်တို့သည်လည်း သတိကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်၊ ဈာန်ကို ကွယ်စေကုန်၏" (ဟရိတစဇာတ်)

"ရဟန်း၊ ရှေးပညာရှိတို့သည် တိုင်းနိုင်ငံကိုစိုးရင်ဆုံးမကုန်လျက်လည်း ကိလေသာဖြစ်သည်ရှိသော် ထိုကိလေသာ၏အလိုသို့ မလိုက်မူ၍ စိတ်ကိုတားမြစ်သဖြင့် မသင့်လျော်သောအမှုကို မပြုကုန်" (ဥမ္မာဒန္တီဇာတ်)

"ရဟန်း၊ ကိလေသာအလိုသို့ မလိုက်လင့်၊ မိန်းမမည်သည်ကား အလွန်ယုတ်မာစွာ၏။ ထိုမိန်းမ၌ တပ်စွန်းသောစိတ်ကို ဖျောက်ဘိလော့၊ ငါဘုရားသာသနာတော်၌ မွေ့လျော်လော့၊ မိန်းမ၌ တပ်စွန်းသောစိတ်ရှိသောကြောင့် ဘုန်းတန်ခိုးအာနုဘော် ရှိကုန်သော ရှေးပညာရှိတို့သည်လည်း ဘုန်းတန်ခိုးအရှိန်အဝါ မရှိကုန်သည်ဖြစ်၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ဖူးကုန်ပြီ" (ကုသဇာတ်)

"ရဟန်း၊ မိန်းမတို့မည်သည်ကား သူ့ကျေးဇူးကို မသိတတ်ကုန်။ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကုန်၏။ အဘယ့်ကြောင့် မိန်းမကိုမှီ၍ (သာသနာတော်၌) ငြီးငွေ့သနည်း" (တက္ကပဏ္ဍိတဇာတ်)

"ရဟန်း၊ မိန်းမတို့မည်သည်ကား သူ့ကျေးဇူးကို မသိတတ်ကုန်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကုန်၏။ အဘယ့်ကြောင့် မိန်းမကိုမှီ၍ (သာသနာတော်၌) ငြီးငွေ့သနည်း" (တက္ကပဏ္ဍိတဇာတ်)

"ရဟန်း၊ မိန်းမတို့မည်သည်ကား စင်ကြယ်ကုန်သော ရှေးသူဟောင်းတို့ကိုလည်း ညစ်ညူးစေကုန်၏" (စူဠပလောဘနဇာတ်)

"ဟီနတ်ဘာဝ၊ ဓာတ်ကာမန္တိက်၊ လောဘအရာ၊ ကိလေသာကား၊ ပညာသတိ၊ ကင်းလွတ်ဘိသော်၊ အနိဋ္ဌိဂန္ဓ၊ မင်းကုသတို့၊ မိန်းမထက်လွန်၊ ဟောဝန်မြိုင်ကွေ့၊

တောပျော်မွေ့သား၊ ရသေ့ဖြစ်လျက်၊ သီလဖျက်ပြီး၊ ရမ္မက်မီးကြွ၊ ဂန္ဓဗ္ဗနှင့်၊ ရဋ္ဌဝတီ၊ ကိန္နရီကို၊ မူသီကိလေ၊ မြင်ရုံသေမျှ၊ တွေဝေမိန်းပြတ်၊ ဉာဏ်ကျိုးဆုတ်၏။ သူမြတ်ဗောဓိ၊ လောင်းဇာတိလျက်၊ ဟရိတစ၊ ရှင်လောမတို့၊ လောဘအဟုန်၊ ကျဆင်မုန်သို့၊ ကာမဂုဏ်ညစ်၊ ရာဂယစ်၍၊ အပြစ်မထင်၊ မိန်းမသွင်ကို၊ မြင်လျှင်မြင်ချင်း၊ သတိယွင်းလျက်၊ ဉာဏ်ကင်းလက်လွတ်၊ ဈာန်ကျိုးပြတ်၏”။ (မဃဒေဝ)

* * *

(၁၉)

# ဇာတိပုည ဂုဏ်မာန

မာနဆိုသောစိတ်မှာ ထောင်လွှားသောစိတ်၊ တက်ကြွသောစိတ်၊ ဝင့်ကြွားသော စိတ်၊ ဂုဏ်တုဂုဏ်ပြိုင်၊ ယှဉ်ပြိုင်သောစိတ်ဟူ၍ ဦးမင်္ဂလာက နားလည်ထားသည်။

ထိုမာနစိတ်ကြောင့် သတ္တဝါတို့မှာ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ ညစ်ကျုပြင်ပန်းခြင်းတို့ ဖြစ်စေနိုင်၏။ အမှားအမှန်ကို ဝေဖန်ရာ၌ သတိမရှိနိုင်အောင် ပိတ်ဆို့ကာကွယ်ထားတတ်၏။ ထို့ကြောင့်ဘဝ, ဘဝအဆက် သံသရာနယ်ချဲ့တတ်သော 'ပပဉ္စတရားသုံးပါး' တွင် တစ်ပါး အပါအဝင်ဖြစ်၏။

ပပဉ္စတရားသုံးပါးကား တဏှာ, မာန, ဒိဋ္ဌိဖြစ်လေသည်။ ကာမရာဂအနုသယစသော အနုသယ ၇ ပါးတို့တွင်လည်း မာနသည် တစ်ပါးအပါအဝင်ဖြစ်၏။ ညစ်နွမ်းစေ တတ်သော လောဘစသော ကိလေသာ ၁၀ ပါး ထိုတရားတို့တွင်လည်း မာနသည်တစ်ပါး အပါအဝင်ဖြစ်၏။ ကာမရာဂ သံယောဇဉ်စသော သံယောဇဉ် ၁၀ ပါးတို့တွင်လည်း မာနသည် တစ်ပါးအပါအဝင်ဖြစ်၏။

ဦးမင်္ဂလာသည် မာနဟူသောပါဠိမှ မာန်ဟူ၍ ဖြစ်လာသည်ကို ဆက်စပ်၍ တွေးမိပြန်သည်။

၁။ ဇာတိမာန် = မျိုးရိုးကိုအစွဲပြု၍ တက်ကြွသောစိတ်။ မျိုးချစ်စိတ်ဟူ၍လည်း ခေါ်တတ်သေးသည်။

၂။ ဓနမာန် = ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသည်ကိုအစွဲပြု၍ တက်ကြွသောစိတ်၊ ဓနရှင်စိတ်ဟူ၍လည်း ခေါ်တတ်သေးသည်။

၃။ ပညာမာန် = အတတ်ပညာကို အစွဲပြု၍ တက်ကြွသောစိတ်။

၄။ ဝဏ္ဏမာန် = အဆင်းလှပသည်ကိုအစွဲပြု၍ တက်ကြွသောစိတ်၊ ယခုခေတ်တွင် စစ်လက်နက်ကြီးတို့ကိုအစွဲပြု၍ မာန်တက်ကြွသောစိတ်မျိုးကို ထည့်သွင်းလျှင် 'အာဝုဓ' မာန်ဟု မာန်တစ်ပါး ပိုလာနိုင်စရာရှိသည်။

ဇာတိမာန်, ပုညမာန်, ဂုဏမာန်တို့ကို ရှင်မဟာရဋ္ဌသာရက 'ဇာတိပုည၊ ဂုဏ် မာနဖြင့်၊ သံပဟုံးစုံး၊ ဘက်မဲ့ကြုံးသား၊ အားသုံးထောင်ထား' ဟူ၍ စတုဓမ္မသာရပျို့၌ စပ်ဆိုခဲ့သည်။ ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်၊ ထိုမာန်အားသုံးပါးဖြင့်ထောင်ထား တက်ကြွနိုင်သည်ဟု ဆိုလိုရင်းဖြစ်သည်။

အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရား၏ သင်္ဂြိုဟ်ဘာသာဋီကာ၌ မာနအကြောင်း ဤသို့ဖွင့်ဆိုထားသည်။

အဟံ ကာရော မညတီတိ မာနော။

အဟံ ကာရော = ငါတကားဟု ထောင်လွှားပြုလျက်၊ မညတီတိ = မှတ်ထင်တတ်သည်၏အဖြစ်ကြောင့်၊ မာနော = မာနမည်၏။

ငါတကားဟု ထောင်လွှားပြုလျက် မှတ်ထင်တတ်သောကြောင့် မာနမည်၏။ ငါနှင့်ငါသာ နိုင်းစရာဟူသော စိတ်မျိုးဖြစ်သည်။

မဃဒေဝလင်္ကာ၌ မန်လည်ဆရာတော်ဘုရားက –

'လောကလူတွင်၊ ငါသာလျှင်တီ၊ ငါ့ပြင်မရှိ၊ ထင်မှတ်ဘိယောင်၊ မောဟဆောင်၍၊ ဟန်ထောင်မာန' ဟုလည်း ဆိုခဲ့ပါသေးသည်။

သဂြိုဟ်ဘာသာဋီကာ၌ ဆက်လက်ဖော်ပြထားသည်မှာ လောက၌

"သေယျပုဂ္ဂိုလ် =ဘမြတ်စားလူမျိုး၊ သဒိသပုဂ္ဂိုလ် = သူများနှင့်တန်းတူ အလတ်စားလူမျိုး၊ ဟီနပုဂ္ဂိုလ် = သူများအောက်ကျသောလူမျိုး"ဟုသုံးမျိုးရှိ၏။

ထိုပုဂ္ဂိုလ်တစ်မျိုးတစ်မျိုး၌ (က) သေယျမာန် = ဂုဏ်သိရ်ဥစ္စာပညာ အဆင်းစသည်အားဖြင့် သူများထက်မြတ်၏၊ သာ၏ဟု မှတ်ထင်ခြင်း၊ မာန်မူခြင်း။ (ခ) သဒိသမာန် = ထိုဂုဏ်သိရ်စသည်ဖြင့် "သင်းတို့နှင့်ငါ ဘာထူးသလဲ အတူတူပဲ" ဟု မှတ်ထင်ခြင်း၊ မာန်မူခြင်း။ (ဂ) ဟီနမာန် = သူတို့အောက်ကျနေကော ငါက ဘာ အရေးစိုက်ရမှာလဲ၊ ကိုယ့်ရှိမှကိုယ် စားရတာပဲစသည်ဖြင့် မာန်မူခြင်း၊ ဤသို့သုံးပါး ပြားပြန်၏။

ထိုတွင် သေယျပုဂ္ဂိုလ်၏ သေယျမာန်မူခြင်း၊ သဒိသပုဂ္ဂိုလ်၏ သဒိသမာန်မူခြင်း၊ ဟီနပုဂ္ဂိုလ်၏ ဟီနမာန်မူခြင်းသည် 'ယာထာဝမာန' မည်၏။ (ဟုတ်မှန်သည့်အတိုင်း မာန်မူခြင်းဟူလို) အဓိပ္ပာယ်မှာ သူတကာထက် တကယ်မြင့်မြတ်၍ မာနဖြစ်ခြင်း (မာန်ရှိထိုက်၍ရှိခြင်း)၊ သူတကာနှင့် တကယ်ဂုဏ်တူတန်းတူဖြစ်၍ မာနဖြစ်ခြင်း၊ သူတကာအောက် တကယ်နိမ့်ကျ၍ မာနဖြစ်ခြင်းတို့ကို ဆိုလိုသည်။ ဤ 'ယာထာဝမာန' ကို အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်၏ဟု ဆိုသည်။

မိမိနှင့်မတန်သော အခြားမာန်နှစ်မျိုးသည် အ, ယာထာဝမာနမည်၏။ (မဟုတ်မမှန်သော မာန်မူခြင်းဟူလို) အဓိပ္ပာယ်မှာ မိမိနှင့်တန်းတူ မဟုတ်မှန်းသိလျက် တန်းတူဟု ထင်မှတ်၍ မာနဖြစ်ခြင်း။ မိမိနှင့်တန်းတူဖြစ်ကြောင်းသိလျက် သူ့ထက် သာသည်ဟု ထင်မှတ်၍ မာနဖြစ်ခြင်းတို့ကို ဆိုလိုသည်။ (ဝမရှိဘဲ ဝိလုပ်ခြင်းမျိုး) ဤအ,ယာထာဝမာန်ကို သောတာပတ္တိမဂ်တုန်းကပင် ပယ်နိုင်၏ဟုဆိုသည်။ (ကိုယ်လိမ်တာကိုယ်သိ၍ဖြစ်သည်။)

စိတ်ဆိုသောစိတ်ကို ဆန်းစစ်နေသော ဦးမင်္ဂလာသည် တစ်ခါတစ်ရံ လောဘ၊ ဒေါသ၊ မောဟ၊ မာနဟူသော အလိုဆိုး စိတ်တို့ကို အကြောင်းခံ၍ အကုသိုလ်ဖြစ်ရာမှ ထိုအကုသိုလ်စိတ်ကို နှိပ်ကွပ် ပဲ့ပြင်လိုက်ခြင်းကြောင့် အကုသိုလ်စိတ်တို့ လွင့်ပါး၍ ကုသိုလ်စိတ်များ ဖြစ်ပွားလာနိုင်သည်ကိုလည်း ကိုယ်တွေ့ကြုံရဖူးသည်။

တစ်ခါတစ်ရံ သားရေး၊သမီးရေး၊ စီးပွားရေး၊ အိမ်တွင်းရေးတွေကြောင့် ဒေါသ၊ မောဟတို့ဖြင့် ဆူပူကြိမ်းမောင်းပြီး အိမ်မှထွက်ခဲ့သည်။ တစ်လမ်းလုံး ဒေါသဖြစ်လာခဲ့သည်။ ကားမောင်းနေရင်းဟွန်းတီးပါလျက် လမ်းမပေးသော ရှေ့ကကားကိုလည်း ဒေါသဖြစ်နေသည်။ ကားအန္တရာယ်ကို မထိတရိ မရှောင်ချင့်ရှောင်ချင်လုပ်သော ခရီးသွားများကိုလည်း ဒေါသဖြစ်မိသည်။ ကုန်ကုန်ပြောရလျှင် ဝါရာမှနီလာသော လမ်းဆုံမှ အချက်ပြမီးကိုပင်လျှင် အချိန်မီ မဖြတ်နိုင်၍ ရပ်ပေးလိုက်ရသောကြောင့် ဒေါသဖြစ်သေးသည်။

သို့နှင့် ဗဟန်းသို့ရောက်လာရာ ရွှေသင်္ကန်းအပြည့်နှင့် မားမားမတ်မတ် တည်ရှိနေသော ရွှေတိဂုံစေတီတော်ကြီးကို ဖူးလိုက်ရသည်။ ထိုအခါ ပြင်းပြပူလောင်သော ကန္တာရခရီးကို ဖြတ်လာရသောသူသည် စိမ်းလန်းအေးမြသောညောင်ညိုပင်ကြီးအောက်သို့ ဝင်လိုက်ရသလို ဖြစ်သွားသည်။ ပူလောင်ခြင်းမှ အေးမြခြင်းသို့ ရုတ်တရက်ပြောင်းလဲ၍ သောမနဿ အရသာကို ခံစားလိုက်ရသည်။

ဗဟန်းကို ဖြတ်ကျော်မောင်းနှင်တိုင်း စေတီတော်ကြီးကိုဖူးလိုက်မြဲဖြစ်သည်။ထိုစဉ်များကဖူးရမြင်ရသည်ထက် ယခုဖူးရသည်က အပူကို ကိုင်မိလိုက်ရာမှ ထောပတ်ထဲလက်နှစ်လိုက်ရသလို ထူးထူးခြားခြား အေးမြသော ပီတိချမ်းသာကို ခံစားလိုက်ရသည်။

ဦးမင်္ဂလာက ကားဆိုက်၍ ကုန်းတော်ပေါ်သို့ တက်သွားသည်။ ဘုရားကို တစိမ့်စိမ့်ကြည်ညိုပြီး ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားသည်။ ညနေစောင်း၍ နေအေးမှ စိတ်အေးလူအေး အိမ်ကို ပြန်လာခဲ့သည်။ ဒါကို ဦးမင်္ဂလာက သတ္တုချကြည့်လိုက်သည်။ အကုသိုလ်မှ ကုသိုလ်ဖြစ်ရခြင်း။

တက်ကြွထောင်လွှားသော မာနစိတ်သည် အကုသိုလ် ဖြစ်စေ၏။ လူများ၏ မုန်းတီးခြင်း စက်ဆုပ်ခြင်းကို ခံရတတ်၏။ အကျိုးမဲ့ဖြစ်၏။ အရင်းခံဖြစ်သော ကိလေသာစိတ်ကို ပဲ့ပြင်နိုင်လိုက်သော ခဏဝယ် အိမ်မှစိတ်ဆိုး၍ထွက်လာသော ဦးမင်္ဂလာကိုယ်တိုင် ဘုရားပေါ်ရောက်သွားရသလို မြတ်စွာဘုရားလက်ထက်တော်က လင်မယားချင်း မာနပြိုင်ကြရာမှ တစ်ခုသော ဥပနိဿယအကြောင်းကြောင့် ရဟန္တာထေရာ ထေရီများ ဖြစ်သွားကြပုံကို ဦးမင်္ဂလာက မှတ်မှတ်ရရ တွေးလိုက်မိသည်။

ရာဇဂြိုဟ်ပြည်တွင် ဥဂ္ဂသေနသူဌေးသားဟူ၍ ရှိသည်။ ဥဂ္ဂသေနသည် လောကီလောကုတ္တရာ စီးပွားတို့၌ အာရုံမရှိဘဲ အပျော်အပါး ပွဲလမ်းသဘင်တို့ကိုသာ ခုံမင်လိုက်စားနေသူ ဖြစ်သည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ကျယ်ပြန့်သော နန်းရင်ပြင်တွင် အကျော်ဒေးယျသဘင်အဖွဲ့များက မကြာမကြာ လာရောက်ကပြ အသုံးတော်ခံလေ့ရှိကြသည်။ နန်းတွင်းသူ နန်းတွင်းသားနှင့်တကွ မြို့နေလူကုံထံများက သောင်းသောင်းဖြဖြ လာ၍ကြည့်ကြသည်။ ဆုလာဘ်တို့ကို ပေးကြသည်။ ဥဂ္ဂသေနနှင့် သူ၏ အပေါင်းအသင်းများက အများဆုံး ဆုလာဘ်ပေးကြသည်။

တစ်နေ့သော် ထူးခြားသော သဘင်အဖွဲ့တစ်ဖွဲ့ ရောက်လာကပြသည်။ ထိုအဖွဲ့မှာ

မြေဝိုင်းသဘင် မြေတွင်ကသောအဖွဲ့မဟုတ်၊ အတောင်နှစ်ဆယ်မျှမြင့်သော ဝါးလုံး (ဝါးစင်)ပေါ်တွင်တက်၍ ကသည့် (ဘားကျွမ်း) သဘင်ဖြစ်သည်။ ကချေသည်ကလည်း အလွန်တရာ နုနယ်လှပသော မိန်းမပျိုလေးဖြစ်သည်။ ရုပ်ဆင်းလက္ခဏာ ကြန်အင်္ဂါနှင့် ပြည့်စုံသည်။ သာယာသောအသံဖြင့် သီချင်းသီဆိုသည်။ အောက်က တီးပေးသည့် တူရိယာသံနှင့်လိုက်ဖက်အောင် အမြင့်အဖျား၌ ကိုယ်လက်လှုပ်ရှားကပြနေပုံမှာ သည်းထိတ်ရင်ဖိုဖြစ်ရသည်။ ဝါးတန်းပေါ်တွင် စကြာလျှောက်၍ ကပြသည့်အခါ 'ဟာ–ဟင်–အို–အမလေး–' စသည်ဖြင့်ရင်သပ်ရှုမော အံ့သြကြရသည်။ ဂန္ဓမာဒနတောင်ယံမှ ဝဲပျံ၍ ဆင်းလာသော ကိန္နရီမကလေးပေလားဟု ထင်ကြရသည်။

သူဌေးသား ဥဂ္ဂသေနသည် ထိုကချေသည် မိန်းမပျို (နငှကုမာရီ) အား မြင်လျှင်မြင်ချင်း စွဲလမ်းသွားလေသည်။

လူအပေါင်းက ကောင်းချီးပေးကြသည်မှာ ရင်ပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ ချီးမြှင့်ကြသော ဆုတွေ လာဘ်တွေမှာလည်း လှည်းပေါင်းများစွာနှင့် တိုက်ယူရသောဟူ၏။

ဥဂ္ဂသေနသည် အိမ်သို့ပြန်သွားပြီးလျှင် မိဘများအား နငှကုမာရီကို တောင်းရမ်းပေးပါရန် ပူဆာတော့သည်။

"မဖြစ်နိုင်တာသားရယ်၊ တို့နဲ့ မျိုးရိုးချင်းလည်း မတူဘူး၊ ဂုဏ်သရေ အဆင့်အတန်းချင်းလည်း မမျှဘူး၊ ငါ့သား အိမ်ထောင်ပြုချင်လျှင် ရာဇဂြိုဟ်ပြည်ထဲက ဂုဏ်တူတန်းတူ သူဌေးတစ်ဦးဦးရဲ့သမီးကို တောင်းရမ်းစေ့စပ်ပြီး ကြီးကျယ်စွာ လက်ထပ်ပေးပါ့မယ်" ဟု ပြောကြသော်လည်း ဥဂ္ဂသေနက "နငှကုမာရီမှ မရလျှင် သေရပါတော့မည်" ဟု ဇွတ်ပြောနေသည်။

"ဣတ္ထိရူပ၊ သဒ္ဒစသား၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအပုံ၊ ဤအာရုံကား၊
မြှေးထုံမောဟ၊ ဤလောက၌၊ ရာဂမကင်း၊ ကိုယ်တွင်းမဆိတ်၊ ယောကျ်ားစိတ်ကို၊
မပိတ်ဆို့နိုင်၊ ယိမ်းယိုင်ကိုယ်လုံး၊ ကျုံး၍ပစ်သို့၊ ပြစ်ပြစ်ကုန်စင်၊ မွေမမြင်အောင်၊
ဆင်ခြင်ဉာဏ်ကင်း၊ မကြွင်းစေကြောင်း၊ စိတ်ကောင်းဟူသမျှ၊ ပြုန်းပြုန်းကျ၏"

ဆိုသကဲ့သို့ သူဌေးသား ဥဂ္ဂသေနသည် ထမင်းမစား၊ ဟင်းမစားဘဲ အိပ်ရာထဲတွင် လဲနေလေတော့သည်။

မိဘတို့မည်သည်ကား သားဆိုး သမီးဆိုးပင်ဖြစ်ကြစေဦးတော့၊ ထိုသားသမီးတို့၏ ဆင်းရဲခြင်းကို မရှုရက် မမြင်သာသဖြင့် အလိုလိုက်မြဲ၊ လက်လျှော့မြဲ၊ အရှုံးပေးကြမြဲ ဖြစ်သည်။ ဥဂ္ဂသေန၏ဖခင်သည် သား၏အပေါင်းအသင်း သူငယ်ချင်းများကိုခေါ်၍ တစ်ထောင်သောဥစ္စာတို့ကိုပေးကာ –

"အမောင်တို့၊ အမောင်တို့၏သူငယ်ချင်းအား ဆုံးမတားမြစ်သော်လည်း ကချေသည်မှမရလျှင် သေတော့မလောက် ဒုက္ခရောက်နေရပြီ၊ နငှကုမာရီ၏ဖခင် သဘင်ဆရာကြီးထံသို့ သွား၍ ဤအသပြာတစ်ထောင်ကို'အတွင်းဥစ္စာ'တင်၍ သူ့သမီးအား တောင်းရမ်းပေးကြပါတော့" ဟု အောင်သွယ်တမန် လွှတ်လိုက်ရသည်။

ဥဂ္ဂသေန၏ သူငယ်ချင်းများက သဘင်ဆရာကြီးထံ ရောက်လတ်၍ စေ့စပ်တောင်းပန်သောအခါ နင့ကုမာရီ၏ဖခင်က ဤသို့ဆိုသည်။

"အမောင်တို့ သူဌေးသားဥဂ္ဂသေနအတွက် ပေးသွင်းသော ဥစ္စာသည် နည်းပါးလှသည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် သဘင်သည်မျိုးရိုးဖြစ်သဖြင့် မိမိ၏အနုပညာကို အလွန်တန်ဖိုးထားကြပါသည်။ အလွန်စုံမက်ကြပါသည်။ လောက၌ ငွေကြေးစနေ ပေါများပြည့်စုံခြင်းထက် ပရိသတ်တို့အလယ်၌ မိမိတို့၏ပညာဖြင့်မြှောက်စား ချီးမွမ်းသံတို့ကို လက်ခံရခြင်းသည် ကျွန်ုပ်တို့၏ အနှစ်သက်ဆုံး ဂုဏ်ထူးဖြစ်ပါသည်။

"သူဌေး၏ချွေးမ၊ သူဌေး၏ သားမယားတစ်ယောက်အနေဖြင့် အရပ်ရပ်သို့လှည့်လည်၍ ကပြနေခြင်းကို သူ့ယောက္ခမ၊ သူ့လင်သားက ခွင့်ပြုကြမည်မဟုတ်ပါ။ ခွင့်ပြုနိုင်ကောင်းစရာလည်းမဟုတ်။ ထို့ကြောင့် ကျွန်ုပ်၏သမီးနှင့်ပေးစားဖို့ မဖြစ်နိုင်ပါ။

အကယ်၍ သူဌေးသားသည် ကျွန်ုပ်၏သမီးအား အစာရေစာဖြတ်သည်အထိ တပ်မက်စွဲလမ်းနေသည်ဆိုလျှင် မိဘတို့ကိုစွန့်ခွာ၍ ကျွန်ုပ်တို့နှင့်အတူ လှည့်လည်ကပြရာတွင် လိုက်ခဲ့ပါစေ။ သို့မှသာ ကျွန်ုပ်၏သမီးနှင့် ပေးစားနိုင်မည်" ဟု ဆို၏။

အနုပညာသည်များ၏စိတ်ထားသည် အလွန်ပြင်းထန်ကြ၏။ သူဌေးကတော်၊ အရာရှိကတော်ဟူသော အဆောင်အယောင်ဖြင့် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်၊ အိမ်တစ်ဆောင် မီးတပြောင်ဖြင့် နေရသော်လည်း ဝါသနာကို မစွန့်နိုင်ကြ၊ ဆိုင်းသံကြားလျှင် က,ချင်သည်။

"ဝါသနာကို မတားနဲ့တော့ရှင်၊ ဒီလိုနေတာ အများကပင်၊ သနားကြရင်၊ မပြရင်၊ ကျွန်မက,ချင်၊ သည်းခံတော့ ဗိုလ်ကေလင်" ဟု အငြိမ့်မင်းသမီး လေဘာတိမပြရင်ဆိုသော သီချင်းကို ဦးမင်္ဂလာက သတိရလိုက်မိသည်။

သူငယ်ချင်းများက ဥဂ္ဂသေန၏ မိဘတို့ကို ပြန်၍ပြောကြားကြသည်။ ဥဂ္ဂသေနသည် အိပ်ရာမှ ငေါက်ခနဲထ၍ ဆွေမျိုးမိဘများက ဝိုင်းဝန်းငိုယို ဖျောင်းဖျ တောင်းပန်နေကြစဉ်ပင် သဘင်အဖွဲ့နောက် ကောက်ကောက်ပါအောင် လိုက်သွားလေရာ မိဘဆွေမျိုးများမှာ ဝမ်းနည်းပက်လက် မျက်ရည်ကျ၍ ကျန်ခဲ့ရသည်။

ဦးမင်္ဂလာသည် သူတို့ငယ်စဉ်ခေတ်က ဇာတ်မင်းသားကိုဖိုးစိန်၏ ဇာတ်တစ်ခုကို ကြည့်ခဲ့ရဖူးသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်ဟု သီးသီးခြားခြား မရှိခဲ့သေး၊ အိန္ဒိယပြည် ကလကတ္တား ယူနီဗာစီတီ၏ လက်အောက်ခံ ရန်ကုန်ကောလိပ်ဟူ၍သာ ရှိသေးသည်။ တချို့ ကောလိပ်ကျောင်းသားများသည် ပညာကို ကောင်းစွာမသင်ကြဘဲ မိဘများက ပေးပို့သောငွေဖြင့် လောင်းကစားကြသည်။ အငြိမ့်ဇာတ်ပွဲတို့ကို လိုက်လံကြည့်ရှုတတ် ကြသည်။ အငြိမ့်မင်းသမီး ဇာတ်မင်းသမီးတို့ကိုစွဲလမ်း၍ ကောလိပ်ကျောင်းမှ SA (အက်စ်အေ) ဒီဂရီလောက်မှ မရကြဘဲ မင်းသမီးများနှင့် ညားသွားကြသူများ ရှိသည်။

ထိုသူများကို အသိအလိမ္မာ သတိပေးသောအားဖြင့် ထိုစဉ်က နာမည်ကျော်ကြား

လှသည့် ဇာတ်မင်းသား ကိုဖိုးစိန်သည် မင်းသမီး၏ ထဘီထုပ်ကိုထမ်း၍ ပွဲကရာနောက် တကောက်ကောက်လိုက်ရသော ဥဂ္ဂသေနဇာတ်ကို ကပြခဲ့သည်။

ကိုဖိုးစိန်ကား–ပြည်သူတို့အကျိုးပြု၊ ဗုဒ္ဓဝင်၊ ငါးရာ့ငါးဆယ်၊ ဓမ္မပဒတို့မှ ကောင်းနိုးရာရာ ဇာတ်နိပါတ်များကို ထုတ်နုတ်ကပြခဲ့ဖူးသောကြောင့် ဘုန်းတော်ကြီးများကပင် လက်ခံအားပေးတော်မူကြသည်။

ဥဂ္ဂသေနသည် သဘင်ပညာနှင့်ပတ်သက်၍ က,တတ်သူလည်းမဟုတ်၊ ဆိုတတ်သူ လည်းမဟုတ်၊တီးမှုတ်တတ်သူလည်းမဟုတ်ရကား၊ ဇာတ်ပစ္စည်း အဝတ်တန်ဆာများကို ထိန်းသိမ်းရသူ၊ စောင့်ရှောက်ရသူ၊ သယ်ပိုးရသူ ဝန်ထမ်းတစ်ယောက်အနေဖြင့်သာ လုပ်ဆောင်နေရလေသည်။

ကချေသည် မင်းသမီးတို့၌လွတ်လပ်သောအပျိုဟူသည့်ဂုဏ်ရှိမှ ကာလသား မင်းပရိသတ်တို့က ပိုးပန်း၍ စွဲလမ်းတတ်ကြသည်။ ထင်ထင်ရှားရှား လင်သားဟူ၍ အများကသိသွားလျှင် ဂုဏ်ယုတ်လျော့မြဲ ဓမ္မတာဖြစ်သည်။ ထို့ကြောင့် ဥဂ္ဂသေနမှာ 'ထင်ထင်ပေါ်ပေါ် လင်တော်ရသည်မဟုတ်' မထင်မရှား အလုပ်သမားသာသာ အဖြစ် မှာသာ နေခဲ့ရသည်။

သားကလေးတစ်ယောက် ရလာသည့်အချိန်တွင်မူ နင္ဂကုမာရီက ငြူစူစပြုလာ တော့သည်။ သားသယ် (သည်) အမေ မင်းသမီးဖြစ်လာရခြင်းကြောင့် ဥဂ္ဂသေနကိုပင် မကျေနပ်နိုင်တော့။ 'သူနှင့်ညားရ၍သာ သားတစ်ယောက်မိခင်ဖြစ်ခဲ့ရသည်' ဟု မကျေမချမ်း မရွှင်မလန်းရှိလာသည်။ မိမိကသာ ပရိယေသန ဝမ်းစာကို နဖူးကချွေး ခြေမ ကျအောင် ကပြလုပ်ကျွေးနေရသူဟု ကိုယ့်ကိုယ်ကို အထင်ရောက်လာသည်။

ဥဂ္ဂသေနမှာ အဖွဲ့ခေါင်းဆောင်ဖြစ်သော ယောက္ခမနှင့် မယားက မျက်နှာသာ မပေးကြသည့်အခါ သဘင်သမားတို့အလယ်တွင် ထမင်းတစ်လုတ်စားရဖို့ပင် ရှက်ရွံ့ နေရလေသည်။ သဘင်သမားတို့ကလည်း သူ့ကို ဆေးဖော်ကြောဖက်မှ မလုပ်လိုကြ 'စားမနောက်ပိတ်ခွေး' ဟု အထင်သေးလာကြသည်။

ဥဂ္ဂသေနက ကိုယ်ချစ်၍ အိမ်ထောင်ပြုခဲ့သည်မှန်သော်လည်း သူကပြန်မချစ်လျှင် အိမ်ထောင့်ချမ်းသာမှု မရနိုင်သည်ကို ယခုမှ သဘောပေါက်လာသည်။ ထို့ကြောင့် 'ကိုယ်ချစ်ကို မရှာနဲ့၊ သူချစ်ကိုရှာ' ဟု လူကြီးသူမများက ဆုံးမစကား ဆိုခဲ့ဟန်တူသည်။

"ဆင်းရောင်လွန်ငြား၊ လူချစ်များနှင့်၊
သူမယားတစ်ထွေ၊ ကချေတတ်စွာ၊
ဥစ္စာလိုဘိ၊ ဣတ္ထိငါးမျိုး၊
အတွင်းဆိုးကို၊ မြတ်နိုးအမြဲ၊
မမှီဝဲနှင့်" ဟူ၍လည်း ပညာရှိများက မိန့်ဆိုခဲ့ကြသေး၏။

နင္ဂကုမာရီသည် သူတစ်ပါး၏မယား မဖြစ်သည် တစ်ခုကလွဲ၍ အဆင်းအရောင် လည်း အလွန်လှသည်။ ပွဲကြည့်ပရိသတ်တိုင်းက ချစ်ခင်စုံမက်နှစ်သက်ခြင်းကို ခံနေရသည်။

အကပညာမှာလည်း အလွန်တော်နေသည်။ ဆုလာဘ်တို့ကိုလည်း မက်မောနေသည်။

နင္ဒကုမာရီက သူ့သားကလေးကို ချော့မြူရာ၌ပင် –

"လှည်းစောင့်ကြီးရဲ့သား (အိပ်ပါတော့လား)

ဆုလာဘ်ဘဏ္ဍာထမ်း လူသွမ်းကြီးရဲ့သား (အိပ်ပါတော့လား)

တစိုးတစိ အတတ်ပညာကို မသိသူရဲ့သား (အိပ်ပါတော့လား)' ဟု အနှောင့်အသွားမလွတ် အထစ်အငေါ့များဖြင့် တေးဆို၍ သိပ်တတ်သည်။

ထိုသို့ ခနိုးခနဲ့ ပြောဖန်များလာသောအခါ –

"မင်းလွန်ပြီထင်တယ် နင္ဒကုမာရီ" ဟု ဥဂ္ဂသေနက ဒေါသနှင့် ပြောလိုက်သည်။

"ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်သတဲ့၊ မှန်တာပြောလို့ နာသလားသူဌေးသားကြီးရယ်" ဟု နင္ဒကုမာရီက ပမာမခန့် ပြန်၍ 'ပက်' လိုက်သည်။

"မင်းက ငါ့ကို အသုံးမကျ အစွမ်းအစမရှိ မိန်းမထဘီနား ခိုစားနေတဲ့အကောင်လို့ ထင်နေတယ်ပေါ့လေ"

"ပွဲကတိုင်း ကျွန်မလဲဝတ်ဖို့ ထဘီ၊ အင်္ကျီတို့ကို ရှင်ပဲ ထုတ်ပေးနေရတာမဟုတ်လား၊ ဟဲ–ဟဲ–" ဤစကားက ဥဂ္ဂသေနအား အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါသွားစေသည်။

"မင်းငါ့ကို သည်လောက်နိမ့်ရင် အိမ်ပြန်ပြီး ဖိမ်ခံနေလိုက်မယ် သိလား"

"အပယ်လေး–မောင်မင်းကြီးသား၊ သည်အကြံကို အထမြောက်အောင် ကြံစမ်းပါ၊ မြင်းလှူခိုး၊ မြက်ထိုးတောင် ငြိမ်းသေးတယ်"

ဥဂ္ဂသေနသည် နင္ဒကုမာရီ၏စကားကို နာကျည်းစွာ ခံစားလိုက်ရသည်။

နင္ဒကုမာရီကိုလည်းအလွန်မုန်းတီးစက်ဆုပ်သွားသည် ။ 'သင်းက ဘာကြောင့်သည်လောက် မာနတက်နေရသလဲ' ဟု တွေးလိုက်တော့ အဖြေက ထွက်လာသည်။ နင္ဒကုမာရီသည် မြင့်ခေါင်မြင့်ဖျား အတောင်နှစ်ဆယ်ရှိသော ဝါးပေါ်တွင် မြင်သူတကာတို့ အံ့သြအောင်၊ ချီးမွမ်းအောင်။ ရှုချင်စဖွယ်ရှိအောင် ကပြနိုင်သည် မဟုတ်ပါလား။ ဒါသာလျှင် သူ၏ ပညာမာနဖြစ်သည်။

အနပညာသည်တို့၏မာနကို ပစ္စည်းဥစ္စာ ငွေအသပြာတို့ဖြင့်လည်း ချိုးနှိမ်၍မရ၊ ဘုန်းတန်ခိုးအာဏာ အမိန့်သြဇာတို့ဖြင့်လည်း ချိုးနှိမ်၍ မရ၊ သူတတ်သည့် ပညာမျိုးဖြင့်သာ ကိုယ်က ကြိုးစား၍ သူ့ထက်သာအောင် ရင်ဆိုင် ယှဉ်ပြိုင်နိုင်မှ သူ့မာနကျိုးစရာရှိသည်။ ကိုယ့်အောက်ကျို့လာနိုင်စရာရှိသည်။ အနပညာသမားတို့မည်သည် မင်းသမီးနှင့် မင်းသား လင်မယားအချင်းချင်းသော်မှ တစ်ဦးကိုတစ်ဦး ဂုဏ်ပြိုင်တတ်ကြသေးသည်။ ပညာသည်ကို ပညာဖြင့် အနိုင်ယူရခြင်းက အရသာ အရှိဆုံးဖြစ်သည်။

ဤအတွေးကို တွေးမိသော ဥဂ္ဂသေနသည် မိဘရပ်ထံသို့ မပြန်တော့ဘဲ မယားပြောသမျှ မယားမာန်သမျှ ငုံ့၍ ယောက္ခမကြီးထံ၌ သဘင်ပညာကို အပတ်တကုတ်ဆည်းပူးလေတော့သည်။

နငှကုမာရီ၏ဖခင် ကျွမ်းပညာရှင်ကြီးက နေ့စဉ်နေ့တိုင်း သူ့သမီးအား ကကြိုးကကွက် အသစ်အဆန်းများ သင်ပေးနေလေ့ရှိရာ ဥဂ္ဂသေနသည် တစ်ထွာပြလျှင် တစ်လံမြင်အောင် ကြိုးစား၍ မိမိဘာသာ လျှို့ဝှက်စွာ လေ့ကျင့်နေတော့သည်။ မခံချင်သောမာနသည် ဆန္ဒနှင့်ဝီရိယတို့ ပူးပေါင်းမိတတ်ကြသည်။

ဆန္ဒဝတော ကိံနာမကမ္မံ နသိဇ္ဈတိ။

ဆန္ဒရှိသူအား အဘယ်မည်သော အမှုသည် မပြီးမြောက်ဘဲ ရှိပါအံ့နည်း။

ဝီရိယဝတော ကိံနာမကမ္မံ နသိဇ္ဈတိ။

ဝီရိယရှိသူအား အဘယ်မည်သော အမှုသည် မပြီးမြောက်ဘဲ ရှိပါအံ့နည်း။

အသေးအမွှားဖြစ်သော လောကီကိစ္စ၊ လောကီအတတ်ပညာတို့ကို မဆိုထားနှင့် လောကုတ္တရာပညာတို့၌ပင်လျှင် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗိုလ်ငါးပါးတို့တွင် ဝီရိယသည် တစ်ပါး အပါအဝင်ဖြစ်၏။ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်ဟူသော ဣဒ္ဓိပါဒ်လေးပါးတို့တွင်လည်း စိတ်နှင့်တကွသော ဆန္ဒ၊ ဝီရိယိဒ္ဓိပါဒ် (တန်ခိုး) တို့က အကျိုးဖြစ်အောင် ဦးစီးခေါင်းဆောင်ကြလေသည်။

တစ်နေ့သောအခါ ရာဇဂြိုဟ်မြို့တွင်းသို့ မောင်းသတင်းကြေညာချက်တစ်ရပ် လှည့်ပတ်ကြွေးကြော်လာတော့သည်။

"ယနေ့မှ ခုနစ်ရက်လွန်သော် နန်းတော်ရင်ပြင် ကွင်းကျယ်ကြီး၌ သူဌေးသား ဥဂ္ဂသေန၏ ကျွမ်းပွဲသဘင် ဆင်ယင်လိမ့်မည်" ဆို၏။

"ဥဂ္ဂသေနသည် အတောင်ခြောက်ဆယ်မြင့်သော ဝါးပိုးဝါးထိပ်၌ ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ ကြောင်လိမ်ကျွမ်း၊ ကောင်းကင်ထက်ဝယ် ခုနစ်ပတ်ကျွမ်းကစား၍ ကပြမည်" ဟု ဆို၏။

ထိုအခါလူထုက –

"ဘယ့်နှယ်လဲ၊ နငှကုမာရီကချေသည်က အတောင်နှစ်ဆယ်သာမြင့်တဲ့ ဝါးစင်မှာ ကပြသွားတယ်။ ယခု ဥဂ္ဂသေနကတော့ နငှကုမာရီထက် သုံးဆမြင့်တဲ့ ဝါးလုံးထိပ်ပေါ်မှာ ကပြမယ်ဆိုပါကား"

"ကောင်းကင်မှာ ခုနစ်ပတ်လည်အောင် 'လေကျွမ်း'ထိုးပြမယ်ဆိုပါကလား"

"သည်လောက်မြင့်တဲ့နေရာမှာ သည်လောက်စွန့်စားပြမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တဲ့အကြောင်း ရှိတယ်လေဗျာ၊ သူ့မယားနငှကုမာရီရဲ့ ပညာမာန်ကို ချိုးရအောင် ကြိုးကြိုးစားစား သက်စွန့်ဆံဖျား လေ့ကျင့်ထားတာ ဖြစ်မှာပေါ့၊ တကယ်တော့ မိန်းမသားရဲ့အစွမ်းထက် ယောကျ်ားရဲ့အစွမ်းက သာရမှာ ဓမ္မတာပဲ" ဟု ဥဂ္ဂသေန၏ သတင်းက တစ်မြို့လုံးတွင် 'ဥက္ကောဋ္ဌေယျ' ဟိုးဟိုးကျော်သွားလေတော့သည်။

လှည်းနေလှေအောင်း မြင်းဖောင်းမကျန်၊ စိတ်အားထက်သန်နေကြသည်။ နန်းရင်ပြင် ကွင်းအပြည့် ပတ်ပတ်လည် ညောင်စောင်းအဆင့်ဆင့် သူ့ထက်ငါ နေရာယူထား

ကြသည်။ နန်းတွင်းတွင်လည်း ဥဂ္ဂသေနအကြောင်း၊ ရုံးပြင်ကနားတွင်လည်း ဥဂ္ဂသေန အကြောင်း၊ အရပ်ထဲတွင်လည်း ဥဂ္ဂသေနအကြောင်း၊ ဈေးထဲတွင်လည်း ဥဂ္ဂသေန အကြောင်း၊ သေတင်းကုပ်တွင်လည်း ဥဂ္ဂသေနအကြောင်း ပြောနေကြသည်။

ခရီးသွားလှည်းကုန်သည် ငါးရာတို့သည် ထိုနေ့တွင် ခရီးစဉ်ရပ်ဆိုင်း၍ ဥဂ္ဂသေန၏သဘင်ကို ကြည့်ဖြစ်အောင် ကြည့်ရှုကြရန် ပြင်ဆင်နေကြသည်။ တစ်သက်တွင်တစ်ခါသာမြင်ရမည့် ပွဲကြီးပွဲကောင်းပေတကားဟု ယူဆထားကြသည်။

ဥဂ္ဂသေန၏ ဘားကျွမ်းအတတ်ကို ပြသမည့်နေ့၌ မြတ်စွာဘုရားရှင်သည် မိုးသောက်အားကြီး လင်းခါနီးအချိန်ဝယ် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်၏ သဗ္ဗညုတရွှေဉာဏ်တော် ကွန်ရက်၌ ဥဂ္ဂသေနသူဌေးသားက ငါးနှယ် ပုံသွင် ဝင်လာသည်ကို မြင်တော်မူလိုက်သည်။

ထိုအခါ မြတ်စွာဘုရားသည် ဘယ်သို့ဘယ်ပုံဖြစ်လာလိမ့်မည်နည်းဟု ဆင်ခြင်တော်မူလိုက်ပြန်ရာ– ယနေ့နံနက်မိုးသောက်တွင် ဥဂ္ဂသေနသူဌေးသား ကျွမ်းသမားကချေသည်ကို ကြည့်ရှုကြရန် လူအပေါင်း စုဝေးကြလတ္တံ့။ ထိုအခါ ဥဂ္ဂသေနသည် ဘားကျွမ်းအတတ်ကို ပြအံ့ဟူ၍ အတောင်ခြောက်ဆယ်မြင့်သော ဝါးပိုးလုံးထိပ်၌ ရပ်တည်လတ္တံ့။ ထိုအစုအဝေး၌ ငါဘုရားသည် လေပါး၁ (လေးပိုဒ်)ရှိသော တရားဂါထာကို ဟောကြား၍ ရှစ်သောင်း လေးထောင်သော ဝေနေယျတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလတ္တံ့။ ဥဂ္ဂသေနသည်လည်း အရဟတ္တဖိုလ်၌ တည်ပေလတ္တံ့." ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူသည်။

ထိုနေ့နံနက်ဝယ် မြတ်စွာဘုရားရှင်သည် ဆွမ်းခံဝင်ရန် သင့်လျော်သောအချိန်ကို မှတ်သားတော်မူ၍ ရဟန်းအပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလေသည်။ ထိုအချိန်၌ ဥဂ္ဂသေနသည်လည်း အုန်းအုန်းကျွက်ကျွက်ရှိနေသော လူထုကြီးအား အချက်ပြ၍ ဝါးပိုးလုံးထိပ်သို့ တက်သွားပြီးလျှင် အားမာန်အပြည့်သွင်းကာ ကောင်းကင်၌ ခုနစ်ပတ်ကျွမ်းထိုး၍ ဝါးလုံးထိပ်မှာ လှပစွာ ပြန်ကျလာသည်။ လူထုကြီးက ပွဲတင်ဟည်းမျှ ချီးမွမ်းသောအသံဖြင့် တစ်ခဲနက်ကြွေးကြော်ကြသည်။

"ထိုပြကွက်ကား ပွဲဦးထွက်အစ နိဒါန်းသာ ရှိပါသေးသည်။ ထို့ထက်ထို့ထက် အံ့ဖွယ်ဘနန်း ထူးဆန်းရင်ဖိုစရာ ကပြပါဦးမည်" ဟု ဥဂ္ဂသေနက ဝါးလုံးထိပ်မှ ကြေညာလိုက်ပြန်သေးသည်။

ထိုအခိုက် မြတ်စွာဘုရားရှင်သည် ဥဂ္ဂသေန၏ ကျွမ်းသဘင်အနားသို့ ရောက်တော်မူလာကာ "ပရိသတ်များငါဘုရားကိုသာ ရှုမြင်ဖူးမြော်စေသတည်း" ဟု တန်ခိုး အစီအရင်ကို ဖန်ဆင်းတော်မူလိုက်သည်။

ဥဂ္ဂသေနသည် ဝါးလုံးထိပ်မှ ပရိသတ်ကို အကဲခတ်လိုက်သည်။ ပရိသတ်များကား သူ့ကိုကြည့်နေသောသူ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပေ။ မြတ်စွာဘုရားရှင်ကိုသာ ဖူးမြော်ကြည့်ရှုနေကြကုန်၏။ ထိုအခါ ဥဂ္ဂသေနမှာ စိတ်ဓာတ်အလွန်ကျသွားတော့သည်။

'သည်တစ်နေ့တော့ ငါ့ပညာကို အစွမ်းကုန်ပြလိုက်မယ်လို့ အားခဲမာန်သွင်းထားတာဟာ အလဟဿ ဖြစ်ရတော့မည်။ ဤ၍ ဤမျှ ကျင်လည်တတ်ကျွမ်းအောင် အနေ့နေ့ အလလ ကြိုးစားခဲ့ရသော အားမာန်တွေသည် ခဲလေသမျှ သဲရေကျ ဖြစ်ရတော့မှာပါကလား" ဟု စိတ်မချမ်းသာ ဖြစ်လိုက်မိသည်။

မြတ်စွာဘုရားသည် ဥဂ္ဂသေန၏စိတ်ကို သိတော်မူသဖြင့် အရှင်မောဂ္ဂလာန်ကို အပါးသို့ခေါ်တော်မူပြီး–

"ချစ်သားမောဂ္ဂလာန်၊ ဥဂ္ဂသေနထံသွား၍ ဘားကျွမ်းအတတ်ကို ဆက်လက်ကပြစေလိုကြောင်း ပြောကြားပါချေ" ဟု မိန့်တော်မူလိုက်သည်။ ရှင်မောဂ္ဂလာန်က ဥဂ္ဂသေနရပ်တည်နေသော ဝါးပိုးလုံးအောက်မှနေ၍ –

"အချင်းဥဂ္ဂသေန၊ သင်၏ဘားကျွမ်းအတတ်ကို ဆက်လက်၍ ပြပါလော့၊ ငါတိုက်တွန်းပါသည်။ ပရိသတ်အပေါင်းက နှစ်သက်အားရသည်ဖြစ်၍ သောင်းသောင်းဖြဖြ ကောင်းချီးပေးသည်ကို ခံယူပါလော့" ဟု မိန့်တော်မူလိုက်သည်။

ထိုအခါတွင်ကား ပရိသတ်များက ယခင်ကထက် ဥဂ္ဂသေနကို ပိုမို၍ စိတ်ဝင်စားလာကြသည်။ ဆက်လက်၍ ကပြရန် တစ်ခဲနက်တောင်းဆိုကြတော့သည်။ ဟစ်အော်အားပေးကြသည်။ ဥဂ္ဂသေန၏စိတ်ဓာတ်မှာ အမြင့်ဆုံးသို့ တက်ကြွလာတော့သည်။ 'သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင်ကိုယ်တော်က ငါ့အစွမ်းကို ရှုစားတော်မူလိုဟန်ရှိသည်။

'ယခု ငါ့ကို တိုက်တွန်းလာသူမှာလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်၊ မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ဖြစ်သည်။ ငါ့လိုလူ ဗမ္ဗူမှာရှိသေးရဲ့လား' ဟု အားသစ်မာန်သစ်တွေ လောင်းပြီး 'ဖြောင်းခနဲ' လက်ခမောင်းခတ်လိုက်လေသည်။ ထို့နောက် ဤအကြိမ်တွင် ခုနစ်ပတ်ကျွမ်းမျှမက ထို့ထက် နှစ်ဆ ၁၄ ပတ်လည်အောင် လုပစ္စာ ကောင်းကင်မှာ ကျွမ်းထိုး၍ ဝါးပိုးလုံးထိပ်သို့ ပြန်ကျ ရပ်တည်လိုက်လေသည်။

ကွင်းလုံးပြည့်လျှံ ပရိသတ်တို့၏ ကောင်းချီးသံမှာ ရာဇဂြိုဟ်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် မြည်ဟည်းသွားလေသတည်း။

ထိုအခါ ဥဂ္ဂသေနသူဌေးသားကို မြတ်စွာဘုရားက "ချစ်သား ဥဂ္ဂသေန၊ ပညာရှိသောသူမည်သည် ဖြစ်ပြီးသော ခန္ဓာငါးပါး၊ ဖြစ်လတ္တံ့သော ခန္ဓာငါးပါး၊ ဖြစ်ဆဲသော ခန္ဓာငါးပါးတို့ကို တွယ်တာငြိကပ် တပ်မက်မှုကိုပယ်စွန့်၍ ဇာတိ ဇရာ မရဏ ဒုက္ခ စသည်တို့မှ လွတ်မြောက်အောင် ကြိုးကုတ် အားထုတ်သင့်လှပေ၏"ဟု မိန့်တော် မူလိုက်သည်။

မြတ်စွာဘုရား၏ ဒေသနာတော်အဆုံး၌ ဥဂ္ဂသေနသည် ဝါးလုံးထိပ်၌ ရပ်တည်ရင်းပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်သွားလေသည်။

(ဤနေရာတွင် ဦးမင်္ဂလာက မြတ်စွာဘုရား၏ ဒေသနာတော်ကို ဤသို့ ကြည်ညိုမိပါသည်။ မြတ်စွာဘုရား၏ 'ပညာရှိသောသူမည်သည်' ဟူသော စကားတော်အရ ဥဂ္ဂသေနသည် မယားကို ယှဉ်ပြိုင်၍ အနိုင်ရလိုသော 'မာန်' ဖြင့် ဆန္ဒာဓိပတိ၊ ဝီရိယာ

ဓိပတိတို့ကို လွန်းတင်၍ သက်စွန့်ဆံဖျား နေ့ရှည်လများ အပတ်တကုတ် ကြိုးစားအားထုတ်ပြီးမှ ဘားကျွမ်းပညာကို သူမတူ အောင် ရခဲ့သူဖြစ်သည်။ ထို 'ပညာ'သည် မယားဟောင်း နင္ဒကုမာရီကို အနိုင်ယူလိုက်ရုံမျှသာ အကျိုးရှိနေသည်။ အကယ်၍ ဥဂ္ဂသေနသည် မိမိစွန့်စားအားထုတ်ခဲ့သော အဓိပတိတပ်သော ဆန္ဒဝီရိယစသည်ဖြင့် မဂ်ဖိုလ်လမ်းစဉ်ကို ကျင့်ကြံအားထုတ်မည်ဖြစ်အံ့၊ အားထုတ်လိုက်ပါလျှင် ဇာတိ, ဇရာ, မရဏ ဒုက္ခတို့မှ လွတ်မြောက်၍ အရဟတ္တဖိုလ်ပေါက်ရောက်နိုင်ရာ၏။ 'ရောက်အောင် ကြိုးစားပါတော့လား' ဟု မြတ်စွာဘုရားက ပုဂ္ဂိုလ်နှင့် အံကိုက်အောင် စရိုက်ညီထွေ ဟောတော်မူခြင်း ဖြစ်ပေလိမ့်မည်။ ထိုဒေသနာ သဘောတရားကို ဥဂ္ဂသေနကလည်း ဝါးလုံးထိပ်ဖျား၌ပင်လျှင် တစ်မှဟုတ်ချင်း ဆင်ခြင်သောကြောင့် သစ္စာလေးအင်ကို သိမြင်ကာ 'လူ' ရဟန္တာဖြစ်သွားဟန်ရှိသည်။ (ဤကား ဦးမင်္ဂလာ၏ အယူအဆမျှဖြစ်ပါသည်။)

ထိုသို့ အရဟတ္တမဂ် ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် တကယ်ရှိသင့်ရှိထိုက်သည်ဖြစ်၍ ရှိခဲ့သော ဥဂ္ဂသေန၏ 'ယာထာဝမာန်' တို့သည် အကြွင်းမရှိ ပယ်ပြတ်ပြီးဖြစ်ရကား ဝါးလုံးထိပ်ဖျားမှ သက်ဆင်း၍ မြတ်စွာဘုရား၏ ခြေတော်ရင်းအရောက် ချဉ်းကပ်ကာ ရဟန်းအဖြစ်ကို တောင်းပန်လေသည်။ မြတ်စွာဘုရားသည် ရုံထားအပ်သော သင်္ကန်းတော်တွင်းမှ ရွှေမှုရိုးစည်နှင့်တူသော လက်ယာလက်တော်ကို ဆန့်တန်းတော်မူ၍ 'ဧဟိဘိက္ခု' ခေါ်တော်မူလိုက်သည်။ ထိုခဏ၌ပင် ဥဂ္ဂသေနသည် ကချေသည်ကျွမ်းသမား အသွင်ပျောက်၍ ပရိက္ခရာရှစ်ပါးနှင့်တကွ ဝါတော်ခြောက်ဆယ်ရ မထေရ် ကြီးကဲ့သို့ ဖြစ်သွားလေတော့သည်။

တစ်နေ့တွင် ဥဂ္ဂသေနကို သီတင်းသုံးဖော် ရဟန်းတို့က –

"ငါ့ရှင် ဥဂ္ဂသေန၊ အတောင်ခြောက်ဆယ်မြင့်သော ဝါးလုံးထိပ်မှ ဆင်းလာစဉ် ကြောက်ရွံ့ခြင်းမဖြစ်ဘူးလော" ဟု မေးကြသည်။ အရှင် ဥဂ္ဂသေနက –

"ငါ့ရှင်တို့ ငါ့မှာ ကြောက်ရွံ့ခြင်း စိုးစဉ်းမျှမရှိပါ" ဟု ဖြေကြားလိုက်သည်။

ထိုစကားကို အဖော်ရဟန်းများက ဘဝင်မကျနိုင်ကြပါ။ မထိတ်လန့်သော ထာဝရ ပုဂ္ဂိုလ်ဟူသည် ရဟန္တာမှလွဲ၍ မရှိနိုင် မဖြစ်နိုင်။ ထိုစဉ်အခါက ဝါးလုံးတိုင်ပေါ်မှ ဥဂ္ဂသေနသည် လူ၏အဖြစ်နှင့်သာ ရှိသေးသည်။ ရဟန်းစင်စစ် မဖြစ်သေး။ ထို့ကြောင့် ယုတ္တိမတန်ဟု ကြံဆပြီးလျှင် မြတ်စွာဘုရားထံတော်ပါးသို့ ချဉ်းကပ်လျှောက်ထားကြလေသည်။ ထိုအခါ မြတ်စွာဘုရားက –

"ချစ်သားရဟန်းတို့၊ ငါ၏သားတော် ဥဂ္ဂသေနရဟန်းနှင့်တူကုန်သော သံယောဇဉ်ဆယ်ပါးကို ပယ်ရှားဖြတ်တောက်ကြပြီးသော အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြသည့် (ပုဂ္ဂိုလ်)တို့သည် တစိုးတစိ ကြောက်ရွံ့ထိတ်လန့်ခြင်း အလျှင်းပင် မရှိကြကုန်" ဟု ထောက်ခံစကား မိန့်ကြားတော်မူလေသည်။

နင္ဒကုမာရီသည် ဥဂ္ဂသေနကား ကျွမ်းဘားပညာ ပြစဉ်ပင်လျှင် မြတ်စွာဘုရား

ဒေသနာတော်ကို ကြားနာရ၍ ဗေဟိဘိက္ခုရဟန်းဖြစ်သွားကြောင်း သိရသဖြင့် –

'သူလည်း သူ့ပညာအလျောက် အကျွတ်တရားရရှိသွားပါက ငါလည်း ငါ့ပညာအလျောက် အကျွတ်တရားရနိုင်ကောင်းသည်' ဟု အားကျကာ ဘိက္ခုနီမတို့ထံ ရဟန်းမပြုလေသည်။ ထိုသို့ ရဟန်းမ ပြုပြီးနောက်၊ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်သဖြင့် အာသဝေါကုန်ခန်း ရဟန္တာထေရီမ ဖြစ်သွားလေသည်။

ဤသို့ဖြင့် လောကီဂုဏ် ပကာသနအတွက် 'မာန်' ချင်း ယှဉ်ပြိုင်အနိုင်လုခဲ့ကြသော အနုပညာသည် လင်မယားနှစ်ယောက်တို့မှာ လောကုတ္တရာပညာဖြင့် မာန်စွယ်ကိုဖြတ်တောက်၍ သံသရာတည်းဟူသော ဝဲဂယက်မှ လွဲထွက်ကူးမြောက်ရလေသတည်း။

ဥဂ္ဂသေနအား ဟောတော်မူသော မြတ်စွာဘုရား၏ တရားဒေသနာတော်ကြောင့် ရှစ်သောင်း လေးထောင်ကုန်သော ဝေနေယျတို့သည်လည်း အကျွတ်တရား ရကြကုန်၏။။

(ဓမ္မပဒ ဥဂ္ဂသေနဇာတ်ကို မှီးပါသည်။)

* * *

(၂၀)

# ရှစ်ထွေစိတ်ကောဇါ

ဦးမင်္ဂလာသည် ၂၀-၃-၈၅ နေ့က နိုင်ငံတော် သာသနာရေးဦးစီးဌာနသို့ ကိစ္စတစ်ခုဖြင့်သွားရာ ညွှန်ကြားရေးမှူးချုပ်က ဦးမင်္ဂလာအား စာအုပ်တစ်အုပ် ဓမ္မလက်ဆောင်ပေးလေသည်။ စာအုပ်မှာ သာသနာရေးဌာနက ရိုက်နှိပ်ထုတ်ဝေသော 'တူညီပုံစံ' အတိုင်း အဝါရောင် စက္ကူမျက်နှာဖုံးတွင် သာသနာရေးအမှတ် အသားတံဆိပ်နှင့် ရိုးရိုးသားသားကြီးသာ ဖြစ်လေသည်။

အလျား ၈ လက်မ၊ အနံ ၅ လက်မခွဲ၊ စာမျက်နှာ ၆၀၀ ကျော်။

စာအုပ်အမည်ကို ကြည့်လိုက်သည့်အခါကား ရိုးရိုးသားသားကြားမှ စိတ်ဝင်စားစရာ တွေ့ရသည်။

"ပင်စင်အငြိမ်းစား တရားနိဒါန်းခေါ် လူသားတို့၏ ထွက်ရာလမ်း" ဟူသတည်း။ ရေးသူကား ဦးထွန်းလှိုင် (ဝိနယပါရဂူ) ဓမ္မာစရိယ၊ ဂဏဝါစက၊ သိရောမဏိ၊ သာသနာ့ရောင်ခြည် အယ်ဒီတာချုပ်ဖြစ်သည်။

ဩော်.....ဆရာကြီးဦးထွန်းလှိုင်ကိုး၊ သူက 'နိဒါန်း စပါယ်ရှယ်လစ်' မို့ ပင်စင်အငြိမ်းစား တရားနိဒါန်းလို့ နာမည်တပ်ထားတာကိုး" ဟု ကျွန်တော်က ပြောမိသည်။

"ဟုတ်ပါတယ်၊ အဲသည်နာမည်ထက်သိသာပေါ်လွင်အောင် စကားလုံး ထပ်တိုးပေးပါဦးလို့ တိုက်တွန်းတာနဲ့ 'လူသားတို့၏ထွက်ရာလမ်း' လို့ ထပ်ဖြည့်ပေးတာပါ၊ ကျမ်းကလည်း အရိယသစ္စာကျင့်စဉ်ကို ပါဠိစာပေမတတ်တဲ့ ပုဂ္ဂိုလ်တိုင်း နားလည်သဘောပေါက်အောင် ရေးထားတာမို့ပါ" ဟု ဗိုလ်မှူးကဆိုသည်။

ဆရာဦးထွန်းလှိုင်သည် သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေသော ပိဋကတ်ကျမ်းစာများနှင့် ဆရာတော်အဆူဆူတို့၏ စာမူကြီးများကို အမှာ 'နိဒါန်း' ရေးသားပေးမြဲဖြစ်သည်။ သူ၏အရေးအသားမှာ စာမူကို ပေါ်လွင်အောင် စွမ်းဆောင်နိုင်အားရှိသည်။ 'ရွှေဖလား' ကို အနားကွပ်ဘိသကဲ့သို့ ပြည်တန် 'ပတ္တမြား' ကို နရဏီရွှေသားဖြင့် ကွပ်ပေးဘိသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့်နိဒါန်းရေး ဆရာကြီးဟုပင် အမည်တွင်နေလေတော့သည်။

တစ်ခါသော် ဝိုင်၊ အမ်၊ ဘီ၊ အေ ဦးထိန်ဝင်းက အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ ပဌာန်းအခြေပြု ဘာသာဋီကာကျမ်းကြီးကို သာသနာရေးဦးစီးဌာနတွင် ဦးဆောင်၍ ရိုက်နှိပ်ရာ ၎င်းကျမ်း၏ အမှာစာနိဒါန်းကို ဆရာဦးထွန်းလှိုင်က တခမ်းတနား စာမျက်နှာအတော်များများ တန်ဆာဆင်ထားလေရာ 'နိဒါန်း' ဂုဏ်ပြောက်လှသော

ကြောင့် ဦးထိန်ဝင်းသည် ဆရာဦးထွန်းလှိုင်အား ငွေကျပ် ၁၀၀၀ တိတိ ဥာဏ်ပူဇော်မှု ဝတ်ပြုကန်တော့လိုက်သောဟူ၏။

ယခု ရေးသားပြုစုသော တရားနိဒါန်းကျမ်းတွင်လည်း နိဒါန်းအနေဖြင့် –

"လူထွက်ရဟန်း၊ နန်းကျဘုရင်
ပင်စင်အငြိမ်းစား၊ ယောကျ်ားလူထူး
ဤသုံးဦးကား၊ စပ်ကူးမပ်ကူး
မလွယ်ဘူးတည့်"

ဟု အစချီထားသည်။ စကားလုံးများကိုက ပါဠိမပါ ဂါထာမဖက် ခေတ်မီသော စကားလုံးသက်သက်ဖြင့် စာဖတ်သူစိတ်ကို ဆွဲငင်ညှို့ယူလိုက်လေသည်။

သာသနာတွင် လူအကြည်ညိုခံ၍ နှစ်ပေါင်းရှည်ကြာ ဝါတော်ရပြီးမှ လူ့လောက ထဲသို့ ရောက်လာခဲ့ရသော ရဟန်းလူထွက်ကြီးများ၊ ဘုန်းမီးနေလ တောက်ပခဲ့ကာ သက်ဦးဆံပိုင်အာဏာဖြင့် စိုးစံခဲ့ရာ ရာဇပလ္လင်မှ စွန့်လွှတ်ခဲ့ရသော နန်းကျဘုရင် ဟောင်းများ၊ အခွင့်အရေး အသိုက်အဝန်း လုပ်ပိုင်ခွင့်အာဏာများနှင့် ညွှန်ကြားဦးဆောင် ကာလရှည်အောင် အမိန့်ပေးနေခဲ့ရာမှ သက်ပြည့်ပင်စင်ယူခဲ့ရသော အငြိမ်းစား အရာရှိ ဟောင်းကြီးများ၊ ထိုပုဂ္ဂိုလ်သုံးဦးတို့သည် လူ့လောကထဲ၌ နေထိုင်သွားလာ လုပ်ကိုင် စားသောက်ရာတွင် အနယ်မထိုင်၊ အနေမကျသေးမီ စပ်ကူးမပ်ကူးကာလ၌ ကိုယ်နှင့် စပ်ဆိုင်သော ကာယိကဒုက္ခ အဖုအထစ်ကလေးများ၊ စိတ်နှင့်စပ်ဆိုင်သော စေတသိကဒုက္ခ အဖုအထစ်ကလေးများ 'ကသိကအောင့်' တွေ့ရတတ်မြဲဖြစ်သည်။

ထိုအခါများ၌ လူအို၊ စိတ်အို၊ အလိုမကျသော ဒုက္ခတို့သည် ဘဝကိုပင် နစ်မွန်း စေနိုင်သည်။ ထိုဒုက္ခတို့ကို အနိုင်မခံ အရှုံးမပေးသော အပြုံးဆေးတစ်လက်ကား ဗုဒ္ဓ၏ ငြိမ်းအေးခြင်း တရားတော်ပေတည်း။

အလုပ်တာဝန်များမှ သက်ပြည့်ပင်စင် ယူတော့မည်ဖြစ်သော ဓမ္မာစရိယ၊ ပါဠိပါရဂူဆရာကြီး ဦးထွန်းလှိုင်သည် မိမိကိုယ်တိုင် သောက်သုံးရန်အတွက် ဆေးတစ် လက်ကို ဖော်စပ်သုံးဆောင်မှီဝဲရာမှ မိမိနှင့်သက်တူရွယ်တူဘဝတူ 'ပင်စင်စား' ကြီး များကိုပါ ဆေးတစ်ခွက်စာ ကမ်းလိုသောကြောင့် ထိုကျမ်းကို စာမျက်နှာခြောက်ရာကျော် အထိ ရေးသားပြုစုသည်ဖြစ်ရကား 'ပင်စင်အငြိမ်းစား တရားနိဒါန်း' ဟု ကျမ်းအမည်ကို ကင်ပွန်းတပ်လိုက်ရလေသည်။

ထိုသို့ပင် အမည်ပညတ် ကင်ပွန်းတပ်လိုက်သော်လည်း ကျမ်း၏အရသာမှာ 'ကြီးငယ်မဟူ ဦးမည်းဖြူ' တို့အတွက်လည်း လောကီ လောကုတ္တရာ ချမ်းသာခရီးကို အပြီးအပိုင် ရစေနိုင်သောကြောင့် 'လူသားတို့၏ ထွက်ရာလမ်း' ဟု အမည်ထပ်ဆင့် ဖြည့်စွက်၍ ပေးပါရန် ဆရာဦးထွန်းလှိုင်အား တောင်းပန်ကြရသောဟူ၏။

ထို့ကြောင့် ကျမ်း၏ရည်ရွယ်ရင်း အာသီသကို ဆရာဦးထွန်းလှိုင်က ဤသို့ဖော် ပြထားလေသည်။

"ဤကျမ်းရေးသားခြင်း၏ အဓိကပဓာနရည်ရွယ်ချက်မှာ အရိယသစ္စာ အမှန်တရားကို သိမြင်ရေးအတွက်သာလျှင် ဖြစ်ပါသည်။ သို့သော် ဤကျမ်း၌ ဖော်ပြထားသော နည်းလမ်းများကို ထိုက်သင့်သလို ဉာဏ်ယှဉ်သုံးစွဲကျင့်သုံးခြင်းဖြင့် အခြားလိုအပ်သော လောကီ၊ လောကုတ္တရာကောင်းကျိုးတရားများစွာကို အပြီးအပိုင် ရစေနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ လိုရင်းမျှထုတ်၍ အကျဉ်းချုပ်ဖော်ပြရမည်ဆိုလျှင် ထွက်ရာလမ်းဟူသော အမည်နှင့်လျော်ညီစွာ -

(က) ကျန်းမာရေးအခက်အခဲဆင်းရဲမှုများ၊
(ခ) ပညာရေးအခက်အခဲ ဆင်းရဲမှုများ၊
(ဂ) စားဝတ်နေမှု စီးပွားရေး အခက်အခဲဆင်းရဲမှုများ၊
(ဃ) ပေါင်းသင်းဆက်ဆံရေး အခက်အခဲဆင်းရဲမှုများ၊
(င) နောင်တမလွန်ဘဝရေး အခက်အခဲဆင်းရဲမှုများ၊
(စ) သံသရာဝဋ် အခက်အခဲ ဆင်းရဲမှုများ။

စသည့် အခက်အခဲ ဆင်းရဲအမျိုးမျိုးတို့မှ လွတ်ကင်းထွက်မြောက်နိုင်ခြင်းဟူသော အကျိုးတရားများစွာကို အမှန်ပင် ရရှိခံစားကြရမည် ဖြစ်ပါသည်" ဟု စကားပဋိညာဉ် ခံထားပါသည်။

ဦးမင်္ဂလာသည် 'နိဒါန်းဆရာကြီး' ၏ 'တရားနိဒါန်း' စာအုပ်အကြောင်းကို 'နိဒါန်း' ဖော်ထုတ်နေခြင်း မဟုတ်ပါ။ 'စိတ်ဆိုသောစိတ်' ကို စုဆောင်းရေးသားနေရာတွင် ဆရာဦးထွန်းလှိုင်၏ ကျမ်း၌ စိတ်အကြောင်းကို သိကောင်းစရာ အတော်များများ ဖတ်ရှုတွေ့ရှိသဖြင့် စာဖတ်သူ တို့အား ဟင်းကောင်းတစ်ခွက် 'လက်လှည့်ကမ်း' လှူဒါန်းလိုသောစိတ်များ ပေါ်ပေါက်လာသောကြောင့် ဤမျှအထိ 'နိဒါန်း' ပျိုးခဲ့ရခြင်း ဖြစ်ပါသည်။

'စိတ်ဆိုသောစိတ်' ကို ဆရာဦးထွန်းလှိုင်က ဤသို့တင်ပြထားပါသည်။

"အမှန်တရားခေါ် သစ္စာတရားကို သိမြင်လိုသူတစ်ယောက်အတွက် ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးနှစ်မျိုးလုံးပင် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျန်းမာရေး နှစ်မျိုးရှိသည့်အနက်တွင် အဘယ်ကျန်းမာရေးကို ပို၍လိုအပ်ပါသနည်းဟု မေးမူစိတ်ကျန်းမာရေးကို ပို၍လိုအပ်ပါသည်ဟု ဖြေဆိုရပေလိမ့်မည်။ ယင်းသို့ဖြေမှသာ မှန်ကန်စွာ ဖြေဆိုခြင်းဖြစ်ပေမည်။ ကိုယ်ကျန်းမာရေး မပြည့်စုံဘဲ (မပြည့်စုံစေကာမူ) စိတ်ကျန်းမာမှုတစ်ခုတည်းဖြင့် အမှန်သိမြင်သွားသူတွေ အများကြီးရှိပေသည်။

လူဆိုးများထံ 'ထွက်မပြေးပါ' ဟု ဝန်ခံ၍ မိမိပေါင်ကို ကျောက်ခဲဖြင့် ထုချိုးကာ ဒုက္ခဝေဒနာခံစားနေရသည့်အတွင်းမှာပင် ကျန်းမာသောစိတ်ဖြင့် တရားရှုမှတ်ပြီး အမှန်တရားကို သိမြင်သွားသည့် တိဿအမည်ရှိ ပုဂ္ဂိုလ်လည်း ရှိခဲ့ဖူးပေသည်။ ယင်းအရှင်တိဿမထေရ်၏ အကြောင်းသုတ်မဟာဝါ အဋ္ဌကထာ (နှာ-၃၃၉) ၌ ဖော်ပြထားပါသည်။

ခန္ဓာကိုယ်တစ်ပိုင်းကို ကျားသတ္တဝါက ကိုက်ခဲစားသောက်နေသည့် ရောဂါဝေဒနာကို ခံစားနေစဉ်အတွင်းမှာပင် ကျန်းမာသည့်စိတ်ဖြင့် တရားရှုမှတ်ပြီး အမှန်တရားကို သိမြင်သွားသည့် ပုဂ္ဂိုလ်လည်း ရှိခဲ့ဖူးပေသည်။ ကျားစားခံရသော အရှင်မြတ်သည် ခြေမျက်စိအထိစားပြီးလျှင် သောတာပန်ဖြစ်သည်။ ဒူးအထိစားပြီးသောအခါ အနာဂါမ်ဖြစ်သည်။ နှလုံးသားစားလုနီးနီး၌ ရဟန္တာဖြစ်သွားလေသည်။ ဤသို့ ကိုယ်ကျန်းမာမှု မရှိဘဲ စိတ်ကျန်းမာမှုဖြင့် အမှန်တရားကိုထိပ်ဆုံးရောက်အောင် သိသွားနိုင်ပုံကို သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ ၃၄၀ ၌ မှတ်တမ်းတင်ထားပေသည်။

ဤအကြောင်းများကို ထောက်ဆကြည့်ပါလျှင် ကိုယ်ကျန်းမာရေးမရဘဲ (မရစေကာမူ) စိတ်ကျန်းမာရေးကို ရရှိထားပါလျှင် အမှန်တရားကို သိရှိနိုင်ကြောင်းမှာ ထင်ရှားလှချေသည်။

ဦးမင်္ဂလာသည် ဆရာဦးထွန်းလှိုင်၏ အဆိုအမိန့်ကို အလွန်နှစ်ခြိုက် သဘောကျလိုက်ရပါသည်။

မှန်ပါသည်။ ကျွန်ုပ်တို့သည် မကျန်းမာသော် စိတ်ဓာတ်တွေပါ ညှိုးငယ်အားပျက်ပြီး 'ဘူးလေးရာ ဖရုံဆင့်' အောင် ဖြစ်တတ်ကြသည်။ လူမကျန်းမာလျှင် စိတ်မချမ်းသာ ဖြစ်တတ်ကြသည်။ တကယ်တော့ 'စိတ်ထောင်း၍ ကိုယ်ကြေ' သည်ဟုသာ စကားပုံရှိသည်။ 'ကိုယ်ထောင်း၍ စိတ်ကြေ' သည်ဟု စကားပုံမရှိပါ။ စိတ်ကသာ ကြံ့ခိုင်ကြီးမား စွမ်းပကားရှိလျှင် မသေမချင်း လောကီ၊ လောကုတ္တရာ အကျိုးတွေကို လုပ်ယူနိုင်သူတွေ အများကြီးရှိသည်။

အမေရိကန် အမျိုးသမီးကြီး 'ဟယ်လင်ကယ်လာ' (Helen Keler)သည် မျက်စိလည်း မမြင်၊ နားလည်းမကြား၊ စကားလည်း မပြောနိုင်ဘဲလျက် အမြင့်ဆုံးစာပေပညာဒီဂရီဘွဲ့များကို ခြေဆိုအောင်မြင်၍ ကမ္ဘာကိုပင် လှည့်လည်နိုင်ခဲ့ပေသည်။

လက်နှစ်ဖက်စလုံး ပြတ်နေသော်လည်း ပါးစပ်ဖြင့် စုတ်တံကိုကိုက်ကာ ပန်းချီအနုညာဂုဏ်မြောက်အောင် ရေးဆွဲနိုင်သော ပန်းချီဆရာတစ်ယောက်နှင့် ခြေထောက်နှင့်စုတ်တံကိုညှပ်၍ နာမည်ကျော်အောင် ရေးဆွဲနိုင်သော ပန်းချီဆရာတစ်ယောက် အကြောင်းကိုလည်း ကြားဖူးပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင်ပင် မိုးကုတ်မြို့မှ ဒေါက်တာအုန်းမောင်သည် ကိုယ်လက်သန်စွမ်းသူ မဟုတ်ရှာပါပေ။ ၁၉၆၈ ခုနှစ်က အင်္ဂလန်ပြည်တွင် ကားမှောက်၍ ဇက်ကျိုးရောဂါရခဲ့ပြီး လည်ပင်းမှ အောက်ပိုင်းတစ်ပိုင်းလုံး သေနေသူဖြစ်သည်။ ဒေါက်တာအုန်းမောင်သည် သူကိုယ်တိုင် မသန်စွမ်းပါပဲလျက် သတိလစ်ဟင်း မေ့လျော့သော ရောဂါဝေဒနာ ဖြစ်နေသူ သားကလေးအား ၁၉၇၈ ခုနှစ်တွင် အင်္ဂလန်သို့သွား၍ ဆေးကုသပေးပြန်သည်။ ထိုသို့ သူတို့နှစ်ဦးတည်း အသွားအပြန်ခရီးတို့၌ ချောချော မောမောအောင်မြင်လာခဲ့ကြသည်မှာ လူမသန်စွမ်းသော်လည်းစိတ်၏သန်စွမ်းမှုက ကြီးစိုးနိုင်ကြောင်း သိသာထင်ရှားလှပေသည်။

ဆရာဦးထွန်းလှိုင်က စိတ်မကျန်းမာခြင်း ရှစ်မျိုးရှိကြောင်း ဤသို့ဖော်ပြထားသည်။

"သည်းခံ ကင်းကွာ၊ ကြံကာ ကြောက်မှု၊ စွဲပြုကျိုးနဲ၊ လွန်လွဲတွေးသီ၊ သတိမေ့လျော့၊ ပေါ့ဆထင်တွေး၊ မှိုင်ငေး တွေဝေ၊ ပျင်းရိချေ၊ ရှစ်ထွေ စိတ်ရောဂါ" ဟုဆိုပါသည်။ ထိုအဓိပ္ပာယ်အဖွင့်ကို –

ဆရာဦးထွန်းလှိုင်က ဥပမာ–ဥပမေယျ သဘာဝယုတ္တိ၊ သာဓကယုတ္တိ၊ အာဂမယုတ္တိ၊ ဒေသနာယုတ္တိတို့ဖြင့် ဝေဝေဆာဆာ ဖွင့်ဆိုထားပါသည်။ သူဖွင့်ဆိုထားသမျှတို့မှ အကျဉ်းချုံး၍တင်ပြရန် ဦးမင်္ဂလာစိတ်ကူးမိပါသည်။

၁။ 'သည်းခံကင်းကွာ' ဟူသည်မှာ သည်းခံမှုမရှိခြင်း၊ သည်းခံခြင်းနှင့်ကင်းကွာခြင်းကိုဆိုလိုသည်။ စိတ်တိုတတ်ခြင်း၊ စိတ်ကိုရှည်ရှည်မထားခြင်း၊ ဒေါသဖြစ်လွယ်ခြင်း၊ ဒေါသကြီးခြင်းများသည် သည်းမခံခြင်းပင် ဖြစ်သည်။

ဗုဒ္ဓစာပေလောက၌ ပါဠိဘာသာဖြင့် 'ခန္တီ' ဟူသော စကားလုံးကို သည်းခံခြင်းဟု မြန်မာပြန်ဆိုခြင်းဖြစ်သည်။ မြန်မာတို့ကမူ မြန်မာ့လျှာနှင့်အာကိုလိုက်၍ ခန္တီဟု ရွတ်ဖတ်ပြောလေ့ရှိကြပေသည်။

ယင်း သည်းခံမှု ခန္တီဟူသည် ဖြစ်ပေါ်တွေ့ကြုံလာသည့် အခြေအနေသဘောတရားကို ငြိမ်သက်စွာ အောင့်အည်းနေနိုင်ခြင်းပင် ဖြစ်သည်။ ခွင့်လွှတ်နိုင်ခြင်းပင် ဖြစ်သည်။ သည်းခံမှုမရှိပါလျှင် မည်သည့်အလုပ်ကိုမျှ ပြီးစီးအောင် မလုပ်နိုင်ပေ။ ကောင်းသည့်အလုပ်ဖြစ်စေ၊ ဆိုးသည့်အလုပ်ဖြစ်စေ သည်းခံမှုမရှိဘဲ ပြီးစီးအောင်လုပ်ရန် ခက်လှသည်။ တစ်ပိုင်းတစ်စဖြင့်ရပ်စဲသွားတတ်သည်။ သည်းခံမှုမရှိခြင်းသည် ရှုံးသွပ်ခြင်း တစ်မျိုးပင်ဖြစ်သည်။ ယင်ကျေးစေရန် 'စိတ်ရောဂါ' ဟူ၍သာ ပြောဆိုသုံးစွဲရပေသည်။ သည်းခံမှုခန္တီဟူသည် မူရင်းတရားကိုယ်အားဖြင့် မပြစ်မှား မကြမ်းတမ်းမှု၊ အဒေါသကြီးမှုသည့် နာမ်တရားပင်ဖြစ်သည်။

('သည်းခံလျှင် နိဗ္ဗာန်ရောက်' ဟူ၍ပင် မြန်မာစကားပုံ၌ ရှိသည်။)

၂။ 'ကြံကာ ကြောက်မှု' ဟူသည်မှာ တကယ်မဖြစ်ပေါ်သေးဘဲ ဖြစ်ပေါ်လာတော့မည့်ပုံကဲ့သို့ ကြံတွေး ကြောက်ရွံ့ခြင်းသည် ဘာအလုပ်တစ်ခုကိုမျှ လုပ်မရအောင် တားဆီးပိတ်ပင်တတ်ပေသည်။ ယင်းကြံတွေးကြောက်တတ်မှု အတိုင်းအတာကြီးမားပြင်းထန်မှုအလျောက် အကျိုးမဲ့ကို ဖြစ်စေတတ်သည်။ အကျိုးတရားကိုလည်း မရရှိအောင် တားမြစ်တတ်ပေသည်။ ကြံတွေး ကြောက်တတ်မှုရှိသော် အသင့်အတင့်ဆိုလျှင် သွေး အသွားအလာကို ဖောက်ပြန်စေသည်။ လွန်ကဲလျှင် သွေးပျက်ပြီး ရှုံးသွပ်သွားစေနိုင်သည်။ ယခုခေတ်ဖြစ်ပေါ်နေသည့် ခေတ်မီ ရောဂါတစ်ခုဖြစ်သော သွေးတိုးရောဂါသည် ကြံတွေးကြောက်မှုအရင်းခံဖြစ်သည်ကို စာတွေ့၊ ငါတွေ့၊ ရွာတွေ့တို့ဖြင့် တိတိကျကျ ဆုံးဖြတ်သိရှိနိုင်ပြီဖြစ်သည်။

ယင်းတွေးကြဲကြောက်ခြင်း စိတ်ရောဂါစွဲကပ်၍ စိတ်ကျန်းမာမှုမရရှိလျှင် ပညာရေး၊ ကြီးပွားရေး၊ စီးပွားရေး စသည့်ကိစ္စများကို လုပ်ဖြစ်မည်မဟုတ်ချေ။ ပညာတတ်နေသူ၊ ကြီးပွားချမ်းသာနေသူများသည် အပျက်တရား၊ အနှောင့်အယှက် တရားများကိုမကြည့်ဘဲ ပညာဆည်းပူးခြင်း၊ ဥစ္စာရှာဖွေစုဆောင်းခြင်းတို့ကြောင့်သာ ပညာရှိများ၊ ပစ္စည်းရှင်သူဌေးကြီးများ ဖြစ်လာကြခြင်းဖြစ်သည်။ အပျက်ဖက်ကိုတွေးကြောက်၍ မလုပ်ဘဲနေခြင်းသည် လူညံ့၏ သဘောဖြစ်သည်။ ဘယ်သူသည် အစာမကြေဖြစ်မှာကို ကြောက်ပြီး ထမင်းမစားဘဲ နေပါသနည်း။

ကြောက်မှုဟူသည်မှာ ဒေါသကြီးကဲသည့် အကုသိုလ်တရားပင် ဖြစ်သည်။ ဤဒေါသကား ဖော်ပြခဲ့သည့် သည်းမခံမှု ဒေါသမျိုး မဟုတ်ပေ။ သည်းမခံမှု ဒေါသမှာ ကြမ်းတမ်းသည့် ဒေါသဖြစ်သည်။ ကြောက်မှုဒေါသမှာ ညှိုးနွမ်းသော ဒေါသဖြစ်သည်။ စာပေများထဲ၌ 'ဆုတ်နစ်သောဒေါသ' ဟု ရေးသား သုံးစွဲသည်။ ယင်းညှိုးနွမ်းဆုတ်နစ်သည့် ကြဲတွေးကြောက်ခြင်းသည် စိတ်ရောဂါ ပင်ဖြစ်သည်။

၃။ 'စွဲပြုကျိုးနဲ' ဟူသည်မှာ အကျိုးမရှိသည့်အလုပ်၊ အကျိုးနည်းနည်းပါးပါးကိုသာ ရစေသည့်အလုပ်များကို စွဲစွဲလမ်းလမ်း ပြုလုပ်နေခြင်းကို 'စွဲပြုကျိုးနဲ' ဟူ၍ တတိယမြောက် စိတ်ရောဂါအဖြစ် ညွှန်းပြပေသည်။

အကျိုးနဲဟူသည်မှာ ကောင်းကျိုးနည်းနည်းသာဖြစ်၍၊ မကောင်းကျိုးများ ပြားသည့် အလုပ်မျိုးဖြစ်သည်။ ကောင်းကျိုးလုံးဝမရှိသော အလုပ်များကိုလည်း အကျိုးနည်းသည့် အလုပ်ဟူ၍သာ သတ်မှတ်ထားပေသည်။ မျက်မြင်လောက၌ မကောင်းကျိုးတစ်ခုခုဖြစ်ပေါ်လာလျှင် 'အမယ်လေး ကိုယ်ကျိုးနည်းပါပြီ' ဟု ပြောတတ်ကြပေသည်။

အကျိုးနည်းသည့်အလုပ်ဟူသည်မှာ မူးယစ်စာ မှီဝဲသုံးစွဲမှု၊ ဖဲရိုက်ကြက်တိုက် စသည့် အလောင်းအစား ပြုလုပ်မှု၊ သုံးပုံဖဲ၊ ကက်ဖဲ၊ ကျားရွှေ့၊ စစ်တုရင်ကစား၊ ကာတွန်းစာဖတ်၊ ဝတ္ထုစာဖတ် စသော လူညံ့လူဖျင်းတို့ အပျင်းပြေ အလုပ်များ၊ ရုပ်ရှင်ကြည့်၊ ဘောလုံးပွဲကြည့်၊ အငြိမ့်ပွဲဇာတ်ပွဲကြည့် စသည့် အချိန်ကုန်လူနွမ်း အလုပ်များစသည်ပင် ဖြစ်သည်။ ယင်းတို့အားလုံးကို စွဲစွဲလမ်းလမ်း ပြုလုပ်ခြင်းသည် 'စွဲပြုကျိုးနဲ' အရသို့ အတွင်းဝင်သည်။ အမှန်မှာ ယင်း အလုပ်များ အားလုံးသည်လည်း စ၍လုပ်မိလျှင် အဆက်မပြတ် လုပ်ချင်စေတတ်သည့် အလုပ်များဖြစ်သည်။ 'စွဲပြု' ဟူသော စကားအရ စွဲစွဲမြဲမြဲ အဆက်မပြတ် အကြိမ်များများ ပြုလုပ်ခြင်းကိုသာ စိတ်ရောဂါဟု ဆိုလိုပေသည်။

အရိယသစ္စာခေါ် တရားအမှန်ကို သိမြင်လိုသူများ ပယ်ရှားရမည့် စွဲလမ်းမှုများသာဖြစ်သည်။

ယင်းတို့မှာ အမှန်တရား သိမြင်ရေးအတွက်သာ မဟုတ်ချေ။ ပညာရေး၊ စီးပွားရေး၊ ကိုယ်ကျန်းမာရေးများကိုလည်းဖျက်ဆီးနိုင်စွမ်းသည့် စိတ်ရောဂါဆိုးကြီးများပင် ဖြစ်သည်။ မကောင်းသည့်အလုပ်များဖြစ်လျက် စွဲလမ်းစေတတ်သည်မှာ 'ပါပသ္မိံ ရမတိမနော' ဘုရားဟောအရ လူသာမန်တို့စိတ်သည် မကောင်းမှု၌ ပျော်မွေ့တတ်သည့် သဘောတရားပင် ဖြစ်သည်။ အမှန်တရားသိလိုသူနှင့် ကြီးပွားတိုးတက်လိုသူများ သတိထားရှောင်ရှားသင့်သည်။

အကျိုးမဲ့သည့်အလုပ်နှင့် အကျိုးမဲ့တရားကို စွဲလမ်းရာ၌မူ ဥပါဒါန်ဟုခေါ်သည်။ ယင်းဥပါဒါန်ဟူသော ပြင်းစွာစွဲလမ်းမှုမှာ အဘိဓမ္မာသဘောအရ တပ်မက်မှုလောဘနှင့် အမြင်မှားမှု ဒိဋ္ဌိတရားနှစ်ပါးပင်ဖြစ်သည်။

ရှင်းပြပါအုံး။ အကျိုးမဲ့ကိုဖြစ်စေသည့် မူးယစ်စာကို စွဲလမ်းခြင်းသည် အရသာကို တပ်မက်မှု လောဘကြောင့် ဖြစ်သည်။

အကျိုးမဲ့ဖြစ်မည်ကို အကျိုးရှိသလို အမြင်မှားမှု ဒိဋ္ဌိဖြစ်သည်။

၄။ 'လွန်ကဲ တွေးသိ' ဟူသည်မှာ -

(က) အလွန်ပိုမို လွန်ကဲစွာ တွေးတတ်ခြင်း၊

(ခ) အလွန်ပိုမိုလွန်ကဲစွာ သိမြင်ခံစားတတ်ခြင်း၊

(ဂ) အလွဲမမှန်မကန် တွေးတတ်ခြင်း၊

(ဃ) အလွဲမမှန်မကန် သိမြင်ခံစားတတ်ခြင်းဟူ၍ ခွဲခြားဝေဖန်ရမည် ဖြစ်ပါသည်။

(က) မူလအရှိ ဝမ်းသာဖွယ် အနည်းငယ်မျှကို အများဟု လွန်လွန်ကဲကဲတွေးဆကြံစည်ခြင်း (အရှိကိုအရှိအတိုင်းထက် အလွန်ပိုမို၍ တွေးတောကြံစည်ခြင်း) နှင့် လွန်ကဲနည်းပါးစွာ တွေးဆကြံစည်ခြင်း (အရှိကိုအရှိအတိုင်းထက် ယုတ်လျော့နည်းပါးစွာ တွေးဆကြံစည်ခြင်း) ရှိတတ်ပြန်သည်။ ယင်းသို့ အရှိထက် လွန်ကဲစွာ ကြံစည်ခြင်းသည်လည်းကောင်း၊ အရှိထက် ယုတ်လျော့နည်းပါးစွာ ကြံစည်ခြင်းသည်လည်းကောင်း ထိုစိတ်တို့သည် မမှန်ကန်ခြင်းကြောင်း စိတ်ရောဂါ၊ စိတ်ဝေဒနာဖြစ်ပါသည်။

(ခ) မူလရှိရင်းထက် လွန်ကဲသိရှိ ခံစားတတ်ခြင်းသည်လည်း စိတ်ရောဂါ၊ စိတ်မကျန်းမာမှုပင် ဖြစ်သည်။ ထို့အတူပင် မူလရှိရင်းထက် လွန်ကဲ၍ သေးသိမ်စွာ သိရှိခံစားတတ်ခြင်းသည်လည်း စိတ်ရောဂါပင်ဖြစ်သည်။

(ဂ) လွဲမှားစွာ တွေးဆကြံစည်တတ်ခြင်းသည်လည်း စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု စိတ်ရောဂါတစ်ခုဖြစ်သည်။ အချို့ လွယ်လွယ်တည့်တည့် (ရိုးရိုးသားသား) ပြောသည်ကိုပင် ခဲခဲယဉ်းယဉ်း (အကျအနကောက်၍) သွယ်ဝိုက် တွေးဆကြံစည်ကာ စိတ်ဆိုးခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းများ ဖြစ်တတ်ချေသည်။

ယင်းသို့လွဲမှားစွာ တွေးဆကြံစည်တတ်မှုကိုလည်း စိတ်ရောဂါတစ်ခုဟု သတ်မှတ်ရမည် ဖြစ်သည်။

(ဃ) လွဲမှားစွာ ကြံစည်တွေးဆတတ်ခြင်းသာ မဟုတ်၊ လွဲမှားစွာ သိမြင်တတ်၊ ခံစားတတ်ခြင်းသည်လည်း စိတ်ရောဂါပင် ဖြစ်သည်။ ယင်းလွဲမှားစွာ သိမြင်ခံစားတတ်မှုသည် လွဲမှားစွာတွေးဆကြံစည်တတ်ခြင်းနှင့် တစ်ဆက်တည်း ဖြစ်ပေါ်တတ်သည်။ လွဲမှားစွာ တွေးဆကြံစည်မှု မဖြစ်တော့ဘဲ၊ တွေးကြံမနေတော့ဘဲ ဘွားခနဲ လွဲမှားစွာ သိမြင်ခံစားမှုချည်း သက်သက်လည်း ဖြစ်ပေါ်တတ်သည်။ ဖြစ်တတ်သည့် သဘောတရားများကို ထောက်ဆ၍သာ နှစ်မျိုးခွဲခြား ရေးသားခြင်းဖြစ်သည်။ ဤဖော်ပြခဲ့သည့် စကားရပ်၌ လွန်လွဲတွေးသိဟူသည်မှာ ဗုဒ္ဓအဘိဓမ္မာသဘောအားဖြင့် မှားယွင်းစွာ သိမြင်မှု 'မိစ္ဆာဒိဋ္ဌိ'၊ မှားယွင်းသော အတွေးအကြံ 'မိစ္ဆာသင်္ကပ္ပ'၊ အမှန်ကိုမသိမှု 'မောဟ' တရားများ ဦးစီးသော အကုသိုလ် တရားများသာဖြစ်သည်။

၅။ 'သတိမေ့လျော့ခြင်း' ဟူသည်မှာ –

(က) နှစ်မြောမေ့လျော့ခြင်း၊

(ခ) တွေး၍မရ မေ့လျော့ခြင်း၊

(ဂ) အမှတ်တရ မေ့လျော့ခြင်း၊

(ဃ) ပေါ့ဆ မေ့လျော့ခြင်းဟူ၍ လေးမျိုးရှိပါသည်။

(က) လူတစ်ဦးတစ်ယောက် အမြင့်ပေါ်မှ အောက်သို့လိမ့်ကျပြီး စကားမပြောနိုင်၊ ကိုယ်လက်များ မလှုပ်ရှားနိုင်ဘဲ နှစ်မြောနေသည်ကို သတိမေ့နေသည်ဟု ပြောဆိုလေ့ရှိသည်။ စိတ်၏မှီရာ ရုပ်ဝတ္ထု ထိခိုက်ဖောက်ပြန်မှုကြောင့် အသိစိတ်များ အားနည်းသွားခြင်းဖြစ်သည်။ ယင်းမေ့မှုမျိုးမှာ အကုသိုလ်တရား မဟုတ်ချေ။

(ခ) ကျက်မှတ်ထားသည့် စာ၊ တစ်ချိန်က သိဖူးသည့်အမည် စသည်ကို ပြန်တွေး၍ မရဘဲ ဖြစ်တတ်သည်ကိုလည်း 'တွေး၍မရ၊ သတိမေ့နေသည်' ဟု သုံးစွဲကြသည်။ အချိန်ကာလ ကြာမြင့်စွာ ဖုံးလွှမ်းသောကြောင့်လည်းကောင်း၊ အလုပ်ကိစ္စ များပြား၊ အာရုံများပြား ဖုံးလွှမ်းသောကြောင့်လည်းကောင်း ဖြစ်တတ်ချေသည်။ စိတ်ရောဂါ၊ စိတ်အညစ်အကြေးတစ်မျိုးဟူ၍ကား သတ်မှတ်သင့်သည်။

(ဂ) အမှတ်မရခြင်းဟူသည်မှာလည်း မှတ်သားမှု သညာအားနည်း၍ အမှတ်မရခြင်းကို ဆိုလိုသည်။ ယင်းသို့ မှတ်သားမှု သညာအားနည်း အမှတ်မရသောကြောင့် အောက်မေ့မှု–သတိမေ့လျော့သည်ကိုပင် 'အမှတ်မရ မေ့လျော့သည်' ဟု ပြောခြင်းဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာစာပေတို့၌ 'ခိုင်မြဲသည့် မှတ်သားမှုသညာသည် အောက်မေ့မှု

သတိတရားဖြစ်ပေါ်စေရန် အနီးကပ်ဆုံးသော အကြောင်းဖြစ်သည်' ဟု ဖော်ပြရေးသားထားပေသည်။

အစစအရာရာ၌ အမှတ်သညာ နည်းသူများသည် လုပ်သင့်သည်ကို မလုပ်မိ၊ ယူသင့်သည်ကိုမယူမိဘဲ မေ့လျော့တတ်ပေသည်။ 'လယ်ထွန်သွားနွားမေ့' ဟူသော စကားပုံပင်ရှိသည်။ ယင်းသို့ဖြစ်တတ်သည်မှာ စိတ်ကို အင်အားကြီးမားသည့် အာရုံနှင့် အတွေ့အကြုံများက လွှမ်းမိုးသွားသော ကြောင့်ဖြစ်သည်။

(ဃ) ပေါ့ဆမေ့လျော့ခြင်းဟူသည်မှာ မူးယစ်စာများကို သုံးစွဲနေသူ၊ အလောင်းအစား၊ အပျော်အပါးများဖြင့်အချိန်ဖြုန်းနေသူများကို 'ပေါ့ပေါ့ဆဆ၊ မေ့မေ့လျော့လျော့ နေသူများ' ဟု သတ်မှတ်ပြောဆိုရမည် ဖြစ်ပါသည်။ ပေါ့ဆမေ့လျော့ခြင်း ဟူသည်မှာ ဗုဒ္ဓတရားတော်များ၌ ပမာဒတရားပင်ဖြစ်သည်။

ယင်းပမာဒတရားဟူသည်မှာလည်း –

ဒုစရိုက်တရားများကို ပြုလုပ်ခြင်း၊ ကာမဂုဏ်တရားများကို လိုက်စားပျော်ရွှင်ခြင်းနှင့် ကုသိုလ်တရားကို မပြုလုပ်မပွားများဘဲ နေခြင်းပင် 'ပမာဒ တရား' ဖြစ်ကြောင်း အဘိဓမ္မာဝိဘင်းပါဠိတော်၌ ဝေဖန် ဟောကြားတော်မူထားပေသည်။

ဖော်ပြသည့် မေ့ခြင်းလေးမျိုးတို့တွင် (က) နစ်မြောမေ့လျော့ခြင်းသည် အကုသိုလ် မဟုတ်ချေ။ (ခ) တွေး၍မရ မေ့ခြင်းနှင့် (ဂ) အမှတ်မရ မေ့ခြင်း နှစ်မျိုးတို့မှာလည်း အကုသိုလ်ဟု တထစ်ချ သတ်မှတ်၍မရ။ ဖုံးလွှမ်းသည့် ကိစ္စနှင့် စိတ်အာရုံများ အလျောက်သာလျှင် ကုသိုလ်လည်းဖြစ်နိုင်သည်။ အကုသိုလ်လည်း ဖြစ်နိုင်သည်။ (ဃ) ပေါ့ဆမေ့လျော့ခြင်းမှာ အကုသိုလ်သာ ဖြစ်သည်။

၆။ ပေါ့ပေါ့ဆဆ ထင်မြင်တတ်၊ တွေးခေါ်တတ်ခြင်းကို 'ပေါ့ဆထင်တွေး' ဟု လက်ာစပ်ဆို ထားခြင်းဖြစ်သည်။ အရာရာ၌ လေးစားခြင်းမရှိဘဲ ပေါ့ပေါ့ဆဆ သဘောထားခြင်း၊ တွေးတောယူဆခြင်းဟု ဆိုလိုပေသည်။ပေါ့ပေါ့ဆဆ တွေးဆသိမြင်မှုကို ဗဟုသုတနည်းပါးသူများ ပြုတတ်သည်။လေးလေး နက်နက် တွေးခေါ်မြော်မြင်မှုကို ပညာ ဗဟုသုတရှိသူများ ပြုတတ်သည်၊ ယင်းပေါ့ဆထင်တွေးမှုသည် ကြီးပွားချမ်းသာခြင်းနှင့် တရားအမှန် သိမြင်ခြင်း ကို တားဆီးသည့် စိတ်ရောဂါတစ်မျိုးဖြစ်သည်။

(ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့တွေးသူများသည် ဆန်ကုန်မြေလေး ဖြစ်တတ်ကြ၏။)

၇။ မှိုင်ငေးတွေဝေခြင်းဟူသည် အမှန်တရားကို ဖုံးလွှမ်းတတ်သည့် မောဟစိတ် လွှန်ကဲခြင်း အရိပ်လက္ခဏာဖြစ်၏။ အမှန်တရားကို ဖုံးလွှမ်းမှု မောဟသည်

အမှန်တရား အရိယသစ္စာကို သိမြင်ရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်မှာ ရေးပြရန်ပင် မလိုအောင် သိသာလှပေသည်။

ယင်း မှိုင်ငေး တွေဝေမှု မောဟသည် စိတ်ကို ကောင်းရာကောင်းကြောင်း ဘာတစ်ခုမျှ ပြုလုပ်မရအောင် ဖိစီးနေသည့် စိတ်ရောဂါကြီးဖြစ်သည်။ လောကီ အကျိုးတရား၊ လောကုတ္တရာ အကျိုးတရားများကို မရရှိအောင် တားဆီး ပိတ်ပင်တတ်ရုံမျှမက လောကီအကျိုးမဲ့၊ လောကုတ္တရာအကျိုးမဲ့ အပြစ်အနာများကို ဖြစ်ပေါ်စေသည့် 'အဝိဇ္ဇာ' ဟု အမည်ဆိုးပေးထားသည့် တရားဆိုးကြီးဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါတိုင်းမှာ ကောင်းကျိုးမရဘဲ မကောင်းကျိုးများ ရရှိခံစားနေရခြင်းသည်ပင် ယင်းမှိုင်ငေး၊တွေဝေမှု စိတ်ရောဂါဆိုးက အရင်းခံ၍ ဖြစ်ပွားရသည့် အကျိုးဆက်များသာ ဖြစ်သည်။ မှိုင်ငေး တွေဝေနေသူသည် ကောင်းသည် ဆိုးသည် ဝေဖန်သိမြင်နိုင်စွမ်းမရှိချေ။ ယင်းသို့ အကောင်းအဆိုး ဝေဖန်မသိမြင်သောကြောင့်ပင်လျှင် ကောင်းကျိုးကို မယူနိုင်၊ မကောင်းကျိုးကို မရှောင်နိုင် ဖြစ်တတ်လေရာ ကောင်းကျိုးမရခြင်း၊ မကောင်းကျိုးရခြင်း ဖြစ်ရသည်မှာ သဘာဝကျလှပါပေသည်။

အဝိဇ္ဇာခေါ် မှိုင်ငေးတွေဝေမှုသည် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် လောကီအကျိုးတရားများကိုသာ ပျက်စီးဆုံးရှုံးစေသည်မဟုတ်ဘဲ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို သိမြင်ရရှိရေး လောကုတ္တရာ အကျိုးတရားများကိုလည်း ပျက်စီးဆုံးရှုံးစေနိုင်သည့် စိတ်ရောဂါဆိုးကြီး ဖြစ်သည်။

၈။ ပျင်းရိဟူသည်မှာ ပျင်းတွဲ့ရှိနွမ်းခြင်းဟူသော အနက်အဓိပ္ပာယ်ကို ပြဆိုပါသည်။ ပျင်းတွဲ့သည့်အရာသည် ငြိကပ်တတ်သည့်သဘောနှင့် မသွက်လက်သည့် သဘောကို ဆောင်တတ်ပါသည်။ ရှိနွမ်းသည့်အရာသည် အထိအခိုက်မခံ၊ လိုရာကိုပြုလုပ်မရခြင်း သဘောကို ဆောင်ပါသည်။

ထို့တူပင် ပျင်းရိတတ်သည့်သဘော ရှိသူသည် ထိုင်လျှင် ထိုင်သည့်အတိုင်း ရှိကာ၊ အိပ်လျှင်လည်း အိပ်သည့်အတိုင်းရှိနေပြီး အခြား ဣရိယာပုတ်သို့ မပြောင်းလိုဘဲ ပျင်းတွဲ့ခြင်းသဘောလည်း ရှိတတ်သည်။ ကောင်းရာ ကောင်းကြောင်း အလုပ်ကို မပြုလုပ်နိုင်ဘဲ၊ ပြုလုပ်မရဘဲ ရှိနွမ်းခြင်း သဘောလည်း ရှိပါသည်။ ယင်းသို့ဖြစ်သောကြောင့် ပျင်းရိခြင်းကို စိတ်ရောဂါတစ်ခုဟု သတ်မှတ်ရပါသည်။ ပျင်းရိခြင်းကို ပါဠိဘာသာ၌ 'အလသ'ဟုလည်းကောင်း၊ 'ကုသီတ' ဟုလည်းကောင်း ပြန်ဆိုရပါသည်။ အလသဟူသည်မှာ 'အလ္လီယတိဗန္ဓီယတီတိအလသော' ဟု ဝိဂ္ဂြိုဟ်ပြု၍ ငြိကပ်ဖွဲ့နှောင်တတ်သောကြောင့် 'အလသ' ဟု အဓိပ္ပာယ် ပြန်ရပါသည်။ ကုသီတ ဟူသည်မှာ

လည်း ရှုံစရာ နောက်တွန့်တတ်သူဟု အဓိပ္ပာယ်ရပါသည်။ အလသ ငြီးကပ်ဖွဲ့နှောင်တတ်သူ၊ ကုသီတ ရှုံစရာ နောက်တွန့်တတ်သူဟူသော ပါဠိဘာသာစကား နှစ်ခွန်းလုံးသည် မြန်မာဘာသာ ပျင်းရိဟူသော စကားနှင့် ကိုက်ညီလှပေသည်။

ပျင်းရိသူများသည် မိမိ၏ ပျင်းရိမှုကို အထောက်အကူ ပြုသည့်ဘက်မှ အမျိုးမျိုး ဆင်ခြေပေးတတ်ကြပေသည်။ ထိုဆင်ခြေများမှာ –

(၁) စောသေးသည်၊

(၂) နောက်ကျသည်၊

(၃) ပူသေးသည်။

(၄) အေးသေးသည်။

(၅) ဆာသေးသည်။

(၆) ဗိုက်ပြည့်ဝသေးသည် –

ဟူသော ဆင်ခြေခြောက်မျိုးဖြစ်သည်။ ၎င်းကို သိင်္ဂါလောဝါဒသုတ် (နှာ-၁၄၉) ၌ ဖော်ပြထားပါသည်။

ပျင်းရိခြင်း စိတ်ရောဂါ စွဲကပ်နေသူသည် အမှန်တရား–အရိယသစ္စာ သိမြင်ရေး ကိစ္စမှာလည်း အောက်ကျနောက်ကျဖြစ်ကာ အနှောင့်အယှက် ဖြစ်နိုင်ပေသည်။ ပျင်းရိခြင်းကို ဆင်ခြေပေး၍ မွေးမနေဘဲ ဝီရိယဓာတ် ဆေးသောက်၍ ပျောက်အောင် ကုသသင့်ကြပေသည်။ ပျင်းရိခြင်းသည် အဘိဓမ္မာသဘောအားဖြင့် လေးဖင့်ပျင်းတွဲသည့် အခြင်းအရာဖြင့် ဖြစ်ပေါ်သော အကုသိုလ်တရားအစုသာ ဖြစ်သည်။

ဦးမင်္ဂလာသည် အထက်ပါ ဆရာဦးထွန်းလှိုင်၏ စိတ်နှင့်ပတ်သက်သော အဆိုအမိန့်များကို အထူးနှစ်ခြိုက် သဘောပေါက်ရပါသည်။ ဆရာဦးထွန်းလှိုင် ပြဆိုခဲ့သော စိတ်များမှာ ဦးမင်္ဂလာကိုယ်တိုင် နာရီမလပ် အပ်စပ်တွေ့ထိနေရသော သဘောလက္ခဏာများ ဖြစ်ခြင်းကြောင့် အဓိပ္ပာယ်ရှင်းလင်းစွာ နားလည်ရပါသည်။

ဤဆောင်းပါးတွင် ကျွန်တော်ဖောက်သည်ချ၍ပြသော ဆရာဦးထွန်းလှိုင်၏ စိတ်ဆိုသောစိတ် ရှစ်မျိုးအကြောင်းမှာ ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စားပါသဖြင့် ကျွန်တော့်စာဖတ် လူငယ်ပရိသတ်များပါ ကျွန်တော့်နည်းတူ စိတ်ဝင်စားကြစေရန် ရည်သန်း၍ စေတနာထားပါသည်။

ကျွန်တော် ထပ်မံ၍ ဆိုပါရစေ။ အဘိဓမ္မာသင်္ဂြိုဟ်တွင်ပါဝင်သော စိတ်ဆိုသောစိတ် အများအပြားအနက်မှ ယခု ဆရာဦးထွန်းလှိုင် တင်ပြသည့် စိတ်ရှစ်မျိုးတို့သည် သင်္ဂြိုဟ်စကားကို ပါဠိမဖက် မြန်မာစကားသက်သက်ဖြင့် အလွယ်တကူ သိနိုင်ကြပါသည်။ နေ့စဉ်နေ့တိုင်းလည်း ထိတွေ့ခံစား ကိန်းအောင်းနေကြသည့် 'စိတ်ရောဂါရှစ်မျိုး' ဖြစ်နေပါသည်။ ထိုရှစ်မျိုးစလုံးသည် လောကီ, လောကုတ္တရာ အကျိုးစီးပွားနှင့် ဖြောင့်ဖြောင့်ကြီး

ဆန့်ကျင်နေတတ်ကြောင်းကိုလည်း ကျွန်တော်တို့ကိုယ်တိုင် ဝန်ခံကြရမည်သာ ဖြစ်သည်။

ထိုသို့ဆိုသော် အပြစ်ကိုသိလျှင် အကျိုးဖြစ်အောင် ရှောင်နိုင်ကြပါလိမ့်မည်၊ ပြုပြင်နိုင်ကြပါလိမ့်မည်။ အဆိုးကိုသိလျှင် အကောင်းကို မြင်နိုင်ကြပါသည်။ 'အနာကို သိလျှင် ဆေးရှိနိုင်ပါသည်'၊ အနာ၏ဒုက္ခဆင်းရဲကို လေးမြင့်တာရှည် ခံစားရမည်ကို ကြောက်လျှင်၊ တကယ်ကြောက်လျှင် ဆေးဝါးခတ်စာကိုသော်လည်းကောင်း၊ တတ်သိနားလည်သော ဆေးဆရာကိုသော်လည်းကောင်း အားကိုးကြရမည်သာဖြစ်သည်။

ကိုယ်၏ မကျန်းမာသောရောဂါများကို ကုသ,သကဲ့သို့ စိတ်၏ မကျန်းမာသော ရောဂါများကိုလည်း ကုသရန် လိုအပ်လှပေသည်။

ထို့ကြောင့် ဆရာဦးထွန်းလှိုင်၏ 'ရောဂါပျောက်ရန် နည်းပြလင်္ကာ' ဆေးဝါးခတ်စာ အညွှန်းကို တင်ပြလိုက်ရပါသည်။

"ရောဂါပျောက်ချင်၊ သိမြင်ရောဂါ၊ ကြောင်းခြာထင်ရှား၊
ဆေးဝါးမှီဝဲ၊ ရှောင်လွှဲမတော်၊ သင့်လျော်ယှဉ်ပေါင်း၊
မိတ်ကောင်းရှိစေ၊ ကြိုးစားပေ၊ ရှစ်ထွေရောဂါပျောက်ကြောင်းတည်း။ ။"

* * *

(၂၁)

# စိတ်၌မှီတွယ် စိတ်ကိုခြယ်

ဟောသည့်လူကြီးဟာ ပစ္စည်းချမ်းသာသလောက် အတော် 'ကုက္ကုစ္စ' နိုင်တယ်"

ဦးမင်္ဂလာသည် ထိုစကားမျိုးကို အကြိမ်ကြိမ်အဖန်ဖန် ကြားခဲ့ရဖူးသည်။ ထိုသို့ ကြားခဲ့ရတိုင်း 'ကုက္ကုစ္စ' ဟူသည်မှာ 'ကပ်စေးနဲ' ကော်တရာပိုက်ဆံတစ်ပြားကို နှစ်ပြားမှတ်လို့ခွာသည်။ အလွန်တရာ နှမြောတွန့်တိုသည်၊ မပေးရက် မကမ်းရက် မလှူရက် မတန်းရက် ဖြစ်နေသည်ဆိုသော အဓိပ္ပာယ်မျိုးကို နားလည်လိုက်ပေသည်။ ထို့ကြောင့် သူကိုယ်တိုင်လည်း ဤအသုံးအနှုန်း၊ ဤအဓိပ္ပာယ်မျိုးဖြင့် သူတစ်ပါးကို မကြာမကြာ ပြောခဲ့ဖူးသည်။ သူကပြောလိုက်လျှင်လည်း ကြားရသူများက သူ့လိုပဲ အဓိပ္ပာယ်ပေါက်သွားကြသည်။

စိတ်ဆိုသောစိတ်ကိုလေ့လာမိသောအခါကား 'ကုက္ကုစ္စ' ဟူသည်မှာ နှမြောတွန့်တို ကပ်စေးနဲခြင်းဟူသော အဓိပ္ပာယ်မဟုတ်၊ မိမိပြုလုပ်ခဲ့မိသော အကုသိုလ်ကံများ (လောက သဘာဝအမှားများ) ကို နောင်တ, တစ်ဖန် ပူပင်ဆင်းရဲသောစိတ်၊ ကုသိုလ် ကမ္မပထ တရားများကို (လောကသဘာဝ ပြုလုပ်သင့်တာကို မပြုလုပ်ခဲ့မိသည်များကို) မပြုမိခဲ့လေခြင်း ဟူ၍ နောင်တ, တစ်ဖန် ပူပင်ဆင်းရဲသောစိတ်၊ ထိုစိတ်နှစ်မျိုးသာဖြစ်ကြောင်း သိရှိနားလည်ခဲ့ရလေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျေးဇူးရှင် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘုရားက သင်္ဂြိုဟ်ဘာသာဋီကာကျမ်းတွင် ချဲ့ထွင်၍ ဖော်ပြရေးသားထားသည်ကို ဤသို့ တွေ့ရပါသည်။

"ဒုစရိုက်ပြုပြီးနောက် ရရှိမည့်အပြစ်တွေကို ဆင်ခြင်မိသည့်အခါ၊ သို့မဟုတ် မကောင်းကျိုးကို ခံစားရသည့်အခါ 'ထိုဒုစရိုက်ကို ပြုမိလေခြင်း' ဟူသော စိတ်၏ အမူအရာ ဖြစ်ပေါ်လာတတ်၏။

"ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသည့်အခါ၊ ငယ်ရွယ်ကျန်းမာသည့်အခါတုန်းက ကုသိုလ်ကောင်းမှုကို မပြုခဲ့ဘဲ ပစ္စည်းကုန်ခန်းသည့်အခါ၊ ကြီးရင့်သည့်အခါ၊ မကျန်းမာသည့်အခါကျမှ 'သုစရိုက်ကို မပြုခဲ့မိလေခြင်း' ဟူသော စိတ်အမူအရာ ဖြစ်ပေါ်လာတတ်၏။ ထိုအမူအရာသည် ပြုပြီး ဒုစရိုက်ကိုလည်း မပြုရာရောက်အောင်၊ မပြုခဲ့မိသော သုစရိုက်ကိုလည်း ပြုပြီးသားဖြစ်အောင် မတတ်နိုင်၊ ပညာရှိတို့မြင်ပြင်းကတ်စရာ သက်သက် အပိုအမူအရာသာဖြစ်၍နေ၏။ ထိုအမူအရာမျိုးဖြစ်သည့်အခါ စိတ်ထဲမှာပူပူပန်ပန်ဖြစ်တတ်၏။ ထို့ကြောင့် ထိုအမူအရာကို နောင်တ, တစ်ဖန် ပူပန်မှုဟု ပြောဆိုရိုးပြုကြသည်။"

ဦးမင်္ဂလာအဖို့ ဆရာတော်၏အဆိုအမိန့်မှာ ရှင်းလင်းပြတ်သားစွာ သဘောပေါက်ရ

ပါသည်။ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကလည်း မဃဒေဝလင်္ကာကြီးတွင် –

"ဤလူ့လောက၊ လူ့ဘဝ၌၊ သကျရှုပ်၊ မိန့်သံဂါထာ၊ကျမ်းအလာတိုင်း၊
ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူ့ကိုချစ်ဖျက်၊ သူ့သက်သတ်စား၊
သူ့မယား၌၊ ပြစ်မှားတုံဘိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊ မွေးမြူမိဘ၊ မပြုရနှင့်၊
ဆုံးမ, မနာ၊ ပညာရှိထံ၊ နည်းခံ မမှတ်၊ အမြတ်မကျင့်၊ ဤဆယ်ဆင့်ကား၊
ကြီးရင့်ဇရာ၊ အိုသောခါလျှင်၊ ပူဆာနောင်တ၊ ရတတ်စွတည့်"

ဟု နောင်တ,ဆယ်မျိုးကို ဤသို့ရေးသားတော်မူခဲ့ပါသည်။

နောင်တ,တစ်ဖန် ပူပန်ဆင်းရဲနေခြင်းဖြင့် မည်သို့မျှ အကျိုးမရှိ၊ အကျိုးမဲ့ရုံသာ ရှိသည်။ လောဟကုမ္ဘီသံပူငရဲ၌ ခံနေရသော သူဌေးသားလေးယောက်တို့သည် ဒု၊ သ၊ န၊ သော ဟု အော်ဟစ်ညည်းတွားနေရုံမျှဖြင့် ခံစားနေရသော ဆင်းရဲဒုက္ခမှ လျှော့ရက် မရှိ၊ လွတ်ငြိမ်းချမ်းသာခွင့်မရှိသည်ကို ဦးမင်္ဂလာက သတိပြုမိသည်။

ထိုသို့ ပူပန်ဆင်းရဲနေခြင်းထက် မိုက်မှားမိခဲ့သမျှ အကုသိုလ်ကံများ အသစ် တစ်ဖန် အလားတူမဖြစ်ရန် ရှောင်ကြဉ်ခြင်း၊ မပြုမိခဲ့သေးသော ကုသိုလ်ကံတို့ကို မြန်မြန် ပြုလုပ်ခြင်း စသည့်အမှုများကသာ ကုက္ကုစ္စကို ကုစားနိုင်စရာဖြစ်ပေလိမ့်မည်။

သတိသံဝေဂဟူသည် ပူပန်ဆင်းရဲနေရုံမျှဖြင့်မပြီး၊ အမှားကိုမြင်၍ အမှန်ကို ပြု လုပ်ခြင်းကိုသာလျှင် သတိသံဝေဂဟု ဆိုနိုင်ပေလိမ့်မည်။သို့ဖြစ်၍ ထိုကုက္ကုစ္စတရားကို သတိသံဝေဂဖြင့်သာ မကုစားလျှင် (မကုစားနိုင်လျှင်) (ကုက္ကုစ္စတရား ရှိနေသေးလျှင်) ဓမ္မရသ အမြိုက်တရားကိုပင် မဆင်ခြင် မခံစားနိုင်ကြောင်း ဓမ္မပဒလာ တမ္ဗဒါဌိက သူသတ်ယောကျ်ားဝတ္ထုကို မဟာဂန္ဓာရုံဆရာတော်ဘုရားက "ကိုယ်ကျင့်အဘိဓမ္မာ" တွင် ဤသို့ညွှန်ပြတော်မူပါသည်။

တမ္ဗဒါဌိကမည်သော အဘိုးကြီးသည် အရွယ်ကောင်းတုန်းက သေဒဏ်ကျသူများ ကို သတ်ဖြတ်ရသောအလုပ်ဖြင့် ဘုရင့်အမှုကို ထမ်းလာခဲ့၏။ ကောင်းစွာမသတ်နိုင်သော အဘိုးကြီးအရွယ်ရောက်မှ သူသတ်ရာထူးကထွက်၏။ သေခါနီးဆဲဆဲမှာ အရှင် သာရိပုတ္တရာနှင့်တွေ့၍ တရားနာရာတွင် သူလုပ်ခဲ့သောအပြစ်နှင့် ယခုတရားသည် အလွန်ကွာခြားနေသောကြောင့် တရားတော်၌ စိတ်မဝင်စားနိုင်ဘဲရှိလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာက သိတော်မူ၍ –

"ဒါယကာ – အသင်သတ်ချင်လို့ သတ်တာလား၊ အသက်မွေးမှုအတွက် မလွှဲ သာ၍ ရှင်ဘုရင်က ခိုင်းလို့သတ်ရတာလား" ဟု မေးတော်မူလေရာ –

"တပည့်တော်သတ်ချင်လို့မဟုတ်ပါ၊ ရှင်ဘုရင်ကခိုင်းလို့ သတ်ရပါကြောင်း" လျှောက်ထားလေသည်။

"သည်လိုဆိုလျှင် အပြစ်ရှိသေးသလား" ဟု ပရိယာယ်ဖြင့် မေးတော်မူသည်။ ထိုအခါ တမ္ဗဒါဌိက အဘိုးကြီးက –

'ငါ့မှာ အပြစ်ရှိပုံမရပါဘူး' ဟု စိတ်သက်သာသွားသည်။ (ကုက္ကုစ္စ ပျောက်သွား

သည်။) ထိုတွင်မှ အရှင်သာရိပုတ္တရာက တရားဆက်ဟောသဖြင့် တရားကို စိတ်စိုက်နာရင်း 'စူဠသောတာပန်' (သောတာပန်အငယ်) ဖြစ်ကာ မကြာခင် စုတေ၍ နတ်ပြည်သို့ ရောက်ရလေသည်။

(ဤ၀တ္ထုဋ္ဌရှင်ဘုရင်သတ်ခိုင်း၍ သတ်ရသော်လည်း ခိုင်းသူရော၊ သတ်သူပါ အပြစ်ရှိ၏။ သို့သော် စိတ်သက်သာအောင် ပရိယာယ်ဖြင့် မေးတော်မူခြင်းဖြစ်၏။)

ထိုအဘိုးကြီး၌ ပါဏာတိပါတအပြစ်တွေ များစွာ ရှိနေသည်ကား မှန်၏။ သို့သော် ထိုအပြစ်တွေအတွက် ကုက္ကုစ္စမဖြစ်အောင် ပရိယာယ်ဆောင်၍ မေးတော်မူ လိုက်ရာ ကုက္ကုစ္စငြိမ်းသွားလေသည်။ ကုက္ကုစ္စငြိမ်းပြီးမှ တရား၌ စိတ်စိုက်သောကုသိုလ်ကြောင့် နတ်ပြည်သို့ရောက်ရှိလေသည်။ သို့ဖြစ်၍ မည်သူမဆို ပြုခဲ့ပြီးသော အကုသိုလ် အတွက်လည်း မပူပန်ရ၊ ကုသိုလ်ကို မပြုခဲ့ရသေး၍လည်း နောင်တမဖြစ်ကြစေဘဲ (ဖြစ်မနေဘဲ) ပြုခဲ့သောနည်းဖြင့် အကုသိုလ်အသစ် မဖြစ်အောင်သာ ကြိုးစားလျက် သတိရသောအရွယ်ကစ၍ ကုသိုလ်ကိုအားထုတ်သင့်ကြပေသည်။ သတိရ၍ ကုစားခြင်း သည် လုံးလုံးသတိမရကြသူများထက် အပုံကြီးသာပါသေးသည်။

ဦးမင်္ဂလာသည် ဆရာတော်၏အဆိုအမိန့်ကို ဖတ်ရှုပြီးသည့်နောက် မဟာဗုဒ္ဓဝင်တွင် ရေးသားပါရှိသော သာမညဖလသုတ်ပါ စကားတို့ကို အမှတ်ရလိုက်မိပြန်သည်။

အဇာတသတ်မင်းကြီးက မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ် အဇာတသတ်သည် မြတ်စွာ ဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ရဟန်းသံဃာတော်ကိုလည်း ကောင်း၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏။ ဘုန်းတော် သခင် ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ရှည်သမျှကာလပတ်လုံး 'သရဏဂုံတည်သူ ဥပါသကာ' ဟူ၍ မှတ်ယူတော်မူပါလော့။

"မြတ်စွာဘုရား ....မိုက်မဲတွေဝေ မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ် ကို လွှမ်းမိုးခဲ့ပါပြီ၊ အကျွန်ုပ်သည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုတော်မူသော ခမည်းတော်မင်းတရားကြီးကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါပြီ။ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်စည်းဖို့ရန် အပြစ်အနေ အားဖြင့် သည်းခံတော်မူပါဘုရား"

ထိုအခါ မြတ်စွာဘုရားက–

"မင်းကြီး....စင်စစ် တကယ်ပင် မိုက်မဲတွေဝေ မလိမ္မာသည့်အလျောက် အပြစ် သည် သင့်ကို လွှမ်းမိုးခဲ့လေပြီ၊ သင်မင်းကြီးသည် တရားစောင့်သော၊ တရားသဖြင့်မင်းပြု သော ခမည်းတော်မင်းတရားကြီးကို သတ်မိခဲ့လေပြီ။ မင်းကြီး၊ သင်သည် အပြစ်ကို အပြစ် ဟူ၍ အပြစ်အားလျော်စွာ ကုသသောကြောင့် သင်၏ထိုအပြစ်ကို ငါတို့သည် သည်းခံကုန်၏။ မင်းကြီး၊ အကြင်သူသည် အပြစ်ကိုအပြစ်ဟု ရှုမြင်၍ အကြောင်းအား လျော်စွာ ကုစား၏။ နောင်အခါ စောင့်စည်း၏။ ဤကုစားခြင်း၊ စောင့်စည်းခြင်းသည်

ငါဘုရား၏ အဆုံးအမ = သာသနာ၌ ကြီးပွားခြင်းပင်တည်း" ဟု သည်းခံစကား မိန့်ကြားတော်မူလေသည်။

ဦးမင်္ဂလာသည် ကုဏ္ဍလိစိတ်ကို လေ့လာဆင်ခြင် ရှာဖွေဖတ်ရှုပြီးသည့်နောက် ဤသို့ဆက်လက်၍ တွေးမိပါသည်။ ထိုအကြောင်းကား ဦးမင်္ဂလာသည် ကျေးဇူးရှင် ကျမ်းပြုဆရာတော်များ၏ အရေးအသား အဆိုအမိန့်တို့ကိုလည်းကောင်း၊ လူပညာရှိ ဆရာကြီးတို့၏ အရေးအသား အဆိုအမိန့်တို့ကိုလည်းကောင်း ဖတ်ရှုလေ့လာခဲ့သည်မှာ မိမိသန္တာန်ဝယ် နေ့စဉ်ရစ်ပတ် ကပ်ငြိလာတတ်သော စိတ်ဆိုးစိတ်ယုတ်မာတို့ကို ဆင်ခြင်နိုင်ရန် ဆုံးမနိုင်ရန်၊ ကုစားနိုင်ရန် အဖြေရှာခြင်းက ပဓာနကိစ္စဖြစ်ပါသည်။

နောက်မှ မိမိသဘောပေါက်လာသမျှ ဓမ္မရသကို လူငယ်လူရွယ်တို့အား ဖတ်ရှုနားလည်ကြစေရန် ရည်သန်၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် စိတ်ဆိုသောစိတ် ပုဒ်ရေ ၂၀ ရှိခဲ့လေပြီ။ ထိုသည့်တိုင်အောင် စိတ်အမျိုးမျိုးတို့မှာ (ဝတ္ထုတစ်ရာ စိတ်တစ်ရာ၊ ပုဂ္ဂိုလ်တစ်ရာ စိတ်တစ်ရာ ဆိုသကဲ့သို့) အထွေထွေအပြားပြား ဖြစ်စရာ ရှိနေသည်။

ထို့ကြောင့် ဆန်စဉ်ရာကျည်ပွေ့လိုက်သကဲ့သို့ မဖြစ်စေဘဲ၊ အသီးတစ်ရာ အညှာတစ်ခု ဆိုသကဲ့သို့လည်းကောင်း၊ အရင်းစစ်တော့ အမြစ်မြေက ဆိုသကဲ့သို့ လည်းကောင်း၊ စိတ်ကိုမကောင်းအောင် ခြယ်လှယ်သော စေတသိက်၊ ကောင်းအောင် ခြယ်လှယ်သော စေတသိက်တို့နှင့် ကောင်းဆိုးနှစ်တန် စီမံခြယ်လှယ်သော စေတသိက်တို့ကို ဖော်ပြ၍ 'စိတ်ဆိုသောစိတ်' ကို နိဂုံးချုပ်လိုပါတော့သည်။

စိတ်ကို မကောင်းအောင် ခြယ်လှယ်သော အကုသိုလ်စေတသိက်တို့မှာ ၁၄ ပါးရှိသည်။ ၎င်းတို့ကို အကျဉ်းအားဖြင့်ဆိုလျှင် - -

၁။ မောဟ = မသိမှု၊ တွေဝေမှု၊ မိုက်မဲမှု၊ မိုက်မဲမှု သဘောဖြစ်သည်။ မသင် ကြား မလေ့လာ၍ မသိမှုမျိုးနှင့် မရောက်ဖူးမတွေ့ဖူး၍ မြို့ရွာအမည် စသည်တို့ကို မသိမှုမျိုးသည် မောဟမဟုတ်။ ကုသိုလ်နှင့်အကုသိုလ်၊ အမှားနှင့် အမှန် ခွဲခြားမသိမှု၍ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ 'သူတော် ကောင်းတရား'၊ 'လက္ခဏာရေးသုံးပါး' စသည်တို့ကို မသိမှုမျိုးသည်သာ မောဟဖြစ်သည်။

၂။ အဟိရိက = မကောင်းမှု ဒုစရိုက်ပြုရမည်ကို မရှက်ခြင်းသဘောဖြစ်သည်။ အဟိရိကသည် ရွာဝက်နှင့် ဥပမာတူသည်။ ရွာဝက်သည် မစင်ကိုမစက်ဆုပ် မရွံရှာ မရှက်ဘဲစားသုံးသကဲ့သို့၊ အဟိရိကသည်လည်း မိမိဂုဏ်သိက္ခာကိုလည်း ကောင်း၊ အခြားသူများကိုလည်းကောင်း မငဲ့ကွက် မရှက်နိုင်ဘဲ အကုသိုလ် ဒုစရိုက်များကို ပြုလုပ်ကျူးလွန်တတ်သော သဘောဖြစ်သည်။

၃။ အနောတ္တပ္ပ = ပိုးဖလံသည် မီးလျှံကို မကြောက်မလန့် တိုးဝင်သကဲ့သို့၊ အနောတ္တပ္ပသည်လည်း အကုသိုလ်ဒုစရိုက်များ ပြုရမည်ကို မကြောက်လန့် ခြင်း သဘောဖြစ်သည်။

၄။ ဥဒ္ဓစ္စ = အာရုံတစ်ခုတည်းပေါ်၌ ငြိမ်သက်စွာ မတည်နိုင်ဘဲ ပြာပုံပေါ်ခဲကျ၍ ပြာတွေ ပျံ့လွင့်သလို စိတ်၏ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်းသဘော ဖြစ်သည်။

၅။ လောဘ = ကာမဂုဏ်ဆိုင်ရာ၌ တွယ်တာငြိကပ် တပ်မက်ခင်မင်လိုချင်သော သဘောဖြစ်သည်။

၆။ ဒိဋ္ဌိ = မရှိသည်ကို အရှိ၊ ရှိသည်ကို မရှိ၊ မဟုတ်သည်ကို အဟုတ်၊ ဟုတ်သည်ကို မဟုတ်ဟုလည်းကောင်း၊ ငါ့အယူက အမှန်၊ သူများအယူက အလွဲဟုလည်းကောင်း 'မှားမှားယွင်းယွင်း' သိမြင်ခြင်း သဘောဖြစ်သည်။

၇။ မာန = တံခွန်အလံကို စိုက်ထောင်၍ထားသကဲ့သို့ အများအပေါ်၌ ထောင်လွှားတက်ကြွ မောက်မော်ခြင်းသဘောဖြစ်သည်။

၈။ ဒေါသ = စိတ်၏ ခက်ထန်ကြမ်းတမ်းခြင်းသဘောဖြစ်သည်။ စိတ်ညစ်နွမ်းမှု၊ စိတ်အားငယ်မှု၊ ကြောက်လန့်မှုများသည်လည်း ဒေါသသဘောပင်ဖြစ်သည်။

၉။ ဣဿာ = သူတစ်ပါးလှကြောင်း၊ ဥစ္စာပေါကြောင်း၊ ပညာတတ်ကြောင်း၊ အကျင့်ကောင်းကြောင်းစသော ဂုဏ်သတင်းများကို ပြောပြလာလျှင် ငြူစူခြင်း၊ မနာလိုခြင်းသဘောဖြစ်သည်။

၁၀။ မစ္ဆရိယ = မိမိပစ္စည်းကိုဖြစ်စေ၊ အခြားတစ်ပါးသောသူ၏ ပစ္စည်းကိုဖြစ်စေ၊ ဂုဏ်ကိုဖြစ်စေ၊ သူတစ်ပါး မရစေလိုသော ဝန်တိုခြင်းသဘောဖြစ်သည်။

၁၁။ ကုက္ကုစ္စ = နောင်တ,တစ်ဖန် ပူပန်ခြင်းသဘောဖြစ်သည်။ (အထက်၌ပြခဲ့ပြီး။)

၁၂။ ထိန = အလုပ်တစ်ခုကိုလုပ်ရန် စိတ်ထက်သန်မှုမရှိဘဲ ဖင့်နွဲ့လေးကန်ပျင်းရိသော သဘောဖြစ်သည်။

၁၃။ မိဒ္ဓ = စေတသိက်တရားများ မခံ့ညားအောင် ဟန့်တားတတ်သော သဘောဖြစ်သည်။

၁၄။ ဝိစိကိစ္ဆာ = ဘုရားစသည်၌ ယုံမှားခြင်းသဘောဖြစ်သည်။ 'ယုံမှား'ဟူသည် လုံးလုံး မယုံခြင်းမျိုးလည်း မဟုတ်၊ စိတ်ချလက်ချလည်း ယုံကြည်ခြင်းမျိုး မဟုတ်။ 'မယုံတစ်ဝက်၊ ယုံတစ်ဝက်' ဖြစ်နေခြင်းသဘောဖြစ်သည်။ ဤသည်တို့ကား စိတ်ကို မကောင်းအောင် ခြယ်လှယ်သော စေတသိက် ၁၄ ပါး ဖြစ်သည်။ အတွင်းရန်သူ ၁၄ ဦးဟုလည်း ဆိုကြသည်။

ထိုစေတသိက်များကို ချိုးနှိမ်ပယ်ထွင်ရန် 'စိတ်ကိုကောင်းအောင် ခြယ်လှယ်သော စေတသိက် ၁၄ ပါး' ရှိပါသည်။ ၎င်းတို့မှာ -

၁။ သဒ္ဓါ = ရတနာသုံးပါး၊ ပစ္စုပ္ပန်၊ သံသရာ၊ ကံ ကံ၏အကျိုးတို့ကို ယုံကြည်ခြင်းသဘောဖြစ်သည်။

၂။ သတိ = ဘုရားအစရှိသော အာရုံ၌ အောက်မေ့အမှတ်ရခြင်းသဘော ဖြစ်သည်။

၃။ ဟိရီ = မကောင်းမှု ဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်းသဘောဖြစ်သည်။

၄။ ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်ကို ပြုရမည်မှ ကြောက်လန့်ခြင်း သဘောဖြစ်သည်။

၅။ အလောဘ = ကာမဂုဏ်ဆိုင်ရာ၌ တွယ်တာငြိကပ် တပ်မက်ခင်မင် မလိုချင်မှု သဘောဖြစ်သည်။ လောဘ၏ ဆန့်ကျင်ဖက်ဖြစ်သည်။

၆။ အဒေါသ = မခက်ထန် မကြမ်းတမ်းခြင်းသဘောဖြစ်သည်။ ဒေါသ၏ ဆန့်ကျင်ဖက် ဖြစ်သည်။

၇။ အမောဟ = မောဟက ဖုံးလွှမ်းကွယ်ကာထားသော အရာဟူသမျှ မဖုံးကွယ်နိုင်အောင် ထိုးထွင်းသိမြင်နိုင်သည့် ဉာဏ်ပညာဖြစ်သည်။ မောဟ၏ ဆန့်ကျင်ဖက်ဖြစ်သည်။

၈။ မေတ္တာ = သတ္တဝါများ၏ အကျိုးစီးပွားကို လိုလားချစ်ခင်မှုသဘောပင် ဖြစ်သည်။

၉။ ကရုဏာ = ဆင်းရဲသော 'ဒုက္ခိတသတ္တဝါ' များကို သနားသော သဘောဖြစ်သည်။

၁၀။ မုဒိတာ = ပြည့်စုံကြွယ်ဝချမ်းသာသူများကို မြင်ရကြားရသောအခါ ဝမ်းမြောက်ခြင်းသဘောဖြစ်သည်။

၁၁။ ဥပေက္ခာ = မေတ္တာကဲ့သို့ ချစ်ခြင်းလည်းမဟုတ်၊ ကရုဏာကဲ့သို့ သနားခြင်းလည်းမဟုတ်၊မုဒိတာကဲ့သို့ဝမ်းမြောက်ခြင်းလည်းမဟုတ်၊ ဒေါသကဲ့သို့ မုန်းခြင်းလည်းမဟုတ်၊ ဖြစ်သမျှ = သူ့ကံအကြောင်းတရားသာဟု ကမ္မဿကာ ပြု၍ လျစ်လျူရှုခြင်းသဘောဖြစ်သည်။

၁၂။ သမ္မာဝါစာ = အသက်မွေးမှုနှင့် မဆက်သွယ်ဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘောဖြစ်သည်။

၁၃။ သမ္မာကမ္မန္တ = အသက်မွေးမှုနှင့် မဆက်သွယ်ဘဲ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း သဘောဖြစ်သည်။

၁၄။ သမ္မာအာဇီဝ = အသက်မွေးမှုနှင့်ဆက်သွယ်၍ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘောဖြစ်သည်။

မုသားပြောခွင့်စသော (ဝစီဒုစရိုက်များဖြစ်ခွင့်) ကြုံလာသောအခါ မပြောဘဲ ရှောင်ကြဉ်ရာ၌ အသက်မွေးမှုနှင့် မသက်ဆိုင်လျှင် သမ္မာဝါစာဖြစ်၍၊ အသက်မွေးမှုနှင့်ဆိုင်လျှင် သမ္မာအာဇီဝဖြစ်သည်။

ထို့အတူ သူ့အသက်သတ်ခြင်း စသော (ကာယဒုစရိုက်များပြုခွင့်) ကြုံလာသောအခါ မသတ်မပြု ရှောင်ကြဉ်ရာ၌ အသက်မွေးမှုနှင့်မဆိုင်လျှင် သမ္မာကမ္မန္တ ဖြစ်၍ အသက်မွေးမှုနှင့်ဆိုင်လျှင် သမ္မာအာဇီဝဖြစ်သည်။

ဦးမင်္ဂလာသည် စိတ်ကိုမကောင်းအောင် ခြယ်လှယ်သော စေတသိက် ၁၄ ပါးနှင့် ကောင်းအောင်ခြယ်လှယ်သော စေတသိက် ၁၄ ပါးတို့ကို ဖတ်ရှုလေ့လာသိနား

လည်ခဲ့ပြီးသည့်နောက် စိတ်ဆိုးစိတ်ကောင်း နှစ်မျိုးလုံး ဖြစ်နိုင်သော စေတသိက် ၁၃ ပါးတို့ကိုလည်း လေ့လာသိရှိခွင့်ရပြန်ပါသည်။ ၎င်းတို့မှာ -

၁။ ဖဿ = အာရုံကို တွေ့ထိခြင်း။

၂။ ဝေဒနာ = အာရုံ၏ အရသာကို ခံစားခြင်း။

၃။ သညာ = မှတ်သားခြင်း (အမှတ်ပြုခြင်း)။

၄။ စေတနာ = စိတ်၊ စေတသိက်များကို စေ့ဆော်ခြင်း။

၅။ ဧကဂ္ဂတာ = တစ်ခုတည်းသောအာရုံ၌ တည်ကြည်ခြင်း၊ ငြိမ်သက်ခြင်း။

၆။ ဇီဝိတိန္ဒြေ = စိတ်၊ စေတသိက်ဝသည်းဟူသော နာမ်တရားတို့၏ အသက်ကို စောင့်ခြင်း၊ အစိုးရခြင်း။

၇။ မနသိကာရ = နှလုံးသွင်းခြင်း။

၈။ ဝိတက် = ကြံစည်ခြင်း။

၉။ ဝိစာရ = အာရုံတစ်ခုခုကို အထပ်ထပ် အလီလီ သုံးသပ်ခြင်း။

၁၀။ အဓိမောက္ခ = ဆုံးဖြတ်ခြင်း။

၁၁။ ဝီရိယ = အားထုတ်ခြင်း။

၁၂။ ပီတိ = အာရုံတစ်ခုခုကို နှစ်သက်အားရ သဘောကျခြင်း။

၁၃။ ဆန္ဒ = ပြုလိုခြင်း (ရယူလိုခြင်း) (တောင့်တခြင်း)။

အထက်ပါ စေတသိက် ၁၃ ပါးတို့သည် စိတ်ကိုဆိုးအောင်လည်းပြုနိုင်၏။ ကောင်းအောင်လည်း ပြုနိုင်၏။ တို့ကြောင့် အရသာကောင်းဆိုးတို့တွင် ခပ်တိုင်းငန်သော ဆားနှင့် ဥပမာပြတော်မူကြပါသည်။

ဆိုခဲ့ပြီးသော မကောင်းသောစေတသိက်၊ ကောင်းသောစေတသိက်နှင့်ဆိုးအောင်၊ ကောင်းအောင်ပြုနိုင်သော စေတသိက်တို့ကို လေ့လာဆင်ခြင် ကျင့်သုံးနိုင်ကြပါမူ လောကီ လောကုတ္တရာ အကျိုးစီးပွားတို့ကို ဒိဋ္ဌဓမ္မ ရရှိနိုင်သည်ဖြစ်၍ မိမိကိုယ်တိုင်လည်း ကျင့်သုံးနိုင်ပါစေ၊ စာဖတ်သူများလည်း ကျင့်သုံးနိုင်ပါစေဟု ဦးမင်္ဂလာက ဆန္ဒပြုရင်း 'စိတ်ဆိုသောစိတ်' ကို နိဂုံးချုပ်လိုက်ရပါသည်။

ဤဆောင်းပါးကိုရေးရာတွင် -

၁။ သဂြိုဟ်ဘာသာဋီကာ

၂။ ကိုယ်ကျင့်အဘိဓမ္မာ

၃။ ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာပို့ချချက်

၄။ လူသားတို့၏ ထွက်ရာလမ်း ကျမ်းများကိုမှီခို၍ ကြည့်ညိုရပါသည်။

သုခီ အတ္တာနံ ပရိဟရန္တု။

သုခ

# ဝဋ္ဋနာဒီပနီ

"ဗျို့ ဦးမင်္ဂလာ၊ နေကောင်းရဲ့ မဟုတ်လား"

ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အော်ကြီးဟစ်ကျယ် နှုတ်ဆက်၍ တက်လာသူမှာ ဦးမင်္ဂလာ၏ မိတ်ဆွေ ဦးရေချမ်း ဖြစ်ပါသည်။

နာမည်ကသာ ဦးရေချမ်း။ သူ့မှာ အေးအေးလူလူ တည်တည် ငြိမ်ငြိမ် မဟုတ်ဘဲ အမြဲလိုပင် လှုပ်လှုပ်ရှားရှား စိတ်မြန်ကိုယ်မြန် ဖြစ်သည်။ ဟောဟောဒိုင်းဒိုင်းပြောတတ်သည်။ သဘောဖြူအူစင်း လူဖြောင့်စိတ်တို ဖြစ်သည်။ စီးပွားရေးလုပ်ရာတွင် အလွန်လာဘ် မြင်၍ ကြိုကြိုတင်တင် တွက်တွက်ဆဆ လူတကာထက် ဦးအောင် လုပ်တတ်ခြင်းကြောင့် ကြွယ်ဝလာခဲ့သူ ဖြစ်သည်။

အသက်ခုနစ်ဆယ်အရွယ် ဇရာဘက်ကူးမှ စီးပွားရေးတွင် ရပ်နားပြီး အငြိမ်းစားလုပ်ကာ သားသမီးများနှင့် နေသူ ဖြစ်သည်။

"ထိုင်ဗျာ ဦးရေချမ်း၊ အခုတလော မိုးအေးလွန်းလို့ ချမ်းစိမ့်စိမ့် အမြဲ ဖြစ်နေတယ်၊ အိုမင်းလာရင် ရာသီဥတုဒဏ်ကို မတွန်းလှန်နိုင်ကြတော့ဘူး မဟုတ်လား၊ ပူရင်လည်း ပူလို့ နေမကောင်း၊ အေးရင်လည်း အေးလို့ နေမကောင်းဘူး၊ ခင်ဗျားကတော့ ကြည့်ရတာ သွက်သွက်လက်လက်ပဲ၊ နေကောင်းရဲ့ မဟုတ်လား"

"လူ ကတော့ နေကောင်းပါတယ်ဗျာ"

"လူ နေကောင်း ပြီးတာပဲ မဟုတ်လားဗျာ"

"လူနေကောင်းပေမဲ့ စိတ်နေမကောင်းလို့ ခင်ဗျားဆီ ထွက်လာခဲ့တာ"

"ဘယ်လိုကြောင့် စိတ်က နေမကောင်းရတာတဲ့လဲ"

"စိတ်ဆိုးတယ်ဗျာ၊ ဒေါသထွက်တယ်ဗျာ၊ ခံပြင်းတယ်ဗျာ၊ မကျေမချမ်း ဖြစ်တယ်ဗျာ"

"ခင်ဗျား စိတ်ရောဂါတွေကလည်း များလှချည့်လား၊ ဖြစ်ရပုံ အကြောင်း ပြောစမ်းပါဦး"

"အတိုဆုံး ပြောရရင်တော့ လူအလိမ်ခံရလို့ဗျို့၊ နည်းနည်းလေး ချဲ့ပြောရရင်တော့ ကျုပ်မြေးအကြီးကောင်ကို နိုင်ငံခြားမှာ သင်္ဘောသားအလုပ် သွင်းမယ်ဆိုပြီး ငွေသုံးသောင်း လိမ်ယူသွားတယ်"

"ဩော်–ဟုတ်ရဲ့လား၊ ဖြစ်မှဖြစ်ရလေဗျာ၊ ခင်ဗျားမှာလည်း ဗဟုသုတ ရှိသားနဲ့"

"ဗဟုသုတရှိလို့ ကျုပ်က ဟုတ်မှလည်း လုပ်ကြပါကွာလို့ ပြောပါသေးတယ်၊ မြေးဆိုတဲ့ အကောင်က နိုင်ငံခြားရောဂါ သင်္ဘောသားဝေဒနာ ငန်းဖမ်းသလို ဖြစ်နေတာ မဟုတ်လား၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက သူတို့သားအမိ ကျိတ်ကျိတ် လုပ်နေကြတာ ယုတ္တိယုတ္တာနဲ့ အဆွယ်ကောင်းလို့ ငွေသုံးသောင်း ပေးလိုက်ရတယ်၊ နောက်ပြီး နိုင်ငံခြားရောက်တော့ သူတို့ပြောတဲ့ ကုမ္ပဏီက ရှာမတွေ့ဘူး။ အဲဟိုမှာ သောင်တင်နေလို့

ရရာအလုပ်ကြမ်းလုပ်ပြီး ထမင်းစားရသတဲ့၊ နောက်ဆုံးတော့ သူ့အမေ ဆီမှာ ငွေမှာပြီး ပြန်လာခဲ့ရတယ်၊ ဘယ်လောက် ဒေါသဖြစ်စရာ ကောင်းသလဲ"

"ကဲ...ကဲ...တစ်ပူပေါ် နှစ်ပူ မဆင့်နဲ့၊ အကုသိုလ်အပေါ် အကုသိုလ် ထပ်မဖြစ်နဲ့"

"ခင်ဗျားကတော့ ခံရတဲ့လူမှ မဟုတ်ဘဲကိုး‌ဗျ၊ တရားချမှာပေါ့"

ဦးရေချမ်းက ငေါက်ဆတ်ဆတ် ပြောလိုက်သောကြောင့် ဦးမင်္ဂလာမှာ သူ့ကို ကြည့်ပြီး အံ့အားသင့်သွားရာမှ ဟက်ဟက် ပက်ပက် ရယ်မောရပါတော့သည်။

သူ့စကားက မှန်ပါသည်။ ကိုယ်သာ သူ့လို ခံစားရလျှင် သူ့လိုပဲ သောက ပရိဒေဝတွေ ပေါ်လာမည်မှာ မုချ။ ငွေသုံးသောင်းကြီးများဆိုတာ နည်းနည်းနောနောမှ မဟုတ်ပဲကလား။ အဲသည့်အခါ သူတစ်ပါးက ပေါ့ပေါ့ဆဆလေး တရားလာချ၍ စိတ် အေး သွားနိုင်မည်တဲ့လား။ ပြောတော့အလွယ်လေး။ သို့ကလိုတွေးမိ၍ ဦးမင်္ဂလာ က ဦးရေချမ်းအား စိတ်မဆိုးမိဘဲ ရယ်လိုက်ရခြင်းဖြစ်သည်။ သို့ကလို ရယ်ရင်းနှင့်-

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ကျုပ်က ခံရတဲ့သူ မဟုတ်လို့ ပေါ့ပေါ့လေး ပြောမိတာပါ"ဟု တောင်းပန်သည့်အခါမှ သူပါ သတိရ၍ ဦးမင်္ဂလာပါ ရောရောနှောနှော ရယ်ဖော်ရလာပါ တော့သည်။

"ကဲ-ကဲ-စိတ်ပြေလက်ပျောက်လက်ဖက်ရည်လေးတစ်ခွက်သောက်လိုက်ပါဦး"

ဦးမင်္ဂလာက လက်ဖက်ရည်ကြမ်း တစ်ခွက်ကို ငုံ့ပေးလိုက်သည်။ သည်တော့မှ ဦးရေချမ်းက လက်ဖက်ရည်ကြမ်းကို ယူ၍ သောက်ရင်း...

"လောကကြီးတစ်ခုလုံး လူတွေဟာ လိမ်နေကြတာပဲ ထင်ပါရဲ့ဗျာ"ဟု ညည်း လိုက်ပြီးမှ...

"ပစ္စည်းရမယ်၊ အလုပ်ရမယ်ဆိုပြီးတော့ လိမ်ကြတယ်။ ရောင်းပေးမယ် ဝယ်ပေး မယ်ဆိုပြီး လိမ်ကြတယ်၊ အတုကို အစစ်လုပ်ပြီး လိမ်ကြတယ်၊ ကုန်ကုန်ပြောရရင်ဗျာ၊ လူလူချင်း ဆက်ဆံရာ မှာတောင် မပြုံးချင်ဘဲ ပြုံးပြကြတယ်၊ မချစ်ဘဲနဲ့ ချစ်ဟန်ဆောင် ကြတယ်၊ မကြည်ညိုဘဲနဲ့ ကြည်ညိုဟန်ဆောင်ကြတယ်၊ အကျိုး မလိုလားဘဲနဲ့ လိုလား ဟန် ဆောင်ကြတယ်"ဟု ဦးရေချမ်းက မကျေမချမ်း ပြောနေတော့သည်။

"ပြုံးတာ ရယ်တာလောက်တော့ ကျုပ်တို့ကိုယ်တိုင်လည်း သူများကို လိမ်နေကြ တာပဲ မဟုတ်လား ကိုရေချမ်းရဲ့၊ တစ်ခုတော့ စဉ်းစားမိတယ်ဗျ၊ ကျုပ်တို့က သူများကို လိမ်နေရင်လည်း ကိုယ့်ဟာ ကိုယ်တော့ လိမ်နေမှန်း သိကြတယ်၊ သူများက ကိုယ့်ကိုလာ လိမ်ရင်လည်း အလိမ်မပေါ်မီသာ ယုံလိုက်ပြီးတော့ အလိမ်ပေါ်တဲ့ တစ်နေ့ အလိမ်ခံရ ကြောင်းသိရတယ်၊ အဲ...ကိုယ့်စိတ်ကို ကိုယ်က ပြန်လိမ်နေတာမျိုးကျတော့ တစ်သက်လုံး အလိမ်မပေါ်တော့ပါဘူးဗျာ၊ ဟုတ်တယ် မဟုတ်လား၊ ခင်ဗျား စဉ်းစားစမ်း"

ဦးရေချမ်းက သောက်ပြီးသော လက်ဖက်ရည်ပန်းကန် ပြန်ချလိုက်ပြီး...

"ခင်ဗျားကသက္ကာယဒိဋ္ဌိကိုဆိုလိုတာလား"ဟုဦးမင်္ဂလာအားပြန်မေးလိုက်သည်။

"သက္ကာယဒိဋ္ဌိက ကျုပ်တို့ကို တစ်သံသရာလုံး လိမ်ခဲ့တာမို့ ထားပါတော့၊ ယခု တစ်ဘဝတည်းမှာပဲ အခိုက်အတံ့အားလျော်စွာ၊ အခါအခွင့်အားလျော်စွာ အခြေအနေအရ

ပေါ်ပေါက်လာတဲ့ လိမ်တာမျိုးကလေးတွေက ရှိသေးတယ်လေ၊ ဥပမာဗျာ ကိုယ့်ရာဂ စိတ်က မေတ္တာအစစ်ယောင်ဆောင်ပြီး ကိုယ့်စိတ်ကို ပြန်လိမ်တာမျိုးတို့၊ အဲဒါမျိုးကျတော့ ငါ့ကိုငါ လိမ်နေတာပါကလားလို့ မရိပ်မိတော့ဘူးတဲ့ဗျို့၊ ကိုယ့်လိုဘကလေးကို ကိုယ်စွဲပြီး ရဲရဲကြီး လိမ်နေတာပဲတဲ့"

"အခု ခင်ဗျား ပြောတာလောက်တော့ ကျုပ်ကြားဖူးပါတယ်၊ ရာဂ က မေတ္တာ ယောင် ဆောင်တာ။ သောက က ကရုဏာယောင် ဆောင်တာ"

"သည်လောက် မကဘူးဗျို့၊ လိမ်နည်း ၃၇မျိုးတောင်ရှိသတဲ့၊ ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးက နေတ္တိပါဠိတော် အဋ္ဌကထာမှယူ၍ ဖွင့်ပြရေးသားတော်မူတဲ့ ဝဋ္ဋနာဒီပနီဆိုတဲ့ ကျမ်းကို ဖတ်ရတော့မှ သိတော့တယ်၊ မန်လည်ဆရာတော် ဘုရားကြီး ကလည်း မဃဒေဝလင်္ကာကြီးမှာ 'အ ကုသလ၊ ပါပထွက်တွဲ၊ သုံးဆယ့်ခုနစ်ဖြာ၊ ဝဋ္ဋနာ ခေါ်ရိုး၊ လှည့်ပတ်မျိုး'လို့ ဖော်ပြတော်မူခဲ့သေးတယ်။ ပထမ ရွှေကျင်ဆရာတော်ဆိုတာ ရွှေဘိုမြို့တောင်ဘက် လှတောကြီးငါးရွာ အပါအဝင် ရွှေကျင်ရွာမှာ သက္ကရာဇ် ၁၁၈၄ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့တွင် ဖွားမြင်တော်မူပါသတဲ့"

"ကျုပ်က ညောင်လေးပင်၊ မဒေါက်၊ ရွှေကျင် က အောက်မေ့နေတာ"

"မဟုတ်ပါဘူး၊ လှတောကြီးငါးရွာ အပါအဝင် ရွှေကျင်ရွာက ဖြစ်ပါတယ်၊ ငယ် စဉ်က မဟာဗောဓိကျောင်းတိုက် ဆရာတော် ဦးဝရဗုဒ္ဓိနှင့် ဝင်္ကပါကျောင်းဆရာတော်တို့ထံ စာပေ ပရိယတ် သင်ကြားပြီး ရဟန်းဘဝရောက်တော့ 'သီးလုံး'ဆရာတော်တို့ထံမှာ ပညာ သင်ကြားခဲ့တယ်"

"အဲ...ကဲ သီးလုံးဆရာတော်အကြောင်းကို ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့ ရဟန္တာ နှင့်ပုဂ္ဂိုလ်ထူးများစာအုပ်မှာ ဖတ်ခဲ့ရဖူးသဗျ၊ ဆက်ပါဦး"

"ရဟန်းဝါ ၁၉ ဝါရတော့ မင်းတုန်းမင်းကြီးရဲ့ ပင့်ဆောင်ကိုးကွယ်ခြင်းခံရတယ်၊ အဲသည်နောက် ရွှေကျင်ဂိုဏ်းရယ်လို့ စ,ထင်ရှားလာခဲ့တယ်၊ သာသနာတော်အတွက် ဆရာတော် ပြုစုခဲ့တဲ့ ကျမ်းများမှာ နေတ္တိလီနတ္ထသင်္ဂဟ၊ နေတ္တိဟာရတ္ထဝိဘာဝနီစတဲ့ ကျမ်း ပေါင်း ၃၆ ကျမ်းရှိခဲ့တယ်၊ အခုပြောတဲ့ဝဋ္ဋနာဒီပနီကျမ်း အပါအဝင်ပေါ့၊ မင်းတုန်းမင်းကြီး နတ်ရွာစံပြီးတဲ့နောက် သာတော်သီပေါမင်း လက်ထက်တိုင်အောင် သာသနာပြုတော်မူ ခဲ့တယ်၊ ၁၂၅၅ခုနှစ်၊ သက်တော် ၇၁ နှစ်မှာ ပျံလွန်တော်မူတယ်၊ အကျယ်ကိုသိချင်ရင် မြန်မာ့ စွယ်စုံကျမ်း ကြည့်ပေါ့ဗျာ"

"ဝဋ္ဋနာ ဒီပနီ အကြောင်း ဆက်ပါဦး"

"'ဝဋ္ဋနာ'ဆိုတဲ့ ပါဠိက လှည့်ပတ်ခြင်း၊ လိမ်လည်ခြင်း၊ မာယာဆောင်ခြင်းလို့ အဓိပ္ပာယ်ထွက်တယ် မဟုတ်လား"

"ဟုတ်ကဲ့...ကဲ အဲသည့်လိမ်နည်းသုံးဆယ့်ခုနစ်မျိုးကို ဖောက်သည်ချစမ်းပါဦး"

"နေဦးဗျ၊ အဲဒီ ဝဋ္ဋနာ သုံးဆယ့်ခုနစ်မျိုးဟာ အလွန် နက်နဲ သိမ်မွေ့တဲ့ အရာများ ဖြစ်တယ်၊ အထူးသဖြင့် ရဟန်းတော်များအတွက် သီလဝိသုဒ္ဓိ ဖြစ်တော်မူကြစေရန် ရေး သားဖွင့်ပြတဲ့ ဩဝါဒများသာ ဖြစ်တယ်၊ သို့ပေမဲ့ လူပုဂ္ဂိုလ်တွေအတွက်လည်း သိသင့်

သိထိုက်၊ ကျင့်သင့်ကျင့်ထိုက်တဲ့ ဩဝါဒများလည်း ပါနေပါတယ်၊ အဲသည်တော့ ကျွန်တော်တို့နဲ့ အပ်စပ်တဲ့ ဝဋ္ဋနာများကိုသာ ထုတ်နုတ် ပြီး ကြည့်ကြရအောင်"

"အေးဗျာ၊ ကျုပ်တို့ သိသင့်သမျှ၊ လိုက်နာသင့်သမျှ အဆုံး အမ တွေကို သိရရင် တော်ပါပြီ၊ ပြောသာပြောပါ"

(၁) ရာဂ က မေတ္တာယောင် ဆောင်ခြင်း။

မေတ္တာယနာ မုခေန ရာဂေါ ဝဋ္ဋေတိ။

မေတ္တာ ယနာ မုခေန=ချစ်ခြင်း မေတ္တာကို အရင်းပြု သဖြင့်။ ရာဂေါ=တပ်ခြင်း ရာဂတဏှာသည်။ ဝဋ္ဋေတိ=မေတ္တာယောင် ဆောင် ၍ လှည့်ပတ်၏။

"မြန်မာလို ပြောရရင်ဗျာ ဖြစ်ပေါ်လာတဲ့ ကိုယ့်ရာဂစိတ်ကို ရာဂစိတ်လို့ မထင်စေဘဲ မေတ္တာလို့ လိမ်လိုက်တာပဲ၊ မေတ္တာလို့ထင်စေတာပဲ၊ အဲသည်နေရာမှာ အံ့ဩ စရာကောင်းတာက စိတ်တစ်ခုနဲ့ တစ်ခုဟာ ဆင်တူယိုးမှား မတိမ်းမယိမ်းဆိုရင် ထားပါတော့၊ အခုတော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို ယုံအောင် လိမ်တတ်တဲ့ ကိစ္စပဲဗျ၊ ခင်ဗျား ကြည့်လေ ရာဂဆိုတာက လောဘ ပြဋ္ဌာန်းတဲ့ ကိလေသာစိတ် မီးတစ်ဆယ့်တစ်ပါးမှာ ပါတဲ့ ပူလောင်ပြင်းပြတဲ့လောဘ၊ 'ရာဂသမော အဂ္ဂိ နတ္ထိ' ရာဂနှင့်တူသောမီးသည် အခြား မရှိလို့တောင် ဘုရားက ဟောတော်မူထားတာပဲ၊ ရာဂဟာ ယုတ်မာတယ်၊ ညစ်ညမ်းတယ်၊ ပူလောင်တယ်၊ ဆင်းရဲတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ အကုသိုလ်ဖြစ်တယ်။

မေတ္တာဆိုတာက အင်မတန်အေးချမ်းတဲ့ ရေစင်နဲ့တူတဲ့ ဗြဟ္မစိုရ်တရား၊ သန့်ရှင်းတယ်၊ ကြည်လင်တယ်၊ အေးမြတယ်၊ သူ့ အကျိုး လိုလားတဲ့ ကုသိုလ်တရား၊ အဲသလို ပဋိပက္ခတော်ဖြစ်တဲ့ မီးနဲ့ ရေ သဘာဝနှစ်ခုကို မီးကို ရေထင်အောင် ကိုယ်လိုချင်တာစွဲပြီး လိမ်တတ်ကြတာဟာ အံ့ဩစရာ မကောင်းဘူးလား"

"ဟုတ်တယ်ဗျို့၊ 'အစက ရိုးရိုး နောက်တော့ တစ်မျိုး တိုးလို့ ချစ်ပြန်ဆိုပဲ' ဆိုတဲ့ သီချင်းလို အစကရိုးရိုးသားသား မောင်လိုနှမလို ဆွေမျိုးသားချင်းလို ချစ်ရာက နောက်မှ ကိလေသာစိတ် ပေါ်လာသလိုလို ပြောတတ်ကြတာလေ"

"အဲဒါ အစကတည်းက 'ရာဂ'က လိမ်ခဲ့တာပေါ့ဗျ၊ မူလကတည်းကိုက မေတ္တာ အစစ် မဟုတ်တာ"

"'စက္ခုရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ'တဲ့၊ မျက်စိက ရူပါရုံနှင့် ပေါင်းဖော်မိခြင်းကြောင့် ရာဂတည်းဟူသော သားကို ဖွားလာရတယ်ဆိုတဲ့ စကားမှာ'သံဝါသ'ဆိုတဲ့ စကားအဓိပ္ပာယ်ကိုက ရိုးရိုး သားသား တွေ့ကြုံ ပေါင်းဖော်တာမျိုးမဟုတ်ဘဲ ကိလေသာ အာရုံ ကာမဂုဏ်နဲ့ ပေါင်းဖော် ယှဉ်တွဲ မှီဝဲခြင်းကြောင့်သာ ရာဂတည်းဟူသော သားကို ဖွားလာရတယ်လို့ ကျွန်တော်တို့က သိရမှာဖြစ်တယ်၊ လင်နဲ့မယား ညားကြလို့သာ သားဖွားရသလိုပေါ့ဗျာ၊ အဲဒါက အရှင်းဆုံးပဲ၊ ကြည့်ကာမတ္တ မြင်ကာမတ္တ သဘော ထားရင် ရာဂဆိုတာ ဘယ်ပေါ်လာနိုင်ပါ့မလဲ၊ ဒါ့ကြောင့် အစက ရိုးရိုးဆိုတာ အစကကို မရိုးတာ"

"အေးဗျ၊ အဲဒါမျိုး ကျုပ်တို့ အလိမ်ခံရလို့ မေတ္တာကို ကိန်းဂဏန်းနဲ့ တောင် တွက်ပြပြီးတောင် ချစ်ရေးဆိုခဲ့ကြသေးတယ် မဟုတ်လား၊ ကျုပ်တို့ ငယ်ငယ်ကလေ ဟဲ ဟဲ၊ မင်းကို ငါးရာနှစ်ဆယ့်ရှစ်သွယ်က တစ်ထောင့်ငါးရာအထိ အချစ်တိုးလာတယ် ဆိုတာမျိုးလေ၊ ငါးရာနှစ်ဆယ့်ရှစ်သွယ်က ဗြဟ္မစိုရ်မေတ္တာပဲ၊ တစ်ထောင့်ငါးရာ က တကယ့် ကိလေသာပဲ၊ ဒါကို ကျုပ်တို့က အချစ်ဒီဂရီ တက်လာသလိုလို ဖွဲ့ကြနွဲ့ကြသေး တယ်၊ အဲသည်မှာ ပါစင်အောင် လွဲကုန်ရော"

"အဲသလောက် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတာကိုတောင် မယုံ ယုံ အောင် လှည့်စားတာက တပ်မက်ခြင်းဆိုတဲ့ လောဘကို အရင်းခံလို့ပေါ့၊ ကျုပ်တို့မြို့နယ် မှာ အလိမ်ဝိဇ္ဇာ ကိုနေအေးဆိုတဲ့ လူ ရှိခဲ့ဖူးတယ်၊ 'နေအေး လိမ်နည်း'လို့ စာအုပ်တောင် ထုတ်ယူရတဲ့ သူ ပေါ့၊ သူက ဘာပြောသလဲ သိလား၊ 'လောကရှိတဲ့ လူတိုင်းကို လိမ်လို့ ရတာ ချည်းပဲ'တဲ့၊ သူ့မှာလည်း လိမ်လည်မှုနဲ့ ခဏခဏအဖမ်း ခံရတယ်၊ တစ်နေ့တော့ ရာဇဝတ်ဝန်ထောက်က...

'မင်း သည်လောက် အလိမ်ကောင်းလှတာ ငါ့ကိုလိမ်စမ်း' လို့ ခိုင်းသတဲ့၊ သည် တော့ ကိုနေအေးက...

'ကိုယ်တော်တို့လို မင်းစိုးရာဇာလည်း ဖြစ်ပြန်၊ လိမ်မယ်မှန်းလည်း သိနေတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ကျွန်တော်မျိုးက ဘယ်လိမ်လို့ ရပါ့မလဲ၊ လိမ်တယ်ဆိုတာ သူများက ယုံလာအောင် အာဝဇ္ဇန်းရွှင်ရွှင်နဲ့ လှည့်ကာ ပတ်ကာ ပြောနိုင်မှ ဖြစ်ပါတယ်၊ အခုတော့ အရှင်ဘုရားကို ကြောက်နေတာနဲ့ပဲ ယုံလောက်အောင် ယုတ္တိယုတ္တာနဲ့ ဘယ်ပြောနိုင်ပါ့ မလဲ၊ အဲ...တစ်ခုတော့ ရှိရဲ့၊ အရက်ကလေး သောက်ရရင်ဖြင့် အာဝဇ္ဇန်းရွှင်လာမလား မသိပါဘူး'လို့ ဖြေတယ်။

အဲဒီတော့ ရာဇဝတ်ဝန်ထောက်က အရက်တစ်ပုလင်းသာ မကဘူး၊ မြည်းစရာ ကြက်သားကြော်ပါ ဝယ်ပေးလိုက်ပြီး...

'ရော့...သောက်၊ သောက်ပြီးတော့တာ ငါ့ကို လိမ်စမ်း'လို့ ဆိုပါတယ်၊ ကိုနေအေး က ကြက်သားကြော်လေးစားလိုက် အရက်ကလေး တစ်ခွက်သောက်လိုက်၊ အဲဒီလို စိမ် ပြေ နပြေ သောက်စားပြီး အရက်ကုန်သွားတော့ ရာဇဝတ်ဝန်ထောက် ခြေရင်းမှာ ဆောင့် ကြောင့် ကလေးသွားထိုင်ပြီး...

'ကျွန်တော်မျိုး သွားပါတော့မယ်ဘုရား'လို့ ရှိခိုးဝတ်ချနှုတ်ဆက်လိုက်သတဲ့လေ။

'ဟေ့ကောင် ဘယ်ရမလဲ ငါ့ကိုလိမ်ဦးလေ'လို့ ရာဇဝတ်ဝန်ထောက်ကပြောတော့

'ကျွန်တော်မျိုးကြီး လိမ်ပါ့မယ်ဆိုပြီး အရက်နဲ့ ကြက်သားကို လိမ်စားပြီးပါပြီ ဘုရား'လို့ ဆိုလိုက်သတဲ့၊ အဲသည်မှာတင် ရာဇဝတ် ဝန်ထောက်က စဉ်းစားမိတာနဲ့...

'ခွေးမသား...၊ နင် ငါ့ကိုတောင် လိမ်နိုင်တယ်၊ ဟား... ဟား ...ဟား'လို့ ခွက်ထိုး ခွက်လန်ရယ်ပြီး လွှတ်လိုက်ရပါသတဲ့"

ဦးရေချမ်းက ဦးမင်္ဂလာ၏စကားအဆုံးတွင် တဟားဟား ရယ်၍...

"သူ့ဟာ ဟုတ်သားပဲဗျ၊ လိမ်မယ်ဆိုပြီး အရက်ကို လိမ် သောက်လိုက်တာလေ၊

အံ့သြစရာပဲ၊ လိမ်တတ်တဲ့လူက လိမ်လိမ့်မယ်လို့ သိလျက်သားနဲ့တောင် အလိမ်ခံရတယ် ဆိုရင်တော့ ကျုပ်တို့ ခင်ဗျားတို့ ကိုယ့်ကိုကိုယ် လိမ်နေကြတာ အလိမ်ခံနေကြရတာ မထူးဆန်းတော့ပါဘူး၊ အင်း…လောဘရှိတဲ့လူတိုင်းကို လိမ်လို့ရတယ် ဆိုတာ မှန်သားပဲ၊ ကျုပ်တောင် အခု ခင်ဗျားနဲ့ စကားပြောရလို့ လောဘကြောင့် အလိမ်ခံရတာ စိတ်သက်သာရာ ရသွားပြီ"

"သာဓု…သာဓု…သာဓု"

(၂) သောက က ကရုဏာ ယောင် ဆောင်ခြင်း။

ကရုဏာယနာ ပတိရူပေန သောကော ဝဉ္စေတိ။

ကရုဏာယနာ ပတိရူပေန=သနား ကြင်နာခြင်း ကရုဏာ နှင့်တူသောအားဖြင့်။

သောကော=စိုးရိမ်ခြင်း သောက တရားသည်။ ဝဉ္စေတိ=လှည့်ပတ်တတ်၏။

အဲဒါက စိုးရိမ်ပူပန်ခြင်းဆိုတဲ့ သောကစိတ်က သနားကြင်နာခြင်းဆိုတဲ့ ကရုဏာ စိတ်လိုလို ဟန်ဆောင်တာကို ဆိုလိုတာ ပေါ့ဗျ"

"သောကမီးဆိုတာလည်း ရာဂမီးလို သတ္တဝါတွေကို လောင်ကျွမ်းပျက်စီး ဆင်းရဲစေတာပဲ၊ ပရိဒေဝ ငိုကြွေးခြင်း၊ ဒုက္ခ ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ စိတ်ဆင်းရဲခြင်း၊ ဥပါယာသ ဆို့တက် မေ့မျောသွားအောင်ပူလောင်ခြင်းဆိုတာတွေလည်း သောကနဲ့ ဆက်သွယ်နေတဲ့မီး ၁၁ ပါး အပါအဝင် အကုသိုလ်တရားတွေပဲတဲ့"

သောက–က ညစ်ညှိုး ပူပန်ခြင်း၊ ကြောင့်ကြစိုးရိမ်ခြင်း လက္ခဏာ ရှိတယ်။

ကရုဏာ–က မညစ်ညှိုး မပူပန်ဘဲ သနားခြင်း လက္ခဏာ ရှိတယ်။

သောက–က လွန်စွာ ပူအိုက်ခြင်း၊ သည်းမခံနိုင်ခြင်း ကိစ္စ ရှိတယ်။

ကရုဏာ–က ပူပူအိုက်အိုက် မရှိ၊ နှလုံးတုန်လှုပ်ခြင်းမျှ ကိစ္စ ရှိတယ်။

သောက–က ကိုယ်၏ ညှိုးနွမ်း ဖောက်ပြန်ခြင်းကို ရှေးရှု တယ်။

ကရုဏာ–က ကယ်ဆယ်ချီးမြှောက် ထောက်ပံ့ခြင်းကို ရှေးရှုတယ်။

သောက–က ချစ်မြတ်နိုးခြင်းနဲ့ နီးစပ်တယ်။

ကရုဏာ–က အကျိုးစီးပွားကိုတောင့်တခြင်း၊နှလုံးနူးညံ့ခြင်းနှင့်သာနီးစပ်တယ်။

"အင်း…သူကလည်း ရာဂနဲ့မေတ္တာလို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ သဘောတရား နှစ်ခုပဲနော်၊ ဒါနဲ့တောင် ကျုပ်တို့မှာ အလိမ်ခံနေကြရသေးတယ်"

"တဏှာကြောင့် အလိမ်ခံရတာပေါ့၊ တဏှာယ ဇာယတေ သောကော= တဏှာ ရှိလို့ သောကဖြစ်တယ်။ ပိယတော ဇာယတိ သောကော=ချစ်လွန်းလို့ သောကဖြစ်ရတယ် ဆိုတဲ့စကားကို ထောက်ထားနိုင်ပါလိမ့်မယ်၊ ကရုဏာဆိုတာက ကိုယ့်သွေး ကိုယ့်သား ဟုတ်ဟုတ်မဟုတ်ဟုတ် သတ္တဝါတိုင်းအပေါ်မှာ ဆင်းရဲဒုက္ခဖြစ်နေလျှင်ကယ်တင်စောင်မလိုတဲ့ သူတော်ကောင်းတရား ဗြဟ္မစိုရ်တရား စစ်စစ် ဖြစ်တယ်၊ ဒုက္ခိတသတ္တဝါကို မကယ်တင်နိုင်တဲ့အခါ သနားကြင်နာမှု မကင်းပေမယ့် အလွန်တရာပူပန်သည်အထိတော့ မဖြစ်ကြပါဘူးတဲ့၊ ဒုက္ခဒေါမနဿအထိ အကုသိုလ်စိတ်တွေ ဖြစ်မလာတဲ့ သဘောရှိပါတယ်"

“အဲဒါက ပါရမီရှင် သူတော်ကောင်းကြီးတွေရဲ့ စိတ်လို့ ဆိုရမှာပေါ့ဗျာ”

“အဲ…ကျုပ်တို့တစ်တွေကျတော့ မိဘနဲ့သားသမီး ဆွေမျိုးရင်းနဲ့ လင်မယား နီးစပ်တဲ့လူဖြစ်လျှင် သူတို့ ဒုက္ခရောက်သလောက် ကျုပ်တို့မှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတာတွေပါ တောက်လျှောက် မီးတောက်ကုန်ရော၊ အဲဒီလို မီးတောက်ရတာကိုပဲ ကရုဏာဖြစ်လို့ ပူပန်ရတယ်လို့ ဆိုကြတယ်၊ ဒါ လိမ်နေတာပဲ၊ သောက က ကရုဏာယောင် ဆောင်နေတာပဲ”

“ဟုတ်ပေ့ဗျာ…ဟုတ်ပေ့”

“ကျုပ်တို့မှာ မိဘကို ဖြစ်စေ၊ သားသမီးကို ဖြစ်စေ၊ လင်က မယား၊ မယားက လင်ကိုဖြစ်စေ သေလုနီးပါး မချိမဆံ့ ဒုက္ခခံစားနေရတာမျိုးကို မြင်ရရင် သောကကြောင့် ဆောက်တည်ရာ မရနိုင်ဘဲ သေမှာဖြင့်လည်း မြန်မြန်သေပါစေတော့လို့ ဆိုတဲ့ စိတ်မျိုးနဲ့ တောင့်တလာမိတယ်၊ အဲဒါဟာ ကရုဏာယောင်ဆောင်တဲ့ သောကပေါ့၊ သောကကြောင့် ဆောက်တည်ရာမရနိုင်တဲ့ ဗျာပါရပေါ့”

“အေးဗျ၊ အဲဒါကို ကျုပ်တို့က သနားလွန်းလို့ မမြင်ရက် မရှုရက်လွန်းလို့ ခံစားနေရတဲ့ဝေဒနာမှ မြန်မြန် လွတ်သွားပါစေတော့လို့ တောင့်တတဲ့ ကရုဏာလိုလို မှတ်နေကြတာပဲ၊ တကယ်တော့ သောကမီးတောက်ကို ဆောက်တည်ရာမရအောင် အရှူးတစ်ပိုင်း ဖြစ်နေရတဲ့စိတ်ပေါ့၊ ဒါကို ဗျာပါရလို့ ခေါ်တာကိုးနော်”

“ဟုတ်ပါတယ်၊ ‘ဗျာပါရ’ဆိုလို့ ဒီနေရာမှာ စကားစပ်မိလို့ ပြောရဦးမယ်၊ ပါဠိမတတ်တဲ့ ကျုပ်တို့တစ်တွေမှာ သတိမထားလျှင် မကြာမကြာ အရေးမှား အဖတ်မှား အပြောမှား ဖြစ်တတ်တာကလေး တွေ့ရှိတယ်၊ ဥပမာဗျာ ‘ဗျာပါဒနှင့်ဗျာပါရ’(ဒ)ဒွေးနှင့် ရှိတဲ့ ‘ဗျာပါဒ’က အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောကံ သုံးပါးထဲက သူတစ်ပါးအား သေကျေပျက်စီးစေလိုတဲ့စိတ်ကို ဆိုတာဖြစ်တယ်၊ (ရ)ကောက်နဲ့ရှိတဲ့ ‘ဗျာပါရ’က သောက ကြောင့် ဆောက်တည်ရာမရနိုင်အောင် ဗျာများ နေတဲ့ ဒေါသကို ဆိုတာ ဖြစ်တယ်”

“ဟုတ်တယ်ဗျို့၊ အဲဒီလို မှားတတ်တာ ကလေးမျိုး ကျုပ် မှတ်ထားတာတောင် ရှိသေးတယ်၊ ‘သင်္ကာယနှင့်သင်္ကာရ’လေ၊ (ယ) ပက်လက်နှင့်ရှိတဲ့‘သင်္ကာယ’က သင်္ကာယ ဒိဋ္ဌိလို့ သုံးတာဖြစ်တယ်၊ (ရ)ကောက်နှင့်ရှိတဲ့ ‘သင်္ကာရ’က ပူဇော် ‘သင်္ကာရ’ကို ဆိုလိုတာ ဖြစ် တယ်။ ဒါမျိုးဟာ သံတူကြောင်းကွဲဖြစ်တတ်တဲ့ စကားလုံးတွေပေါ့”

“အင်း…ခင်ဗျားက ပြောတော့ ကျုပ်က သတိရလာ သေးတယ်၊ (သန္တာန်နဲ့ သဏ္ဍာန်)ဗျာ၊ (သန္တာန်)ဆိုတာက အစဉ်ပြခြင်း၊ အဇ္ဈတ္တသန္တာန်ပေါ့၊ (သဏ္ဍာန်)ဆိုတာက အထည်ကိုယ်ဒြပ် ပုံသဏ္ဍာန် ကို ဆိုလိုတာ မဟုတ်လား”

“ဟုတ်တယ်ဗျို့…ဟုတ်တယ်”

“နောက်လည်း ရှိသေးတယ်လေ၊ (သဒါ)ဆိုတာက အခါခပ်သိမ်း၊ (သဒ္ဒါ) ဆိုတာက သဒ္ဒါကျမ်း၊ နောက်(သဒ္ဓါ)ဆိုတာက ယုံကြည်ခြင်း၊ အဲဒီ စကားသုံးလုံးကို ကျုပ်တို့က ပေါ့ပေါ့ဆဆ ပြောလိုက်ရင် အသံတူသလိုလို ဖြစ်သွားတတ်တယ် မဟုတ်လား၊ အသံတူလို ဖြစ်နေပေမယ့် အဓိပ္ပာယ်က မတူဘူး”

"ဟုတ်တာပေါ့ဗျာ၊ တိတ္တိနဲ့ဒိဋ္ဌိလည်း အသံတူ ကျုပ်တို့ ပြောတတ်ကြတယ်၊ (တိတ္တိ)ဆိုတာက သာသနာ့ ပြင်ပမှ အယူမှားသောသူ၊ (ဒိဋ္ဌိ)ဆိုတာက အယူ အမြင်။ ဥပမာ=သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိပေါ့"

"ဟုတ်တယ် ဟုတ်တယ်၊ နောက်တစ်ခုတောင် ကျုပ်အမှတ် ရလာတာရှိသေး၊ ပဏာမနဲ့ပမာဏလေ၊ ပဏာမဆိုတာ ရှိခိုးခြင်း၊ ပမာဏဆိုတာ နှိုင်းယှဉ်ပြတဲ့ ထုထည် ပမာဏသဘောမျိုး မဟုတ် လား"

"အင်း...ခင်ဗျားနဲ့ ကျုပ်နဲ့ စကားစပ်မိလို့ ပြောလာလိုက်ကြတာ ဝဋ္ဋနာ ဒီပနီက လွတ်ထွက်သွားပြီနဲ့တူတယ်"

"မလွတ်ပါဘူးဗျာ၊ ဒါတွေကလည်း ပါဠိကတော့ သူ့ဟာနဲ့ သူ မဖောက်မပြန် တိတိကျကျ အရှိသားဗျ၊ ပါဠိကို မကျွမ်းကျင်တဲ့ ကျုပ်တို့တစ်တွေမှာသာ သတ်ပုံနှင့် အသံကို အမှတ်မှားရင် အလှည့်စားခံကြရတယ် မဟုတ်လား၊ ဒါလည်း ဝဋ္ဋနာ တစ်မျိုး ပေါ့"

(၃) ပဟာသ က မုဒိတာ ယောင် ဆောင်ခြင်း။

မုဒိတာ ဝိဟာရရူပေန ပဟာသော ဝဉ္စေတိ။

မုဒိတာ ဝိဟာရ ရူပေန=မုဒိတာ ဗြဟ္မဝိဟာရနှင့်တူသောအားဖြင့်။ ပဟာသော= မြူးထူးရွှင်ပျ လောဘမှု သောမနဿသည်။ ဝဉ္စေတိ=လှည့်ပတ်တတ်၏။

မုဒိတာဆိုတာ သူတစ်ပါး ကြီးပွားချမ်းသာတိုးတက် အောင်မြင်တာကို မြင်ရ ကြားရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်တာကို ခေါ်တယ် မဟုတ်လား ကိုရေချမ်းရဲ့"

"ဟုတ်တာပေါ့"

"ပဟာသဆိုတာက သီဆိုကခုန် မြူးထူးရွှင်ပျတဲ့ အမူအရာကို ခေါ်တယ် မဟုတ် လား"

"ဟုတ်တယ်လေ"

"သင်္ဂြိုဟ် စကားအရ လောဘမှု သောမနဿတဲ့၊ အကုသိုလ်နဲ့ ယှဉ်နေတယ်၊ အဲဒါကို ပဟာသဆိုတဲ့တရားက မုဒိတာယောင် ဆောင် တတ်တယ်ပေါ့ဗျာ၊ တူသလိုလို ပေါ့လေ၊ ဒါပေမဲ့ တစ်ခုနဲ့ တစ်ခု မတူကွဲပြားတာကို အစကကို ခွဲခြားပြထားပါတယ်။

ပဟာသက သူတစ်ပါးချမ်းသာတာကို သာယာခြင်း လက္ခဏာ ရှိတယ်။(ငါ လည်း သူ့လို ဖြစ်ချင်လိုက်တာလို့ တပ်မက်တဲ့ စိတ်မျိုးကို ဆိုလိုဟန်တူပါတယ်)

မုဒိတာက သူတစ်ပါးချမ်းသာတာကို မငြူစူခြင်း၊ ကြည်သာခြင်း လက္ခဏာ ရှိတယ်။ မတပ်မက်ဘူးပေါ့ဗျာ။

ပဟာသက ပူပန်ခြင်းကိုလေသာနဲ့ နှလုံးရွှင်မြူးခြင်း ကိစ္စ ရှိတယ်။ (မြူးထူးတဲ့ သဘော)

မုဒိတာက နှလုံးချမ်းမြေ့ခြင်း အဒေါသ မေတ္တာသဘောနဲ့ ဝမ်းမြောက်ခြင်းကိစ္စ ရှိတယ်။ (ကြမ်းတမ်းမြူးထူးခြင်း မရှိဘူးပေါ့ဗျာ)

ပဟာသက သူတစ်ပါးတို့အား ရာဂတဏှာ ပွားရာ ပွားကြောင်း မကောင်းသော၊ ကြည်ညိုဖွယ် မရှိသော ကိုယ်နှုတ် အမူအရာ တို့ကို ဖြစ်စေခြင်းကို ရှေးရှုတယ်။

မုဒိတာက သူတစ်ပါးတို့အား ချမ်းမြေ့ကြည်သာ မေတ္တာ ပွားကြောင်း ကောင်းသော ကိုယ်နှုတ်အမူအရာ ဖြစ်စေခြင်းကို ရှေးရှုတယ်။

ပဟာသက အဝိဇ္ဇာ ပမာဒတရားနှင့် နီးစပ်တယ်။ (သတိ လက်လွတ်တတ်တယ် ပေါ့ဗျာ)

မုဒိတာက မငြူစူခြင်း၊ ဝန်မတိုခြင်းနှင့် နီးစပ်တယ်။ (သန့်သန့် ရှင်းရှင်းနဲ့ ဝမ်းသာတယ်ပေါ့ဗျာ)

ပထမ အစတော့ ရိုးရိုးဝမ်းမြောက်ရာမှ တစ်စတစ်စနဲ့ ပဟာသဘက် ရောက်သွားတယ်တဲ့၊ အဲဒီလို ရောက်သွားတာကိုပဲ မုဒိတာလို့ ထင်နေတတ်သေးသတဲ့"

"ဟုတ်တယ်ဗျို့၊ ဒီအဖြစ်မျိုးကို အများဆုံး ဘယ်မှာတွေ့ ရတတ်သလဲ သိလား"

"ဆိုစမ်းပါဦးဗျာ"

"ဂုဏ်ပြုပွဲတို့ နှုတ်ဆက်ပွဲတို့ မွေးနေ့ပွဲတို့မှာပေါ့ဗျာ၊ ဂုဏ်ပြုချီးကျူးရမယ့် ပုဂ္ဂိုလ်ကို ဂုဏ်ပြုချီးမြောက်ရာက ခင်ဗျားခုနပြောတဲ့ လောဘမူ သောမနဿတွေ ဝင်လာပြီး မြူးထူးကခုန် သီဆိုတာတွေက အလွန်အကျွံဖြစ်လာကြတာလေ၊ ဒါလည်း သတိ လက်လွတ် စိတ်နောက် ကိုယ်ပါ ဖြစ်ကြတာလို့ ဆိုနိုင်ပါလိမ့်မယ်၊ လက်ခုပ်တီးခြင်း၊ လက်ခမောင်းထခတ်ခြင်း တို့၊ ဦးရစ်ခေါင်းပေါင်းကို မြှောက်တင် လွှင့်ပစ်ခြင်းတို့၊ အသံကုန် ဟစ်အော်ခြင်းတို့ဟာလည်း မုဒိတာက လွတ်ထွက်လာတဲ့ ပဟာသတရားတွေဖြစ်မှာပဲ၊ အဲဒီအခါမှာ ဣန္ဒြေမရ ကြည်ညိုဖွယ်မရှိတဲ့ ရာဂတဏှာတွေ ဖြစ်လာကြတယ်"

"ဟုတ်တာပေါ့ဗျာ၊ ခုတ်ရာတခြား ရှရာတခြား၊ ဖြစ်ရမှာက တစ်မျိုး ဖြစ်ကြတာက တစ်မျိုး၊ ကြည့်လေ သားရှင်ပြုပွဲ အလှူပွဲတို့၊ ဗုဒ္ဓပူဇနိယ အမည်ခံတဲ့ ဘုရားပွဲတို့မှာ ဖြစ်ရမှာက သာသနာနဲ့ပတ်သက်တဲ့ တရားပွဲတို့၊ ဗုဒ္ဓဂုဏ်တော်ရွတ်ဆိုပူဇော်တဲ့ ဓမ္မသဘင်ပွဲကြီးတို့ ဖြစ်ရမယ်လို့ ဆရာတော်ကြီးများက ဆုံးမတယ်၊ ကျုပ်တို့ဖြစ်နေကြတာက အပြက်အချော် အပျော်အပါး ဇာတ်၊ အငြိမ့် ရုပ်ရှင်၊ ခုခေတ်တော့ စတိတ်ရှိုး အပါအဝင် ပေါ့ဗျာ၊ အဲသလိုဟာတွေ ဖြစ်နေကြတယ်၊ ဒါကြောင့် တစ်နှစ်တစ်ခါ ငရဲရှာ လူ့ရွာ ဘုရားပွဲလို့" ဆရာတော်ကြီးများက အပြစ်တင်တော်မူကြတယ်"

"ပထမရွှေကျင်ဆရာတော်ဘုရားကလည်း 'သိဿကောဝါဒ' မှာ ဆုံးမတော်မူထားခဲ့သေးတယ်လေ။

(၁) ရုပ်သေးပွဲလမ်း၊ ငှားရမ်းအလှူ ပေးသည့်သူ၊ ထိုသူ မုဆိုးအသွင် ကုသိုလ်ရှင်။

(၂) အခငွေယူ၊ ပွဲပြသူ၊ ထိုသူမုဆိုး ခွေးအသွင်။

(၃) ပွဲလာ ပွဲသွား၊ လူတလွှား၊ ခွေးတွေကိုက်စား တောသမင်။

ပွဲထည့်တဲ့အလှူရှင်က သားကောင်တွေကို လိုက်ဖမ်းတဲ့ မုဆိုးပေါ့၊ ဆိုကြ ကကြ၊ ပရိသတ်သဘောကျအောင်ပြုရတဲ့ သဘင်သည်တွေကတော့ မုဆိုး ခိုင်းသမျှ လိုက်

ကိုက်ကြရတဲ့ တောလိုက်ခွေးတွေပေါ့၊ အဲဒီပွဲလမ်းတွေကိုကြည့်ပြီး သာယာမြူးထူး နေကြတဲ့ 'ပွဲကြိုက် မောင်မယ်'တို့ကတော့ မုဆိုးရဲ့ခွေးတွေအကိုက်ခံရတဲ့ သားကောင်တွေတဲ့၊ ဒါလည်း ပဟာသကို ရည်ညွှန်းနိုင်လိမ့်မယ် ထင်ပါသဗျာ"

"ဟုတ်တာပေါ့၊ ပွဲလမ်းသဘင် လျှုတာမျိုးဟာ ကုသိုလ် မဖြစ်ဘဲ အကုသိုလ်ဖြစ်တဲ့ မိစ္ဆာဒါနငါးပါးမှာ တစ်ပါးအပါအဝင်လို့ ဆိုထားတာပဲ၊ သဘင်သည်များကိုတော့ ပဟာသငရဲမှာတောင် ကျတတ်တယ်လို့ အဆိုအမိန့်ရှိသေးတယ်"

"ဩော်...သဘင်သည်နဲ့ ပဟာသငရဲဆိုလို့ ကျုပ်သတိရတာကလေးတစ်ခု ပြောရဦးမယ်"

"ပြောစမ်းပါဦးဗျာ၊ ကြားရတာပေါ့"

"အမြင့်စင်တော်လို့ ဆိုရတဲ့ ရပ်သေးခေတ်ကောင်းစားစဉ်က သံချိုကိုင်ဆရာကြီး ဦးကျော်လှဟာ အလွန်ထင်ရှားခဲ့ပါတယ်၊ သဘင်သည်များဟာ 'ပဟာသငရဲကျရမယ့်လူတွေပါလို့' ဝေဖန်ပြောဆိုကြတာကို ခံပြင်းဟန်တူပါရဲ့၊ ရပ်သေးစင်ပေါ်က သံချိုတစ်ပုဒ်ကို စပ်ဆိုပြီး ကြွေးကြော်လိုက်ပါသတဲ့။ သူ့အာဘော်က 'လောကမှာ ကောင်းရောင်း ကောင်းဝယ်'လုပ်နေပါတယ်ဆိုတဲ့ ကုန်သည်တွေဟာလည်း အလေးခိုး၊ တင်းတောင်းခိုး၊ အရောအနှော အကြံအဖန်တွေ လုပ်နေကြတာပဲ'တဲ့၊ 'လယ်သမား ယာသမားဆိုတာတွေကလည်း မြေခိုး၊ ရေခိုး ခိုးနေကြတာပါပဲ'တဲ့၊ 'ကုန်သည်သူခိုး၊ လယ်သူခိုး၊ ယာသူခိုးများ ကတော့ အဝီစိရောက်သွားပါလိမ့်မယ်'တဲ့၊ အဲသလို သံချိုတစ်ပုဒ် ရေးစပ်သီဆိုခဲ့ဖူးတယ်"

"ဆိုပြလေဗျာ၊ ဒါဖြင့်"

"အဟမ်း...အဟမ်း"

'ဒုစရိုက် ပြုမိုက်ကာ အရှင်ကြံ၍၊ ဘဝင်ကံ အမြွက်တေးရယ်နှင့်၊ သဘင်ဉာဏ်အသက်မွေးသူတို့၊ ယှက်ထွေးပုံ စာနာချင့်ရင်ဖြင့်၊ ကျမ်းဂန်နှင့်ထောင့်ဖီလာ။

မလိမ္မာ အိမ်ရာထောင်ကြ၊ လူ့ဘောင်မှာ ဒုလ္လဘောရယ်လို့၊ ကောင်းသော ဉာဏ်ကုန်သွယ်၍၊ ကောင်းအောင်ကွယ် တောင်သူ လုပ်ပေမယ့်၊ ဗုဒ္ဓတိ လိုတော်ကျအောင်ပ၊ ဓမ္မကထာကျမ်းရယ်က၊ ရဟန္တာ နှုတ်တော်မြွက်ခဲ့၊ ကျမ်းထွက်သေချာ။

ကျင့်သမ္မာ အာဇီဝငယ်နှင့်၊ မှီကြရန် အသက်မွေးရမတဲ့၊ ဤမျှမှန် ဓမ္မစက်ပေးခဲ့၊ ရပ်သေးကို ရှောင်ခွာ၍၊ ကောင်းစွာပင် တောင်သူလုပ်သော်လဲ၊ သမ္မာညီဝါဒီချုပ်ပါမှ၊ မဟုတ်ရင်မူအပိုပ၊ အကုသိုလ် ဒုက်ချင်းတော့၊ ဘယ်သင်းမှမသက်သာ၊နရက်ရွာလွတ်ခဲ့။

သိပညာစာအရိုင်ယ်နှင့်၊ ပါဋ္ဌိထင်ထင် မြွက်ပါလို့၊အနက်ကိုဝေဖန်ညှိလိုက်လျှင်၊ ဝိသမံ မတည်ဟောပေတဲ့၊ ဤ လောဘမှုကြောင့်၊ ပေးအလှူ ဖြောင့်မရိုးပေဘူး၊ တောင်းတင်းမျိုး အထွေထွေနှင့်၊ ကန်သင်းခြေ နင်းလေဖိသည့်အပြင်၊ တအိအိရေကို ယူသည့်၊ ကိုတောင်သူ ဒိန္နဒါန်နှင့် အရင်းမှန် ငွေတစ်မတ်၊ တစ်ကျပ်ပါ ရင္ဌိတင်၍၊ လေး ချိန်ခွင်လည်ဆယ်ကြံကြ။ ဝါဏိဇ မောင်မှသားတို့၊ စားကြ တစ်ပုံစီမို့၊ ထုံဝသီ လွယ်လွယ်ပ၊ ကုန်သွယ်ကာ လယ်ယာဖြင့် လုပ်နိုင်ဘူး၊ အရပ်ကို ကြိုးစုံတပ်ပါလို့၊ သမ္ဗပ္ပလာဉာဏ်နှင့်၊

ကဗျာသံ အရှင် သွယ်၍၊ သဘင်သည် ကေန်လုပ်ရပါတော့၊ ကျုပ်တို့ မသကာ ကျရင်ဖြင့်၊ ပဟာသနယ့်သလောက်ပါပဲ၊ ကယ်ထောင့် ဉာဏ်အမူနှင့်၊ ငါ တောင်သူ ငါကုန်သည်ဟု၊ ရွာယုံဖွယ် ကွက်စုံရိုက်ပါလို့၊ လက်ကုန်နှိုက် ဗရချာမောင်တို့က၊ သမ္မာယောင် ဟန်ဆောင်ပြုပြန်၍၊ သမုဒယံ ခုခံလို့ မကြွားချင်နှင့်၊ အမူ မမှန်လျှင်၊ ဘယ်သူ့အကြံမှ မတရားပါဘူး၊ စတုအပါယ်မှာ ပြုသဟာကံနှင့် လားရလိမ့်မယ်ကွယ်...မှားကြဆင်ကွဲ'

"အဲသလို သံချိုနဲ့ ချီးလိုက်သတဲ့ဗျာ..."

"အင်း... မောင်းထောင်ဦးကျော်လှဆိုတာကလည်း ပညာရှိကြီးပဲ၊ သူ့ဆင်ခြေနဲ့သူတော့ ဟုတ်သလိုလို အရှိသားဗျာနော်"

"သူ့ဆင်ခြေ မဟုတ်ဘူးတဲ့ဗျ၊ မဟုတ်ရင် မခံတတ်တဲ့ မန်လည်ဆရာတော်ဘုရားကြီးက သံချိုတစ်ပုဒ်ရေးပြီး ပြန်ချေပတော်မူလိုက်တယ်လေ၊ ဆရာတော်ကြီးရဲ့အာဘော်က ရွာလည်ပြီး မီးရှို့နေတဲ့အကောင်တွေက သူခိုးသေဖော်ညှိသလို ပူးတွဲ တရားခံမလုပ်ချင်နဲ့၊ မင်းတို့သာ အဝီစိသွားရမယ်လို့ ဆုံးဖြတ်ပေးတော်မူပြီး ဟောသည်လို စာချီးလိုက်ပါသတဲ့။

အမှားပြုရင်ဖြင့်၊ လားမူ အပါယ်တူပ၊ ဘယ်ဘယ်လူ မတူရ ပေဘူး၊ ကမ္မငယ်ဒါရဒါနဲ့မို့၊ မသွေလှန် ဇေန်ဖြစ်ပေလိမ့်၊ လမ်းစင်စစ် အမှန်ပင်။

သို့ကထဲ၊ ထူးကွဲပုံ တကယ်ဆိုတော့၊ သူ့အလို မှုနဂို မတူ ကြအောင်ပ၊ ရှုးပျော်အောင် သဘာဝတွေနှင့်၊ ရာဂဆို ကိလေမီးတို့ကို ထိန်ညီးအောင် ဘယ်လိုမြိုက်သည့်ပြင်၊ စရိုက်တွေ ကိုယ်ကိုရံလို့၊ မိစ္ဆာဉာဏ် မောမူစိတ်မှာဖြင့်၊ မှောင်ပိတ်အောင် သန်းခေါင်ထက်ကဲ ကြရှော့၊ ပွဲမျှသဘင်။

သူမဆွလေမှ၊ သူဆွလျှင် ဘလောင်ဆန်လို့၊ ပုထုဇဉ် ဉာဏ် မြင် ကန်းသူတို့မှာ၊ ရော်ရမ်းကာ ဘာမထင်ပ၊ ဇာတ်သဘင် ပုံပြင် ကောက်လိုက်လျှင်၊ နတ်ဝင်ကိုဗုံနှင့်မြှောက်သည့်နှယ်၊ ပင့်ထောင့်ကူ အမူတွဲငယ်နှင့်၊ သဘင်သည် လူရင်ရွှဲတို့မှာ၊ အားပေးသူ ဥပဒေနှင့် မလွဲတာမို့၊ သည်အကြံ၊ သည်ကံနှင့်မြဲကြရင်ဖြင့်၊ ချုပ်စဲကာ ခန္ဓာကြွေတော့၊ အောက်သံမြေ ဝီစိပုန်းမှာလ၊ အော်အံ့အောင် သဘင်ဟန်သို့၊ သင်းသန္တာန် ခံရမြင်ယ်ဟု၊ ကျမ်းထဲမှာ ဇေန်ဖော်လို့၊ မြတ်ရှင်တော် စိန္တေစောငယ်က ဟောမုချ ရွှေခွန်းတင်၊ မွမ်း သဘင်သည်များ။

ထို့အတူ...ကုန်ရောင်းကုန်ဝယ်လူနှင့်၊ လယ်တောင်သူ နွယ်ဇာတိတို့မှာ၊ ကြိမ်တစ်ခါ အဒိန္နာကံ မှသာ တကယ်ငြိသော်လည်း၊ ဝီစိမှာ ခံရနက်သည်ဟု၊ ဘယ်ကျမ်းစာ၊ လာမထွက်ပါဘူး၊ ရှင်သည့်မောင် ဝီစိကောင်ထောင်တစ်သက်ကယ်တို့၊ မတူသာ တူသာအောင်၊ ဉာဏ်ရာ၍ ဘက်ပြန်ခဲ့၊ သက်မွေးဉာဏ် ယဉ်ဟန်ရှိတယ်လို့၊ ရှက်ပြေရုံ သက်သေ မလုံကြံ ပရိငယ်နှင့်၊ ခိုးသေဖော် လာမညှိချင်နှင့်၊ ကွယ်... မျိုးဝီစိသွား'

"ကျုပ်တို့က ဝဋ္ဋနာဒီပနီနဲ့ လွတ်သွားပြန်ပြီထင်တယ် ဦးမင်္ဂလာရဲ့..."

"ပဟာသအကြောင်း ဗဟုသုတ ဖြစ်ရတာပေါ့ဗျာ၊ ကခုန် မြူးထူးတယ်ဆိုတာ

က ကိလေသာရာဂ ထူပြောသူများအတွက်သာ နှစ်သက်ပျော်ရွှင်မှု ဖြစ်ပေမယ့် တကယ်ကတော့ အရှက်ကင်းမဲ့တယ် လို့ ဆိုခဲ့တယ်မဟုတ်လား၊ အဲဒီ ပဟာသတရားကြောင့် အရှက်ရပြီး မင်္ဂလာဆောင်မယ့် ဆဲဆဲမှာ သတို့သမီးကို ဆုံးရှုံးရတဲ့အကြောင်း ငါးရာငါးဆယ်မှာ တွေ့ဖူးသေးသဗျ"

"ပြောစမ်းပါ ဦးမင်္ဂလာရယ်"

"ဇကနိပါတ် နစ္စဇာတ်ပေါ့ဗျာ၊ နစ္စဆိုတာက ကခြင်း မဟုတ်လား၊ လွန်လေပြီးသောအခါ ကမ္ဘာဦးက ခြေလေးချောင်းသတ္တဝါထဲမှာ ခြင်္သေ့မင်းက ဘုရင်ဖြစ်သတဲ့၊ ရေနေသတ္တဝါထဲမှာ ငါးကြီး အာနန္ဒာက ဘုရင်ဖြစ်သတဲ့၊ ငှက်အပေါင်းတို့ရဲ့ ဘုရင်ကတော့ ဘုရားလောင်း ဟင်္သာမင်းဖြစ်သတဲ့၊ အဲဒီ ဟင်္သာမင်းမှာ အလွန်လှပတဲ့ သမီးတော် ဟင်္သာမလေးရှိသတဲ့၊ အဲဒီ ဟင်္သာမလေးကိုယ်တိုင် ရွေးစေသတဲ့၊ အဲဒီတော့ ဟင်္သာမလေးက ငှက်အမျိုးပေါင်းများစွာအနက်က အမွေးအတောင်လှပြီးကျက်သရေရှိတဲ့ ဥဒေါင်းကို လင်အဖြစ် ရွေးချယ်လိုက်သတဲ့"

"အင်း...ဟင်္သာမကလေးက အတော်သားပဲ၊ ဥဒေါင်းဆိုတာက ဟင်္သာတွေထက်တောင် လှသေးသကိုး"

"အဲဒီလို ငှက်အမျိုးပေါင်းများစွာအနက်က အလွန်လှပတဲ့ ဥဒေါင်းငှက်ကို ရွေးလိုက်တော့ ငှက်ပေါင်းများစွာက ဥဒေါင်းငှက်ကို ဝိုင်းပြီး ချီးမွမ်းကြတယ်၊ ဂုဏ်ပြုကြတယ်၊ 'အသင်ဟာ အသင်ရဲ့ အဆင်းကြောင့် ဒီလို အရွေးခံရတာပါပဲ'လို့ ဝမ်းမြောက်ဝမ်းသာ ပြောကြတယ် အဲဒီတော့ ဥဒေါင်းငှက်ဟာ ဘဝင်မြင့်ပြီး စိတ်ကြီးဝင်လာသတဲ့၊ 'ငါ က,လိုက်ရင် သည့်ထက်တောင် လှသေးတယ်'လို့ဆို ပြီး အမြီးဖြန့် က လိုက်ပါသတဲ့ဗျာ၊ အဲဒီမှာတင် 'အမြင်မတော်'အောင် ဖင်ပေါ်နေတာနဲ့ ရွှေဟင်္သာမင်းက 'သည်လောက်တောင် အရှက်နည်းတဲ့အကောင်ကို သမက်မတော်တော့ဘူး'ဆိုပြီးနှင်ထုတ်လိုက်ပါသတဲ့"

"ဟား...ဟား... ဟုတ်သားပဲ၊ ဒါလည်း ပဟာသရဲ့အပြစ်လို့ ဆိုနိုင်မှာပေါ့"

"ကဲ...ဝဋ္ဋနာဒီပနီကို ဆက်ကြပါစို့"

(၄) နိက္ခိတ္တဓုရ က ဥပေက္ခာ ယောင် ဆောင်ခြင်း။

ဥပေက္ခာ ဝိဟာရ ပတိရူပေန ကုသလေသု ဓမ္မေသု နိက္ခိတ္တ ဓုရတာ ဝဋ္ဋေတိ။

ဥပေက္ခာ ဝိဟာရပတိရူပေန= ဥပေက္ခာ ဗြဟ္မဝိဟာရနှင့်တူသောအားဖြင့်။

ကုသလေသု ဓမ္မေသု= ကုသိုလ်တရားတို့၌။ နိက္ခိတ္တ ဓုရတာ= အားမထုတ်ခြင်း၊ လျစ်လျူရှုခြင်းသည်၊ ဝဋ္ဋေတိ= လှည့်ပတ်တတ်၏။

"ကုသိုလ်တရားတို့၌ အားမထုတ်ခြင်း၊ တာဝန်ကို ပစ်ချ ထားခြင်း၊ ပစ်ပယ်ထားခြင်း၊ အမှုမထားခြင်းဆိုတဲ့ နိက္ခိတ္တဓုရ မသူတော်တရားက ဗြဟ္မစိုရ်တရားထဲမှာပါတဲ့ ဥပေက္ခာလိုလို အယောင်ဆောင်တတ်တဲ့။

နိက္ခိတ္တဓုရက ကုသိုလ်ကောင်းမှု ဝတ်ကြီးဝတ်ငယ်တို့၌ အားမထုတ်ခြင်း၊ လျစ်လျူရှုခြင်း လက္ခဏာရှိတယ်။

ဥပေက္ခာ ဗြဟ္မဝိဟာရက သတ္တဝါသခ်ၤါရတို႔၌ လျစ္လ်ဴရႈျခင္းလကၡဏာရွိတယ္။

နိကၡိတ္တစုရက ကုသိုလ္ေကာင္းမႈတို႔၌ လက္ေလွ်ာ့ဝန္ခ်ျခင္းကိစၥ ရွိတယ္။

ဥပေက္ခာ ဗြဟ္မဝိဟာရက သားမယား စည္းစိမ္ဥစၥာစေသာ သတ္တဝါ သခ်ၤါရ ဣ႒အနိ႒တို႔၌ စိုးရိမ္ေၾကာင့္ၾကမရွိ၊ ပကတိ သြားျမဲလမ္းကို ေျဖာင့္တန္းစြာ သြားနိုင္ျခင္း ကိစၥ ရွိတယ္။

နိကၡိတ္တစုရက ငိုက္မ်ဥ္းျခင္း၊ ပ်င္းရိျခင္း၊ (စိတ္မပါျခင္း)ကို ေရးရႈတယ္။

ဥပေက္ခာ ဗြဟ္မဝိဟာရက တည္ၾကည္ ၿငိမ္သက္ျခင္း သမာဓိကို ေရးရႈတယ္။

နိကၡိတ္တစုရက သတိသမၸဇဥ္ မရွိဘဲ ဝဋ္သုံးပါး၌ ေမ့ေလ်ာ့ျခင္း ႏွင့္ နီးစပ္တယ္။

ဥပေက္ခာ ဗြဟ္မဝိဟာရက သတိ သမၸဇဥ္ရွိ၍ ကံသာလွ်င္ မိမိဥစၥာတည္းဟု ကမၼႆကတဉာဏ္၏ ျပည့္စုံျခင္းႏွင့္ နီးစပ္တယ္။

နိကၡိတ္တစုရက ကုသိုလ္တရားတို႔၌ေသာ္လည္းေကာင္း၊ ကိစၥ ႀကီးငယ္တို႔၌ေသာ္ လည္းေကာင္း ဥပေက္ခာတရားနဲ႔ လျစ္လ်ဴျပဳထားသလိုလို ဟန္ေဆာင္တတ္တယ္ေပါ့ ဗ်ာ"

"အဲဒါေတြက ကၽြန္ေတာ္တို႔ လုပ္ေနက် လိမ္ေနက်ေတြပါ၊ သေဘာေပါက္ပါ တယ္၊ တစ္ခုခု ကိစၥမွာ လက္ေလွ်ာ့ခ်င္တဲ့ အခါ တာဝန္မယူခ်င္တဲ့အခါ ပ်င္းရိတဲ့အခါ သဒၶါတရားမရွိတဲ့အခါတို႔မွာ 'တတ္နိုင္ပါဘူးေလ ကမၼႆကာ'ေပါ့လို႔ ဆိုၿပီး ကၽြန္ေတာ္ တို႔ ေျပာခဲ့ၾကတာေလ"

"ကဲ...အဲဒါသာၾကည့္ေတာ့၊ ပူပင္ေသာကေတြ ဝင္လာတဲ့ အခါ ကရုဏာလို႔ ထင္ေနတာလည္း က်ဳပ္တို႔ပဲ၊ ေၾကာင့္ၾကမစိုက္ တာဝန္မယူခ်င္တဲ့ အခါက်ေတာ့လည္း 'သေဗၺသတၱာ ကမၼႆကာ၊ ျဖစ္သမွ်အေၾကာင္းပဲ၊ ေနာင္ခါမွ ေယာက္ယားပဲ'လို႔ ဥပေက္ခာ လုပ္ပစ္လိုက္တာလည္း က်ဳပ္တို႔ပဲ၊ ဒီေတာ့ ျဗဟ္မဝိဟာရ တရားမ်ား ျဖစ္တဲ့...

၁။ ေမတၱာကို ရာဂက လိမ္တယ္။

၂။ ကရုဏာကို ေသာကက လိမ္တယ္။

၃။ မုဒိတာကို ပဟာသက လိမ္တယ္။

၄။ ဥပေက္ခာကို နိကၡိတ္တစုရက လိမ္တယ္။

ေနာက္ကို ဘယ္ဟာေတြက ဘယ္လို လိမ္ဦးမလဲ၊ ဆက္ ၾကည့္ရေအာင္"

**(၅)စိတ္တသန္တာပ က သံေဝဂ ေယာင္ ေဆာင္ျခင္း။**

သံေဝဂ ပတိရူပေန စိတ္တသန္တာေပါ ဝဥၥတိ။

သံေဝဂ ပတိရူပေန=ဝဋ္ဆင္းရဲ၌ ထိတ္လန္႔ျခင္း သံေဝဂတရားႏွင့္ တူ႔သျဖင့္။ စိတ္တသန္တာေပါ= စိတ္၏ ပူပန္ျခင္း ေဒါသ ေဒါမနႆတရားသည္။ ဝဥၥတိ= လွည့္ပတ္တတ္၏။

"စိတ္ညစ္ျခင္း၊ စိတ္ရႈပ္ျခင္း၊ အလိုမက်ျခင္း၊ စိတ္ေကာက္ျခင္း၊ အိမ္သူ အိမ္

သား သားမယားတို့နှင့် ပြဿနာဖြစ်ခြင်း၊ အလုပ်အကိုင် စီးပွားရေး၊ လူမှုရေးတို့၌ နိမ့်ပါးခြင်း၊ အစွပ်အစွဲ အကဲ့ရဲ့ ခံရခြင်း၊ အပစ်ပယ် ခံရခြင်းစသည်တို့ကြောင့် စိတ်ပူလောင်ရတာကို 'သန္တာပ'လို့ အဓိပ္ပာယ်ရပါလိမ့်မယ်၊ အဲဒီအခါမျိုးမှာ ကျုပ်တို့တစ်တွေ ဘယ်လိုဖြစ်တတ်သလဲ၊ ရဟန်းခံချင်သလိုလို၊ တောထွက်ချင် သလိုလို၊ တရားထိုင်ချင်သလိုလို၊ လောကီကိုပဲ စက်ဆုပ်ရွံ့မုန်း လာသလိုလို၊ အဲဒီလို ဖြစ်တတ်ကြတယ် မဟုတ်လား၊ ဒါကိုပဲ ကျွန်တော်တို့က သံဝေဂတရားရတယ်လို့ ထင်တတ်ကြပါတယ်၊ အဲဒါ... လိမ်နေတာပေါ့ဗျ"

"ဟုတ်တယ်ဗျို့၊ ကျုပ်ကိုယ်တိုင် အိမ်နဲ့အဆင်မပြေရင် ဘုန်းကြီး လုပ်ချင်စိတ်ပေါက်ပေါက်လာတတ်တယ်၊ ဒါကိုပဲ သံဝေဂရတာ လို့ ထင်မိခဲ့တာပေါ့၊ တကယ်တော့ သောကဗျာပါရ ဒဏ်တွေကို မခံနိုင်လို့ စိတ်ရူးပေါက်ပြီး ကိုယ်လွတ်ရုန်းပြေးတဲ့ အရှုံးသမားနဲ့တူတာပဲ၊ အမှန်ဆုံးကိုပြောရရင် 'သူရဲဘောကြောင်'လို့ပေါ့ဗျာ၊ အခုမှ ရှင်းပေတော့တယ်"

"အဲဒါမျိုးက ခင်ဗျားချည်း မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း ထိုနည်း လည်းကောင်း ပါပဲ၊ သံဝေဂနဲ့ သန္တာပ မတူ ကွဲပြားတာကို ဆက်ကြည့်ရအောင်..."

စိတ္တသန္တာပက နောက်ကျူ ညစ်ညူးခြင်းနှင့်တကွ စိတ်၏ ပူပန်ခြင်း လက္ခဏာရှိတယ်။

သံဝေဂက စိတ်၏ကြည်လင်ခြင်းနှင့်တကွဝဋ္ဋဆင်းရဲ၌ထိတ်လန့်ခြင်းလက္ခဏာရှိတယ်။

စိတ္တသန္တာပက ရန်သူ၏ လက်၌ ရောက်သူကဲ့သို့ စိတ်၏ ဆင်းရဲခြင်း စိုးရိမ်ခြင်းကိစ္စရှိတယ်။

သံဝေဂက ရန်သူ့လက်သို့မရောက်ခင် ရန်သူကို လည်းကောင်း၊ ရန်သူ၏ လွတ်ရာ လွတ်ကြောင်းကို လည်းကောင်း မြင်တဲ့သူကဲ့သို့ စိတ်၏သက်သာခြင်းနှင့်တကွ ဝဋ္ဋဆင်းရဲ၌ ထိတ်လန့် ငြီးငွေ့ခြင်း ကိစ္စရှိတယ်။

စိတ္တသန္တာပက ရန်သူ၏လက်၌ ယခု သေရအံ့သောသူကဲ့သို့ ကောင်း မကောင်းသော အမှုကြီးငယ်တို့၌ ဖြောင့်မတ်စွာ အားမထုတ်နိုင် ကြံမှိုင်ခြင်းကို ရှေးရှုတယ်။

သံဝေဂက ရန်သူအမိခံရသော သူရဲကောင်းကဲ့သို့ ဝဋ္ဋ၏ အရင်းအမြစ်ဖြစ်သော ရာဂတဏှာစသည်ကို ပယ်ခွာ၍ ဝိပဿနာ ဘာဝနာတရားကို အားထုတ်လိုသော ဆန္ဒဥဿာဟကို ရှေးရှုတယ်။ စိတ္တသန္တာပက မိမိ'အတ္တ'ဖောက်ပြန် ပျက်စီးမည်ကို သင့်တင့်သော နှလုံးမသွင်းနိုင်ဘဲ စိုးရိမ်အောက်မေ့ခြင်းနှင့် နီးစပ်တယ်။

သံဝေဂက ဒုဂ္ဂတိဘေး သံသရာဘေးရောက်မည်ကို အောက်မေ့ခြင်း၊ ကိလေသာ အာသဝေါတို့၏အပြစ်ကို အောက်မေ့ခြင်း၊ သတိသမ္ပဇဉ ယောနိသော မနသိကာရ နှင့် နီးစပ်တယ်။

ကဲ... 'သန္တာပနှင့်သံဝေဂ'ဟာ အဲသည်လောက် အဖြူနဲ့ အမည်း ကွဲပြားမနေလားဗျာ"

"ဟုတ်ပါရဲ့၊ အဖြူနဲ့အမည်း သည်လောက် ကွဲပြားခြားနား နေတာကို ကျုပ်တို့က ရောရောထွေးထွေးနဲ့ မီးခိုးရောင်ကလေးလုပ်တတ်ကြတယ်၊ ဘုရားအလောင်း သူတော်ကောင်းကြီးများ နိက္ခမ ပါရမီနဲ့ တောထွက်ကြတာက စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းတို့ကို လှူဒါန်း စွန့်ကြပြီး ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း သဒ္ဓါဆန္ဒ ဥဿာဟစိတ်နဲ့ တောထွက်ကြတာပဲ၊ ကျုပ်တို့က မိန်းမနဲ့ စိတ်ဆိုးလို့ ဘုန်းကြီးလုပ်ချင်တာဟာ သံဝေဂ အစစ် ဘယ်ဟုတ်နိုင်ပါတော့မလဲ၊ သည်နေရာမှာ ရာမာကရစ္စနာဆိုတဲ့ ဟိန္ဒူ ဘုန်းတော်ကြီး ဟောတော်မူတာကို ပြောရဦးမယ်"

"လုပ်စမ်းပါဦးဗျ"

"လယ်သမားတစ်ယောက်ဟာ မိန်းမနဲ့ ရန်ဖြစ်တာနဲ့ အိမ်ရာ တည်ထောင်ရတာဟာ ဒုက္ခပါပဲကွာ၊ ငါ 'ဆာဒူး'လုပ်တော့မယ် လို့ ပြောပြီး တောထွက်သွားသတဲ့၊ ဆာဒူးဖြစ်လို့ တစ်လလောက်မှ မကြာသေးဘူး၊ သူ့မိန်းမကို သူပြန်အောက်မေ့သတဲ့၊ အဲဒီတော့ 'ငါ့ မိန်းမက ဝန်ချတောင်းပန်ပြီး ငါ့ကို လာခေါ်ရင် ကောင်းမှာပဲ'လို့ နေ့စဉ်နှင့် အမျှ တွေးတွေးနေပါသတဲ့"

"ဟား..ဟား...ဟား...ဟား ဓမ္မာနုဿတိ အစား မယား နုဿတိ ဖြစ်နေတယ် ဆိုပါတော့ဗျာ"

"ဒီလို ပြောရမှာပေါ့လေ၊ စိတ်ဆိုးတဲ့ အခိုက်တုန်းက ဒေါသ ဖြစ်မိတာတွေ ပျောက်ပြီး သူ့မယားကောင်းတာလေးတွေ ပြန်ပြန်ပြီး သတိရနေပါသတဲ့၊ အဲဒီအခါမှာပဲ မယားက လိုက်လာပြီး...

'မောင်ရယ် မောင်မရှိရင် မဖြစ်ပါဘူး၊ နောက်ကို မောင့်အလိုကျ နေထိုင်သွားပါ့မယ်'လို့ ငိုမဲ့မဲ့နဲ့ တောင်းပန်တော့ မောင်မင်းကြီးသား'ဆာဒူး'အဝတ်ကို ချွတ်ပြီး မယားနောက် ကောက်ကောက်ပါအောင် ပြန်လိုက်သွားသတဲ့၊ ရာမာကရစ္စနာ ဘုန်းတော်ကြီးက အဲဒီ လူမျိုးဟာ သံဝေဂရလို့ တောထွက်တာမဟုတ်ဘူးတဲ့၊ မယားနဲ့ စိတ်ဆိုးလို့ တောထဲမှာ ခဏလာနေတဲ့လူသာ ဖြစ်ပါတယ်...တဲ့၊ အဲဒီလို ပြောဖူးသတဲ့။

"ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတဲ့ ဓမ္မပဒမှာလည်း ဒီလို အဖြစ်မျိုး ရှိပါတယ်၊ မယားစားဖို့ သားစားဖို့ ပရိယေသနလုပ်ငန်းမှာ ပင်ပန်းလွန်းအားကြီးတာနဲ့ ဘုန်းကြီးကျောင်း လာပြီး ရဟန်းဝတ်တဲ့ လယ်သမားတစ်ယောက်အကြောင်းပေါ့၊ ရဟန်းအဖြစ်နဲ့ ဆွမ်းကောင်းဟင်းကောင်းတွေ စားရတော့ ကိလေသာ ထကြွပြီး မယားထံပြန်သွားတယ်၊ လယ်လုပ်ရတာ ပင်ပန်းတယ်ထင်လာရပြန်တော့ ကျောင်းလာ ပြီး သင်္ကန်းဝတ်ပြန်တယ်၊ ဒီလိုနဲ့ ခြောက်ကြိမ်တိုင်တိုင် ထွက်လိုက်ဝင်လိုက် လုပ်နေရင်းက မယားမှာကိုယ်ဝန်တည်လာပါရော၊ နောက်ဆုံး တစ်နေ့မှာတော့ ဗိုက်ကြီးတစ်ခွဲသားနဲ့ ပိုးလိုးပက်လက် အိပ်ပျော်နေတဲ့မယားကို ကြည့်ပြီး ဖူးရောင် ပုပ်ပွနေတဲ့ အသုဘကမ္မဋ္ဌာန်းလို တကယ်ထင်လာလို့ တကယ်ရဟန်းဝတ်ပြီး တကယ်ကျင့်လာတဲ့အခါ ကျတော့ အာသဝေါ ကုန်ခန်းပြီး ရဟန္တာ ဖြစ်သွားပါသတဲ့၊ အဲဒါ စိတ္တဟတ္ထမထေရ်ပေါ့"

"အဲဒီဝတ္ထုဟာ စိတ္တသန္တာပနဲ့ သံဝေဂအဖြူအမည်းကို ကိုယ်တိုင် ကွဲပြားခွဲခြား

လို့ သိတာကြောင့် အကျိုးရှိသွားတာပေါ့ဗျာ၊ ကျုပ်တို့ တစ်တွေလည်း ငါ အလိမ်ခံနေရပါကလားလို့ ဆန်းစစ်ကြည့်နိုင်တဲ့ တစ်နေ့ အကျိုးရှိရမှာပေါ့"

(၆) အသဒ္ဓိယ က ဝီမံသ ယောင် ဆောင်ခြင်း။

ဝီမံသနာ ပတိရူပေန အသဒ္ဓိယံ ဝဍ္ဍေတိ။

ဝီမံသနာ ပတိရူပေန=စုံစမ်း ဆင်ခြင်ခြင်း ပညာတရားနှင့်တူသဖြင့်။ အသဒ္ဓိယံ = သူတစ်ပါးကို မယုံကြည်ခြင်း အသဒ္ဓိယ တရားသည်။ ဝဍ္ဍေတိ=လှည့်ပတ်တတ်၏။

အဓိပ္ပာယ်က မသဒ္ဓါသည်ကို ပညာမှတ်တတ်သတဲ့။ ပညာ ဖြင့် ဆင်ခြင်သလိုလိုနှင့် သူတစ်ပါးတို့အား မယုံမနာ ဖြစ်လာတတ် သတဲ့။

အသဒ္ဓိယက မယုံခြင်း လက္ခဏာရှိတယ်။

ဝီမံသက (ပညာဖြင့်)စုံစမ်း ဆင်ခြင်ခြင်း လက္ခဏာ ရှိတယ်။

အသဒ္ဓိယက မကြည်လင်စေခြင်း ကိစ္စရှိတယ်။

ဝီမံသက ကြည်ညိုဖွယ် ဂုဏ်ကိုရှာ၍ ယောနိသော မနသိကာရဖြင့် ကြံစည်အောက်မေ့ခြင်း ကိစ္စရှိတယ်။

အသဒ္ဓိယက အသင့်အတင့် ကြည်ညိုစရာအကြောင်းကို မကြံစည်၊ မကြည်ညိုစရာကိုသာ ကြံစည်ခြင်း၊ မထီမဲ့မြင် မလေးမစားပြုခြင်းကို ရှေးရှုတယ်။

ဝီမံသက ကြည်ညိုဖွယ်များသောအရာတို့၌ အထူးကြည်ညိုမြတ်နိုး ကျိုးနွံ ပျပ်ဝပ်ခြင်း၊ ကြည်ညိုဖွယ် မရှိသော ပုဂ္ဂိုလ်တို့၌သော်လည်း မထီမဲ့မြင် မပြုခြင်း၊ လျစ်လျူရှုခြင်းကို ရှေးရှုတယ်။

အသဒ္ဓိယက သူတော်ကောင်းကို အမှီမပြုခြင်း၊ သူတော်ကောင်းတရားကို မနာခြင်း၊ မသင့်မတင့် နှလုံးသွင်း သဒ္ဓါတရား ခေါင်းပါးခြင်းနှင့် နီးစပ်တယ်။

ဝီမံသက ဗဟုသုတ ပညာဝန္တပုဂ္ဂိုလ်တို့ကိုမှီဝဲခြင်း၊မကောင်းမှုမှ လန့်ခြင်း၊ နှလုံးနူးညံ့ခြင်း အစရှိသော သူတော်ကောင်း အဖြစ်နှင့် နီးစပ်တယ်။

"အဲသလို မတူကွဲပြားတာကို နှိုင်းယှဉ်ပြီး ပြထားတယ် ကိုရေချမ်းရဲ့"

"အေးဗျ၊ အဲဒီလို နှိုင်းယှဉ်ကြည့်မှ ကျုပ်တို့ဟာ သဒ္ဓါအစစ် လား သဒ္ဓါအတုလား ဆိုတာ ခွဲခြားသိနိုင်မှာပဲ ဦးမင်္ဂလာရဲ့၊ အဲဒါကို မသိရင် သဒ္ဓါအတုက ပညာယောင်ဆောင်တာ ဘယ်သိတော့မလဲ၊ ကျုပ်တို့ ပညာဆိုတာကလည်း မင်းတို့ဉာဏ် တစ်ထွာတစ်မိုက်မျှရယ်နှင့်၊ ငြင်းဖို့သန်ရင် မိုက်ရာကျပါလိမ့်'ဆိုတဲ့စကားလို တစ်မိုက်တစ်ထွာလောက်ရှိတဲ့ ဉာဏ်မျိုးပဲ"

"ဉာဏ်ပညာနဲ့ ပတ်သက်လို့ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားက ကိုယ်ကျင့် အဘိဓမ္မာမှာ ဒီလို ရေးထားတယ်ဗျ"

'ဉာဏ်ပညာသည် ပညာစစ် ပညာတု နှစ်မျိုးရှိ၏။ ထိုတွင် ကံ ကံ၏ အကျိုးကို သိတတ်သောဉာဏ်၊စာပေကျမ်းဂန်၏အဓိပ္ပာယ်မှန်ကိုနားလည်သောဉာဏ်၊ဝိပဿနာ

ဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်များနှင့် ဘုရားရှင်၏သဗ္ဗညုတဉာဏ်တိုင်အောင် အပြစ်ကင်းသော အသိအလိမ္မာ ဉာဏ်ပညာဟူသမျှသည် ပညာအစစ် ဖြစ်၏။'

'ပါးနပ်သူဟု ခေါ်ရသူတို့ သန္တာန်ဝယ် တစ်ဖက်သား ကျလောက်အောင် ဟန်ပန်လေသံဆောင်တတ်၊ ပြောတတ်ဟောတတ်သောဉာဏ်၊ အခိုးအဝှက်ဉာဏ်၊ အလှည့်အစားဉာဏ်၊ အလိမ်ဉာဏ်၊ ပရိယာယ်မာယာဉာဏ်များသည် ပညာအစစ်မဟုတ်ဘဲ လိမ်လည်လှည့်ပတ်တတ်သော ဝဋ္ဋနာပညာတု ဖြစ်သည်။' အဲသလို ပညာအတုနှင့်အစစ်ကို ခွဲခြားပြထားတယ်။ ပညာအစစ်နဲ့ တွဲမိမှ သဒ္ဓါဆိုတာ အစစ်အမှန်ဖြစ်လာပေလိမ့်မယ်။ သဒ္ဓါကလည်း အစစ် အမှန်မဟုတ်၊ ပညာကလည်း အစစ်အမှန် မဟုတ်ဘူးဆိုရင် ယုံရမည့်ဟာကို မယုံကြည်ဘဲ မယုံရမည့်ဟာကို တထစ်ချ ယုံကြည်နေလိမ့်မယ် ကိုရေချမ်းရဲ့"

"ဟုတ်တာပေါ့ဗျာ၊ ကျုပ်တို့တစ်တွေက သိပ္ပံနည်းမကျရင် လက်မခံချင်ပါဘူးဆိုပြီး ရတနာသုံးပါးနှင့်တကွ သူတော်ကောင်းကြီးတွေ အပေါ်မှာ မယုံမကြည် မစူးစမ်းတာ ကိုပဲ ပညာလိုလို ဂုဏ်ယူ နေတတ် ကြတယ်မဟုတ်လား၊ အဲဒါဟာ မသဒ္ဓါသည်ကို ပညာမှတ်တတ်သည် ဆိုတဲ့ သဘောပေါ့ဗျာ"

"ရှင်းပါပြီဗျာ၊ ရှေ့သာ ဆက်ကြပါစို့"

## (၇) ပုဂ္ဂလဂရဟိတာ က ပါပဂရဟိတာ ယောင် ဆောင်ခြင်း။

ပါပဂရဟိတာ ပတိရူပေန ပရဝဇ္ဇာနုပဿိတာ ဝဍ္ဎေတိ။

ပါပဂရဟိတာ ပတိရူပေန=မကောင်းမှုကို ကဲ့ရဲ့ခြင်းဟု ဆိုအပ်သော သူတော်ကောင်းတရားနှင့် တူသဖြင့်။ ပရဝဇ္ဇာနုပဿိတာ =သူတစ်ပါးအပြစ်ကို ရှုတတ်သော မသူတော်တရားသည်။ ဝဍ္ဎေတိ= လှည့်ပတ်တတ်၏။

"ပုဂ္ဂလဂရဟိတာက ပုဂ္ဂိုလ်စွဲပေါ့၊ ပုဂ္ဂလဓိဋ္ဌာန်ပေါ့ဗျာ၊ ပါပ ဂရဟိတာက မကောင်းမှုအကုသိုလ်ပါ၊ မတရားကိုဆင်ခြင်တဲ့ဓမ္မဓိဋ္ဌာန်ပေါ့၊ အဲဒီမှာ မကောင်းမှုကိုကဲ့ရဲ့ရမည့်အစား ပုဂ္ဂိုလ်ကိုကဲ့ရဲ့မိအောင် လိမ်လည်လှည့်စားတတ်တဲ့သဘောပဲ၊ ကိုရေချမ်းရဲ့"

"အလွန် နက်နဲ သိမ်မွေ့တဲ့ လှည့်စားခြင်း တစ်မျိုးပါလား ဦးမင်းလာရေ၊ ဒါမျိုးကို ကျုပ်တို့က ခွဲခြားကြည့်ဖို့ သတိမရကြဘူး၊ ပုဂ္ဂိုလ်ကိုသာ ရှုတ်ချကဲ့ရဲ့မိတတ်ကြတယ်"

"အခုလို ခွဲခြားကြည့်ရင် ပေါ်လာမှာပေါ့ဗျာ။

ပုဂ္ဂလဂရဟိတာက သူ၏အပြစ်ကို မြင်ခြင်း လက္ခဏာ ရှိတယ်။

ပါပဂရဟိတာက လောဘ၊ ဒေါသစသော အကုသိုလ် ကိလေသာတို့၏အပြစ်ကို မြင်ခြင်း လက္ခဏာရှိတယ်။

ပုဂ္ဂလဂရဟိတာက နှလုံးမသာယာခြင်းနှင့်တကွ သူတစ်ပါး ၏ဂုဏ်ကို ချေဖျက်ပြောဆိုကြံစည် အောက်မေ့ခြင်း ကိစ္စရှိတယ်။

ပါပဂရဟိတာက အကုသိုလ် ကိလေသာ နှိပ်စက်အပ်သော ပါပပုဂ္ဂလ တို့၌ သနားကြင်နာခြင်းနှင့်တကွ အကုသိုလ် ကိလေသာတို့မှ လန့်ကြောက်စရာကို ကြံစည် အောက်မေ့ခြင်း ကိစ္စရှိတယ်။

ပုဂ္ဂလဂရဟိတာက သူတစ်ပါးတို့၏အကျိုး မနဲ့ မရှိ မသေခြင်းကို ရှေးရှုတယ်။

ပါပဂရဟိတာက မိမိသန္တာန်၌ အကုသိုလ် ကိလေသာ ဖြစ်ပေါ်မလာရအောင် စောင့်ရှောက် အားထုတ်ခြင်းကို ရှေးရှုတယ်။

ပုဂ္ဂလဂရဟိတာက အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း စသော မသူတော်အဖြစ်နှင့် နီးစပ်တယ်။

ပါပဂရဟိတာက ဟိရိဩတ္တပ္ပနှင့် နီးစပ်တယ်"

"အင်း...အဲဒီလို ခွဲခြားတော့လည်း ပေါ်လာတာပဲကိုး"

"အဲဒီလို ခွဲခြားတတ်ဖို့ အကြောင်း စွန်းလွန်းဆရာတော် ဘုရားကြီးရဲ့ ဩဝါဒ တစ်ခုက သိပ်ရှင်းတာပဲဗျာ၊ ခင်ဗျားကို ပြောရဦးမယ်"

"ကျေးဇူးပြု၍ ဖောက်သည် ချစမ်းပါဦး ဦးမင်္ဂလာရယ်"

"မြင်းခြံ စွန်းလွန်းဂူကျောင်းမှာ ဆရာတော်ကြီး သီတင်းသုံး နေတော်မူစဉ်ကတဲ့၊ ကျောင်းဝင်းထဲက ရေတွင်းမှာ ရေလာခပ်ကြရင်း မိန်းမကြီးနှစ်ယောက် ရန်ဖြစ်ကြသတဲ့၊ အော်ကြီးဟစ်ကျယ် တစ်ယောက်တစ်ခွန်းပြောဆိုနေရာက သတ်မယ်ပုတ်မယ်အထိ ဖြစ် လာကြတဲ့အခါ ကိုရင်ဦးပဥ္စင်းများက 'ကျောင်းထဲ လာရန်ဖြစ်ရသလား၊ မသိသား ဆိုး ရွားတဲ့ အလစ္ဆိမကြီးတွေ'လို့ ကဲ့ရဲ့နေကြတဲ့အခိုက် ဆရာတော်ကြီးက 'ဟဲ့...ဟဲ့ ဒီလိုမပြော ကြနဲ့၊ ဒေါသတရားရဲ့ ခက်ထန်ပုံ ဆိုးရွားပုံတွေကို တရားလာပြနေကြတဲ့ ဓမ္မကထိက ဆရာမကြီးတွေလို သဘောထားကြ၊ ငှက်ပျောဖီးနှစ်ဖီးယူသွားပြီး တရား ပူဇော်လိုက်ကြ' အဲဒီလို အမိန့်ရှိတော်မူပါသတဲ့ဗျာ"

"အင်း...ပုဂ္ဂိုလ်နဲ့တရား ခွဲခြားသိတော်မူပေတာကိုး"

"အလားတူပဲ၊ မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားက ကျုပ်တို့ကို ဆုံးမတဲ့ စကားတစ်ခုလည်းရှိသေးတယ်၊ ဘယ်လိုလဲဆိုတော့ 'ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဒေါသ အလျောက် ခက်ထန်စွာ ပြုမူလာလျှင်သော်လည်းကောင်း၊ကြမ်းတမ်းစွာပြုမူလာလျှင်သော် လည်းကောင်း မိမိတို့က ထိုပုဂ္ဂိုလ်ကို အပြစ်မတင်ကြရဘူး၊ ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နှိပ်စက် လွှမ်းမိုးနေတဲ့ ဒေါသတရားကိုသာ သတိထားဆင်ခြင်၍ သံဝေဂ တင်ကြရမယ်'လို့ အမိန့် ရှိတော်မူသတဲ့ဗျ၊ ဒါလည်း ကျုပ်တို့ကို အလိမ်မခံရအောင် သတိပေးတော်မူတာပဲ"

"ကျုပ်တို့မှာ သတိမထား မခွဲခြားနိုင်တာက ခက်တယ်"

"သူတစ်ပါးအပေါ်မှာ ကဲ့ရဲ့ခြင်း၊ သူတစ်ပါးအပြစ်ကိုကြည့်တတ်ခြင်းတို့ဟာ ကိလေသာ တိုးပွားရာ တိုးပွားကြောင်းသာ ဖြစ်၍ အာသဝေါတရားကုန်ရာ ကုန်ကြောင်း တို့မှ ဝေးသည်ထက်ဝေး၏လို့ ဓမ္မပဒမှာ ဘုရားဟောတော်မူတာပဲ"

"အရဏသုတ်မှာလည်း မျက်ကွယ်လည်း မကဲ့ရဲ့နဲ့၊ မျက်မှောက်လည်း မကဲ့ရဲ့ နဲ့၊ စကားဆိုရာမှာလည်း ဖြည်းဖြည်းသက်သာ ဆင်ခြင်စဉ်းစား၍သာ ပြောဆိုရမည်။ မဆင်ခြင် မစဉ်းစားဘဲ အဆောတလျင် မပြောဆိုရ၊ ဤသို့ ကျင့်ခြင်းနေခြင်းသည် ကိ လေသာ ကင်းသော နေခြင်းမည်၏လို့ ဟောထားတော်မူပါသေးတယ်"

"လိုတာတော့ မပြောနဲ့ ကိုရေချမ်းရေ၊ ပထမဈေးကျင် ဆရာတော် ဘုရားကြီးက

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာမှ ထုတ်နုတ်ပြီး ဒီလို ရေးသားထားပါသေးတယ်။ 'အချို့သော ရဟန္တာအရှင်မြတ်တို့က ကောင်းစွာကျင့်သောပုဂ္ဂိုလ်ကို ကောင်းစွာကျင့်သောပုဂ္ဂိုလ် ပေတည်းဟု ချီးမြှောက်၍ မှားသော အကျင့်ရှိသောပုဂ္ဂိုလ်တို့ကို မှားသော အကျင့်ကို ကျင့်ကြသောသူတို့တည်း'ဟူ၍ မောင်းမဲခြင်းကိုပြု၍ တရားဟောတော်မူကြကုန်၏။ ထိုကဲ့သို့ ဟောရာ၌ ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်မှာ ပုဂ္ဂလဂရဟိတာ မဖြစ်သော်လည်း ပုဂ္ဂိုလ်ကို ကဲ့ရဲ့ပြစ်တင်ခြင်း နှင့် တစ်စိတ်တစ်ဒေသတူရကား အမြတ်ဆုံး မဖြစ်သဖြင့် ဘုရားရှင် ချီးမွမ်းတော် မမူ။

အရှင်သုဘူတိမထေရ်သည်ကား ဤကဲ့သို့ ပုဂ္ဂိုလ်တို့၌ ချီးမွမ်းခြင်း မောင်းမဲခြင်းကို မပြုမူ၍ ဤအကျင့်ကား ကောင်း၏။ ဤအကျင့်ကား မကောင်းဟူ၍ အာစာရ ဓမ္မကိုသာ ချီးမွမ်းခြင်း၊ မောင်းမဲခြင်းကိုပြု၍ တရားဟောတော်မူလေ့ရှိ၏။ ထိုကဲ့သို့ဟောတော်မူသော အရှင်သုဘူတိလို ပုဂ္ဂိုလ်ကိုသာ ကိလေသာကင်းစွာ နေလေ့ရှိသူဟူ၍ ဘုရားရှင် ချီးမွမ်းတော်မူသည်။

ဂဠုန်လက်ဝယ် နဂါး၊ ခြင်္သေ့လက်ဝယ် သားသမင်ကို မြင်လျှင် ဂဠုန်၊ ခြင်္သေ့တို့ကို လွန်စွာ ကြောက်အပ်သည်။ နဂါး၊ သား သမင်တို့ကို လွန်စွာသနားအပ်သည်၊ မိမိလည်း ဂဠုန် ခြင်္သေ့လက်သို့ မရောက်ရအောင် လွန်စွာသတိပြုအပ်သည်ဟူသကဲ့သို့၊ ပါပကမ္မကို ကျင့်သူ မြင်လျှင် ပါပကမ္မကိုလည်းကောင်း၊ ပါပကမ္မ၏အကြောင်းမကောင်းမှု ကိလေသာတို့ကို လည်းကောင်း လွန်စွာ ကြောက်အပ်သည်။ ပါပကမ္မကို ကျင့်သောသူကို လွန်စွာ သနားအပ်သည်။ မိမိလည်း ပါပကမ္မသို့ မရောက်ရအောင် အထူး သတိပြုအပ်သည်။

သို့မှသာတရားလမ်းကျမည်၊ သို့မှ ပါပဂရဟိတာဟုဆိုအပ်သော ပဋိပဒါအကျင့်မြတ်ကို ကျင့်မိသည် မည်နိုင်မည်၊ အဲသည်လို ဆရာတော်ဘုရားက ရေးသားတော်မူခဲ့ပါတယ်"

"အဲဒါကြောင့် ပြောတာပေါ့ဗျ၊ ကျုပ်တို့မှာ သိဖို့လည်း အများကြီးလိုသေးတယ်၊ ကျင့်ဖို့လည်း အများကြီး လိုသေးတယ်လို့"

### (၈) ဖရုသ ဝါစာ က နိဂ္ဂယှ ဝါဒိတာ ယောင် ဆောင်ခြင်း။

နိဂ္ဂယှဝါဒိတာ ပတိရူပတာယ ဖရုသဝါစတာ ဝဋ္ဋေတိ။

နိဂ္ဂယှဝါဒိတာ ပတိရူပတာယ=တပည့်သားတို့ကို တရား အလျောက် အပြစ်ထောက်၍ နှိမ်နင်းဆုံးမလေ့ရှိသော ဆရာကောင်းတို့၏ အလေ့အကျင့်နှင့် တူသဖြင့်။ ဖရုသဝါစတာ= ကြမ်းကြုတ်သော စကားအဖြစ် ဖရုသဝါစာ တရားသည်။ ဝဋ္ဋေတိ=လှည့်ပတ်တတ်၏။

"အဲဒါကတော့ လူဆရာ ရဟန်းဆရာတို့မှာ ဖြစ်တတ်တဲ့ သဘာဝပဲဗျ၊ ဉာဏ်နဲ့နဲ့ ညံ့ဖျင်းတဲ့တပည့်အပေါ်မှာ မသိကောင်းလား မတတ်ကောင်းလားလို့ အားမလိုအားမရ ဖြစ်လာတဲ့အခါ ကြမ်းကြမ်း တမ်းတမ်း ဆဲဆိုရေရွတ်မိတတ်ကြတယ်၊ အဲဒီအခိုက်မှာ

ဖရုသဝါစာ ကို မဆင်ခြင်လိုက်မိဘဲ 'ဆုံးမတာပဲ'လို့ လှည့်ဖြားတာကိုခံလိုက်ကြရတယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ"

"ဒါကတော့ ကျုပ်ကိုယ်တိုင် ခဏခဏ ဖြစ်ဖူးတာပေါ့ဗျာ။ တပည့်ကို ဖြစ်စေ တူသားကိုဖြစ်စေ 'အိုးတိုးအတ'ယောင်နန ဖြစ်နေရင် သည်လောက်ကလေးမှ မသိဘူး လားဟ၊ ကမြင်းမသား ခွေးမသားလို့ မကြာမကြာ ဆဲမိတတ်တာပေါ့၊ ဝစီကံလေးပါးနဲ့ သာ ဆန်းစစ်ကြည့်မယ်ဆိုရင်တော့ စေတနာ အပထား၊ ဖရုသ ဝါစာပဲဗျ"

"ဟုတ်တာပေါ့ဗျာ။ ခွဲခြားကြည့်ရအောင်...။

ဖရုသ ဝါစာက ကြမ်းတမ်းသော အလေ့ရှိသော လွှသွားကဲ့သို့ သည်းမခံသာ လွန်စွာ ကြမ်းတမ်းခြင်း လက္ခဏာ ရှိတယ်။

နိဂ္ဂယှဝါဒီတာက အပြစ်ကို ထင်စွာပြ၍ ဆိုဆုံးမခြင်း လက္ခဏာ ရှိတယ်။

ဖရုသဝါစာက သူတစ်ပါးနား၌ မချမ်းမသာစေခြင်း ကိစ္စရှိတယ်။

နိဂ္ဂယှဝါဒီတာက သူတစ်ပါးတို့ကို ကြောက်ရွံ့ရှိသေ သံဝေဂဖြစ်စေခြင်းကိစ္စရှိ တယ်။

ဖရုသဝါစာက သူတစ်ပါးတို့ကောင်းကျိုး၏ မပြီးခြင်း၊မကောင်းကျိုး၏ထင်ရှား ခြင်းဖြစ်ခြင်းကို ရှေးရှုတယ်။

နိဂ္ဂယှဝါဒီတာက သူတစ်ပါးတို့အကျိုးပြီးခြင်းကိုရှေးရှုတယ်။

ဖရုသဝါစာက ဒေါသ ဒေါမနဿနှင့်နီးစပ်တယ်။

နိဂ္ဂယှ ဝါဒီတာက အကျိုး ကို တောင့်တသော အရင်းခံစိတ်နှင့် နီးစပ်တယ်။ ဆိုဆုံးမသလိုလိုနဲ့ ဒေါသက လှည့်စားတတ်သည်တဲ့ ကိုရေချမ်းရဲ့"

"အဲဒီကိစ္စမှာ အပြောအဆို အပြုအမူခံရတဲ့ တပည့်သားတို့က ကျိုးနွံလိမ္မာတယ် ဆိုရင်တော့တော်ပါသေးရဲ့၊ မိုက်မဲသူ ဆိုရင်တော့ ဆရာ့အပေါ်မှာ နာကြည်းစိတ်တွေ အာဃာတစိတ်တွေ ဖြစ်စရာရှိတယ်၊ သာဓကပြရရင် ငါးရာ့ငါးဆယ် တိကနိပါတ် တိလ မုဋ္ဌိဇာတ်လေ၊ ဗာရာဏသီမင်းက သားတော်ငယ်ကလေးကို တက္ကသိုလ်ပြည် ဒိသာ ပါမောက္ခဆရာကြီးထံ ပို့အပ်၍ ပညာသင်စေတယ်၊ မင်းသားကလေးက ဇာတိမာန် ခက် ထန်သူဖြစ်တယ်၊ ကျောင်းအနီး၌အမယ်အို မုဆိုးမကြီး နေလှန်းထားတဲ့နှမ်းတွေကို နေ့စဉ် လက်တစ်ဆုပ် လက်တစ်ဆုပ် ယူယူပြီးစားသတဲ့၊ မုဆိုးမကြီးကမခံနိုင်တဲ့အဆုံး ဆရာကြီး ထံသွားတိုင်တယ်၊ ဆရာကြီးကမင်းသားငယ်ကိုရိုက်နှက်ပြီးဆုံးမတယ်၊ အဲဒါကို မင်းသား ကအငြိုးထားပြီး တိုင်းပြည်ပြန်ရောက်လို့ မင်းဖြစ်တဲ့အခါ ဆရာကြီးကို သတ်ရအောင် ဥပါယ်တံမျဉ်နဲ့ ပင့်ဖိတ်တယ်၊ ဆရာကြီးရောက်လာတော့...

'ခင်ဗျားကြီး ကျွန်ုပ်ကို ရိုက်နှက်ခဲ့တာကို သတိရသေးရဲ့လား၊ ခု ကျုပ်ခေါ်တာ ခင်ဗျားကို သတ်ရအောင် ခေါ်တာပဲ'လို့ ပြော တယ်၊ အဲဒီအခါ ဆရာကြီးက 'မင်းကိုဒီလို ဆုံးမလိုက်လို့ မင်း ယခုလို ဘုရင်ဖြစ်လာတာမဟုတ်လား၊ မဆုံးမခဲ့ရင် သူခိုးက ဓားပြ ဖြစ်မယ်၊ ဓားပြက သူပုန်ဖြစ်မယ်၊ အဲဒီလိုဖြစ်လာရင် မင်းရဲ့အာဏာကြောင့် သော် လည်း ကောင်း၊ တိုင်းသူပြည်သားများက ဝိုင်းသတ်၍ သော်လည်းကောင်း သေရမယ် မဟုတ်

လား’လို့ မကြောက်မရွံ့ပြန်ပြောတဲ့ အခါ ပညာရှိအမတ်ကြီးများကပါ ဝိုင်းဝန်း ထောက်ခံကြတယ်၊ အဲဒီတော့မှ ဘုရင်ဟာ နောင်တရပြီး ဆရာကြီးကို ပူဇော်ပါသတဲ့”

“အင်း...နောင်တရလို့ တော်ပေတာပေါ့၊ သို့မဟုတ်ရင် ဆရာကို သတ်မိတဲ့ ကံကြီးထိုက်မှာပဲ၊ ဒါကြောင့် လောကသာရပျို့ မှာ...

‘သက်ကြီးမိဘ၊ ဆရာစသား၊ စိုးရသခင်၊ ကျေးဇူးရှင်ကို၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့၊ ဆိုတုံ့မဝံ့၊ စောင်းမာန်ညွှံ့၍၊ ကြောက်ရွံ့ ရိုသေ၊ သည်းခံတွေဖြင့်၊ ကောင်းစေနလုံး ယဉ်စေမင်း’လို့ ဆုံးမတော် မူထားတယ်....”

## (၉)စာဋု ကမျတာ က ပိယဝါဒိတာ ယောင် ဆောင်ခြင်း။

ပိယဝါဒိတာပတိရူပတာယ စာဋုကမျတာ ဝဍ္ဎေတိ။

ပိယဝါဒိတာ ပတိရူပတာယ=နှုတ်ခွန်းချိုသာ ပိယဝါစာရှိမှ ကောင်းမည် အထင် နှင့် အရိုအသေပြောဆိုသဖြင့်။ စာဋု ကမျတာ=ဒါယကာတို့အောက်နိမ့်ချ၍ ပြောဆိုခြင်းတည်းဟူသော အနေသန တရားသည်။ ဝဍ္ဎေတိ= လှည့်ပတ် တတ်၏။

“စာဋုကမျတာ ဆိုတာက မြှောက်ပင့်ပြောဆိုခြင်း၊ အောက်ကျခံခြင်း။ ပိယဝါဒိတာက ချစ်ကြည်ညိုအောင်ပြောခြင်း၊ အဲသည်လိုအဓိပ္ပာယ်ရှိလေတော့ မိမိကို ချစ်ကြည်ညိုအောင် ပိယဝါစာ ပြောရင်းက ဒါယကာတို့ကိုမြှောက်ပြီး မိမိက အောက်ကျခံရာ ရောက်သွားတယ်၊ အဲသည်လိုလှည့်စားတတ်တယ်ပေါ့ဗျာ၊ အဲသည်ဝဏ္ဏနာကတော့ ရဟန်းတော်များနဲ့ပို၍ သက်ဆိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်တို့လည်း သိရအောင် ခွဲခြားကြည့်ကြဦးစို့။

စာဋုကမျတာက မိမိကိုယ်ကို နိမ့်ချခြင်း လက္ခဏာရှိတယ်။

ပိယဝါဒိတာက ကြည်ညိုနှစ်သက်ဖွယ်သောစကားကိုဆိုခြင်းလက္ခဏာရှိတယ်။

စာဋုကမျတာက ဒါယကာတို့ နားခံသာအောင် ကြံဆောင် မြှောက်စားခြင်းကိစ္စရှိတယ်။

ပိယဝါဒိတာက ဒါယကာတို့အား သဒ္ဒါတရားကို ပွားစေခြင်းကိစ္စ ရှိတယ်။

စာဋုကမျတာက အပြုံးနှင့်ဆီးကြို၍ မျက်နှာလို မျက်နှာရ နှုတ်ခွန်း ချိုသာ ပြောဆိုပြီး လောကဝတ် (လောကွတ်)ပြုတတ်ခြင်းကို ရှေးရှုတယ်။

ပိယဝါဒိတာက မျက်မှောင်တကုတ်ကုတ် မလုပ်လွန်းဘဲ တရားနှင့်လျော်သော (လျောက်ပတ်စွာ)ပဋိသန္ထာရ ပြုခြင်းကို ရှေးရှုတယ်။

စာဋုကမျတာက လာဘ်လာဘကို အလိုရှိခြင်း၊ အလိုကြီး ခြင်းနှင့် နီးစပ်တယ်။

ပိယဝါဒိတာက မေတ္တာ ကရုဏာနှင့် နီးစပ်တယ်။

အဲသည်လို ခွဲခြားကြည့်လိုက်တဲ့အခါ မေတ္တာနှင့် ဆက်ဆံခြင်း မျိုးလား၊ လာဘ်လာဘကို မျှော်၍ အောက်ကျခံပြီး ရောနှော ပွန်းတီး ဆက်ဆံခြင်းမျိုးလားဆိုတာ ကိုယ့်ကိုယ်ကိုသာ အသိဆုံး ဖြစ်နိုင်ပါလိမ့်မယ်တဲ့”

"သည့်ထက်ပိုပြီး နားလည်ချင်လိုက်တာဗျာ"

"ကဲ...ဒီလိုဆိုရင် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားရဲ့ 'ဘုရားဥပဒေ တော်ကြီး'ထဲက ကုလဒူသက သိက္ခာပုဒ်အဖွင့်မှာပါတဲ့ စာချုကမျတာနဲ့ အကျုံးဝင်တဲ့ စကားအချို့ကို ထုတ်ပြပြီး ပြောမယ်ဗျာ။

မှားတာ၊ မှန်တာ၊ တရားတာ၊ မတရားတာကို မစဉ်းစားဘဲ ချစ်ခင်လာအောင် ပြောခြင်း။

မိမိကိုယ်ကို နှိမ့်ချ၍ သနားလာအောင် ပြောခြင်း။

ဒါယကာ ဒါယိကာမတို့ဆီက ပစ္စည်းရအောင် ပြောခြင်း၊ ကြည်ညိုအောင် ပြောခြင်း။

'ဒကာရေ ငါ့ကို မင်းကြီးက ကြည်ညိုတယ်၊ ငါ့ကို မည်သည့်အမတ်ကြီးက ကြည်ညိုတယ်'စသည်ဖြင့် မမေးဘဲလျက် သူ့ကိုယ်သူပြောခြင်း၊ မေးသည့်အတွက် သူ့ကိုယ်သူ မြှောက်၍ပြောခြင်း။

သူဌေးကြီး၊ သူကြွယ်ကြီး၊ ဘာမင်းကြီး ညာမင်းကြီး စသည်ဖြင့် ရာထူး ဂုဏ်သိန် စည်းစိမ်နှင့်စပ်သော မြှောက်လုံး ပင့်လုံး စကားသုံးနှုန်း၍ ခေါ်ခြင်း။

ကလေး၏ မိဘတို့က ကြည်ညိုအောင် ကလေးငယ်ကို ပွေ့ချီ ချော့မြူခြင်း။

"အဲဒါ...အဲဒါတွေပေါ့ဗျာ၊ ကျုပ် မှတ်မိသလောက် ပြောရတာပဲ၊ ကျုပ်တို့ သိထားဖို့က စာချုကမျတာဆိုတာ အနေသန ၂၁ ပါးမှာ တစ်ပါးအပါအဝင် ဖြစ်တယ်၊ အနေသန အဓိပ္ပာယ်က ရဟန်း နှင့် မအပ်စပ်သော မလျောက်ပတ်သော လာဘ်လာဘ ရှာမှီးခြင်း လို့သာ မှတ်ပါလေရော့။

အနေ သန ၂၁ ပါးက–

၁။ ဆေးကုခြင်း။

၂။ တမန်ပြုခြင်း။

၃။ အစေအပါးခံ၍ သွားခြင်း။

၄။ အိုင်းအမာကို ဖောက်ခြင်း။

၅။ ပျို့အန် ဆေးပေးခြင်း။

၆။ အနာကို ဆေးလိမ်းပေးခြင်း။

၇။ ဝမ်းကျ ဆေးပေးခြင်း။

၈။ နှာနပ်ဆီ ချက်ပေးခြင်း။

၉။ အနာသုတ်ဆီ ချက်ပေးခြင်း။

၁၀။ ဝါးပေးခြင်း။

၁၁။ သစ်ရွက်ပေးခြင်း။

၁၂။ ပန်းပေးခြင်း။

၁၃။ သစ်သီးပေးခြင်း။

၁၄။ ရေချိုးကသယ်မှုန့်ပေးခြင်း။

၁၅။ ဒန်ပူပေးခြင်း။
၁၆။ မျက်နှာသစ်ရေပေးခြင်း။
၁၇။ ဆပ်ပြာမှုန့်ပေးခြင်း။
၁၈။ မြေညက်မှုန့်ပေးခြင်း။
၁၉။ ဒါယကာကို ချီးမြှောက်၍ ပြောခြင်း။
၂၀။ ပဲနောက်ဟင်းကဲ့သို့ မမှန်စကားပြောခြင်း။
၂၁။ ရွာသူသားငယ်ကို ချီပိုးခြင်း။

အဲသည်လိုပါရှိတယ်။ ကျုပ်တို့ ပြောနေကျ စကားကတော့ သစ်သီးပေးခြင်း၊ ပန်းပေးခြင်းတဲ့"

"အင်း...အတော့်ကို နူးညံ့သိမ်မွေ့လွန်းတဲ့ ဝဋ္ဋနာပါလား ဦးမင်္ဂလာရေ၊ အခု ကျုပ်တို့ခေတ်နဲ့သာ ပြောရရင် တချို့က အရေး တယူ နှုတ်ဆက်မေးမြန်းပြောဆိုနိုးနှောတဲ့ ဘုန်းကြီးရဟန်းကိုမှ ပိုပြီး ကြည်ညိုတတ်ကြတယ်၊ မပြောဘဲနေရင်လည်း သာသနာ ရေးရာ ဘာမှ မသိရှာတဲ့ ဒါယကာ ဒါယိကာမတို့အဖို့ နားမလည်နိုင်ရှိကြမှာပဲ"

"နားလည်တဲ့ဒကာ ဒကာမကျတော့ ကိုယ့်ဆရာတော်ကို ပိုပြီးတော့တောင် ကြည်ညိုသေးသဗျ၊ ဆရာတော်ဦးဖုမ်နဲ့အုတ်ကျောင်း ဒကာမကြီး နန်းမတော်မယ်နုကို ကြည့်လေ။ အင်းဝမှာ နန်းမတော် ကြီးက မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး ဆရာတော်ကိုတင်လှူကိုးကွယ်ထားတယ်။ ဒါပေမဲ့ ကျောင်းလာပြီး ဆရာ တော့်ကို ဖူးမြင်တဲ့အခါတိုင်း ဆရာတော်က စာကြည့်ရာမှ မိဖုရားကြီးကို လှည့်၍တောင် ကြည့်တော်မမူပါဘူးတဲ့၊ မိဖုရားကြီးကလည်း အားရအောင် ကြည်ညို ဖူးမြော်ပြီး ကန် တော့ ဝတ်ချ၍သာ ကျေကျေနပ်နပ် ပြန်သွားလေ့ ရှိပါသတဲ့၊ တစ်ခါတစ်ရံ မိဖုရားကြီး သာမကပါဘူး၊ ဘကြီးတော်ဖန်နန်းရှင်မင်းတရားပါလာလည်း ရှင်ဘုရင်ရယ်လို့ လှည့် ကြည့်တော်မမူဘဲ စာကြည့်မြဲသာ ကြည့်နေပါသတဲ့"

"ဆရာတော်ကြီးကလည်း နေနိုင်လိုက်တာ၊ ဘုရင်နှင့်မိဖုရား ကလည်း တစ်စုံ တစ်ရာမှ စတင် လျှောက်ထားခြင်း မပြုဘူးတဲ့လားဗျာ"

"အမယ်လေး ရှေးခေတ်က ဒကာ ဒကာမဆိုတာ ကိုယ် ကိုးကွယ်တဲ့ ဆရာတော် ကြီးများကို အလွန် ရိုသေကြတယ်၊ အလွန်လည်း ကြောက်ကြတယ်၊ စကားဦးသန်းပြီး ပြောဆိုဖို့ ဆိုတာမျိုးတော့ ဝေးရော၊ မိဖုရားကြီး ဘဝတစ်သက်တာမှာ သာယာဝတီ ကုန်းဘောင်မင်းက ရာဇဝတ်တော်ပေးလို့ အကွပ်အမျက်ခံဖို့ရာ လိုက်ပါသွားရင်း ဖူးမြော် ခြင်းအနေနဲ့ ဆရာတော့်ကိုဝင်ဖူးတဲ့အခါတုန်းကသာ 'တပည့်တော်မ နောက်ဆုံး ကန်တော့ ခြင်းနဲ့ ကန်တော့လိုက်ပါတယ်ဘုရား'လို့ စကားဦးသန်းပြီး အရဲစွန့် လျှောက်ဖူး ပါသတဲ့၊ အဲသည်တော့မှ ဆရာတော်ကြီးက စာကြည့်ရာက လှည့်ပြီး 'ဟဲ့–မိနု၊ သူ့ကြွေးရှိ ဆပ်ရ လိမ့်မယ်'လို့ တစ်ခွန်းတည်းသာ မိန့်တော်မူလိုက်ပါသတဲ့၊ မိဖုရားကြီးကလည်း 'ငါ့နာမည် ခေါ်ပြီး တရားဟောတော်မူလိုက်တာ၊ သေပျော်ပြီတဲ့'လို့ ကျေကျေနပ်နပ်ကြီး လိုက်ပါ သွားတော်မူပါသတဲ့"

"အင်း...ခင်ဗျားပြောသလို 'သာသနာ'ရေး ဝပြီး နားလည်တဲ့ ဒကာမဗိုလ် အကြည်ညိုကြီး ကြည်ညိုတတ်ပေတာပဲ၊ အခုခေတ် ဒကာ ဒကာမများနဲ့သာဆိုရင် 'ဆရာတော်ကလည်း ကိန်းကြီးခန်းကြီးနိုင်တယ်'လို့ ဝေဖန်မလားမသိဘူး။ ကျုပ်သာ ဆရာတော်ဖြစ်ရင်လည်း ကိုယ့်ကို ကြည်ညိုအောင် လောကဝတ် ပြုမိတာနဲ့ 'ဝဋ္ဋနာ'များ 'ထိ' သွားမလား မပြောတတ်ပါဘူး"

"ဟုတ်တာပေါ့ဗျာ၊ ကိုယ့်စိတ်ကို အသိဆုံး ဆိုပေမယ့် ကိုယ့် စိတ်ကို 'လှစ်'ခနဲ ပြန်လိမ်တာကို ခံရတတ်ပါတယ်လို့ ဟောအထားသားပဲ၊ လူနဲ့လူချင်းသာဆိုရင် ဒီ ကိစ္စမျိုးဟာ ထမင်းစားရေသောက် သဘောထားပြီး ရွှန်းရွှန်းဝေအောင် လောကွတ်လုပ်ကြမှာဖြစ်တယ်၊ လုပ်လည်း လုပ်နေကြတာပဲ၊ လုပ်လေ ကိုယ့်အတွက် ကောင်းလေ၊ လုပ်လို့လည်း အပြစ်မရှိဘူးမဟုတ်လား၊ ဟော ရဟန်းတော်များ အတွက်ကျတော့ နည်းနည်းလေးမှ အတိမ်းအစောင်းမခံတဲ့ ဘုရား ဥပဒေတော်ကြီးကို စောင့်ထိန်းနေရတာ ကျွန်တော်တို့ ရိပ်မိနိုင်ကြပြီ၊ ကိုရေချမ်းစဉ်းစားကြည့်စမ်း၊ ကျုပ်တို့ ခင်ဗျားတို့ သိထားကြတာက ရဟန်းတော်များ သိက္ခာပုဒ်ဟာ ၂၂၇ သွယ်သော သိက္ခာပုဒ်လို့သာ သိထားကြတယ် မဟုတ်လား၊ အဲသည်လောက် သိက္ခာပုဒ်ကိုတော့ စာအုပ်ထဲမှာကြည့်ရင် သိနိုင်ပါသေးတယ်၊ အဲဒီ သိက္ခာပုဒ်များကို အနုစိတ် စိတ်လိုက်တဲ့ အခါမှာတော့ 'ကုဋေ ကိုးထောင်' အထိ ဖြစ်လာသတဲ့လေ"

"အေးဗျ၊ ကျုပ်လည်း ဒီလို ကြားဖူးတာပဲ၊ ကုဋေကိုးထောင် ဆိုတာက တစ်ကုဋေ၊ နှစ်ကုဋေ၊ ဆယ်ကုဋေ၊ ရာကုဋေ၊ ထောင်ကုဋေ ကုဋေကိုးထောင်အထိဆိုတော့ ဘယ်လိုသိက္ခာပုဒ်တွေလဲ ဆိုတာတောင် ကျွန်တော်တို့ မသိနိုင်တော့ပါဘူး"

"ဒါကြောင့် ကျုပ်တို့ သိနိုင်လောက်တဲ့ ဥပမာလေးတစ်ခုနဲ့ တင်စားပြထားတဲ့ စကားရှိတယ် မဟုတ်လား၊ ရဟန်းတော်များ စောင့်ထိန်းတော်မူကြရတဲ့ အနုသာသန သိက္ခာပုဒ်များဟာ အပ်ဖျားပေါ်မုန်ညင်းစေ့ကလေး တင်ထားသလို ဖြစ်နေပါသတဲ့၊ နည်းနည်းလေးမှ အတိမ်းအစောင်းမခံပါဘူးတဲ့"

"အင်း...ဒီလိုသိရလေ သံဃာ့ဂုဏ်ကို ပို၍ ကြည်ညိုစရာ ကောင်းလေပဲဗျာ"

"ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော လို့ ဟောတော်မူထားတာပဲဗျာ၊ ဘဂဝတော=မြတ်စွာဘုရား၏။ သာဝက သံဃော= တပည့်သား သံဃာတော်သည်။ ဥဇုပ္ပဋိပန္နော=သာဌေယျ မာယာ ကင်းစင်ကွာ၍ ဖြောင့်စွာ ကျင့်ကြံတော်မူပါပေ၏။"

"အင်း...ဒါကြောင့်လည်း လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ရှိခိုး ပူဇော်ခြင်းကို ထိုက်ထိုက်တန်တန် ခံတော်မူထိုက်တဲ့ အဋ္ဌလိကရဏီယဂုဏ်နှင့် ပြည့်စုံတော်မူတာ ပေါ့ဗျာ၊ ဒီတော့ ဒီလို လုပ်ကြပါစို့လားဗျာ၊ ရဟန်းတော်များနဲ့သာ တိုက်ရိုက်သက်ဆိုင်တဲ့ ဝဋ္ဋနာမျိုးကိုလည်း အကျဉ်းဖြစ်ဖြစ် ကျွန်တော်တို့ကြည်ညိုရအောင် ဆွေးနွေး သွားကြတာပေါ့"

"ဒီလိုဆိုလည်း ကောင်းပါပြီဗျာ"

### (၁၀) အသံဝိဘာဂ သီလတာ က အာဇီဝပါရိသုဒ္ဓိယောင် ဆောင်ခြင်း။

အာဇီဝ ပါရိသုဒ္ဓိ ပတိရူပတာယ အသံ ဝိဘာဂ သီလတာ ဝဋ္ဋေတိ။

အာဇီဝ ပါရိသုဒ္ဓိ ပတိရူပတာယ=ဖြူစင်သော အသက်မွေးခြင်းနှင့်တူသဖြင့်။ အသံ ဝိဘာဂသီလတာ=မိမိ ပစ္စည်းဥစ္စာတို့ကို ဝေဖန်၍ သုံးဆောင်လေ့ မရှိသော လောဘ, မစ္ဆေရ အကုသိုလ် တရားသည်။ ဝဋ္ဋေတိ= လှည့်ပတ်တတ်၏။

"အရပ်စကားနဲ့ နားလည်အောင် ပြောရရင်တော့ဗျာ၊ သီလ မစင်ကြယ်သူတို့ထံ မိမိပစ္စည်းရောက်သွားမှာ စိုးရိမ်သလိုလိုနဲ့သင်္ကန်း ပရိက္ခရာ စသည်တို့ကို မဝေဖန် မခွဲခြားမပေး မလှူတာကိုပဲ အာဇီဝပါရိသုဒ္ဓိလို့ ထင်နေတတ်ကြသတဲ့၊ တကယ်တော့ တွန့်တိုတဲ့စိတ်က အယောင်ဆောင်တာပဲတဲ့၊ အဲသည်လောက်ပဲ ဆွေးနွေးကြပါစို့ဗျာ၊ နောက် တစ်ခု ဆက်ရအောင်"

### (၁၁) မိစ္ဆာဇီဝ က သံဝိဘာဂသီလတာယောင် ဆောင်ခြင်း။

သံဝိဘာဂ သီလတာပတိရူပေန မိစ္ဆာဇီဝေါ ဝဋ္ဋေတိ။

သံဝိဘာဂ သီလတာ ပတိရူပေန=မိမိ ပစ္စည်းဥစ္စာတို့ကိုဝေဖန်ဖြန့်ဖြူး၍ သုံးဆောင်လေ့ရှိသော သဒ္ဓါမေတ္တာနှင့် တူသဖြင့်။ မိစ္ဆာဇီဝေါ=အလဇ္ဇီပုဂ္ဂိုလ်နှင့် ဝေဖန် ဖြန့်ဖြူး သုံးဆောင်ခြင်းတည်းဟူသော မိစ္ဆာဇီဝ အကုသိုလ်တရား သည်။ ဝဋ္ဋေတိ=ခွဲခြမ်းဝေဖန်ခြင်း နာယကဂုဏ်တည်းဟူသော သဒ္ဓါမေတ္တာအယောင် ဟန်ဆောင် လှည့်ဖျားတတ်၏။

"အဲဒါကတော့အထက်ကဝဋ္ဋနာနဲ့ပြောင်းပြန်ဖြစ်လိမ့်မယ်ထင်တယ်ဗျို့၊ အထက်ပါ ဝဋ္ဋနာက သီလ မရှိတဲ့ပုဂ္ဂိုလ်တွေထံ မိမိပစ္စည်းရောက်သွားမှာ စိုးရိမ်သလိုလိုနဲ့ ကိုယ့်ပစ္စည်းများကို မဝေဖန် မခွဲခြားရက်တာ၊ အခုဝဋ္ဋနာကျတော့ သီလမစင်ကြယ်သူပဲ ဖြစ်ပါစေ ကိုယ့်မှာနာယကဂုဏ်နဲ့ပြည့်စုံပြီး သဒ္ဓါမေတ္တာနဲ့ လှူဒါန်းစွန့်ကြဲ ပေးကမ်းရက်တယ်လို့ အများက ထင်အောင် မိမိ ပစ္စည်းများကို ဝေငှခွဲခြမ်းတာလို့ အများက ထင်အောင် မိမိပစ္စည်းများကို ဝေငှခွဲခြမ်းတာ လို့ အဓိပ္ပာယ်ကောက်ယူရမယ်ထင်ပါတယ်ဗျာ၊ ဒါလည်း သည်လောက်ပဲ ပြောကြပါစို့"

### (၁၂) အသင်္ဂဟသီလတာ က အသံသဂ္ဂဝိဟာရိတာယောင် ဆောင်ခြင်း။

အသံ သဂ္ဂ ဝိဟာရိတာ ပတိရူပေန အသင်္ဂဟ သီလ တာ ဝဋ္ဋေတိ။

အသံ သဂ္ဂ ဝိဟာရိတာ ပတိရူပေန=ဒါယကာတို့နှင့် မနီးနှော၊ ဝိနည်းတရားနှင့် အညီ နေလေ့ရှိသော သူတော်ကောင်းရဟန်းတို့အဖြစ်နှင့် တူသဖြင့်။ အသင်္ဂဟ သီလတာ = တရားနှင့် လျော်သော ဝစနပဋိသန္ထာရ ဓမ္မပဋိသန္ထာရတို့ဖြင့် ဒါယကာတို့အား ချီးမြှောက်လေ့ မရှိခြင်းတည်း ဟူသော ကရုဏာ မေတ္တာ သဒ္ဓါကင်းသော မသူတော် တရား သည်။ ဝဋ္ဋေတိ=လူတို့နှင့် မရောမနှောခြင်း တည်း ဟူသော သီလအယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

"ကိုရေချမ်းရေ၊ အဲဒီ ဝဋ္ဋနာ ကျတော့ ဒါယကာတို့နဲ့ မနီး မဝေး မပြောမဆိုတာ ကိုပဲ ဝိနည်းတော်ကို ရိုသေစွာ ကျင့်ဆောင်နေသကဲ့သို့ လှည့်ဖြားတတ်ပြန်ရောတဲ့ဗျ။ သဘောကတော့ ရေငုံ ဆရာတော်တို့လို အချည်း နှီးသော စကားမျိုး တစ်ခွန်းမှ မထွက်မိ မပြောမိအောင် ခပ်မဆိတ်နေတော်မူတာမျိုးကို ဆိုလိုဟန်မရှိပါဘူး၊ ဆရာတော် ဦးဗုဓ် တို့လို စာကြည့်ပျက်မှာစိုးလို့ မပြောမဆိုတာမျိုးလည်း မဟုတ်တန်ရာပါဘူး၊ ကိစ္စ မရှိဘဲ သက်သက်မယ့် ဒကာဒကာမအပေါ်မှာ မေတ္တာသဒ္ဓါ ရေးမရှုဘဲ စကားပြောခြင်း၊ တရားဟောခြင်းမရှိတာ၊ အသိအမှတ်မပြုဘဲ နေတာမျိုးကို ဆိုလိုဟန် ရှိပါတယ် ဗျာ၊ ကျုပ်တော့ သည်လောက်ပဲ သဘောပေါက်မိပါတယ်၊ အလွန် နူးညံ့တဲ့ ဝဋ္ဋနာတွေ ဆိုတော့ အသိရ အခက်သားကလားဗျ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ အပ်ဖျားပေါ် မုန်ညင်းစေ့ တင်ထားတာပဲဗျို့၊ ကဲ...နောက် တစ်ခုက ဆက်ပါဦး"

(၁၃) အနနုလောမိတဂိဟိသံသဂ္ဂ က သင်္ဂဟ သီလတာယောင် ဆောင်ခြင်း။
သင်္ဂဟ သီလတာ ပတိရူပတာယ အနနုလောမိတဂိဟိ သံသဂ္ဂေါဝဋ္ဋတိ။
သင်္ဂဟ သီလတာပတိရူပတာယ = ဒါယကာတို့အား ဝိနည်းတရားနှင့် အညီ အာမိသပဋိသန္ထာရတို့ဖြင့် ချီးမြှောက်ခြင်းနှင့် တူသဖြင့်။ အနနုလောမိက ဂိဟိ သံသဂ္ဂေါ= ရဟန်းတရားနှင့် မလျော်သော လူတို့နှင့်ရောနှောခြင်း ဂိဟိသံသဂ္ဂ တရားသည်။ ဝဋ္ဋတိ= လှည့်ပတ်တတ်၏။

"အဲဒါကလည်း အထက်က အသင်္ဂဟသီလတာ ဝဋ္ဋနာနဲ့ ပြောင်းပြန် ဖြစ်နေပြန် ရော ကိုရေချမ်းရေ၊ အထက်က ဝဋ္ဋနာက ဒကာဒကာမတို့နဲ့ မရောနှော မရင်းနှီးမှ အထင် ကြီး လိမ့်မယ်လို့ ဆိတ်ဆိတ်နေတဲ့ သဘော၊ အခု ဝဋ္ဋနာကျတော့ ရဟန်းနဲ့အပ်စပ်တဲ့ စကားမျိုး တရားမျိုးလောက် ပြောရမယ့်အစား လူအမှု လူကိစ္စတွေထဲသို့ နယ်ကျွံပြီး ပြောမှား ဆိုမှား စကားကြွယ်လွန်းသွားတာ၊ အဲဒါကိုပဲ အပြစ်ကင်းတဲ့ ချီးမြှောက်မှုလို့ ထင်အောင် လှည့်ဖြားတတ်သတဲ့..."

"ဒါကတော့ ကျွန်တော် သဘောပေါက်သဗျို့၊ ကဲ... နောက် တစ်ခု ဆက်ပါဦး"

(၁၄) ပိသုဏဝါစတာ က သစ္စဝါဒိတာယောင် ဆောင်ခြင်း။
သစ္စဝါဒိတာ ပတိရူပေန ပိသုဏဝါစတာ ဝဋ္ဋတိ။
သစ္စဝါဒိတာပတိရူပေန=အမှန်ကို ဆိုလေ့ရှိသော သူ၏အဖြစ် တည်းဟူသော သူတော်တရားနှင့် တူသဖြင့်။ ပိသုဏဝါစတာ =သူနှစ်ယောက်တို့၏အကြား ကွဲပြားစိမ့် သောငှာ ကုန်းချော ပြောဆိုခြင်းတည်း ဟူသော မသူတော် တရား သည်။ ဝဋ္ဋတိ= လှည့်ပတ်တတ်၏။

"အဲဒီ ဝဋ္ဋနာကတော့ ရဟန်းတော်များအတွက်သာ မကဘူး၊ ကျုပ်တို့နဲ့လည်း တိုက်ရိုက်သက်ဆိုင်တာမို့ ဆွေးနွေးဖို့အလွန်ကောင်းပါလိမ့်မယ်၊ မိမိအတွက် ဖြစ်စေ၊

သူတစ်ပါးအတွက်ဖြစ်စေ မဟုတ် မမှန် ပြောလေသမျှဟာ မုသာဝါဒလို့ ဆိုတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ပါဠိဘာသာနဲ့တွဲပြီး 'မုသားစကား'လို့တောင် မြန်မာလို ပြောနေကြတာပဲ"

"အေးဗျာ...ပိသုဏဝါစာကျတော့ လူနှစ်ဦးအကြားမှာ သို့မဟုတ် အဖွဲ့အစည်းနှစ်ရပ်ကြားမှာ အကျိုးမဲ့ စေလိုတဲ့ စိတ်ထားနဲ့ မဟုတ်မမှန်တာပဲ ဖြစ်စေ၊ ဟုတ်မှန်တာပဲ ဖြစ်စေ ကုန်းချော ပြောဆိုတာမျိုးဖြစ်တယ်"

"အင်း–ကုန်းချောတယ်ဆိုတာ ခြေထိုးခြင်း၊ကတုန်းကတိုက်လုပ်ခြင်း၊ ခလောက်ဆန်ခြင်း၊ တို့မီးရှို့မီး လုပ်ပေးခြင်း၊ ပစ်စာ ရေးသားပို့ခြင်း၊ အဲသည်လို ချစ်ကြည်ညိုနေကြတဲ့ ပုဂ္ဂိုလ် နှစ်ယောက်အကြားမှာ မိမိက မလိုမုန်းထားသူတစ်ဦးရဲ့ အကျိုးမဲ့ကို ဖြစ်စေလိုတာကြောင့် တွန်းတာတိုက်တာမျိုး ပေါ့ဗျာ၊ အဲသည်လို တွန်းတာ တိုက်တာမျိုးဟာ သတ္တိရှိဖို့လည်း မလိုဘူး၊ မဟုတ်မမှန် လုပ်ကြံလီဆယ်ပြောတာမျိုးကို မဆိုထားနှင့် သူတစ်ပါးရဲ့ပြုမိတဲ့ အပြစ် အနာအဆာကလေးများကိုတောင် အလိုဆိုးနဲ့ ပြောမိလျှင် ပိသုဏဝါစာ ဖြစ်သွားမှာပဲ ကိုရေချမ်းရေ"

"ကျုပ်ဖြင့် ပိသုဏဝါစာရဲ့ အကုသိုလ် အပြစ်ဟာ မုသာဝါဒ အကုသိုလ်အပြစ်ထက်တောင် ကြီးလိမ့်မလားလို့ ထင်မိတယ်၊ လိစ္ဆဝီမင်းတို့အကြားမှာ ဝဿကာရ ပုဏ္ဏားရဲ့ ခလောက်ဆန်မှုကြောင့် အပရိဟာနိယတရား ၇ ပါးနဲ့ ပြည့်စုံနေတဲ့ဝေသာလီပြည်ကြီး ပျက်စီးရတယ် မဟုတ်လား"

"ဟုတ်ပါရဲ့၊ တစ်ဦးနှင့်တစ်ဦး မေတ္တာပျက်ဖို့၊ အယုံကြည်ကင်းဖို့၊ သွေးခွဲဖို့ နေရာ မှာ မိမိ၏လျှာဖျားဟာ ဓား လှံ လက်နက် တို့ထက် ထက်မြက်နေတာမို့ 'ဝစီဘေဒ ထိတိုင်းရှ'နိုင်ပါတယ်၊ ဒီလို စိတ်ဆိုးစိတ်ယုတ်မာမျိုးဟာ ကျွန်တော်တို့တစ်တွေကို လွယ်လွယ် ကလေးနဲ့ ဖျက်ဆီးနိုင်ပါတယ်၊ 'အဆင်းတွန်းကြတာ'မျိုး ဖြစ်ပါလိမ့်မယ်၊ အဲသည်လို အလိုဆိုး မဟုတ်ဘဲနဲ့တောင်မှ ပိသုဏဝါစာ ယောင်ယောင် ဖြစ်သွားနိုင်ပါသေးတယ်တဲ့"

"အဲဒါက ဘယ်လိုလဲ၊ ရှင်းစမ်းပါဦး"

"သူတစ်ပါး၏ အပြစ်ကို အကျိုးရှိရာ အရာရောက်ရာမှာသာ 'မှန်တာပြော သစ္စာ' ဆိုပြီး အမှန်ကိုပြောဆိုပေမယ့် အကျိုးမရှိရာ အရာ မရောက်ရာတို့၌ ခဏခဏပြောမိရင် ပိသုဏဝါစာ ဖြစ်တတ်သတဲ့ဗျို့"

"ဒါလည်း တော်တော်သိမ်မွေ့ပြီး အသိခက်တဲ့ ဝဋ္ဋနာပဲ ဦးမင်္ဂလာရေ"

**(၁၅) အနတ္ထကာမတာ က အပိသုဏဝါစတာ ယောင် ဆောင်ခြင်း။**

အပိသုဏ ဝါစတာ ပတိရူပေန အနတ္ထကာမတာ ဝဋ္ဋေတိ။

အပိသုဏ ဝါစတာ ပတိ ရူပေန=သူတစ်ပါးတို့ ကွဲပြားကြောင်းကို မပြောမဆိုခြင်း ဟူသော အပိသုဏဝါစာ သုစရိုက်တရားနှင့်တူသဖြင့်။ အနတ္ထကာမတာ=

သူတစ်ပါးတို့၏ အကျိုးမဲ့ကို လိုလားခြင်း ဟူသော ဣဿာ မစ္ဆေရ, ဒေါသမှု အကုသိုလ်တရားသည်။ ဝဋ္ဋေတိ=သူတစ်ပါးတို့ ပျက်ပြားလတ္တံ့သည်ကို သိမြင်လျက် ကုန်းတိုက်ရာ ရောက်မည်ကြောင့် မပြောမဆိုဝံ့သည့်အဟန် ကြဲစည်ဖြားယောင်းတတ်၏။

"ဒါကတော့ ရှင်းပါတယ်ဗျာ၊ ဥပမာ-မောင်ဘက မောင်လှကို အကျိုးမဲ့ရာ မဲ့ကြောင်း ကြံစည် ပြုလုပ်နေတယ်ဆိုတာ မိမိက သိပါလျက် ကြားပါလျက်နှင့် မောင်လှရဲ့ အကျိုးမဲ့ကို မကာကွယ် လိုချင်တဲ့ သဘောကြောင့် မောင်ဘ၏ သဘောထားကို မောင်လှအား သွားပြောလျှင် ပိသုဏဝါစာ ဖြစ်လိမ့်မယ် ဆိုပြီး မသိကျိုးနွံပြုနေလိုက်တဲ့ သဘောပါဗျာ၊ အဲဒါ ပိသုဏဝါစာတော့ မဖြစ်ဘူးပေါ့၊ မောင်လှအပေါ်မှာတော့ မိတ်ဆွေကောင်းတို့၏ ဝတ္တရားမှ ပျက်ကွက်ပြီး 'ဖမ်းတဲ့ဂဠုန်၊ ခုန်တဲ့နဂါး၊ တို့ကတော့ အကြည့်သမား' ဆိုသလို ကြည့်နေတဲ့ စိတ်ထားမျိုးပေါ့ဗျာ"

"နေသာပ လေညာက ဆိုတဲ့ လူစားမျိုးပေါ့လေ၊ ကောင်းတဲ့ စိတ်တော့ မဟုတ်ပေဘူးဗျို့"

"မကောင်းတဲ့ စိတ်တွေက လိမ်တတ်၊ လှည့်ပတ်တတ်လို့ ဝဋ္ဋနာလို့ ခေါ်တာပေါ့ဗျာ"

(၁၆) ကုလမစ္ဆရိယ က ကုလာ နုဒယတာယောင် ဆောင်ခြင်း။

ကုလာ နုဒယတာ ပတိရူပတာယ ကုလမစ္ဆရိယံ ဝဋ္ဋေတိ။

ကုလာ နုဒယတာ ပတိရူပတာယ=အလုပ်အကျွေးဒါယကာ တို့အား သနားအားနာခြင်းဟူသော ကုသိုလ်တရားနှင့် တူသဖြင့်။ ကုလမစ္ဆရိယံ=မိမိ ဒါယကာအိမ်တွင် ဝင်ရောက်သူ အလှူခံတို့အား နလုံးမသာခြင်း ဒေါသ မစ္ဆေရ တရားသည်။ ဝဋ္ဋေတိ= ဒါယကာတို့အား သနားခြင်း ကရုဏာဟန် ကြံစည် လှည့်ပတ်တတ်၏။

"အဲဒီ သဘောက မိမိအား အမြဲထောက်ပံ့ လှူဒါန်းနေသူ ဒါယကာထံ တစ်ပါးသော အလှူခံ ပုဂ္ဂိုလ်က ချဉ်းကပ်လာရောက် အလှူခံတဲ့အခါ မိမိရသကဲ့သို့ ထိုအလှူခံရသွားမှာ စိုးလို့ မလို မစ္ဆေရ ဖြစ်သွားတာကို ကိုယ့်ဒါယကာအား အားနာတဲ့သဘော သနားတဲ့ သဘောကဲ့သို့ ထင်အောင် ပြုတတ်ပါသတဲ့၊ ဒါမျိုးက တစ်ခါတစ်ရံသာ အလှူခံတာဆိုရင် မစ္ဆေရပြင္ဒာန်းတဲ့ စိတ်ဖြစ်မယ် မထင်သေးပါဘူး၊ အမြဲတမ်း အလှူခံနေသူဖြစ်ရင်တော့ မိမိက ကိုယ့်ဒါယကာကို တာဝန်တက်နေမည်စိုးသလိုလို ကိုယ်က ကြားကအားနာသလိုလိုနဲ့ မစ္ဆေရပြင္ဒာန်းတဲ့စိတ် ဖြစ်မှန်းမသိ ဖြစ်နေတတ်ပါသတဲ့"

"ဒီသဘောကို ကုလမစ္ဆေရလို့ ပြောနိုင်လိမ့်မယ်ထင်တယ် ဦးမင်္ဂလာ"

"ပြောနိုင်တာပေါ့ဗျာ။ စိတ်ဆိုသောစိတ်အကြောင်းနဲ့ ပတ်သက်ပြီး ငါးရာ ငါးဆယ် ဇေကနိပါတ် လောသကဇာတ်က လောသကတိဿရဟန်းရဲ့ မစ္ဆေရပြင္ဒာန်းတဲ့စိတ်အကြောင်းကိုရေးခဲ့ဖူးပါတယ်။ မိမိကိုကြည်ညိုပြီး အမြဲထောက်ပံ့လှူဒါန်းနေတဲ့ ဒါယကာ

ထံ အာဂန္တုရဟန်းတစ်ပါးက အလှူလာခံတော့ ဆွမ်းသာမက နေစရာကိုပါ မိမိနှင့်အတူ နေရာပေးလို့ မစ္ဆေရပြဋ္ဌာန်းတဲ့စိတ် ဖြစ်ခဲ့ရတဲ့ အကြောင်းပေါ့"

"အဲဒီ စိတ်မျိုးဟာ ကျုပ်တို့တစ်တွေလည်း ဖြစ်တတ်သဗျနော်၊ ဥပမာ–မိမိကို ထောက်ပံ့ချီးမြှောက်လေ့ရှိတဲ့ မိမိရဲ့ဆရာ၊ မိမိရဲ့ အထက်လူကြီးထံကို တစ်ပါးသူ တစ်ဦးတစ်ယောက်က ဝင်ရောက်ချဉ်းကပ်တပည့်လာခံတဲ့အခါမလိုတမာဖြစ်လာတတ်ကြတယ်၊ အဲဒါကိုပဲ မိမိက ကိုယ့်ဆရာမှာ တာဝန်ပိုလာမည်ကို စိုးရိမ်သလိုလို၊ အားနာ သလိုလို၊ ကရုဏာ သက်သလိုလိုအထင်နဲ့ ကိုယ့်ကိုယ်ကိုလိမ်နေတတ်ပါသတဲ့၊ တကယ် ကတော့ အထက်လူကြီးက မိမိမှတစ်ပါး အခြားသူတစ်ယောက်ကို ချီးမြှောက် မ,စမှာ ဝန်တိုတဲ့ သဘောပဲ"

"ဒါလည်း ဝဋ္ဋနာပေါ့"

**(၁၇)အာဝါသမစ္ဆရိယ က အာဝါသစီရတရကာမတာယောင်ဆောင်ခြင်း။**

အာဝါသ စီရတရ ကာမတာ မုခေန အာဝါသ မစ္ဆရိယံ ဝဋ္ဋေတိ။

အာဝါသ စီရတရ ကာမတာ မုခေန = မိမိ ကျောင်းတိုက် နေရာ အာဝါသ၌ သံဃာတော်ကို နှလုံးမွေ့လျော် ပျော်ဖွယ်သာယာ ရှည်မြင့်စွာ တည်ရစ်စေသောဟု ဥယျာဉ် သစ်ပင် တီထွင်ပြုစု ကြည့်ရှု စောင့်ရှောက်ခြင်းကို အရင်းမူသဖြင့်။ အာဝါသ မစ္ဆရိယံ=ကျွဲ နွား လူသူ လုယူဖျက်ဆီးသည်များကို မသဒ္ဓါ မကြည်ညို ဝန်တိုခြင်း အာဝါသ မစ္ဆေရ အကုသိုလ်တရားသည်။ ဝဋ္ဋေတိ= သဒ္ဓါ မေတ္တာယောင် ဟန်ဆောင်ဖြားယောင်းတတ်၏။

"ယခု ဝဋ္ဋနာကတော့ ရဟန်းတော်များအတွက်သာ ပို၍ သက်ဆိုင်ပါလိမ့်မယ်၊ မိမိ ကျောင်းတိုက်ကို အရှည်သဖြင့် မပျက်မစီး တည်တံ့ပြီး နောင်လာနောက်သား သံဃာတော်များ ချမ်းချမ်းသာသာ နေရအောင် စောင့်ရှောက်ရင်းက အစောင့်အရှောက်လွန်ကဲပြီး ကျွဲနွား လူသူ လုယူ ဖျက်ဆီးမှာကို အစိုးရိမ်လွန်ခြင်း၊ ဝန်တိုခြင်း၊ အဖျက် ဆီးခံရတဲ့အခါ ဒေါသဖြစ်ခြင်း သဘောကို ပြဆိုတော်မူတာ ဖြစ်ပါလိမ့်မယ်"

"အဲဒီ သဘောဟာ သံယောဇဉ်ကြီးမားလွန်းလို့ အာဝါသ မစ္ဆရိယ ဖြစ်သွားတဲ့ သဘော လို့ ဆိုရမှာပဲ၊ ကျုပ်တို့အနေနဲ့ အသိခက် လှတဲ့ ဝိနည်းတော် အရာကို နားလည်ဖို့ အများကြီး လိုပေလိမ့်ဦးမယ်၊ လူတွေအတွက် ဆိုရင် ဒီဝဋ္ဋနာမျိုးနဲ့ ညှိုးနွမ်း ညစ်ကျုခြင်း ဖြစ်နိုင်မယ် မထင်ဘူးနော်"

"ဟာ... လူတွေက သီလဝိသုဒ္ဓိမှမဖြစ်ဘဲ၊ 'လက်နီးစုတ် အိုးမည်းပေ'လို့ ပိုမဆိုးပါဘူးဗျာ၊ ရှင်တော်ဘုရား ဟောကြားထားတဲ့ ငါးရာ့ငါးဆယ် 'သိဃ်ပုပ္ဖဇာတ်'ကို ကြည့်လေ၊ ရသေ့တစ်ပါးဟာ ကန်ပေါင်မှာနေပြီး ကန်တွင်းက ကြာပန်းတွေရဲ့အနံ့ကို ရှူရှိုက်နေမိ သတဲ့။ အဲဒီအခါ ကန်စောင့်နတ်သမီးက 'ကြာနံ့တွေကို ခိုးရှူနေရသလား'လို့စွပ်စွဲသတဲ့။ အဲဒီအချိန်မှာပဲ ရွာသားတစ်ယောက်က ကန်ထဲဆင်းပြီး ကြာပန်းတွေကို ချိုးယူထွက်သွားသတဲ့။ သည်တော့ ရသေ့က နတ်သမီးကို အခုလို ပြောသတဲ့။

'အသင် ကန်စောင့်နတ်သမီး၊ ငါက ကြာနံ့တွေကို ရှူရုံသာ ရှူနေမိတာပါ၊ ဒါကို ကြာနံ့ခိုးတယ်လို့ စွပ်စွဲပြောဆိုတယ်၊ အခုန ခရီးသွားက ကန်ထဲဆင်းပြီး ကြာရိုးကြာစွယ်တွေကို ချိုးယူသွားတာ ကျတော့ ဘာကြောင့် ကြာသူခိုးလို့ မပြောမဆို နေလိုက်သလဲ'

"ဒီတော့ ကန်စောင့်နတ်သမီးက...

'သီလ မရှိတဲ့လူတွေကို ပြောနေဖို့မလိုပါဘူး၊ အရှင်ရသေ့ တို့လို အပြစ်မရှိအမြစင်ကြယ်နေတဲ့ သူတော်ကောင်းတို့မှာတော့ သေးငယ်တဲ့ အပြစ်ကလေးပင် ဖြစ်ပါစေ အလွန်ကြီးမားပါတယ်'လို့ ပြန်ပြောသတဲ့လေ။

"ဟုတ်တာပေါ့၊ လက်နီးစုတ်ကို အိုးမည်းပေလို့ ဘာမှ မထူးပေမယ့် အလွန်ဖြူစင်တဲ့ မျက်နှာသုတ် ပဝါမှာ အစွန်းလေး တစ်ကွက် ထင်ရင် အရုပ်ဆိုးသွားတာပဲလေ"

(၁၈) ဓမ္မမစ္ဆရိယ က ဓမ္မပဋိဗန္ဓ ပရိဟာရဏတာယောင် ဆောင်ခြင်း။

ဓမ္မပဋိဗန္ဓပရိဟာရဏတာမုခေန ဓမ္မမစ္ဆရိယံ ဝဥ္စေတိ။

ဓမ္မပဋိဗန္ဓ ပရိဟာရဏတာ မုခေန=တရားနှင့်စပ်သောဘဏ္ဍာကို သိမ်းဆည်းစောင့်ရှောက်ခြင်းကို အရင်းပြုသဖြင့်။ ဓမ္မမစ္ဆရိယံ =ဓမ္မမစ္ဆရိယ အကုသိုလ်တရားသည်။ ဝဥ္စေတိ= လှည့်ပတ်တတ်၏။

"တရားနှင့်စပ်သော ဘဏ္ဍာကို သိမ်းဆည်းစောင့်ရှောက်ခြင်း ကို အရင်းပြုသဖြင့် ဓမ္မမစ္ဆေရစိတ် ဖြစ်တတ်သည်၊ ပိဋကတ်စာပေ စေတီပုထိုး ကိုးကွယ်ပြုစု ကြည့်ရှု စောင့်ရှောက်ခြင်းကို အရင်းပြု သဖြင့် ရွှေပွတ်,စာခိုး လူဆိုး လူပျက် စသည်တို့၌ နှလုံးမသာ မစ္ဆေရ စိတ် ဖြစ်သကဲ့သို့ဟု ဆိုလိုသည်။

ရွှေကျင်ဆရာတော်က အဲဒီဝဥ္စနာနဲ့ပတ်သက်လို့ အခုလို အကျယ်ဝိတ္ထာရ ချဲ့၍ ပြထားတော်မူပါသေးတယ်။

'နမြောစုံမက် မပေးရက်ကာမျှဖြင့် မစ္ဆေရမဟုတ်၊ နမြော စုံမက် မပေးရက်ဘဲ အနိုင်အထက် ပေးရတော့မည်တကားဟု လည်း ကောင်း၊ ယူသွားကြသည် တကားဟူ၍ လည်းကောင်း နှလုံးမသာ ဖြစ်လျှင်လည်း မစ္ဆေရဟုမှတ်၊ မိမိဥစ္စာ ကိုင်းကျွန်း လယ်ယာ ပျက်စီးမည် စိုးသောကြောင့် ဆီးကာပိတ်ဆို့ ပြုကာမျှဖြင့် မစ္ဆေရ မဟုတ်၊ ကျွဲနွားလူသူ လုယူဖျက်ဆီး ရှိသည့်အခါ မသာနှလုံး ပူချုံးဝမ်းနည်း ဆဲရေး ဆိုမည်သည့်အခါလည်း မစ္ဆေရရန် မာန်နိုင်ငံသို့ ရောက်လေသည်မှတ်၊ ယင်းသို့သောအခါ သူတစ်ပါးတွက်တာနှင့် ပစ္စုပ္ပန် အစီးအပွားသာ ပျက်သည်၊ မိမိတွက်တာနှင့်ကား သံသရာစီးပွားပါ ပျက်ပြားလေခဲ့သည်။ တစ်မတ်တန် ဥစ္စာပျောက်၍ ဇနီးမောင်နှံနှစ်ယောက် ခိုက်ရန်ဖြစ်ပွားသည့် အခါ အဝတ်ပုဆိုးအိုး အင်ဖျာရိုင် သူ့ထက်ငါ အနိုင်ရအောင် အပြိုင်သား ဖျက်ဆီးကြသဖြင့် တစ်အိမ်လုံး ပျက်ကျ၍ ဆုံးပါးကြီး ရောက်ရသည့် ဇာလာဇာလိတို့နှင့် ပစ္စုပ္ပန် စီးပွားပျက်ပြားရသည့်အခါတွင် ကိုယ့်တွက်တာနှင့် သံသရာ အစီးအပွားပါ မပျက်ပြားရအောင် သတိဆောင်အပ်လှတော့သည် မှတ်'ဟု ဖွင့်ပြထားပါတယ်"

(၁၉) ဘဿာရာမတာ က ဓမ္မဒေသနာဘိရတိယောင် ဆောင်ခြင်း။

ဓမ္မဒေသနာ ဘိရတိမုခေန ဘဿာရာမတာ ဝဋ္ဋေတိ။

ဓမ္မဒေသနာ ဘိရတိ မုခေန=တရားစကားဟောပြောခြင်း၌ မွေ့လျော်ခြင်းကို အရင်းပြုသဖြင့်။ ဘဿာရာမတာ=အကျိုးမဲ့သောစကားတို့နှင့်တကွ ကာလ ရှည်ကြာ ပြောဆိုခြင်း၌ မွေ့လျော်ခြင်းဟူသော ဘဿာရာမတာသည်။ ဝဋ္ဋေတိ= လှည့်ပတ်တတ်၏။

"ဘဿာရာမ ဆိုတာက အနှစ်မဲ့ အကျိုးမဲ့ ပေါက်ကရ စကားတွေနဲ့ ပြောဆို မွေ့လျော်ခြင်းကို ခေါ်တယ်၊ ဒါကြောင့် လူအများကို တရားဒေသနာ ဟောရာမှာ အချိန် ကာလ အားလျော်စွာ ဒေသနာမှမလွတ်သော တရားစကားတို့ကိုဟောပြောပြီး နိဂုံးချုပ် တန် ချုပ်ရမယ်တဲ့၊ ဒီလိုမှ မဟုတ်လို့ အနှစ်မပါ အကာမြမြ စကားတွေနဲ့ မွေ့လျော်နေရင် ဝဋ္ဋနာဖြစ်တတ်တယ်၊ အဲဒီ နေရာမျိုးမှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ကာလမတ္တညု တာ =အချိန်အတိုင်းအရှည်ကို ဆင်ခြင်၍ တရားဟောတော်မူလေ့ ရှိပါသတဲ့"

"အေးဗျ...ကျုပ်တို့ တစ်တွေလည်း ဟောပြောပွဲမှာဖြစ်စေ၊ အစည်းအဝေးမှာ ဖြစ်စေ အတိုင်းထက် အလွန်စကားကြောတွေ ရှည်လွန်းနေရင် ငြီးငွေ့ပြီး အပြစ်တင်ခံ ကြရလိမ့်မယ်"

(၂၀) သင်္ဂဏိကာရာမတာ က ဂဏာနုဂ္ဂဟကရဏတာယောင် ဆောင်ခြင်း။

ဂဏာနုဂ္ဂဟကရဏတာ မုခေန သင်္ဂဏိကာရာမတာ ဝဋ္ဋေတိ။

ဂဏာနုဂ္ဂဟကရဏတာ မုခေန=တပည့်သားဂိုဏ်းသင်္ဃာကို ချီးမြှောက်ခြင်းကို အရင်းပြုသဖြင့်။ သင်္ဂဏိကာရာမတာ=အပေါင်းအဖော်၌ မွေ့လျော်ခြင်းသည်။ ဝဋ္ဋေတိ= လှည့်ပတ်တတ်၏။

"ပါဠိသင်ခြင်း၊ အဋ္ဌကထာ သင်ခြင်း စသည်တို့ဖြင့် တပည့် သား ဂိုဏ်းသင်္ဃာ ကို ချီးမြှောက်၍ သာသနာတော်စည်ပင်ခြင်းသို့ ရောက်အောင် ရွက်ဆောင်သည်အမှတ်နှင့် အပေါင်းအဖော်ကို မစွန့်ခွာနိုင်ခြင်း၊ သင်္ဂဏိကာရာမတာ ဖြားယောင်းလှည့်ပတ်၍ စိတ္တေ ကဂ္ဂတာဘာဝနာ (စိတ်၏ တည်ကြည်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း) လက်လွတ် သဖြင့် သံသရာနှုတ်ခမ်းမသတ်နိုင်၊ နိဗ္ဗာန်သောင်ကမ်း မကပ်နိုင်ဘဲ ရှိတတ်သည်တဲ့။

ဆရာတော် အဆိုအမိန့်ကို ဖတ်ရတော့ ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများ စာအုပ်ထဲက ရွှေဥမင် ဆရာတော်နဲ့ တောင်ဖီလာ ဆရာတော်ကြီး ၂ ပါး တွေ့ဆုံတော်မူကြတဲ့ အကြောင်း ဖတ်ဖူးတာ သတိရလိုက်မိသဗျို့"

"ဆိုစမ်းပါဦးဗျာ၊ ကြားနာရတာပေါ့"

"အင်းဝခေတ် သာလွန်မင်းတြားကြီးလက်ထက်မှာ စစ်ကိုင်း ရွှေဥမင်ဆရာတော် ကြီး ဟာ ကပ္ပိယလူသူတော်တစ်ဦးကိုသာ အဖော်ပြုပြီး တောထဲ တောင်ထဲ ကမ္မဋ္ဌာန်း ဘာဝနာ ကျင့်တော်မူနေပါသတဲ့၊ တစ်နေ့တော့ သာလွန်မင်းတြားကြီးရဲ့ မင်းဆရာဖြစ်တဲ့ တောင်ဖီလာဆရာတော်ဘုရားကြီးက နောက်လိုက်နောက်ပါများနှင့် ရွှေဥမင် ဆရာတော်

ဘုရားကြီးကို သွားရောက်ဖူးမြော်ပါသတဲ့၊ တောကြီး တောင်ကြီးထဲက ဖြစ်သလို ဆောက်ထားတဲ့ ကျောင်းပေါ်မှာ ရွှေဥမင်ဆရာတော်ကို ဖူးရတော့...

'တောကြီး မျက်မည်း လူသူတော် တစ်ယောက်တည်းနဲ့ နေရတာ မကြောက်ဘူးလား ဘုရား'လို့ မေးလျှောက်လိုက်ပါသတဲ့။ ဒီတော့ ရွှေဥမင်ဆရာတော်ဘုရားက...

'ကြောက်လို့သာ တောထဲမှာ ပရိသတ်နည်းနည်းနှင့် နေတာ ပေါ့'လို့ ပြန်လည်မိန့်ကြားပါသတဲ့။ အဲဒီမှာတင် တောင်ဖီလာ ဆရာတော်ဘုရားမှာ 'ဩော်...ငါ့မှာဖြင့်နေပြည်တော်ကြီးမှာ မင်းဆရာ လုပ်ပြီး ပရိသတ် အခြံအရံများစွာနဲ့ နေခဲ့တာ မကြောက်သလို ဖြစ်နေပါပကော'လို့ သံဝေဂကြီးစွာရတော်မူလိုက်ပါသတဲ့။ မကြာခင်မှာပဲ တောင်ဖီလာဆရာတော်လည်း တောထွက်တော်မူသွားပါတယ်"

"ကြည်ညိုစရာ ကောင်းလိုက်ပါဘိတော့ ဦးမင်္ဂလာရယ်"

အတ္တသမံ ပေမံ နတ္ထိ၊ အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရောသိယာ။

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။

"ဒေသနာတော်မြတ် အရပ်ရပ်ကို နှလုံးထားသဖြင့် အဆုံး မရှိ ဘေးအတိပြွမ်းသော သံသရာဝယ် နေသာထိုင်အား သူတစ်ပါးတွက်တာနှင့် ကာလ ရှည်လျား၍ တရားလက်လွတ် မနေမိရအောင် သတိကြပ်ကြပ်ပြုအပ်လှတော့သည်– လို့ ရွှေကျင်ဆရာတော်က အကျယ်ဝိတ္ထာရ ပြထားတော်မူပါတယ်"

(၂၁) ကမ္မာရာမတာ က ပုညကမ္မတာယောင် ဆောင်ခြင်း။

ပုညကမ္မတာ ပတိရူပတာယ ကမ္မာရာမတာ ဝဥ္စေတိ။

ပုညကမ္မတာ ပတိရူပတာယ=ကုသိုလ်ကောင်းမှုနှင့်စပ်သော အမှုမျိုး၌ မွေ့လျော်ခြင်း ဟူသော ကုသိုလ်တရားနှင့် တူသဖြင့်။ ကမ္မာရာမတာ=သိမ်မွေ့စွာသော ရဟန်းတရားတို့၌ မမွေ့လျော်နိုင် အမှုသစ်၌သာ မွေ့လျော်နိုင်ခြင်းတည်း ဟူသော တဏှာတရား သည်။ ဝဥ္စေတိ=ကုသိုလ်ကောင်းမှု၌ ဟန်ဆောင် လှည့်ဖြားတတ်၏။

"အဲဒါကတော့ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ထုတ်ချောက် ကျင့်ကြံနိုင်စွမ်းရှိသည့် ရဟန်းတော်များအတွက် ဝဋ္ဋနာ၏အလှည့်အပတ်ခံရမှာကို သတိပေးတော်မူတာ ဖြစ်ပါလိမ့်မယ်၊ ရွှေကျင်ဆရာတော်ဘုရားက အကျယ်ဝိတ္ထာရကို ဤသို့ဖွင့်ပြထားပါသေးတယ်။

'ကုသိုလ်ကောင်းမှုကို လိုလားသည့်အဟန်နှင့် သီလသမာဓိ ဘာဝနာ ကုသိုလ်တရားတို့၏အန္တရာယ် ကြီးကျယ်စွာသော နဝကမ္မ အမှုကြီးကို ဦးစီးမဲ့မူး ရေတွင်းတူးရေကန်ဆည် ဘုရားတည် ကျောင်းဆောက် အမှုမျိုးနှင့် ကာလလွန်ကျွမ်း၍ သမထ ဘာဝနာ ဝိပဿနာ လမ်းကို ဖြောင့်တန်းစွာ သွားခွင့် မရသဖြင့် ဒုက္ခအဆုံး မသတ်နိုင်ဘဲ ရှိရတတ်သည်။'

အဲသည်လို ဖွင့်ဆို ရေးသားတော်မူခဲ့ပါတယ်..."

"ဟုတ်ပါဗျို့ ဦးမင်္ဂလာရေ....ယနေ့နက်ဖြန်ဆိုသလို တရားထူး ရအောင် အားထုတ်တော်မူနေကြတဲ့ ပုဂ္ဂိုလ်များအတွက် ဘာဝနာ အရှိန် မပျက်အောင် ဒါနဘက်ကူးပြီး အချိန်ကုန် မခံသင့်ကြောင်း အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကလည်း 'ကိုယ်ကျင့်အဘိဓမ္မာ' မှာ ရေးသားထားတာ ရှိသဗျ..."

"ဖောက်သည်ချစမ်းပါဦး ဦးရေချမ်းရယ်"

"ကျွန်တော် မှတ်မိသလောက်ပြောရမှာဖြင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ရဲ့ ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော်ကြီးထံ မန္တလေးက ဆရာတော်တစ်ပါး ကြွလာပြီး ဥပနိဿယ ခံယူ၍ ကမ္မဋ္ဌာန်းတရားများကို ကျင့်တော်မူနေပါသတဲ့။ တစ်နေ့တော့ နံနက်စောစောမှာ မန္တလေးဆရာတော်က ဘုရားတင်ရအောင် ပန်းတွေလိုက်ကောက်နေတာကို မဟာဂန္ဓာရုံ ဆရာတော်ကြီးက မြင်တော်မူတော့ 'ပန်းကို နောက်မှလှူပါ၊ တရားကိုသာ ကြိုးစားတော်မူပါ'လို့ မိန့်တော်မူပါသတဲ့ဗျာ'

"သာဓု–သာဓု–သာဓု၊ မှတ်သားစရာကောင်းလိုက်ပါဘိ ကိုရေချမ်းရေ၊ လယ်တီဆရာတော်ဘုရားကြီးကလည်း ယောဂီများကို 'ကမ္မဋ္ဌာန်းထိုင်ရာမှ ဖျက်ပြီး ဆွမ်းတော်ချက်ရအောင် မထချင်ကြ နဲ့'လို့ မိန့်တော်မူဖူးသတဲ့ဗျ"

## (၂၂) ဗျာပါဒ က ပဋိဃကူလသညာယောင် ဆောင်ခြင်း။

ပဋိကူလသညတာမုခေန ဗျာပါဒေါ ဝဋ္ဋေတိ။

ပဋိကူလသညတာမုခေန=ကမ္မဋ္ဌာန်း အရာ၌ စက်ဆုပ်ခြင်း ဟူသောအမှတ်နှင့် တူသဖြင့်။ ဗျာပါဒေါ=စက်ဆုပ်ရွံရှာ နှလုံးမသာခြင်း ဗျာပါဒသည်။ ဝဋ္ဋေတိ= ပဋိ ကူလ သညာ ကမ္မဋ္ဌာန်း ထင်ယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။

"ပဋိကူလသညာက စက်ဆုပ်ရွံရှာဖွယ်ရာဟု မှတ်ထင်လာအောင် ဆင်ခြင်တဲ့ သဘောဖြစ်ပါတယ်၊ ဗျာပါဒဆိုတာကတော့ နှလုံးမသာယာခြင်း၊ ရွံရှာခြင်း၊ စက်ဆုပ်ခြင်း သဘောဖြစ်ပါတယ်၊ ဒေါသ ဗျာပါဒနဲ့ စက်ဆုပ်ရွံရှာ မသတီတာကို ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ပဋိကူလသညာရယ်လို့ ထင်တတ်ကြပါသတဲ့၊ ဥပမာဗျာ–ကျွန်တော်တို့ အသုဘကမ္မဋ္ဌာန်းကိုရှုတဲ့အခါ ဆိုပါတော့၊ ဖူးရောင် ပုပ်ပွနေတဲ့အလောင်းကောင်ကြီးကို ကြည့်ရင်း ဒေါသ၊ ဗျာပါဒဖြစ်ပြီး ရွံရှာစက်ဆုပ် နေတတ်ကြတယ်၊ အဲဒီ ဒေါသ ဗျာပါဒကိုပဲ ပဋိကူလသညာရယ်လို့ထင်အောင်လှည့်စားတတ်ပါသတဲ့၊ နောက်လာမယ့် ဝဋ္ဋနာနဲ့ နှီးနှယ် ဆက်စပ်ကြည့်ရင် ပိုပြီးသဘောပေါက်လာလိမ့်မယ် ထင်ပါတယ်"

"ဒါဖြင့် ဆက်ကြပါစို့ဗျာ..."

## (၂၃) ကာမစ္ဆန္ဒဝဋ္ဋနာ

## ကာမစ္ဆန္ဒ က အပ္ပဋိကူလသညာယောင် ဆောင်ခြင်း။

အပ္ပဋိကူလသညတာမုခေန ကာမစ္ဆန္ဒော ဝဋ္ဋေတိ။

အပ္ပဋိကူလသညတာ မုခေန = မစက်ဆုပ် မရွံရှာတတ်သည့် အမှတ် သညာကို

အရင်းပြုသဖြင့်။ ကာမစ္ဆန္ဒော= ကာမဂုဏ်၌ တပ်နှစ်သက်ခြင်း ကာမစ္ဆန္ဒ တရားသည်။ဝဍ္ဎေတိ=လှည့်ပတ်တတ်၏။

"အဲသည်မှာ အထက်ကဝဋ္ဋနာနဲ့ ပြောင်းပြန်ဖြစ်နေတာကို သတိပြုနိုင်သဗျ၊ ကြည့်လေ–မြန်မာစကားနဲ့ သဘောပေါက်လွယ်အောင် ပြောရရင် အထက်က ဝဋ္ဋနာက 'အရှိကို အရှိအတိုင်း' မြင်ရမယ့်ဟာကို ရွံရှာစက်ဆုပ်တယ်၊ ဒါကိုပဲ အရှိကိုအရှိ အတိုင်း မြင်တယ်လို့ လှည့်ပတ်တတ်သတဲ့၊ အခု ဝဋ္ဋနာကျတော့ စက်ဆုပ်ဖွယ် ရွံရှာဖွယ် ဆင်ခြင်ရမယ့်ဟာကို မရွံမရှာရုံမက တပ်မက်မောလို့တောင် နေတတ်ပါသေးသတဲ့၊ အဲသည်လို တပ်မက်မောတာကို တပ်မက်မှန်းမသိ၊ မစက်ဆုပ်ဘဲလက်ခံနေတဲ့သဘော လှည့်ပတ်တတ်ပါသတဲ့ ကိုရေချမ်း ရေ"

"ဟုတ်ပြီဗျို့၊ ရွံစရာမဟုတ်တာကို ရွံပြီး ရွံစရာပါလို့ ဆင်ခြင်ရမှာကျတော့မရွံကြတဲ့ သဘောပါပဲလေ"

"ဆရာတော် ဖွင့်ဆိုတာကို ကြည့်ကြရအောင်ဗျ"

"မစက်ဆုပ် မရွံရှာတတ်သည့် အမှတ်သညာဖြင့် ကာမဂုဏ်၌ တပ်နှစ်သက်ခြင်း၊ ကာမစ္ဆန္ဒတရား လှည့်ဖြားတတ်သည်။ စက်ဆုပ်ရွံရှာခြင်းသည် ဒေါသစရိုက်ကြောင့် ရွံရှာသည်လည်း ရှိတတ်သည်။ ပဋိက္ကူလသညာကမ္မဋ္ဌာန်း ထင်သောကြောင့် ရွံရှာသည်လည်း ရှိသည်။ မရွံရှာခြင်းသည်လည်း ပဋိက္ကူလသညာကမ္မဋ္ဌာန်း၏အစွမ်းဖြင့် မရွံရှာတတ်သည်လည်း ရှိသည်။ ရာဂစရိုက်ကြောင့် မရွံရှာတတ်သည်လည်း ရှိသည်။ မိမိ၏ ဆံ အစရှိသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ လည်းကောင်း၊ ဗဟိဒ္ဓ သန္တာန်၌ သူတစ်ပါးတို့၏ ဆံ အစ ရှိသော ကောဋ္ဌာသတို့၌လည်းကောင်း အတူတူ ရွံရှာဖွယ်ထင်ခြင်းသည် ပဋိက္ကူလသညာအစွမ်းဖြင့် ရွံရှာခြင်းတည်း။ မိမိ သူတစ်ပါး အသေအရှင် မထူးမခြားထင်သည်ရှိသော် ပဋိက္ကူလသညာကမ္မဋ္ဌာန်းထင်သည် မည်၏။ ထို ပဋိက္ကူလသညာ ကမ္မဋ္ဌာန်း ထင်သည်ရှိသော် မိမိကိုယ်၌ကဲ့သို့ သူတစ်ပါးကိုယ်၌လည်း မရွံရှာခြင်း၊ အသက် ရှင်သော ကိုယ်၌ကဲ့သို့ အသက်မရှင်သောအကောင်ပုပ်၌လည်း မရွံရှာခြင်းသည်ဖြစ်၏။ သူတစ်ပါးတို့ နှပ် တံတွေး အစရှိသည်၌ကဲ့သို့ မိမိ၏ နှပ် တံတွေး အစရှိသည်၌လည်း ရွံရှာခြင်း၊ အသက်မရှိသော အကောင်ပုပ်၌ကဲ့သို့ အသက်ရှင်သော နှစ်သက်ဖွယ်ဟူ၍ သမုတ်အပ်သော အာရုံတို့၌လည်း ရွံရှာခြင်းသည်ဖြစ်၏။ ကာမစ္ဆန္ဒ တဏှာ အားကြီးလွန်းသောသူသည်လည်း သူတစ်ပါးတို့ ရွံရှာကြသည့်အာရုံ၌လည်း မရွံရှာဘဲ ရှိတတ်သည်။ ဒေါသစရိုက်လွန်သောသူသည်လည်း သူတစ်ပါးတို့ သာယာကြသော အာရုံ၌သော်လည်း မသာယာခြင်းသည် လည်းကောင်း၊ နှလုံးမသာ ဗျာပါဒသည် လည်းကောင်း ဖြစ်တတ်သည်။ ဒေါသစရိုက်လွန်၍ မရွံဟန် ရွံရှာခြင်း ဗျာပါဒဖြစ်သည်ကို ပဋိက္ကူလသညာ ကမ္မဋ္ဌာန်း ထင်တတ်သည်၊ အမှတ်ရှိတတ်သည်လို့ ဖွင့်ဆိုထားပါတယ်"

အင်း....ဆရာတော် ဖွင့်ဆိုတာက ကျွန်တော်တို့ နားလည်အောင် ပြည့်စုံလှပါတယ်၊ မန်လည်ဆရာတော်ဘုရားကတော့ မဃဒေဝလင်္ကာကြီးမှာ 'ရွံစရာကို မရွံတတ်သူ'လေးဦးရှိတဲ့ အကြောင်း ဖော်ပြထားသဗျ"

"ဆိုစမ်းပါဦးဗျာ၊ မှတ်သားရအောင်"

"ပထမ လူစားမျိုးက အရက်ကြိုက်တဲ့ အရက်သမားတဲ့ဗျ။ ဒုတိယလူကတော့ ဘိန်းစားတဲ့ဗျ၊ တတိယလူက ငါးပိကြိုက်တဲ့လူတဲ့၊ အဲ စတုတ္ထကျတော့ ကောင်းသော အတ္တဘောကို မရှိနိုင်တဲ့ မရှိကြတဲ့ ကာမဂုဏ်သားတွေတဲ့လေ။ အဲဒီလင်္ကာကို ကျွန်တော် ကျက်မှတ် ထားသေးတယ်။

'လူတွင်အထူး၊ သောက်ထုတ်ကြူးတို့၊ အမူးအမက်၊ သေ အရက်၌၊ နှစ်သက် လိုလား၊ သောက်စားမြဲမြံ၊ ခါတရံမျှ၊ မရှိတတ်ခြင်း။ နံဖျင်းလွန်းစွာ၊ ပညာရှားပါး၊ လူ ဘိန်းစားလည်း၊ စပ်ခါးစိမ်းဆွံ၊ ဘိန်းနံ့နံကို၊ မရှိတတ်ခြင်း။ ခံတွင်းလျှာကျိုး၊ အမျိုး စရိုက်၊ ငါးပိကြိုက်သူ၊ ထိုသည့်လူလည်း၊ သိုးအူနံ့လှောင်း၊ ထောင်းထောင်းပွက်လျှံ၊ ငါးပုပ်နံကို၊ မရှိတတ်ခြင်း။ အလင်းမယှဉ်၊ ပုထုဇဉ်တို့၊ အစဉ်မိုက်မှား၊ တဏှာအားဖြင့်၊ ယောကျ်ားမိန်းမ၊ ကိုယ်ကာယ၏၊ အသုဘစစ်၊ ပုပ်ဟောင်ညစ်ကို၊ လွန်ချစ်ရောပြွံ၊ သက် လုံး နှံ၍၊ မရှိတတ်ခြင်း၊ ဤ လေးသင်းကား၊ မယွင်းတူမျှ၊ ဟူစကြ၏။

"အင်း....ကောင်းလိုက်တာဗျာ၊ ကဲ...ရှေ့ဆက်ကြဦးစို့"

## (၂၄) ထိနမိဒ္ဓ က သမာဓိယောင် ဆောင်ခြင်း။

သမာဓိမုခေန ထိနမိဒ္ဓံ ဝဍ္ဎေတိ။။

သမာဓိမုခေန=သမာဓိတရားကိုအရင်းပြုသဖြင့်(ဝါ) ရှေးဦး စစ္စာသမာဓိတရား ဖြစ်ပေါ်လာခြင်းကို အရင်းပြုသဖြင့်။ ထိနမိဒ္ဓံ= ငိုက်မျဉ်း ပျင်းရိခြင်း ထိနမိဒ္ဓရန် သည်။ ဝဍ္ဎေတိ= သမာဓိယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။

"အဲသည် ဝဏ္ဏနာမျိုးတော့ ကျုပ်တို့တစ်တွေ ခဏခဏ အလှည့်စား ခံရတတ်တာ ပေါ့ဗျာ၊ ကမ္မဋ္ဌာန်း ထိုင်တဲ့အချိန် တစ်နာရီကျော် ကြာညောင်းလာတဲ့အခါ ထိနမိဒ္ဓ ဝင်ပြီး အိပ်ချင်မူးတူးဖြစ်လာတယ်၊ ငိုက်မျဉ်းလာတယ်၊ ပျင်းရိလာတယ်၊ သတိတစ်ချက်တစ်ချက် လစ်လစ်သွားတယ်၊ အဲဒီအခါမှာ ဘေးက အာရုံတွေကို သတိမထားတော့ဘူး၊ နားက လည်း မကြားတော့ဘူး၊ ဒါကိုပဲ ကျွန်တော်တို့က တည်ကြည်တဲ့သမာဓိ ရလာ သလိုလို ထင်တတ်ကြတယ် မဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဒီလို သမာဓိမျိုးက ကျုပ်တို့အပေါ် ခဏခဏ လိမ်နေကြ တာပဲ၊ ဟဲ...ဟဲ"

## (၂၅) ဥဒ္ဓစ္စ က ဝီရိယယောင် ဆောင်ခြင်း။

ဝီရိယာရမ္ဘ မုခေန ဥဒ္ဓစ္စံ ဝဍ္ဎေတိ။

ဝီရိယာရမ္ဘ မုခေန=ဝီရိယ အားထုတ်ခြင်းကို အရင်းပြု သဖြင့်။ ဥဒ္ဓစ္စံ=စိတ်၏ တည်ကြည်ရာမရ ပျံ့လွင့်တုန်လှုပ်ခြင်း ဥဒ္ဓစ္စ တရားသည်၊ ဝဍ္ဎေတိ=ဖြားယောင်း လှည့်ပတ်၏။

"အဲသည် ဝဋ္ဋနာကလည်း ကမ္မဋ္ဌာန်းယောဂီကို လှည့်ပတ် တတ်တာပဲလေ၊ ဆရာတော်ရဲ့ အဆိုအမိန့်က ရှင်းလင်းပြတ်သားစွာ အခုလို ဖော်ပြထားပါတယ်။

'ဝီရိယလွန်သဖြင့် ဥဒ္ဓစ္စ ဖြစ်တတ်သည်။ စိတ်ပျံ့လွင့်မည်မှာ စိုးရိမ်သဖြင့် မကြိုးမထွား၊ အနေအထိုင် များ၍ တရားကို နှလုံးသွင်းသည်ရှိသော် ဝီရိယ လျော့လွန်းသဖြင့် ထိနမိဒ္ဓ နှိပ်စက်တတ်သည်။ ထိနမိဒ္ဓ နှိပ်စက်မည်မှာ စိုးရိမ်သဖြင့် စင်္ကြံသွားခြင်းလွန်လျှင်လည်း ဝီရိယလွန်ခြင်းကြောင့် စိတ်၏တည်ကြည်ရာမရ၊ ဥဒ္ဓစ္စဖျက်ဆီး၍ ဘာဝနာကမ္မဋ္ဌာန်း ပျက်စီးရတတ်သည်ကို သတိရှိစေရမည်။ ဝီရိယနှင့် သမာဓိမျှအောင် ရံခါစင်္ကြံသွားခြင်း၊ ရံခါ ရပ်ခြင်း၊ ထိုင်ခြင်းတို့ဖြင့် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှ တရားလမ်းကြောင်း ကျ၍ ကမ္မဋ္ဌာန်း အာနုဘော်ကို အထူးခံစားရမည်။

အဲသည်နေရာမှာ မဟာဝါထဲမှာပါတဲ့ အရှင်သောဏမထေရ်ရဲ့ ဖြစ်ရပ်ကို သာဓက တင်နိုင်ပါလိမ့်မယ်၊ ခြေဖဝါးမှာ အမွေးနု ပေါက်သည်အထိ နူးညံ့တဲ့ အရှင်သောဏမထေရ်ဟာ ဝီရိယ လွန်ကဲပြီး စင်္ကြံလျှောက်လွန်းအားကြီးလို့ ခြေဖဝါးတွေမှာ ဓားနဲ့မွှမ်းခံရသလို သွေးအလိမ်းလိမ်း ဖြစ်လာတယ်။ စင်္ကြံလမ်းမှာလည်း သွေးတွေနဲ့ ပေကျံလာတယ်၊ အဲသည်အထိလည်း ဝီရိယမလျှော့ဘဲ စင်္ကြံလျှောက်မြဲ လျှောက်နေတော့ ဘယ်။ သို့ပေမယ့် တည်ငြိမ်မှု သမာဓိတရား ပေါ်မလာဘဲ ပျံ့လွင့်တဲ့ ဥဒ္ဓစ္စတရားများသာ ပေါ်လာတယ်။ ဘယ်လို ပေါ်လာသလဲဆိုတော့ 'ငါ့ဝီရိယဟာ အခြားသောရဟန်းများထက် လျော့လိမ့်မယ် မထင်ပါဘူး၊ ဒါနဲ့တောင် တရားထူးမရနိုင်တာဟာ ငါ့မှာ အာသဝေါ ကုန်ခန်းနိုင်တဲ့ ပါရမီမရှိလို့ပေလား၊ ဒီလိုသာ ပါရမီ မရှိတဲ့ အတူတူ လူဥပါသကာ လုပ်ပြီး ဒါန, သီလ, ဘာဝနာ ပြုနေတာကမှ ကောင်းလိမ့်ဦးမယ်'လို့ အကြံတွေ ဖြစ်နေပါသတဲ့၊ အဲဒီမှာတင် ဂိဇ္ဈကုဋ်တောင်မှ သိမြင်တော်မူလိုက်သော ဘုရားသခင်က ရှင်သောဏမထေရ်ရှိရာ ယင်းတိုက်တောသို့ တန်ခိုးတော်ဖြင့် တစ်မုဟုတ်ချင်း ကြွရောက်တော်မူလာပြီး 'ဝီရိယနှင့်သမာဓိမျှအောင် ကျင့်လော့၊ မလျှော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ ပြုလော့'ဟု ဩဝါဒပေးတော်မူပါသတဲ့"

(၂၆) ကုက္ကုစ္စ ဝဋ္ဋနာ

သိက္ခာ ကာမတာ မုခေန ကုက္ကုစ္စံ ဝဋ္ဋေတိ။

သိက္ခာ ကာမတာ မုခေန=ဝိနယ ကုက္ကုစ္စသိက္ခာ ကာမ အားကြီးသည်ကို အရင်းပြုသဖြင့်။ ကုက္ကုစ္စံ=မအပ်လိမ့်ယောင်၊ အပ်လိမ့်ယောင်နှင့် အရှောင်ပြုမိသဖြင့် နှလုံးမသာ ဝိပ္ပဋိသာရ ကုက္ကုစ္စ သည်။ ဝဋ္ဋေတိ=သိက္ခာပုဒ်ကို လွန်ကြူးမိမည်မှ ကြောက်တတ်သော သိက္ခာကာမ ကုက္ကုစ္စယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

"နှလုံးပူပန်ခြင်း၊ စိုးရိမ်ခြင်းဟူသော ကုက္ကုစ္စကို သိက္ခာကာမ မှတ်တတ်သည်။ သီလ သိက္ခာကို ကောင်းစွာဆောက်တည်လိုခြင်းကို အရင်းပြုသဖြင့် စိတ်၏သက်သာရာမရ၊ ဝိနယ ကုက္ကုစ္စအားကြီး၍ ဒေါသနှင့်သမ္ပယုတ် ဝိပ္ပဋိသာရ ကုက္ကုစ္စဖြစ်တတ်သည်

များကို နှလုံးထားသဖြင့် ကုက္ကုစ္စ အားမကြီးသင့်သော အရာ၌ ကုက္ကုစ္စ အားမကြီးလွန်း ရအောင် သတိရှိစေအပ်သည်။ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တတ်သည်ဟူသကဲ့သို့တည်း။

"ဆရာတော်က ယခုလို ရေးသားထားပါတယ်၊ ဝိနည်းတော်ကို အလွန် ရိုသေစွာ လိုက်နာကျင့်ဆောင်သဖြင့် အချို့သောအရာမှာ အပြစ်အာပတ်သင့်သွားလေပြီလားလို့ ကုက္ကုစ္စတရားနှင့် နောင်တ ပူပန်နေတတ်တဲ့စိတ်မျိုး၊ ဒီစိတ်မျိုးကနှိပ်စက်နေတတ်ပါတယ်တဲ့၊ ဒါကို ဆရာတော်က ယခုလို ဖွင့်ပြထားပါသေးတယ်။

"ဝိနယဂရု(ဝိနည်းတော်ကိုလေးစားပြီး)မရှိသောကြောင့် လည်းကောင်း၊ ဆရာစဉ်ဆက် ပြုနေကျ အမှုဖြစ်သောကြောင့် လည်းကောင်း ကုက္ကုစ္စရှိသင့်လျက် မရှိသည်ကို ကုက္ကုစ္စမရှိသင့်၍သာ မရှိသည် အထင်အမှတ်နှင့် နေကြသဖြင့် အဝိနယဂရု (ဝိနည်းတော်ကို မလေးစား)ဖြစ်တတ်သည်ကိုလည်း သတိထားအပ်လှတော့သည်တဲ့"

"အဲဒါလည်း အလွန် သိမ်မွေ့ နက်နဲတဲ့ ဝိနည်းတော် အရာ ပါပဲဗျာ"

"အဲသည် အချက်နဲ့ ပတ်သက်လို့တော့ ဓမ္မပဒ ဧရကပတ္တ ဝတ္ထုကို အထောက်အထားပြုနိုင်လိမ့်မယ် ထင်သဗျ၊ ကဿပဘုရားရှင် လက်ထက်က ရဟန်းငယ် တစ်ပါးဟာ လှေကို စီး၍ ဂင်္ဂါမြစ်တွင်း ခရီးကို သွားပါတယ်၊ တစ်ခုသောနေရာမှာ လှေက အနည်းငယ် တိမ်းစောင်းသွားသဖြင့် ဆွဲမိဆွဲရာ ပြိန်းမြက်တစ်ပင်ကို ဆွဲလိုက်မိပါသတဲ့၊ လှေက အဟုန်နဲ့ဆိုတော့ ပြိန်းမြက်ဟာ ပြတ်ပါလာတယ်၊ အဲဒါကို သေးငယ်တဲ့ အာပတ်ကလေးပဲလို့ ထိုရဟန်းကထင်မှတ်လိုက်ပါသတဲ့၊ အဲသည်လိုနဲ့ ဒေသနာမကြားမိဘဲ အနှစ်နှစ်သောင်း ကာလပတ်လုံး ရဟန်းတရားအားထုတ်နေပါတယ်၊ အသက်အိုမင်းလာပြီး ပျံလွန်တော်မူခါနီး အချိန်ကျတော့ ပြိန်းရွက်ပြတ်တဲ့ အာပက်ကလေးဟာ မိမိ လည်ပင်းမှာ လာပြီး ပြိန်းမြက်ကပတ်သကဲ့သို့ ကုက္ကုစ္စဖြစ်လာတယ်၊ ဒါပေမဲ့ အဲသည့်အခါမှာ ဒေသနာကြားရအောင် တစ်ပါးသော ရဟန်းကိုလည်း မတွေ့ရတော့ပါဘူးတဲ့၊ ဒီလိုနဲ့ ပျံလွန်တော်မူတဲ့အခါ အဲဒီ ကုက္ကုစ္စတရားကြောင့် ဧရကပတ္တအမည်ရှိတဲ့ နဂါးမင်းကြီး ဖြစ်သွားရပါသတဲ့၊ ဧရကပတ္တ ဆိုတဲ့ ပါဠိက ပြိန်းရွက်လို့ အဓိပ္ပာယ်ရပါတယ်"

## (၂၇) ဝိစိကိစ္ဆာ ဝဋ္ဋနာ

ဥဘယပက္ခသန္တီရဏာမုခေန ဝိစိကိစ္ဆာဝဋ္ဋတိ။။

ဥဘယပက္ခသန္တီ ရဏာ မုခေန=သကဝါဒီ ပက္ခ,ပရဝါဒီ ပက္ခနှစ်ပါးကို စုံစမ်းခြင်းကို အကြောင်းပြုသဖြင့်။ ဝိစိကိစ္ဆာ=သက်ာယုံမှားခြင်းသည်။ ဝဋ္ဋတိ= လှည့်ပတ်တတ်၏။

"သကဝါဒီပက္ခ၊ ပရဝါဒီပက္ခနှစ်ပါးကို စုံစမ်းခြင်းကို အကြောင်းပြုသဖြင့် ဝိစိကိစ္ဆာ သက်ာယုံမှား အပါယ်တံခါးဖွင့်တတ်သည်။ ပက္ခနှစ်ပါးတို့၏ အယူဝါဒကို ဟုတ်တိုင်း သိရလျှင် အကျိုးများပါ၏။ပရဝါဒ၏မှားပုံကိုသိမှ သကဝါဒ၏ဂုဏ်ကိုအထူးသိမြင်နိုင်မည် နှလုံးထား၍ ကုလားလူမျိုးတို့၏ အင်္ဂလိပ်စာ စသည် များကို ကြည့်ရှု ဆင်ခြင်ဖန်များသဖြင့် မိမိ သကဝါဒ၌ ဝိစိကိစ္ဆာဖြစ်၍ သံသရာ၌ နစ်မြုပ်နစ်ရတတ်သည်-ဟူလို။

"ဆရာတော်က ယခုကဲ့သို့ရေးထားပါတယ်။ သကဝါဒီပက္ခ ဆိုတာက မိမိတို့ရဲ့ အယူဝါဒနှင့် ရှုကြည့် သိမြင်တဲ့သဘောတရား ပရဝါဒီပက္ခက ဘာသာမတူ လူမျိုးခြား ဘာသာခြားတို့က ရှုကြည့် သိမြင်တဲ့ အယူအဆသဘောတရားပေါ့ဗျာ၊ ဆရာတော်ကြီးက ကုလားလူမျိုးတို့ရဲ့ အင်္ဂလိပ်စာလို့သာ ဆိုပေမယ့် အခြားသော ဘာသာများလည်း အကျုံးဝင်ပါလိမ့်မယ်၊ ဒီတော့ ဘာသာခြားစာပေများကို ယုံကြည်ကိုးစား အားကြီးလာရင် မိမိတို့ရဲ့ ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃရတနာများအပေါ်မှာ ဆင်ခြေ ဆင်လက်၊ ယုတ္တိသာဓက သိပ္ပံ နည်းကျမကျ၊ ယုံမှားသံသယတွေ ဖြစ်လာတတ်ပါတယ်တဲ့"

"ဟုတ်တာပေါ့ဗျာ၊ လောကဓာတ် သိပ္ပံပညာရှင်တွေ၊ ဒဿနိက ပညာရှင်တွေနဲ့ တိုးတက်တယ်ဆိုတဲ့ အယူဝါဒသမားတွေမှာ ဖြစ်လာနိုင်တဲ့သဘောတရားတွေပဲဗျ၊ ဒီနေရာမှာဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့လေးချိုးကြီးတစ်ပုဒ်ကိုသတိရလိုက်မိပါတယ်"

"သင်းတို့ဉာဏ် တစ်မိုက်တစ်ထွာမျှရယ်နှင့်၊ ငြင်းဖို့ကြံရင် မိုက်ရာကျပါလိမ့်... ဆိုတဲ့ စကားလေ ဦးမင်္ဂလာရဲ့"

(၂၈) သမ္မောဟ ဝဋ္ဋနာ

ဣဋ္ဌာနိဋ္ဌသမုပေက္ခနာမုခေန သမ္မောဟော ဝဋ္ဋေတိ။

ဣဋ္ဌာနိဋ္ဌသမုပေက္ခနာမုခေန=ဣဋ္ဌာရုံ အနိဋ္ဌာရုံ တို့၌ တုန်လှုပ်ခြင်းမရှိ၊ ပကတိ သည်းခံခြင်း၊ လျစ်လျူရှုခြင်းကို အကြောင်းပြုသဖြင့်။ သမ္မောဟော= ဆိုးကောင်း မသိတတ် အမှတ်မဲ့လျစ်လျူရှုခြင်း ဟူသော အညာဏုပေက္ခသမ္မောဟ တရားသည်။ ဝဋ္ဋေတိ= လှည့်ပတ်တတ်၏။

အညာဏုပေက္ခေကိုပင် ဉာဏုပေက္ခာ မှတ်၍ သံသရာ ရဟတ် မပြတ်နိုင်ဘဲရှိတတ်သည်။

"ကိုရေချမ်းရေ၊ ဒီ ဝဋ္ဋနာကတော့ ကျုပ်တို့ကို အမြဲလိမ်နေတာပဲဗျ၊ ကျုပ်တို့က လည်း အမြဲ အလိမ်ခံနေရတာပဲဗျ၊ ကြည့်လေ...ဥပေက္ခာဆိုတာက လောကဓံတရား ရှစ်ပါးမှာ အကောင်းလေးပါးနှင့် တွေ့ဆုံကြုံကြိုက်သည်ဖြစ်စေ၊ အဆိုးလေးပါးနှင့် တွေ့ဆုံ ကြုံကြိုက်ရသည် ဖြစ်စေ မတုန်မလှုပ် ကြည်လင်ငြိမ်သက်သော စိတ်နှင့်လျစ်လျူရှုနိုင်တာ မဟုတ်လား၊ ဘယ်လိုကြောင့် လျစ်လျူရှုနိုင်သလဲဆိုတော့ မမြဲသောသင်္ခါရတရားတို့ကို ဉာဏ်နှင့်ဆင်ခြင်၍ သည်းခံ ခွင့်လွှတ်နိုင်ကြခြင်းဖြစ်တယ်၊ ကျုပ်တို့မှာကတော့ အကောင်းနဲ့ပဲတွေ့တွေ့ အဆိုးနဲ့ပဲတွေ့တွေ့ ဉာဏ်ပညာနှင့် မဆင်ခြင်နိုင်ဘဲ တက်ကြွစရာရှိရင် မိုးထိအောင် တက်ကြွပြီး ဆုတ်နစ်စရာရှိရင် မြေကြီးမှာ ဗုန်းဗုန်းလဲတဲ့အထိ ဖြစ်တတ်ကြတယ်လေ၊ ဒီအခါမျိုးမှာ ကျုပ်တို့ တစ်တွေက 'ဖြစ်ချင်တာမဖြစ်ရင် ဖြစ်ချင်တာ ဖြစ်စမ်းဟယ်' ဆိုတဲ့ သဘောမျိုး၊ ငွေကြေးဥစ္စာနဲ့ ပတ်သက်လာရင်လည်း 'ရှိပူရသေး၊ ကုန်မှ အေး' ဆိုပြီး ပစ်စလက်ခတ်လုပ်ပစ်တတ်ကြတယ်လေ၊ ဒါကိုပဲ ကျုပ်တို့က အားလုံးကို လျစ်လျူရှုလိုက်တယ်၊ ဥပေက္ခာပြု လိုက်တယ်လို့ ကိုယ့်စိတ်ကိုယ် လိမ်နေတတ်ကြပါတယ်တဲ့"

"ဟုတ်ပါ့ဗျာ...ဟုတ်ပါ့၊ ဟုတ်ပါ့၊ ဉာဏ်နဲ့ယှဉ်ပြီး ဥပေက္ခာ ပြုတာက တခြား၊ မိုက်မိုက်ကန်းကန်း လျစ်လျူပြုလိုက်တာကတခြား ဖြစ်နေတာပဲ"

"အစစ်ပေါ့ဗျာ။ အဲသည်လို ခြားနားချက်ကို ယခုလို ဖွင့်ပြထားပါတယ်...

"အညာဏုပေက္ခာကား ဆိုး, ကောင်း, ယုတ်, မြတ်, အမှတ်မထင် အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်းနှင့်တကွ ဣဋ္ဌ, အနိဋ္ဌတို့၌ လျစ်လျူရှုခြင်းလက္ခဏာရှိတယ်၊ မစုံစမ်း မဆင်ခြင်ခြင်း၊ အမှတ်မဲ့ နေခြင်းကိစ္စရှိတယ်၊ အတ္တဟိတ, ပရဟိတ ဆုတ်ယုတ်ခြင်းကို ရှေးရှုတယ်၊ မုဋ္ဌသတိအပွသုတပမာဒနှင့် နီးစပ်တယ်။

"ဉာဏုပေက္ခာကား ဣဋ္ဌ, အနိဋ္ဌဖြစ်သော အာရုံ၏ သဘောလက္ခဏာကို မဖုံး လွှမ်းခြင်းနှင့်တကွ လျစ်လျူရှုခြင်း လက္ခဏာ ရှိတယ်၊ အာရုံ၏သဘောကို သိမြင်ခြင်း နှင့်တကွ ထိုအာရုံတို့ကြောင့် မတုန်လှုပ်ခြင်း တည်တံ့ခြင်း ကိစ္စရှိတယ်၊ အာရုံ၌ ထွန်းလင်း ခြင်းနှင့်တကွ ထိုအာရုံ၌ မကြောင့်ကြဘဲ သွားမြဲတိုင်းသော ကုသိုလ်တရားတို့၌ ဖြောင့် တန်းစွာ သွားနိုင်ခြင်းကို ရှေးရှုတယ်၊ နက်နဲသော သဘော ရှိခြင်း ဂမ္ဘီရသဘာဝတာ ကမ္မဿကတာဉာဏ်နှင့် နီးစပ်တယ်တဲ့၊ ကဲ...မရှင်းဘူးလား"

"ရှင်းလိုက်သမှ ကွက်ကွက်ကွင်းကွင်းပေါ်တော့တာပါပဲဗျာ"

## (၂၉) မိစ္ဆာဒိဋ္ဌိ ဝဋ္ဋနာ

ဝီမံသာမုခေနဟေတုပတိရူပက ပရိဂ္ဂဟေန မိစ္ဆာဒိဋ္ဌိ ဝဋ္ဋေတိ။

ဝီမံသာမုခေန=စုံစမ်း ဆင်ခြင်ခြင်းကို အကြောင်းပြုသဖြင့်။ ဟေတုပတိ ရူပက ပရိဂ္ဂဟေန=အကြောင်းစစ်မဟုတ် အကြောင်းနှင့်တူသည်ကို သိမ်းဆည်း မိ သည်။ ဟုတ္ဆာ= ဖြစ်၍။ မိစ္ဆာဒိဋ္ဌိ=မိစ္ဆာဒိဋ္ဌိသည်။ ဝဋ္ဋေတိ=လှည့်ပတ်တတ်၏။

"အဲဒီ ဝဋ္ဋနာကတော့ အကြောင်းရင်းကို ရှာရင်း အကြောင်းရင်း အစစ်အမှန်ကို မသိမမြင်ဘဲ မိမိ၏ဉာဏ်ပညာလောက်နှင့် ဆင်ခြင်ပြီးတော့ မှတ်ယူဆုံးဖြတ်မိတဲ့အတွက် မိစ္ဆာဒိဋ္ဌိဖြစ်သွားအောင် အလှည့်အပတ်ခံရတတ်တာကို မိန့်ဆိုတော်မူတာဖြစ်ပါတယ်၊ ဒါကို ရှင်းလင်းအောင် ဆရာတော်က ယခုလို ဖော်ပြထားပါတယ်။

'စုံစမ်း ဆင်ခြင်ခြင်းကို အကြောင်းပြုသဖြင့် အကြောင်းစစ် မဟုတ်ကြောင်းနှင့် တူသည်ကို သိမ်းဆည်းမိသည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်သည်။ ဤလောကကို ပရမိဿွာ နတ် စသည် ဖန်ဆင်းခြင်း ကြောင့်ဖြစ်၏ဟူသော မိစ္ဆာဒိဋ္ဌိစကားကို စုံစမ်းဆင်ခြင်ဖန်များ သဖြင့် တစ်စုံတစ်ယောက် ပရမိဿွာနတ်စသည် မဖန်ဆင်းဘဲ အကြောင်းမဲ့ ဤ မြင်းမိုရ် တောင်ကြီး, လ, နေ, နက္ခတ်စသည်တို့ မဖြစ်တန်ရာ တစ်စုံတစ်ယောက် ဣဒ္ဓိမာဖြစ်သူ တို့ ဖန်ဆင်းကြောင်းသာ ဖြစ်တန်ရာသည်ဟု သိမ်းဆည်းဆင်ခြင်မိသဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်၍ ဝဋ်ဆင်းရဲ၌ နစ်တတ်သည်ကို သတိပြုဟူလိုသည်' တဲ့ဗျ ဦးရေချမ်းရဲ့"

"အင်း...ကျုပ်တို့ကမ္ဘာကြီးအပါအဝင် စကြဝဠာ အနန္တဆိုတာ မြေ, ရေ, လေ, မီး မဟာဘုတ်ကြီး လေးပါးနှင့် တစ်ပြိုင်တည်း အလိုအလျောက် ဖြစ်ပေါ်လာကြတယ်၊ ပျက်ပြန်တော့လည်း အဲသည် မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးနဲ့ ပျက်စီးပျောက်

ပျက်ကြရ တယ်၊ ဒါကြောင့် 'တစ်ပြိုင်တည်လျက်၊ တစ်ပြိုင်ပျက်သော စကြဝဠာ အနန္တ'လို့ ကျမ်းဂန်များမှာ တွေ့ဖူးပါတယ်၊ မည်သည့် တန်ခိုးရှင်၊ ဖန်ဆင်းရှင်တစ်ဦးတလေကမှ ဖန်ဆင်းပေးတာမဟုတ်ပါဘူးလို့ ကျုပ်တို့ ဗုဒ္ဓဝါဒီဟူသမျှ ဘုရားဟော ဒေသနာအတိုင်း ယုံကြည် လက်ခံထားကြပါတယ်"

"ဒါက အကြောင်းရင်း အစစ်အမှန် သဘောပေကိုးဗျ"

"ဒါပေမဲ့ မိစ္ဆာဒိဋ္ဌိဖြစ်စေနိုင်တဲ့ အခြားအကြောင်းအရာ၊ အတွေးအခေါ်၊ အယူအဆများလည်း ရှိလိမ့်ဦးမယ်နော် ဦးမင်္ဂလာ ရေ"

"မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်သော အကြောင်းအရာများနဲ့ ပတ်သက်လို့ 'ဗြဟ္မဇာလသုတ်'မှာ ၆၂ ပါးရှိကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူထားပါသေးတယ်၊ အဲဒီ ၆၂ ပါးမှ လွတ်ကင်းပြီး အမြင် မှန်ရမှ သမ္မာဒိဋ္ဌိဖြစ်ပါတယ်တဲ့၊ သမ္မာဒိဋ္ဌိဖြစ်မှ ဉာဏ်အမြင်၏စင်ကြယ်ခြင်းဆိုတဲ့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ရပုံကို ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒီဝိတဏ္ဍိညစ်ကြေးတို့မှ ကင်းဝေးဖြူစင်လျက် အယူ၏ စင်ကြယ်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ'လို့ ကျီးသဲလေးထပ်ဆရာတော် ဘုရားက ဝိသုဒ္ဓိခုနစ်ပါးကို ခွဲခြားဖွင့်ဆို ပြတော်မူပါတယ်"

"အေးဗျာ၊ သာမန်လူစား ပုထုဇဉ်များအတွက်တော့ အတော် နက်နဲနေပေတာပဲ"

"ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် ရွှေကျင်ဆရာတော်ဘုရားက ဒီဝဍ္ဎနာကို တစ်မျိုးတစ်နည်း ဖွင့်ဆိုပြတော်မူပါသေးတယ်၊ ဝိမံသာဃ =ပရမတ္ထသဘောကို နစ်နှော ဆင်ခြင်တတ်သော ပညာတရား အရာ၌။ မိစ္ဆာဒိဋ္ဌိ=သတ္တဇီဝါ ငါ သူတစ်ပါးမဟုတ် ရုပ်နာမ်အစုမျှသာ ဖြစ်၍ လုံးစားဖြင့် ထိုးခုတ်ခြင်းကို ပြုသော်လည်း ပကတိအားဖြင့် ပျက်စီးခြင်း သဘောရှိသော ဇီဝိတိန္ဒြေကို မဖျက်ဆီးနိုင်ရာ၊ ရုပ်ကလာပ်ကြားကိုသာ လုံသွား စားသွား ကျရောက်သည်ဖြစ်၍ ပါဏာဝဓမဖြစ်နိုင်ရာဟူသော အကိရိယ ဒိဋ္ဌိ အစရှိသော မိစ္ဆာဒိဋ္ဌိ တရားသည်။ ဝဍ္ဎတိ=ဉာဏ်ကြီးသည့်အယောင် ဟန်ဆောင် လှည့်ဖြားတတ်၏"

(၃၀) အဒယာ ပန္နတာ ဝဍ္ဎနာ

ဝိရတ္တတာ ပတိရူပေန သတ္တေသု အဒယာပန္နတာ ဝဍ္ဎတိ။

ဝိရတ္တတာ ပတိရူပေန=တပ်ခြင်း ကင်းခြင်းဟု ဆိုအပ်သော သူတော်ကောင်းတရားနှင့်တူသဖြင့်။ သတ္တေသု=သတ္တဝါတို့၌။ အဒယာ ပန္နတာ=သနားခြင်းမရှိသော မသူတော်တရားသည်။ ဝဍ္ဎတိ =လှည့်ပတ်တတ်၏။

"အဲဒါကတော့ ကျွန်တော်တို့ နားလည်လောက်တယ်ဗျ၊ သား မယား ဆွေမျိုးစသည်များကို မေတ္တာ ကရုဏာခေါင်းပါးလို့ စွန့်ပယ် လျစ်လျူပြုထားတာဟာ တဏှာ လောဘ သံယောဇဉ် ကင်းကွာလို့ ဥပေက္ခာ ပြုနိုင်သလိုလို လိမ်တတ်ကြပါတယ်တဲ့"

"ဟုတ်ပါတယ်၊ မေတ္တာ ကရုဏာ မရှိလို့ မကူညီ မစောင့်ရှောက် လိုတာကိုပဲ သူတို့ထိုက်နဲ့ သူတို့ကံပဲလေ'လို့ ပြောပြတတ်ကြတယ် မဟုတ်လား၊ ဒါ သူတော်ကောင်းစိတ် မဟုတ်နိုင်ပါဘူး"

"အဲဒါကို ဆရာတော်ဘုရားက ကွဲပြားခြားနားအောင် ယခုလို ဖွင့်ပြထား ပါတယ်။

'သား၊ မယား၊ တပည့်သားတို့ကို မငဲ့ကွက် စွန့်ပစ်ထားခြင်းသည် တပ်ခြင်း၊ တွယ်တာခြင်း၊ တဏှာခေါင်းပါးခြင်းကြောင့် လည်းကောင်း၊ မသနားတတ်ခြင်း ကြောင့် လည်းကောင်း တစ်ပါးပါးသော အကြောင်းနှင့် စွန့်ပစ်ခြင်း ဖြစ်သည်သာလျှင်တည်း။ ထို နှစ်ပါးတို့တွင် သားငယ်နှင့်တကွ ရေဝယ်မျောသွားသော ယောကျ်ားသည် အလွန် ပင်ပန်းလှသဖြင့် မိမိ အသက်ဘေးကို ကြောက်လှ၍ အလွန် သနားလျက်ပင် သားငယ်ကို စွန့်ပစ်ရာသကဲ့သို့ မိမိ သံသရာဘေးကို ကြောက်လှသဖြင့် အလွန်သနားကြင်နာလျက်ပင် သား မယား ခြွေရံ ပရိသတ်တို့အား တွယ်တာငဲ့ကွက်ခြင်းကို မပြုဖြစ် မပြုနိုင်။ တပ်ခြင်း၊ တွယ်တာခြင်းကို ဖျောက်၍ အားထုတ်အပ်သော သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ တို့ကို အားထုတ်ကြိုးပမ်း၍ နေလေ့ရှိသော သူ၏ အဖြစ်သည် ဝိရတ္တတာကုသိုလ်စိတ်ဖြင့် စွန့်ပစ်သည်မည်၏။ တစ်နည်း ချစ်ခင်လှစွာသောသားငယ်ကို လက်ဝယ်ဆွဲ၍ တောမြိုင် ထဲသို့ အဝင်တွင် တောဆင်မုန်ယိုနှင့် တွေ့သဖြင့် အလန့်တကြား သားငယ်ကို စွန့်ပစ် ထား၍ ပြေးသွားမိသော မိခင်ကဲ့သို့ အလွန်ကြောက်မက်ဖွယ်သော ဘေးအတိပြွမ်းသော သံသရာတောစခန်းတွင် အပါယ်ဘေး ဝဋ်ဆင်းရဲဘေးတည်းဟူသော ဆင်မုန်ယိုကို မြင် သဖြင့် သား၊ မယား၊ တပည့်၊ ခြွေရံ ပရိသတ်တို့အား မထောက် မညှာနိုင်၊ မအောက် မေ့နိုင်၊ ဗျာပါရ မပြုနိုင်၊ မိမိ အားထုတ်အပ်သော ပဋိပတ်တရားကိုသာ ဖြောင့်တန်းစွာ အားထုတ်၍နေလေ့ရှိသော သူ၏အဖြစ်သည်သာလျှင် ဝိရတ္တတာဖြင့် စွန့်ခွာသည် မည် သတည်း။ 'နွား မတန်း, သားမခင်' ဟူသကဲ့သို့ အကြောင်းအကျိုး ကျေးဇူးရှိမယ့် မဆင် ခြင်၊ သနား ကြင်နာတတ်သည့် ဝါသနာရင်းမရှိ။ အညာဏုပေက္ခာဟူသော အကြောင်း ကြောင့် အမှတ်တမဲ့ လျစ်လျူ စွန့်ပစ်ထားခြင်း၊ အဒယာပန္နတာကိုပင် တပ်ခြင်း၊ ကင်းခြင်း ဟူသော ဝိရတ္တတာကုသိုလ်စိတ်တစ်ခု မှတ်သဖြင့် အဒယာ ပန္နတာ ဟူသော မျက်လှည့် သည် လှည့်စား၍သံသရာ၌ ကာလ ရှည်လျား တတ်သည်ကိုလည်း သတိပြုဟူလိုသည်"

## (၃၁) ကာမသုခလ္လိကာနုယောဂ ဝတ္ထုနာ

အနုညာတ ပဋိသေဝန ပတိရူပေန
ကာမသုခလ္လိကာနုယောဂေါ ဝဋ္ဋေတိ

အနုညာတ ပဋိသေဝန ပတိရူပေန=ရဟန်းတို့၌ ဘုရား ခွင့်ပြုတော်မူအပ်သော ပစ္စည်းတို့ကို သုံးဆောင်ခြင်းနှင့် တူသည်၏ အဖြစ်ဖြင့်။ ကာမသုခလ္လိကာ နု ယောဂေါ =ကာမဂုဏ်၌ကပ်ငြိခြင်းနှင့် ယှဉ်သော ကာမစ္ဆန္ဒတဏှာသည်။ဝဋ္ဋေတိ =လှည့်ပတ် ဖြားယောင်းတတ်၏။

"အဲသည် ဝတ္ထုနာကတော့ ကျုပ်တို့ လူသားတွေအတွက် တိုက်ရိုက်ညွှန်းဆို ဆုံးမတော် မူခဲ့တာပဲဗျ ကိုရေချမ်းရဲ့"

"လူတွေနဲ့ တိုက်ရိုက် သက်ဆိုင်ပုံကို ရှင်းစမ်းပါဦးဗျာ"

"ဒီလိုလေ၊ မြတ်စွာဘုရားသခင်က တပည့်သား ရဟန်းများကို ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ အနုညာတ ခွင့်ပေးတော် မူထားတာ ရှိပါတယ်၊ အလွန်မွန်မြတ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည်တို့ကို ပစ္စဝေက္ခဏာတင်ပြီး ဆင်ခြင်သုံးဆောင်မယ်ဆိုရင် သုံးဆောင်နိုင်ခွင့် ပြုတော်မူထားပါတယ်၊ ဒါတွေကို လူတွေက မြတ်စွာဘုရားသခင်ဟာ ရဟန်းများနှင့်စပ်ဆိုင်တဲ့ စားဝတ်နေရေးကို အပြစ်မရှိ ခွင့်ပြုတော်မူထားသကဲ့သို့ ကျုပ်တို့လူတွေကိုလည်း ကာမဂုဏ်သမား လောကီသားတို့ရဲ့အကျင့် စရိုက်ဝသီတို့နဲ့အညီ စားဝတ်နေရေးမှအစ ကာမဂုဏ်ခံစားတာကို အပြစ်မရှိ ခွင့်ပြုတော်မူတန်ကောင်းပါရဲ့လို့ ယူဆပြီး ကာမဂုဏ်ညွန့်ဖွက်ထဲက ရုန်းထွက်ဖို့၊ မကြံစည်၊ မကြိုးစားချင်ကြတော့ပါဘူးတဲ့။ မစင် ဘင်ပုပ်ကို ခွေးများ ဝက်များ နှစ်သက်သလို ထို အရသာကိုပဲ နတ်သုဒ္ဓါလို အာသာငမ်းငမ်း ဖြစ်နေတတ်ပါတယ်တဲ့၊ သူတောင်းစားတို့ မည်သည် ရှင်ဘုရင် ဖြစ်ချင်တဲ့စိတ် တစ်ရံတစ်ဆစ်မျှ တောင့်တကြံစည်ခြင်းမရှိသလို ကာမဂုဏ်သမားတို့မှာလည်း ပဗ္ဗဇ္ဇိတရဟန်းအဖြစ်ကိုသော်လည်းကောင်း၊ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ တရားတို့ဖြင့် တောထွက်ကျင့်ကြံအားထုတ်ဖို့ကိုသော် လည်းကောင်း တစ်ခါတစ်ရံ အိပ်မက်မျှပင် မမက်အောင် အလှည့်အပတ်ခံနေရတတ်ပါတယ်တဲ့၊ အဲဒါဟာ ဆရာတော်ကြီးရဲ့ အဖွင့်အဆိုကို အတိုချုံးပြောလိုက်ရခြင်းပါပဲ...။

မန်လည်ဆရာတော်ဘုရားကလည်း...

'နံ့ဆိုး ယုတ်မာ၊ ပုပ်နံစွာဖြင့်၊ ကေသာ လောမ၊ မွေးဆံ စသား၊ အူမ အူသိမ်၊ ရေအိမ်မက၊ ရွရွ ကျိကျိ၊ ပိုးအတိနှင့်၊ အရိအရွဲ၊ နပ်ချွဲပြစ်ပြစ်၊ ရှုရှုက်ပျစ်လျက်၊ စာသစ်စာဟောင်း၊ မမြင်ကောင်းအောင်၊ ဟောင်းလောင်းအစ၊ ကိုးဒွါရမှ၊ စီးကျယိုယို၊ တစိုစိုလျှင်၊ ဤကိုယ်ညစ်ကျူ၊ ပုပ်မျိုးစုကို၊ အသုဘစစ်၊ ဉာဏ်ဖြင့်လှစ်၍၊ အပြစ်မမြင်၊ ဖုံးပိတ်ပင်လျက်၊ လင်နှင့်မယား၊ သားနှင့်သမီး၊ ချစ်စငြီးဟု၊ ချစ်ကြီးချစ်မူ၊ ချစ်ထုံးပြု၍၊ ချစ်စုချစ်ပုံ၊ နှုတ်ဝယ်ငုံမျှ၊ စုံစုံမက်မက်၊ ပိုက်ဖက်တွဲမှိ၊ တအီအီလျှင်၊ ပွေ့ချီရှုပ်နမ်း၊ တငမ်းငမ်းနှင့်၊ စမ်းစမ်း ဆုပ်ဆုပ်၊ အုပ်အုပ်ဖုံးဖုံး၊ တပြုံးပြုံးနှင့်၊ မဆုံးချစ်စ၊ မွေ့လျော်ကြသည်၊ ကာယဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံဖောဋ္ဌဗ် ညစ်ကြေးတည်း' လို့ ကျုပ်တို့ရဲ့ ဖြစ်ပုံကို ဖော်ပြ ဆုံးမထားပါတယ်"

"သဘောပေါက်ပါရဲ့ဗျာ၊ လိမ်မှန်းသိပေမယ့်လည်း အလိမ်ခံနေရတာ ကောင်းတယ်ထင်ပြီး ကျုပ်တို့ကိုကျုပ်တို့ ဆက်လိမ် နေကြဦးမှာပဲ ထင်တယ် ဦးမင်္ဂလာရေ..."

(၃၂) ဂရုနံ့ အနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာ ဝဋ္ဋနာ

အတ္တာဓိပတေယျတာ ပတိရူပေန ဂရူနံအနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာ ဝဋ္ဋေတိ။

အတ္တာဓိ ပတေယျတာ ပတိရူပေန=မိမိကိုယ်ကို မိမိ အကြီး အမျှူး ပြုစွမ်းနိုင်သော ပညာရှိသောအဖြစ်နှင့် တူသဖြင့်။ ဂရူနံ= ဆရာ သမားတို့၏။ အနု

သာသနိယာ= အဆုံးအမကို။ အပဒက္ခိဏဂ္ဂါဟိတာ =အရိုအသေ မနာယူနိုင်သော သူ၏အဖြစ်ဟု ဆိုအပ်သော မာန အတိမာနပက္ခ ပဟာသ တရားသည်။ ဝဋ္ဋေတိ=ဝီမံသာဓိပတိတည်း ဟူသော ပညာယောင်ဖြင့် ဖြားယောင်း လှည့်ပတ်တတ်၏။

"မိမိကိုယ်လျှင် မိမိ အကြီးအမှူးပြု၍ ဆုံးဖြတ်ပိုင်းခြား စီရင် ဆောင်ရွက်နိုင်ခြင်း ပညာကြီးသည်နှင့်တူသဖြင့် ဆရာမြတ်တို့၏ ဆုံးမဩဝါဒကို မလိုက်နာနိုင်၊ မလိုက်နာလိုသော မသူတော်တရား လှည့်ဖြားတတ်သည်။ သူတစ်ပါးပညာဖြင့် ပညာပြုရသော သူပြောလာတိုင်း ကောင်းပြီလိုက်ရသော ပရနေယျမင်းကဲ့သို့ မဟုတ်။ မိမိ ပညာစွမ်းဖြင့် အမှု ခပ်သိမ်း ပြီးငြိမ်း ပြေလည်အောင် ဉာဏ်ပိုင်စိုးရ စီရင်ဆုံးဖြတ်၍ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ခြင်း၊ မကောင်းမှု အကုသိုလ်တို့ကို ပယ်ခွာခြင်း အားထုတ်ခြင်းသည် အတ္တာဓိပတေယျ မည်၏။ ဆရာတို့ဆုံးမအပ်သည်ကို နားမထင်နားမဝင်၊ စိတ်ထင်ရာ ကောင်းနိုးနိုး အကျိုးမရှိရာကို ရဲဝံ့စွာပြုခြင်းသည် အပဒက္ခိဏဂ္ဂါဟိတာ မည်၏။ ယင်း အပဒက္ခိဏဂ္ဂါဟိတာကို အတ္တာဓိပတေယျ ဟူသော သူတော်ကောင်းတရား တစ်ခုမှတ်၍ နိဗ္ဗာန်အောင်ရပ်နဲ့ လွဲတတ်သည်ကိုလည်း သတိပြုဟုလိုသည်တဲ့ ကိုရေချမ်းရဲ့၊ သဘောပေါက်ပါတယ်နော်"

"ဒီထက် နည်းနည်းလေး ရှင်းပြရင် ကောင်းမယ်ဗျာ"

"ဒီလိုလေဗျာ၊ လောကမှာ လူနှစ်မျိုးနှစ်စားရှိတယ်၊ ပထမ တစ်မျိုးက မိမိထက် တတ်သိလိမ္မာ ဉာဏ်ပညာရှိသူကို ယုံကြည် အားကိုးပြီး ထိုပုဂ္ဂိုလ်က ပြောသမျှ ဆိုသမျှ ညွှန်ကြား ဩဝါဒပေးသမျှ မိမိက လိုက်နာ ပြုလုပ်ကျင့်ကြံနေတဲ့လူမျိုး၊ အဲဒီ လူမျိုးက မိမိ၏ဉာဏ်ပညာကို အသုံးချဖို့လည်း မလို၊ မိမိက ဦးဆောင် ဦးရွက်ပြုဖို့လည်း မလို၊ သူတစ်ပါးကိုသာ မှီခိုနေတဲ့အတွက် ပရနေယျပုဂ္ဂိုလ်လို့ ခေါ်ပါသတဲ့၊ ဒုတိယလူကတော့ သူ့မှာ ကိုယ်ပိုင်ဉာဏ်ပညာ၊ အယူ အဆ၊ ဆင်ခြင်တုံတရားများရှိတယ်။ တတ်သိ လိမ္မာတယ်၊ ဒါကြောင့် သူကသာ ဦးဆောင်ဦးရွက်ပြုပြီး မိမိကိုယ်တိုင်သော် လည်းကောင်း၊ သူတစ်ပါးအားသော်လည်းကောင်း မိမိ အယူအဆအတိုင်း ပြုလုပ်ကျင့်ကြံစေတယ်၊ ကိုယ့်ကိုယ်ကိုသာ ကိုယ့်ပညာဉာဏ်နဲ့ အားကိုးပြီး ဆုံးဖြတ်နိုင်စွမ်းရှိတယ် လို့ ယူဆထားတဲ့ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ကိုတော့ အတ္တအဓိပတေယျပုဂ္ဂိုလ်လို့ ခေါ်ပါသတဲ့၊ အဲဒီ အတ္တအဓိပတေယျ ပုဂ္ဂိုလ်များဟာ မိမိ ဉာဏ်ပညာကို စိတ်ချအားကိုးလွန်းတဲ့ အတွက် မာနဖက်ပြီး ဆရာသမား သူတစ်ပါး၏ အယူအဆ တရားဓမ္မများကို လက်မခံဘဲ ရှိတတ်ပါတယ်တဲ့၊ အဲဒီ သဘောကို ဆရာတော်က ယခုလို ရှင်းလင်းပြသထားပါတယ်။

"မိမိကိုယ်လျှင် မိမိ အကြီးအမှူးပြု၍ ဆုံးဖြတ်ပိုင်းခြားစီရင် ရွက်ဆောင်နိုင်ခြင်း ပညာကြီးသည်နှင့် တူသဖြင့် ဆရာမြတ်တို့ ဆုံးမဩဝါဒကို မလိုက်နာနိုင်၊ မလိုက်နာလိုသော မသူတော်တရား လှည့်ဖြားတတ်သည်။ သူတစ်ပါးပညာဖြင့် ပညာပြုရသော၊ သူပြောလာတိုင်း ကောင်းပြီလိုက်ရသော ပရနေယျမင်းကဲ့သို့ မဟုတ်။ မိမိ ပညာ စွမ်းဖြင့် အမှုခပ်သိမ်း ပြီးငြိမ်းပြေလည်အောင် ဉာဏ်ပိုင်စိုးရ စီရင် ဆုံးဖြတ်၍ ကုသိုလ်ကောင်းမှု

တို့ကို အားထုတ်ခြင်း၊မကောင်းမှု အကုသိုလ်တို့ကို ပယ်ခွာခြင်း၊ အားထုတ်ခြင်းသည် အဝ္ဗာဓိပတေယျ မည်၏။ ဆရာတို့ ဆုံးမအပ်သည်ကို နားမထင် နားမဝင် စိတ်ထင်ရာ ကောင်းနိုးနိုး အကျိုးမရှိရာကို ရဲဝံ့စွာပြုခြင်းသည် အပဒက္ခိဏဂ္ဂါဟိတာ မည်၏၊ ယင်း အပဒက္ခိဏဂ္ဂါဟိတာကို အဝ္ဗာဓိပတေယျ ဟူသော သူတော်ကောင်း တစ်ခုမှတ်၍ နိဗ္ဗာန် အောင်ရပ်နှင့် လွဲရတတ်သည်ကိုလည်း သတိပြုဟု ဆိုလိုသည်တဲ့။ ကဲ...ရှင်းပလား"

"အင်း...ဒါမှ ပိုရှင်းသွားတယ်ဗျာ၊ ကျုပ် စဉ်းစားမိပြီ ဦးမင်္ဂလာရေ၊ ဒီ ဝဋ္ဋနာရဲ့ အန္တရာယ်ဟာ လူငယ်နှင့်လူကြီးမှာ လူကြီး၌ ဖြစ်ဖို့များလိမ့်မယ်၊ ဆရာနဲ့တပည့်မှာ ဆရာ လုပ်သူ၌ ဖြစ်ဖို့များလိမ့်မယ်၊ အရှင်သာရိပုတ္တရာအလောင်း ဉပတိဿပရိဗိုဇ်နှင့် သူ့ဆရာ သိဉ္စည်းပရိဗိုဇ်ကြီးကို ကြည့်လေ၊ ဉပတိဿပရိဗိုဇ်ဟာ သိဉ္စည်း ဆရာကြီးရဲ့တပည့်ဖြစ် ပေမယ့် တရားစစ်တရားမှန်ကို လိုက်လံရှာဖွေနေတဲ့လူ မဟုတ်လား၊ တစ်နေ့တော့ အရှင် အဿဇိမထေရ်ထံမှ 'ယေဓမ္မာ ဟေတုပ္ပဘဝါ'အစရှိတဲ့ဂါထာကို တစ်ဝက်မျှသာ ကြားနာရ ၍ သောတာပန် အရိယာ ဖြစ်သွားရတယ်လေ"

"ဟုတ်တာပေါ့၊ ဉပတိဿပရိဗိုဇ်ဟာ သူကြားနာရတဲ့ တရားစစ် တရားမှန်ကို သူ့မိတ်ဆွေ ရှင်မဟာမောဂ္ဂလာန်လောင်း ကောလိတ ပရိဗိုဇ်ကိုပါ ဖောက်သည်ချလို့ ကောလိတ ပရိဗိုဇ်လည်း သောတာပန် ဖြစ်သွားရတာပေါ့"

"ဟုတ်ပါတယ်၊ အဲဒီလိုနဲ့ မိတ်ဆွေနှစ်ဦးက သူတို့ဆရာ သိဉ္စည်းဆရာကြီးဆီကို ဝမ်းသာအားရ သွားပြောကြပြီး ဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ကို လိုက်ပါဖို့ခေါ်တော့ ဘယ်မှာရလို့လဲ"

"စရည်းအိုးကြီးက လက်ငင် အိုးမဖြစ်ချင်တော့ပါဘူးတဲ့လေ၊ မလိမ္မာသူတွေသာ ပိုများတဲ့ လူ့လောကမှာ အနည်းငယ်သော လိမ္မာသူတို့သာ ဗုဒ္ဓ၏အဆုံးအမကို ခံယူကြ ပါလိမ့်တဲ့၊ ငါ့အဖို့တော့ မလိမ္မာသူ များစွာရဲ့ ဆရာအဖြစ်နဲ့ပဲ နေရစ်ခဲ့ပါ့မယ်တဲ့လေ"

"အင်း...'ကျားကျား မီးယပ်'ဆိုတဲ့ သဘောပဲ။ ရှင်တော် ဘုရား ရဲ့ တရားဓမ္မကို တောင် မနာယူလိုတာဟာ 'အပ ဒက္ခိဏဂ္ဂါဟိတာ'ပေါ့"

"ဒီလိုနဲ့ တပည့်ပေါင်း ၂၅၀ က ဉပတိဿတို့နဲ့ ဘုရားရှင်ထံ လိုက်ပါသွားကြ တော့ သိဉ္စည်းဆရာကြီးဟာ တစ်ဦးတည်း ကျန်ပြီး သွေးအန်ရတာပဲ"

"ဟုတ်ပါတယ်...ဟုတ်ပါတယ် ကိုရေချမ်းရေ၊ ဒါဟာ 'အပ ဒက္ခိဏဂ္ဂါဟိတာ' ဝဋ္ဋနာလို့ ဆိုနိုင်လိမ့်မယ်"

## (၃၃) သဗြဟ္မစာရီသု အဂါရဝ ဝဋ္ဋနာ

ဓမ္မာဓိပတေယျတာ ပတိရူပေန သဗြဟ္မစာရီသု အဂါရဝံ ဝဋ္ဋေတိ။

ဓမ္မာဓိပတေယျတာ ပတိရူပေန=တရားတော်ကို အရိုအသေအလေးအမြတ် ပြု ၍ နေသည်၏အဖြစ်ဟုဆိုအပ်သော ကုသိုလ်မိတ်ဆွေယောင် ပြုသဖြင့်၊ သဗြဟ္မ စာရီသု= သီတင်းသုံးဖော်တို့၌။ အဂါရဝံ=မရိုသေခြင်းဟူသော ထမ္ဘ သာရမ္ဘ မာန အတိမာန ရန်သူသည်။ ဝဋ္ဋေတိ=လှည့်ပတ်တတ်၏။

"ဒါကတော့ ရဟန်းတော်များနဲ့ အထူးသက်ဆိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ဆရာတော်က ယခုလို ဖွင့်ဆိုထားပါတယ်။

'တရားကျမ်းဂန် စာပေ သင်အံခြင်း၊ ဘာဝနာ စီးဖြန်းခြင်း ဟူသော တရား၌ မွေ့လျော်၍ နေသည့် အမှတ်နှင့် ကံကြီးကံငယ်၊ မှုကြီးမှုငယ်တို့ကြောင့် အညီအညွတ် စည်းဝေးကြသော သံဃာတော်တို့ကို လေးစားမပြု၊ မလာ မရောက် မချဉ်းမကပ် နေသဖြင့် သီတင်းသုံးဖော်တို့၌ မရှိသေခြင်းကို ပြုမှန်းမသိ ပြုမိသော အဂါရဝတရား လှည့်ဖြားတတ်သည်ကိုလည်း နှလုံးထားအပ်သည်' ဟူလို"

"ဟုတ်ပါရဲ့၊ ဒီဝဏ္ဏနာကတော့ ရဟန်းတော်များနှင့် ပို၍ ဆီလျော်လိမ့်မယ် ထင်ပါတယ်"

## (၃၄) အတ္တနိစ ဓမ္မေစ ပရိဗ္ဘဝ ဝဏ္ဏနာ

လောကာဓိပတေယျတာ ပတိရူပေန အတ္တနိစ ဓမ္မေစ ပရိဗ္ဘဝေါ ဝဉ္စေတိ။

လောကာဓိ ပတေယျတာ ပတိရူပေန=လောကကို အလေး အမြတ်ပြုခြင်းနှင့်တူသဖြင့်။ အတ္တနိစ=မိမိ၌ လည်းကောင်း။ ဓမ္မေစ=တရားဓမ္မ၌ လည်းကောင်း။ ပရိဗ္ဘဝေါ= တရားမငဲ့ မျက်နှာငဲ့၍ ပြုရ ဖန်များသဖြင့် တရားမတိုး ကိုယ်ကျိုးမပါ၊ ကိုယ်ချမ်းသာကို နှိပ်စက် ဖျက်ဆီးရာ ရောက်သော အဖြစ်သည်။ ဝဉ္စေတိ= လှည့်ပတ် ဖြားယောင်း တတ်၏။

"လောကကို အလေးအမြတ် အရိုအသေပြုခြင်းနှင့်တူသဖြင့်မိမိ၌ လည်းကောင်း၊ တရားဓမ္မ၌ လည်းကောင်း နှိပ်စက်ခြင်း လှည့်စားတတ်သည်။ လောကကို အလေးပြုခြင်း လွန်သဖြင့် မိမိ၏ ချမ်းသာကို လည်းကောင်း၊ တရားတော်ကိုလည်း ကောင်း မငဲ့ကွက်နိုင်၊ မင်းချင်းဧ ယာကျွားတို့ကဲ့သို့ လောကမျက်နှာ၊ အရှင့်မျက်နှာကိုသာ အလေးတမူ ကိုးကွယ်ရာ ပြုသဖြင့် မိမိကိုယ်၏ဆင်းရဲခြင်း၊ တရားတော် မှ ဆုတ်ယုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏။ သို့ဖြစ်သော်လည်း မိမိကိုယ်ကို တရားဆုတ်ယုတ်သည်၊ ဆင်းရဲပင်ပန်းသည်ဟု အထင်အမှတ်မရှိ၊ သတိမထား၊ တရားလက်လွတ် လောကဝတ်နှင့်သာ ကာလကျွမ်း၍ နေမိတတ်သည်ကိုလည်း အထူးသတိပြုကြပါ။

ထိုလောကာဓိပတေယျဖြစ်သော လူတို့သည် ဓမ္မာဓိပတေယျ မရှိဘဲ လောက၏ အကြိုက်၊ အရှင်မင်းတို့အလို၊ မိတ်ဆွ ခင်ပွန်းတို့ အလိုသို့ လိုက်၍ ကုသိုလ်ဓမ္မတို့ကို ပြုစုအားထုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏။ ယင်းတရားတို့သည်လည်း ကိုင်းမြက်တော၌ ပေါက်သော စပါးပင်တို့ကဲ့သို့ လည်းကောင်း၊ တိမ်တိုက်ဖုံးသောလ ကဲ့သို့ လည်းကောင်း အရှိန်အစော် သတ္တိအာနုဘော် နည်းပါးကုန်၏။ ယင်း တရားတို့သော် လည်း တရွေ့ရွေ့ ကာလရှည်လျားသဖြင့် ကိုင်းမြက်အလွန်ထူထဲခြင်းသို့ ရောက်သောအခါ စပါးပင်တို့ အလျဉ်းပျောက်လေသကဲ့သို့ လောကမျက်နှာဖုံး၍ ကုသိုလ်တရားလုံးလုံး ကွယ်တတ်သည်ကို ကြပ်ကြပ်သတိထား၊ ဓားကြား၊ လှံကြား၊ လေးညွတ်ကွင်းကြားတွင် အစာကို စုံမက်တတ်သောကျီးငှက်ရဲသည် တစ်ပါးသောကျီးတို့ကဲ့သို့ တောအုံကမ်းနား သစ်သီး

သစ်ဥစသော အစာများနှင့် တင်းမတိမ် အားမရ၊ ဓား လှံ လေး မြား ညှတ်ကွင်းကြား၌ အသားတစ်ကိုသာ အစာမှတ်၍ မပြတ်ချောင်းမြောင်း ကျီးရဲကောင်း လုပ်မိသဖြင့် လက်နက် ဓားလှံထိ၍ သေဘေးဆိုက်တတ်သကဲ့သို့ လောကာဓိပတေယျ အားကြိုးခြင်းကို အရင်းပြုသဖြင့် လောကာပရာမဘယ၊ ရာဇဘယ(လောကဘေး၊ ရာဇဘေး) စသည်တို့ နှိပ်စက်၍ ပစ္စုပ္ပန် တမလွန် အကျိုးနှစ်ပါး ပျက်ပြားတတ်သည် ကိုလည်း သတိထားအပ်သည်ဟု ဆိုသည်။

"အဲဒါက ဆရာတော်ဘုရားရဲ့ ဖွင့်ဆိုချက် အတိုင်းဖြစ်ပါတယ်၊ ကျွန်တော်က လျှဉ်းပါးဖို့ မလိုတော့ပါဘူးနော်"

(၃၅) အသမ္မောဒန သီလတာ ဝဋ္ဋနာ

မိတဘာဏိတာ ပဋိရူပေန အသမ္မောဒန သီလတာ ဝဋ္ဋေတိ။

မိတဘာဏိတာ ပဋိရူပေန=စကား မများစေရ အတိုင်းအရှည်နှင့် ယှဉ်၍ စကားဆိုလေ့ရှိသောသူ၏အဖြစ်နှင့်တူသဖြင့်။ အသမ္မောဒနသီလတာ =သီတင်း သုံးဖော် အာဂန္တုကတို့နှင့် ဝမ်းမြောက် ဝမ်းသာ ချိုသာစကား မပြောမဆိုနိုင် ခိုင်ခံ့မာပြင်းသော သူ၏အဖြစ်သည်။ ဝဋ္ဋေတိ=လှည့်ပတ်တတ်၏။

"ဘုရားရှင်တို့၏ အလေ့အကျက်တစ်ခုဖြစ်သော အာဂန္တုက သီတင်းသုံးဖော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ အာလာပသလ္လာပပြောဆိုခြင်း ဟူသော မေတ္တာမုဒိတာ ဗြဟ္မဝိဟာရ ကုသိုလ်တရားတည်း ဟူသော သမ္မောဒနတရားကို နှလုံးမထား အတိုင်း အရှည်နှင့် ယှဉ်၍ စကားပြောခြင်း၊ စကားနည်းခြင်းသည်သာလျှင် ကောင်းမြတ်သည်ဟု နှလုံးပိုက်၍ စကားအလွန်နည်းသဖြင့် အာဂန္တုက သီတင်းသုံးဖော် တို့နှင့် ဝမ်းမြောက်ဝမ်းသာ ပိယဝါစာမပြောဆိုနိုင်၊ မပြုနိုင်သော ထယ်လိပ်သည်ဟူ၍ သမုတ်အပ်သော ထမ္ဘသာရမ္ဘတည်း ဟူသော အသမ္မောဒန အကုသိုလ်တရားဖြစ်မှန်းမသိ ဖြစ်တတ်သည်ကိုလည်း 'သတိပြု'လို့ ဖွင့်ဆိုထားပါတယ်။

"ဗုဒ္ဓသခင်ဟာ ဘုရားရှင်တို့ရဲ့သာသနာ့အမွေခံ အာဂန္တုက ရဟန်းများကို မဆိုထားနှင့် ပရဝါဒဖြစ်တဲ့ လူပုဂ္ဂိုလ်တို့ကို သော် လည်းကောင်း၊ တိတ္ထိဂိုဏ်းမှ သာသနာ့ဗာဟိ ပရိဗိုဇ်တို့ကို သော်လည်းကောင်း ထိုပုဂ္ဂိုလ်များကိုသော်မှ ဘုရားရှင် အပါး ချဉ်းကပ်လာကြတဲ့အခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သဖြင့်၊ အစေ့အစပ် အမေး အမြန်းပြောဆိုခြင်းမျိုး ပြုတော်မူလေ့ ရှိပါသတဲ့။ အဲဒါကို သတိ အမှတ်မထားမိတဲ့ အတွက် ကျောင်းထိုင်ကျောင်းနေရဟန်းက မိမိ ကျောင်းသို့ကြွရောက်လာသူ အာဂန္တုရဟန်းတို့အား 'စကားနည်းခြင်းသည် ကောင်းမြတ်သောအကျင့်'လို့ ထင်မှတ်ယူဆနိုင်အောင် နေလိုက်မိတတ်ပါတယ်တဲ့။ အဲဒါလည်း ဝဋ္ဋနာတစ်မျိုးပေါ့ဗျာ"

"အဲသည်လို စကား နည်းလွန်းတော့လည်း ဆရာတော်ကြီး ဖွင့်ဆိုသလို ဟိတ်ကြီး ဟန်ကြီး လုပ်ရာ ကျသွားပြန်တာပေါ့လေ"

## (၃၆) မာယာ သာဌေယျ ဝဋ္ဋနာ

သမ္မောဒန သီလတာပတိရူပေန မာယာသာဌေယျံ ဝဋ္ဋေတိ။

သမ္မောဒန သီလတာ ပတိရူပေန=ဝမ်းမြောက် ဝမ်းသာ ပီယဝါစာ ဆိုလေ့ရှိခြင်း သမ္မောဒနတရားနှင့် တူသော အဖြစ်ဖြင့်။ မာယာသာဌေယျံ=အဖြစ် ထင်ရှား ဖုံး ထားတွယ်တာ၊ ဝင့်ဝါအလွန် ပြောဆိုမိခြင်းတည်း ဟူသော မာယာသာဌေယျ တရား သည်။ ဝဋ္ဋေတိ=လှည့်ပတ် ဖြားယောင်းတတ်၏။

"ကဲ...အဲဒါကျတော့ အထက်က ဝဋ္ဋနာနဲ့ ဆန့်ကျင်ဘက် ဖြစ်နေပြန်ရောဗျ၊ အာဂန္တုရဟန်းအပေါ်မှာ စကား နည်းလွန်းပြန်တော့လည်း ဂုဏ်ထည်တာနဲ့ တူသယောင် ယောင် ဖြစ်တတ်တယ်တဲ့၊ ဟောဒီ ဝဋ္ဋနာအရကျတော့ ဝမ်းမြောက်ဝမ်းသာ ပြောဆိုခြင်း ကြောင့် ကိုယ့်ကို ခင်မင်အောင်၊ ကိုယ့်ကို အထင်ကြီးအောင်လုပ်တာနဲ့ တူသလိုလိုဖြစ် သွားတတ်ပြန် သတဲ့လေ ကိုရေချမ်းရဲ့၊ အသိခက်လိုက်တာ လွန်ပါရော"

"အေးဗျာ၊ မည်ရွေ့မည်မျှ အတိုင်းအတာနဲ့ မည်သို့သော အကြောင်းအရာကို မယုတ်မလွန် ပြောဆိုဖို့က ဝိနည်းဓိုရ်ကြီးများရဲ့ အဆုံးအဖြတ်သာ ခံယူထိုက်တယ် ထင် ပါရဲ့ဗျာ၊ 'စိတ်သာရှင်စော ဘုရားဟော'လို့လည်းရှိသေးတာကိုနော်"

## (၃၇) အပရိက္ခဏတာ ဝဋ္ဋနာ

သဒ္ဓါလုတာ ပတိရူပေန အပရိက္ခဏတာ ဝဋ္ဋေတိ။

သဒ္ဓါလုတာ ပတိရူပေန=သဒ္ဓါတရားအားကြီးသည်နှင့် တူသော အဖြစ်ဖြင့်။ အပရိက္ခဏတာ=မစုံစမ်း မဆင်ခြင်ခြင်း သမ္မောဟ တရားသည်။ ဝဋ္ဋေတိ= လှည့်ဖြား တတ်၏။

"ရဟန်းသူတော်စင်တို့ကို ကြည်ညိုခြင်းကို အရင်းပြုသဖြင့် သုသီလ ဒုသီလ ဆိုးကောင်းမရွေးတော့ သမင်ကိုသော်လည်း ဝါဝါမြင်တိုင်း ကြည်ညိုရတော့မည် အမှတ် နှင့် မြင်မြင်ဝါးဝါး သဒ္ဓါလွန်၍ ကြည်ညိုမှားသဖြင့် မောဟတရားလှည့်ဖြား၍ ပစ္စုပ္ပန် တမလွန် အကျိုး နှစ်ပါး ဆုတ်ယုတ် ပျက်စီးတတ်သည်ကိုလည်း အထူး သတိ ရှိစေအပ် သည်ဟု ဆိုသတဲ့။

"အဲသည် အဓိပ္ပာယ်ကိုတော့ ဆွေးနွေးဖို့မလိုအောင် ရှင်းလင်းပြတ်သားနေပါပြီ၊ ဉာဏ်ဖြင့်ယှဉ်၍ ကိုးကွယ်ဆည်းကပ် လှူဒါန်း ပူဇော်ခြင်းနှင့် ဉာဏ်နှင့်မယှဉ်ဘဲ ကိုးကွယ် ဆည်းကပ်ပူဇော် လှူဒါန်းရခြင်းမှာ ဘယ်ဟာက အကျိုးကြီးပြီး၊ ဘယ်ဟာက အကျိုး နည်းပါးမယ်ဆိုတာ ကျွန်တော်တို့ ကိုယ်တိုင် ကြားဖူးနာဖူး မှတ်သားရဖူးတယ် မဟုတ် လားဗျာ၊ တာဝတိံသာကို မယ်တော်ဟောင်း သန္တုသိတနတ်သားကို အကြောင်းပြုပြီး အဘိဓမ္မာတရား ဟောတော်မူရန် ဗုဒ္ဓသခင်ကြွတော်မူစဉ်က အင်္ကုရနတ်သား နှင့် ဣန္ဒက နတ်သား နှစ်ပါးတို့ရဲ့ ကုသိုလ်အကျိုးပေး ခြားနားခြင်းကို ရည်ညွှန်းပြီး 'ဝိစေယျ ဒါနံ' 'ဒါတဗ္ဗံ' 'ယတ္ထ ဒိန္နံမဟပ္ဖလံ'စတဲ့ ဂါထာကိုဟောတော်မူတယ်။ အဓိပ္ပာယ်ကတော့ မြတ်

ထက် မြတ်ရာ အလှူခံကိုသာ ရွေးချယ် လှူဒါန်း ပြုနိုင်မှ ကြီးမားသော အကျိုး အာနိသင် ရကြပါလိမ့်မယ်တဲ့"

"အဲ...ဟုတ်ပြီဗျို့၊ ကျွန်တော် မှတ်မိပြီ၊ အင်္ကုရနတ်သားဟာ သာသနာပအခါက သီလဝန္တ မဖြစ်တဲ့ အလှူခံကို ပေးလှူခဲ့တဲ့ အကျိုးကြောင့် နတ်သားတော့ဖြစ်လာပါရဲ့၊ ဒေဝိန္ဒိဂုဏ် နည်းပါးတော့ သူ့ထက် တန်ခိုးကြီးတဲ့ နတ်တွေလာရင် ဖယ်ဖယ်ပေး ရတာနဲ့ အစွန်ဆုံးနေရာရောက်သွားတယ်လေ၊ ဣန္ဒကနတ်သားကတော့ သာသနာတွင်းမှာ သီလဝန္တ ပုဂ္ဂိုလ်အလှူခံကို ပေးလှူခဲ့တဲ့ အကျိုးကြောင့် တန်ခိုးကြီးတဲ့ နတ်တွေနဲ့ ရင်ပေါင်တန်း တရားနာယူခွင့်ရခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ယခုလို သာသနာတော်တွင်းမှာ သာသနာ ဗဟုသုတ ကျန်းဂန်စာပေ ပရိယတ္တိကျွမ်းကျင် ကုံလုံလာလျှင် သီလဝန္တ ပုဂ္ဂိုလ်ကို ရွေးချယ် ကိုးကွယ် လာတတ်ကြတာပဲဗျာ၊ ကဲ ကိုရေချမ်းရေ...အခု ဝဏ္ဏနာကတော့ မူလ ဝဏ္ဏနာ ၃၆ မျိုးကို ဖြည့်စွက်ထားတာလို့ ဆိုပါတယ်၊ အဲသည်တော့ ဆရာတော်၏ ကျမ်းပြီးနိဂုံး အဆုံးသတ်ကြရအောင်လား-

ယထာ ဝုတ္တန ယေန=အကြင်ကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ နေတ္တိယာ သံဝဏ္ဏာယ=နေတ္တိ အဋ္ဌကထာ ကျမ်းကျယ်စွာမှ။ အာဂတာ=လာကုန်သော။ ဆတ္တိံသ ဝဏ္ဏနာ =သုံးဆယ့်ခြောက်ပါး အတိုင်းအရှည်ရှိသော ဝဏ္ဏနာတရားတို့ကို။ ဒုသမတ္တာဟိ= ဆယ်ဖြာ အတိုင်း အရှည်ရှိကုန်သော။ ဂါထာဟိ=ဂါထာတို့ဖြင့်။ သင်္ဂယှ=အကျဉ်းပေါင်းရုံး ကျုံ့အောင်ချုံး၍။ မယာ=ခန္ဓာနာမ်ရုပ် သမုတ်အပ်စွာ ပညတ်ငါသည်။ ကတာ=နောင်လာသူများ အမျိုးသားတို့ မတရားကို တရားယောင်ယောင် ထင်အောင်လှည့်ပတ် ဟန်ဆောင်တတ်သော မျက်လှည့်သည်အသွင် ဝိညာဉ်ရမ္မက် မာရ်မင်းလက်၌ မပျက်စေကြောင်း၊ ကောင်းစွာ ပြုစု စီရင်အပ်သော ဝဏ္ဏနာဒီပနီ မည်မှန်း ဤသည်ကျမ်းသည်။ နိဋ္ဌိတံ နိဋ္ဌံ ဣတာဂတာပတ္တာ=အပြီးသို့ ရောက်လတ်ပြီ။

"သာဓု၊ သာဓု၊ သာဓု"

သုခီ အတ္တာနံ ပရိဟရန္တု

သုခ

သုခ

# စိတ်ဆိုသောစိတ်

နှင့်

# ဝေဒနာဒီပနီ